www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မျက်နှာဖုံး | ထုတ်ဝေသူ |
| [illegible] | [illegible] |
| ထုတ်ဝေသည့်ကာလ | [illegible] |
| [illegible] | [illegible] |
| အတွင်း | [illegible] |
| *Eagle* | ရန်ကုန်မြို့ |
| ပုံနှိပ်တိုက် | ဖုန်း - [illegible] |
| [illegible] | အုပ်ရေ - [illegible] |
| [illegible] | တန်ဖိုး - [illegible] |


## ဖောင်လားကြီး

သီတာ ရွှေဘွေခင်းမှာလ ...
ရွှေတည့်ရွှေသီလာ ...
ယဉ်စရာ ကြယ်ရံကာ
သော်တာတွားသို့လေး ...
ပြာခြေမှောင် ခွာသွေရှောင်
ရွှေဖောင်လားကွန့်လေး ...

မြဝတီဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဘုရား လေးငယ်ငယ်
ကိုးတောင်ပြည့်တည်
ငယ်ဘာငယ်
ကယ်ဆယ်မယ့်ဘုရား
ဓာတ်ကောလီ သုံးဆယ်ကူးဖောင်ကြွယ့်
ဖူးကြတာများ။

**ဝိဇ္ဇာမိုရ်အဖွဲ့ချုပ်ကြီး၏ကြေညာစာတမ်း**

## စာရေးသူ၏အမှာ

သူ့ကို ...
အဖေကြီးခေါင်
ဝိဇ္ဇာမိုရ်အောင်မင်းခေါင်
လေးကြိုးကိုင် အောင်မင်းခေါင်

ဘိုးတော် အောင်မင်းခေါင် စသည့် အမည်အမျိုးတို့ဖြင့် လေးစားစွာ ခေါ်ခဲ့ကြပါသည်။

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့တွင် မြန်မာ့ရွှေနန်းရှင် အရှင်နှစ်ပါးတို့ အိန္ဒိယနိုင်ငံ၊ ရတနာဂီရိသို့ ပါတော်မူခဲ့သည်။ ထိုနေ့ ထိုရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်ဗြိတိသျှတို့ အစမွ ကျွန်ပြု စိုးမိုးအုပ်ချုပ်ခဲ့သည်။

အရှင်နှစ်ပါးတို့ ပါတော်မူသွားသောအခါ အဆောင်ပလ္လင်ကွယ်ပျောက်၍ အောင်ပင်လယ်ပါ ရေညှိုခြောက်ခဲ့ရတော့သည်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်သည့် အချိန်မှစ၍ မြန်မာ့ဘာသာ သာသနာ၊ ယဉ်ကျေးမှုတို့ အမျိုးမျိုး ဖိနှိပ်ချုပ်ခြင်း ခံခဲ့ရတာ။ အင်္ဂလိပ်၊ အမေရိကန်သာသနာပြုတို့သည် မြန်မာနိုင်ငံအနှံ့ သူတို့ရဲ့ လူမျိုးခြား ဘာသာအယူအဆတို့ကို မက်လုံးအမျိုးမျိုးပေး၍လည်းကောင်း၊ ဖြားယောင်းခြိမ်းခြောက်၍လည်းကောင်း သွတ်သွင်းစည်းရုံးခဲ့ကြသည်။

အထူးသဖြင့် သွားရလာရခက်ပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် တောင်ပေါ်တိုင်းရင်းသား၊ မြေပြန့်တိုင်းရင်းသားတို့ကို အဓိကထား စည်းရုံး၍ သူတို့ ဘာသာခြားအယူဝါဒသို့ ဝင်စေခဲ့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခခံသွားလာစည်းရုံးနိုင်၍လည်း အင်္ဂလိပ် အမေရိကန် သာသနာပြု များရဲ့ ကြိုးပမ်းမှုများ ပေါက်ရောက်ခဲ့သည်။ မြန်မာတိုင်းရင်းသားများအပေါ် ဘာသာခြားအယူဝါဒ လွှမ်းမိုးပြီး ဗုဒ္ဓဘာသာ သာသနာ မေးမှိန်ပျောက်ကွယ်မှာကို ရဟန်းရှင်လူတို့ လွန်စွာ စိုးရိမ်ပူပန်ခဲ့ကြသည်။

ထိုအရေးကို စိုးရိမ်ကြသဖြင့် ရှင်မထီးဆရာတော်၊ ရက်ကန်းစင်တောင်ဆရာတော်၊ ဆံရှည်ကိုယ်တော်နှင့် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်အပါအဝင် ရဟန်းပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်ထူးများပါဝင်ဦးဆောင်သည့် သာသနာတော်ပြန့်ပွားရေး၊ သာသနာပြု ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးကိုဖွဲ့၍ ကြေညာစာတမ်းများကို မြန်မာတစ်ပြည်လုံး ဖြန့်ဝေခဲ့ကြသည်။

ထိုအဖွဲ့ကြီးသည် တိုင်းသူပြည်သား လူထုအား ကပ်ကြီးသုံးပါးမှ ကျော်နင်းနိုင်ရန် ကပ်ကျော်ကိုးတောင်ပြည့်စေတီများ တည်ထားကိုးကွယ်ရန် တိုက်တွန်းဦးဆောင်ခဲ့ကြသည်။ ကိုယ်ကျင့်သီလ စောင့်ထိန်းကြရန်နှင့် သမထကမ္မဋ္ဌာန်းဘာဝနာများ ပွားများအားထုတ်ကြဖို့လည်း လမ်းညွှန်တိုက်တွန်းခဲ့သည်။ ကိုယ့်အမျိုးဘာသာ သာသနာတော်နှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခဲ့ကြရာ မြို့ရွာအများမှာ ကပ်ကျော်ကိုးနဝင်း ဓာတ်ပေါင်းစေတီတော်များစွာ ပေါ်ထွန်းခဲ့သည်။ ဘုရားဒကာ ဘုရားအစ်မ ကုသိုလ်ရှင်များ၊ ရတနာသုံးပါး ယုံကြည်လေးစားသူများ အရှိန်အဟုန်နှင့် ပေါ်ထွက်ခဲ့သည်။

သာသနာပြု ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီး၏ ဦးဆောင်နာယကပုဂ္ဂိုလ်ထူးများ၊ အကျိုးတော်ဆောင်များသည် အသီးသီး နယ်လှည့်သာသနာတော့်အကျိုး၊ ဘာသာအကျိုး ဆောင်ရွက်ခဲ့ကြရာတွင် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင် (ခေါ်)အဖေကြီး အောင်မင်းခေါင်သည် အရိုးကြေ အရေခန်း သူ့နည်းသူ့ဟန်နှင့် လုံ့လကြီးစွာ ဆောင်ရွက်ခဲ့သည်။

နှစ်ပေါင်းများစွာ ကျင့်လာခဲ့သည့် ကျင့်စဉ်များ ဘဝဟောင်းပါရမီများကြောင့် အံ့ဖွယ် သိဒ္ဓိရှင် မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည်။

အဖေကြီး အောင်မင်းခေါင်သည် ရာဇကြိုး၊ ဓာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုး စသည့် ပဋ္ဌာန်းဆက်ကြိုးများ ပိုင်နိုင်သူဖြစ်၍ လေးကြိုးခေါင်ဟု ပညာရှင်များကလည်း အသိအမှတ်ပြုခဲ့ကြသည်။

အဖေကြီးအောင်မင်းခေါင်သည် သူ့ရဲ့ သိဒ္ဓိ မဟိဒ္ဓိ အစွမ်းဖြင့် လာဘ်မရှာခဲ့၊ ကိုယ်ကျိုးမလုပ်ခဲ့၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် လူ၊ သတ္တဝါတွေကို ကယ်လို့ရသမျှ ကယ်တင်ပြီး ရတနာသုံးပါး ကြည်ညိုလေးစား ကိုးကွယ်သူများ ဖြစ်အောင် စွမ်းဆောင်ပေးခဲ့သည်။

ယခုရေးသားလိုက်သည့်ဝတ္ထုသည် အဖေကြီး အောင်မင်းခေါင်၏ အံ့ဖွယ်ကောင်းလှသည့် သိဒ္ဓိ မဟိဒ္ဓိအကြောင်းများမှ အချို့မျှသာဖြစ်ပါသည်။ ကျွန်တော်တို့ မသိရသေးသည့် အဖေကြီးအောင်မင်းခေါင်၏ သာသနာပြုခရီးလမ်းကြောင်းပေါ်က ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ အများကြီးရှိပါသေးသည်။

သူသည် ထွက်ရပ်လမ်းကို မြန်းသည့်တိုင် လူ၊ သတ္တဝါတွေအကျိုး၊ ဘာသာ သာသနာအကျိုးကို စွန့်စားကြိုးပမ်း ဆောင်ရွက်ခဲ့သည်မှာ ငြင်း၍ မရနိုင်ပါ။

လေးစားအံ့ဩဖို့ကောင်းသည့် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်အကြောင်းကို ဝတ္ထုဇာတ်လမ်းသဖွယ် ပုံဖော်ရေးဖွဲ့လိုက်ပါသည်။ အဖေကြီးအကြောင်း နှောင်းလူတွေသိစေချင်၍ ရေးဖွဲ့ရာမှာ အဖေကြီးရဲ့တပည့်ရင်း ဆရာဦးပေါ်ဦး ရေးသားမှတ်တမ်းတင်ခဲ့သည့် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်၏ ထွက်ရပ်ပေါက်စာအုပ်နှင့် စာရေးဆရာ ဆရာဘုန်းတေဇ ရေးသားပြုစုသော ဘိုးတော်အောင်မင်းခေါင်နှင့် ဝိဇ္ဇာစခန်း၊ ဝိဇ္ဇာလမ်း အလုပ်တို့ကိုလည်းကောင်း၊ အခြားသုတေသီများ ရေးသားသည့်ဆောင်းပါးတို့ကိုလည်းကောင်း ဖတ်ရှုမှီငြမ်း၍ ရေးဖွဲ့ရပါသည်။ ဆရာကြီးတို့ကိုလည်း လွန်စွာ ကျေးဇူးတင်ခဲ့ရပါကြောင်း ဂါရဝပြုပါသည်။

အဖေကြီးအောင်မင်းခေါင် ကြိုးစားဆောင်ရွက်ခဲ့သည့် ပုပ္ပားတောင်မြတ်တောင်ကလပ်ပေါ်မှ ကမ္ဘာလုံးစေတီတော်သည် ခိုင်မာသည့် သက်သေဖြစ်ခဲ့သကဲ့သို့ အမြို့မြို့ အနယ်နယ်မှာ တည်ထားကိုးကွယ်ခဲ့ကြသည့် ကပ်ကျော်ကိုးနဝင်း ဓာတ်ပေါင်းစုစေတီများသည်လည်း အဖေကြီးအောင်မင်းခေါင်နှင့် သာသနာပြု ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးရဲ့ မေတ္တာ စေတနာ ကုသိုလ်တော်သက်သေများ ဖြစ်ပါပေသည်ဟု ဆိုချင်ပါသည်။

အဖေကြီးအောင်မင်းခေါင်ရဲ့ ကြိုးစားခဲ့ရတဲ့ဘဝနှင့် သိဒ္ဓိ မဟိဒ္ဓိတို့ကို ဝတ္ထုဇာတ်လမ်းသဖွယ် ရေးဖွဲ့ရာမှာ အားနည်းချက်၊ လိုအပ်ချက်များ၊ ကွဲလွဲမှုများ ရှိနိုင်ပါသည်။

ထိုအားနည်းချက်များသည် စာရေးသူ ကျွန်တော်၏လေ့လာမှု အားနည်း၍သာ ဖြစ်ပါသည်။

လေးစားစွာဖြင့်

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

## အဲဒီ အမေကြီးအောင်မင်းခေါင်

❑

ကြောက်ပြေးရွာတဲ့ဗျာ . . .

အတော်ကို ထိတ်လန့်စရာကောင်းတဲ့ ရွာအမည်ပါလား။

တကယ်အမည်အမှန်က ကြက်ပြေးရွာလို့ ဆိုတယ်။ ဒီရွာက တိုက်ကြက်တွေက ခွပ်တဲ့နေရာမှာ ပြိုင်ဘက်ကြက် မျက်လုံးကန်း၊ ဇလုပ်ကွဲ၊ အတက်ကျိုးပြီး ပြေးအောင် ခပ်ကြမ်းကြမ်းခွပ်လို့ ကြက်ပြေးရွာလို့ ခေါ်တာတဲ့။

တိုက်ကြက်မျိုးကောင်းတွေ ထွက်တဲ့ရွာ။

အင်္ဂလိပ်မင်း အုပ်ချုပ်တဲ့ခေတ်မှာကို ကြက်ပြေးရွာက တိုက်ကြက်တစ်ကောင်ရဲ့တန်ဖိုးက နွားသိုးပေါက်တစ်ကောင်ရဲ့တန်ဖိုးနဲ့ ညီမျှတယ်လို့ ပြောကြတယ်လေ။

နောင်တော့ ကြက်ပြေးရွာကနေ ကြောက်ပြေးရွာလို့ ပြောင်းသွားပါရောဗျ။ ကျွန်တော် ကျောင်းဆရာအဖြစ် ကြောက်ပြေးရွာကို ရောက်သွားတော့မှ ဘာကြောင့် ကြောက်ပြေးရွာခေါ်သလဲဆိုတာ သဘောပေါက်ခဲ့ရတယ်။

ကျွန်တော့်ကို မြို့နယ်ပညာရေးမှူးက ဒီရွာကို မသွားခင် ဆုံးမစကား ပြောခဲ့တယ်။





"ဆရာမောင်လင်း . . ."

"ဟုတ်ကဲ့ . . . ပညာရေးမှူး"

"ဆရာမောင်လင်းကို ဒီကြောက်ပြေး . . . အဲ . . . အဲ . . . ကြက်ပြေးရွာကို မလွှတ်ချင်ပါဘူး . . . ဆရာလင်းရယ်။ သို့သော် အဲဒီမှာက ဆရာ မမြဲကြဘူး။ ဆရာ မမြဲတာလည်း ဆရာလင်း ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဆရာ"

"အကယ်၍များ အဲဒီရွာမှာ နေရထိုင်ရတာ အဆင်မပြေရင် ပြောပါ ဆရာလင်း။ ဆရာလင်းကလည်း သွားချင်တယ်ဆိုလို့သာ လွှတ်ရတာပါနော်"

"ကိစ္စမရှိပါဘူး . . . ပညာရေးမှူး။ ကျွန်တော်က ရွာက,ကလေးတွေကို စာသင်ပေးရမှာ စိတ်ဝင်စားလို့ပါခင်ဗျ"

"ကျေးဇူးတင်ပါတယ် . . . ဆရာလင်းရယ်၊ အပြောအဆို အနေအထိုင်တော့ ဆင်ခြင်ပါနော် . . . ဆရာလေး"

"ဟုတ်ကဲ့ပါ"

ဒီလိုနဲ့ ကျွန်တော် ကြက်ပြေးရွာ (ခေါ်) ကြောက်ပြေးရွာကို ရောက်ရှိသွားခဲ့တယ်။

ရွာက ပင်လယ်ကမ်းစပ်က ရွာ။

ကျွန်တော် အဝတ်အစားထည့်ထားတဲ့သေတ္တာကို လက်ကဆွဲပြီး ပခုံးမှာ လွယ်ထားတဲ့ လွယ်အိတ်ကို ထိန်းကိုင်လို့ ရွာထဲကို ဝင်လာလိုက်တယ်။

ရွာထိပ်အဝင်မှာ ရွာတော်ရှင်နတ်ကွန်းလို့ မီးသွေးခဲနဲ့ ရေးထားတဲ့ ယိုင်ရွဲ့ရွဲ့ နတ်ကွန်းတစ်ခုကို တွေ့ရပြီး နတ်ကွန်းထဲမှာတော့ ဖယိုဖရဲ ပြန့်ကြဲကျိုးပြတ်နေတဲ့ နတ်ရုပ်ကို ဦးစွာ မြင်လိုက်ရတယ်ဗျ။ ရွာလမ်းမပေါ်မှာ ကျွဲနဲ့နွားတွေ အိပ်လို့။ နွားချေး၊ ကျွဲချေးတွေကလည်း လမ်းပေါ်မှာ အပုံလိုက်တွေ့ရရဲ့။

နတ်ကွန်းကိုကျော်ပြီး ရွာထဲဝင်လိုက်တော့ လှမ်းအော်သံကြားရပါရော။

"ဗျို့ . . . ဟော့လူ . . . ဟော့လူ . . ."

"ဒီမှာ မင်းကို ခေါ်နေတာကွ။ ဘာအူကြောင်ကြောင် လုပ်နေတာလဲ။ လာခဲ့ . . . ဒီကို"

ကျွန်တော့် ခေါ်နေတာကိုး။ ခေါ်တဲ့လူတွေက ထန်းရွက်မိုးထားတဲ့ ထန်းရည်ဆိုင်ထဲက ခေါ်တာ။ လူငါးယောက်ပဲ။ ကြည့်ရတာ ထန်းရည်မူးနေတာနဲ့ တူရဲ့။ ဒါနဲ့ ကိုယ်ကလည်း မျက်နှာစိမ်းအနေနဲ့ လာခဲ့ရတော့ သူတို့ရှိတဲ့ ထန်းရည်ဆိုင်ရှေ့ကို သွားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကွဲနဲ့လူက ထန်းရည်ခွက်ကိုင်ရင်းက မေးတယ်။

''မင်းက ဘယ်ကလဲ''

''မြို့ပေါ်ကလာတဲ့ ကျောင်းဆရာပါခင်ဗျ''

''ဟေ ... ကျောင်းဆရာ၊ ဘယ်ရွာမှာ စာသင်မလို့တုံးဗျာ''

''ကြက်ပြေးကုန်းရွာ မူလတန်းကျောင်းပါခင်ဗျာ''

''တို့ရွာက ကျောင်းပေါ့။ စာသင်မလို့ ... ဟုတ်လား''

''ဟုတ်ကဲ့ ခင်ဗျ''

''ဝါး ဟား ဟား ဟား ... ဟီး ဟီး ဟီး''

''ဟား ဟား ဟား ဟား ... ကျောင်းဆရာနော်''

''ဟုတ်ကဲ့''

''နာမည် ဘယ်လိုခေါ်ပါလိမ့် ... အော့ ... ဝေ့ ...''

''ကိုကြည်လင်းလို့ ခေါ်ပါတယ်ခင်ဗျ''

''ဩော် ... ကျောင်းဆရာလေးကို ခုလိုတွေ့ရတာ ဝမ်းသာတယ် .. ကျောင်းဆရာ ... လာ ... ထိုင်ဗျာ။ ကျုပ်နာမည်က ပေါက်ကျိုင်းတဲ့။ ဒီ ပုဂ္ဂိုလ်က သာဂရလို့ ခေါ်တယ်။ အော့ ... ဝေ့။ ဟိုကောင်က ဝေသာလီ ... ဒီကောင်ကြီးက မိကျောင်းလို့ ခေါ်တယ်။ ဟော့ ... ဆရာလေးကို နေရာပေးလိုက်ကြစမ်း။ ရွာက ကလေးတွေကို ပညာတတ်အောင် သင်မလို့လာတာ။ ရိုရိုသေသေ ဆက်ဆံကြ။ လာ ... ထိုင်ပါ ... ကျောင်းဆရာ''

သူတို့က မိတ်ဆက်ပြီး ထန်းရည်တဲမှာ ထိုင်ဖို့ နေရာပေးတယ်။ ဘယ်လိုလုပ်ရပါ့မလဲဗျာ။ တော်ကြာ ခုရောက်လာတဲ့ ကျောင်းဆရာအသစ်က ထန်းရည်ဆိုင်ကို အရင်ဝင်ဦးတိုက်တယ်လို့ သိသွားရင် ...

''အစ်ကိုကြီး ... ကျွန်တော် ရွာသူကြီး ဦးရေခဲအိမ်ကို ...''

''ခေါက်ထားစမ်းပါ။ ရေခဲကို အရေးလုပ်မနေနဲ့စမ်းပါနဲ့။ ထိုင် ... ရော့ ပင်ကျရည် ငှက်ခါးလေး သောက်''

''ဟို ... ဟို ... ကျွန်တော် ထန်းရည်မသောက်လို့ပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ''

ဒီလို မေတ္တာရပ်ခံတော့ ပေါက်ကျိုင်းဆိုတဲ့ နှုတ်ခမ်းကွဲကြီးက မျက်နှာပျက်သွားပြီး ...

''ဒီမှာ ကျောင်းဆရာ၊ ဘုန်းကြီးကျောင်းရောက်ရင် ဘုန်းကြီးကျောင်းလို ကျင့်ကွ။ အေး ... ငရဲပြည်ရောက်ရင်လည်း ငရဲပြည်လို နေတတ်ရတယ်။





ရော့ ... သောက်လိုက်။ ငါတို့သောက်ဆိုရင် သောက်လိုက်။ ကျောင်းဆရာရော၊ ဘုရင့်သားရော နားမလည်ဘူး သောက်''

''သောက်လိုက်လေကွာ ... ဘာလဲ ငါတို့အကြောင်း မသိလို့နဲ့တူတယ်။ ဟော့ကောင် ... ဝေသာလီ ကျောင်းဆရာအသစ်လေးကို ညွှန်ခံလိုက်ပါဦးကွ ... ဟီး ဟီး ဟီး''

ဝေသာလီဆိုတဲ့လူက ခါးကြားကဓားမြှောင်ကို ဆွဲထုတ်ပြီး ကျွန်တော့်လည်ပင်းကို ဓားဦးနဲ့ တေ့လိုက်ရင်း ...

''မသောက်ရင် သေပြီကွ ... ကျောင်းဆရာရ ... ကိုင်း ...''

''သောက် ... သောက်ပါ့မယ်ဗျာ ...။ သောက် ... သောက်ပါတယ်ခင်ဗျာ''

''ဒီလိုမှပေါ့ ... ရော့''

မသောက်ရင် ဓားနဲ့တကယ်ထိုးမယ့် လူတွေဗျာ။ ကြောက်ကြောက်နဲ့ သူတို့ပေးတဲ့ ထန်းရည်ခွက် မျက်စိမှိတ်ပြီး မော့သောက်လိုက်တယ်။

''အား ... ဖူး ...''

''ကြိုက်လား ... ကျောင်းဆရာ''

''ဖူး ... ဖူး ... ခါး ... ခါးတယ်ဗျ ... အော့''

''ဟား ဟား ဟား ဟား ဟား ... ကျုပ်တို့က ဒါမျိုးမှ ကြိုက်တာကွ။ နောက်တစ်ခေါက်ကွာ နော် နော်''

''တောင်းပန်ပါတယ် ... အစ်ကိုကြီးရာ၊ ကျွန်တော် ဦးရေခဲတို့ ...''

''အေးပါ ... အေးပါ ... ဒါနဲ့ ကျောင်းဆရာက ရွာမှာ စာသင်မှာဆိုတော့ ကြာမှာပေါ့''

''ဟုတ် ... ဟုတ် ...''

''မိန်းမရှိလား''

''ကျွန်တော် လူပျိုပါ ... အစ်ကိုကြီးခင်ဗျာ''

''ဒီရွာမှာ အပျိုရော၊ အအိုရော ပေါတယ် ... ကျောင်းဆရာ''

'' ............... ''

''ကြိုက်တဲ့မိန်းမကို လက်ညှိုးထိုးပြ''

''ဟာ ... အစ်ကိုတို့ရာ''

''ကျောင်းဆရာက လူချောပဲကိုး''

''ဟို ... ဟို ...''



www.burmeseclassic.com

www.burmeseclassic.com



“မိန်းမတွေဝိုင်းမှာ ကျိန်းသေတယ်။ ကြိုပြောထားမယ်နော် … ဒီရွာက ကြိုက်တဲ့မိန်းမရှိရင် ကြိုက်သလောက်ယူ။ မိရွှေတစ်ဆုပ်ဆိုတဲ့ မိန်းမတော့ သွားမရောနဲ့၊ မကြိုက်နဲ့”

“ခင်ဗျာ …”

“မိရွှေတစ်ဆုပ်ကို သွားရောမိရင်တော့ ကြောက်ပြေးဆိုတဲ့ ရွာအဓိပ္ပာယ်ကို ကျောင်းဆရာ ကောင်းကောင်းသိသွားရလိမ့်မယ် မှတ်ထား။ ကျုပ်တို့ဘာလဲ သိချင်ရင် သူကြီးဖွတ်ကျားရေခဲကို မေးကြည့်။ သွားတော့”

✿ ✿ ✿

[၂]

❑

ဒါ … ကြောက်ပြေးရွာကို စတင်ခြေချမိတုန်း ပထမဦးဆုံး ကြုံရတဲ့ မိတ်ဆက်ပွဲပဲဗျာ။ ထန်းရည်မသောက်ရင် အသေသတ်မလားမသိ။

ဒီလိုနဲ့ ရွာလယ်က သူကြီးဦးရေခဲအိမ်ကို မေးရင်းမြန်းရင်း ရောက်သွားတယ်။

အိမ်ပေါ်မှာ လူကြီး (၃)ယောက်နဲ့ မိန်းမ (၂) ဦး တွေ့ရပြီး၊ လူကြီး(၃) ဦးက အရက်သောက်နေကြတယ်ဗျာ။ မိန်းမနှစ်ဦးက အမြည်းချပေးလိုက်၊ သောက်ရေခပ်ပေးလိုက်။

“မောင်ရင်က ဘယ်သူတုံးကွ … အေ့ … ဂေ့ …”

“သူကြီးဦးရေခဲနဲ့ တွေ့ချင်လို့ပါခင်ဗျာ”

“ရေခဲက ငါပဲ။ မင်းက မြို့သားနဲ့ တူတယ်။ ဘာလဲ … ငါးခြောက်လိုချင်လို့လား၊ ငါးပိ ဝယ်ချင်လို့လား ပြော … ဂေ့”

“ကျွန်တော်က မြို့ကလွှတ်လိုက်တဲ့ ကျောင်းဆရာပါ … သူကြီး”

“ဟေ …”





“ဟာ …”

“ဟောတော့ … ကျောင်းဆရာတဲ့တော်”

“ကျောင်းဆရာ … ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ။ ဒီရွာက မူလတန်းကျောင်းမှာ စာသင်ဖို့ရောက်လာတာပါ သူကြီးခင်ဗျ”

“အားနာလိုက်တာ … ကျောင်းဆရာလေးရာ။ ကျုပ်တို့ရွာကတော့ တစ်ရွာလုံး အရက်သောက်တဲ့လူချည်းပဲ … ဆရာလေးရေ၊ ဟဲ့ … မိကြွေတို့၊ မိငွေတို့ ဖျာခင်းကြလေ။ ဘာကြည့်နေတာလဲ”

“အဲ … အဲ … ဟုတ်ကဲ့ရှင့် … ဆရာလေး … ဒီမှာထိုင်ပါရှင့်”

“ဆရာလေး ရောက်လာမယ်တော့ စက်လှေသမားတွေက ပြောသား။ ဘယ်နေ့မှန်းမသိတော့ ရေဆိပ်လာမကြိုနိုင်ဘူး … ဆရာလေးရေ၊ ဒါနဲ့ ဆရာလေးနာမည်က ဘယ်သူတုံး”

“ကိုကြည်လင်းလို့ ခေါ်ပါတယ် … သူကြီး”

“ဟော့ … ဆရာလေးဖို့ ဖန်ခွက်တစ်လုံး ယူခဲ့။ အေ့ … ဂေ့ …”

“ဟို … ဟို သူကြီး ကျွန်တော် အရက်မသောက်ပါဘူး ခင်ဗျ”

“ဘာ … အရက်မသောက်ဘူး၊ ထန်းရည်နဲ့ကတော့ ရနေပါလား … ဆရာလေးရာ … ဟော”

“ဟား ဟား ဟား ဟား ဟား”

“အား ဟား ဟား ဟား ဟား”

“ခစ် ခစ် ခစ်”

ကိုပေါက်ကျိုင်းတို့ ဓားထောက်တိုက်တဲ့ ထန်းရည်ကြောင့် အရက်ကွဲပြီပေါ့ဗျာ။ ဒါနဲ့ ကျွန်တော်က ရွာအဝင် ထန်းရည်ဆိုင်ကနေ ကိုပေါက်ကျိုင်းတို့ ထန်းရည်တိုက်လို့ သောက်ခဲ့ရတဲ့အကြောင်း ရှင်းပြလိုက်ရော …

“အင်း ပေါက်ကျိုင်းတို့ကတောင် ငါ့အရင် မှတ်ပုံတင်ပြီးပြီကိုး။ အေးလေ ပေါက်ကျိုင်းတို့နဲ့ သင့်မြတ်အောင်ပေါင်းထားတာ ကောင်းပါတယ်။ ပေါက်ကျိုင်းတို့၊ ငမဲတို့နဲ့ မသင့်မြတ်ရင်တော့ သေရင်သေ၊ မသေရင် ရွာကနေ ပြေးရတာပဲ။ ဒီနေ့တော့ ဆရာလေး ကျုပ်အိမ်မှာနေပေါ့။ မနက်ဖြန်ကျရင် ရွာကျောင်းရှေ့က အရင်ဆရာတွေနေသွားတဲ့ အိမ်ကို လိုက်ပို့ပေးမယ်။ စားရေးသောက်ရေးကတော့ မပူနဲ့။ ဆရာလေးကို ကျုပ်တို့ရွာက ထမင်းအုပ် ပို့ပေးမှာပ။ ကိုင်း …



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခန်းမှာ နားနားနေနေ နေပါဆရာလေး။ ကျုပ်တို့ကတော့ အရက်ကလေး သောက်ပြီး တိုင်းရေးပြည်ရေး၊ မယားငယ်အရေး ဆွေးနွေးလိုက်ဦးမယ်ဗျား''

''ဟား ဟား ဟား ဟား ဟား ... တို့သူကြီးကတော့ ပြောလိုက်ရင် သောက်ကျင့်ကို တန်းပေါ်တာပဲဟေ့''

''ဟား ဟား ဟား ဟား ... ဒါတောင် အသက်ကြီးသွားလို့ကွ''

''ခုလည်း မယားနှစ်ယောက်နဲ့ပဲလေ ... ဟား ဟား ဟား ဟား''

ရောက်မှတော့ မထူးပါဘူးဗျာ ... ရေလိုက်ငါးလိုက်နေပြီး အရေးကြီး တာက ကလေးတွေ စာသင်ဖို့ကို သည်းခံကြိုးစားရမှာပေါ့။

အခန်းထဲဝင် အဝတ်အစားလဲပြီး ဖျာပေါ် လှဲမလို့လုပ်တုံး အသံတွေ ကြားရပါရောဗျာ။

''တော့် ... သူကြီး ... သူကြီး ...''

''ဟဲ့ ... အိမ်ရှေ့က ဘယ်သူတွေတုံး။ အလန့်တကြား မလုပ်ကြနဲ့ ဟဲ့''

''ကျွန်မတို့ပါတော် ... သူကြီးအိမ်မှာ မြို့ကကျောင်းဆရာ ရောက်နေ တယ်ဆိုတော့ ...''

''အဲဒါ နင်တို့နဲ့ဘာဆိုင်လို့တုံး ... မသာမတွေရဲ့ ဟင်''

''ကြည့်ချင်လို့ပေါ့တော် ... ကိုယ့်ရွာမှာ စာလာသင်တာဥစ္စာ။ ဘယ်မှာ တုံးတော့။ ဟောတော့် ... ပေါက်လဲကုန်းက ဘုရားဒကာကြီး ဦးစံကတုံးလည်း ရောက်နေတယ်။ ဟယ် ... ဘုရားဒကာကြီးက အရက်သောက် ...''

''ဟဲ့ ... ဟဲ့ ... ကောင်မလေးတွေ တိုးတိုးလုပ်ကြစမ်းပါဟာ ... နင်တို့ကြောင့်တော့ ခက်တာပဲကိုးဟာ''

ဘုရားဒကာဆိုတဲ့ လူကြီးက တိုးတိုးလုပ်ကြပါ့တဲ့။

''သူကြီး ... ကျောင်းဆရာ ဘယ်မတုံးတော့်''

ဒါနဲ့ သူကြီးဦးရေခဲက ...

''ကျောင်းဆရာလေး ...''

''ခင်ဗျာ ... သူကြီး''

''ခဏလောက် ထွက်ခဲ့ပါဦးကွယ်။ ရွာသူတွေက မောင့်ကို မြင်ဖူးချင် လို့တဲ့ကွယ်''

''ဟုတ် ... ဟုတ်ကဲ့ခင်ဗျာ''





အိပ်မှေးမလို့ လုပ်ရာက ထပြီး အခန်းပြင်ထွက်ပြရတယ်ဗျာ။

''ဟယ် ...''

''အို ...''

''ချောလိုက်တာတော်''

''အသားကို ဖြူဝင်းမွတ်နေတာပဲတော် ... အပဟိ''

''ဟွန်း ... ရောဂါ ထပါပြီတော်''

ပွင့်လင်းတဲ့ ရွာသူတွေကို သူကြီးကတော် မကြွေက ငေါ့ပါရော။

''အိုး ... ကြီးကြွေကလည်း ချောလို့ ချောတယ်ပြောတာ လွန်လို့လား တော့်''

''အေးပါ ... အေးပါ။ မသိရင် ခက်မပေါ့အေ ... ဟွန်း''

''ဆရာလေးတော့် ...''

''ဟုတ်ကဲ့ နှမ''

''နာမည်ဘယ်လိုခေါ်တုံးတော်''

''ကိုကြည်လင်းလို့ ခေါ်ပါတယ်ခင်ဗျာ''

''ဒီရွာမှာ နေမှာပေါ့နော်''

''ဟုတ်ကဲ့ နေမှာပါ''

''ဝမ်းသာလိုက်တာတော် အမောကို ပြေသွားတာပဲ။ မနက်ဖြန် အိမ်ကို ယမင်းစားကြွပါလားတော် ဟင်''

ဒီမှာပဲ လုံးကြီးပေါက်လှတစ်ဦးက ...

''ဆရာလေးက ဖနီးနဲ့လားဟင်''

''မရှိပါဘူး ... ကျွန်တော် လူပျိုပါ''

''ဝမ်းသာလိုက်တာတော် ... ဝမ်းသာလိုက်တာ။ လျှော်စရာ အဝတ် ပုသိုးရှိရင် ကျွန်မ လာယူလျှော်ပေးမယ်နော် ... ဆရာလေး။ ကျွန်မနာမည်လည်း မှတ်ထားတော် ... မထွားကြီးတဲ့ ... အဟင့်''

''ဟဲ့ ... သောက်ကောင်မတွေ''

''ဘာတုံး ... ဘသူကြီးရဲ့''

''နားကလောတယ် ... ပြန်ကြတော့။ ဆရာလေးက ပင်ပန်းလာတယ် ;ဂနားယူနေတာ။ သွားကြ ... ပြန်ကြ''

သူကြီးက လျှာသွက်အာသွက် ရွာသူတွေကို ပြန်ခိုင်းတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



''ဆ ... ဆရာလေး ... လေး ...''

''ဗျာ ... အစ်မထွားကြီး ...''

''ဟို ... ဟိုလေ ... မီး ... မီးပူပါ ... ထိုးပေး ...''

''မိထွား ... အနာကျမ ... ငါ ပစ်လိုက်မယ်နော်''

''အမယ်လေး ... ပြန့်ပါပြီ ... ဘသူကြီးရဲ့။ အရက်ပုလင်းနဲ့တော့ မပစ်ပါနဲ့။ ပစ်ချင်းပစ် ရှင့်မယားကိုပစ်''

''ကဲဟာ ... သေနာမတွေ''

''အမယ်လေး ... သောက်ပလုတ်တုတ် ကျောင်းဆရာနဲ့ ငါနဲ့ညား''

ကဲ ... အဲဒါ ကြောက်ပြေးရွာရဲ့ ပွဲဦးထွက် မြင်ကွင်းပါဗျာ။

✿ ✿ ✿

[၃]

❑

ကြက်ပြေးရွာရဲ့ အဓိကလုပ်ငန်းက ပင်လယ်ငါးဖမ်းလုပ်ငန်းပဲ။ ပင်လယ်ကမ်းစပ်မှာ ပင်လယ်ထွက်မယ့် တံငါလှေတွေ အလံတလူလူနဲ့ဗျ။ အိမ်အတော်များများ အိမ်ရှေ့မှာ ငါးစင်တွေရှိတယ်။ လှေရှိတယ်။ ငါးပိလုပ်တာ ရှိတယ်။

အိမ်ခြေ(၅၀)မျှရှိတဲ့ ရွာမှာ ငါးဖမ်းလုပ်သူက အိမ်ခြေ (၁၅)လုံးမျှရှိပြီး အရက်ချက်၊ အရက်ရောင်း ထန်းရည်ရောင်းတဲ့လူက ရွာကုန်နီးပါးပဲ။

လယ်သမားက (၃) (၄)ဦးပဲ ရှိတယ်။

အရက်ချက်တဲ့အိမ်တွေဟာ ထန်းလျက်ဖိုတွေ၊ ပေါင်းအိုးတွေ၊ မီးဖိုကြီးတွေ၊ အရက်ပုံးတွေနဲ့ ရှုပ်နေတယ်ဗျ။ အရွယ်ရောက်သူတိုင်း အရက်သောက်တယ်။ မူးတယ်၊ လဲတယ်၊ ရန်ဖြစ်တယ်။

နေ့ရောညပါ ဓားကြိမ်း ကြိမ်းသံ။

ဆဲရေးတိုင်းထွာသံတွေဟာ နားမဆန့်အောင် ကြားရတယ်။





မိန်းမချင်း လမ်းပေါ်မှာ ရန်ဖြစ်၊ နပန်းသတ်ကြတာ ခါးမှာ ထဘီမရှိဘူး။ ရင်ဘတ်မှာ ဘော်လီအင်္ကျီမရှိတော့ဘူး။ ဘယ်သူမှလည်း ဝင်မဖျင်ကြဘူး။ မခံနိုင်လို့ သူ့ဘက်ကိုယ့်ဘက် ဝင်ပါပြီး ချကြတာမှ မကြည့်ဝံ့စရာပါဗျာ။

သူကြီးက တော်ကြတော့လို့ ပြောတာတောင် သူကြီး အဆဲခံရသေးတယ်။ ရွာထဲမှာ မကောင်းတဲ့မိန်းမတွေ ရှိတယ်။ ဒီရွာက မဟုတ်ဘူး။ စက်လှေတွေနဲ့လာတဲ့ အခြားအရပ်က ပြည့်တန်ဆာတွေ။

ပိုက်ဆံက ပေါတာကိုး။

ငွေပေါတဲ့အရပ်မှာ ဘိန်းစားရှိတယ်။ အရက်သမား၊ ဖဲသမား ရှိတယ်။ ဓားပြရှိတယ်။ ပြည့်တန်ဆာရှိတယ်။ လူမိုက်တွေရှိတယ်။ သူများမယားကြာခိုတဲ့လူလည်း ရှိသလို၊ သူများ လင်ကိုလုတဲ့ လင်လုမတွေလည်းရှိတယ်။

ရွာမှာ ဘုန်းကြီးကျောင်းမရှိဘူး။

ဘာလို့မရှိတာတုံးလို့ မေးကြည့်တော့ အရင်က ဘုန်းတော်ကြီးတစ်ပါးနဲ့ ဘုန်းကြီးကျောင်း ရှိတယ်တဲ့။ ဥပုသ်နေ့၊ လပြည့်နေ့ ဥပုသ်လာစောင့်တာ (၃) ယောက်ပဲ ရှိသတဲ့။ ဥပုသ်စောင့်တဲ့ လူကြီး (၃)ဦးမှာ (၂)နှစ်ဦး ကွယ်လွန်သွားတော့ တစ်ယောက်ပဲ ဥပုသ်လာစောင့်တယ်တဲ့။ ဘုန်းကြီးကို ဆွမ်းလောင်းရကောင်းမှန်း မသိဘူး။ အိမ်ရှေ့ဆွမ်းရပ်ရင် ကန်တော့ပါသေးရဲ့က နေ့စဉ်မနက်တိုင်း ပြောတာ။ ပြောရင်းက အရက်ပေါင်းအိုးကကျတဲ့ ဦးရည်ကို မြည်းနေဆဲတဲ့။

ဘုန်းကြီးကျောင်းထဲမှာ သီးနေတဲ့ သရက်သီးခိုးခူးတယ်။ ကျောင်းမှာ ဘေးမဲ့လွှတ်ထားတဲ့ ကြက်တွေကို ခိုးချက်၊ အရက်နဲ့မြည်းတယ်။ တစ်နေ့ ဘုန်းတော်ကြီးက ရွာထဲကို ဆွမ်းခံကြွတယ်။ ရွာလယ်လမ်းမမှာ မိန်းမသားနှစ်ဦး ရန်ဖြစ် ဆဲရေးတိုင်းထွာ ရှိသမျှပစ္စည်း လှန်ပြနေကြတော့ ဘုန်းကြီးလည်း ရှေ့ဆက်ဆွမ်းမခံဘဲ ကျောင်းပြန်ကြွသွားသတဲ့။

နောက်နေ့မနက် ဘုန်းကြီးဆွမ်းခံမကြွဘူး။

နောက်နေ့လည်း ဆွမ်းခံမကြွဘူး။

ဒါနဲ့ တစ်ဦးတည်းသောဥပုသ်သည် အဘိုးကြီးက ဘုန်းကြီးနေမကောင်းလို့လား ထင်လို့ ကျောင်းကိုသွားကြည့်တော့ ဘုန်းကြီးရော၊ သပိတ်ရော မရှိဘူး။

ရေနွေးကြမ်းပန်းကန်လုံးနဲ့ စာတစ်စောင်ကို ဖိထားတာမြင်လို့ ယူဖတ်လိုက်တော့ ...

www.burmeseclassic.com



*ဒကာကြီး ဦးတောကျော်*

*ဘုန်းကြီးကို ခွင့်လွှတ်နားလည်ပေးပါ*

*ရဟန်းတို့ ဆွမ်းမခံရသည့် ဌာနထဲမှာ*

*(၁) ပြည့်တန်ဆာမအိမ်၊ ၎င်းတို့ရပ်ကွက်*

*(၂) သေတင်းကုပ်၊ ဘုံဆိုင်တဲ့ . . .*

*ဒီလိုဌာနကို ဆွမ်းမခံရဘူးလို့ ဘုရားရှင်က ပညတ်ခဲ့တယ်။*

*ဒီကြက်ပြေးရွာမှာ အဲဒါတွေရှိနေတယ်။*

*ဘုန်းကြီး လိမ္မာလာကြမလားလို့ ကြိုးစားပဲ့ပြင်*

*တရားပြပေမင့် ကယ်လို့မရဘူး . . . ဒကာကြီး။*

*မေတ္တာ၊ ကရုဏာ၊ မုဒိတာ . . . တဲ့ ဒီတရားသုံးပါးနဲ့ ကြည့်ရှု*

*စောင်မလို့ မရနိုင်တဲ့အတွက် ဥပေက္ခာ ပြုလိုက်ရပါတယ်။*

*သူ့သဘောအတိုင်းသာ ရှိကြပါစေတော့။*

*ဦးဝိမလ*

ဘုန်းတော်ကြီးဦးဝိမလ မရှိတော့တဲ့နောက်ပိုင်း ဘယ်ရဟန်းသံဃာမှ ဒီပစ္စန္တရာဇ်အရပ်၊ မကောင်းမှုကံတွေ အများကြီး စုဝေးကြမ်းကြုတ်တဲ့အရပ်ကို ကြွမလာတော့ဘူးတဲ့။ ရွာထဲမှာ စိတ်ရင်းကောင်းတဲ့ ငါးဖမ်းလုပ်ကိုင် စားသောက်သူတွေ ရှိကြပါတယ်။

တစ်ယောက်အမည်က ဦးဒေါင်းတဲ့။

နောက်တစ်ယောက်က ငါးပိလုပ်ငန်းလုပ်တဲ့ ဦးရွှေကြီး။

လယ်လုပ်တဲ့ ဦးတာတေတို့မိသားစု။

သူတို့ကတော့ ယဉ်ကျေးတဲ့လူတွေပေါ့။ ကျွန်တော့်ကိုလည်း သားလို သဘောထားပြီး ရွာကလူတွေအကြောင်း ပြောပြကြတယ်။

စားစရာကောင်းလေးရှိရင် တကူးတက ခေါ်ကျွေးကြ ပို့ပေးကြပေါ့။ ရွာမှာ ဘုန်းကြီးမရှိလို့ သူတို့ ဝမ်းနည်းနေကြသတဲ့။ ရွာထဲ အသုဘပေါ်လာရင် သရဏဂုံတင်ဖို့ ဟိုး (၅)မိုင်လောက်က ရွာကျောင်းဘုန်းကြီးကို လှည်းနဲ့သွားပင့်ရသတဲ့။





ဘုန်းတော်ကြီး ဦးဝိမလမရှိတော့၊ ဘုန်းကြီးကျောင်းထဲမှာ ရွာထဲက လူသွမ်းတွေက ဖဲကစားကြသတဲ့။ အရက်သောက်ကြ၊ ကြက်တိုက်ကြသတဲ့။ ကြာတော့ ဘုန်းကြီးကျောင်းလည်း ပျက်စီးပြိုကျသွားတယ်လို့ ပြောကြတယ်ဗျာ။

✿ ✿ ✿

| ၄ |

❑

ကံဆိုးချင်တော့ ကျွန်တော် သေကောင်ပေါင်းလဲ ဖြစ်ရမယ့်ကိန်းနဲ့ ပက်ပင်းကြုံပါရောဗျာ။ ဒီရွာက တော်တော်ဆိုးတဲ့ရွာပဲကိုး။

ရွာမူလတန်းကျောင်းကို သူကြီးက လူငှားပြီး ခနိုမိုးထရံကာ လုပ်နိုင်းရတယ်။ ဒီကြောက်ပြေးရွာက ဘယ်သူမှ လာပိုင်းမလုပ်ပေါင်။

ရွာထဲမှာ ကျောင်းပြင်ဖို့ အလှူငွေလိုက်ကောက်တော့ ငွေနှစ်ဆယ် မပြည့်ဘူး။ အဲဒါ သူကြီးက သူလည်းထည့်၊ ဦးဒေါင်း၊ ဦးရွှေကြီးနဲ့ ဦးတာတေတို့ကို ကျွန်တော်ပါ လိုက်လံမေတ္တာရပ်ခံလို့ သူတို့က အားတက်သရော ထည့်ကြတယ်ဗျာ။

ရွာမှာ အိမ်သာ လုံးဝမရှိဘူးနော်။

တစ်ရွာလုံး တောဝင်၊ တောတက်ပဲ။

မှောင်ရင် ရွာနောက်ချုံကြားဝင်ပြီး အီးပါကြတာပဲ။

မိန်းမရော၊ ယောကျ်ားရောပဲ။ တောဝင်သွားရင် မိန်းမသားတွေက ဂဝေ်လေးနဲ့ သွားတာပေါ့။ တစ်ယောက်တည်းလည်း တောဝင်တာပဲ။ လက်ထဲမှာ ဓား ရှည်တစ်ချောင်းနဲ့ပေါ့ဗျာ။ အနားကပ်လာရင် လက်ထဲက ဓားရှည်နဲ့ လှမ်း ခွက်လိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရောက်တော့ ရွာမူလတန်းကျောင်းလေးမှာ ကျောင်းအိမ်သာ စီစဉ်လုပ်ကိုင်ပေးတော့ ရွာက လူအချို့က ရယ်ကြပါရော။ ကလေးတွေ အီးပါတာများ ရေးကြီးခွင်ကျယ်လုပ်လို့တဲ့။

ရွာမှာ ဒီကိစ္စ အပျိုရော၊ အအိုရော၊ ကျားရော၊ မ,ရော ရှိနေတာတဲ့။ အီးပါနေတဲ့မိန်းမလည်း ဘယ်ယောက်ျားသားကမှ ဟိုဒင်းမပြုပေါင်တဲ့။

ကျွန်တော်က ပြောပြစည်းရုံးရတာပေါ့။

မစင်ကြောင့်ဖြစ်တဲ့ . . . သံကောင်ရောဂါအကြောင်း၊ အန္တရာယ်ရှိတဲ့အကြောင်း။ သူတို့က ရယ်ကြတယ်ဗျာ။ ဒီရွာမှာ ကန်သင်းရိုး အီးပါလို့ သံထိုးပြီး သေတဲ့ကလေး မရှိဘူးတဲ့ဗျာ။

ရှိစေတော့ ဖြည်းဖြည်း စည်းရုံးရမှာပေါ့။

ကျောင်းက ကလေးတွေ အခု ယင်လုံအိမ်သာနဲ့ အိမ်သာသွားတတ်ပြီ။ ရေသုံးတတ်ပြီ။ ကလေးတွေ ခေတ်မီလာပြီ။ ဦးဒေါင်းတို့၊ ဦးရွှေကြီးတို့လည်း ယင်လုံအိမ်သာနဲ့ ဖြစ်ကုန်ပြီ။

သို့သော် ကလေးတွေ ကျောင်းပျက်ကြတယ်ဗျာ။

ကျောင်းပျက်လို့ သူတို့မိဘများနဲ့ သွားတွေ့တော့ . . .

ဆရာလေး . . . တဲ့။ လေးတန်းအောင်တော့ရော ဘာရာထူးရမှာလဲတဲ့။ ဒီရွာမှာ စာမတတ်ဘဲ ကိုယ့်ခွန်ကိုယ့်အားနဲ့ ငွေဖြစ်ရွှေဖြစ်နေတာ အများကြီးတဲ့။ အရက်ချက်တဲ့ အလုပ်နားရင် ကလေး ကျောင်းလာတက်လိမ့်မယ်တဲ့။ ကိုယ်ခွဲမရှိဘူးတဲ့။ ရေးတတ် ဖတ်တတ်ရင် ရွာမှာ သူကြီးလုပ်လို့ရပြီတဲ့။

တစ်နေ့ . . .

အမျိုးသမီးချောတစ်ဦး ကျွန်တော်စာသင်နေတဲ့ ကျောင်းကို ရောက်လာတယ်။ ဂါဝန်ဒူးလောက်နဲ့ဗျာ။ ဖြူဖြူချောချော၊ တောင့်တောင့်တင်းတင်းပဲ။ လက်ထဲမှာ စားစရာတွေ ကိုင်လို့။

''ဒီရွာကိုရောက်တဲ့ ကျောင်းဆရာလေးဆိုရှင့်''

''ဟုတ်ပါတယ်ခင်ဗျာ . . . ကိုကြည်လင်းလို့ ခေါ်ပါတယ်။ ဘာများအကူအညီလိုပါသလဲ ခင်ဗျာ''

''ဟင်း ဟင်း ဟင်း . . . ကျွန်မက ဆရာလေးကို ကူညီချင်လို့ပါ။ ကျွန်မနာမည်က မရွှေတစ်ဆုပ်လို့ ခေါ်ပါတယ်ရှင်''

''ဗျာ . . .''





''ဆရာလေးကလည်း ရုပ်ကလေးချောပြီး တဗျာဗျာနဲ့ ဘယ်လိုညှော်ခံနေမှန်းလည်း မသိဘူး . . . ဟွန့်''

ဘုရားရေ . . . မရွှေတစ်ဆုပ်တဲ့။

ခုမှပဲ မြင်ဖူးတယ်။ ခေတ်မီပြီး ကြော့နေတာပဲဗျာ။

စင်ရော်တောင်မျက်ခုံးနဲ့၊ နှုတ်ခမ်းနီနဲ့၊ မျက်နှာမှာ မိတ်ကပ်၊ ပေါင်ဒါလူးထားလို့ တပ်မက်ချင်စရာ ကိုယ်လုံးကိုယ်ပေါက်နဲ့။ သို့သော် . . .

''ဆရာလေးကျောင်းမှာ ဘာများလိုအပ်သလဲလို့ လာကြည့်တာပါရှင့်။ ဘာများ လိုအပ်သလဲဟင်။ ကျွန်မ လှူချင်လို့ ဟင့် အင့် . . .''

ဒုက္ခပါပဲဗျာ . . . စာကလည်း သင်ရင်းတန်းလန်း။

''အကုန်ပြည့်စုံပါတယ် . . . အစ်မကြီးခင်ဗျာ''

''အို . . . ဆရာကလည်း အစ်မကြီးတဲ့ ဟွန့် . . .။ ကဲပါ . . . သောက်ရေအိုး မလိုဘူးလား''

''သောက်ရေအိုး (၄)လုံးရှိပါတယ်ခင်ဗျာ''

''တံမြက်စည်းရောရှင်''

''ရှိပါတယ် . . . တံမြက်စည်း (၄)ချောင်းတောင် ရှိပါတယ်''

''ဟွန်း . . . ဆရာလေးကလည်း စားပွဲခင်း . . .''

''မလိုပါဘူးခင်ဗျ . . . မလိုပါဘူး . . . အဟဲ''

''ကျောက်သင်ပုန်းရောရှင်''

''ကျောက်သင်ပုန်းတွေ ဗီရိုထဲမှာ အပိုရှိပါတယ်ဗျ။ ကျောက်တံ၊ ခဲတံရော အစုံအလင် ရှိပါတယ်ခင်ဗျ''

''ဟွန့် . . . ဒီက လှူချင်လို့ဥစ္စာကို။ လိုတယ်လို့ပြောရင် ပြီးရောဥစ္စာ။ ကဲ . . . ကဲ . . . ကျောင်းမှာ လိုအပ်တာရှိရင် ပြောနော် . . . ဆရာလေး နော်''

ပါးစပ်ကလည်းပြော၊ လက်ကလည်း စကတ်ကို လက်နဲ့ဆွဲဆွဲ စုပြနေတော့ဟူး . .

''ဟုတ်ကဲ့ပါ . . . ကျေးဇူးပါ''

''ဆရာလေးက စကားပြောချိုတာပဲကိုး။ ဟောဒါ ဆရာလေးစားဖို့ မြို့ကပါတဲ့ ဘီစကစ်နဲ့ ကိတ်မုန့်ပါရှင့်။ ဆရာလေး လက်ခံပေးပါနော် နော်လို့''

သူမက သဒ္ဒါရေစီးကမ်းပြိုလိုက်ပြီး မုန့်တွေကို အတင်းထိုးပေးပါရော။



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ် ... အစ်မရွှေတစ်ဆုပ် ... အစ်မတို့ စားပါ။ ကျွန်တော့်ကို မပေးပါနဲ့ဗျာ''

''အို ... မရဘူး။ ယူမှကျေနပ်မှာနော် လို့။ သူများတို့ရွာကို ဟိုးအဝေးကြီးက စာလာသင်ပေးတဲ့ဥစ္စာ နော။ ထားခဲ့ပြီနော်။ လိုတာရှိရင် ပြော။ အိမ်ကို ထမင်းစားလာခေါ်ရင် မငြင်းရဘူးနော် ... ဆရာလေး ကိုလူချော။ ဟင်း ဟင်း ဟင်း ဟင်း ... တာ့တာ''

ခေတ်ကလည်းဆန်း၊ ပြောတာဆိုတာကလည်းရဲတင်း၊ အားနာမှုလည်း မရှိ၊ ဒုက္ခပါပဲ။ မရွှေတစ်ဆုပ်လို့ အမည်ကြားကတည်းက လူက ရင်တုန်နေတာပါဗျာ။ သူပေးခဲ့တဲ့မုန့်တွေလည်း စားရမှာ မဝံ့ရဲ။ နောက်ဆုံး မုန့်တွေအားလုံးကို ကျောင်းသူကျောင်းသားအားလုံးကို ဝေပေးလိုက်တယ်။ ဒေါ်မရွှေတစ်ဆုပ်ရေ သာဓုခေါ်ပါတော့ခင်ဗျာ။

ဒီလိုနဲ့ ကျောင်းဆင်းပေးလိုက်ပြီး မနက်ဖြန်သင်ရမယ့် သင်ခန်းစာကို ကြိုဖတ်ဖို့ ကုလားထိုင်မှာ ထိုင်လိုက်ချိန် ...

''ဗျို့ ... ဆရာလေးရှိလားကွ ... ဟေ့''

''ရှိပါတယ် ... အထဲကို ဝင်ခဲ့ပါခင်ဗျ''

ကြည့်လိုက်တော့ ကိုပေါက်ကျိုင်း၊ သာဂရနဲ့ ကိုဝေသာလီတို့ ဖြစ်နေတာကိုး။ အရက်နံ့ကလည်း တထောင်းထောင်း၊ လူတွေက ယိုင်တိယိုင်ထိုး။

''ဘာကိစ္စများရှိလို့ပါလဲ အစ်ကိုကြီးပေါက်ကျိုင်း''

''အေး ... ငေ့ ... မေးစရာရှိလို့ လာတာကွ ... ကျောင်းဆရာရဲ့''

''ဘာများပါလိမ့် ... အစ်ကိုပေါက်ကျိုင်းရာ''

''မနက်တုန်းက ဒီစာသင်ကျောင်းကို ဘယ်သူလာသွားလဲ ကျောင်းဆရာ ... အေ့''

''မနက်က သူကြီးကတော် ထမင်းလာပို့တယ်ဗျ''

''ဖွီး ... ပြီးတော့ ဘယ်သူလာတုံး ... မှန်မှန်ပြော''

''ဦးကြီးတောကျော် ပိန္နဲသီးလာပေးတယ်ဗျာ''

''ဒါပဲလား ... ကျောင်း ... ဆ ... ရာ ... အေ့ ... အေ့ ...''

ပုလိပ်စစ် စစ်နေတာကိုး။ ဘာသတင်းရလို့များပါလိမ့်ဗျာ။ ဒီရွာမှာ ကျောင်းဆရာလာလုပ်ရတာ အရက်သမားလည်း ကြောက်ရ၊ ဘိန်းစား၊ ဖဲသမားလည်း ကြောက်ရပါလားဗျာ။





စဉ်းစား ... စဉ်းစား ...

ဒီမှာ ဝေသာလီဆိုသူက ကိတ်မုန့်ဘူးခွံတစ်ခု ပေါက်ကျိုင်းကို လှမ်းပေးလို့ ပေါက်ကျိုင်းက မုန့်ဘူးခွံကိုကြည့်ပြီး မေးပြန်ပါရော။

''ကျောင်းဆရာ ... ဒီမုန့်ဘူးခွံက ကိတ်မုန့်ဘူးပဲ။ ဘယ်သူလာကန်တော့ တာတုံးဗျာ ... အဟေးဟေး အဟေးဟေး .. အေ့ ... ငေ့ .. အဟတ် ..''

''ဩော် ... ဒီကိတ်မုန့်ဘူးလား''

''ဟုတ်ကဲ့''

''ဟိုလေ ... အဲ ... မမရွှေတစ်ဆုပ် လာပေးသွားတာပါ ကိုပေါက်ကျိုင်း။ ဘာဖြစ်လို့လဲဟင်''

''ကျောင်းဆရာကို ကျုပ် စတွေ့တဲ့နေ့ကပဲ ကြိုပြောထားတယ်လေ။ ဒီရွာမှာ ကြိုက်တဲ့ အပျို၊ အအို၊ တစ်ခုလပ်၊ တစ်လင်ကွာ၊ နှစ်လင်ကွာ ကြိုက် သလိုချစ်၊ ကြိုက်သလိုအိပ်။ ဒါပေမင့် မိရွှေတစ်ဆုပ်နဲ့ မပတ်သက်နဲ့လို့ ကျုပ် ပြောထား၊ သတိပေးထားတယ်လေ လေ ... ခုတော့ ...''

''အစ်ကိုပေါက်ကျိုင်း ... ကျွန်တော် မရွှေတစ်ဆုပ်ကို အခုမှ မြင်ဖူး တာပါဗျာ။ ဒီမုန့်တွေကလည်း သူ့ဘာသာ လာပေးတာပါ။ ကျောင်းမှာ လိုအပ် တာလှူချင်လို့ လာတာပါတဲ့။ သူပေးတဲ့မုန့်လည်း ကျွန်တော်မယူဘူး ငြင်းတော့ ဖွတ်ထားခဲ့တာပါဗျာ။ အဲဒီမုန့်တွေ ကျောင်းသားတွေကို ဝေကျွေးလိုက်ပါတယ် ဗျာ။ ဘုရားစူး ... ကျိန်ဝံ့ပါတယ် ... အစ်ကိုပေါက်ကျိုင်းရာ။ နေပါဦးဗျာ .. သူ ဒီကျောင်းကိုလာတာ ကျွန်တော့်မှာ အပြစ်ရှိလို့လားဗျာ ဟင်''

ဟုတ်တယ်လေ ... ဒါတော့ မေးရမှာပေါ့ဗျာ ... စာသင်ကျောင်းကို ကျောင်းသားလာမယ်။ သူတို့မိဘလာမယ်။ ရွာလူကြီးတွေ လာကြည့်မယ်။ စေတနာရှင်၊ အလှူရှင် လှူချင်လို့ လာမယ်ဗျာ။ ကျောင်းဆရာဆိုတာ ဒီလိုလာ တဲ့လူတွေကို နှင်ထုတ်မောင်းထုတ်လို့ မရဘူးလေ။

''ကျွန်တော့်မှာ အပြစ်ရှိလို့လားဗျာ''

''ကျောင်းဆရာ ... မောင်ရင် မိရွှေတစ်ဆုပ်အကြောင်း မသိသေးဘူး နော်။ မင်း ဒုက္ခရောက်သွားမယ် ... ကျောင်းဆရာ။ မင်းအရင်လာတဲ့ ကျောင်း ဆရာတွေ ဒီမိန်းမကြောင့် ဘယ်လိုဖြစ်သွားကြတာ မင်းသိလို့လား။ မင်းကို ငါ တို့က ကရုဏာသက်လို့ လာပြောတာ။ မင်းအလောင်း ရေစာကျွေးတဲ့ဘဝ ရောက် သွားမယ်။ နောင်ကို မိရွှေတစ်ဆုပ်လာရင် စကားမပြောနဲ့ ... ကြားလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ် ... ဟုတ် ...''

''မင်းကို သနားလို့ လာပြောတာ။ မင်း ရုပ်ချောတာကိုက ရေစာကျွေးချင်စရာ၊ ကျည်ဆန်ကျွေးချင်စရာပဲကိုး''

သူတို့က ကျွန်တော့်ကို သတိပေးခြိမ်းခြောက်စကားတွေ ပြောသွားကြတယ်။ မရွှေတစ်ဆုပ်အကြောင်း သူတို့ သိကြတာလေဗျာ။ ပြောချင်းပြော တားချင်းတားရင် သူ့တို့ရွာသူကို တားပေ့ါ။ ခုတော့ ...

ညနေမှောင်ရီသမ်းအချိန် ကျွန်တော် ဘကြီးတောကျော်အိမ်ရောက်သွားပြီး မသိမသာ မေးကြည့်လိုက်တယ်။

''ဘကြီးတော ...''

''အေး ... ကျောင်းဆရာ ... ပြော။ ငါးခြောက်ဖုတ်လည်း စား''

''ဟိုလေ ... မရွှေတစ်ဆုပ်ဆိုတဲ့ အမျိုးသမီးကို သိလားဟင် ... ဘကြီးတော''

''ရွှေတစ်ဆုပ် ... ဟုတ်လား''

''ဟုတ်ကဲ့ ...''

''သူနဲ့တွေ့ခဲ့လို့လား ... ဆရာလေး''

''ကျောင်းကို လာသွားတယ်''

ဘကြီးတောကျော်က ကျွန်တော့်ကို အကဲခတ်သလိုကြည့်ပြီး ...

''ရွှေတစ်ဆုပ်နဲ့ ကင်းကင်းနေ ဆရာလေး''

''ဒါနဲ့ အဲဒီအစ်မက ဘာမို့လဲဟင်''

''မကောင်းဘူး ... ဆရာလေး။ ဒီရွာထဲက မိန်းမသားတွေထဲမှာ သင်းက မြို့တက်နေခဲ့ဖူးတော့ စာတတ်တယ်။ ခေတ်ဆန်တယ်။ ဖဲကစားတယ်။ အရက်သောက်ရင် ယောကျ်ားတွေနဲ့ ပြိုင်သောက်နိုင်တာ ... ဆရာလေး။ ပြီး ဘိန်းရောင်းသေးတယ်။ အားမနာတမ်းပြောရရင် လင်များတယ်။ ယောကျ်ားတစ်ယောက် တစ်လ နှစ်လအပြင် ပိုမပေါင်းဘူး။ ငွေကို ရေလိုသုံးသလား မမေးနဲ့။ သင်းကြောင့်လည်း ရွာထဲက မိန်းမကောင်းတွေ ပျက်စီးတဲ့ဘဝ ရောက်ကုန်တာ။ အခုနောက်ဆုံးယူ ထားတဲ့ယောကျ်ားတော့ သူနဲ့မြဲတယ်။ ဒါပေမဲ့ သူက ဆော့တယ်။ ဆော့တယ် ဆိုတဲ့စကား ဆရာလေး သိလား''

''ဟုတ်ကဲ့ ... သိပါတယ် ... ဘကြီး''





''မိရွှေတစ်ဆုပ်က ... အဲ ... အဲ ... အခုယူထားတဲ့ ယောကျ်ားက ဒီပင်လယ်ဒေသမှာ နာမည်ကြီးပဲ''

''ဘာလုပ်လို့ နာမည်ကြီးတာတုံး ... ဘကြီးရဲ့''

''ဓားပြဗိုလ်''

''ဗျာ ...''

''နာမည်က မဲလုံးကြီးတဲ့။ ဒီဒေသဝန်းကျင်က သူဌေးအိမ်တွေမှန်သမျှ အကုန်တိုက်၊ အကုန်လုပြီးပြီ။ ကျုပ်တို့ရွာတောင် မိရွှေတစ်ဆုပ်မျက်နှာကြောင့် အတိုက်မခံရတာ။ ဒီကျေးဇူးတော့ ရှိပါတယ်။ ဒါပေမဲ့ ကျုပ်တို့ရွာက လူကြီးလူငယ်တွေ ပျက်စီးနေတာ ဆရာလေးအမြင်ပဲ။ ဆိုးတာ ပေါက်ကျိုင်းတို့အုပ်စုက ဓားပြဗိုလ်မဲလုံးကြီးရဲ့ တပည့်တွေပဲ ... ဆရာလေး။ သူတို့လည်း ဓားပြတွေပဲ။ မဲလုံးကြီး ဒီကြက်ပြေးရွာကို လာပြီဆိုရင် သူ့မယားမိရွှေတစ်ဆုပ်က ကြော့နေအောင် ဝတ်စားပြီး ရေဆိပ်ကနေ ကြိုရတာ။ ပြောရရင်တော့ မိရွှေတစ်ဆုပ်က မဲလုံးကြီးရဲ့ ဘယ်နှယောက်မြောက်မယားလည်း မသိဘူး။ ဆရာလေး မြင်တဲ့အတိုင်းပ။ ရွှေတစ်ဆုပ် ဘယ်လိုဝတ်စားသလဲ ဆိုတာလေ။ ရွှေတစ်ဆုပ်က ယောကျ်ားချင်း စကားပြောရရင် အပြုအစုကောင်းလို့ မဲလုံးကြီးစွဲနေတာတဲ့။ မဲလုံးကြီး ရွာရောက်တဲ့ နေ့၊ ညကတော့ နွားကောင်လုံးကင်၊ ဝက်ကောင်လုံးကင်ပြီး တစ်ရွာလုံး သောက်ပွဲကြီး ကျင်းပတဲ့နေ့ပဲ။ ရွာက မကောင်းတဲ့မိန်းမတွေရော၊ အခြားကခေါ်လာတဲ့ မိန်းမပျက်တွေပါ မူးရူးသောက်စား ဖြစ်ချင်တိုင်းဖြစ်တာမှ ပျက်စီမှတ်ထားရတယ်''

''သူကြီးက ဘာမှမပြောဘူးလား၊ ပုလိပ်မတိုင်ဘူးလား''

''ပုလိပ်များ မဲလုံးကြီးတို့ စာမဖွဲ့ဘူး။ သေချင်ရင် ပင်လယ်နားလာခဲ့။ ခေါင်းမပါဘဲ ရေစာကျွေးမယ်လို့ ကြိမ်းတော့ လူနည်းရင် မလာရဲဘူး။ ပြောရရင် ပုလိပ်လည်း သူတို့ပိုင်တာပေ့ါ ဆရာလေးရယ်။ သူကြီးရေခဲကတော့ ရုပ်ပြသူကြီးပါ။ သူ့လည်း မဲလုံးကြီးတို့က ကျွေးမွေးပြုစု စောင့်ရှောက်ထားတော့ အထက်ကို အစီရင်ခံရင် ကြက်ပြေးရွာ အားလုံးကောင်းပါသည်ခင်ဗျာလို့ အစီရင်ခံတယ်။

သူကြီးကလည်း အရက်သမားပဲလေ။ မဲလုံးကြီးတို့နဲ့ ဝင်သောက် ဟိုဟာတွေနဲ့ ပျော်ပါး ပျက်စီးနေတာပါပဲ။ ပြောချင်တာကတော့ မဲလုံးကြီးကို မကြောက်သူက ဒီရွာမှာ တစ်ယောက်ပဲရှိတယ် ... ဆရာလေး''

''ဘယ်သူလဲ ... ဘကြီး''



www.burmeseclassic.com

www.burmeseclassic.com



''ရွှေတစ်ဆုပ်ပဲ ...ဆရာလေး၊ ရွှေတစ်ဆုပ်ကို မဲလုံးကြီးက ချစ်တယ်၊ ကြိုက်တယ်။ ရွှေတစ်ဆုပ် နေချင်သလိုနေတာ မပြောရဲဘူး၊ ဒါကြောင့် ရွှေတစ်ဆုပ်က အတင့်ရဲတာပေါ့။ သင်းက ယောက်ျားလေး ချောချောသန့်သန့် မြင်ရင် သူ့လိုရာပါအောင် အမျိုးမျိုးမြူဆွယ်တယ် ...ဆရာလေး''

''ဟုတ်လား ...''

''သူကြိုက်သလို သုံးစွဲပြီးရင် စွန့်ပစ်လေ့ရှိတယ်။ သူနဲ့ငြိတဲ့လူ သုံးဦးရှိခဲ့ဖူးတယ်''

''ဟုတ်လား။ ဘယ်သူ ...အဲ ...အဲ ...ဆောရီး ...''

''မမေးလည်း ပြောမှာပါဆရာလေး၊ နှစ်ယောက်က ရေလဲရွာက သူဌေးသားနဲ့ ဝဲပြန်မွေးရွာက ငါးရွှဲသဌေးလေးပဲ။ ရွှေတစ်ဆုပ်နဲ့ ငြိတာပဲ၊ ရွှေတစ်ဆုပ်က အရင်စတာဗျ။ သူဌေးသား လူချောလေးတွေပါ ...ဆရာရယ်၊ သတိပေးတဲ့ကြားက ငြိစွန်းကြတာ။ ရေလဲရွာသူဌေးသားနာမည်က ချစ်လွန်းမောင်တဲ့၊ ငါးရွှဲသူဌေးက ကိုစိန်ကျောက်တဲ့။ နှစ်ယောက်စလုံး ရွာပြင်မှာ နားထင်ပွင့်ပြီး သေနေတာတွေ့ရတယ်။ ပိုပြီး လန့်စရာကောင်းတာက သူတို့နှစ်ဦးစလုံးမှာ ယောက်ျားတန်ဆာတွေ မရှိတော့ဘူးဗျာ''

''ဗျာ ...။ ဘယ်လို ...ဘယ်လို ...''

''သူတို့တန်ဆာတွေကို ဖြတ်ပြီး သူတို့ပါးစပ်ထဲ ထည့်ထားတာဗျ''

''ဘုရား ...ဘုရား ...''

''ဘကြီး ...သူတို့ကို ဘယ်သူသတ်သွားတာလဲဗျာ ...ဟင်''

''သတ်တဲ့တရားခံ ဘယ်သူလဲဆိုတာ မသိကြဘူး၊ သိတဲ့တိုင်လည်း ရေငုံနေကြတာပဲ။ နောက်ဆုံးတစ်ယောက်က ကျောင်းဆရာဗျ။ လူပုံချောပဲ။ ပြူးပြူး ပြူးပြူးနဲ့။ ဆရာလေးချောလို့ မကြာခင် သေတော့မှာပဲလို့ ကြိုနိမိတ်ဖတ်ကြတယ်။ ထုံးစံအတိုင်း မိရွှေတစ်ဆုပ်က စားစရာလာပို့ပြီး မိတ်ဆက်တာပေါ့။ မိရွှေတစ်ဆုပ်နဲ့တွေ့ရင် ဝိဇယကုမ္မာဇာတ်ထုပ်ထဲက ဘီလူးမမယ်ကုဝဏ် ကြိမ်းသလိုပေါ့ ...ဆရာလေးရာ၊ 'အသက် (၄၀)ကျော်လို့မှ ဘုန်းပြိုင်သူမပေါ်လျှင်၊ လေးနန္တက်ရိုင်း၊ လမိုင်းမှာ ချမဟေ့' လို့ မယ်ကုဝဏ်က ကြိမ်းသလို၊ ဝိဇယကုမ္မာ မင်းသားချောကို မြင်တော့ မယ်ကုဝဏ်က လင်ဆာတာကိုး။ ဒါကြောင့် ကြိမ်းဝါးတာ။ သူ့ အသက် (၄၀) ကျော်လို့မှ ချစ်သူ၊ ချစ်လင် မရခဲ့လျှင် အရပ်လေးမျက်နှာ





မှာ ရှိကြတဲ့ လမိုင်းလယ်တော်သား လူကြမ်းယောက်ျားတွေအထဲ သူ့ကိုယ်ခန္ဓာကို ချပေးမယ်။ ကြိုက်သလို လုပ်ကြလို့ ကြိမ်းဝါးတာပေါ့''

ဘကြီးတောကျော်က ပင်လယ်အရပ်သားဖြစ်ပေမင့် အတော့်ကို ဗဟုသုတရှိတာပဲခင်ဗျ။ ကျွန်တော်တောင် မယ်ကုဝဏ်ကြိမ်းဝါးစာကို ခုမှ ကြားဖူးတာဗျ။

''မယ်ကုဝဏ်က ထပ်ကြိမ်းသေးတယ်။ သူနဲ့များ နှစ်ဦးချင်းတွေ့ရင် လူမပြောနဲ့ ငါးဆုပ်သစ်တောင် လူသေကောင်၊ ထောင်ပြီး ထရမတဲ့ဗျာ''

''အတော်ကြောက်စရာကောင်းတဲ့ ဘီလူးမပဲနော်''

''ဟုတ်တံယ် စာဆိုထားတာက၊ လပ်စေတော့ ကာလသား၊ ကျွန်မနဲ့ ညှားရင် ငါးဆုပ်သစ်တောင် လူသေကောင်၊ ထောင်ပြီး ထရမတဲ့ဗျား။ ငါးဘီလူးမ မာယာ သဲဆယ်ဖျာကိုး''

''မိန်းမမာယာ သဲကိုးဖျာပါ ...ဘကြီးရာ''

''ဘီလူးမဆိုတော့ ရဲတင်းလွန်းလို့ တစ်ခုပိုပေးပြီး သဲဆယ်ဖျာ လုပ်လိုက်ရတာပါ ...ဆရာလေးရ''

''ဟား ဟား ဟား ဟား ...ဘကြီးကတော့လေ''

''ဒီလို ယောက်ျားမြင် လင်ဆာတဲ့မိန်းမက မိရွှေတစ်ဆုပ်ပဲ၊ ဒီအကြောင်း ဆရာလေးပဲ သိပစေ၊ အပြင်လူတွေ မသိစေနဲ့။ အပြင်မှာ လျှောက်မပြောနဲ့။ ကျုပ်ပြောတယ်မှန်း သိရင် ကျုပ်လည်း အဖြတ်ခံရလိမ့်မယ်''

''ဗျာ ...ဘကြီးကို ဘာဖြတ်မှာတုံး။ ဘကြီးက သူနဲ့ ...''

''သူ့မကောင်းကြောင်းပြောလို့ ဟောဒီလျှာ အဖြတ်ခံရမယ်လို့ ပြောတာ ...ဆရာလေးရေ၊ ဆရာလေးကိုတော့ ကိုယ့်တူသားလို ခင်လို့ မင်လို့ မမှားရအောင် ပြောပြတာဗျ။ ဟိုကျောင်းဆရာလေးလည်း မိရွှေတစ်ဆုပ်ရဲ့ မာယာ ပိုက်ကွန်ထဲ ကျတော့မယ့်အချိန်။ ပြောချင်တာက မိရွှေတစ်ဆုပ်နဲ့ ချိန်းတွေ့နေတုန်း သေနတ်နဲ့ လှမ်းပစ်လိုက်တာ ကျောင်းဆရာလေး နားရွက်ပြတ်သွားတယ်။ နားရွက်ပြတ်ရော သေပြေးရှင်ပြေး ကြောက်ပြေး ပြေးလိုက်တာ ဟိုမြို့ခြေကို ရောက်ရောဗျာ။ အဲဒီအချိန်ကစပြီး ကြက်ပြေးရွာကနေ ကြောက်ပြေးရွာလို့ ခေါ်ကြတာပဲဗျာ။ ရွာထဲလာပြီး အရောင်းအဝယ်လုပ်တဲ့ စီးပွားရေးလုပ်သူတွေလည်း ပေါက်ကျိုင်းတို့၊ ဝေသာလီတို့က မိုက်ကြေးခွဲ၊ နှိပ်စက်လို့ ညမအိပ်ရဲဘဲ ပြေးကြရတာပဲ။ ဒီလိုနဲ့ ကြောက်ပြေးရွာက နာမည်ကြီးသွားတာ။ ဆရာလေးကို သတိ



www.burmeseclassic.com

www.burmeseclassic.com

ပေးချင်တာက ရွှေတစ်ဆုပ်ကို အရောမဝင်နဲ့။ ရွှေတစ်ဆုပ်ခေါ်ရင် မလိုက်နဲ့။ ရွှေတစ်ဆုပ်အိမ်မှာ ထမင်းမစားနဲ့''

''စားရင် ...''

''စားနေတုန်း ကြမ်းကြားကနေ ဓားရှည်နဲ့ဆောင့်ထိုးလို့ ဆရာလေး ဟိုဒင်းကွဲပြီး သေမှာဗျ''

✿ ✿ ✿

[၅]

❏

မရွှေတစ်ဆုပ် စာသင်ချိန်မှာ ကျောင်းရောက်ရောက်လာတယ်။ တော်ကြာ ကြက်သားဟင်းနှင့် ထမင်း။ ညနေရောက်ရော ငန်းသားနဲ့ အုန်းထမင်း။

ကျွန်တော် ငြင်းပါတယ်။ အစ်မရေ ... ကျွန်တော့် စာရေးသောက်ရေးကို ဘကြီးတောကျော်နဲ့ သူကြီးတို့က တာဝန်ယူထားတဲ့အကြောင်း ပြောရတယ်။

''ကိုယ့်မောင်လေးကို ခင်လို့ပါ ... ဆရာလေးရယ်။ ကိုယ့်ရွာက ကလေးတွေအတွက် အဝေးကနေ စာလာသင်ပေးနေတာ။ ကျွန်မတို့မှာလည်း ပြန်ကြည့်ဖို့ တာဝန်ရှိတာပေါ့ ... ဆရာလေးရယ်။ စေတနာနဲ့ ချက်ပြုတ်လာပို့တာပါနော်''

''ကျေးဇူးတင်ပါတယ်ဗျာ ... နောင်ကို မပို့ပါနဲ့ ... အစ်မရယ်နော်''

''အင်းပါ ... အင်းပါ။ ဒါနဲ့ ဆရာလေးက လူပျိုဆိုရှင့်''

''ဟုတ် ... ဟုတ် ...''

''ရည်းစားသနာရော ရှိလားဟင် လို့''

''ဒါ ... ဒါတွေ ... မစဉ်းစားသေးပါဘူး ... ခင်ဗျ''

''လူပျိုစစ်စစ်လေးပေါ့နော် ... ဟင့်''





''အဲ ... အဲ ... ကျွန်တော် ... ကိစ္စတွေရှိလို့ ဟို ဟို ...''

''နှင်တာပေါ့ ... ဟုတ်လား''

''အဲ ... အဲ ... မဟုတ် ...''

''ဆရာလေးက ချောတယ်နော်''

''ဟာဗျာ ... ပြန်ပါတော့အစ်မရာ တောင်းပန်ပါတယ်ဗျာ''

''တောင့်လည်း တောင့်တယ်''

ကျွန်တော့်မျက်နှာ ဘယ်ထားရမှန်းမသိဘူး။ သူမရဲ့ အကြည့်က တပ်မက်တဲ့အကြည့်ဗျ။ ရှိန်းဖိန်းပြီး ကြက်သီးပါ ထသွားတယ်ဗျာ။

''အိမ်ကို ထမင်းစားလာပါလား ဟင်လို့''

''မ ... မအားလို့ပါ ... အစ်မရယ်''

''ဆရာလေး''

''ဗျာ ...''

''ဆရာလေးကို မရွှေ သဘောကျတယ်လို့''

''ဟာဗျာ ...''

ကျွန်တော် ရှက်လွန်းလို့ နှုတ်မဆက်တော့ဘဲ ကျောင်းထဲက ပြေးထွက်လာခဲ့လိုက်တယ်။ ရဲတင်းလိုက်ပါဘိဗျာ။ ကျွန်တော် သူမ လာမှာကို ကြောက်နေတယ်လို့ ပြောရင် ယုံကြပါဗျာ နော်။

တစ်ည ...

အချိန်က (၇)နာရီခန့်။

ကိုပေါက်ကျိုင်းနဲ့ ဝေသာလီ ရောက်လာကြတယ်။

''ဆရာလေး ...''

''ခင်ဗျာ အစ်ကိုကျိုင်း ဘာကိစ္စရှိလို့ပါလိမ့်''

''ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါ ဆရာလေး''

''ဗျာ ... ဘာအကြောင်းရှိလို့လဲ ဟင်''

''အရေးကြီးတဲ့ ဧည့်သည်က ဆရာလေးနဲ့ စကားပြောချင်လို့ပါ။ ခု မျက်ချင်း လိုက်ခဲ့ပါ''

''အစ်ကိုကျိုင်း ... ညဘက်ကြီးဗျာ။ မိုးလင်းမှ ...''

''ကျောင်းဆရာ ... ဒီအရပ်မှာ ကျုပ်က လိုက်ခဲ့လို့ခေါ်ရင် လိုက်ခဲ့[illegible]ပါ။ မလိုက်ရင်တော့ ကြိုးတုပ်ဆောင့်ဆွဲခေါ်ရမှာပဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါပြီဗျာ ... အနွေးထည်တော့ ယူပါရစေဗျာ''

''ရတယ်''

ကျွန်တော် ဖလံထည်အနွေးအင်္ကျီဝတ်ပြီး သူတို့နဲ့ လိုက်ခဲ့လိုက်တယ်။ သူတို့က ကျွန်တော့်ကို ရှေ့နောက်ညှပ်ပြီး ရွာလမ်းမအတိုင်း လက်နှိပ်ဓာတ်မီး ထိုးပြခေါ်သွားကြတာ။

လမ်းသွားလမ်းလာအချို့က ကျွန်တော်တို့ကို တွေ့သွားကြပေမဲ့ ကျွန်တော့်ကို နှုတ်မဆက်ကြဘူး။

''ဗျို့ ... ကိုကျိုင်း ... ကောင်လုံးကင်ပဲလားဗျ''

''ပြုတ်စားမှာ။ ထပ်မမေးနဲ့''

သူတို့ချင်းမေးတဲ့ ဖြေတဲ့ စကားကို ကျွန်တော် နားမလည်ဘူး။ အထာတွေနဲ့ ပြောကြတာတော့ သိတယ်။

''မရောက်သေးဘူးလား အစ်ကိုကျိုင်း''

''မေးခွန်းမမေးနဲ့ ဆရာလေး။ တိတ်တိတ်လိုက်ခဲ့။ လျှာရှည်ရင် ဒီမှာ တွေ့လား''

ပေါက်ကျိုင်းက ဝှက်ယူလာတဲ့ ခြောက်လုံးပြူးသေနတ်ကို ထုတ်ပြလိုက်လို့ အသာငြိမ်ပြီး တွေးနေမိတယ်။ ငါ့ကို ဘာလုပ်ဖို့ ခေါ်လာတာတုံး။ ငါ ဘာအမှားများ ကျူးလွန်မိလို့တုံး။

ဒီလိုနဲ့ ပင်လယ်ကမ်းစပ်ကို ရောက်လာမှန်း လရောင်နဲ့ မြင်လိုက်ရတယ်။ သည့်နောက် စက်လှေကြီးတစ်စီးရှေ့မှာ ရပ်လိုက်ကြတယ်။

''ဘယ်သူလဲဟေ့။ ရပ်နော်။ မရပ်ရင် ပစ်လိုက်မယ်''

စက်လှေပေါ်က လှမ်းအော်ပြောတဲ့အသံ။

''ကျိုင်းကောင်တွေ ... ပေါင်မုန့်လာပို့တာ''

''တက်ခဲ့''

ပေါင်မုန့်လာပို့တာတဲ့။ ဒါဆို ပေါင်မုန့်က ကျွန်တော်ပဲပေါ့။ ပေါက်ကျိုင်းက သစ်သားကုန်းဘောင်ကနေ စက်လှေကြမ်းပြင်ပေါ် ရောက်သွားတယ်။

မီးထိုးပြလို့ ကျွန်တော် ကုန်းဘောင်ပေါ်ကို လှမ်းတက်ခဲ့လိုက်တယ်။ စက်လှေပေါ်မှာ မီးထွန်းမထားကြဘူး။ ဘာလို့ပါလိမ့်။ ခဏနေတော့ မှောင်နေတဲ့အခန်းထဲကို ကျွန်တော်တို့ ရောက်ခဲ့ကြတယ်။

''ပါလာလားကွ''





အခန်းထဲက မာကျောတဲ့အသံနဲ့ မေးလိုက်တော့ ...

''ရှေ့မှာ ရောက်နေပါပြီ ... အစ်ကိုကြီး''

''ကျောင်းဆရာလားကွ''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

''ကြည်လင်းတဲ့ ဟုတ်လား''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

''မင်း .. ကြောက်ပြေးဆိုတဲ့အဓိပ္ပာယ် သိလား''

''သိ ... သိခဲ့ပြီးပါပြီခင်ဗျာ''

''မင်းရဲ့ စာသင်ကျောင်းကို မိစ္ဆာတစ်ဆုပ် လာတယ်နော်''

''ဟုတ် ... ဟုတ် ...''

''ဘယ်နှကြိမ်လာသွားလဲ ကျောင်းဆရာ''

''ဟို ... ဟို ...''

''သုံးကြိမ် လာသွားတယ်မဟုတ်လား''

''ဗျာ ... ဟုတ် ... ဟုတ်ကဲ့ ...''

ဒီအမှောင်ထဲက အသံမာမာနဲ့ လူကြီးက မစ္ဆာတစ်ဆုပ် ကျောင်းလာပွားတဲ့ ကြိမ်ရေကို သိနေပါလား။

''ပထမအကြိမ် မုန့်လာပေးတယ်။ ဟုတ်ရဲ့လား''

''ဟုတ် ... ဟုတ်ကဲ့''

''ဒုတိယအကြိမ် ကြက်သားဟင်းနဲ့ ထမင်း။ ဟုတ်ရဲ့လား''

''ဟုတ် ... ဟုတ်ပါတယ်ခင်ဗျား''

''တတိယအကြိမ် ငန်းသားနဲ့အုန်းထမင်း''

''..........''

''ဟုတ်လား''

''ဟုတ် ... ဟုတ်ကဲ့''

''ကျောင်းဆရာနဲ့ မိစ္ဆာတစ်ဆုပ် ဘယ်လိုအခြေအနေကို ရောက်သွားပြီလဲ ... မှန်မှန်ပြောစမ်း''

''သိ ... သိတဲ့ ... အ ... အဆင့်ပါ ခင်ဗျ''

''ဟုတ်ရဲ့လား''

''ဟုတ်ပါတယ် ခင်ဗျား''



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတစ်ဆုပ်က ကျောင်းဆရာကို ကြိုက်တယ်လို့ မပြောဘူးလား"

"မ … မပြော …"

"ဖောင်း …"

"အား …"

"ဖောင်း …"

"အား … ကျွတ် … ကျွတ် …"

ကျွန်တော့်မျက်နှာပေါ်ကို ရှေ့တည့်တည့်ကနေ လက်သီးနှစ်ချက် ဆင့်ထိုးလိုက်တာ သွားတွေ ကျိုးပြီနဲ့တူရဲ့ဗျာ။

"ကျောင်းဆရာ … ရွှေတစ်ဆုပ်ပြောတာ ငါ အကုန်သိပြီးပြီ။ အမှန်အတိုင်းပြော။ မပြောရင် … ဒီမှာကြည့် …"

ကျွန်တော့်ပါးစပ်ကိုဖြဲပြီး ပါးစပ်ထဲကို အေးစက်မာကျောတဲ့အရာ ဝင်လာတယ်။ သေနတ်ပြောင်းဗျာ။

"လိမ်ရင် ခလုတ်ညှစ်လိုက်မယ် နားလည်လား"

"…………"

"ပြော … ရွှေတစ်ဆုပ်က မင်းကို ဘာပြောလဲ"

"သ … သဘောကျတယ်လို့ … ပြော"

"ဟား ဟား ဟား ဟား ဟား … မင်းကို သဘောကျတယ်တဲ့လား။ ကျောင်းဆရာက ချောတာကိုး … ကျုမှာပေါ့။ ဒီတော့ မောင်ရင် ဘာပြန်ပြောလိုက်လဲ"

"ကျွန်တော် ရှက်လည်းရှက်၊ ကြောက်လည်းကြောက်လို့ ကျောင်းထဲက အပြင်ကို ပြေးသွားပါတယ်ခင်ဗျ"

"မှန်တယ် …။ ကျောင်းဆရာ ရှက်ပြီးပြေးတာ ငါ့လူတွေ မြင်လိုက်တယ်။ ကဲ … မေးမယ်။ ရွှေတစ်ဆုပ်ကို ကြိုက်လား"

"မ … မကြိုက်ပါဘူးခင်ဗျာ"

"ဒီလောက် … လှကြွနေတာကို ဘာလို့မကြိုက်တာလဲ။ မင်းက ဘုန်းကြီးဝတ်မလို့လား … ဟတ်လား"

"ကြောက် … ကြောက်လို့ပါခင်ဗျာ"

"ဘယ်သူ့ကို ကြောက်လို့တုံး … ကျောင်းဆရာ"





"သူ့ … သူ့မှာ ယောကျ်ားရှိတယ်။ သူ့ယောကျ်ားကိုလည်း ကြောက်တယ်။ ပြီး … ချစ်တာ ကြိုက်တာ ကျွန်တော် နားမလည်ဘူးခင်ဗျ"

"မင်းက ရွှေတစ်ဆုပ်ယောကျ်ားကို သိလို့လား"

"ကြားဖူးလို့ပါခင်ဗျာ"

"ရွှေတစ်ဆုပ်ယောကျ်ားနာမည်က ဘာတဲ့တုံး … ကျောင်းဆရာ"

"ဗိုလ် … ဗိုလ်မဲလုံးကြီးလို့ ကြားရဖူးပါတယ်ခင်ဗျာ"

"ရွှေတစ်ဆုပ်နဲ့ မဲလုံးကြီး ဘယ်သူ့ကို ပိုကြောက်တုံး"

"နှစ်ယောက်လုံးကို ကြောက်ပါတယ်ခင်ဗျ"

"ဟား ဟား ဟား ဟား … ဟား ဟား ဟား ဟား … ကြိုက်တယ်ကွာ။ ကျောင်းဆရာ လိမ္မာသားပဲကိုး။ ကျောင်းဆရာကို ကျုပ် သတိပေးလိုက်မယ် … နားထောင်"

"ဟုတ် … ဟုတ် …"

"ရွှေတစ်ဆုပ်ပေးရင် မယူနဲ့"

"ဟုတ် …"

"ရွှေတစ်ဆုပ်ကျွေးရင် မစားနဲ့"

"ဟုတ် …"

"ရွှေတစ်ဆုပ်ခေါ်ရင် မသွားနဲ့"

"ဟုတ် …"

"ရွှေတစ်ဆုပ် စကားလာပြောရင် နားပဲထောင် ပြန်မပြောနဲ့"

"ဟုတ် …"

"ရွှေတစ်ဆုပ်က ဆဲရင် ရိုက်ရင် သည်းခံ"

"ဗျာ …"

"မဗျာနဲ့ … ရွှေတစ်ဆုပ်ကို မတုံ့ပြန်နဲ့။ တုံ့ပြန်ရင် ကျောင်းဆရာကို လျှာဖြတ်ပစ်မှာ"

"ဟုတ် … ဟုတ်ကဲ့ပါခင်ဗျ"

"ကျောင်းဆရာက ရွာထဲက အရက်ချက်တဲ့အိမ်တွေကို လျှော့ချက်ဖို့ ပြောတယ်ဆို"

"အဲဒါက …"



www.burmeseclassic.com

www.burmeseclassic.com



''မပြောနဲ့။ ရွာတည်ကတည်းက အရက်ချက်လာကြတာ။ ဒီရွာမှာ ဖဲဝိုင်း၊ ကြက်ဝိုင်းရှိတယ်။ ဖာခန်းရှိတယ်။ ဘိန်းစားရှိတယ်။ ရန်ဖြစ်တယ်။ ရိုက်တယ်။ သတ်တယ်။ ခိုးတယ်။ အကုန် လွတ်လွတ်လပ်လပ် လုပ်လို့ရတယ်။ ကျောင်းဆရာ သူတို့ကို ပြုပြင်ပြောင်းလဲရေးတရား မဟောနဲ့။ နိုင်ငံရေးစကား မပြောနဲ့၊ ကလေးတွေပဲ စာသင်။ လူကြီးတွေကို စာမသင်နဲ့။ ဒီရွာက ကြောက်ပြေးတဲ့။ ရွာထဲမှာ ကျောင်းဆရာ အရက်သောက်ချင်သောက်၊ ကြက်တိုက်၊ မိန်းမတွေပျော်၊ မူးပြီးလဲ၊ ပုဆိုးကျွတ်နေပလေ ကြိုက်တာလုပ်။ နဘယံ ဘေးမရှိစေရဘူး။ ဒီလို စိတ်ကြိုက်ပျော်နေတာကို လာတားတဲ့လူရှိရင် အဲဒီလူ နောက်နေ့မှာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားစေရမယ်။ ကျုပ်တို့ တာဝန်ယူတယ်။ နားလည်လား''

''ဟုတ် . . . ဟုတ်ကဲ့''

''ကျောင်းဆရာ အသက်ရှည်ရှည် နေချင်တယ်။ ပျော်ပျော်ကြီး နေချင်တယ်ဆိုရင် ကျုပ်ပြောတာတွေလိုက်နာပါ။ ဒီလိုမှမဟုတ်ဘဲ နိုင်ငံရေးယောင်ယောင်၊ ဘာယောင်ယောင် ဟောပြောစည်းရုံးမယ်ဆိုရင် အဲဒီလူကို ဒီရွာမှာ ဦးခေါင်းမပါဘဲ သင်္ဂြိုဟ်ပေးတယ်။ ကျောင်းဆရာ ခုချိန်ထိတော့ ကံကောင်းနေတယ်လို့မှတ်။ ကိုင်း . . . ခေါ်သွားတော့''

သူတို့ ကျွန်တော်တို့ စက်လှေပေါ်ကနေ ကမ်းပေါ် ပြန်ခေါ်လာတယ်။ သည့်နောက် စောစောက လာတဲ့လမ်းအတိုင်း မီးထိုးပြီး လာခဲ့ကြတယ်။ ကျွန်တော်လည်း ခုမှ သက်ပြင်းချနိုင်တော့တယ်။

''အစ်ကိုကျိုင်း . . .''

''ဘာလဲ . . . ကျောင်းဆရာ''

''ဟို . . . စက်လှေပေါ်က ဆရာကြီးက ဘယ်သူလဲ ဟင်''

''အဲဒါမမေးနဲ့၊ ကျောင်းဆရာ သူပြောတဲ့အတိုင်းပဲ နေသွား။ အရေးကြီးတာက ရွှေတစ်ဆုပ်ကို အရောမဝင်နဲ့''

✿ ✿ ✿

| ၆ |

❑

အဲဒါ ကံကောင်းလို့ သေမည့်ဘေးက လွတ်ခဲ့တာဗျ။ သို့သော် ကံက ိုးမတက်ဘဲ ကံက ယိုင်နေပါရောဗျာ။

မရွှေတစ်ဆုပ် ထမင်းချိုင့်ကြီးနဲ့ ထပ်ရောက်လာတယ်။

ရွှေတွေကလည်း ညွတ်နေတာပဲ။ ပြင်ထားတာကလည်း မှုန်လို့။ ပြုးထုတေ့နဲ့ ကြည့်ပြီး စာရေးစားပွဲပေါ် ချိုင့်ကို တင်လိုက်တယ်။ ကျောင်းသား တွေက သူမကို ငေးကြည့်ကြလို့။

''အစ်မ . . . ပြန်ယူသွားပါ၊ ကျောင်းလည်း မလာပါနဲ့''

''ဟင် . . . ဘယ်လို . . . ဘယ်လို။ ဆရာလေးက ကျွန်မစေတနာကို စော်ကားလိုက်တာပေါ့ . . . ဟုတ်လား။ အခု ကျွန်မကို ဆရာလေးက ကျောင်း ပန်းထဲ မလာနဲ့ နှင်တာပေါ့ . . . ဟုတ်လား''

''တောင်းပန်ပါတယ် . . . အစ်မရယ် နော်''

''ဒါဆို စာသင်ချိန်မလာဘူး . . . စိတ်ချ။ အိမ်ကို ဆရာလေး လာခဲ့''

''မလာနိုင်ဘူးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''အလို ... ဆရာလေးက ဘယ်သူ့အားကိုးနဲ့ ကျွန်မကို မာရေကြော ရေ ပြောနေပါလိမ့်။ ဒီမှာ ကျောင်းဆရာ၊ နင့်ကိုယ်နင် ရုပ်ကလေးချောတယ်ဆိုပြီး မာန်တက်မနေနဲ့။ ငါ့ကိုများ ... မလာနဲ့တဲ့။ ကိုင်းဟာ ... ကိုင်းဟာ ...''

''ဂွမ်း ...''

''ဂလုံး ... ဂလုံး ...''

''ကဲဟာ ... ကဲဟာ။ နင်လို ကျောင်းဆရာအပေါစားကို မေတ္တာထား ကျွေးမယ့်အစား၊ ဟောဒီလို ... ဟောဒီလို ... ကဲဟာ''

မရွှေတစ်ဆုပ်ဗျာ၊ စားပွဲပေါ်က သူယူလာတဲ့ လေးဆင့်ထမင်းချိုင့်ကြီးကို မြေကြီးပေါ် ပေါက်ခွဲပစ်လိုက်တယ်။ ဟင်းတွေ၊ ထမင်းတွေ စာသင်ခန်းထဲမှာ ပြန့်ကြဲသွားပါရော။ ပြန့်ကြဲနေတဲ့ ထမင်းဟင်းတွေကို ဖိနပ်နဲ့နင်းပြီး ကြွေချိုင့်တွေကို ခြေနဲ့ကန်ပစ်လိုက်တော့ ကျောင်းသားတွေရှိရာကို ရောက်သွားရောဗျာ။

''အစ်မ ... အဲလို မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တောင်းပန်ပါတယ်''

''နင်လို ကျောင်းဆရာအစုတ်ကများ ငါ့ကို နှင်လွှတ်တယ်လို့။ ဒီမှာ ဟေ့ ... ရွှေတစ်ဆုပ်တဲ့ ... တစ်ဆုပ်တည်းရှိတယ်။ ဟောဒါရှိရင် ယောက်ျား ပေါပေါပဲဟဲ့၊ ကြည့်ထား''

ကျောင်းရှေ့ထွက်ပြီး ခုနစ်အိမ်ကြား အော်ဟစ်ဆဲရေးလိုက်တာလည်း စုံလို့။ ရွာထဲက ငမူးတွေ၊ ဘိန်းစားတွေနဲ့ ရွာသူရွာသားတွေ ကျွန်တော့်တို့ကို ကြည့်ပြီး တွတ်ထိုးသူက တွတ်ထိုး၊ မရွှေတစ်ဆုပ်ကို မြှောက်ထိုးပင့်ကော် လုပ်သူကလုပ်။

နောက်ဆုံး မမြင်ဝံ့စရာကိုလုပ်ပြလို့ ကျွန်တော် မျက်နှာလက်ဝါးအုပ်ပြီး ကျောင်းထဲမှာ ထိုင်ငိုလိုက်တယ်ဗျာ။

မရွှေတစ်ဆုပ်ကတော့ မဟုတ်ကဟုတ်ကတွေ လုပ်ကြံလီဆယ်ပြီး အော်ပြောနေတုန်းပဲ။ သူက 'ကိုယ့်ကျောင်းကကျောင်းဆရာ သနားလို့ လာပို့တာ ... သားစကား မယားစကားပြောလို့ ဆဲရ တုတ်ရတာတဲ့ဗျာ'။

သူကြီးဦးရေခဲ တောင်းပန်ပြီး ချော့မော့ခေါ်သွားတော့မှ 'ထွီ' လို့ တံတွေး ထွေးပြီး ထွက်သွားတယ်။ ကျွန်တော် ခေါင်းမဖော်ရဲတော့ဘူး။ ရွာထဲက ဘကြီး တောကျော်တို့၊ လေ့သမား ကိုပွနဲ့ ဦးကြီးတာတေတို့က ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းကြဘူးပေါ့။





ကျွန်တော်က ဖြစ်စဉ်ကို ရှင်းပြတယ်။ မယုံရင် ဟောဒီကျောင်းသား ကျောင်းသူတွေ မေးကြည့်ပါလို့ ပြောပြတယ်။ လူကြီးတွေက ဦးကြီးတို့ သဘောပေါက်ပါတယ် ... ဆရာလေးရယ်တဲ့။ ကျွန်တော်တို့ရွာက ကလေးတွေမျက်နှာကို ထောက်ပြီး ရွာကနေ ထွက်မသွားပါနဲ့တဲ့။

ကလေးတွေက မရွှေတစ်ဆုပ် လွှင့်ပစ်နင်းခြေခဲ့တဲ့ ထမင်းဟင်းတွေနဲ့ ကြွေချိုင့်အပိုင်းအစတွေ လှဲကျင်းသိမ်းဆည်းနေကြလေရဲ့။

✿ ✿ ✿

[၇]

❑

ရွာကျောင်းမှာ ကလေးတွေကို စာသင်ရတာ ကျွန်တော်ပျော်ပါတယ်ဗျာ။ ကလေးတွေကို မိုက်ရိုင်းပျက်စီးနေတဲ့ ရွာက လူကြမ်းလူရမ်းတွေလို မဖြစ်စေချင်ဘူး။ သူတို့ကို ပညာတတ်ကြီးတွေမဖြစ်တောင် စာဖတ်တတ်တဲ့အသိ၊ စဉ်းစားတွေးခေါ်တတ်တဲ့ ဉာဏ်ရည်တွေ ရစေချင်လို့။ ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့ ပင်လယ်ကမ်းခြေ ရွာမူလတန်းကျောင်းလေးကို ဖက်တွယ်နေရတာလေ။

ကျွန်တော့်ကို ကလေးတွေက ချစ်ခင်လေးစားကြတယ်။ ရိုသေကြတယ်။ သူတို့မိဘတွေကတော့ လူအမျိုးမျိုး စိတ်အထွေထွေပဲဗျ။ ကျောင်းကပြန်ရင် နွား၊ ကျွဲ ကျောင်းရတယ်။ ဘဲကျောင်းရတယ်။ အရက်ပုလင်းတွေ လိုက်ပို့ရတယ်။ ကလေးတွေရဲ့ ဘဝတွေကို သနားတယ်ဗျာ။

ကံကြမ္မာဆိုးက အငြိုးကြီးလွန်းလိုက်ပါဘိနှယ်။

ကျွန်တော် ကလေးတွေကို ဘုရားရှိခိုး သင်ပေးတယ်။

ပြည်သူ့နီတိ သင်ပေးတယ်။ ဆရာကြီးမင်းသုဝဏ်ရဲ့ မောင်ခွေးကဗျာလေးတွေ အသံနဲ့သင်ပေးတယ်။ သူတို့ ဆွမ်းအုပ်နီနီ အမေရွက်လို့ကဗျာကို ဟန်ပန်နဲ့ရွတ်ရတာ ပျော်ကြတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတို့ . . . ဆွမ်းအုပ်နီနီဆိုတာ မြင်ဖူးလား"

"မမြင်ဖူးပါဘူး"

"ဟေ . . . ရွာထဲမှာ အိမ်မှာ မရှိကြဘူးလား"

"မရှိပါဘူး"

"ဘုန်းကြီးကျောင်းကို ဥပုသ်နေ့ ဥပုသ်ယူဖို့ ဆွမ်းထမင်း၊ ဆွမ်းဟင်း ထည့်ထားတဲ့ ယွန်းအုပ်ချွန်ချွန်ကြီး သားတို့အမေတွေ၊ ကြီးတော်တွေ၊ ခေါင်းပေါ် ရွက်သွားတာ မြင်ဖူးတယ်မဟုတ်လား"

"မမြင်ဖူးပါဘူး"

"ဘုန်းကြီးကျောင်းကို သားတို့နဲ့ အတူမသွားဘူးလား ကွယ်"

"မသွားပါဘူး"

ဒုက္ခပဲ . . . သူတို့လေးတွေ ဆွမ်းအုပ်မမြင်ဖူးကြဘူး။ ဘုန်းတော်ကြီး ကျောင်း မသွားကြဘူး။

"သားတို့ ဘာလို့ ဘုန်းတော်ကြီးကျောင်းကို လိုက်ပါမသွားတာတုံး"

"ဘုန်းတော်ကြီးကျောင်း မရှိပါဘူး"

အို . . . ဟုတ်ပေသားပဲ၊ ကျွန်တော်ညံ့သွားပြီဗျာ။ ရွာမှာ ဘုန်းတော်ကြီး ကျောင်းမရှိဘူး။ ဘုန်းတော်ကြီး ဦးဝိမလ ရွာသားလူရမ်းကား လူသွမ်းတွေ ဘုရား မှန်း တရားမှန်း မသိကြတဲ့ မိန်းမပေါ့တွေဒဏ်ကို မခံနိုင်လို့ ရွာက ထွက်သွားခဲ့ တာကိုး။

အခု ဘုန်းကြီးကျောင်းလည်း ငမူးတွေ ဖဲရိုက်ရင်း ဖျက်ဆီးလို့ တိုင်ပဲ ကျန်တော့တယ်။ ကျန်တဲ့တိုင်ကို ထင်းဆိုက်ဖို့ နုတ်ယူသွားကြတယ်လို့ ကြား ခဲ့ရပြီးကိုး။

ဘုန်းကြီးကျောင်းရှိမှ လူကြီးတွေ ရတနာသုံးပါးရဲ့တန်ဖိုး သိကြမယ်။ ကုသိုလ်ကို ပြုကြမယ်။ ကလေးတွေ ဘုရား၊ တရား၊ သံဃာ သိကြမယ်။ ဒါမှ မင်္ဂလာရှိတဲ့ရွာ၊ မင်္ဂလာရှိတဲ့ လူလိမ္မာလူယဉ်ကျေးတွေ ဖြစ်ရမှာလေ။ ခုတော့–

ဟူး . . . ဘုရားမဲ့ကလေးတွေ ဖြစ်ကြတော့မှာပါလား။

ဒါကြောင့် ကျွန်တော် ကလေးတွေကို ကျောင်းခေါင်းလောင်းထိုးပြီးတာ နဲ့ ဘုရားရှိခိုးစာတွေ သင်ပေးခဲ့တယ်။ အချိန်လေးရလာတော့ ကလေးတွေ ဘုရား ရှိခိုးစာကို ဆိုတတ်လာလို့ ဝမ်းသာလိုက်တာဗျာ။ သရဏဂုံသုံးပါး သိသွားပြီ။ အနန္တော အနန္တငါးပါး သိသွားကြပြီ။





တစ်နေ့ ငါးပါးသီလအကြောင်း သင်ပေးတယ်။

"ပါဏာတိပါတာ . . ."

"ပါဏာတိပါတာ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"အဒိန္နာဒါနာ . . ."

"အဒိန္နာဒါနာ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"ကာမေသု မိစ္ဆာစာရာ . . ."

"ကာမေသု မိစ္ဆာစာရာ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"မုသာဝါဒါ . . ."

"မုသာဝါဒါ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ . . ."

"သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

"ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ . . ."

ကလေးတွေဟာ ကျွန်တော် ရှေ့ကတိုင်ပေးတဲ့အတိုင်း နောက်ကနေ အသံကျယ်ကျယ်နဲ့ လိုက်ဆိုကြတယ်။

"သားတို့၊ သမီးတို့ကို ငါးပါးသီလရဲ့ အဓိပ္ပာယ်ပြောပြမယ်။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဆိုတာက သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏တဲ့ . . . နားလည်ကြလား"

"နားလည်ပါတယ်"

"အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဆိုတာက သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏တဲ့။ သူတစ်ပါးရဲ့ ပိုက်ဆံ၊ ရွှေ ငွေ၊ ကျွဲ နွား၊ ကျောက်တံ ခဲတံ သူမသိအောင် ခိုးယူကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



''မကောင်းပါဘူး''

''ဟုတ်ပြီ ... ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ဆိုတာက သူတစ်ပါးသားမယား၊ လင်ရှိမယား၊ မယားရှိ လင်သားအိမ်ရာကို ကျူးကျော်စော်ကားခြင်းမှ ရှောင်ကြဉ်ပါ၏တဲ့ ... နားလည်ကြလား''

''နားလည်ပါတယ်''

''မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဆိုတာက လိမ်ညာပြီး ပြောခြင်းမှ ရှောင်ကြဉ်ပါ၏တဲ့။ ဆရာမိဘကို အမှန်အတိုင်းမပြောဘဲ လိမ်ညာ ပြောရင် ကောင်းသလား''

''မကောင်းပါဘူး''

''လူအချင်းချင်း လိမ်ညာလှည့်ဖျားတာရော ကောင်းတဲ့အလုပ်လား''

''မကောင်းတဲ့အရာပါ''

'' သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ဆိုတာကတော့ သေရည်သေရက်၊ ဘိန်းကင်းကဇော်၊ မူးယစ်စေတတ်တဲ့ ထန်းရည် စသည်ဖြင့်ပေါ့။ အဲဒီလို မူးယစ်စေတဲ့ သေရည်သေစာကို သုံးစွဲစားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏တဲ့။ သားတို့ ... အရက်သောက်ဖူးလား''

''မြည်းဖူးပါတယ်''

''ဘာလို့ မြည်းရတုံး''

''ရွာထဲမှာရော၊ သားတို့အိမ်မှာရော အရက်ချက်ကြလို့ နည်းနည်းမြည်း ဖူးတာပါ ဆရာ''

ခက်ပြီ။ တစ်ရွာလုံးနီးပါး အရက်ကို ချက်သောက်ကြတယ်။ ရွာစဉ်လှည့် ရောင်းတယ်။

''သားတို့ ... အရက်၊ ထန်းရည် စတဲ့ မူးယစ်တဲ့အရည်ကို မသောက် ကြပါနဲ့။ သောက်ရင် ဘာဖြစ်မလဲ။ မူးမယ်။ မူးရင် အမှားနဲ့အမှန်ကို မဝေဖန် မခွဲခြားနိုင်တော့ဘူး။ ဒီတော့ မလုပ်သင့်တာတွေ လုပ်မိကြရော။ အရက်သောက် ပြီးရင် အသိစိတ်လွတ်ပြီး ရှေ့ကဆရာပြောတဲ့ မလုပ်ရတဲ့အလုပ်တွေ အကုန် လုပ်ပြီး အမှားတွေ ပိုပိုများများ လုပ်ကြရော ... နားလည်ရဲ့လား''

''နားလည်ပါပြီ''

''အခုပြောတဲ့ ငါးပါးသီလကို ကျူးလွန်တဲ့လူ သေရင် ဘယ်ကိုရောက် လဲ ... သိလား''

စိတ်ကူးသစ်စာပေ



''မသိပါဘူး''

''ဟိုး ... မြေအောက်က ငရဲပြည်ကို ရောက်ရော။ အခု ဆရာပြောပြ တဲ့ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြဲစောင့်ထိန်းတဲ့ လူကတော့ ကွယ်လွန်ပြီး နောက်ဘဝအသစ်မှာ နတ်ပြည်၊ လူ့ပြည်ကို ပြန်ရောက်ရရှိခံစားရတယ်တဲ့ ... နားလည်ကြလား''

''နားလည်ပါတယ်''

''အရက်၊ ထန်းရည် သောက်သင့်လား''

''မသောက်သင့်ပါဘူး''

''ဘိန်းကင်း၊ ကဇော် စားသုံးသင့်လား''

''မစားသုံးသင့်ပါဘူး''

''သူများအိမ်ရာ ကျူးလွန်ကောင်းလား''

''မကျူးလွန်ကောင်းပါဘူး''

''သားတို့၊ သမီးတို့ ငါးပါးသီလ လုံနေသမျှ သားတို့ကို ကိုယ်စောင့် နတ်က ချစ်မယ်၊ စောင့်ရှောက်မယ်။ ရွာစောင့်နတ်၊ အိမ်စောင့်နတ်တွေ ချစ်ခင် စောင့်ရှောက်လိမ့်မယ်။ လူအချင်းချင်းလည်း ယုံကြည်လေးစားကြလိမ့်မယ်။ သားတို့၊ သမီးတို့ လူလိမ္မာ၊ လူတော်လူကောင်းလေးတွေ ဖြစ်ကြပါစေ။ ကျောင်း ဆင်းကြစို့''

''ကလောင် ... ကလောင် ... ကလင် ... ကလင် ...''

ကျောင်းဆင်းပြီးနောက် ... အမှိုက်လှည်းကျင်း၊ သောက်ရေအိုးတွေ သောက်ရေဖြည့်။ ကျောင်းစိုက်ခင်းတွေ ရေလောင်းရင်း ကလေးတွေကို စာသင် ပေးရတာ ပျော်နေမိတယ်ဗျာ။

ရွာက လူကြီးပိုင်းအချို့က ကျွန်တော် စိတ်ညစ်ပြီး ရွာကထွက်သွားမှာကို စိုးရိမ်နေကြတယ်လေ။ ကျွန်တော် ရွာကျောင်းကနေ ထွက်မသွားပါဘူးဗျာ။ လူကြီး လူမိုက်ကြီးအများစု မလိမ္မာရင်နေ၊ ကလေးတွေ ယဉ်ကျေးအောင်တော့ ကျွန်တော် ကြိုးစားမှာပါ။ ဒီမူလတန်း ကျောင်းကလေးကနေ တန်ဖိုးရှိတဲ့ လူကောင်းလေးတွေဖြစ်အောင် ကျွန်တော့်ဘဝကို ရင်းနှီးမြှုပ်နှံထားမှာပါ။

✿ ✿ ✿

www.burmeseclassic.com

[၈]

❑

''ကျောင်းဆရာ ... ခင်ဗျား အကြောက်အလန့် မရှိပါလား ဟင်''

ကိုပေါက်ကျိုင်းက ကျွန်တော့်ကို မျက်နှာထားကြီးနဲ့ မေးတာ။

''ဘာဖြစ်လို့တုံး ... အစ်ကိုပေါက်ကျိုင်း''

''ကျောင်းမှာ ဘာတွေ ကျောင်းဆရာ သင်နေတာတုံး''

''ကျောင်းမှာ ကျောင်းစာပဲ သင်တာပေါ့ ... အစ်ကိုကျိုင်းရာ''

''ကျောင်းဆရာ ... မောင်ရင် ဘာလို့ စာသင့်ခန်းမှာ ကလေးတွေကို အရက်မသောက်ရဘူးလို့ သင်နေတာလဲ ... ပြော ...''

''ဗျာ ... အစ်ကိုကျိုင်း ... ကျွန်တော်က ကျောင်းဆရာလေဗျာ။ ကျောင်းမှာ ဗုဒ္ဓဘာသာသင်ခန်းစာကို သင်ရိုးညွှန်းတန်းအတိုင်း သင်နေတာပဲ ဗျာ။ ငါးပါးသီလကို သင်ပေးတာလေဗျာ''

''ဟား ဟား ဟား ဟား ဟား .... ကျောင်းဆရာ၊ ကျောင်းဆရာ အရိပ်သုံးပါး နားမလည်တော့ ကျီသူငယ် ကျားစားဖြစ်သတဲ့။ ဒီမှာကျောင်းဆရာ ဟောဒီ ကြက်ပြေး(ခေါ်) ကြောက်ပြေးရွာမှာ တစ်ရွာလုံးနီးပါး အရက်ချက်တယ်။





သောက်တယ်။ မူးတယ်။ ဒီရွာက လူတွေက ပင်လယ်ထဲမှာ အသက်နဲ့ရင်းပြီး လုပ်တဲ့လူတွေရှိတယ်။ ပင်ပန်းရင် သောက်တယ်။ ရွာတည်ကတည်းက အရက် ချက်လာတဲ့ရွာ။ ရွာတည်တဲ့ အသက်နဲ့ အရက်သောက်တဲ့ရက် အတူတူပဲ။ ကျောင်းဆရာက ကလေးတွေကို အရက်ဆန့်ကျင်ရေး သင်ပေးနေတာ။ ဒီရွာက မိဘတွေနဲ့ ကလေးတွေကို ရန်တိုက်ပေးနေတာလား။ တော်လှန်ရေးသင်တန်း ပေးနေတာလား။ တစ်ရွာလုံးနီးပါး မင်းကို အစိမ်းလိုက် စားချင်နေကြတယ်ကွ။

လက်ရှိပေါင်းနေတဲ့လင်ကို မကြိုက်လို့၊ ကြိုက်တဲ့ယောကျ်ားနဲ့ ကြိုက် သလိုနေတာ ကာမေသု မိစ္ဆာစာရက် ကျူးလွန်တာမဟုတ်ဘူး။ မပြည့်ဝတဲ့ ကာမအရသာကို ပြည့်ဝစွာ ခံစားချင်လို့ နောက်မီးရော၊ ရှေ့မီးရော လင်းနေတာ။ ဒါ ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်ရဲ့ လွတ်လပ်စွာ ရပိုင်ခွင့်ပဲ။ ဒီကိစ္စ မှာ ကျောင်းဆရာ ဝင်ပါစရာမလိုဘူး။ သင်တန်းပေးစရာ မလိုဘူး။ တစ်ယောက် နဲ့တစ်ယောက် ကြည်ဖြူကျေနပ်နေကြရင် အဲဒါ ငြိမ်းချမ်းရေးပဲ။ အေး ... မကျေနပ်ရင်လည်း ဓားနဲ့ခုတ်သတ်လိုက်လို့ရတယ်။ မင်း သက်န်းဝတ်မလား''

''ကျောင်းဆရာဆိုတာကတော့ဗျာ ...''

''တော် ... မင်း ငါတို့ရွာက အလုပ်တွေကို ပျက်စီးအောင် မလုပ်နဲ့။ မင်းကို စက်လှေပေါ်မှာ ဟိုဆရာကြီးက ဘယ်လိုသတိပေးလိုက်လဲ ... ပြော''

''.............''

''တစ်ရွာလုံးက ကြိုက်တဲ့မိန်းမတွေနဲ့ ကြိုက်သလိုနေ၊ ကြိုက်သလောက် သောက်၊ ပုဆိုးမပါဘဲ ရွာထဲ လျှောက်သွားလုပ်။ မိရှေ့တစ်ဆုပ်ကို မထိနဲ့တဲ့။ ပိရှေ့တစ်ဆုပ်ကို ကျောင်းဆရာ မုန်းအောင်လုပ်တာ ကျုပ်တို့ဆရာကြီးက အရမ်း ပမ်းသာ ချီးကျူးနေတယ်။ ကျောင်းဆရာ သူ့စကားနားထောင်တယ်တဲ့။ သူ သတိပေးတာ မှတ်မိလား။ ဒီရွာမှာ နိုင်ငံရေးမလုပ်နဲ့၊ ဘာသာရေးမလုပ်နဲ့၊ အရက်မချက်တဲ့တရား မဟောနဲ့၊ ယဉ်ကျေးလိမ္မာတရား မဟောနဲ့လို့ သတိပေး လိုက်တယ်လေ။

အခု ကျောင်းဆရာက အရက်ဆန့်ကျင်ရေးအကြောင်း ကလေးတွေကို သင်ပေးပြီး တော်လှန်ရေး လုပ်လိုက်တယ်။ နောက်ဆုံးအကြိမ် သတိပေးလိုက် မယ်။ စာသင်ကျောင်းမှာ ငါးပါးသီလ မသင်နဲ့။ အခြား ကြိုက်ရာသင်၊ မွှာစရိယ လောက်စာတတ်တဲ့ ဘုန်းကြီးတောင် ရွာကနေပြေးရတယ် ... ကျောင်းဆရာ။ ပြောထားရက်နဲ့မှ ငါးပါးသီလတို့၊ ယဉ်ကျေးလိမ္မာတို့ ဆက်သင်ပြီး ကျုပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ခဲ့ရင် ကျုပ်တို့စီးပွားရေး၊ လွတ်လပ်ရေးကို ဆန့်ကျင်ခဲ့ရင် ... ဟင်း ဟင်း ဟင်း ဟင်း ... သဘောပေါက်ပါ ... ကျောင်းဆရာ။ လိမ္မာစမ်းပါ ... ငါ့လူရာ နော ... ဟင်း ဟင်း ဟင်း''

ပေါက်ကျိုင်းက ကျွန်တော့်ပခုံးကို သုံးလေးချက်ပုတ်ပြီး ကျောင်းဝိုင်းထဲကနေ ထွက်သွားတယ်။ တော်တော်ဒုံးဝေးတဲ့ လူတွေပါလား။ ဒုစရိုက်ကို ရွှေဘောင်ကွပ်နေတဲ့ လူတွေပါလား။ မိုက်ကြေးခွဲ၊ ဓားပြတိုက်၊ လူသတ်၊ မူးရူး၊ တစ်ရွာလုံးနီးပါး ကမ်းကုန်အောင် မိုက်မဲကြပါကလား။

ဒီစာသင်သားကလေးတွေကို အရွယ်ရောက်လာရင် သူတို့လို လူဆိုး၊ လူမိုက်၊ ဓားပြ၊ သူခိုး၊ မိန်းမရှင်၊ မိန်းမပျက်တွေဖြစ်အောင် အရောင်ဆိုးပေးတော့မှာပါလား။

ဟူး ... ဘယ်လိုလုပ်ရပါ့မလဲ။

ကလေးတွေကို သူတို့လို အကုသိုလ် ဒုစရိုက်သမားတွေမဖြစ်စေချင်။ သူတို့ထဲမှာ အခေါင်အချုပ်က စက်လှေပေါ်က ဆရာကြီး။ မဟုတ်မှလွဲရော ... မရွှေတစ်ဆုပ်ရဲ့လင်၊ ဓားပြဗိုလ် မဲလုံးကြီးပဲဖြစ်မှာ။ သူကြီးလည်း အားကိုးလို့ရမှာမဟုတ်ဘူး။ သူကြီးကိုယ်တိုင်က မယားနှစ်ယောက်နဲ့ မူးယစ်သောက်စားပို့ဆွမ်းစားနေတာရယ်။

မရွှေတစ်ဆုပ်ကို ပြန်တောင်းပန်ပြီး ...

သူ့လင် ဗိုလ်မဲလုံးကြီးကို ပြောခိုင်းရင် ရနိုင်မလား။

ဒီရွာက ကလေးတွေကို စာစုံသင်ချင်တယ်ဗျာ။ ဘာသာရေးအသိနဲ့ လိမ္မာယဉ်ကျေးစေချင်တယ်ဗျာ။ ဒီကိစ္စ သင်ကြားခွင့် ပြုပေးနိုင်ဖို့ မရွှေတစ်ဆုပ်ကို အောက်ကျို့တောင်းပန် မေတ္တာရပ်ပြီး ... အစ်မရယ် ... ဆရာကြီးကို ဒါလေးတော့ ခွင့်ပြုဖို့ ပြောပေးပါလို့ ဆိုရင်ကော ...

ဖြစ်နိုင်စရာ အကြောင်းရှိတယ်။

ဒါပေမဲ့ ကိုယ့်ဘဝကို ထိုးကျွေးရတဲ့ နေ့တစ်နေ့လည်း အခန့်မသင့်ရင် ရောက်လာချင်ရောက်လာနိုင်တယ်။ ဘယ်လိုလုပ်ရပါ့။ မထိုးကျွေးလိုက်ရင် ...

ဒီလိုနဲ့ နောက်တစ်နေ့ ကျောင်းစာသင်ချိန် ရောက်လာခဲ့တယ်။

ကလေးတွေက ဦးစွာ ဘုရားရှိခိုးကြတယ်။ ဘုရားရှိခိုးစာတွေကို ရွတ်ဆိုကန်တော့ပြီးနောက် ဆရာဖြစ်သူ ကျွန်တော့်ကိုလည်း ကန်တော့ကြတယ်။ အရပ်ဆယ်မျက်နှာကိုလည်း မေတ္တာပို့ ရွတ်ကြတယ်။





ဘကြီးတောကျော်ကတော့ ပြောတယ်ဗျ။

ဆရာလေးရောက်လာမှ ဒီကျောင်းလေးက ဘုရားရှိခိုးတဲ့အသံ၊ ကဗျာရွတ်တဲ့အသံ ကြားရတော့တယ်တဲ့။ ဆရာလေး ... ဒီရွာမှာ ရှိနေသရွေ့တော့ လူလိမ္မာ၊ လူယဉ်ကျေးဦးရေ တဖြည်းဖြည်း တိုးလာမှာ သေချာတယ် ... ဆရာလေး ... တဲ့။

ဟူး ... မလွယ်တဲ့ ရွာပါလား။

လူကောင်းက လက်ချိုးရေလို့ရပြီး ဒုစရိုက်သမား လူကြမ်းလူရမ်းကားတွေက အရေအတွက်များများ။

''သားတို့၊ သမီးတို့ ... မနေ့က သင်ပေးလိုက်တဲ့ ငါးပါးသီလ အလွတ်ရကြပြီလား''

''ရပါပြီ ဆရာ''

''အလွတ်ရရင် ... အားလုံး ဆိုကြည့်ပါ''

''ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''

''အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''

''ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''

''မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''

''သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''

''သာဓု ... သာဓု ... သာဓု ...''

''ကောင်းသဟေ့ ... ကောင်းမှကောင်းပဲဟေ့။ ဒါမှ ... ဒါမှ ... ငါ့လူကွ ငါ့လူကွ ... ငါ့လူကွ ... ဟေ ဟေ ဟေ့ ...''

''အမလေး ... အရူးကြီး ... အရူးကြီး ...''

''ဆရာ ... ဆရာ ... ဟိုမှာ အရူး အရူးကြီး''

''ကြောက်တယ် ... ကြောက်တယ်ဗျ ... ဟီး''

ကလေးတွေနဲ့အတူ သာဓုခေါ်လို့လည်းပြီးရော စာသင်ကျောင်းပြတင်းပေါက်ဝကနေ ခေါင်းဖော်ပြီး အော်ပြောလိုက်တဲ့ လူကြီးတစ်ယောက်။

ဆံပင် ဖွိုရိုးဖားလျား၊ နှုတ်ခမ်းမွေးကုပ်ကုပ်နဲ့ မျက်နှာကြီးဗျာ။ ပါးစပ်ကနေ ကွမ်းတံတွေးတွေ စီးကျနေပုံဟာ ပါးစပ်ထဲကနေ သွေးတွေ စီးကျနေသလိုပဲ။ ဆံပင်တွေက သူ့မျက်နှာပေါ် အချို့အဝက်ဖုံးလို့။

ကျွန်တော် သူရှိတဲ့ ပြတင်းပေါက်ဝကို ပြေးသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား ... ဘယ်သူတုံး''

''ကောင်းတယ် ... ကောင်းတယ် ... ကောင်းသဟေ့ ... ကောင်းမှ ကောင်းကွာ ... သောက်ကျိုးနည်းကောင်းကွ ... ဟေ ဟေ ဟေ ... ဟိ ဟိ ဟိ ...''

စိတ်မနှံ့တဲ့လူကြီးနဲ့တူပါရဲ့။ ကောင်းတယ်လို့ အော်အော်ပြောပြီး ဝမ်းသာ အားရ ရယ်ပါရော။ ရယ်ပြောပြီးရော ကျောင်းရှေ့ကိုထွက်သွားပြီး သီချင်းဆိုလို့ ကနေပါရောဗျာ။ အညာဖျင်ကြမ်းတိုက်ပုံ ညစ်ပေကြီးကို ရင်ဖွင့်ဝတ်ထား တယ်ဗျ။

အောက်ခံစွပ်ကျယ်အကျႌက လက်သီးဆုပ်ခန့် အပေါက်တွေနဲ့။ ယောဂီ ရောင်လွယ်အိတ်ကြီး ပခုံးမှာလွယ်ပြီး ထီးစုတ်ကြီးဖွင့်လှည့်ကစား ကနေတာဗျာ။

''ကောင်းလိုက်တာ ... ကောင်းလိုက်တာ ဆိုနေမှ ...

အဟုတ်ကို ကောင်းလိုက်တာ ... ပတ်ဗေတို့ဂျီ ...''

ရွာထဲက လူတွေလည်း အရူးကြီးကို ထွက်ကြည့်ကြရဲ့။ ငမူးတွေရော၊ ဘိန်းစားတွေရော၊ မိန်းမအာကျယ်တွေရော ပြေးလာဝိုင်းလာ ကြည့်ကြ၊ အားပေး ကြ၊ ပြောကြ။

''ဟဲ့ ... ဒီအရူးကြီးက ဘယ်ကတုံးဟဲ့''

''အလို ... ကလိုက်တာ ကွေးနေတာပဲဟေ့။ ဇာတ်ရှုး၊ မင်းသားရူး များလားဟဲ့''

အရူးကြီးက ထူးခြားတဲ့ သီချင်းတစ်ပုဒ်ကို ဆိုပြီး ကရော ...

''ဘုရားလေး ခပ်ငယ်ငယ် ×××

ကိုးတောင်ပြည့်တည်မယ် လေ့လေ့ ×××

ဘုရားလေး ခပ်ငယ်ငယ် ×××ကယ်ဆယ်မဖျဲ့ဘုရား ×××

ဓာတ်ကောလီ ×××ဓာတ်ကောလီ ×××ဓာတ်ကောလီ ×××

သုံးကြိမ်ကူးတော့ ×××ဖူးကြအများတဲ့ ခင်ဗျား ×××

တို့ပေတို့ ×××တို့ပေတို့ ×××တပ် တပ် တပ် ×××ဂျိ ဂျိ ×××''

''အက,ကတော့ အကကောင်းဟေ့ ဖိုးစိန်ကြီးနဲ့ နှင်လား ငါလားဟဲ့''

''အိမ်ခေါ်သွားပါလား ... ရွှေမိ''

''နှင့်အိမ်ခေါ်သွားပါလားဟဲ့ ... မိဖေရဲ့ ... ဟင်း''

''ကြီးတယ်အေ့ ...''





''ဘာကြီးတာတုံး အေ''

''အသက် ...''

''ဝါး ... ဟား ဟား ဟား ဟား ... တော်သေးရဲ့ဟဲ့''

အရက်သမားတွေက အရူးကြီးကို မြှောက်ပေးကြတယ်ဗျာ။

''သရဲလေး ... အောင်စိန်လားဗျာ ... အေ့ ဧ့''

''ဟုတ်ပ ... ရွာစားရေ''

''ဗျို့ ... အရူးကြီး သီချင်းကောင်းကောင်း လုပ်ပါဗျ''

''နားထောင်ကြမယ်လား ... ငဲ့ ငဲ့ ငဲ့''

''နားဆင်ချင်ပါ့ ... ကိုယ်တော် အရူးရေ''

''ဒါကြောင့်လေ ... ရွှေမေတ္တာပို့ကြထာဝစဉ်''

''သားရေလူလေး သရဲကြီးအောင်စိန်ရေ .. ချိုချိုဆာရင် ရွှေမိနို့ကိုစို့''

''ဝါး ဟား ဟား ဟား ... ပျစ်တယ်ဗျို့''

''ဟဲ့ ... မြွေပွေး အကောင်တဲစ်ရာကိုက် သွားခေါ်ရဲ့။ နှင့်နှမ ... ကိုဒင်းကို စို့နိုင်းပါလားဟဲ့''

အရူးတစ်ယောက် ရွာထဲရောက်လာတယ်။ ရွာက အော်ကြောလန်တွေ နဲ့တွေ့တော့ အရူးရော၊ ငမူးရော ချာလပတ်လည်နေကြပါရော။

''ရွှေမေတ္တာ ပို့ကြထာဝစဉ်××× အကျိုးကတော့ ဆယ့်တစ်ပါးတဲ့ဗျ ×× အပျိုကြီးတွေ လင်မရလို့ ×××လန်ဒန်မြေပဲယို ×××ဟေ့ ဟေ့ ×××''

''ဟာ ... အရူးဆိုတဲ့အတိုင်းပါပဲကွာ၊ သီချင်းက ဟိုရောက်ဒီရောက် ပင်းနှမ ... ဟို ... ဟို ...''

''ဟေ့ကောင် ... ငဆယ်၊ ငါ့နှမရဲ့ ... ဘာတုံး .. အဆုံးသတ်နော်''

''အဲ .. အဲ .. ဟိုရောက်ဒီရောက် မင်းနှမ အငယ်ဆုံးတစ်ယောက်''

''ငါတို့လည်း ယူမယ်ကွ ... ဝေး ဝေး ဟေး ဟေး''

ဒီအချိန်မှာပဲ ကိုပေါက်ကျိုင်းတို့လူစု ဒယီးဒယိုင်နဲ့ ရောက်လာကြပြီး–

''ဟေ့ ... ဘယ်သူတွေ ဆူညံနေတာတုံးကွ ဟေ''

အားလုံး အသံတွေ တိတ်သွားပေမင့် အရူးကြီးက မတိတ်ဘူး။

''ရွှေမေတ္တာ ပို့ကြထာဝစဉ် ×××အကျိုး ×××ကျိုး ×××''

''ဟေ့ကောင် ... ငဆယ် ... သူက ဘယ်သူတုံး''



www.burmeseclassic.com

www.burmeseclassic.com



''အရှုးကြီးပါ ... အစ်ကိုပေါက်ကျိုင်း ... စာသင်ကျောင်းထဲ ဝင်လာပြီး ဆို,က နေတဲ့ အရူးတဲ့''

''အရူး ...''

''ဟုတ်ကဲ့ ... အစ်ကို''

''ဟေ့ ... အရူး ဒီကိုလာစမ်း လာလေ ... တယ်''

အရူးကြီးတော့ ဒုက္ခရောက်တော့မှာပဲဗျာ။ ကျွန်တော်လည်း ကျောင်းသားတွေကို ကိုယ့်အိမ် ကိုယ်ပြန်ကြလို့ ပြောပြီး ကျောင်းဆင်းပေးလိုက်တယ်။ ကိုပေါက်ကျိုင်းတို့က ဖျင်ကြမ်းတိုက်ပုံနဲ့ အရူးကြီးကို လူအုပ်ရှေ့ကနေ ဆွဲဆောင့်ခေါ်သွားကြတယ်ဗျ။

အရူးကြီးဟာ ယက်ကန်ယက်ကန် ပါသွားတဲ့ကြားက ကျွန်တော့်ဘက်ကို လှည့်အော်လိုက်သေးသဗျ။

''ကောင်းတယ် .. အရမ်းကောင်းတယ် .. အဟုတ်ကိုကောင်းပါ့ကွာ။ ဟေ့ကောင် ... ဟေ့ကောင် ... သောက်ရမ်းကိုကောင်းတာကွ ... အဟေ့''

✿ ✿ ✿

| ၉ |

❑

အရူးကြီး ရောက်လာတဲ့နေ့ ညဘက်မှာပဲ ကျွန်တော်စာသင်တဲ့ မူလတန်းကျောင်းကလေး မီးလောင်ပါရောဗျာ။ ဒီအရူးကြီးက ကံဆိုးမှုတွေကို သယ်ဆောင်လာတာလား၊ ကျွန်တော်ကပဲ ဘဝကံ ခေလွန်းလို့လားမသိ။ မီးလောင်တဲ့အချိန်တုန်းက ကျောင်းမှာ ကျွန်တော်မရှိဘူး။ ဘကြီးတောကျော်အိမ်ကို ရောက်နေတာ။ ကျောင်းမှာ ဗုဒ္ဓဘာသာ ဘာသာရပ် မသင်ရဘူးလို့ အစ်ကိုပေါက်ကျိုင်းတို့က သတိပေးထားတဲ့အကြောင်း ရှင်းပြပြီး ဒီဘာသာရပ်ကို ကျောင်းမှာ ဆက်သင်လို့ရအောင် လုပ်လို့ရတဲ့နည်းလမ်း တိုင်ပင်နေတုန်း ရှိသေးတယ်။





''ကျောင်းဆရာ ... ကျောင်းဆရာ ... ခင်ဗျား စာသင်ကျောင်း ... မီးလောင်နေပြီ ... မြန်မြန်လာပါဗျ''

လှေသမားဦးကြီးက ကျောင်းမီးလောင်နေတယ်၊ အမြန်လာပါလို့ ပြောလို့ ကျွန်တော်ရော၊ ဘကြီးတောကျော်ရော ကျောင်းရှိရာ ပြေးလာတော့ ထရံကာ၊ ဓနိမိုး မူလတန်းကျောင်းလေး မီးဟုန်းဟုန်း တောက်လောင်နေပြီ။

ရွာထဲကလူတွေ တစ်ယောက်မှ ထွက်မလာကြဘူးဗျာ။

ကျောင်းရှေ့မှာတော့ ကျွန်တော့်တပည့် ကျောင်းသားလေးတွေ မီးဟုန်းဟုန်းလောင်နေတဲ့ စာသင်ကျောင်းကို ကြည့်ပြီး ရှိုက်ကြီးတငင် ငိုနေကြလေရဲ့။ ကျွန်တော့်ကိုမြင်တော့ ... 'ဆရာလေး ... ကျွန်တော်တို့ကျောင်း မီးလောင်သွားပြီဗျ' လို့ပြောရင်း ငိုကြပါရော။ ကျွန်တော်တို့၊ ဦးတောကျော်တို့လည်း အုန်းလက်တွေခုတ်ပြီး မီးစွဲတဲ့နေရာကို အုန်းလက်တွေနဲ့ ရိုက်ကြပေမင့် တစ်ခဏအတွင်းမှာပဲ မူလတန်းကျောင်းလေးရော၊ ကျွန်တော်နေတဲ့ ကျောင်းနောက်က ဆရာနေအိမ်လေးပါ လုံးဝ ပြာကျသွားလေရဲ့။

ကျောင်းမီးလောင်နေလို့ ရွာသူကြီးဦးရေခဲကို သွားပြေးခေါ်ကြတော့ သူကြီးက အမူးလွန်ပြီး မထနိုင်ဘူးတဲ့။

ကိုပေါက်ကျိုင်းတို့၊ ကိုဝေသာလီတို့ ဘယ်ရောက်နေကြလဲဗျာ။ ရွာထဲကလူတွေ ဘာလို့ မီးလာမငြိမ်းကြတာလဲ။ ယောက်ျားသားတွေ ဘယ်မှာလဲဗျ။

သူတို့ ရွာဖျားက အရက်ဆိုင်မှာ မူးပြီး ကခုန်နေကြသတဲ့။

မိုးလင်းတော့ ပြာပုံကိုပဲ တွေ့ရတော့တယ်။

တပည့်လေးတွေ မျက်ရည်စို့ရွှဲ တဝဲဝဲနဲ့။

''ကျွန်တော်တို့ ဘယ်နေရာမှာ စာသင်ရမှာလဲ ဟင်''

''ဆရာ စာသင်လို့ရအောင် ကြိုးစားပါ့မယ် ... သားတို့ရယ်။ ဆရာ လတ်တလော စာသင်လို့ရမယ့်နေရာ ရှာလိုက်ဦးမယ်။ သားတို့အိမ်ပြန်ကြတော့''

သူတို့ ခါတိုင်းလို လွယ်အိတ်လေးတွေနဲ့ လာကြတာပါဗျာ။ ခုတော့ လွယ်အိတ်လေးတွေ ပိုက်ပြီး မျက်ရည်စက်လက်နဲ့ အိမ်ပြန်ကြပြီပေါ့။

တပည့်တို့ရယ် ... ဆရာလည်း ငိုနေပါတယ် ... သားတို့။

မပြန်သေးတဲ့ တပည့်လေးတွေ မီးလောင်ထားတဲ့ပြာတွေ ဝိုင်းကြုံးကြလို့ သူတို့ကို မလုပ်ပါနဲ့သားတို့ရယ်၊ သားတို့ နှာခေါင်းနဲ့ပါးစပ်ထဲ ပြာမှုန့်တွေဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောဂါ ရနေပါ့မယ်၊ အိမ်ကို ပြန်ကြ၊ စာကျက်ကြလို့ပြောပြီး ပြန်နိုင်းတော့ စိတ်မကောင်းတဲ့ မျက်နှာလေးတွေနဲ့ ပြန်သွားကြတယ်ဗျာ။

ကျွန်တော် ပြာပုံကိုရှင်းနေတုန်းမှာပဲ ဘကြီးတောကျော်ရယ်၊ ဦးတာတေ၊ လှေသမားကြီးနဲ့ တောင်ယာစိုက်တဲ့ ဦးကြိုးထုံးတို့ ရောက်လာကြပြီး ပြာပုံတွေကို ဝိုင်းကူရှင်းကြတယ်။ ချွေးတလုံးလုံးနဲ့ ရှင်းနေတုန်းမှာပဲ စကားပြောသံ ကြားလိုက်ရတယ်။

''ဟော့ကောင်လေး ‥ ဗီးနစ်ငှက်ဆိုတာ မီးလောင်ပြင်ထဲကနေ ထပျံတဲ့ ငှက်ကွ ‥‥ ဟား ဟား ဟား ဟား ‥‥ ကောင်းတယ် ‥‥ အရမ်းကောင်းတယ်။ သောက်ကျိုးနည်းကောင်းပါ့ကွာ။ ဟော့ ဟော့ ‥‥ ဟေး ဟား ဟား ဟား ဟား မီးပြီးရင် ရေလာလိမ့်မယ်။ ရေလာရင် လေပါ အဖော်ပါလိမ့်မယ်။ မပူပါနဲ့ကွာ ‥ ကပ်ဆေးတော့မယ်ကွ၊ ကပ်ဆေးတော့မယ် ‥‥ ဟား ဟား ဟား ဟား ဟား''

ရုတ်တရက်ဝင်လာတဲ့ အရူးအဘိုးကြီးက ကျွန်တော်တို့ကိုကြည့်ပြီး အားရပါးရ ရယ်နေတာကိုး။

''ဘကြီးတော''

''ဘာလဲ ‥‥ ကျောင်းဆရာ''

''ဒီအရူးကြီးက အရင်ကတည်းက ရှိတာလား''

''ရွာမှာ ဒီလိုယောကျ်ားအရူးမရှိဘူး ဆရာလေး။ မိန်းမအရူးတစ်ယောက်တော့ ရှိတယ်။ ဒေါ်ကြာပွင့်တဲ့။ ကြာပွင့်လည်း အရူးဘဝနဲ့ ရွာကနေ ထွက်သွား ပျောက်သွားတာ သုံးနှစ်ရှိပြီ ‥‥ ဆရာလေး။ ဒီယောကျ်ားအရူးကတော့ ခုမှ ရောက်လာတဲ့ အရူးအသစ်ပဲဗျ''

''ကောင်းတယ် ‥‥ အရမ်းကောင်းတယ် ‥‥ သောက်ကျိုးနည်းကောင်းပကွာ ‥‥ ဟေ ဟေ ဟော့။ မီးပြီးရင် ‥‥ ရေလာမယ်ကွ။ ရေနဲ့အတူ လေက အဖော်ပါမယ်။ ကပ်ဆေးတော့မယ်ဟေ့ ‥‥ ကပ်ဆေးတော့မယ် ‥‥ တူနယ်ပုတိမ်ဗျောင် ‥‥''

အရူးကြီးက မီးလောင်ပြာပုံကို ပတ်ပြေးပြီး ရေလာမယ်၊ လေလာမယ်၊ ကပ်ဆေးတော့မယ်ဆိုတဲ့ စကားကို ထပ်ကာတလဲလဲ ပြောနေတယ်။

''ဖျို့ ‥‥ ဘကြီး ‥‥ မောမယ်ဗျ ‥‥ ရပ်ပါတော့''

''မီးပြီးရင် ရေလာမယ် ‥‥''





''ဖျို့ ‥‥ ဘကြီး၊ ရေလာလာ မလာလာ ရပ်ပြီးနားပါ ‥‥ ထိုင်ပါ။ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်းလေး စားလိုက်ပါဗျာ''

''ဘယ်သူ့ပြောတာလဲကွ ဟေ ‥‥ ဟေ''

''ဘကြီးကို ပြောတာ ‥‥ မ ‥‥ မပြေးပါနဲ့။ ဝါးစတွေ ထိုးမိမှာစိုးလို့ ပြောတာပါ။ ရပ်ပါတော့''

''နောက်ထပ် ငါးခေါက်ပြေးပြီးရင် ရပ်မယ်ကွ ‥‥။ ဟော့ ‥‥ ဟော့။ ကောင်းသူကို ကယ်တင်မယ်၊ မကောင်းသူကို ဖယ်ရှားမယ်တဲ့ ‥‥ ဒေသနာတရား ‥‥ ဟား ဟား ဟား ‥‥''

သီချင်းဆိုလိုက် ‥‥ ပြေးလိုက်နဲ့ဗျာ။ ဒီမှာ ဘကြီးတောကျော်က ‥‥

''ဆရာလေး ‥‥''

''ဟုတ်ကဲ့ ‥‥ ဘကြီး''

''အရူး ပြောနေဆိုနေတာက နည်းနည်းထူးတယ် ‥‥ ဆရာလေး''

''ဘယ်လိုထူးတာတုံး ‥‥ ဘကြီးတော''

''ရှေးစကားရှိတယ် ‥‥ ဆရာလေး။ အရူးစကား၊ ကလေးစကား၊ သဘင်သည်စကားတဲ့။ ဒီသုံးဦးပြောတဲ့ စကားတွေသည် ရှေ့မှာဖြစ်လာမယ့် အကောင်းအဆိုးကို ကြိုပြောတဲ့ နိမိတ်စကားဖြစ်တယ်လို့ ဆိုကြတယ် ‥‥ ဆရာလေး။ ဒီအရူးကြီး ပြောနေတဲ့စကားကို သတိထားမိလား ‥‥ ဆရာလေး''

''သတိမထားမိဘူး ဘကြီးတော။ အရူးပြောချင်တာ ပြော''

''ဟုတ်ပါတယ် ‥‥ အရူးဆိုတာ တွေ့ကရာပြောတာပါ။ သို့သော် သူပြောနေတဲ့စကားတွေထဲမှာ မီးပြီးရင် ရေလာမယ်၊ ရေပြီးရင် လေက အဖော်ပါလာမယ်တဲ့ ‥‥

''အဲဒီတော့ ‥‥''

''ရှေ့ပြေးနိမိတ်များလားလို့ပါ။ ပြီးတော့ ပြောသေးတယ်။ ကပ်ဆေးတော့မယ်တဲ့''

''အရူးစကားပဲ ‥‥ ဘကြီးရာ''

''အရူးစကားမို့ စဉ်းစားရတာပေါ့ ဆရာလေး။ ဖမ္ဗူဒီပါလက်ျာတောင်ကျွန်းပြဲဘာနိမိတ်ထွန်းဆိုသကိုး ‥‥ ဆရာလေးရဲ့၊ ရှေ့ဘာများဖြစ်ဦးမလဲ မသိဘူး။ ဟသင်ကျောင်းကလေးကတော့ မီးလောင်ပြာကျသွားပြီ''

''ဘကြီး ‥‥ အဲဒါ ရှို့မီးလား၊ ရိုးရိုးမီးလား''



www.burmeseclassic.com

www.burmeseclassic.com



“ရှိးရှိးမီးလို့ဆိုရအောင် ဆရာလေးက စာသင်ကျောင်းထဲမှာ ချက်ပြုတ်စားပြီး မီးကြွင်းမီးကျန် ထားခဲ့လို့လား”

“ကျွန်တော် ချက်မစားပါဘူး ... ဘကြီးရာ”

“ဒါဆို ဘာကြောင့် မီးလောင်တာလဲ”

ဒီမှာ လှေသမားကြီးက ...

“ကိုတောကျော် ... ကျုပ် ရွာထဲမှာ ပြောနေတာ ကြားတယ်”

“ဘာပြောနေကြလို့တုံး ... ကိုဒီလုံး ... ပြောပါဦး”

“ကျုပ်တို့ရွာ စာသင်ကျောင်းကို ဒီအရူးကြီးမီးရှို့တာလို့ ပြောနေကြတယ်ဗျ”

“ဘယ်သူက ပြောတာတုံး”

“အရက်ဝိုင်းကနေ စပြောကြရင်း ကျယ်လာတာပဲဗျ”

“ဖြစ်နိုင်ပါ့မလား ... ဦးကြီးတို့ရာ”

“မနေ့တုန်းကတော့ ဒီအရူးကြီးကို ပေါက်ကျိုင်းတို့ ကျောင်းရှေ့ကနေ ကုပ်ဆွဲခေါ်သွားတာ ဆရာလေးအမြင်ပဲလေ။ ဒီကောင်တွေ အရူးကို ဘာလုပ်ကြသလဲမသိ။ အရူးကို တစ်ခုခုလုပ်ကြလို့ အရူးက မကျေနပ်ဘဲ ရှို့တာလား၊ ဒါမှမဟုတ် အရူးက စိတ်မထင်ဘဲ ရှို့တာလား ... စဉ်းစားရမှာပဲဗျ”

“တရားခံပေါ်ရင် ဘာလုပ်မတုံး”

“အရူးကြီးဖြစ်နေရင်လည်း ခက်သားဗျာ”

“အရူးမဟုတ်ဘဲ အခြားလူဆိုရင်ရော”

“သူကြီးသဘောပေါ့ ဆရာလေးရာ။ ကိုင်း ... ဟို အရူးကြီးကို လှမ်းခေါ်ပြီး မေးမြန်းကြည့်ပါလား ဆရာလေး”

ကျွန်တော် အရူးအဘိုးကြီးကို မေတ္တာရပ်ပြီး သစ်ပင်အောက် ရေနွေးကြမ်းဝိုင်းကို ဆွဲခေါ်လာလိုက်တယ်။

“ထိုင်ပါ ဘကြီး၊ ကောက်ညှင်းပေါင်း စားပါခင်ဗျ”

“ကောက်ညှင်းပေါင်း ... ဟတ်လား ... အဟေ့”

“ဟုတ်ပါတယ် ... ထိုင်ပါ ... စားပါ”

“ကောက်ညှင်းပေါင်းပူ၊ မိန်းမအလံထူတဲ့ဟေ့။ ကောက်ညှင်းပေါင်းနဲ့ နှမ်းနဲ့ပေါင်း မိန်းမပူစီဖောင်းတဲ့ ... ဟား ဟား ဟား ... စားမယ်နော်”

“စားပါ စားပါ”





“နည်းလိုက်တာကွာ”

သံဇလုံအမောက် ကောက်ညှင်းပေါင်းကို ကြည့်ပြီး နည်းလိုက်တာတဲ့ဗျာ။ လူကြီးလေးယောက်စားရင်တောင် ပိုဦးမှာပါ။

“အ ... အကုန်စားလို့ ... ရ ... ရမလားဟင် ဟင်”

“ဗျာ ... အကုန်စားချင်တယ်”

“အင်း အင်း အင်း”

“ဒီကောက်ညှင်းပေါင်း တစ်ဇလုံအကုန်စားရင် ဘကြီး သေသွားမှာပေါ့ဗျ”

“သေချင်သေ စားချင်တယ်ကွ ... အဟေ ဟေ့”

ဒီမှာ လှေသမားကြီးက ...

“အကုန်စားနိုင်မှာလား”

“အင်း ...”

“မကုန်ရင် ဘာလုပ်ရမလဲ ... ပြော”

“မကုန်ရင် ... ဟတ်လား ... မကုန်ရင် ... မကုန်ရင် ... ဇလုံဖင်ကို လျှက်ပါ့မယ်ဗျ။ ကျွန်တော့်သား ကဖိုးစိန် ... ပုလိန် ...”

အရေးထဲ နဘေနဲ့ က,မလို လုပ်နေလို့ ...

“ကိုင်း ... စား စား ဘကြီးစား။ မကုန်နိုင်ပါဘူးဗျာ စားစမ်းပါစေ”

“ဟေ ဟေ ဟေ ... ကြိတ်စမ်း ... ယောက်ျား”

ဖျင်ကြမ်းတိုက်ပုံရင်ကွဲဝတ်ပြီး လွှယ်အိတ်ဖောင်းကားကြီး စလွယ်သိုင်းထားတဲ့ အရူးကြီးဗျာ။ ကောက်ညှင်းပေါင်းကို ညစ်ပေနေတဲ့ လက်ကြမ်းကြီးနဲ့ ဆုပ်ဆုပ်ပြီး စားလိုက်၊ ရေနွေးကြမ်းသောက်လိုက်၊ အော့ ... အော့နဲ့ လေတက်လိုက်။ သူ့ဝမ်းဗိုက်ကို လှုပ်လိုက်၊ နှဲလိုက်။ လည်ဇလုတ်ကို လက်နဲ့ကုပ်ချလိုက်နဲ့ စားလိုက်တာ ကောက်ညှင်းပေါင်းတစ်ဇလုံ ပြောင်ပါရောဗျာ။

“သောက်ကျိုးနည်း အရူးပါကွာ ဟင်”

“ထမင်းများဆို ဘယ်လိုစားမလဲမသိဘူး ဟေ့”

“ဆွေမျိုးမတော်တာ ကံကောင်းပဲကွ”

လူကြီးက ဇလုံထဲက အကျန်တွေကို လက်ညှိုးနဲ့သပ်ပြီး စားလိုက်တယ်။ မကုန်နိုင်ရင် ဇလုံဖင်ကို လျှက်ပါ့မယ်ဗျဆိုတာ ဟုတ်နေတာပဲ။

“ရှိ ... ရှိ ... သေး လား လား ဟင် ဟင်”



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ ... မဝသေးဘူး ဟုတ်လား''

''တစ်ပြည်ချက်ကတော့ အဆာပြေပဲ ... ဟေ ဟေ့''

''မြတ်စွာဘုရား''

လူကြီးကို ကျွန်တော် ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့ပေးလိုက်ပြီး ...

''စားလို့ကောင်းလား ... ဘကြီး''

''အားကြီးကောင်း၊ အများကြီးကောင်း၊ သောက်ရမ်းကောင်း''

''ဒါနဲ့ ဘကြီးက ဘယ်အရပ်သားလဲ ဟင်''

''ခုရောက်နေတဲ့ အရပ်သားပေါ့ကွ ... အဟေ့ ဟေ့''

''နာမည်ကရော ဘယ်လိုခေါ်ပါတုံး ဘကြီး''

''နာမည် ...''

''ဟုတ်ကဲ့ ခင်ဗျ''

''ကောက်ညှင်းပေါင်းတဲ့ဗျာ ... အဟတ် ဟတ်''

''ဆရာလေးရေ .. ကျုပ်တို့ပါရှုံးနိုင်တာဗျ .. ဟား ဟား ဟား ဟား''

ဘကြီးတောကျော်က ပြောပြီး ရယ်တယ်။

''ဘကြီးအသက်ရော''

''အသက် ... အင်း ... (၁၉၆) နှစ် နှစ်ရက်ရှော့''

''ကျုပ်တို့ ရှုံးမယ်နော် ... ဆရာလေး''

''ဘကြီးကို မနေ့တုန်းက လူလေးငါးယောက် ဆွဲခေါ်သွားပြီး ဘကြီးကို ဘာလုပ်ကြတုံး''

''မိန်းမပေးစားမလို့တဲ့ ... အဟေ့ ဟေ့ ဟေ့''

''ဘကြီးကို သူတို့ ရိုက်ကြလား''

''ငါက ငယ်မှကြိုက်တယ်လို့ ... အဟတ်''

''ဘကြီး အခု ဘယ်မှာအိပ်လဲဟင်''

''သစ်ပင်ခွကြားမှာ အိပ်တာပေါ့၊ အေးနေတာပဲ။ အိမ်လခ မပေးရပေါင်။ နောက်နေ့ ငယ်ရည်းစား ခေါ်ခဲ့မယ်။ ငါ သွားမယ်ဟေ့။ ဒီမှာ မောင်မင်းကြီးသားတို့ရ ... ကိုးနဝင်း မိုးလင်းတော့မယ်ကွ။ ကြက်ဦးနှစ်ခါ တွန်နေပြီ သုံးခါတွန်ရင် အရုဏ်ကျင်းပြီး လေးသင်္ကြာဖ်ဝင်ရင် မိုးလင်းတော့မယ်တဲ့။ ဟေ့ ကိုးနဝင်းမိုးလင်းတော့မယ်ကွ ... မိုးလင်းတော့မယ်တဲ့။ လူမိုက်တွေနေခဲ့ ... လူလိမ္မာတွေ





အထုပ်ပြင်ပြီး လိုက်ခဲ့ကြ ... ဟား ဟား ဟား ဟား ဟား မီးပြီးရင် ရေလာမယ်၊ ရေလာရင် လေပါမယ်ကွ၊ အထုပ်ပြင်ကြဟေ့ ဟား ဟား ဟား ဟား ဟား''

အရူးကြီးက ထူးဆန်းတဲ့စကားတွေ ပြောဆိုပြီး ကခုန်လို့ ထွက်သွားပါရောဗျာ။ ဘာမှလည်း မေးလို့မရဘူး။ အေးလေ ... စိတ်မှုမမှန်တဲ့ စိတ်ရောဂါရှင် ဥစ္စာ။ ဘာမေးလို့ရမှာတုံးနော်။

✿ ✿ ✿

[ ၁၀ ]

❑

ကျွန်တော်လည်း စာသင်ကျောင်းလေး မဆောက်နိုင်ခင်မှာ ကလေးတွေ စာသင်မပျက်ရအောင် ရွာရှေ့ ညောင်ပင်အောက်မှာ ကောက်ရိုးတွေခင်းပြီး စာသင်ရတယ်။

ဘကြီးတောကျော်တို့၊ ဦးကြိုးထုံးနဲ့ ဘကြီးဒေါင်းတို့ကတော့ မူလတန်းကျောင်းလေး ပြန်ဆောက်နိုင်ဖို့ မရွှေတစ်ဆုပ်ကို အကူအညီတောင်းကြတယ်။ မရွှေတစ်ဆုပ်က ကျွန်တော်ထွက်သွားရင် ကျောင်းအသစ်ကို သူ တာဝန်ယူမယ်တဲ့။ ထူးဆန်းတဲ့စကားလည်း ပြောလိုက်တယ်တဲ့။

ဘယ်ကျောင်းဆရာပဲ ရောက်လာရောက်လာ ငါးပါးသီလတော့ မသင်နဲ့တဲ့။ ဘာလို့လဲ ရွှေတစ်ဆုပ်ကို မေးတော့၊ တစ်ရွာလုံး အရက်ချက်ရောင်းနေတာ အရက်ဆန့်ကျင်ရေးတို့၊ ဟိုဟာဒီဟာတို့ သင်ရင် ကိုမဲလုံးကြီးက မကျေနပ်ဘူးတဲ့။ ကျောင်းဆရာ သေမယ့်ရက်နီးလာပြီ၊ ခေါင်းကြိုဝယ်ထားလို့ ပြောလိုက်တဲ့ဗျာ။

တိုတိုပြောရရင် ကျောင်းသားတွေ ရှေ့ရေးတွေးပြီး ဗုဒ္ဓဘာသာသင်ခန်းစာကိုခေတ္တရပ်လို့ မြန်မာစာ၊ သင်္ချာ၊ ပထဝီ၊ ပြည်သူ့နီတိတွေပဲ သင်နေရတယ်ဗျာ။

ရွာထဲမှာလည်း ရှုတ်ရှုတ်သဲသဲ ဖြစ်နေတယ်။

အရူးကြီးက ကြေးစည်သေးသေးလေးရိုက်ပြီး ရွာရိုးကိုးပေါက် လျှောက်အော်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောင် ... နောင် ... နောင် ..."

"ကြက်ပြေးရွာသား ... ကြောက်ပြေးရွာသား သူတော်ကောင်းအပေါင်းတို့ ... မီးပြီးရင် ရေလာမယ်၊ ရေလာရင် လေပါမယ်။ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားကယ်မှာမို့ ရတနာသုံးပါး ယနေ့ကစ မမေ့ကြနဲ့ ... အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းတို့ ..."

"နောင် နောင် နောင်"

ဒီစကားကို ရွာထဲအနှံ့ ကြေးစည်လေးတီးပြီး လိုက်အော်နေတာ။ အိမ်ရှေ့တွေမှာ ရပ်ပြီး ပြောနေတာ။ အရက်ချက်တဲ့အိမ်တွေက အရူးကြီးကို အော်ငေါက်ထုတ်ကြတယ်။

အရက်သမားတွေကတော့ အရူးကြီးကိုခေါ်ပြီး က,နိုင်းကြတယ်။ ပြီး အရက်တိုက်တယ်။ အရူးကြီးက မသောက်ဘူး။ မသောက်ရကောင်းလားလို့ ဝိုင်းထိုးကြိတ်ကြသတဲ့။ အချို့က အိမ်ခွေးနဲ့ ရှူးတိုက်ပေးကြတယ်။

ကျွန်တော် ကြားသိရသလောက်ဆိုရင် ကိုပေါက်ကျိုင်းတို့က အရူးကြီးကို ခေါ်ပြီး မေးတယ်တဲ့။

"အရူးကြီး ခင်ဗျားက ဘာလဲ အရူးအစစ်လား"

"အဟေး ဟေး ဟေး"

"မင်းက ပုလိပ်အဖွဲ့က လွှတ်လိုက်တဲ့ သူလျှိုလား"

"ဟာဟ"

"မင်းမျက်နှာကို မနက်ဖြန် မမြင်ချင်ဘူး။ ဒီရွာကနေ ... ထွက်သွား။ မနက်ဖြန် ရွာထဲမှာတွေ့ရင် မင်း သေပြီသာမှတ်။ ခုချိန်ကစပြီး ပေါက်ရတွေ လျှောက်ပြောရင် နာဖို့ပြင်ထား ... သွား"

အရူးကြီးကျောကုန်းကို တင်းပုတ်နဲ့ လေးငါးချက်ထုပြီး မောင်းထုတ်လိုက်ကြတယ်။ အရူးကြီးရဲ့ ကြေးစည်လေးကိုလည်း ရေကန်ထဲ လွှင့်ပစ်လိုက်ကြတယ်တဲ့။

ဒီနေ့ နေ့ခင်းကစပြီး အရူးကြီးကို မတွေ့ရတော့ဘူးဗျာ။ သူရွတ်ဆိုနေတဲ့ စကားသံလည်း မကြားရဘူး။ ကျွန်တော် အရူးကြီးကို သနားလို့ လိုက်ရှာကြည့်ပေမင့် သူ့ကို မတွေ့ရတော့ဘူး။ အရူးကြီးက ပေါက်ကျိုင်းတို့ဒဏ်၊ အရက်ချက်ရောင်းတဲ့ လူတွေရဲ့ ကြိမ်းဝါးရိုက်ပုတ် ဆဲရေးသံကို ကြောက်ပြီး ထွက်ပြေးသွားပြီနဲ့ တူရဲ့။





ကြက်ပြေးရွာ၊ ကြောက်ပြေးရွာ ...

ခုတော့ ကြောက်ပြေးရွာလို့ ဘာကြောင့်ခေါ်တယ်ဆိုတာ သဘောပေါက်ခဲ့ရပါပြီဗျာ။

ရဟန်း၊ သံဃာလည်း မနေနိုင်။

သူတော်ကောင်းလည်း ညမအိပ်ရဲ၊

အရူးလည်း ကြောက်လို့ပြေး။

ကျောင်းဆရာမှန်သမျှလည်း ဘဝတွေ အဖျက်ဆီးခံရ။ လူကောင်းတွေလည်း ခေါင်းမဖော်ရဲ။ အမျိုးကောင်းသမီးလည်း စော်ကားခံရတဲ့ ကြောက်ပြေး။

ဘုရားစေတီမရှိ။

ဘုန်းကြီးကျောင်းမရှိ။

စာသင်ကျောင်း မီးရှို့တဲ့ လူမိုက်ရွာ။

ဓားပြ၊ သူခိုး၊ လူပေလူတေ၊ လူကြမ်း၊ အရက်သမား၊ အရက်ချက်တဲ့အိမ်၊ ဖဲသမား၊ ဘိန်းစားနဲ့ ပြည့်တန်ဆာတွေ ကြီးစိုးနေတဲ့ရွာ။

ဘုရားစကား မကြားချင်။

ကြေးစည်သံ မကြားချင်။ သာဓုမခေါ်ချင်။

အလှူမရှိ၊ စေတနာမရှိ။ မူးယစ်ဆဲရေး တိုင်းထွာကြတယ်။ ပလီသံ၊ မြူသံ ကြားရတဲ့အရပ်။ ပုဆိုးမရှိ၊ ထဘီမရှိအောင် နပန်းလုံးတဲ့ရွာ။

ကျွန်တော်လည်း ဒီပုံအတိုင်းဆို ဒီရွာက ပြေးရင်ပြေး၊ မပြေးရင် ဘဝပျောက်ချိန်တော့ နီးလာပြီထင်ရဲ့။

ဒီလိုနဲ့ မြို့ကပါလာတဲ့ စာအုပ်တစ်အုပ်ကို ဖယောင်းတိုင်မီးနဲ့ ဖတ်နေတုန်းမှာပဲ ...

"ကြားကြားသမျှ ... ကြောက်ပြေးရွာသား ... သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ ..."

အလို ... ဒါ ... ဟိုအရူးကြီးရဲ့ အသံပါလား။

သူ ဒီရွာက ထွက်မသွားသေးပါလားဟရို့။

"ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား ကျန်တဲ့ငါးမှ ဘုရားကယ်မယ်တဲ့။ ဒီညကစ ရတနာသုံးပါး ရှိခိုးကြ။ မကောင်းသူပယ်၊ ကောင်းသူကယ်မယ့်အချိန် နီးလာပြီကွယ့်။ ကပ်ဆေးဖို့အချိန် ကျောနောက်ရောက်နေပြီကွယ့်။ မီးပြီးရင် ရေလာမယ်၊ ရေလာရင် လေပါမယ်။ ဟိုအရှေ့ရွာက ကိုးတောင်



www.burmeseclassic.com

www.burmeseclassic.com



ပြည့် ကပ်ကျော်စေတီကို မိုးလင်းရင် အမြန်သွားဖူးကြဟဲ့။ ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တည်၊ ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား၊ ဓာတ်ကောလီသုံးဆယ် ကူးအောင်ကွယ် ဖူးကြအများတဲ့။ သာဓု သာဓု သာဓု ...နောင် ဝေ ဝေ ဝေ နောင် ဝေ ဝေ ဝေ''

အလို ...အရှူးလိုလူကြီး ပြောနေတဲ့စကားတွေက ထူးဆန်းလှချည်လား။ ကပ်ဆေးဖို့ အချိန်က ကျောနောက်ရောက်နေပြီတဲ့။ ဘာအဓိပ္ပာယ်ပါလိမ့်။ ဟိုးအရှေ့ရွာက ကိုးတောင်ပြည့် ကပ်ကျော်စေတီကို မိုးလင်းရင် အမြန်သွားဖူးကြတဲ့။

ရွာထဲမှာ လိုက်အော်ပြောပြီး ပါးစပ်ကြေးစည်ထုလို့ ...

''ဒိုင်း ...''

''အား ...''

''ဖောင်း ...''

''ဒိုင်း ...''

''ဘယ်ရောက်သွားလဲဟေ့ ..ရှာကြစမ်း''

''ထိသွားပုံပဲဗျ''

''တွေ့အောင်ရှာကြ၊ မသေသေးရင် သင်းကို တံစို့ထိုးပြီး အရက်နဲ့ မြည်းပစ်မယ် ...ရှာကြ''

ရွာလယ်ကနေ သေနတ်သံတွေ ကြားရတယ်။ ကြိမ်းဝါးမေးမြန်းသံနဲ့ အတူ ခွေးတွေ ထိုးဟောင်သံလည်း ဆူညံနေတယ်။

''ဝုတ် ဝုတ် ဝုတ် ဝုတ်''

''ဟေ့ ...ဒီခွေး ဟောင်လှချည်လား ...ကဲဟာ''

''ဒိုင်း ...''

သေနတ်သံနဲ့အတူ ခွေးတစ်ကောင် နာကျင်စွာအော်တဲ့အသံ ကြားရတယ်ဗျ။ ဟိုအရူးဘကြီးအသံလည်း ပျောက်သွားပြီ။ ရွာထဲမှာ ဘာတွေ ဖြစ်နေကြတာတုံး။

ခဏနေတော့ ကျောင်းဝိုင်းထဲကို လက်နှိပ်မီးရောင်တွေ ကျလာတယ်။ ကျွန်တော့်ရဲ့ ယာယီဝါးအိမ်တဲကို မီးရောင်တွေ ဝင်လာတယ်။

''ကျောင်းဆရာ ...ဟေ့ ကျောင်းဆရာ''

''ဘယ်သူလဲ ခင်ဗျ''





''တံခါးဖွင့်စမ်းကွာ ...မြန်မြန်ဖွင့်လေ။ သေချင်လို့လားဟေ့''

ကျွန်တော် တံခါးဖွင့်ပေးလိုက်ရော ကျွန်တော့်မျက်နှာပေါ်ကို လက်နှိပ်မီးရောင်ကျလာလို့ လက်နဲ့ ကွယ်လိုက်ရတယ်။

''အိမ်ထဲရော၊ အိမ်ပြင်ရော ရှာစမ်း''

''ဟုတ် ...''

ကျွန်တော့်ဝါးအိမ်လေးပေါ်ကို လူသုံးယောက် ခပ်ကြမ်းကြမ်း တက်ရှာကြတယ်။ စာအုပ် တွေကို လွှင့်ပစ်၊ အဝတ်အစားတွေ လွှင့်ပစ်ကြတယ်။

ရှေ့ကလူရဲ့အသံကို ကောက်ပြီး ကိုပေါက်ကျိုင်းဆိုတာ ကျွန်တော် သိတယ်။

''ကိုပေါက်ကျိုင်း ...ဒါ ...ဒါ ...ဘာလုပ်ကြတာလဲဗျာ ဟင်''

''ငါတို့ လူတစ်ယောက်ကို ရှာနေတာကွ။ မင်း အဲဒီလူကို ဝှက်ထားလား ...ကျောင်းဆရာ''

''ဝှက်ရအောင် ဘယ်သူမို့လို့တုံး ကိုပေါက်ကျိုင်းရာ ဟင်''

''ဟို ...အရူးကြီးကွ၊ သင်းက ငါတို့ရွာကို ပျက်စီးအောင်လုပ်ဖို့ ရောက်လာတာ။ မင်းအိမ်မှာ ရောက်နေတယ်မဟုတ်လား''

''မရှိပါဘူးဗျာ ...ကြိုက်သလို ရှာကြပါဗျာ''

''တွေ့လားဟေ့ ...ငဆင်''

''မတွေ့ဘူး ...ဆရာကျိုင်း''

''ကျောင်းစိုက်ခင်းတွေထဲမှာရော''

''မရှိဘူး ...ဆရာကျိုင်း''

''ဒါဆို သင်း ပြေးပြီကွ။ သူ့ကို လိုက်ရှာကြ။ ဒီသောက်ရူးကို အသေသတ်ဖို့ ဆရာကြီး အမိန့်ပေးထားပြီးပြီ၊ တစ်ရွာလုံး ကွင်းထဲရော၊ ပင်လယ်ကမ်းစပ်က တံငါလှေတွေထဲတွေပါ အနှံ့ ရှာကြ၊ သွားကြလေ''

''ဟုတ် ...ဟုတ် ...''

လက်စသတ်တော့ ထူးဆန်းတဲ့စကားတွေ ရွာလယ်လမ်းမှာ အော်ပြောတဲ့ အရူးဘကြီးကို လိုက်ရှာကြတာကိုး။ ဒါဆို စောစောကကြားရတဲ့ သေနတ်သံတွေက ဟိုအရူးဘကြီးကိုပစ်တဲ့ သေနတ်သံတွေပဲပေါ့။ ဘုရား ...ဘုရား ...ကျည်ဆန်ထိမှားသွားရော့လား။

''ကျောင်းဆရာ''



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ ... ကိုပေါက်ကျိုင်း''

''မင်းတို့နဲ့ အဲဒီ အရှုးလိုလို၊ ပုလိပ်သူလျှိုလိုလိုလူကြီးနဲ့ စကားပြောတာ ငါတို့သိထားတယ်။ အဲဒီအဘိုးကြီး မင်းဆီကိုရောက်လာရင် ငါတို့ကို လာပြော။ ငါတို့ဆရာကြီးက သူ့ကို အပြတ်ရှင်းခိုင်းလိုက်ပြီကွ။ မင်းအိမ်ကို ရောက်ရဲ့သားနဲ့ လာမပြောရင် မင်းလည်း ကျောင်းဆရာဘဝ အဆုံးသတ်ပြီလို့မှတ် ... နားလည်လား''

''ဟုတ် ... ဟုတ်ကဲ့''

''သွားကြမယ်ဟေ့''

သူတို့ လက်နှိပ်ဓာတ်မီးတွေ နေရာအနှံ့ထိုးပြီး ဆဲရေးတိုင်းထွာ ကြိမ်းဝါးလို့ ထွက်သွားကြတယ်ဗျာ။ သူတို့ပြန်သွားတော့မှ သူတို့လွှတ်ပစ်နင်းချေထားတဲ့ ကျောင်းသားမှတ်စာအုပ်တွေ၊ ကျမ်းစာအုပ်တွေနဲ့ အင်္ကျီ၊ ပုဆိုးတွေ ကောက်ယူသိမ်းလိုက်ရတယ်။

ပြီးတော့မှ အိပ်ရာဖျာပေါ် လှဲရင်း စဉ်းစားကြည့်တာပေါ့။ ဒီအဘိုးကြီးက အရှုးစစ်စစ်ပဲလား ...

သူတို့ပြောသလို ပုလိပ်အဖွဲ့က သူလျှိုလား ...

ပုလိပ်သတင်းပေးလား ...

အရှုးလိုလူကြီး ပြောနေအော်နေတဲ့ စကားတွေကတော့ စကားကောင်းတွေပါဗျာ။ ဘာသာရေးနဲ့နွယ်တဲ့ စကားကောင်းတွေပါ။ တိုင်းပြည်မြို့ရွာ ဖျက်ဆီးတဲ့စကား မပါပါဘူး။ နိုင်ငံရေး၊ စစ်ရေးနဲ့ ပတ်သက်တဲ့စကား မပါပါဘူးဗျာ။

ဒီလိုနဲ့ အရှုးကြီးအကြောင်း၊ ရွာစာသင်ကျောင်းလေး ရှေ့ရေးအကြောင်းတွေးရင် အိပ်ပျော်သွားတယ်။

''ဘုတ် ... ဘုတ် ...''

''ဘုတ် ... ဘုတ်''

အလို ... ခေါင်းရင်းက ဝါးထရံကို လက်နဲ့ပုတ်တဲ့ အသံဗျ။

''ဘယ်သူတုံး''

''ရှူး ... တိုးတိုး။ ငါပါကွ။ တံခါးဟပေးပါ။ မီးမထွန်းနဲ့နော်''

ဘုရားရေ ... ဒါ အရှုးကြီးရဲ့ အသံပဲ။ ဒုက္ခပါပဲဗျာ ... ဟိုလူကြမ်းတွေ တွေ့သွားရင်တော့ အရှုးကြီး သေတော့မှာပဲ။

''ရှူး ... တံခါးဟပေးပါကွ''





ဒါနဲ့ အသာထပြီး တံခါးဖွင့်ပေးလိုက်တော့ အရှုးကြီး အိမ်ထဲကို လှစ်ခနဲဝင်လာတယ်။ တစ်ကိုယ်လုံး နံစော်နေတာပဲ။

''နံလိုက်တာဗျာ ... ဒါနဲ့ ...''

''တိုးတိုးပြော ... လူလေး ... ငါ မြောင်းရေပုပ်ထဲက ထလာတာကွ။ ဒီမှာ ... မိုးလင်းရင် ကလေးတွေနဲ့ ခေါ်လို့ရတဲ့လူသူကျွန္တာတွေပါခေါ်ပြီး ဟိုးရှေ့က ကိုးနဝင်းဓာတ်ပေါင်းစု ကပ်ကျော်စေတီကို သွားကြ''

''စောစောက သေနတ်သံတွေက ... ဘကြီးကို ... ပစ် ...''

''ငါ့ကို မထိပါဘူးကွာ။ သေနတ်စုတ်တွေနဲ့ပစ်တာ မပြောနဲ့ အမြောက်နဲ့ပစ်တောင် ငါ့ကိုမထိဘူး။ ငါပြောတာ နားလည်လား''

''ဟုတ် ... ဟုတ် ... သူတို့ ဘကြီးကို လိုက်ရှာနေတယ်ဗျ''

''ငါသိတယ် ... မိုးလင်းပြီးရင် ကလေးတွေ ခေါ်သွားနော်''

''ဘကြီး ... ဘာဖြစ်မှာမို့လို့လဲဗျာ။ ပုလိပ်တွေ လာမှာမို့လား။ တိုက်ပွဲဖြစ်မှာမို့လား ဟင် ဟင်''

''ကပ်ဆေးတော့မယ် ... လူလေး။ မင်းက လူတော်လူကောင်းလေးပါ။ မင်းက တကယ့်ဘုရားလူပါ။ ရတနာသုံးပါး မမေ့နဲ့။ ကလေးတွေကို အဲဒါသင်ပေး။ ဘုရားစာသင်ပေးလို့ သေခဲ့ရင်လည်း အသေမြတ်တယ်။ ငါသွားတော့မယ်''

ကျွန်တော်က သူ့လက်ကိုဆွဲပြီး တိုးတိုးမေးလိုက်တယ်။

''ဘကြီး ...''

''ဘာတုံး''

''ဘကြီးက အရှုးအစစ် ဟုတ်ရဲ့လား ဟင်''

''မမေးနဲ့''

''ဘကြီးနာမည် ဘယ်လိုခေါ်လဲ ဟင် ... ဘကြီး''

''မမေးနဲ့''

''ဘကြီးကိုတွေ့ချင်ရင် ဘယ်ကို လာခဲ့ရမလဲဗျာ ဟင်''

''ရေစက် မကုန်သေးပါဘူး လူလေးရယ်။ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားကယ်မယ်တဲ့။ မင်းလည်း မသေပါဘူး။ ငါလည်း မသေသေးဘူးကွ။ အေး ... ဘုရားမဲ့၊ တရားမဲ့၊ ဒုစရိုက်သမားတွေကတော့ ဘုရားရော၊ နတ်ရော ကယ်လို့မရတော့ဘူး။ ငါသွားပြီဟေ့''



www.burmeseclassic.com

www.burmeseclassic.com



သူ တံခါးပေါက်ကို လျှိုထွက်ပြီး မှောင်ထဲမှာ ပျောက်ကွယ်သွားတယ်။ အရှုံးဘကြီးကို သူတို့ မတွေ့ပါစေနဲ့။ မမိပါစေနဲ့။ သိကြားတွေ၊ နတ်တွေ၊ ရွာတော်ရှင်တွေ စောင့်ရှောက်ပေးတော်မူပါ။

✿ ✿ ✿

[ ၁၁ ]

❑

မိုးလင်းတော့ ရွာထဲမှာ မိန်းမတွေရော၊ ယောကျ်ားတွေရော၊ အလုပ်တွေ များနေကြတယ်ဗျာ။ မေးမြန်းကြည့်တော့ ... ဓားပြဗိုလ် မိုးလုံးကြီးနဲ့အဖွဲ့ အောင်သေအောင်သားစားဖို့ ပြင်နေတာတဲ့။

အရက်ချက်တဲ့အိမ်တိုင်း အရက်အိုးတွေ ယူသွားကြတယ်။ ရွာလယ်က ဇရပ်အိုကြီးပေါ်မှာ အရက်အိုးတွေ အများကြီးရှိနေတာကို ကျွန်တော် မလှမ်းမကမ်းက တွေ့ရတယ်ဗျ။

မိန်းမပျက်တွေနဲ့ ပေါက်ကျိုင်းတို့လည်း တရုံးရုံး၊ တဟေးဟေး တဝါးဝါး ဖြစ်နေကြတယ်။ မရွှေတစ်ဆုပ်အပါအဝင် မြို့ပေါ်က မကောင်းတဲ့ မိန်းမတွေလည်း ရောက်နေကြတယ်တဲ့။

ဇရပ်ရှေ့မှာ နွားကောင်လုံး၊ ဝက်ကောင်လုံးကို မီးရဲရဲကင် တံစို့ထိုးပြီး လှီးဖြတ် အရက်နဲ့သောက်နေကြတာ။

ရွာထဲက လူကုန်နီးပါးပဲ။ တစ်ရွာလုံး အရက်သမားနဲ့ ဓားပြ၊ သူခိုးချည်းပဲလေ။ မကောင်းတဲ့ မိန်းမတွေရော၊ ရွာထဲက ပျက်စီးနေတဲ့ မိန်းမပျော်တွေရော အရက်မူးပြီး ကခုန်အော်ဟစ်နေကြတာဗျ။ ရွှေတစ်ဆုပ်က နှုတ်ခမ်းမွေးကားကားနဲ့ လူထွားကြီးပေါင်ပေါ်မှာ ထိုင်ပြီး လက်ခုပ်တီးလို့ဗျို့။





"ဆရာလေး ..."

"ပြော ... ဘကြီးတော"

"နှုတ်ခမ်းမွေးကားကားနဲ့လူက ဓားပြဗိုလ်မဲလုံးကြီး"

"ဟုတ်လား"

"ဘကြီးတော အဲဒါ ဘာအထိမ်းအမှတ် သောက်ကြ၊ ပျော်နေကြတာ လဲ ဟင်"

"သူတို့က ဓားပြတိုက်ပြီးလို့ အချိုကြီးရလာရင် ခုလိုပဲ အောင်ပွဲခံ သောက်ကြ၊ မူးကြ၊ ထင်တိုင်းကြနေကြတာပဲလေ"

"ဘကြီး ... ကျွန်တော် ကလေးတွေ ခေါ်သွားတော့မယ်။ ဘကြီးတို့လည်း ရှောင်ကြ"

"ဆရာလေး။ ဆရာလေး ... အရှုံးအဘိုးကြီးပြောတာ ဟုတ်ပါ့မလား ဆရာလေးရာ"

"သူကတော့ ကလေးတွေကို အရှေ့ရွာက ကိုးနဝင်းဓာတ်ပေါင်းစုဘုရား ခေါ်သွားဖို့ တတွတ်တွတ်ပြောတာပဲ။ ကပ်ဆေးတော့မယ် ပြေးကြတဲ့ဗျာ"

"အခြေအနေကြည့်ပါဦး ... ဆရာလေးရာ၊ အရှုံးစကားဆိုတော့လည်း သတိတော့ ထားရမှာပေါ့"

ဘကြီးတောနဲ့ လမ်းခွဲပြီး ကျောင်းဝင်းထဲပြန်လာတော့ စောစောက လင်းနေတဲ့ ကောင်းကင်ကြီး ပင်လယ်ဘက်ကနေ မည်းလာတယ်။ ကောင်းကင် ပြည်းမည်းကြီးဟာ ရွာရှိရာကို တရွေ့ရွေ့လာပြီး လေတွေတိုက်လာတယ်။ လေပြင်းတွေ ကျလာတယ်။

လေပြင်းကြောင့် အိမ်ခေါင်မိုးတွေ လန်ကုန်ပါရော။

"ဝေါ ... ဝေါ ... ဝူး ... ဝူး ..."

"ဆရာလေး ... ဆရာလေး ... မုန်တိုင်း ... မုန်တိုင်း ... လာတော့ မယ် ... ကလေးတွေကို ခေါ်ပြီး လွတ်ရာကို ပြေး ..."

"ဟုတ်တယ် ... ဟိုမည်းမည်းက မုန်တိုင်းကို ခေါ်လာမှာဗျ။ မြန်မြန် ကလေးတွေခေါ်သွားပါ ဆရာလေး။ ဒီကိုမုန်တိုင်း မကြာခင် ရောက်လာလိမ့်မယ် မြန်မြန်လုပ်"

အိမ်တွေ တုန်ခါစပြုနေပြီ။

နွားတွေ၊ ကျွဲတွေလည်း လမ်းပေါ် ထွက်ပြေးကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘဲတွေ၊ ကြက်တွေလည်း လန့်ဖြန့်ပျံကုန်ပြီ။

ငှက်တွေကတော့ ဇရပ်အိုပေါ်မှာ အော်ဟစ်ပူးရှူးနေကြတုန်းပဲ။

ကျွန်တော် ကြောက်လန့်နေကြတဲ့ ကလေးတွေကို စုဝေးခေါ်ပြီး ရွာပြင်ကို ထွက်ခဲ့လိုက်တယ်။ သူတို့မိဘတွေက အောင်ပွဲခံဇရပ်ကြီးရှိရာကို ရောက်နေကြတာကိုး။

''သားတို့၊ သမီးတို့ မကြောက်နဲ့ . . . ဆရာရှိတယ်''

''အမေ . . . အဖေ''

''အမေ့ကို ခေါ်ပေးပါ ဆရာ''

''သူတို့ ဇရပ်ပေါ်မှာ ရှိနေကြတယ်။ သူတို့ လေကြမ်းရင် လိုက်လာလိမ့်မယ်။ ဘကြီးတော သွားပြောနေတယ်။ မြန်မြန်လာကြ''

ကျွန်တော် ငယ်တဲ့ကလေးကို ကျောကုန်းမှာပိုး။ အချို့ကို ခါးတစ်ချီပြီး ရွာပြင်ကို ခပ်သုတ်သုတ် ရှေးရှုသွားနေတယ်။ အတူပါလာတဲ့ လှေသမားကြီးက ယခုလာနေတဲ့ မုန်တိုင်းရှေ့ပြေးက အရင်မုန်တိုင်းထက် ပြင်းနိုင်တယ်တဲ့။ မြန်မြန်သွားကြပါတဲ့။

ပင်လယ်ကမ်းခြေမှာ မုန်တိုင်းက လာနေကျပါ။

သို့သော် ဒီမုန်တိုင်းကကြီးတယ်တဲ့။ သူက ပင်လယ်ရွာမှာနေသူဆိုတော့ ပိုသိတာပေါ့။ ကျွန်တော်တို့ ကလေးတွေနဲ့ ပြေးနေတုန်းမှာပဲ အပြင်းမောင်းလာတဲ့ လှည်းကြိုးသုံးစီးကို လှမ်းတား မေတ္တာရပ်ခံပြီး လှည်းကြုံစီးလို့ ထွက်ခဲ့ကြတယ်။

လေက ပိုပြင်းလာပြီ။ အိမ်တွေ ပြိုကုန်ပြီနဲ့တူရဲ့။ အမိုးတွေ လေထဲလွင့်လာတာ မြင်ရတယ်။ အပင်တွေ ပြိုလဲကျိုးကျသံတွေ ကြားရတယ်။

လေကြမ်းကြမ်းနဲ့အတူ သည်းထန်တဲ့ မိုးကြီး ရွာချပါရော။ ကလေးတွေက ကြောက်ပြီးငို။ သူတို့ကို ကျွန်တော်က ဖက်ထား။ မိုးကြီးလွန်းလို့ ရှေ့ကို ရေးရေးပဲ မြင်ရတယ်။

နွားတွေလည်း ဒုန်းပြေးရလို့ မောနေပြီ။

''ဆရာလေး . . . ရှေ့ကရွာက ကိုးနဝင်းရွာပဲ။ မြန်မြန်ရောက်အောင် ပြေးကြစို့''

ကျွန်တော် ကလေးတွေချီပိုးပြီး မိုးရွာထဲကနေ ကိုးနဝင်းရွာရှိရာကို ရှေးရှုလှမ်းခဲ့လိုက်တယ်။





ကိုးနဝင်းရွာလည်း လေဒဏ်ကြောင့် အိမ်တွေ ခေါင်လန်နေပြီ။ 'ဒီကိုလာကြလို့' အော်သံကြားလို့ အသံလာရာသွားကြတော့ ဘုန်းတော်ကြီးကျောင်းဝိုင်းဖြစ်နေလို့ ဝမ်းသာသွားကြတယ်ဗျ။ ကလေးတွေလည်း မိုးရေစိုရွှဲလို့ ချမ်းတုန်နေကြပြီ။

စိုရွှဲချမ်းတုန်နေတဲ့ ကလေးတွေကို သနားကြလို့ မုန်တိုင်းခိုနေကြတဲ့ ကိုးနဝင်းရွာသူတွေက အဝတ်အစားအခြောက်တွေ ထုတ်ပေးကြ၊ ရေစိုအဝတ်တွေ ချွတ်လဲပေးကြ။

ကျွန်တော့်ကို ကြက်ပြေးရွာက ကျောင်းဆရာလေးမှန်း သိသွားရော ပြည့်စုံချမ်းသာကျောင်းဆရာတော်က ဝမ်းသာအားရ စကားတွေပြောတယ်။ နေရာထိုင်ခင်းလည်း ပေးတယ်ဗျာ။

''ဒကာကျောင်းဆရာလေးရဲ့ ဂုဏ်သတင်းကတော့ ဘုန်းကြီးလောကမှာရော၊ ရွာထဲမှာရော ပျံ့နေတာပဲ . . . ဒကာကျောင်းဆရာရေ့။ ဒကာကျောင်းဆရာ ရှိပေလို့သာ အဲဒီကြက်ပြေးရွာကလူတွေ လူလိမ္မာဖြစ်မှာကွယ့်။ ဟဲ့ ဟိုဒကာတွေ မုန်တိုင်းရော၊ မိုးရော၊ လေရော ကြမ်းတယ်ဟဲ့။ ရွာထဲက ကလေးတွေရှိရင် အမြန်သွားခေါ်ကြစမ်း''

''ကလေးတွေရော၊ သက်ကြီးတွေပါ အကုန်ရောက်နေပါပြီဘုရား''

''ရောက်ရင် ပြီးရောဟဲ့။ ငါ ကျောင်းပေါ် ကြွဦးမယ်''

ကိုးနဝင်းကျောင်းဝိုင်းက အုတ်ကာထားပြီး သွပ်တွေ မိုးထားတာမို့ လေဒဏ်၊ မိုးဒဏ်ခံနိုင်လို့ တော်သေးတာပေါ့။ မိုးကလည်း တဝေါဝေါ တဝုန်းဝုန်း၊ လေကလည်း ထန်မို့ ကလေးတွေ ကြောက်နေကြတယ်။ သူတို့ကို ပွေ့ဖက်ပြီး မကြောက်ကြနဲ့၊ ဆရာရှိတယ်လို့ အားပေးစကားပြောမှ သူတို့ တည်ငြိမ်သွားကြတယ်။ ဒီအချိန်မှာ အလွန်ကြီးတဲ့ တောင်းကြီးထမ်းပြီး လူကြီးတစ်ဦး ဝင်လာတယ်။ သူ့တစ်ကိုယ်လုံး စိုရွှဲလို့ဗျာ။

''အဖေကြီး . . . လာတယ်ဟေ့''

''အဖေကြီး . . . မိုးတွေ လေတွေ များတဲ့အထဲ ဘာလို့ တောင်းကြီးထမ်းလာတုံး။ ဟဲ့ . . . အဖေကြီးကို ပုဆိုးအခြောက်နဲ့အင်္ကျီ ပေးကြပါဟဲ့''

လေဘေးရှောင် ရွာသူရွာသားတွေ တောင်းထမ်းလာတဲ့ အဘိုးကြီးရှိရာ ဝိုင်းလာနေကြရဲ့။



www.burmeseclassic.com

www.burmeseclassic.com



''သားတို့၊ သမီးတို့ စားဖို့ ငှက်ပျောသီးတွေ လာပို့တာဟဲ့။ အားလုံး ဝေပေးကြ၊ စားကြ''

လူကြီးက တောင်းကြီးထဲက ငှက်ပျောသီးမှည့်တွေကို ထုတ်ပေးနေတယ်။ ကျန်တဲ့လူတွေက မိုးခိုလေခိုလူတွေကို ဝေပေးကြတယ်။

''အဖေကြီး ... ဒီငှက်ပျောသီးတွေ ဘယ်က ယူလာတာတုံးတော်''

''မမေးနဲ့၊ စားမှာ စားကြ''

''ဟဲ့ ... ဟိုကြောက်ပြေးရွာက ... ကျောင်းဆရာလေး''

''ဗျာ ... ကြီးတော်''

''လာလေကွယ့် ... မင်းကျောင်းသားကလေးတွေအတွက် ငှက်ပျောသီးတွေ လာယူဟဲ့''

''ဟုတ်ကဲ့ပါခင်ဗျ''

ကျွန်တော် ငှက်ပျောသီးဝေတဲ့ နေရာရောက်လို့ အလှူရှင်ဘကြီးကို ကြည့်လိုက်ရော လူကြီးက ရေစိုဖျင်ကြမ်းတိုက်ပုံနဲ့ပါလား။ ဆံပင်တွေက ရေစိုပြီး နဖူးပေါ်မှာ ကပ်လို့။

''ဟင် ... ဘကြီး။ ဘကြီး ... ဘကြီး ... ဟိုဒင်း ... ဟိုဒင်း မဟုတ်လား ဟင် ဟင်''

''မင်းက ဘယ်သူတုံး''

''ဘကြီး ... ကျွန်တော် ကြောက်ပြေးရွာက ကျောင်းဆရာလေ။ ဟိုမှာ ကလေးတွေ အကုန်ပါလာတယ် ဘကြီးရ''

''မင်း ငါ့ကိုသိတယ်လား''

''ဗျာ ... ဘကြီးပဲ ကပ်ဆေးတော့မယ် ရွာက ကလေးတွေကိုခေါ်ပြီး ကိုးနဝင်းဘုရားကို ပြေးကြဆို''

''ဟေ ... ငါက ပြောခဲ့တယ် ... ဟုတ်လား''

''ဟုတ်တယ်လေ။ ဘကြီးကို ကိုပေါက်ကျိုင်းတို့ သေနတ်နဲ့ပစ်တော့''

''အေး ... အေး ... တော်တော့ ... ရပ်တော့။ ငါပြောလို့ ရောက်လာကြတယ်ဆိုလည်း ဘေးကင်းကြပြီပေါ့။ စားကြ၊ ဝေပေးကြ။ ဒါနဲ့ မင်းနာမည် ဘယ်သူ ...''

''ကျောင်းဆရာ မောင်ကြည်လင်းလေ ဘကြီးရ''





''ကြည်လင်း ... ဟုတ်လား၊ ကျောင်းဆရာ အေးပေါ့၊ ကောင်းတယ်၊ အရမ်းကောင်းတယ်။ သောက်ကျိုးနည်း ကောင်းပဲပေ့ါ။ ဒီမှာမောင်ကြည်လင်း''

''ဗျာ ... ဘကြီး''

''မုန်တိုင်းစဲရင် လေပြည်လာလိမ့်မယ်ကွ။ နေသာရင် ဟောဟိုကပ်ကျော် ကိုးနဝင်းစေတီကို ဖူးကြ၊ ကပ်ဆေးတော့မယ်ကွ။ ကပ်ဆေးပြီပေါ့ ... ငါ့လူရာ ... ကိုင်း ... သွားပပေ့''

လူတွေက ဝိုင်းအော်တားကြတယ်။

''အဖေကြီး ... လေထန်နေတယ် ... မသွားပါနဲ့''

''အဖေကြီး ... ကြောက်ပြေးကလူတွေ ရောက်လာတယ်ဗျ။ ပင်လယ်ဒီရေပုတ်လို့ ကြောက်ပြေးရွာ ပျက်သွားပြီတဲ့။ အပြင်ကို မသွားပါနဲ့ အဖေကြီး''

''ဟင် ...''

'ဟင်' ဟုဆိုကာ မိုးကြီးလေကြီးထဲ ထွက်သွားတော့တယ်ဗျာ။ ကြောက်ပြေးကပြေးလာတဲ့ လူတွေကို ကြည့်လိုက်တော့ ...

''ဘကြီးတော ...''

''ဆရာလေး''

''ဦးဒီလုံး ...''

''ဆရာလေး''

''ဝမ်းသာလိုက်တာ ဘကြီးတို့ရာ၊ မိသားစုတွေရော''

''ပါတယ် .. ဆရာလေး၊ အကုန်ပါတယ်။ ကလေးတွေရော ဘေးကင်းကြရဲ့လား ဟင်''

''ဘေးကင်းတယ် လာ ... ဒီဘက်ကိုလာ''

သူတို့မိသားစုတွေကို ကလေးတွေဘေးမှာ နေရာချပြီး ကလေးရော၊ လူကြီးတွေကိုပါ ငှက်ပျောသီးတွေ ဝေပေးလိုက်တယ်။

ဒီမှာ ဘကြီးတောကျော်တို့မိသားစုက 'ဆရာလေး ,... စောစောက ပုံးရေထဲထွက်သွားတဲ့ လူကြီးက ရွာကိုရောက်လာတဲ့ အရူးကြီးနဲ့ တူလိုက်တာကွဲ'။ ကျွန်တော်က အရေးကြီးတဲ့ သိချင်နေတာကို အရင်မေးလိုက်တယ်။

''ဘကြီးတော ...''

''ဆရာလေး''



www.burmeseclassic.com

www.burmeseclassic.com



''ရွာ ...ရွာ ...မှာ ပင်လယ်ဒီရေ တက်တယ်ဆို ...ဟုတ် ... ဟုတ်လား''

''ဟုတ်တယ် ...ဆရာလေး။ ပင်လယ်က ကြောက်စရာကောင်းတဲ့ အသံကြီးတွေ မြည်ပြီး ဒီရေတွေ လှိုင်းလုံးကြီးတွေ လိမ့်ရိုက်တက်လာတာ။ ကျွန်တော်တို့လည်း အပြေးမြန်လို့လွတ်တာ။ ကြောက်စရာကြီးပါ ...ဆရာလေးရာ''

''ဟို ...ဒါဆို ...ရွာက ...ဟိုလေ ...မရွှေတစ်ဆုပ်တို့၊ ကိုပေါက်ကျိုင်းတို့နဲ့ ရွာသူရွာသားတွေရော ...ပြေးလာကြရဲ့လားဗျာ ဟင်''

''သူတို့အားလုံး ဇရပ်ဟောင်းပေါ်မှာ မူးရူးသောက်စားပြီး လဲနေကြတယ်။ ကျုပ် သူတို့ကိုနှိုးပြီး ပင်လယ်ဒီရေ တက်နေပြီလို့ပြောပေမဲ့ ကျုပ်ကို ဆဲလွှတ်ကြတယ်။ မဲလုံးကြီးကတော့ မူးမူးရူးရူးနဲ့ ပင်လယ်ဘက်ကို သေနတ်နဲ့ တစ်ချက်ပြီး တစ်ချက် ပစ်နေတယ် ဆရာလေး။ အချို့မူးတွေက ပင်လယ်ကို ပုဆိုးလှန်ပြပြီး ကလော်ဆဲနေကြတယ်။ ကျုပ်တို့လည်း မိသားစုတွေခေါ် ကြုံရာလူကိုခေါ် ရရာဆွဲပြီး သေပြေးရှင်ပြေး ပြေးခဲ့ရတယ်။ နောက်ပြန်လှည့်ကြည့်လိုက်တော့ အိမ်လုံးကြီးမကကြီးတဲ့ ဒီလှိုင်းလုံးတွေက ရွာကအိမ်တွေကို ထိုးကော်ပစ်လိုက်ပြီဗျာ''

''အို ...ဖြစ်မှ ဖြစ်ရလေဗျာ။ ကလေးတွေတော့ မိဘမဲ့တွေ ဖြစ်ကုန်ကြပြီပေါ့''

''ဆရာလေး ...''

''ဟုတ်ကဲ့ ...ဘကြီးတော''

''ဟိုအရူးကြီး ကြုံပြောတာ မှန်နေပြီပေါ့ ဆရာလေးရာ။ ကပ်ဆေးမယ်ဆိုတာလေ''

''ဟာ ...ဟုတ်တာပဲ။ နေဦး ...ခဏလေး ထိုင်ကြဦး။ ကျွန်တော် ဒီရွာက လူကြီးတွေကို မေးကြည့်လိုက်ဦးမယ်ဗျ''

✿ ✿ ✿

|၁၂|

❑

ကျွန်တော် မုန်တိုင်းရှောင် ရွာသူရွာသားတွေထဲက သက်ကြီးဝါကြီး နှစ်ဦးကို မေးကြည့်လိုက်တယ်။

''အဘွားနဲ့ အဘိုးတို့ခင်ဗျား ...ကျွန်တော်သိချင်တာလေး ရှိလို့ မေးပါရစေခင်ဗျ။ ကျွန်တော်က ဟိုကြောက်ပြေးရွာ မုန်တိုင်းရှောင် ကျောင်းဆရာလေးပါခင်ဗျ''

''ကြက်ပြေး (ခေါ်) ကြောက်ပြေးရွာက ကျောင်းဆရာလေးလား။ ခုမှ မြင်ဖူးတယ်ကွယ် ...။ ဆရာလေးအကြောင်း ရွာကလူတွေက သတင်းကြားပြီး ပြောနေကြတာ ဆရာလေးရေ''

''ဟုတ်ကဲ့ခင်ဗျာ ...ဘယ်လိုများ ...''

''ကောင်းစကားပါ ဆရာလေးရယ်။ ကြက်ပြေးရွာကို ကြောက်ပြီးမပြေးကဲ့ ဆရာလေးတဲ့။ ကြက်ပြေးရွာရောက်သမျှ ကျောင်းဆရာထဲမှာ သတ္တိရော၊ ကိုယ်ကျင့်တရားရော ကောင်းတဲ့ ဆရာလေးတဲ့။ အဘွားတို့ရွာက တွေ့ချင်နေတာနဲ့ အတော်ပါပဲတော်။ ကဲ ...ဆရာလေး ဘာများသိချင်တုံး ...ပြော''



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ... အဘွားရယ်။ ဒီလိုပါခင်ဗျ ...။ စောစောက မိုးကြီးလေကြီး သည်းသည်းကြားကနေ ငှက်ပျောသီးတောင်းကြီး ထမ်းယူလာကျွေးတဲ့ ဖျင်ကြမ်းတိုက်ပုံ ဆံပင်ရေစိုရွှဲနဲ့ ဘကြီးကို ရင်းနှီးကြတယ်လား ဟင်"

"ရင်းနှီးတာပေါ့ ဆရာလေးရယ် ...။ သူတော်ကောင်းမှ တကယ့်သူတော်ကောင်းကြီးပါတော်။ ခုလည်း မိုးသည်း၊ မှန်တိုင်းကြားကနေ ငှက်ပျောသီးတောင်းကြီး လူနှစ်ယောက်ထမ်းမှရတာကို ထမ်းယူလာပြီး ကျွေးတယ် ... ဆရာလေးရာ။ ဒီငှက်ပျောသီးတွေ ဘယ်ကရလာလည်း မသိပါဘူး။ သာဓုပါတော် သာဓု .. သာဓု ..."

"ရွာမှာ ဈေးဆိုင်ရှိလို့ ဝယ်လာမှာပေါ့ အဘွားရဲ့"

ဒီမှာ အသက် (၈၀)ခန့် အဘိုးက ...

"ဆရာလေးရေ ... ဒီရွာမှာ ဒီလောက်များပြားတဲ့ ငှက်ပျောသီးရောင်းတဲ့ဈေးဆိုင် လုံးဝမရှိဘူးဗျ။ ဟိုရှေ့ရွာတွေမှာလည်း ငှက်ပျောသီးရောင်းတဲ့ဈေး မရှိပါဘူးဗျာ။ ဘယ်ကနေဘယ်လို ရလာလဲ မသိဘူး။ ဆရာကြီးကတော့ အတော်ထူးတဲ့လူပဲ"

"ထူးတာတော့ မပြောနဲ့တော့ ... ဆရာလေးရဲ့။ မုန်တိုင်းလာမယ်ဆိုတာ သူက ရွာကို ကြိုပြောတာ ဆရာလေးရှင့်"

"ကြိုပြောတယ်"

"ဟုတ်ပါတော် ... ဂဏန်းတွေ ကုန်းပေါ်တက်ကုန်ပြီတဲ့။ တွင်းအောင်းပလူတွေ တွင်းထဲက ပျံထွက်လာပြီတဲ့။ ပြီး ကျွဲတွေ၊ နွားတွေ ကနာမငြိမ်တာကြည့်၊ ကျီးကန်းတောင် ညဘက် ကျီးပြိုတာကို ကြည့်ပြီး မုန်တိုင်းလာမယ်တဲ့။ ရေကြီးမယ်တဲ့။ အချို့နေရာမှာ ကပ်ဆိုက်တော့မယ်လို့ ကြိုပြောတာ ဆရာလေးရဲ့။ ကပ်ဆေးမိုး ရွာတော့မယ်။ ကပ်ဆေးတဲ့လေ လာလိမ့်မယ်။ ကျွဲ၊ နွားတွေ အမြင့်မှာထားကြတဲ့။ စားစရာတွေ ကြိုချက်ထားကြ။ စပါးကျီတွေ လုံအောင် ပိတ်ကြလို့ တစ်ရွာလုံး ခေါ်ပြောတာရှင့်။

မနေ့မနက်တုန်းက ကျွန်မတို့တစ်ရွာလုံးကို ဟောဟို ကပ်ကျော်ကိုးနဝင်း ခေတ်ပေါင်းစုဘုရားရှိရာ ရေသက်စွေ၊ ဆွမ်းသက်စေ့ လှူနိုင်းလို့ တစ်ရွာလုံး မနေ့မနက်က ဆွမ်းရေကပ်ကြတာပေါ့။ ဆရာတော်ဘုရားလည်း ဆွမ်းကပ်ကြပေါ့။ အဘွားတို့ တစ်ရွာလုံးက ကျေးဇူးရှင် အဖေဆရာကြီးပြောရင် ယုံတယ် ... ဆရာလေးရဲ့။ ဆရာကြီးပြောရင် မှန်နေတာကြီးပဲကိုး။ တပေါင်းလတုန်းက ပြော





တယ်။ ရွာထဲကို မြွေတွေဝင်လာလိမ့်မယ်။ တစ်ကောင်မှ မသတ်ကြနဲ့တဲ့။ လူ၊ ကျွဲ၊ နွား ကိုက်မှာ ပေါ့လို့ ပြန်ပြောတော့။ မကိုက်ပါဘူးဟာတဲ့။ မယုံရင် လက်နဲ့ ကိုင်ကြည့်တဲ့။ ကိုက်ရင် ငါ့ကို ကြိုက်သလိုလုပ်တဲ့ ... ဆရာလေးရေ။ တပေါင်းလပြည့်နေ့က ရွာထဲကို မြွေမျိုးစုံဝင်လာတာ။ လက်ကောက်ဝတ်လောက် အကောင်တွေ။ ခြေသလုံးလောက်အကောင်တွေ၊ ခြေမလောက်အကောင်တွေ အများကြီးပဲ။ မြွေတွေမှ မြင်မကောင်းဘူး ဖွေးဖွေးမည်းမည်း လှုပ်ပဲတော်။ မြွေအုပ်ကြီးသွားတဲ့အသံက ညံနေတာပဲ။

လူတိုင်း အိမ်ပေါ်ကနေ အောက်ကိုမဆင်းရဲကြဘူး။ တုတ်တွေ၊ ဓားတွေ အသင့်နဲ့ ကြည့်နေကြပေမင့် ဆရာကြီးက မသတ်နဲ့၊ မောင်းမထုတ်နဲ့ဆိုတော့ မသတ်၊ မမောင်းကြပါတော်။ မြွေတွေဟာ အိမ်ကြိုအိမ်ကြားက ထွက်လာတာ လမ်းပေါ်မှာ မြွေချည်းပဲ။ ကြောက်စရာ အသည်းယားစရာပဲတော်။ မြွေတွေဟာ ကျွဲ၊ နွားလည်း မကိုက်ဘူး။ ကြက်၊ ဘဲ၊ ဝက်တွေလည်း မကိုက်ဘူး ... ဆရာလေးရယ်၊ ထူးဆန်းလိုက်တာနော်။ အဲဒီမြွေအုပ်ကြီးဟာ ဟောဟို ... ကိုးနဝင်းခေတ်ပေါင်းစေတီရှိရာကို သွားပြီး ကိုးတောင်ပြည့်စေတီကို လှည့်ပတ်နေကြတာရှင့်။ ပတ်လို့ဝတော့မှ မြောက်ဘက်က ရွာတော်ရှင်တောထဲ ဝင်သွားကြတာ။ ရွာထဲ တစ်ကောင်မှမရှိတော့ဘူး။

ဒီလို မြွေတွေဝင်တုန်းက ဆရာကြီးက စေတီရင်ပြင်မှာ ပုတီးစိပ်နေတာ။ ဆရာတော်ဦးကျောက်ဖားနဲ့ အတူတူပေါ့။ နောင်တော့ ဆရာကြီးကို ဝိုင်းမေးကြတာပေါ့။ ဆရာကြီး ... မြွေတွေ ကြောက်စရာကောင်းလိုက်တာရှင့် ... ဘယ်ကလာကြတာလဲ ဆရာကြီးလို့မေးတော့ သိုက်ကလာကြတာတဲ့။ ဘယ်သိုက်ကလဲ မေးကြည့်တော့ ဓားမတောင်သိုက်က လာတာတဲ့။ ဘုရားဖူးချင်တယ်လို့ အိပ်မက်ပေးလို့ ငါက လာခဲ့ကြ၊ လူ၊ တိရစ္ဆာန်တော့ အန္တရာယ်မပြုနဲ့။ ခွင့်ပြုလို့ လာကြတာတဲ့။ ဓားမတောင်သိုက်ကတဲ့"

"ဓားမတောင်သိုက်က ရှိလို့လား အဘွား"

"ရှိတာပေါ့ ...။ ဒီကနေ တစ်မနက် ခြေလျင်သွားရင် တောင်ညီနောင်ကို တွေ့လိမ့်မယ်။ အဲဒီတောင်ကြားက ကုန်းက ဓားမတောင်သိုက်ကုန်းပဲ။ လူပနေကြဘူး ဆရာလေးရဲ့။ ဆရာကြီးက ဆက်ပြောတယ်။ နင်တို့ရွာက လူတွေကို မြွေလုံးဝမကိုက်တော့ဘူးတဲ့။ မြွေလည်း မြင်ချင်လို့ မမြင်ရဘူးတဲ့။ ကပ်ကျော်ကိုးနဝင်းတော့ ပန်းရေချမ်း ဆီမီး နေ့ည ပူဇော်ကြတဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဒီကိုးနဝင်းကရော ဘယ်သူတည်ပေးတာလဲ အဘွား''

''ဆရာကြီး ဦးဆောင်တည်တာပေါ့။ ရွာက အများလှူကုသိုလ်ပေါ့။ ဆရာကြီးက ရွှေငါးကျပ်သားတစ်တုံး မ,တည်ပေးတာလေ။ ကပ်ကျော်ကိုးနဝင်း ကိုးတောင်ပြည့်ဓာတ်ပေါင်းစေတီ တည်ကြပါတဲ့။ ကပ်ကြီးသုံးပါးက လွတ်အောင် ဘုရားဒကာ၊ ဘုရားအစ်မတွေအဖြစ် ကုသိုလ်ပါကြတဲ့။ အဲဒါ ရွာက ဆရာကြီး ဦးဆောင်တဲ့အတိုင်း စေတီတည်တယ်။ ဆရာကြီးက ဓာတ်တော်တွေကို ဌာပနာ တယ်။ စေတီထီးတော်တင်ပြီးမှ ဆရာကြီး ရွာကနေထွက်သွားတယ်။ ဆရာကြီး က ဘာပြောသွားလဲဆိုတော့ မြန်မာမှန်ရင် ရတနာသုံးပါး မမေ့ကြနဲ့တဲ့။ ဘာတဲ့ ကိုသာဝ၊ ဆရာကြီးရွတ်တဲ့ တပေါင်လင်္ကာ ဆရာလေးကို ရွတ်ပြလိုက်စမ်း ပါရှင့်''

ဦးသာဝဆိုတဲ့ အဘိုးက လင်္ကာတပေါင်ကို ရွတ်ပြတယ်ဗျ။

''အဟမ်း ...ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ ငါးမှ ဘုရားကယ်မယ်တဲ့။ သရဏဂုံတည်ကြ၊ ဘာသာသာသနာကို လေးစား တန်ဖိုးထားကြ၊ မြန်မာ့သာသနာနဲ့ ကမ္ဘာအခါကို လက်ညှိုးထိုးပြတဲ့ ဆရာလေး ရေ''

အဘွားဒေါ်မြိုင်ညိုက ကျွန်တော့်ကို မေးတယ်။

''လူလေး ...ကျောင်းဆရာ''

''ဟုတ်ကဲ့ ...အဘွား''

''ကျောင်းဆရာ လူလေးက ဆရာကြီးအကြောင်းကို မေးပုံထောက်ရင် တို့ဆရာကြီးကို သိလို့လားဟင် ...လူလေး''

''ဟုတ်ကဲ့ ...သိပါတယ် အဘွား''

''ဟုတ်လား ...။ ကံကောင်းတာပေါ့တော်။ ကိုင်း ...ဘယ်လိုသိကြ တုံး၊ ဘာတွေ ထူးတုံး။ အဘွားတို့လည်း ပြောပြပါ ...လူလေးရယ်''

ဒါနဲ့ ကျွန်တော် အဘွားတို့နှစ်ဦးကို မေးကြည့်တယ်။

''အဘွား ...အဲဒီ ဖျင်ကြမ်းတိုက်ပုံနဲ့ ဘဘကြီးက ဟိုလေ ... ကန်တော့နော် အဘွား။ အဲဒီဘကြီးက စိတ်မနှံ့တဲ့သူလား ဟင်''

''ဟေ ...အရူးလို့ ပြောချင်တာလား ...ဆရာလေး''

''ဟုတ် ...ဟုတ်ကဲ့ခင်ဗျ''





''ဆရာကြီးက မရူးပါဘူး ...လူလေးရယ်။ သူက လူကောင်း၊ လူတော်ကောင်းပါကွယ်။ သားက ဘာလို့ အရူးလား မေးရတာတုံး ...ဆရာလေး ရဲ့ ဟင်''

အဘွားနဲ့ အဘိုးတို့နှစ်ဦးစလုံး စိတ်ဝင်စားစွာ မေးကြတာ။ ဒါနဲ့ ကျွန်တော်က ဖျင်ကြမ်းတိုက်ပုံရင်ကွဲ၊ ယောဂီရောင် လွယ်အိတ်ကြီးလွယ်ထား တဲ့ အရူးကြီးတစ်ယောက် ကြက်ပြေး (ကြောက်ပြေး)ရွာ စာသင်ကျောင်းထဲ ရောက်လာပုံကနေ၊ နောက်ဆုံး ကပ်ဆေးတော့မယ် ကလေးတွေခေါ်ပြီး ဒီ ကိုးနဝင်းဘုရားရှိတဲ့ရွာကို မိုးလင်းတာနဲ့သွားတော့လို့ အရူးကြီးက ကြိုတင် သတိပေးပြောပြပုံ၊ ဒီမနက်မှာပဲ အရူးဘကြီး ကြိုပြောတဲ့အတိုင်း ပင်လယ်မုန်တိုင်း တိုက်လာလို့ ဒီကိုးနဝင်းဘုရား အရောက်ပြေးလာကြပုံတွေကို ပြောပြလိုက် ရော၊ သူတို့ အရမ်းအံ့အားသင့်သွားကြတယ်။ အနီးမှာ ထိုင်နားထောင်ကြတဲ့ လူတွေလည်း အံ့ဩနေကြတယ်။

''လူလေးကျောင်းဆရာ ...မင်းပြောတဲ့ မင်းတို့ရွာကို ရောက်လာပြီး သေနတ်နဲ့ပစ်ခတ် အလုပ်ကြံခံရတဲ့ အရူးက ဘယ်သူလဲဟင်''

''မိုးရွာထဲကနေ ငှက်ပျောသီးတောင်းကြီး ထမ်းလာပို့ကျွေးတဲ့ ဖျင် ကြမ်းတိုက်ပုံရေစိုနဲ့ အဘပါ ...အဘွား''

''ဟေ ...''

''ဘုရားရေ ...''

''တို့ဆရာကြီး ...ဟုတ်လား''

''ဖျင်ကြမ်းတိုက်ပုံရေစိုနဲ့ ထွက်သွားတဲ့ ဘကြီးပါ။ ကျွန်တော် စကား သွားပြောတော့ ကျွန်တော့်ကို မှတ်မိသလို၊ မမှတ်မိသလို ဖြစ်နေတယ် အဘွား ရဲ့။ ကြောက်ပြေးရွာကို ဒီရေတက်နေပြီလို့ ပြောတာကြားရော 'ဟင် ဆိုပြီး မိုးရေထဲ ထွက်ပြေးသွားတာ ...အဘွား''

''သူ သေချာရဲ့လား ...ကျောင်းဆရာလေး''

''ကျွန်တော်တို့ရွာက ပြေးလာတဲ့လူတွေကို မေးကြည့်ပါ အဘွား။ သူ မှ သူအစစ်ပဲခင်ဗျ''

''လူလေး ...ကျောင်းဆရာရယ်၊ မင်းပြောပြတာတွေ ကြားရတော့ ရင်တုန်လိုက်တာကွယ်။ တို့ဆရာကြီး ရွာထဲကိုမလာတာ နှစ်ရက်သုံးရက်ရှိပြီ။ ဒါ ...ဒါဆို ပျောက်သွားတဲ့ နှစ်ရက်၊ သုံးရက်ကများ မင်းတို့ရွာကို ...''



www.burmeseclassic.com

www.burmeseclassic.com



''အဘွားနဲ့အဘိုး ...''

''ပြော ... လူလေးကျောင်းဆရာ ... ပြော''

''အဲ .. အဲဒီ အရှူး .. ကန်တော့ ... ကန်တော့ပါ အဘွား။ ဟိုလေ မိုးရေထဲ ထွက်ပြေးသွားတဲ့ အဘနာမည် ဘယ်လိုခေါ်လဲဟင် အဘွား''

''ဆရာကြီးနာမည်က အောင်မင်းခေါင်တဲ့''

''ဗျာ ... အောင်မင်းခေါင်။ ဟုတ်လား ... အဘွား ... ဟင် ဟင်''

''ဟုတ်ပါတယ် လူလေး''

''ဒါ ... ဒါဆို ကျွန်တော်တို့ အမေ အဖေနဲ့ မြို့ကလူတွေ ပြော ပြောနေတဲ့ ဝိဇ္ဇာဓိုရ် ... အဘခေါင်လား ဟင်''

''ဟုတ်ပ့ါ ... လူလေးရယ်။ အများပြောနေကြတဲ့ ကပ်ကျော်ကိုးနဝင်း စေတီတွေ မြို့ရွာအနှံ့ တိုးအောင်တည်နေတဲ့ သာသနာပြု ဝိဇ္ဇာဓိုရ်အောင်မင်းခေါင် (ခေါ်) လေးကြိုးကိုင်–လေးကြိုးခေါင် (ခေါ်) အဖေကြီး အောင်မင်းခေါင်အစစ် ပါပဲ ... လူလေးရယ်''

✿ ✿ ✿

|၁၃|

❑

မုန်တိုင်းစဲသွားပြီ။ လေလည်း ငြိမ်သွားပြီ။ မိုးကြီးလည်း တိတ်သွားပြီ။ နေလည်း ထွက်လာပြီဗျာ။ ဝမ်းသာလိုက်ကြတာနှယ်။ မုန်တိုင်းခိုသူတွေလည်း အသီးသီး ကိုယ့်အိမ် ကိုယ်ပြန်ကြပြီခင်ဗျ။

ကျွန်တော်က ဘကြီးတောကျော်တို့၊ လှေသမားဦးကြီးတို့ကို စောစောက မိုးသည်းထဲ ထွက်ပြေးသွားတဲ့ ဖျင်ကြမ်းတိုက်ပုံနဲ့ (ရွာကိုရောက်လာသူ) အရူးကြီးဟာ လေးကြိုးကိုင်သာသနာပြု အဖေကြီးအောင်မင်းခေါင်လို့ ပြောပြလိုက်ရော အားလုံး အံ့သြဝမ်းသာ ကုန်ကြပါရောဗျာ။





''နာမည်သာ လေးကြိုးကိုင်အောင်မင်းခေါင်လို့ ကြားဖူးတာ၊ လူ မမြင်ဖူးတော့ အဖေကြီးခေါင်မှန်း မသိဘူးပေါ့ကွယ်။ ဒါကြောင့် ထူးပါတယ်လို့ စဉ်းစားနေတာ ဆရာလေးရေ။ ကျုပ်တို့အသက်၊ ဟောဒီက ကလေးတွေအသက် ကို ကြိုတင်သတိပေးကယ်လိုက်တာ အဖေကြီးခေါင်ရဲ့ ကျေးဇူးပဲ ... ဆရာလေး။ သားတို့ ကျေးဇူးရှင် အဖေကြီးခေါင်ကို လေးစားစွာကန်တော့လိုက်ပါတယ် .. အဖေကြီးခေါင်ခင်ဗျား''

ကျွန်တော်လည်း အံ့သြဆန်းကြယ် လေးစားလောက်တဲ့ အဖေကြီး အောင်မင်းခေါင်ဆိုသူ ပုဂ္ဂိုလ်ထူးကြီးကို လက်အုပ်ချီ မေတ္တာပို့လိုက်တယ်ဗျာ။

''ဆရာလေး ...''

''ခင်ဗျာ ... ဘကြီးတော''

''ဒီတစ်ခါ ... အရူး ... အဲ ... ကန်တော့ပါ အဖေကြီး။ အဖေကြီး ခေါင်တွေ့ရင် ကျုပ်တို့အိမ်ကို အပါပင့်ကြမယ်ဗျ ... နော''

''ကောင်းတာပေ့ါ ဘကြီးတောရာ။ ဘကြီး နေရောင်လည်း မြင်ရပြီဗျ၊ မုန်တိုင်းလည်း မရှိတော့ဘူး။ ကျွန်တော်တို့ရွာရဲ့အခြေအနေ သွားကြည့်မှ ဖြစ်မယ်ဗျ။ ရွာကလူတွေ ဘယ်လိုဖြစ်နေကြလဲ သိဖို့လိုတယ်လေ''

''ဟုတ်တယ်ဆရာလေး။ ကျုပ်တို့သွားတာတော့ ဟုတ်ပါပြီ ...။ ကျောင်းသားကလေးတွေတော့ ခေါ်သွားလို့မဖြစ်သေးဘူး ဆရာလေး။ သူတို့ ပိဘတွေ သေလားရှင်လား မသိသေးဘူးလေ''

''ဟုတ်ပါတယ် ... ဘကြီးတော၊ ကျွန်တော် ဆရာတော်ကို လျှောက် ထားလိုက်မယ်။ ကလေးတွေကို ခဏထားခဲ့ပါရစေလို့''

ကျွန်တော်က ဆရာတော်ကို အကျိုးအကြောင်းလျှောက်ထားလိုက် တော့ 'ထားခဲ့ဆရာလေးတဲ့၊ ညနေစာပါ ထည့်ကျွေးထားမယ် သွားတော့ ... ဆရာလေး' တဲ့။ ကလေးတွေက 'ဆရာလေး သားတို့ မလိုက်ရဘူးလားတဲ့။ အမေနဲ့တွေ့ချင်တယ်၊ အဖေနဲ့တွေ့ချင်တယ်' တဲ့။

စိတ်ချပါ ... သားတို့၊ သမီးတို့ရယ် ...။ ဆရာလေးတို့ သားတို့ သမီးတို့ရဲ့ အဖေ၊ အမေ၊ အစ်ကို၊ အစ်မတွေကို ခေါ်လာခဲ့ပါ့မယ်လို့ ဖြောင်းဖျပြီး ထားခဲ့ရတယ်။ ကလေးတွေက ဘုန်းကြီးကျောင်းဝကနေ ကျွန်တော်တို့ကို လက်ကလေးတွေ မြှောက်ပြကြလို့။

ရင်ထဲမှာ နင့်ခနဲဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လိမ့်စီးကျလာမယ့် မျက်ရည်ကို မျက်စိစုံမှိတ်ပြီး အမြန်တားလိုက်ရင်း ဟိုးပင်လယ်ကမ်းစပ်က ကြက်ပြေး (ခေါ်) ကြောက်ပြေးရွာရှိရာကို ခပ်သုတ်သုတ် လှမ်းလိုက်ကြတယ်။

လမ်းတစ်လျှောက်မှာ သစ်ပင်ကြီးတွေ တုံးလုံးလဲနေတယ်။ ဝါးရုံတွေက ပြားပြားဝပ်လို့။ လမ်းမှာ နုန်းဗွက်တွေကတင်။ ကွင်းထဲမှာ ပစ္စည်းမျိုးစုံ ပြန့်ကျဲလို့။

ကျွန်တော်တို့ ကြောက်ပြေးရွာကို ရောက်သွားတော့ မြင်လိုက်ရတဲ့ မြင်ကွင်းက မသက်သာပါလားဗျာ။

ကွင်းထဲမှာ ရေတွေပြည့်လို့။

ရေထဲမှာ လူသေအလောင်းတွေက ဟိုတစ်လောင်း၊ ဒီတစ်လောင်း အဝတ်အစားမရှိကြ။ ကျွဲသေ၊ နွားသေ၊ ဝက်သေတွေကလည်း ပေါလော။

"ဆရာလေး ... ရွာတော့ မရှိတော့ဘူးနဲ့တူတယ်။ အိမ်တွေလည်း မမြင်ရဘူးဗျ"

"မှန်တိုင်းဒီရေကိုး ... ဘကြီးတောရဲ့ ဘာတတ်နိုင်မှာလဲ .. လာဗျာ။ အလောင်းတွေကို လှန်ကြမယ်။ သေတာဘယ်သူလဲ သိရအောင်ပေါ့"

မှောက်ခုံဖြစ်နေတဲ့ ယောကျ်ားအလောင်းကို လှန်လိုက်တယ်။

"ပေါက်ကျိုင်းပဲ ... ဆရာလေး"

"ဟူး ..."

နောက်တစ်လောင်းကို လှန်လိုက်တယ်။ လူမိုက် ဝေသာလီ။ နောက် သာဂရ။ ပြီးတော့ ... ပြီးတော့ ... ရွာကျော် လူပေလူကြမ်း အရက်သမား အလောင်းတွေ။ အရက်ချက်ရောင်းတဲ့လူတွေရဲ့ အလောင်းတွေ။

ရွာခြေက သစ်ပင်ခွကြားမှာလည်း တွဲလောင်းကျနေတဲ့အလောင်း။ မိန်းမအလောင်းတွေလည်း အဝတ်အစား မရှိကြတော့ဘူး။ ကောင်းကင်မှာ လင်းတတွေ ဝဲနေကြပြီ။

"ဆရာလေး ... ဒီမှာ ... ဒီမှာ ကြည့်စမ်းဗျ"

"ဘာတုံး ... ဘကြီးတော"

"သူ ဘယ်သူလဲ ... ကြည့်"

"ဟာ ... ဒါ ... ဒါ ... မရွှေတစ်ဆုပ် မဟုတ်လား"

"သေချာတာပေါ့ဗျာ"





မရွှေတစ်ဆုပ်လည်း အဝတ်အစားမရှိ။ ဖောင်းကားစပြုနေပြီ။ နောက် ကပ်မိန်းမအလောင်း၊ ယောကျ်ားအလောင်းပေါင်း များစွာကို စိတ်ထိခိုက်ဖွယ် တွေ့ရတယ်ဗျာ။ အချို့က ရွှံ့တွေနစ်လို့။

ဒီမှာ လှေသမားကြီးက လက်ပြခေါ်လို့ ပြေးသွားကြတော့ သူက အလောင်းတစ်လောင်းကို လက်ညှိုးထိုးပြတယ်။ အလောင်းက ယောကျ်ား အလောင်း အကျႌမရှိတော့။ ခန္ဓာကိုယ်မှာ ပွန်းပြဲ စုတ်ပြဲနေတာ မြင်ရတယ်။ အကျႌမရှိပေမဲ့ သူ့ခါးက ဘောင်းဘီရှည်ကတော့ ရွှံ့နစ်ရည်အလူးလူးနဲ့။

"ဦးတောကျော် ... သူ့ကိုသိလား"

"အဲဒါ ဘယ်သူတုံး ... ကိုဒီလုံး"

"အဲဒါ မိရွှေတစ်ဆုပ်လင် ဓားပြမဲလုံးကြီးလေ"

"ဟေ ... ဟုတ်ရဲ့လား ကိုဒီလုံးရ"

"ရင်ဘတ်က ဆေးမင်ကြောင် သိန်းငှက်ရုပ်ပါတယ်လေ။ နှုတ်ခမ်းမွေး၊ ပုတ်ဆိတ်မွေးတွေနဲ့လေ ... အဲဒါ မဲလုံးကြီးပေါ့ တောကျော်ရဲ့။ နေဦး ... သူ့ဘောင်းဘီအိတ်က ဖောင်းနေတယ်။ ဘာများရှိတုံးမသိဘူး"

ဦးဒီလုံးက ရွှံ့တွေဝင်နေတဲ့ သေသူရဲ့ဘောင်းဘီအိတ်ထဲကို လက်နှိုက်ပြီး ဆွဲထုတ်လိုက်တယ်။ ရွှံ့တွေပေနေတဲ့ပစ္စည်း။

"ဒီလုံး ... ဘာတွေတုံးဟေ့"

"ရွှေဆွဲကြိုးနဲ့ လက်ကောက်တွေဗျ"

"ဟေ ..."

ဦးဒီလုံးက ရေနဲ့ဆေးပြလိုက်တော့ ... ဟုတ်တယ်ဗျာ ... ရွှေဆွဲကြိုးနဲ့ လက်ကောက်တွေဗျ။ ရွှေကို ဝင်းနေတာပဲ။

"ရော့ ... တောကျော် သိမ်းထား။ ဒီဘက်အိတ်ကို နှိုက်လိုက်ဦးမယ်ကွ"

ဦးဒီလုံးက ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ဆွဲထုတ်ပြတော့ ရွှံ့အနှစ်တွေပြောင်းထဲဝင်နေတဲ့ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ပြီးတော့ ရွှံ့ပေနေတဲ့ ကျည်ဆန်တွေ။

"အဲဒါ ဓားပြဗိုလ်မဲလုံးကြီးပဲ။ သူ့တပည့်တွေရော၊ မကောင်းတဲ့မိန်းမတွေရော၊ ဘုရားမဲ့၊ တရားမဲ့ ရွာသားတွေပါ သေကုန်ပြီကွ"

"ကပ်ဆေးတယ်ဆိုတာ ဒါကိုပြောတာနဲ့ တူရဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာ ဘာအိမ်မှ မရှိတော့ဘူး။ ပင်လယ်ဒီရေလှိုင်းလုံးက တိုက်စားရိုက်ပုတ်ဆွဲယူသွားလို့ မြေတလင်းဖြစ်သွားပြီ။ ရွာထဲမှာ လူမရှိ၊ ကျွဲနွားမရှိ၊ ခွေးမရှိ။

''ဘကြီးတော''

''ဆရာလေး''

''ရွာမရှိတော့ဘူး''

''အဖေကြီးခေါင်ပြောတာ မှန်နေပြီပေါ့ကွယ်။ ကပ်ဆေးတော့မယ်တဲ့။ ခုတော့ မုန်တိုင်းနဲ့ ဒီရေက ရွာကို အပြောင်ဆေးလိုက်ပြီ။ အကုသိုလ်ဒုစရိုက်ပေါများတဲ့ရွာ ရှင်းသွားပြီပေါ့''

''ဘကြီးတော ...''

''ဆရာလေး''

''ကျွန်တော်တို့ ကလေးတွေကို ဘယ်လိုပြန်ပြောကြမလဲ ဟင် ... ဘကြီးတော ဟင်လို့၊ ကျွန်တော့်တပည့်လေးတွေကို ကျွန်တော် ဘယ်လိုပြန်ပြောရမှာလဲ ... ဘကြီးတို့ရ ... ဟီး''

ကျွန်တော်ရွာပြောင်ကြီးကိုကြည့်ပြီး ငိုချလိုက်တယ်ဗျာ။ ကျွန်တော့်တပည့်တွေက အဖေ့ကိုတွေ့လားဆရာ၊ အမေ့ကိုတွေ့ခဲ့လားဆရာလို့ မေးကြရင် ...

''ဟီး ... တောက်၊ ဆိုးလိုက်တဲ့ အဖြစ်တွေဗျာ''

''ဆရာလေး ... မုန်တိုင်းလာမယ့် အခြေအနေကိုသိလို့ ကျုပ် သူတို့ကို ရှောင်ကြ၊ ရှားကြ၊ လုံခြုံရာအရပ်ကို သွားကြပါလို့ ပြောခဲ့သေးတာပဲ ဆရာလေးရယ်။ ဘုရားမဲ့၊ တရားမဲ့ လူမိုက်တွေ။ မိန်းမဆိုးတွေက ကျုပ်ကို ဆဲလွှတ်ကြတယ်။ အရက်ပုလင်းတွေ အုတ်ခဲတွေနဲ့ ပစ်ပေါက်ပြီး အော်ဟစ်နှင်ထုတ်ကြတယ်။ ကျုပ်တို့၊ ဆရာလေးတို့ တာဝန်ကျေခဲ့ပါတယ်ဗျာ၊ ကျုပ်တို့သာ တာဝန်မကျေဘူး၊ လူစိတ်မရှိကြဘူး၊ စာနာစိတ်မရှိကြဘဲ ကိုယ်လွတ်ရုန်းပြေးကြရင် အပြစ်မဲ့တဲ့ ဆရာလေးတပည့်တွေ ခုလောက်ဆို ရေပေါ်မှာ ပေါလောပေါ်သူပေါ်၊ ဟိုးပင်လယ်ထဲ မျောပါသူက ပါသွားကြပြီပေါ့ ... ဆရာလေး။ သူတို့ အကုသိုလ်ကံဒုစရိုက်အမှုက သူတို့ဘဝတွေကို စီရင်လိုက်တာပဲ။ ကလေးတွေ အသက်ရှင်ခွင့်ရတာ ဆရာလေးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ပြီးတော့ အဖေကြီးခေါင်ကိုလည်း ကျေးဇူးတင်ရမှာပဲ ... ဆရာလေး။ ဆရာကြီး





ခေါင်ကို ကျုပ်တို့က အရူးလို့ထင်ခဲ့ကြတယ်၊ ရွာက လူရမ်းကားတွေက အရူးကြီးကောင်းဆိုးဝါးကောင်ကြီး ပုလိပ်သူလျှိုဆိုပြီး လိုက်သတ်ကြတာလည်း ဆရာလေး အသိပါ။ အမှန်က ဆရာလေး ... ဆရာလေးရဲ့ မူလတန်းကျောင်းလေးကို မီးရှို့ပစ်ကြတာ ဘယ်သူတွေလဲ သိလား''

''ဘယ်သူရှို့တာလဲအဘ ဟင်''

''ပေါက်ကျိုင်းတို့က ရှို့တာ။ မိရွှေတစ်ဆုပ်က ခိုင်းတာ။ သူ့လင်ပဲလုံးကြီးက အမိန့်ပေးတာ။ ကျုပ်သိပေမင့် မပြောရဲလို့ မပြောတာပါ ဆရာလေး။ ကျုပ်ပြောရင် ကျုပ်ကို သူတို့ကသတ်ပစ်မှာလေ။ ခုမှ သူတို့ မသိနိုင်တော့လို့ ဖွင့်ပြောရတာကို နားလည်ပေးပါ ... ဆရာလေးရယ်''

''ရက်စက်တဲ့ လူတွေပဲဗျာ။ ဘယ်လိုရည်ရွယ်ချက်နဲ့ မီးရှို့ရတာလဲ ဟင် ... ဘကြီးတော''

''အရက်ချက်တဲ့ရွာ၊ ခါးပြသူခိုးရွာ၊ ပြည့်တန်ဆာများတဲ့ရွာမှာ ဆရာလေးက ငါးပါးသီလသင်လို့တဲ့''

''ဘုရား ... ဘုရား ...''

''သူတို့ရွာကို ပြောင်းလဲသွားအောင် ဆရာလေးက ကလေးတွေကို ည်းရုံးသင်ပေးလို့တဲ့။ ဆရာလေးကိုလည်း ...''

''ကျွန်တော့်ကို ဘာဖြစ်လဲ ... ဟင် ဟင်''

''ဆရာလေးကိုလည်း သတ်ပစ်ဖို့ အစီအစဉ်ရှိတယ်''

''ဗျာ''

''ဒီမှာ အရူးလို့ဆိုရတဲ့ အဖေကြီးခေါင်က ရောက်လာပြီး နိမိတ်ပြကားတွေနဲ့ ရတနာသုံးပါးမြဲဖို့ လိုက်အော်ပြောနေလို့ အရူးအဖေကြီးကို အရင်သနတ်နဲ့ပစ်ကြတာ။ အရူးအဖေကြီး အကယ်လို့ သေသွားပြီးရင် ဆရာလေးကလည့်ဖြစ်ဖို့ သေချာတယ်။ ကံကောင်းတယ်လို့ ပြောရမလား၊ ကံဆိုးတယ်လို့ ပြောရမလားမသိ။ အရူးအဖေကြီးခေါင်ပြောသလို အဖေကြီးလည်း သေဘာကလွတ်၊ ကလေးတွေလည်း သေဘေးကလွတ်ခဲ့ရတယ်။ သင်းတို့အတွက်တော့ ကပ်ဆေးကြမှာငင် မုန်တိုင်းဒီရေက စီရင်ချက်ပေါ့။ အကယ်လို့သာကြမှာမုန်တိုင်းမဝင်ဘူးဆိုရင် အဖေကြီးကိုမသတ်ရရင် ဆရာလေးကို သူတို့သတ်မှာ သေချာတယ် ... ဆရာလေး။ ဒီအကြောင်းတွေ သူကြီးရေခဲကရက်မူးပြီး ပါးစပ်ဖွာလို့ သိရတာ။

www.burmeseclassic.com



ဆရာလေးက သူတော်ကောင်းပါ။ ကလေးတွေကို ရတနာသုံးပါး အနန္တောအနန္တငါးပါးသိနားလည်အောင် သင်ပေးတဲ့ဘုရားလူပါ။ သူတို့က ရတနာသုံးပါးစော်ကားတဲ့ လူမိုက်၊ လူကြမ်း၊ ဘုရားမဲ့တွေဆိုတော့ ငရဲရဲ့ အကျဉ်းသားတွေ ဖြစ်သွားကြတာပေါ့။ ကျုပ်တို့အားလုံးကို အသက်ရှင်သန်ခွင့်ပေးတာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာရဲ့ ဂုဏ်ကျေးဇူးနဲ့ ဆရာလေးအပါအဝင် အရှုးလို ရှုတ်တရက်ရောက်လာတဲ့ အဖေကြီးအောင်မင်းခေါင်လို့ မှတ်ယူပါတယ် ... ဆရာလေး။

ဆရာလေးတို့၊ ကျုပ်တို့က ဗုဒ္ဓဘာသာဝင်တွေလေ။ ကံ,ကံရဲ့အကျိုးကို ယုံကြည်လက်ခံထားကြတာပဲ။ ကောင်းတာလုပ်ရင် သုစရိုက်ကုသိုလ်ကံ။ ဒီသုစရိုက်ကုသိုလ်ကံကလည်း အကျိုးပေးတာပါပဲ။ မကောင်းမှုတွေလုပ်တော့ ဒုစရိုက်အကုသိုလ်ကံတဲ့။ ဒုစရိုက်အကုသိုလ်ကံကတော့ အကျိုးပေးမြန်တာပေါ့ ဆရာလေးရယ်။ တရားနဲ့ ဖြေကြတာပေါ့။ ကိုင်း ... ကလေးတွေ မျှော်နေကြတယ်။ သွားကြစို့ ... ဆရာလေး''

ဘကြီးတောကျော် တရားပြလို့ ကျွန်တော့်ရဲ့ ဝမ်းနည်းကြေကွဲ ခံစားချက်တွေ လျော့ပါးလာတယ်ဗျာ။ သည့်နောက် ကျွန်တော်တို့ ရွာပျက်ရွာပြောင်ကြီးကို တစ်ပတ်လှည့်ကြည့်ပြီး ကိုးနဝင်းရွာကို ပြန်ခဲ့ကြတယ်။

မိဘမဲ့ကလေးတွေရဲ့နောင်ရေးကို ဆွေးနွေးရင်း လာခဲ့တုန်းမှာပဲ ..

''ကယ် ... ကယ်ကြပါ ... အား ဟင်း ဟင်း ဟင်း''

''ဟ ... လူသံမဟုတ်လားဟေ့''

''ကယ် ... ကယ် ... ကြပါ ... အင်း ဟင်း ဟင်း''

''လူသံဗျ ... ဘကြီးတော။ ဟောဟို ကျောက်ကုန်းလေးကဗျို့။ လာ သွားကြည့်ကြမယ်''

ရေဖွက်တွေကို ခုန်လွှားနင်းကျော်ပြီး လာခဲ့လိုက်ရော ရေစပ်စပ်ကျောက်စရစ်ကုန်းပေါ်မှာ ရွှံ့တွေပေလူးပြီး တုံးလုံးပက်လက်ဖြစ်နေတဲ့ လူငါးယောက် အမျိုးသမီးကနှစ်ယောက်၊ ယောကျ်ားသားက သုံးယောက်။

ပါးစပ်ဟစိဟစိနဲ့ အသက်ကိုကြိုးစားရှူနေတာ မြင်ရပါရော။ ငါးယောက်စလုံး အဝတ်အစားမရှိကြဘူး။

''မသေသေးဘူးဗျ''

''ဟဲ့ကောင် ... နင် ဘယ်သူတုံး ... ပြောလို့ရလားဟဲ့''





''ကျုပ် ... ကျုပ် ... သံ ... သံလုံးပါ ... ရေ ... ရေ ပေး''

''ဟေ ... သံလုံး ... သံလုံး ... အားတင်းထားစမ်း ... ငါတို့ရှိတယ်။ ကျောင်းဆရာလေးလည်း ရှိတယ်။ ထူပေးကြပါဟေ့''

သံလုံးတဲ့။

ကျွန်တော်တို့ သူတို့ငါးယောက်ကို ထူပေးကြပြီး အနီးရှိရေနဲ့ ပက်ဆေးပေးကြတော့ သူတို့မျက်နှာရုပ်တွေ ပေါ်လာကြတယ်။

''ဟဲ့ ... ဟိုဟာ ... မိသေးနဲ့ မိမွေးမဟုတ်လားဟဲ့''

''ဟုတ် ... ဟုတ် ... အား ... နာလိုက်တာ ... ဘ ... ဘကြီးရဲ့ ... ဟီး ...''

ငါးယောက်စလုံး ရေနဲ့သန့်စင်ပေးတော့ သတိရလာကြတယ်။ ကိုယ်လုံးတီးဖြစ်နေတဲ့ မိန်းမနှစ်ယောက်ကို ပခုံးသိုင်းလာတဲ့ ပုဆိုးတွေ ဝတ်ပေးလိုက်တယ်။ ရေ ... ရေလို့တောင်းနေတာနဲ့ အိုးခြမ်းကွဲထဲက မိုးရေပဲ လက်ခုပ်နဲ့ ခပ်တိုက်ရတယ်။ သူတို့ပါးစပ်ထဲ ရေဝင်သွားတော့ လှုပ်ရှားလို့ရလာတယ်။

''မင်းတို့ မသေတော့ဘူးကွ .. သံလုံးရေ၊ လမ်းလျှောက်လို့ရမလား''

''ခဏလေး အမောဖြေပါရစေ ... ဘကြီးတို့၊ ဆရာလေးတို့ရာ ... ဟူး ...။ ဆရာလေးတို့သာမတွေ့ရင် ကျုပ် ... ကျုပ်တို့ သေပြီဗျာ ဟီး''

''သံလုံး ...''

''ဗျာ ...''

''မင်းတို့နားမှာ ငှက်ပျောခွံတွေပါလား။ မင်းတို့ စားထားတာလား''

''ဟုတ်တယ် ... ဟို ... ဟို ... အ ... အရူးကြီး ... ကျွေး ... ကျွေးတာ''

''ဟေ ... သူ ... သူ ... ဒီကိုလာသွားတယ် ... ဟုတ်လား''

''ရေ ... ရေ ...''

''ရော့ ... ရော့ ... ဖြည်းဖြည်းပြော၊ ထနိုင်ရင် သွားမယ်နော်''

''ကျုပ် ... ကျုပ်တို့ ... ဇရပ်ပေါ်မှာ သောက်ကြတယ် ... အဟွတ် အဟွတ် ...။ ဗိုလ်မဲလုံးကြီးတို့ ... အချိုကြီး ... ရ ... ရလာလို့ ... အောင်ပွဲခံတာ။ သောက်လို့ပျော်လို့ကောင်းနေတုန်း မိုးတွေလေတွေ ကျလာတယ်။ ဘကြီးတောက လာခေါ်တယ်။ မုန်တိုင်းတဲ့ ...။ ကျုပ် .. ကျုပ်တို့ ဘကြီးကို ဆဲလွှတ်ခဲ့တယ်။ တောင်းပန်ပါတယ် ... ဘကြီးတောရယ် ... ဟီး ဟီး''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မတို့လည်း တောင်းပန်ပါတယ် ... ဘကြီး''

''အေးပါ ... အေးပါ ... ဆက်ပြောပါဦး''

''မုန်တိုင်းကျလာတယ်။ လေနဲ့မိုးကြီး ရွာချပြီး အိမ်တွေရော၊ ဇရပ်ပါ ပြိုကျသွားတယ်။ အတော်များများက မူးပြီး အိပ်ပျော်နေကြတယ်။ အဲဒီမှာ ဒီရေတွေတက်ပြီး ဒီလှိုင်းကတွန်းပစ်လိုက်တော့ အကုန် ဒီရေနဲ့ပါသွားတယ်။ ဟူး ... ကျွန်တော်တို့၊ မိသေးတို့၊ မူးမူးနဲ့ လျှောက်ပြေးနေတုန်း ဒီလှိုင်းလုံးနဲ့ လွင့်ပါသွားပြီး ဟိုးရှေ့က လယ်ကွင်းထဲ ကျကြတယ်။ ပြန်ထ ပြေးတုန်း လေတိုက်ပြီး လဲကျကြတယ်။ နောက်တော့ သတိလစ်သွားတာပဲ။ သတိရလို့ ကြည့်တော့ နွံတွေ၊ ပင်လယ်ရေက ကျုပ်တို့ကို ဖုံးသွားတယ်။ မုန်တိုင်းစဲပြီး ကျုပ်တို့ မိုးရေထိလို့ပြန်သတိရလာတော့ နှာခေါင်းနဲ့ပါးစပ်ပဲပေါ်တော့တယ်ဗျ။

ရွှံ့နွံတွေ ဖုံးနေပြီး သေရတော့မှာသိတော့ ကြောက်ပြီး ဘုရားလည်းတ၊ အမေလည်းတ၊ အော်ဟစ်ငိုယိုနေတုန်း ... ဟို ... ဟို ... အရူးကြီး ရောက်လာပြီး ရွှံ့ဗွက်နစ်နေတဲ့ ကျုပ်တို့ငါးယောက်ကို ဒီကျောက်စရစ်ကုန်းပါ်တင်ပေးပြီး မျက်နှာနဲ့ နှာခေါင်း ပါးစပ်က ရွှံ့တွေကို သန့်ရှင်းပေးတယ်ဗျာ။ အား ကျွတ် ကျွတ် ... ပြီးတော့ ငှက်ပျောသီးတွေကို ရင်ဘတ်ပေါ် တင်ပေးခဲ့တယ်။ လက်ထဲ ထည့်ပေးတယ်။ မင်းတို့ မသေတော့ဘူး၊ မင်းတို့ ဘုရားတ,လို့၊ အမေတ,လို့ အသက်ရှင်တာတဲ့။ အခု ဘုရားတ,လို့ ဘုရားက ကယ်လိုက်တာ။ နောက်တစ်ခါဆို မင်းတို့ကိုယ်မင်းတို့ ပြန်ကယ်ကြတဲ့ ... ဟူး ဟူး''

''ပြောပြီး သူ ရွာရိုးရာဘက် ... ပြေး ... ပြေးသွားတယ်ဗျာ။ ကျုပ်တို့လည်း သူပေးတဲ့ ငှက်ပျောသီးတွေစားပြီး အိပ်ပျော်သွားကြတယ်။ နိုးလာတော့ နေပူလို့ အော်နေတုန်း ဘကြီးတို့ .. ရောက် ... ရောက်လာ ... ကြ ... တာ ... ဟူး ...''

''သံလုံး''

''ဗျာ ... ဗျာ ...''

''အရူးကြီးရဲ့ စေတနာမေတ္တာကို သိပြီလား ဟင် ... လူမိုက်''

''သိ ... သိပါပြီဗျာ။ အဲ ... အဲဒီလူကြီးကို ... ကန်တော့တောင်းပန်ပါတယ် ... ဗျာ ဗျာ''

''ဟဲ့ ... ဟို မိစ္ဆာဒိဋ္ဌိမတွေ''

''ရှင် ... အင် ...''





''နင်တို့ နင်တို့အမှားတွေကို သိကြရဲ့လား ... တိရစ္ဆာန်မတွေရဲ့''

''သိ ... သိပါပြီ ... ဘ ... ဘ''

''ကျွန်မတို့ ... မှား ... မှားပါတယ် ... လွန်ပါတယ် ... ဆရာမလေးရယ် ... ဟီး''

''မင်းတို့ ဘယ်သူကြောင့် အသက်ရှင်တာလဲ ... သိလား''

''သိ ... သိပါပြီဗျာ ... တောင်းပန်ပါတယ်ဗျာ''

''မင်းတို့ အရက်ချက်ကြဦးမလား ... သံလုံး''

''မ ... မချက်တော့ဘူး ... ဘူး ...''

''ဟိုဟာမတွေ ဖြစ်ချင်တိုင်း ဖြစ်ကြဦးမှာလား''

''မ ... မလုပ်တော့ပါဘူး ... ဘ ... ဘ''

''ထကြည့်ကြစမ်း''

''အား ... ကျွတ် ကျွတ်''

''သေဘေးကလည်း လွတ်လာပြီ။ ငှက်ပျောသီးလည်း စားပြီးပြီ။ ရေလည်း တစ်ဝသောက်ပြီးပြီ။ ထ ... လမ်းလျှောက်''

''အ ... ဘ ... အမလေး ... နာလိုက်တာတော်''

''နာနာကျဉ်ကျဉ် ... ထ ... လျှောက်ကြစမ်း''

''အား မ လေး တော်''

နောက်ဆုံး အချိန်အကုန်မခံနိုင်တော့လို့ သူတို့ကို ထိန်းတွဲပြီး ရွာကို ရွေ့ရွေ့ရွေ့ လှမ်းခဲ့ကြတယ်ဗျာ။ တစ်နာရီခရီးကို နှစ်နာရီမျှကြာအောင် လာခဲ့ကြပြီးရော ကိုးနဝင်းရွာကို လှမ်းမြင်ရတယ်။ ကျွန်တော့်ကလေးတွေက 'ဆရာ' လို့အော်ပြီး ပြေးလာနေကြတယ်။

ကျွန်တော်တို့ အဖေ၊ အမေရော ပါလာလားဆရာလို့ ဝိုင်းမေးကြမှာကို ဖြေဖို့ ရင်တွေ တုန်နေပါပြီဗျာ။

✿ ✿ ✿

www.burmeseclassic.com

[ ၁၄ ]

❑

"ဦးလေးပေါ်ထူးရယ် . . . ကိုးနဝင်းရွာပြန်ရောက်တဲ့ ညနေကတော့ ငှက်ရိုက်သံတွေ အိုင်ထွန်းမျက်ရည်တွေနဲ့ ညံ့နေတဲ့ ညပေါ့ဗျာ။ ဟိုကလေးချော့ရဲ့ ဒီကလေး နှစ်သိမ့်ရနဲ့ သန်းခေါင်ကျော်တော့မှ သူတို့ ကျွန်တော့်နံဘေးမှာ ရှိုက်ရင်း အိပ်ပျော်သွားကြတယ်။

သြော် ဖခင်မိုက်၊ မိခင်ဆိုးတွေရဲ့ဆိုးမွေကို ခံစားရတဲ့ အပြစ်မဲ့ကလေးတွေပဲပေါ့ဗျာ။ အဲဒါ ကျွန်တော် ကြုံခဲ့၊ သိခဲ့ရတဲ့ ကြောက်ပြေးရွာရဲ့ဘဝရယ်။

အလွန် အံ့ဩစရာကောင်းတဲ့ အဖေကြီးအောင်မင်းခေါင်ရဲ့ အကြောင်းပါပဲ . . . ဦးလေးပေါ်ထူး"

ကျောင်းဆရာ ကိုကြည်လင်းက သူတွေ့ကြုံခဲ့ရတဲ့ ရွာကြမ်း၊ လူကြမ်းတွေရဲ့ ကပ်ဆေးတဲ့ထဲ ပါသွားတဲ့ ဘဝနဲ့ . . .

ဆရာကြီး အောင်မင်းခေါင် (ခေါ်) ဆရာကြီးခေါင်နဲ့ ရက်ပိုင်းအတွင်း ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်အကြောင်းကို ပြောပြပြီး စကားကို ရပ်လိုက်တယ်။ သူက ဇာတ်ကြောင်းကို ရပ်လိုက်ပေမင့် ဇာတ်မဆုံးသေးဘူးလို့ သိထားလို့ ကျုပ်က ထပ်မေးလိုက်တာပေါ့ဗျာ။





"ဆရာလေး . . ."

"ဟုတ်ကဲ့ . . . ဦးပေါ်ထူး"

"ဆရာလေးတို့ ကိုးနဝင်းရွာကို ပြန်ရောက်ကြတော့ အဖေကြီးအောင်မင်းခေါင်နဲ့ ထပ်တွေ့ကြသလား။ မိဘမဲ့ကျောင်းသားတွေရော ဘယ်လိုရပ်တည်နေထိုင်သလဲ ပြောပါဦး . . . ဆရာလေး"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ တွေ့ချင်တဲ့ အဖေကြီးအောင်မင်းခေါင် တစ်ညနေလုံး၊ တစ်ညလုံး ပေါ်မလာခဲ့ပါဘူး . . . ဦးပေါ်ထူးရယ်"

ကိုးနဝင်းရွာက ဆရာတော်ရော၊ ရွာသူရွာသားတွေရော၊ ကျွန်တော်တို့ရော မျှော်ကြတာပေါ့။ သေရွာပြန်ကိုသံလုံးတို့၊ မမွေးတို့ ငါးဦးကလည်း အဖေကြီးကို ကန်တော့တောင်းပန်ချင်လို့ မအိပ်ဘဲ မျှော်ကြပေမင့် . . .

မိုးလင်းလို့လည်း ပေါ်မလာခဲ့ဘူး။

ကျွန်တော်တို့လည်း ကပ်ဆေးရွာပျက်ကြီးအနှံ့ လိုက်ရှာကြတယ်။ လုံးဝမတွေ့တော့ဘူး တနင်္ဂနွေလာနိုးလာနိုး မျှော်ခဲ့ကြပေမင့် အဖေကြီးအောင်မင်းခေါင် ပေါ်မလာဘူး။ သို့သော် သူတို့တပည့် ရွာသူရွာသားတွေအားလုံးက သူတည်ပေးခဲ့တဲ့ ကိုးနဝင်းကပ်ကျော် ကိုးတောင်ပြည့်စေတီလေးမှာ ပန်း၊ ရေချမ်း၊ ဆီမီးတွေ ပူဇော်နေဆဲ။

ကျေးဇူးရှင်အဖေကြီး သက်ရှည်ကျန်းမာပါစေလို့ နေ့တိုင်း၊ ညတိုင်း ဆုတောင်းမေတ္တာ ပို့ကြတယ်ခင်ဗျ။

ကျွန်တော်လည်း ရွာကနေမပြန်နိုင်ဘူးပေါ့ ဦးပေါ်ထူးရယ်။ မိဘမဲ့တပည့်တွေအရေးလေ။ သူတို့မှာ အားကိုးရမယ့်မိဘတွေ မရှိကြတော့ဘူး။ နေစရာအိမ် မရှိကြတော့ဘူး။ ဝတ်စရာအဝတ်၊ စားစရာထမင်း မရှိကြတော့ဘူးလေ။ ကျွန်တော် ဒီကလေးတွေပစ်ထားပြီး ဘယ်လိုလုပ် မြို့ပေါ်ပြန်လို့ရမှာတုံးဗျ။

ကိုးနဝင်းရွာဘုန်းတော်ကြီးကျောင်းမှာပဲ သူတို့နဲ့အတူနေတယ်။ ဆရာတော်နဲ့ ရွာက သူတို့လေးတွေကို သနားကြလို့ စားရေးကိစ္စ တာဝန်ယူပေးကြတယ်။

ကျွန်တော်က ဘုန်းကြီးမွှာရုံထဲမှာ သူတို့ကို စာဆက်သင်ပေးတယ်။ ကျွန်တော် လေးငါးလစုထုတ်လို့ရတဲ့ ကျောင်းလခနဲ့ သူတို့အတွက် စာအုပ်၊ ကျောက်သင်ပုန်း၊ ခဲတံ၊ ကျောက်တံ၊ ဖတ်စာအုပ်တွေ ဝယ်ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ဆရာလို၊ အဖေလို၊ အမေလို၊ အစ်ကိုကြီးလို့ ကလေးတွေက ချစ်ခင်လေးစား အားကိုးကြလေရဲ့။ ရွာကလူတွေက ကျွန်တော့်ကို သူတို့ရွာမူလတန်းကျောင်းက ဆရာမလေးနဲ့ အောင်သွယ်ပေးကြတယ်။

ကျွန်တော် အိမ်ထောင်ရေးကို စိတ်မဝင်စားတော့ဘူးဗျာ။ မိဘမဲ့ သနားစရာကလေးတွေကို ယဉ်ကျေးလိမ္မာတဲ့ ကလေးတွေ၊ ရတနာသုံးပါး လေးစားယုံကြည်တဲ့ ကလေးတွေဖြစ်အောင် ငါးပါးသီလနဲ့နေတတ်တဲ့ ကလေး လူတော်လူကောင်းလေးများဖြစ်အောင် ကျွန်တော်နဲ့ ရွာကျောင်းဆရာတော်တို့ ကြိုးစားပဲ့ကိုင်ပေးကြတယ်။

ဦးကြီးတောကျော်တို့မိသားစု၊ ဦးဒီလုံးတို့မိသားစုနဲ့ ကိုသံလုံးတို့၊ မမွေး တို့ သေရွာပြန်လူစုတွေ ပင်လယ်ရွာကြောက်ပြေးကုန်းကို ပြန်သွားကြတယ်။

ကျွန်တော် ကျောင်းပိတ်တဲ့နေ့ ရွာပျက်ကြီး ကြောက်ပြေးရွာကို ရောက်သွားတော့ ရွာပျက်ကြီးမှာ ဘာအိမ်မှ မရှိဘူး။

ရွာသစ်ကလေးကို လေကွယ်တောင်ကုန်းတစ်ခုရဲ့အခြေမှာ တည်ထား ကြတာကိုး။ အိမ်လေးတွေအားလုံး ဆယ်အိမ်ရှိနေပြီ။ ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေ ရှိနေကြပြီ။

စိုက်ခင်းလေးတွေတောင် လုပ်ထားကြလို့ဗျ။

ယင်လုံအိမ်သာလေးတွေက အိမ်တိုင်းမှာရှိရဲ့ခင်ဗျာ။

ကျွန်တော့်ကိုမြင်တော့ ဆရာလေးလာပြီဟေ့ဆိုပြီး အော်ကြ၊ ခေါ်ကြ၊ ထမင်းခေါ်ကျွေးကြ၊ ဝမ်းသာလိုက်ပါဘိဗျာ။ ရွာသစ်လေးမှာ အရက်ချက်တဲ့သူ မရှိဘူး၊ ထန်းရည်ရောင်းတဲ့သူ၊ ဘိန်းမည်းရောင်းတဲ့လူ လုံးဝမရှိ။

မိန်းမရှုပ်၊ မိန်းမပျက် လုံးဝမရှိ။

ဘကြီးတောကျော်က မြက်၊ ဆူးချုံတွေရှင်းထားတဲ့ ကုန်းမို့မို့လေး ပေါ်က မြေကွက်ကို လက်ညှိုးထိုးပြပြီး ...

''အဲဒီ ကုန်းပြန့်ပေါ်မှာ ဘုန်းကြီးကျောင်းဆောက်ဖို့ ... ဆရာလေးရဲ့။ ကျောင်းထိုင်သံဃာလည်း ကြိုပင့်ပြောထားပြီးပြီ ... ဆရာလေး''

''ဘကြီးတော ... ဝမ်းသာလိုက်တာ ဘကြီးရာ''

''ဆရာလေး ... ဟောဟိုရှင်းထားတဲ့ မြေကွက်ကို တွေ့လား''

''ဘာလဲ ... ဘော်လုံးကစားကွင်း လုပ်ဖို့လား''





''လွဲသွားပြီ ... ဆရာလေးရွေးတာ လွဲသွားပြီ။ အဲဒီကွက်လပ်မှာ ဆရာလေးနဲ့ ကလေးတွေအတွက် စာသင်ကျောင်းဆောက်ဖို့ စီစဉ်ထားကြ ပြီဗျာ''

''ဝမ်းသာလိုက်တာ ... ဘကြီးရာ၊ ဒါနဲ့ ဒီရွာသစ်လေးကိုရော ရွာ အမည်ပေးပြီးပြီလား။ ကြောက်ပြေးရွာလို့ပဲလား''

''ကြောက်ပြေးရွာ၊ ကြက်ပြေးရွာဆိုတဲ့အမည်ဟောင်းက မုန်တိုင်းနဲ့ပါ သွားပြီ ဆရာလေးရေ။ အခုရွာသစ်လေးရဲ့အမည်က မေတ္တာပင်လယ်ရွာတဲ့''

မေတ္တာပင်လယ်ရွာ၊ ရှယ်နာမည်ပဲဗျာ။

မေတ္တာပင်လယ်ရွာတဲ့။ တန့်ဖိုးလည်းရှိ၊ အတိတ်နိမိတ်လည်းကောင်း တဲ့ အမည်ဗျာ။ ဒီရွာမှာ အမုန်းတွေမရှိ၊ ပြိုင်ဆိုင်မှုမရှိ၊ လောဘ,ဒေါသမရှိ၊ အချစ်တွေ သီးပွင့်နေပါ၏။

''ဆရာလေး ...''

''ဗျာ ... ဘကြီး''

''နောက်ဆုံး ပြစရာနေရာရှိတယ်''

''ရှိသေးတာပဲလား ဘကြီး''

''ရှိတာပေါ့ ဆရာလေး။ ဒီနေရာက အရေးကြီးဆုံးနေရာပဲ လာ''

ကျွန်တော်နဲ့ ဘကြီးတောကျော် ရွာသစ်လေးရဲ့ ရွာထိပ်ကို ရောက် ခဲ့ကြတယ်။ ရွာထိပ်မှာ ရာဇမတ်တွေကာထားတဲ့ ပေ(၆၀)ပတ်လည်ခန့်နေရာ ကို တွေ့ရတယ်။ အရိပ်ရပင်ပေါက်တွေတောင် ပတ်ပတ်လည် စိုက်ထားလို့။

''ဒီနေရာ ဘာလုပ်ဖို့လဲ ... သိလား''

''မသိ''

''ကိုးတောင်ပြည့်စေတီတည်ဖို့ သီးသန့်ထားတဲ့ နေရာပေါ့ ... ဆရာ လေးရာ။ အဖေကြီးအောင်မင်းခေါင် ရွာကိုပြန်လာတဲ့နေ့ကျရင် အဖေကြီးကိုယ်တိုင် ထီးတော်တင်ပေးမယ့် ကိုးနဝင်းကပ်ကျော် စေတီတစ်ဆူတည်ဖို့ မင်္ဂလာမြေမြှတ် နေရာဗျ''

✿ ✿ ✿

www.burmeseclassic.com

{ ၁၅ }

❑

ကျွန်တော့်တပည့်လေးတွေ သူတို့အရင်နေခဲ့တဲ့ မွေးရပ်မြေကို သွားကြည့်ချင်တယ်လို့ ကျွန်တော့်ကို တောင်းဆိုပူဆာလာကြတယ်ဗျ။

''ဆရာ . . . သားတို့ အမေတို့ရွာကို သွားကြည့်ချင်တယ်''

''သမီးတို့လည်း သွားချင်တယ်။ ဆရာ . . . ပို့ပေးနော် နော်''

ဘာဖြစ်လို့ အဲဒီရွာဟောင်းကို သွားချင်ကြတာလဲ သားတို့၊ သမီးတို့ ရယ်လို့ မမေးရက်ပါဘူးဗျာ။ မေးလိုက်ရင် တည်ငြိမ်စပြုနေတဲ့ သူတို့နှလုံးသားနုနုလေးတွေ တုန်ခါလှုပ်ခါသွားမှာ စိုးရိမ်လို့ပါ။

အဲဒီရွာ ပင်လယ်ကမ်းခြေက ရွာကလေးမှာ သူတို့ကို ပင်လယ်ရနံ့နဲ့ မွေးဖွားခဲ့တာလေ။ သူတို့ရဲ့အချင်းတွေ ဒီပင်လယ်ရွာဆားငန်မြေမှာ မြှုပ်ခဲ့ကြတယ်။ ပင်လယ်ကြီးရဲ့ရှေ့မှာ သူတို့ဆော့ကစားခဲ့ကြတယ်။ ပင်လယ်ကြီးထဲ နေလုံးနီနီ ရေငုပ်သွားတာကို လက်ပြနှုတ်ဆက်ခဲ့ကြဖူးတယ်လေ။ သူတို့ မွေးရပ်ရွာကလေးကို သတိရကြတာပေါ့။

သူတို့ရဲ့ မိဘတွေကိုလည်း သတိရကြတာပေါ့။





သူတို့ရဲ့ အစ်ကို၊ အစ်မတွေကို လွမ်းကြမှာပေါ့။

ဒီရွာလေးမှာ သူတို့ကစားခဲ့ကြတဲ့ အိုးပုတ်၊ ချုံးရုပ်နဲ့ အုန်းလက်နွားရုပ်ကလေးတွေကို သတိတရ သွားရှာချင်ကြမှာပေါ့။

''သားတို့၊ သမီးတို့ . . .''

''ဟုတ်ကဲ့ပါ ဆရာ''

''သမီးတို့၊ သားတို့ ရွာဟောင်းကို ဆရာ လိုက်ပို့ပေးမယ်''

''ဝေး . . .''

''ဝေး . . . ဒါမှ ငါတို့ဆရာကွ . . . ဝေး ဟေး ဝေး ဟေး''

လိုက်ပို့ပေးမယ်လို့ ပြောလို့ သူတို့ဝမ်းသာပြီး ကကြ၊ ခုန်ကြ၊ ပျော်နေကြတယ်ဗျာ။

''ဆရာ မင်းတို့ကို ပြောစရာတော့ ရှိတယ်''

''ဟုတ်ကဲ့ပါ''

''မင်းတို့ ရွာကိုရောက်ရင် မငိုရဘူး။ အဲဒီကတိ ပေးနိုင်မလား။ ကတိပေးနိုင်ရင် လိုက်ပို့ပေးမယ်။ ဘယ့်နှယ်တုံး . . .''

''မငိုပါဘူး ဆရာ။ စိတ်ချပါ''

''သမီးတို့လည်း မငိုပါဘူးဆရာ''

''တကယ်ပြောတာလား''

''တကယ်ပါ ဆရာ''

''ကောင်းပြီ . . . မနက်ကျ ထမင်းစားပြီးရင် သွားကြမယ်''

''ဝေး ဟေး ဟေး ဟေး''

''ဝေး ဝေး ဝေး . . . ဟေး ဟေး ဟေ့''

သူတို့ ပျော်နေကြတယ်။ ရယ်မော ပြုံးရွှင်နေကြတယ်။ ဒီအပြုံးတွေကြာရှည်ခံစေချင်တယ်။ ဒီအပြုံးတွေကို အင်အားအဖြစ် စားသုံးပြီး အရွယ်ရောက်သူ လူတော်သူကောင်းလေးတွေ ဖြစ်စေချင်တယ်ဗျာ။

ကလေးတွေ နံနက်စာ ထမင်းစားပြီးနောက် ကျွန်တော်ဦးဆောင်ပြီး သူတို့မွေးရပ်မြေ ပင်လယ်ရွာလေးရှိရာကို သွားခဲ့ကြတယ်။

ပင်လယ်ရွာသွားတဲ့ လမ်းတစ်လျှောက်မှာ သူတို့က ကလေးကဗျာတွေ သံပြိုင်ရွတ်ပြီး သွားနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆွမ်းအုပ်နီနီ အမေရွက်လို့၊
နက်ဖြန်သဘက် ကျောင်းတက်မယ် ...
မောင်လည်းလိုက်မယ် ချန်မထားနဲ့၊
အမေသွားတော့ ပျင်းလှတယ် ...
ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့၊
ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ် ...
မောင်မဆော့ပေါင် စိတ်ပုတီးနဲ့
ဘုန်းတော်ကြီးလို နေပါ့မယ် ...
လိုက်မယ် ... လိုက်မယ် ... ဝေး ဟေး ဟေး ..."

နားထောင်လို့ ကောင်းလိုက်တာဗျာ။ သူတို့ ထပ်ကာတလဲလဲ ပျော်ရွှင်စွာ အော်ဆိုနေတာဗျာ။ သူတို့ အော်ဟစ်သီဆိုနေတဲ့ ကဗျာလေးကို ဟောဒီလယ်ကွင်းတွေ ကြားကြမှာဗျ။ ဟိုးရှေ့က ပင်လယ်ကြီးလည်း ကြားမှာဗျ။ ကောင်းကင်ပြာကြီးလည်း နားစွင့်လို့။ ကြည့်စမ်း သစ်ရွက်လေးတွေ လှုပ်နေတယ်။ ဝါးပင်အဖျားတွေ နွဲ့ပြနေတယ်။ သူတို့ ကဗျာရွတ်သံကြားလို့ အားပေးနေတာဗျာနော။

ကျွန်တော့်တပည့်တွေ သူတို့နေတဲ့ ပင်လယ်ရွာ ကြက်ပြေး၊ ကြောက်ပြေးရွာမှာ မမြင်ဖူးတဲ့ ဆွမ်းအုပ်နီနီကို ကိုးနဝင်းရွာမှာ မြင်ဖူးခဲ့ကြပြီ။ ဆွမ်းအုပ်နီနီတွေကို မိခင်တွေ၊ အဘွားအိုတွေ ခေါင်းပေါ်ရွက်ပြီး ဘုန်းတော်ကြီးကျောင်းသွားကြတာ မြင်ဖူးကြပြီဗျာ။ ဥပုသ်စောင့်တဲ့အကြောင်း သူတို့ သိသွားကြပြီဗျာ။

ကျောင်းကြီးပေါ်မှာ သူတို့ လုံးဝ မဆော့ကြပါ။
ဘုန်းတော်ကြီးက သူတို့ကို တန်ဖိုးထားပါတယ်ဗျာ။
"ကလေး ရှေ့က မင်းတို့နေတဲ့ရွာပဲ သားတို့"
"ဟင် ... အိမ်တွေလည်း မရှိဘူးနော် ဆရာ"
"ဆရာ ... သမီးတို့အိမ်လေးရော ဟင်"
"ဆ ... ရာ ..."

သူတို့ ပြောင်တလင်းဖြစ်နေတဲ့ ရွာမြေပြင်ကို ကြည့်ပြီး အသံတွေတိတ်သွားကြတယ်။ ဟိုဒီဝဲယာကိုလည်း လိုက်ငေးကြည့်ကြတယ်။ အိမ်တွေမရှိ။ ကျွဲနွား၊ ဝက်တွေမရှိ။ ဘဲအုပ်၊ ကြက်အုပ်တွေ မရှိ။ ကျူပင်မရှိ။ ဓနိပင်မရှိ။ ခရာပင်မရှိ။ သားရေခေါ်သံ မကြားရ။ သမီးရေခေါ်သံ မကြားရ။ ပင်လယ်ကကမ်းခြေကို လှိုင်းလုံးကြီးတွေ ရိုက်ပုတ်ပြီး အသံပေးနေတယ်။





သူတို့ ... သူတို့ မျက်လုံးအိမ်ထဲမှာ မျက်ရည်ဥတွေ တလိမ့်လိမ့်စီးကျ၊ တစ်ပေါက်ချင်းစီးကျနေကျ။ ကျွန်တော့်ပါးပြင်ပေါ်မှာလည်း မျက်ရည်လုံးတွေ တလိမ့်လိမ့်စီးကျ။

ဒီအချိန်မှာ ဟိုးပင်လယ်ရေပြင်ပေါ်ကနေ စက်လှေကြီးတစ်စီး တရွေ့ရွေ့လာနေတာကို မြင်လိုက်လို့ ...

"သားတို့၊ သမီးတို့ရေ ... ဒီမှာ လာကြည့်ကြစမ်းဟေ့"
သူတို့ ကျွန်တော်ရှိရာကို ပြေးလာကြတယ်။
"ဆရာ ... ဘာတွေ့လို့လဲ ဟင်"
"ဟိုး ... ပင်လယ်ထဲကို ကြည့်လိုက်စမ်း။ စက်လှေကြီးတစ်စီး ... တွေ့လားဟေ့"
"တွေ့တယ်ဆရာ တွေ့တယ်"
"သူတို့ ဒီကိုလာနေတာလား ဟင်"
"ဟုတ်မယ်နဲ့ တူတယ်ကွယ့်"
"ဆရာ ... ဟိုသေးသေးလေးတွေက ဘာလဲဟင်"
"အဲဒါ ပင်လယ်ထဲ ငါးဖမ်းထွက်တဲ့ တံငါလှေတွေ ... သမီးရဲ့"
"လှလိုက်တာနော်"
"ငါတို့ စက်လှေကြီးကို လက်ပြရအောင်ဟေ့"
"ဟုတ်တယ် ... လက်ပြကြမယ်"
"စက်လှေကြီး ... စက်လှေကြီး ... မင်္ဂလာပါ စက်လှေကြီး ..."
"မင်္ဂလာပါ ... စက်လှေကြီးရေ"

သူတို့ ဝမ်းသာအားရ စက်လှေကြီးကို လက်ပြနှုတ်ဆက်နေကြတယ်ဗျာ။ သူတို့ပါးပြင်ပေါ်မှာ မျက်ရည်တွေ ခြောက်သွေ့သွားပြီဗျ။ လွမ်းငွေ့တွေ ကင်းစင်သွားကြပြီ။ သူတို့နဲ့အတူ ကျွန်တော်လည်း လက်ပြနှုတ်ဆက်လိုက်တယ်။ ပင်လယ်လေက သူတို့ရဲ့ဆံပင်တွေကို ထိမိပြီး နွဲ့နေတယ်။

"မင်္ဂလာပါ ... စက်လှေကြီး"
"မင်္ဂလာပါ ... စက်လှေကြီး"

ပင်လယ်လေက သူတို့ သံပြိုင်အော်နှုတ်ဆက်နေတဲ့ အသံကို အရှိန်ပေးနေပြီဗျ။ ဒီအချိန်မှာပဲ စက်လှေကြီးက ကျွန်ုပ်တော်တို့ လက်ပြနှုတ်ဆက်အော်ဟစ်တဲ့ ပင်လယ်ကမ်းစပ်ရှိရာကို ခေါင်းတည့်ပြီး လာနေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာ ... စက်လှေကြီး ဒီကို လာနေပြီ ... ဆရာရဲ့"

"စက်လှေကြီး ... ငါတို့ဆီကို လာနေပြီဟေ့"

"ဟုတ်တယ် ... ကလေးတို့၊ စက်လှေကြီး ဒီကိုလာနေတာကွယ့်။ ဒီမှာ ဆိုက်ကပ်မယ်နဲ့တူရဲ့"

"ဝေး ဟေး ... ပျော်လိုက်တာ ... ပျော်လိုက်တာ"

"မင်္ဂလာပါ ... စက်လှေကြီး"

"မင်္ဂလာပါ ... စက်လှေကြီး"

"မင်္ဂလာပါ ... စက်လှေကြီး"

သူတို့ကသံပြိုင် မနားတမ်းအော်ပြီး လက်ပြနှုတ်ဆက်နေစဉ်မှာပဲ စက်လှေကြီးကကမ်းခြေနဲ့ နီးလာပြီ။ စက်လှေပေါ်က လူတွေက ကျွန်တော်တို့ အားလုံးကို ဝမ်းသာအားရ ပြန်လည်လက်ပြနှုတ်ဆက်ပြီး ...

"မင်္ဂလာပါ ... ကလေးတို့"

"မင်္ဂလာပါခင်ဗျ"

"မင်္ဂလာပါနော်"

"မင်္ဂလာပါ ... ကလေးတို့"

"မင်္ဂလာပါခင်ဗျ"

"မင်္ဂလာပါရှင့်"

စက်လှေပေါ်က လူတွေနဲ့ ပင်လယ်ကမ်းနဖူးပေါ်က တပည့်တွေ အပြန် အလှန် အဆက်မပြတ် နှုတ်ဆက်နေတုန်းမှာပဲ၊ ဝါးတစ်ပြန့်မျှမြင့်တဲ့ စက်လှေကြီး ကမ်းစပ်အနီးမှာ စက်သပ်ရပ်လိုက်တယ်ဗျာ။ ပြီးတော့ သစ်သားပြားကုန်းပေါင် ကြီးကို ထိုးခင်းလိုက်ကြပြီး ဝတ်ကောင်းစားလှ ဝတ်ထားကြတဲ့ လူရည်သန့် အမျိုးသား၊ အမျိုးသမီးတွေ စက်လှေကုန်းဘောင်ပေါ်ကနေ ဆင်းလာကြတယ်။ အချို့သော သက်ကြီးများကတော့ ယောဂီရောင်အင်္ကျီ၊ ထဘီတွေနဲ့။ သူတို့လက်ထဲ မှာလည်း လက်ဆွဲအိတ်တွေ၊ အထုပ်အပိုးတွေနဲ့။ ကျွန်တော်တို့အားလုံး လက်အုပ် ကလေးတွေ ရင်မှာကပ်ပြီး လေးစားစွာ ဧည့်သည်လူစိမ်းတွေကို နှုတ်ဆက်လိုက် ကြတယ်။

"မင်္ဂလာပါ ... ဧည့်သည်များခင်ဗျာ"

"မင်္ဂလာပါ ... ကျောင်းဆရာ"

"ဗျာ ..."





"ဆရာလေး ကျန်းမာပါရဲ့လားခင်ဗျာ"

ကျွန်တော်ရော၊ ကလေးတွေပါ အံ့ဩနေကြတယ်ဗျာ။ စက်လှေပေါ်က ဆင်းလာတဲ့ လူရည်သန့်တွေက ကျွန်တော့်ကိုကြည့်ပြီး 'မင်္ဂလာပါ ကျောင်းဆရာ' တဲ့။ သူတို့ ဘယ်သူတွေလဲ။ သူတို့ကို ကျွန်တော် ခုမှမြင်ဖူးတာဗျာ။

သူတို့ ကျွန်တော်တို့ရှေ့ကို ခင်မင်စရာကောင်းတဲ့ နှစ်လိုဖွယ်အပြုံးတွေ နဲ့ ရောက်လာကြတယ်။ လူစုစုပေါင်း မရှိဘူးဆို သုံးဆယ်ကျော်မျှ ရှိလိမ့်မယ်။

"ကျောင်းဆရာ ကိုကြည်လင်းပါနော်"

"ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် ကိုကြည်လင်းပါခင်ဗျ။ အစ်ကိုတို့၊ အစ်မတို့၊ ဦးကြီးတို့က ဘယ်သူတွေများ ..."

"ကျွန်တော့်နာမည်က ကိုခင်မောင်လတ်လို့ ခေါ်ပါတယ်။ ဒီအဖွဲ့ရဲ့ ဦးဆောင်သူပါ။ ဆရာကိုကြည်လင်းရဲ့ ကောင်းသတင်းတွေက မြို့ပေါ်မှ မွှေးနေ ကာပဲဗျာ"

"ဗျာ ... အဲ ... အဲ ... ဟိုလေ ..."

"ဒီရွာက ကြောက်ပြေးရွာနော် ဆရာ"

"ဟုတ် ... ဟုတ်ကဲ့ ... အခု ကြောက်ပြေးရွာ မရှိတော့ပါဘူးခင်ဗျ။ ရွာသစ်ပြန်တည်ထားပါတယ်ခင်ဗျ"

"ဟုတ်လား။ ရွာသစ်ရဲ့နာမည်က ဘာတဲ့လဲ ဆရာ"

"မေတ္တာပင်လယ်ရွာလို့ ခေါ်ပါတယ်ခင်ဗျာ"

"ဟာ ..."

"ဟယ် ..."

"ကောင်းလိုက်တဲ့ ရွာနာမည်ကွာ။ ဘာတဲ့ ... မေတ္တာပင်လယ်ရွာ မေတ္တာပင်လယ်ရွာ။ ကျုပ်တို့၊ ခင်ဗျားတို့ မြို့သူမြို့သားတွေ ချစ်စရာကောင်းတဲ့ ရွာလေးရှိရာကို ရောက်လာကြပြီဗျို့။ အတိတ်ရော၊ နိမိတ်ရော အလျှံအပယ် ကောင်းပြီဟေ့"

မြို့သားဧည့်သည်တွေ ရွာအမည်အသစ်ကို ရွတ်ပြီး အရမ်းပျော်နေကြ တယ်ဗျာ။

"ဆရာ ... မေတ္တာပင်လယ်ရွာက ဘယ်မှာလဲဟင်"

"ဟိုအကွေ့လေးမှာပါ။ လိုက်ပို့ပေးပါ့မယ်ခင်ဗျာ"

"ဆရာ ..."



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ... ပြောပါ အစ်ကိုကြီး''

''ကျွန်တော်တို့စက်လှေကို ကမ်းပေါ်ကနေ လက်ပြပြီး မင်္ဂလာပါလို့ နှုတ်ဆက်ကြတဲ့ ဟောဒီကလေးတွေက ဆရာ့ကျောင်းက တပည့်တွေလားဟင်''

''ဟုတ်ပါတယ်ခင်ဗျာ ... ကျွန်တော့်တပည့်တွေပါ။ သူတို့ အရင်နေခဲ့ကြတဲ့ ရွာဟောင်းလေးကို အလွမ်းပြေ လာကြည့်ကြတာပါခင်ဗျာ''

''ဩော် ... လိမ္မာယဉ်ကျေးလိုက်တဲ့ ကလေးတွေဗျာ၊ ဆရာကောင်း တပည့်တွေမို့ ပန်းကောင်းပန်ကြတာပေါ့။ ဒေါ်ချောခင်တို့၊ မရွှေသဇင်တို့ရေ..''

''ရှင် ... ခေါင်းဆောင်''

''ဟောဒီ လိမ္မာယဉ်ကျေးတဲ့ ဆရာကျောင်းသား ကျောင်းသူလေးတွေကို ကျောင်းဝတ်စုံတွေ စားစရာမုန့်တွေ ပေးလှူကြပါ့ခင်ဗျာ''

ချောမောလှပတဲ့ အရွယ်ကောင်း အမျိုးသမီးတွေက ကလေးတွေကို ခေါ်ပြီး ကျောင်းဝတ်စုံအဖြူအစိမ်းလေးတွေ ဝေပေးကြတော့ ကလေးတွေ ဝမ်းသာလို့ဗျာ။ ကျွန်တော်လည်း အံ့ဩဝမ်းသာ ဖြစ်နေတာပေါ့''

သွေးမတော်သားမစပ်တဲ့ လူစိမ်းတွေက ဆင်းရဲနွမ်းပါးပြီး ကြေကွဲစရာကောင်းတဲ့ မိဘမဲ့ကလေးတွေရှိရာကို စားစရာတွေ၊ အဝတ်အထည်တွေ၊ ကျောက်သင်ပုန်းနဲ့ စာရေးကိရိယာတွေ လာလှူဝေပေးနေတာ မြင်ရတော့ ရင်ထဲလှိုက်ပြီး ဝမ်းသာတာပေါ့။

''အစ်ကိုခင်မောင်လတ် ...''

''ဟုတ်ကဲ့ ... ကျောင်းဆရာ''

''အစ်ကိုတို့က ဘယ်မြို့က လာကြတာလဲ ဟင်။ ကျွန်တော်တို့ရွာက မိဘမဲ့ကလေးတွေကို ခုလို လာရောက်လှူဒါန်း အားပေးကူညီကြလို့ ကျေးဇူးတင်ပါတယ်။ အစ်ကိုတို့၊ အစ်မကြီးတို့ရာ ...''

''ရန်ကုန်ကလာခဲ့တာပါ ဆရာ။ လှူရတာလည်း ဝမ်းသာလွန်းလို့ပါ''

''ဒါနဲ့ ကလေးတွေကို ကူညီဖို့သက်သက် ရန်ကုန်ကနေ တကူးတကန့် လာရောက်ကြတာပေါ့နော်''

''ဒီအစီအစဉ်လည်း ပါတာပေါ့ ... ဆရာလေး။ အဓိကအစီအစဉ်က ဟောဒီ ကြောက်ပြေးရွာပေါ့။ အခု နာမည်အသစ်ပြောင်းလိုက်တဲ့ မေတ္တာပင်လယ်ရွာပေါ့ ... ဆရာလေးရာ။ ဟောဒီမေတ္တာပင်လယ်ရွာလေးမှာ ကပ်ကျော်ကိုးနဝင်း စေတီတည်ဖို့ ရောက်လာတာပါ ဆရာ''





''ဗျာ ... ကပ်ကျော်ကိုးနဝင်းစေတီ တည်မလို့ ရောက်လာတာ ... ဟုတ်လား အစ်ကို''

''ဟုတ်ကဲ့ပါ''

အလိုလေးဗျာ ... ဘကြီးတောကျော်တို့က ရွာသစ်ကလေးမှာ ကပ်ကျော်ကိုးနဝင်းစေတီ တည်ဖို့ မြေနေရာသန့်လေး လုပ်ထားကြတယ်။ အဖေကြီးမောင်မင်းခေါင် ရောက်လာတဲ့နေ့ စေတီတည်မယ်လို့ ရည်ရွယ်ထားတာလေ။ မှတော့ အလှူရှင်တွေ ...

''ဝမ်းသာလိုက်တာ ... အစ်ကိုတို့ရာ၊ ရွာသစ်ကလူတွေများကြားရင် ရမ်းပျော်ကြမှာဗျာ။ ဒါနဲ့ အစ်ကိုတို့က ကိုယ်တိုင်စေတီတည်မှာပေါ့နော်''

''ဟုတ်ကဲ့ ... ဒီကပ်ကျော် ကိုးနဝင်းဓာတ်ပေါင်းစေတီကို ဦးစီးဦးဆောင်တည်မည့်သူ သီးသန့်ပါပါတယ်ခင်ဗျ''

''ဟုတ်လား ... ဦးဆောင်တည်မယ့်သူက ဘယ်သူများပါလဲဗျာဟင်''

''ဟိုမှာ လာနေပါပြီ ဆရာ''

မြို့သား ကိုခင်မောင်လတ်က စက်လှေရှိရာကို လက်ညှိုးထိုးပြလို့ လှည့်ကြည့်လိုက်တော့ ...

စက်လှေ သစ်သားကုန်းဘောင်ပေါ်ကနေ လမ်းလျှောက်လာနေတဲ့ ပူကြီး။

အညာဖျင်ကြမ်းတိုက်ပုံ ညစ်ပေစုတ်ပြဲနဲ့။

ဆံပင်တွေက ဖွာလန်ကျဲ။

အညိုရောင် လွယ်အိတ်ဖောင်းဖောင်းကြီး လွယ်လို့။

ပုဆိုးက အဖြူကွက်စိပ်နဲ့။ ဒါ ... ဒါ ...

''အဖေကြီး ...''

''အဖေကြီး ... အဖေကြီး ...''

ကျွန်တော် မြင်းတစ်ကောင် ဒုန်းစိုင်းပြေးသလို ပြေးသွားပြီး အဖေကြီးမောင်မင်းခေါင်ကို ပြေးဖက်လိုက်တယ်။

''အဖေကြီး ... အဖေကြီး ...''

''လူလေး ... ကျောင်းဆရာ''

''ဝမ်းသာလိုက်တာ အဖေကြီးရယ်၊ ကျွန်တော် ဝမ်းသာလိုက်တာဗျ .. ဟီး ... ဟီး''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖေကြီးအောင်မင်းခေါင်ကို ဖက်ထားပြီး ဝမ်းသာလွန်းလို့ ငိုပစ်လိုက်တယ်။ မြို့ကလူတွေက ကျွန်တော့်အဖြစ်ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် ဖြစ်ကြလို့။

ဒီအချိန်မှာပဲ ပြေးလာနေတဲ့ လူတွေရဲ့အသံကို ကြားလိုက်ရပါရော။

''အဖေကြီး . . . အဖေကြီး . . .''

''အဖေကြီး ရောက်လာပြီဟေ့''

ဘကြီးတောကျော်၊ ဦးဒီလုံး၊ ဦးဒေါင်း၊ ငါးပိဦးရွှေကြီး၊ ဦးတာတေ၊ ကိုသံလုံးနဲ့ မမွေးတို့ညီအစ်မတို့ရယ်၊ အဖေကြီးရှိရာကို ဝမ်းသာအားရပြေးလာပြီး ကန်တော့ကြ၊ ငိုကြ။

သူတို့ကလည်း ကျွန်တော်နဲ့ ကျောင်းသားတွေ ရွာဟောင်းရောက်နေတယ်လို့ကြားလို့ လိုက်လာကြရင်း စက်လှေရယ်၊ လူအုပ်ကြီးရယ်၊ အဖေကြီးရယ်ကို မြင်သွားကြတာတဲ့။

''မျက်ရည်တွေ သုတ်လိုက် . . . သားတို့၊ သမီးတို့။ သားတို့၊ သမီးတို့ ငိုခဲ့တဲ့ မျက်ရည်တွေ ဘဝဘဝဟောင်းတွေမှာ မြစ်တွေ၊ ချောင်းတွေ ဖြစ်ခဲ့ပြီပဲလေ။ အဲဒီတွေ တိတ်ကြတော့ကွယ့်။ ဘဝကံကြွေးတွေ မင်းတို့ အတိုးရော၊ အရင်းရော ဆပ်ခဲ့ပြီးပြီ။ ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားကယ်လိမ့်မယ် သားတို့သမီးတို့။ ကံကြွေးဟောင်းတွေ ဆပ်ပြီးရင် ကံသစ်ကို အရင်းတည်ရမယ်ကွယ့်။ ရတနာသုံးပါး မြဲမြဲအခွန့်ရှည်ပြီး ကပ်သုံးပါးက ကျော်နိုင်ကြဖို့ ဘုရားဒကာ၊ ဒကာမတွေ ဖြစ်ကြတော့မှာဟေ့။

ဟောဒီ မေတ္တာပင်လယ်ရွာမှာ အဖေကြီးနဲ့ သားတို့၊ သမီးတို့ ပဋ္ဌာန်းဆက်ရှိသူ ဟောဟိုသားသမီးတွေနဲ့ အဖေကြီးတို့ စုပေါင်းသာသနာပြုကြအောင်ဟေ့။ ကပ်ကျော်ကိုးနဝင်း ခေတ်ပေါင်းစေတီတည်မယ်။ ဘုရားတည်ပြီးရင် ကြောက်ပြေးရွာဟောင်းက ဘဝဝဋ်ကြွေး အကျေဆပ်သွားကြတဲ့ သွားလေသူတွေ ဘဝကူးကောင်းရအောင် တို့များက ကောင်းမှုကုသိုလ်အစုစု ရေစက်ချ အမျှပေးဝေကြမယ်ဟေ့။ သားတို့၊ သမီးတို့ရေ . . . ကိုးနဝင်း မိုးလင်းရင် သိရမယ်တဲ့ကွ။ ကြက်ဦးတောင် နှစ်ခါတွန်ပေါ့။ သုံးခါတွန် အရှဏ်ကျင်း လေးသက္ကရာဇ်ဝင်၊ လင်းတော့မည်ပင် . . . တဲ့။ တို့ ဗုဒ္ဓသာသနာ့ ၁၃၀၀ ပြည့်၊ ၁၃၀၁ ခုကနေ ၁၃၀၄ ကို ရောက်ရင် နေလို၊ လလို ဝင်းလက်တောက်ပပြီး ကမ္ဘာကပါ လေးစားကြမှာ





ဟေ့ . . . ခေတ်ပေါင်းဘုရား တည်လို့ထား၊ မြို့ရွာအမြန် အေးလတ္တံ့ဆိုတဲ့ တပေါင်လည်း ပေါ်လာပြီမို့ မေတ္တာပင်လယ်ရွာမှာ သစ္စာတွင်ကျယ်လို့ လာရအောင်လာဟေ့ . . . တရားနယ်မှာ၊ ဘုရားတည်ကြစို့''

✿ ✿ ✿

[ ၁၆ ]

❑

ဦးပေါ်ထူးရေ . . . ကျွန်တော်တို့ မေတ္တာပင်လယ်ရွာလေးကို မမျှော်လင့်ဘဲ အဖေကြီး ရောက်လာခဲ့တယ်။ ကိုးနဝင်းခေတ်ပေါင်းကပ်ကျော်စေတီကို သူဦးဆောင်ပြီး အနီးအနားရွာတွေက ရွာသူရွာသားတွေမကျန် ဘုရားဒကာ၊ ဘုရားအစ်မတွေ့တွင်စေအောင် တည်ခဲ့တယ်။ ထီးတော်တင်ပွဲမှာ။ မြို့က အဖေကြီးနဲ့ လိုက်ပါလာတဲ့ ကုသိုလ်ရှင်တွေက ငွေစက္ကူတွေကြဲပြီး ငွေမိုးရွှေမိုးပါ ရွာစေခဲ့တယ်။

ရဟန်း၊ သံဃာတော် အရှင်သူမြတ် အပါးသုံးဆယ်နဲ့ ဘုရားအနေကဇာတင် ရေစက်ချတယ်။

ကြောက်ပြေးရွာဟောင်းက မုန်တိုင်းကပ်ဆိုးနဲ့ ကွယ်လွန်သွားတဲ့လူတွေကို အဖေကြီးကိုယ်တိုင် တရားနာဖိတ်ခေါ်လိုက်တော့ ပုပ်ဟောင်နေတဲ့ အနံ့တွေ တရားမဏ္ဍပ်ထဲ ဝင်လာလို့ အော့ကြအန်ကြပေါ့ဗျာ။

အဖေကြီးက မအော့အန်ကြနဲ့။ သူတို့ရောက်လာကြတာ မေတ္တာထားကြတဲ့။ အဖေကြီးက ကွယ်လွန်သူတွေကို မဏ္ဍပ်အပြင်မှာ နေရာချပေးတယ်။

ရေစက်ချလို့ပြီးရော အဖေကြီးက . . .

''ကြောက်ပြေးရွာက သွားလေသူ သားတို့၊ သမီးတို့ . . . ကိုနဝင်းကပ်ကျော်ခေတ်ပေါင်းစေတီ ထီးတော်တင်ရေစက်ချပွဲမှာ သားတို့၊ သမီးတို့ရောက်လာတာ အဖေကြီးသိပါတယ်။ ကျေးဇူးတင် ဝမ်းသာပါတယ်။ နောင် လူ့ဘဝများ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ခဲ့ကြသည်ရှိသော် ရတနာမြတ်သုံးပါး ဆည်းကပ်ရှိသေယုံကြည်ကိုးကွယ်သူများ ဖြစ်ကြပါစေ။ ၃၁ ဘုံသားအားလုံး ကြားကြသမျှ . . . အမျှ . . . အမျှ . . . အမျှ . . .

''သာဓု သာဓု သာဓု''

''သာဓု သာဓု သာဓု''

''သာဓု သာဓု သာဓု''

အလို . . . အမျှပေးဝေပြီးရော အပုပ်နံ့တွေပျောက်ပြီး ပန်းရနံ့တွေ၊ မွှေးနေတဲ့ရနံ့တွေ ရကြပါရောဗျာ။ မွှေးကြိုင်နေတာပဲဗျာ။

မေးကြမြန်းကြပေါ့။ ဘယ်သူမှ ရေမွှေးလည်း မဆွတ်ဘဲ မွှေးကြိုင်နေတာကိုး။ အဖေကြီးကို ဒီကိစ္စလေး မေးကြည့်တော့ အဖေကြီးက ဝမ်းသာကြလို့လို့ ပြောတယ်ဗျာ။

ထီးတော်တင်ပွဲပြီးတော့ အဖေကြီးတို့ စက်လှေကြီးနဲ့ ပြန်သွားကြတယ်။ တစ်ရွာလုံးက အဖေကြီးအောင်မင်းခေါင်ကို ကန်တော့နှုတ်ဆက်ကြတယ်။ ရွာနီးချုပ်စပ် လာလာကြသမျှ ကလေးလူကြီး မျက်ရည်တရွဲရွဲနဲ့ပေါ့။

စက်လှေ ကုန်းဘောင်ပေါ်တက်ခါနီးမှာ ကျွန်တော်က ရှိုရှိုသေသေ မေးကြည့်တယ်။

''အဖေကြီး ရွာကို မကြာမကြာကြွပါနော်''

''လာရမှာပေါ့ . . . သားရယ်။ မင်းက လူတော်လူကောင်းလေးပါကွ။ ကောင်းတယ် . . . သိပ်ကောင်းတယ် . . . အရမ်းကောင်းတယ် . . . သောက်ကျိုးနည်းကောင်းပါ့ကွာ . . . ဟား ဟား ဟား ဟား''

မြို့သားညှော်သည်တွေကလည်း ရယ်မောရွှင်ပြနဲ့ လက်ပြနှုတ်ဆက်ကြတယ်။

အဖေကြီးက စက်လှေပေါ်ကနေ ကျွန်တော်တို့အားလုံးကို လက်ပြနှုတ်ဆက်ပြီး အော်ပြောလိုက်တယ်။

''ကချင်ပြည်နယ်က ပြန်လာရင် မေတ္တာပင်လယ်ရွာမှာ နှစ်ထပ်စာသင်ကျောင်း ငါ ဆောက်ပေးမယ်။ ကျောင်းဆရာအကောင်းစား . . . သောက်ကျိုးနည်းကောင်းတဲ့ . . . ငါ့သား ကျောင်းဆရာလေးရေ'' တဲ့။

စက်လှေပေါ် သူတို့အားလုံး ရောက်ချိန်ကစပြီး ကျွန်တော်တို့ ရွာသူရွာသားအားလုံး ကလေးတွေအားလုံး လက်အုပ်ချီပြီး ရပ်နေကြတယ်။ စက်လှေ





ပင်လယ်ထဲထွက်သွားပြီး မျက်စိအောက်က ပျောက်သွားတော့မှ ချီထားတဲ့လက်အုပ်တွေ ဖြန့်ချပြီး ရွာရှိရာကို ပြန်ခဲ့ကြတယ် . . . ဦးပေါ်ထူးရော။

မေတ္တာပင်လယ်ရွာက ကျောင်းဆရာလေး ကိုကြည်လင်းက သူကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ဝတ္ထုဇာတ်လမ်းပြောပြနေသလို အလှည့်အမြှုပ်လေးများနဲ့ ပြောပြတာ။ အားရကျေနပ်စရာ၊ ကြေကွဲဝမ်းနည်းစရာပါပဲဗျာ။

ကျောင်းဆရာကိုကြည်လင်းနဲ့ တွေ့ကြုံရတာ ဝမ်းသာလိုက်ပါဘိနှယ်။

ကျုပ် ဆရာကြီးခေါင် ဘယ်ဒေသ ခရီးဆက်မယ်ဆိုတဲ့ သတင်းသဲလွန်စကို ရခဲ့ပြီဗျာ။

သူ ကချင်ပြည်နယ်ကို သွားမှာတဲ့။

ဟုတ်ပြီ . . . ။ ကျုပ် ဆရာကြီးခေါင်ရဲ့နောက်ကို လိုက်သွားမယ်။ မြို့ငယ်နှစ်မြို့က ကိုးနဝင်းစေတီတည်မယ်။ အဖေကြီးကိုယ်တိုင် ကြွပေးပါ၊ ပင့်ပေးပါ ဆိုသကိုးဗျာ။

ကချင်ပြည်နယ် ဆရာကြီးခေါင် ဘယ်အကြောင်းကြောင့် ကြွသွားတယ်ဆိုတာ ကျုပ် ရိပ်မိတာပေါ့။ ဒါ့အပြင် ဆရာကြီးခေါင်ကို အထူးပြောစရာစကားတွေလည်း ရှိနေတော့ . . .

ကျုပ် . . . ကချင်ပြည်အနံ့ လိုက်ရှာရမှာပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



[ ၁၇ ]

❑

ကျုပ် ကချင်တောင်တန်းဒေသကို ရောက်လာခဲ့ပြီဗျာ။ အဦးဆုံးတွေ့ရတာက ကချင်တောင်သူတွေပဲ။

ကချင်အမျိုးသားတွေရော၊ ကချင်အမျိုးသမီးတွေရော တောင်ယာထဲမှာ အလုပ် လုပ်နေကြတာ။

မုန်ညင်းပင်တွေကလည်း ထွားထွားစိမ်းစိမ်း ဖြစ်ထွန်းနေတာ အားရစရာပဲဗျာ။

ဖရုံသီးတွေကလည်း အရွက်စိမ်းညိုကြားမှာ သီးနေလိုက်တာ စိမ်းစိမ်းရဲရဲ အလုံးကြီးတွေပဲဗျို့။

အမျိုးသမီးအချို့က မုန်ညင်းပင်တွေကို နှုတ်ပြီး ရေဆေးသန့်စင်နေကြသလို ...

အချို့က သန့်စင်ပြီးအပင်တွေကို နေပြဖို့ လုပ်နေကြတယ်။ ဟိုး ... နောက်ဘက်မှာ မြူတွေနဲ့ မှိုင်းညို့နေတဲ့ တောင်မြင့်တောင်တန်းတွေကို မြင်နေရတယ်။

ကျုပ် ခရီးပန်းပြီး မောနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေငတ်လွန်းလို့ အာခေါင်လည်း ခြောက်နေပြီဗျ။

တောင်ယာသမားတွေ တွေ့တော့ ရေတောင်းသောက်ပြီး သိချင်တာလေး မေးမယ်လို့ တွေးပြီး တောင်ယာလုပ်နေတဲ့ လူတွေရှိရာကို လှမ်းလာခဲ့လိုက်တယ်။

''မိတ်ဆွေတို့ခင်ဗျာ . . .''

''ပတုံးပ''

''ခရီးပန်းလာလို့ပါဗျာ။ သောက်ရေတစ်ခွက်လောက် သောက်ပါရစေလားဗျာ''

သူတို့က ချွေးသံရွှဲရွှဲ အင်္ကျီပုဆိုး ညစ်ပေနေတဲ့ငါ့ကို ထိုင်ပါလို့ပြောပြီး ဝါးကျည်တောက်ထဲက ရေကို ဝါးဆစ်ခွက်နဲ့ ငှဲ့ထည့်လိုက်တယ်။

အို . . . အေးမြသန့်စင်လိုက်တဲ့ ရေရယ်ပါဗျာ။

တစ်မနက်လုံး ခရီးသွားရင်း ပင်ပန်းခဲ့သမျှ ကချင်တောင်ယာသမားကြီးတွေတိုက်တဲ့ သောက်ရေတစ်ခွက် သောက်လိုက်ရတာနဲ့တင် အမောအပန်းကို ပြေသွားပါရော။

''ရော့ . . . စား''

''ဗျာ . . .''

''စားပါ . . . ဒါ ငါတို့ခြံထွက်ပဲ၊ စား''

ကချင်အဘိုးအိုက ဝင်းမှည့်နေတဲ့ ငှက်ပျောသီးကို ကမ်းပေးနေတယ်။ အလို . . . တယ် သဘောကောင်းတဲ့ တိုင်းရင်းသားကြီးတွေပါလား။

''စားနော''

ငှက်ပျောသီးတစ်လုံး ဖြုတ်စားလိုက်တယ်။

''ညော့်သည်''

''ဟုတ် . . . ဟုတ် . . . ကျေးဇူးအများကြီး တင်ပါတယ် အဘိုး''

''ညော့်သည်''

''ဟုတ် . . . ကဲ့ . . .''

''နင်က ခရီးသွားလား''

''ဟုတ်ပါတယ်ခင်ဗျာ''

''နင် . . . ဗမာလား၊ တိုင်းရင်းသားလား''

''ဗမာပါအဘိုး . . . ဗမာပါခင်ဗျာ''

''နာမည် ဘယ်လိုခေါ်တုံးနော''





''ကိုပေါ်ထူးလို့ ခေါ်ပါတယ် အဘိုး''

''ပေါ် . . . ထူး''

''ဟုတ် . . . ဟုတ်''

''နင် မြေပြန့်မှာနေတာပေါ့နော''

''ဟုတ်ကဲ့ . . . ပုပ္ပါးမှာနေပါတယ်ခင်ဗျ''

''ပုပ္ပါး . . . ပုပ္ပါးဆိုတာ ငါတို့မသိ''

''ပုပ္ပါးဆိုတာ တောင်နာမည်ပါခင်ဗျ။ ကျောက်ပန်းတောင်းနားက တောင်ရှိတဲ့ အညာအရပ်ပါအဘိုး''

''ငါတို့ ဟောဟိုတောင်လို အမြင့်ကြီးပဲလားနော''

''ဒီကချင်တောင်လို မမြင့်ပါဘူး၊ မရှည်ပါဘူးခင်ဗျ။ ပုပ္ပါးတောင်က ကလပ်လို ရှည်ရှည်မြင့်မြင့်ပါခင်ဗျ''

''စားနော်''

''ဟုတ် . . .''

''နင် ထမင်းဆာလွန်းဖြစ်နေကော''

''မ . . . မဆာပါဘူး အဘိုး။ ရပါတယ်''

''ငါတို့က ကောက်ညှင်းနဲ့ပြောင်း ရောချက်ပြီး စားကြတယ်။ နင် . . . အဲ အဲ . . . ညော့်သည် စားချင်မလားနော။ ဆတ်သားခြောက် မီးဖုတ်ရှိတယ်နော်''

''ကျေးဇူးပါ အဘိုး၊ ငှက်ပျောသီးတွေ စားရင်းနဲ့ ဝမ်းဗိုက်ပြည့်သွားပါပြီခင်ဗျ။ ကျေးဇူးပ . . . ကျေးဇူးပ''

ကျုပ်ကလည်း သူတို့ သံယောင်လိုက်ပြီး 'ကျေးဇူးပ' လို့ ပြောတော့ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော အားရပါးရ ရယ်ကြပါရောဗျာ။

သူတို့လေသံက ကချင်လေသံလည်း ပါရဲ့။

ခန္တီးရှမ်းတွေရဲ့ လေယူလေသိမ်းလည်း ပါရဲ့။

''ညော့်သည် . . .''

''ဟုတ် . . .''

''ကချင်မှာ အသိမိတ်ဆွေရှိလားနော့''

''မရှိပါဘူး အဘိုး''

''နင် ဘယ်တွေ ရောက်ခဲ့လဲ''

''အန္တပဲရောက်ခဲ့တယ် အဘိုး''

''နင် ဘာလို့လျှောက်သွားတာလဲ နော''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် လူတစ်ယောက်ကို လိုက်ရှာနေတာပါခင်ဗျာ''

''နင်က ပုလိပ်ဘက်ကလား''

''မဟုတ် ...''

''နင် လိုက်ရှာနေတာ၊ မိန်းမလား၊ ယောကျ်ားလားပ''

''ယောကျ်ား ... အဘိုးကြီးတစ်ဦးပါခင်ဗျာ''

''နာမည် ဘယ်လိုခေါ်တုံး''

''ကျွန်တော်တို့ ဆရာကြီးနာမည်က 'အောင်မင်းခေါင်' လို့ ခေါ်ပါတယ် အဘိုး''

''အောင်မင်းခေါင် ...''

''ဟုတ်ပါတယ် ... အဘိုးတို့ သူ့ကို သိလား''

''မသိ ... သူက ဘယ်လိုပုံသဏ္ဍာန်ပ''

''ဆရာကြီး ... အောင်မင်းခေါင်ရဲ့ ပုံသဏ္ဍာန်က လူပုံတုတ်တုတ်ပဲ။ အသက် ... အဲ ... အဲ ... အသက် ... ခုနေမြင်ရင် အနှစ်ငါးဆယ်ခန့် ရှိတယ်။ ဆံပင်ရှည်တယ်။ မျက်နှာက ဝိုင်းဝိုင်းမဟုတ်ဘူး။ လေးထောင့်ကျကျ၊ မေးရိုးထင်းထင်းပဲ။ သူက အမြဲတမ်း အညာဖျင်ကြမ်းတိုက်ပုံအကျႌကို ရင်ဖွင့်ပြီး ဝတ်လေ့ရှိပါတယ် အဘိုး''

ကျုပ်က ဆရာကြီးအောင်မင်းခေါင်ရဲ့ အနေအထားအသွင်သဏ္ဍာန်ကို ပြောပြတော့ သူတို့ ကချင်တောင်ယာသမားတွေလား၊ ကျုပ်ကို ငေးကြည့်နေကြတယ်။

ပြီးတော့ သူတို့အချင်းချင်း လှည့်ကြည့်ကြပြီး အဓိပ္ပာယ်မှန်းရခက်တဲ့ မျက်လုံးတွေနဲ့ စကားပြောသလို ဖြစ်နေကြတယ်။

''ညော့်သည် ...''

''ဟုတ်ကဲ့ အဘိုး''

''ငါ့နာမည်က အမ်နော်ဘောက်လို့ ခေါ်တယ်''

''ဟုတ် ... ဟုတ် ...''

''နင်ပြောတဲ့လူကြီးက အညာဖျင်ကြမ်းတိုက်ပုံ ဝတ်တယ်နော် အေး''

''ဟုတ်ကဲ့''

''ဆံပင်ရှည်တယ် ... အေး ...''

''ရှည်တယ်ခင်ဗျာ။ အဘိုးအမ်နော်ဘောက်တို့ မြင်ဖူးတယ်လားဟင်''

''မြင်ဘူးတယ်ပ''





''ဟာ ... ဝမ်းသာလိုက်တာ။ အဘိုးတို့၊ မိတ်ဆွေတို့ရာ။ ကျွန်တော် ဆရာကြီးအောင်မင်းခေါင်ကို လိုက်ရှာနေတာပါဗျာ။ ကချင်ပြည်နယ် နေရာအတော်များများမှာ ရှာခဲ့ပြီးပါဗျာ။ ခုမှပဲ ဆရာကြီးခေါင်အကြောင်း သဲလွန်စရတော့တယ်။ အခု ဆရာကြီးဦးခေါင် ဘယ်ရွာမှာ ရှိနေလဲဟင်''

ဒီလိုမေးလိုက်တော့ သူတို့က သူတို့အချင်းချင်း ကချင်လိုပြောဆိုနေကြတယ်။ ကျုပ်ကိုလည်း အကဲခတ်နေကြတယ်။

သူတို့ချင်းပြောတဲ့စကားသံက မြန်မာစကားလိုလို၊ ရှမ်းစကားလိုလို ရောနေသလိုပဲ။ နောင်သိရတာက သူတို့ပြောနေတာ ဂျိန်းဖောစကားတစ်မျိုးပဲတဲ့။

(ထိန်းနိုင်ဂျိန်းဖော စကားလို့ သိရတယ်။ ဗန်းမော် မြစ်ကြီးနားခရိုင်အတွင်း မီးရထားလမ်းတစ်လျှောက်ရဲ့ ရွှေကူမြို့နယ်၊ ဧရာဝတီအနောက်ဘက်မှာ နေကြတဲ့ ဂျိန်းဖောတွေသုံးတဲ့ စကားလို့ သိရတယ်။

အချို့က မရူးစကားပြောတာလည်း ရှိတယ်။ မြန်မာစကားနဲ့ အခြေခံတူသလိုပဲ။)

သူတို့ချင်း တိုင်းရင်းသားစကားနဲ့ ဆွေးနွေးပြီးနောက် ...

''ညော့်သည် ...''

''ဟုတ်ကဲ့ ... အဘိုး၊ ပြောပါခင်ဗျာ''

''နင့်ကို ငါတို့ ကချင်မုဆိုးတစ်ဦးနဲ့ တွေ့ပေးမယ်။ သူက ငါတို့ထက် ပိုသိတယ်။ တောထဲမှာ ထူးဆန်းတဲ့ လူကြီးနဲ့တွေ့ခဲ့တယ်။ ခဏလေး ... ဟဲ့ .. ခေါင်ညွှယ် ...''

''အေး ...''

''နော်လွန်းကို သွားခေါ်စမ်း ... အေး ...''

''အေး ... အေး ...''

တောင်သူ တိုင်းရင်းသားအမျိုးသမီးကို ကချင်အဘိုးအိုက ခိုင်းလိုက်တယ်။ မကြာပါဘူးဗျာ ... အရပ်ပျတ်ပျတ်၊ ရင်အုပ်ကျယ်ကျယ်၊ ခြေဆံလက်ဆံ ဟုတ်နိုင်တဲ့ လူရွယ်တစ်ဦးပါလာတယ်။

''နော်လွန်း''

''ပြော ... အေး ...''

''ဒီ ညော့်သည်က မြေပြန့်ကပဲ။ နာမည်က ကိုပေါ်ထူးတဲ့''

''အေး ...''

''သူက နင်တို့တွေ့တဲ့ နတ်ကြီးရဲ့အကြောင်း သိချင်လို့တဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

"ညွှံသည်က နတ်ကြီးကို တွေ့ချင်လို့ လိုက်ရှာနေတာလို့ ပြောတယ်ပ။ နတ်ကြီးနဲ့ တွေ့ပေးလို့ရရင် တွေ့ပေးပါအေး"

အလို ... 'နတ်ကြီး' ဆိုပါလား။

နတ်ကြီးက ဘယ်သူတုံး။

ကျုပ်တွေ့ချင်တာက ဆရာကြီး ဦးခေါင်။

လွဲတော့ လွဲနေပြီနဲ့တူရဲ့။

"ပေါ်ထူး ... ညွှံသည် ..."

"ဟုတ်ကဲ့"

"ဒီလူ့နာမည်က နော်လွန်တဲ့။ သူ ... နတ်ကြီး ... အဲ ... အဲ ... နင်ပြောတဲ့ ဖျင်ကြမ်းတိုက်ပုံကြီးနဲ့ လူပနော။ အဲဒါ ... နော်လွန် သိတယ်အေး ... နင် မေးပါအေး ..."

✿ ✿ ✿

| ၁၈ |

❑

နော်လွန်ဆိုတဲ့ ကချင်မုဆိုးကို ကျုပ် သိချင်တာတွေမေးတော့ နော်လွန်ပြောပြပုံအရ ဆရာကြီးခေါင်များ ဖြစ်နေမလား။

သို့သော် ...

ကျုပ် ... ကြားသိရချက်က အံ့သြစရာတွေပါလားဗျာ။

ဒီမှာ မြန်မာစကား အတော်အတန်ပြောတတ်တဲ့ မုဆိုးနော်လွန်က သူကြုံတွေ့ခဲ့ရတဲ့ လူထူးဆန်းကြီးအကြောင်းကို ယခုလို ပြန်ပြောပြတယ်။

နော်လွန်ရဲ့စကားက မြန်မာများပြောသလို ဒိုးဒိုးဒေါက်ဒေါက် ပီပီပြင်ပြင် မဟုတ်ပေမင့် ပြောပြပုံက ရိုးရိုးရှင်းရှင်းပါပဲဗျာ။

နော်လွန်ပြောပြတာကို နားထောင်ရင်း ကျုပ်မှာ ယုံရခက်၊ မယုံရခက် ဖြစ်လို့။ သို့သော် ...





ဒီကချင်မုဆိုး လိမ်ညာချဲ့ကားပြောနေတာ မဟုတ်ဘူးဗျ။ သူနဲ့အတူတွေ့ကြုံခဲ့တဲ့ ခန္တီးရှမ်းမုဆိုး စိုင်းနေထွန်းတို့ကပါ ဝိုင်းဝန်းထောက်ခံနေကြတာကိုး။

ဘာပဲဖြစ်ဖြစ် ... ကျုပ် စိတ်ဝင်စားစွာ နားထောင်လိုက်ပါတယ်ဗျာ။

လွန်ခဲ့တဲ့ ငါးရက်ကပေါ့အေး။

[မှတ်ချက် ။ ။ သူတို့ ကချင်တိုင်းရင်းသားတို့၏ လေယူလေသိမ်း စကားသံကို ပီပြင်အောင် ရေးသားဖော်ပြရန် မစွမ်းပါသောကြောင့် မြန်မာနားနှင့် ဖတ်ကြားရလွယ်အောင် ရေးသားသွားမည်ကို ခွင့်လွှတ်နားလည်ပေးစေချင်ပါသည်။ သူတို့မှာ ဘာသာစကားများ မတူကွဲပြား များပြားစွာ ရှိကြသည်။

အခြေခံအားဖြင့် ...

ဂျိန်းဖောစကား ...

မရူးစကား ...

ရဝမ်စကား ...

လီဆူးစကားဟူ၍ လေးမျိုးရှိသည်။

သို့သော် နေရာဒေသကို လိုက်၍ လေယူလေသိမ်း အသံနေအသံထား ကွဲပြားလာကြသည်။

ဤသို့ဖြင့် ...

သာမန်ဂျိန်းဖော။

မရူးဂျိန်းဖော။

ဂေါင်ရီဂျိမ်းဖော။

ဟူးကော်ဂျိန်းဖော။

ဒူးလင်းဂျိန်းဖော။

ထိန်နိုင်ဂျိန်းဖော ... စသည်ဖြင့် ဂျိန်းဖောစကားတစ်မျိုးကို သုံးစွဲရင်း အသံနေ၊ အသံထား အနည်းငယ်စီ ကွဲပြားကြသည်။]

(ကျမ်းကိုး ။ ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု)

လွန်ခဲ့တဲ့ ငါးရက်ကပေါ့။

ငါတို့ ရွာသားငယ်တစ်ဦး ... ကျွဲပျောက်ရှာရင်း ကျားဆွဲခံရတယ်။ ကျားဆွဲခံရတဲ့ ရွာသားက ဖိုးဆောလို့ခေါ်တယ်။ ကျားက ဖိုးဆောရဲ့ ပခုံးကိုကိုက်ပြီး လွှားခနဲ ခုန်ပြေးတာတဲ့အေး။

လက်ထဲက ကချင်ဓားလည်း လွင့်စင်သွားသတဲ့။

ဖိုးဆောညီဆောင်းက အစ်ကိုလုပ်သူ ကျားဆွဲကျားချီ ပါသွားတဲ့အကြောင်း ငါတို့ ရွာထဲလာပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆော အရမ်းကြောက်နေပေါ့။

ငါတို့ မုဆိုးတွေ အရွယ်ကောင်းတွေ လူစုပြီး လက်နက်ကိုယ်စီနဲ့ ကျား နောက်ကို လိုက်ခဲ့ကြတယ်။

ငါတို့ ဘာအမှားလုပ်ခဲ့ကြလို့လဲ။

ငါတို့ ရိုးရာဓလေ့အတိုင်း နတ်မင်းကြီးတွေကို ပူဇော်ခဲ့ကြတာပဲလေ။

ဟိုးလွန်ခဲ့တဲ့ သုံးနှစ်က တောထဲမှာ ငါတို့ရွာသားတစ်ဦး ကျားကိုက်ခံ ရတယ်။

ငါတို့ ဒီတုန်းက (ဆာနတ်)ကို နတ်ဆရာအလိုအတိုင်း ပြောဆိုပ,သ တောင်းပန်ခဲ့ကြတယ်။

(ဆာနတ်)က ကြမ္မာကို ဖန်တီးတဲ့နတ်ကိုး။

သုံးနှစ်အကြာမှာ ငါတို့ရွာသားကို ကျားဆွဲသွားတာ ကြုံရပြီ။ ဒါကြောင့် စဉ်းစားကြတာပေါ့။

ငါတို့လူက အမှားရှိလို့လား။

မည်သို့ပဲရှိစေ . . . ငါတို့ရွာသားကို ပြန်ရှာရမှာ ငါတို့အလုပ်ပဲ။ သူ သေသွားပြီလား။ ရှင်နေသေးလား . . . ငါတို့ အတိအကျ သိဖို့လိုတယ်။

ငါတို့က အလွယ်တကူ အရှုံးပေးတတ်တဲ့လူတွေ မဟုတ်ဘူးလေ။ ငါ တို့အဘိုးတွေက ကျားရော၊ ကျားသစ်ရော လက်ရ ပစ်ဖူးကြတယ်။

ငါတို့ဒေသမှာ ကျားကို ဝါးရင်းတုတ်နဲ့ ရှေ့နောက်ညှပ်ပြီး ရိုက်သတ် ပစ်ခဲ့တဲ့ လူစွမ်းကောင်းတွေ ရှိခဲ့ဖူးတယ်။

ငါတို့ ကျားတွေ့တိုင်း မသတ်ပါဘူး . . . ညီ့သည်။

ကျားက ငါတို့ကို ရန်မူခဲ့ပြီဆိုရင်တော့ ရန်မူတဲ့ကျားကို ငါတို့က လက်ရ ပြန်ရှာ ရှင်းပစ်တာပဲ။

ငါတို့ ကျားဆွဲသွားတဲ့ တောထဲကို ဝင်ခဲ့ကြတယ်။

လေးကင်းခါးကို ရွာလွန်တောစပ်မှာ ပြန်တွေ့တယ်။ ပြီးတော့ သွေး စက်တွေ တွေ့တယ်။ ကျားခြေရာတွေ့တယ်။ အတော်လေးသွားမိတော့ လုံးကွင်း စုတ်ကို တွေ့ရတယ်။

ကျားသွားတဲ့လမ်းကြောင်းကို ငါတို့ခြေရာခံလို့ ရပြီ။ ရှေ့အလွန်မှာ ကျောက်တုံးကြီးတွေ ကျောက်ဂူတွေကို တွေ့ရတယ်။

လျှိုနဲ့ နွယ်လိန်တောကို တွေ့ရတယ်။

သို့သော် ကျားမတွေ့ဘူး။

လူသေကောင် မတွေ့ဘူး။





ကျားဆိုတဲ့သတ္တဝါက လူကိုကိုက်ချီဆွဲသွားပြီးရင် ချက်ချင်းမစားသေးဘူး။ မသေသမရှင်လူဆိုရင် ကျားက ပုတ်သတ်ကစားပြီးမှစားတာ ကျားသဘာဝပဲအေး။

ငါတို့တွေ့တဲ့ ဂူသေးသေးတွေ မှန်သမျှ ရှာတယ်။

မတွေ့ဘူး။

လမ်းကြောင်းက သစ်ရွက်ကြွေတွေ ပြည့်လို့။

သွေးစက် မတွေ့ဘူး။ ခြေရာ မတွေ့ဘူး။

အဝတ်ပိုင်းစ မတွေ့ဘူး။

ဒရွတ်ကြောင်း မတွေ့ဘူး။

ကျားက အလွန်တောကျွမ်းတဲ့ ကျားပဲအေး . . . မကြာခင်မှာ ငါတို့ လေတိုက်သံတွေ ကြားရပြီး တောဟာ ဆူညံလာပါရော။ သစ်ပင်မြင့်ကြီးတွေ ဟုန်းဒိုင်းကြဲ ယိမ်းခါနေတယ်။

"ဝေါ ဝေါ ဝေါ"

"ဝုန်း ဝုန်း ဝုန်း"

"ဝရော ဝေါ ဝရော"

"ဖြောင်း . . . ဝုန်း"

လေတိုက်အားက ပြင်းထန်လွန်းလို့ သစ်ပင်တွေကျိုး၊ သားကောင်တွေ ပြေးသံ၊ တောင်ပြိုသံတွေကို ထိတ်လန့်ဖွယ် ကြုံရပါရော။

တောင်ပေါ်က သစ်တောထဲမှာ ဝုန်းဒိုင်းကြဲသံတွေ ညံနေတော့ ငါတို့ ရှေ့ဆက်မသွားရဲတော့ဘူး။

တောက ခြောက်လှန့်နေပြီ။

ကျားကိုက်လို့သေသွားတဲ့ ခန္ဓီးရှမ်းငဖိုးဆော တစ္ဆေဖြစ်ပြီး ခြောက်လှန့် ရောလား။

"ပြန်လှည့်ကြအေး"

"တောခြောက်တယ်နော"

"မြန်မြန်ထွက်ကြပအေး"

ငါတို့ တောထဲကနေ အမြန်ပြေးထွက်ခဲ့ကြတယ်။ နောက်ကနေ လက်ခုပ် လက်ဝါးတီးပြီး ရယ်တဲ့အသံတွေ ကြားရတယ်။

ဒါ တောခြောက်နေတာ။

တောခြောက်ပြီး တောလန့်နေတာ။

တောမှောက်ရင် မျက်စိလည် လမ်းမှားတာပဲရှိတယ်။ တောစိုးနတ်ကြီး တွေကို တောင်းပန်ရင် ကိုယ့်အပြန်လမ်း ကိုယ်ပြန်တွေ့နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တောခြောက်ရင် အန္တရာယ်များတယ်ဝေ။

သစ်ပင်ပိပြီး သေနိုင်တယ်။

တောပြိုပြီး ကျောက်တုံးပိသေနိုင်တယ်။

တောခြောက်တာနဲ့ တောလမ်းကပြေးလွှားနေတဲ့ တောဝက်တို့၊ ပြောင်တို့၊ ကျားတို့နဲ့ တိုးပြီး ရန်ပြုခံရလို့ သေနိုင်တယ်။

ငါတို့ ပြေးရင်းနဲ့ တောပြင်ကိုရောက်လာတော့ တောခြောက်နေတဲ့ အသံတွေ တဖြည်းဖြည်း ရပ်သွားတာကို မြင်ရတယ်အေး ...

✿ ✿ ✿

| ၁၉ |

❑

ငါတို့မှားတာလည်း ရှိချင်ရှိမှာပေါ့။

ငါတို့ ငဖိုးဆောချီသွားတဲ့ ကျားနောက်ကိုလိုက်တော့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို ခွင့်မပန်ဘူးလေ။ ငါတို့မှာ ဖောကပ်နေကြတာကိုး။

ခွင့်မပန်လို့များ တောခြောက်ရော့လား။

ဒါမှမဟုတ် ...

ငဖိုးဆော တစ္ဆေကများ ငါတို့ကို သူ တစ္ဆေဖြစ်နေမှန်းသိရအောင် ခြောက်တာလား။ ငါတို့ ရွာထဲရောက်တော့ ငဖိုးဆောရဲ့ညီ ငဖိုးဆားနဲ့ သူ့အမေက သူ့သားနာမည်ခေါ်ပြီး ငိုနေတယ်အေး။

ငါတို့လည်း လူစုပြီး ရှာကြတာပဲ။

ခုတောင် သေပြေးရှင်ပြေး ပြေးခဲ့ရတာကော။

ရွာလူကြီးတွေ ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။

အချို့က (ဆာနတ်)ကြီးကို တောင်းပန်တယ်။

အချို့က နာရေးကိစ္စကို စီစဉ်ဖို့ ပြောကြတယ်။

ကျွဲကျောင်းသွားဖို့ ရွာသားတွေ ကြောက်နေကြတယ်။ သူတို့ ကျွဲ၊ နွား၊ ဝက်တွေ၊ ကျားဆွဲမှာကိုလည်း စိုးရိမ်နေကြတယ်။





ငါတို့ မုဆိုးတွေကတော့ ဒီကျားကို စောင့်ပြီးပစ်ဖို့ တူမီးသေနတ် တပြင်ပြင်၊ ဒူးလေး တပြင်ပြင်ပဲအေး။

စဉ်းစားကြည့်ဝေ ...

ငါတို့က ကျားကို ရန်မူတာမဟုတ်။

ကျားက အပြစ်မဲ့တဲ့ ငါတို့ရွာသားကို ဆွဲတာ။

ကျားဆိုတာ လူသား တစ်ကြိမ်စားမိရင် နောင်ကို ကျွဲ၊ နွား မဆွဲတော့ဘူး။ လူသားအရသာကို ကြိုက်လို့ လူကိုပဲ ဆွဲတော့မှာနော။

သူ့ဘာသာ နတ်ကျားပဲဖြစ်ဖြစ် ...

သမန်းကျားပဲဖြစ်ဖြစ် ... ယခု ငါတို့ရန်သူ ဖြစ်သွားပြီ။

ရွာထဲက လူကြီးတွေက လူကြီးအလုပ် လုပ်ကြပေါ့။

ငါတို့က ကျားဆိုးကို ဒဏ်ခတ်ဖို့ စီစဉ်ကြတယ်။

ကျား ဘယ်နေရာက ရွာထဲဝင်နိုင်မလဲ ...

စဉ်းစားကြတယ်။

ကျားက အလစ်ဆွဲတဲ့ သတ္တဝါလေ။

စားကျက်သွားတဲ့ ကျွဲ၊ နွားနဲ့ လူကို အရင်ဆွဲမှာပေါ့။ ပြီးတော့ တောထဲ တောင်ထဲ စားစရာ အသီးအဖုရှာတဲ့လူကို ဆွဲမှာပေါ့။ အဲဒါမရမှ ရွာထဲကို ညအချိန် ဝင်ဆွဲမှာပေါ့။

ငါတို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

လူသားစားကျားကို ရအောင်ပစ်သတ်မယ်။

ငါတို့ ဘိုးဘေးတွေက ကျားကို ဝါးရင်းတုတ်နဲ့ ရိုက်ဖမ်းသတ်ခဲ့တာ။ ငါတို့မှာ တူမီးသေနတ်ရှိတယ်အေး။ အဆိပ်လူးမြားရှိတယ်အေး။

ဒီကျားဆိုး အနေနဲ့အမြန် သေရမယ်ပ။

ငဖိုးဆောအသက်နဲ့ သင်း အသက်ချင်း လဲရမှာပ။ ကျားနဲ့လူ။ ကျားနဲ့မုဆိုး တွေ့ကြသေးတာပ။

အလိုလေးပနော။

ဟုတ်ရဲ့လား ... ဟုတ်ပါ့မလားနော ...

ငါ့ကို လူးကံလာပြောတယ်အေး ...

''နော်လွန် ... နော်လွန် ...''

''အေး ... ညဉ့်ကြီးနက်ပြီး ... ပသူတုံး''

''ငါ စောလူးပ ... နော်လွန် ... မြန်မြန်ထစမ်း''

''ပဖြစ်ပတုံးဝေ''



www.burmeseclassic.com

www.burmeseclassic.com



''အမြန်ထဝေ''

ငါ အိပ်ရာက ထလိုက်တယ်။ မီးတိုင်ကို ထွန်းလိုက်တယ်။ အိမ်ရှေ့မှာ စောလူးနဲ့ မဂန် ... လုံရှည်ကိုယ်စီနဲ့။

''ကျားဝင်လို့ပ''

''မဟုတ် ... ဟို ... ဟို ... သူ ... သူ ... ပြန်ရောက်ပီပ''

''သူ ...''

''အေး ...''

''ဘယ်သူတုံး ... စောလူး''

''ဟို ... ဟို ... ငဖိုးဆော ... ပြန်ရောက်ပ ... နော်လွန်''

''ဟေ ... ငဖိုးဆော ... ကျားကိုက်လို့သေပနော ...''

''မသေပ။ သူ အိမ်ပြန်ရောက်ပကော။ နင် မြန်မြန်လိုက်ခဲ့ပါ နော်လွန်''

ဖိုးဆော မသေဘူး။

သူ့အိမ် ပြန်ရောက်နေတယ်တဲ့။

မဖြစ်နိုင်ဘူးပနော ...။

သူ့ကို ကျားဆွဲသွားတာလေ။

ငါတို့ ငဖိုးဆောတို့အိမ်ကို ရောက်ခဲ့တယ်။ ခြေတံရှည်အိမ်ပေါ်မှာ လူ အများကြီးပဲ။

အိမ်ပေါ်မှာရော၊ အိမ်အောက်မှာပါ မီးတိုင်တွေ ထွန်းထားလို့ လင်းထိန် နေတယ်။

ဟုတ်ပနော ...

ငဖိုးဆောမှ ငဖိုးဆော အစစ်ပ။

အပေါ်အင်္ကျီ ဝတ်မထားဘူးဝေ။

သူ့ ဘယ်ဘက်ပခုံးမှာ ကျားကိုက်ထားတဲ့ ဒဏ်ရာကြီးနဲ့ပ။ အစွယ် ပေါက် နှစ်ချက်နဲ့၊ စွယ်သေးရာ နှစ်ချက်။ ဒဏ်ရာပေါ်မှာ ကွမ်းရွက်တွေ ကပ်ပြီး ထားလို့။

ငဖိုးဆောက လူကြီးတွေမေးသမျှကို ကြိုးစားပြီး ဖြေနေတယ်။ သူ့ကြည့် ရတာ ကျားကိုက်ခံရတဲ့ လူမမာနဲ့ မတူသလိုပဲ။ စကားတော့ ပီအောင်ပြောနေ တယ်။ အသံက မတိုးမကျယ်။

ရွာလူကြီး လဗျဂန်နဲ့ အမေးအဖြေ ပြောနေကြတာ။ ငါတို့ရွာသားတွေ က နားထောင်ပေါ့။





ငဖိုးဆောအမေက ခေါင်ရည်အိုးကို ချပေးတယ်။ ငဖိုးဆားလည်း သူ့ အစ်ကို ပြန်ရောက်လာလို့ ပျော်နေတာပဲ။

''နင် ကျားကို မတွေ့ရဘူးလား နော''

''ငါ ... ငါက ကျွဲတစ်ကောင်လိုလို့ လိုက်ရှာတာလေ။ ဆေးလည်း ပါပကော။ ဒီမှာ ကျားက ငါ့ကို လှမ်းခုန်အုပ်တာနော။ ငါလား ... ကျား ... ကျား ... ညီလေး ... ပြေးလို့ အော်ရင်း လက်ထဲက လေးကင်းမားနဲ့ လက်ပြန် တွက်လိုက်တာပ။ ကျားနှာခေါင်းကို ခုတ်မိသွားတယ်။ ကျားက ငါ့ကို ခုန်အုပ် တော့ ဓားလွတ်ကျသွားတယ်။ ဒီမှာ တောကောင်ကြီးက ငါ့ ဘယ်ဘက်ပခုံးကို ကိုက်ပြီး ဒရွတ်ဆွဲပြေးတာပ။ ငါ လွတ်တဲ့ညာလက်နဲ့ ကျားမျက်လုံးကို ကုတ် တယ်ပ။ ကျားက ငါ့ကို ပါးစပ်နဲ့ခဲပြီး ကျောက်တောင်တွေရှိတဲ့ တောထဲကို ချီ ပြေး။ ငါကလည်း ကြောက်လန့်တကြားအော်၊ တောကောင်ကြီးက မြန်တယ်ပ နော။ ငါကလည်း အားကုန်သလို ဖြစ်နေပ့ါနော။ ငါ့ခြေထောက်နဲ့ ကိုယ်လုံးမှာ သွေးတွေ ရဲရဲစီးကျနေပ့ါ။ ဒီမှာ ခပ်လှမ်းလှမ်းက ကျားဟိန်းသံ ထပ်ကြားရတယ် နော။ တောကောင်က တစ်ကောင်တည်းမဟုတ်ပ။ ငါ ပခုံးကို ကိုက်ချီခံရရင်း နားစွင့်တယ်။ ငါ မောပန်းနေပြီ။ တောကောင်ကို ငါ ပြန်မတုနိုင်ဘူးပ''

''ဒါဆို နင် ဘယ်လိုလုပ်ပြီး အသက်ရှင်ခဲ့အေး''

''ငါ အရမ်းအံ့ဩရပနော''

''ဘယ်လို အံ့ပ''

''တောကောင်ကြီးက ငါ့ကို ကျောက်ဖျာတစ်ချပ်ပေါ်မှာ ချလိုက်တယ်ပ။ ငါ မသေသေးဘူးပဝေ။ ငါ နာကျင်လွန်းလို့ လူးလွန့်ညည်းတာပနော။ ငါ အားယူ ပြီး မျက်လုံးဖွင့်ကြည့်တယ်။ အနက်နဲ့ အဝါစင်းကျား ခေါင်းကြီးကြီး တောကောင် ကြီးက ငါ့ကိုကြည့်ပြီး (ဟဲ)လို့ ပါးစပ်ဖြဲအသံပေးတယ်။ ပုပ်စော်နံဟောင်နေတာပဲ။ သူ့သွားစွယ်ကြီးတွေ ဝါရောင်သန်းနေတယ်။ သူ့ပါးစပ်မှာ ငါ့ကိုယ်က သွေးတွေ ပေနေတာကို လျှာကြမ်းကြီးနဲ့ ယက်(လျှက်)နေတယ်ပနော။

ငါ ကြောက်လွန်းလို့ မျက်စိမှိတ်ပြီး အော်လိုက်တယ်ပ။ ငါ ကိုယ်ကို လှုပ်ကြည့်တယ်။ လှုပ်လို့မရဘူး။ ညာလက်ပဲ နည်းနည်းလှုပ်လို့ရတယ်။

လှုပ်နေတဲ့လက်ကို တောကောင်ကြီးက အသံကျယ်ကြီးနဲ့ ဟိန်းပြီး သူ့ လက်နဲ့ လှမ်းပုတ်လိုက်တယ်။ ငါ့ညာလက်ဟာ တောကောင်ရဲ့လက်သည်းနဲ့ ကုပ်မိပြီး အရေပြားတွေပြဲ၊ သွေးတွေ ထွက်ကုန်ရောပဝေ။

ငါ အော်တယ်။

သူ့ကို တောင်းပန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဆာနတ် မင်းကို တ,တယ်။

ငါ့အမေကို တ,တယ်။

တောကောင်ကြီးက ငါ့ကိုပတ်ပြီး လက်နဲ့ပုတ်လိုက်။ 'ဝေါင်း' ခနဲ ဟိန်းလိုက်။ ငါ့အနီးတိုးလာပြီး ငါ့မျက်နှာကို လျှာနဲ့ လာလျှက်လိုက် လုပ်နေတာ။ ကြောက်လွန်းလို့ အူရော၊ အသည်းရော တုန်ခါနေတာပဲ။

တောကောင်ကြီးက ငါ့ခေါင်းကို သူ့လက်နဲ့ ပုတ်တယ်။

ပြီး ဝိုင်းပတ်လျှောက်ပြီး ဟိန်းလိုက်။ ဝပ်လိုက်။ စိုက်ကြည့်လိုက်။

သူ ငါ့ကို သတ်ပုတ်ကစားပြီးရင် စားတော့မှာအေး။

ဒီမှာပဲ တောကောင်ကြီးက ငါ့ရင်ဘတ်ပေါ်ကို ဝါးပိုးလုံးမျှတုတ်တဲ့ သူ့လက်နဲ့ ဖိပြီး ငါ့မျက်နှာကို ကိုက်ဖို့ လုပ်နေချိန်မှာပဲ …

တောကောင်ကြီး(ကျား)ပါးစပ်နဲ့ ငါ့မျက်နှာကြားကို အဝတ်ထုပ်လုံးတစ်ခုကျလာလို့ တောကောင်ကြီးလန့်ပြီး လက်ကိုရုတ်တရက်လှည့်ကြွပြီး လိုက်တယ်ပ။

အလိုလေး …။

လူယောကျ်ားတစ်ဦးပနော။

တုတ်တုတ်ခိုင်ခိုင် လူကြီးပဝေ။

ကျောပြောင် အကျီမဲ့နဲ့ပ။

ပုဆိုးကို ခါးတောင်အမြှောင်ကျိုက်လို့အေး။

သူ့မျက်နှာက လေးထောင့်မကျတကျပနော။

အတော် သတ္တိကောင်းတဲ့ လူကြီးပ။ လက်ခမောင်းခတ်ပြီး တောကောင်ကြီးကို လူခြေလှမ်း ဆယ်လှမ်းလောက် အကွာကနေ စိန်ခေါ်နေတာပလား။

"ဟဲ့ကောင် … လာခဲ့၊ လာလေ"

"ဖျောင်း … ဖျောင်း … ဖျောင်း"

"ဂယား … ဝေါင်း …"

"ကယား … ဝေါင်း … အု … အု …"

တောကောင်ကြီးဟာ မီးဝင်းဝင်းတောက်မျက်လုံးနဲ့ လူကြီးကိုကြည့်ပြီး ဒေါမာန်တွေ ထနေရဲ့နော။ လူကြီးကို သူ မျက်နှာချင်းဆိုင်လိုက်တယ်။

ဆိုင်ပြီး ပတ်ချောင်းနေတယ်ပ။

လူကြီးက သိုင်းဗန်တိုသမားလို ခြေကွက်တွေပြောင်း၊ လက်ကွက်တွေပြောင်းရွှေ့ပြီး တောကောင်ကြီးကို ရင်ဆိုင်ယှဉ်ပြိုင်ဖို့ လုပ်ရော။

သူ အရမ်းသတ္တိကောင်းတယ်ပနော။

သူ့မျက်နှာပေါ်မှာ ကြောက်စိတ် လုံးဝမရှိ။





ဒီမှာ တောကောင်ကြီးက မြေပြင်မှာဝပ်ပြီး ခါးကို အသာညွှတ်လို့ အမြီးနဲ့ မြေပြင်ကို ပုတ်နေတဲ့အသံက ဖျာလိပ်ကို တုတ်တိုနဲ့ရိုက်တဲ့ အသံအတိုင်းပဲ။

လူကြီးကလည်း ဘယ်ခြေကို ရှေ့မှာညွှတ်ပြီး ညာခြေကို လှုပ်ရှားဖို့ အသင့်ပ။

"ဝေါင်း …"

"ဗိုး …"

"ကျား …"

"ဝေါင်း …"

"အုန်း … ဖောင်း …"

"ဝုန်း …"

"ဂရား … ဂရီး … ဝေါင်း … ဂရား"

အလိုလေးနော် … တောကောင်နဲ့ လူကြီး ပြိုင်တူ ခုန်ကြတာပဝေ။ လေထဲမှာ ကျားနဲ့လူကြီး ရင်ဆိုင်တွေ့ပြီး ချကြတာပနော။

ငါလည်း လက်နက်မပါတဲ့လူနဲ့ တောဘုရင်တောကောင်ကြီး သူတင်ကိုယ်တင် တိုက်ကြတာ။ ဒါ ပထမဦးဆုံး မြင်ဖူးတာပဲအေး။

လေထဲကနေ ကျား စူးဝါးနာကျင်အော်ပြီး အလျင်ကျလာပါရောပ။ တောကောင်ကြီးဟာ မြေပြင်ကို ခြေလက်နဲ့မကျဘဲ ခေါင်းနဲ့ကျပြီး ခေါင်းစိုက်လူးနေတာ။ ခဲတွေ၊ မြေကြီးတွေဟာ တောကောင်ကြီး လူးလိမ့်ယက်အော်လို့ ဖွာလံပလူပျံ လွင့်စင်နေတယ်။

တောကောင် ချက်ချင်း ပြန်မထနိုင်ဘူး။

ခေါင်းစိုက်ပြီး ဒေါပွလို့ လည်နေတာ။

တောကောင်ကြီးရဲ့ နှာခေါင်းက သွေးတွေ ထွက်ကျနေတာ ငါ မြင်နေရတယ် … နော်လွန်း။

ကြည့်ရတာ လူကြမ်းကြီးရဲ့ ဒူးခေါင်းလား၊ ခြေဖမိုးလား ‥ ပြင်းပြင်းထန်ထန် တောကောင်ကြီးရဲ့မျက်နှာကို ထိသွားပုံပဲ။ သွေးတောက်တောက်ကျပြီး မြေကြီး၊ အမှိုက်တွေ သင်းခေါင်းမှာ ပေကျံနေတယ်။

ဒီမှာပဲ လူကြမ်းကြီးက ပြေးလာပြီး ကျားခေါင်းကို ကန်မလိုလုပ်ရော။ ကျားနာတောကောင်ကြီးက ဝုန်းခနဲ နောက်ပြန်ကျွမ်းပစ်လိုက်ရောပဝေ။

ငါ့ကိုယ်ပေါ်ကို လွှားခနဲ နောက်ပြန်ကျော်သွားတာ။ ငါ လန့်ပြီး သတိလစ်သွားပါရောအေး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၀ ]

❑

ငါ ပြန်သတိရတော့ ဂူကြီးတစ်ဂူထဲရောက်နေတာ သိရတယ်။ ငါ့ပါးစပ်ထဲမှာလည်း ခါးတဲ့အရသာကို ခံစားနေရတယ်အေး။

ငါ့လက်ပေါ်က ကျားကုတ်ဒဏ်ရာတွေကို ဆေးလိမ်းပေးထားတာ ငါ သိရတယ်။

ငါ့ဘယ်ဘက်ပခုံးက ကျားခဲထားတဲ့ ဒဏ်ရာအပေါက်တွေကို စပ်တဲ့ဆေးတွေသိပ်ပြီး ကွမ်းရွက်နဲ့ အုပ်ကပ်ထားတယ်လို့ ပြောတယ်။

ငါ့ကို ကျားဆွဲသွားတာလေ။

ထူးဆန်းတာက ငါ့ခန္ဓာကိုယ်ပေါ်က ကျားခဲကျားကုတ် ဒဏ်ရာတွေက အရမ်းကြီး မနာကျင်တာပဲပ။

''မင်း သတိရပြီလား''

ငါ့ကို မေးတဲ့အသံ။ မေးတဲ့အသံမှာ ဩဇာလည်းရှိနေသလို၊ ကရုဏာသံလည်း ပါဝင်နေတယ်။

''ငါပြောတာ ကြားလား''

''ကြားပ''





''မင်းက တိုင်းရင်းသားနဲ့တူတယ်''

''ငါ ခန္တီးရှမ်းပါ ဘကြီး။ ဘကြီး . . . ငါ့အသက်ကို ကယ်လိုက်တာပဲပ။ ငါ့အသက်သခင်ပ''

''မင်း ထိုင်ကြည့်စမ်း''

ငါ ထိုင်လိုက်တယ်။ ငါရောက်နေတာ ကျောက်ဖျာပေါ်မှာပဲကိုး။

''ဒဏ်ရာတွေ နာသလား''

''မနာဘူးအေး''

''နာမည် ဘယ်လိုခေါ်တုံး''

''ဖိုးဆောလို့ ခေါ်ပ''

''မင်းကို ကျားချီလာခဲ့တာလား''

''ဟုတ် . . .''

ငါက လူကြီးကို ကျားဆွဲခံရတဲ့အကြောင်းစုံ ပြောပြတယ်။ လူကြီးက နားထောင်နေတယ်။

''မင်းရွာကို ပြန်ချင်လား''

''ပြန်ချင်ပ အမေနဲ့ညီငယ်ရှိပ . . . ဘကြီး''

''အေး . . . ပြန်ရမှာပေါ့။ ပြန်ပို့ပေးမှာပေါ့''

ဘကြီးလူကြမ်းက သတ္တိကောင်းသလို၊ စိတ်ထားလည်း ကောင်းတယ်ပ။ ငါ့ရဲ့ အသက်သခင်မို့ မေးရတာပေါ့နော။

''ဘကြီး . . .''

''အေး . . .''

''ဘကြီးက ဘာလူမျိုးလဲပ''

''ငါက မြန်မာပါ''

''ဘကြီးနေတော့ရော''

''ဒီကျောက်ဂူထဲမှာ နေတာပါ''

''မယားရှိလား''

''မရှိဘူး''

''ဘကြီးနာမည်က ဘယ်လိုခေါ်ပ''

''ခေါ်ချင်သလိုခေါ်ပေါ့ . . . လူလေး''

''နာမည်မရှိဘူးလားအေး''



www.burmeseclassic.com

www.burmeseclassic.com



''ငါ့မှာ နာမည်တွေများလို့ပါ။ လူလေး ခေါ်ချင်သလို ခေါ်ပါ''

''ဘကြီး . . .''

''အေး . . .''

''ဟို . . . ဟို . . . တော . . . တောကောင်ကြီးရောပ''

''မရှိတော့ဘူး''

''ဘကြီး သတ္တိအားကြီးကောင်း''

''နင် သေနေ့မစေ့လို့ပါ''

''ဘကြီး . . . နင် . . . အဲ . . . အဲ . . . ဘကြီး . . . လူ . . . လူအစစ်ပဲလားနော''

''ငါ လူအစစ်ပါ လူကလေး။ ဘာဖြစ်လို့လဲ''

''လူအစစ်တွေ ဒီကျောက်တောင် တောကြီးထဲမှာ မနေရဲကြဘူးပနော်''

''အခု ဘကြီးနေနေတာပဲလေကွယ်''

''ဟိုကောင် ပြန်လာလိမ့်မယ်ပ''

''ဘယ်ကောင်တုံး''

''တောကောင်ကြီးပ''

''ကျားကို ပြောတာလား''

''အေး . . .''

''ငါ ကျားမကြောက်ဘူး''

''ငါ ယုံတယ်ပနော။ ငါတို့ရွာမှာ နေပါလား။ နေရင် ဘကြီး (မဂန်) ဖြစ်မှာပဲပနော''

''မဂန်ဆိုတာ ဘာလဲ . . . လူလေး''

''ရွာကို အုပ်ချုပ်နိုင်တဲ့၊ ရွာက အားကိုးရတဲ့ ရွာအကြီးအကဲပေါ့''

''ငါက ကချင်မဟုတ်ဘူး''

''အေး . . . ဟုတ်ပနော။ ဒါနဲ့ ဘကြီး ငါ့ကို ရွာပြန်ပို့ပေးမှာပနော''

''ပြန်ချင်ပြီလား''

''ရွာမှာ ညံ့နေမှာပ''

''မှောင်တော့မယ် . . . မနက်မှ ပြန်ပါလားကွ''

''ငါ့အမေ . . . ငိုနေ . . .''





''ကိုင်း . . . သိပ်မမှောင်ခင် သွားကြမယ်။ ရော့ . . . ဒါ ဆေးလို့ခေါ်တယ်။ သုံးရက်ဆေးထည့်။ ဒီဆေးလုံးကို သောက်''

''ခါးတယ်ပနော''

''နင် ဒါကြောင့် မဖျားတာပေါ့။ လိမ်းဆေးက ပိုးမဝင်ဘူး။ အနာငမ်းမဝင်ဘူး။ ဒီကွမ်းရွက်ကို နေ့တိုင်း ရေစိမ်သောက်ပေး''

''ဘာကောင်းလဲပ . . . ဘကြီး''

''နင် မလန့်တော့ဘူးပေါ့''

''ဟုတ်လား . . .''

''စုန်း . . . ဆိုတာ ကြားဖူးလား''

''ကြားဖူးတယ်ပ . . ငါတို့ရှမ်းဘာသာနဲ့ဆို (လောင်ဒတ်)လို့ခေါ်ပ။ ပြုစားတဲ့အတတ်ကို ကချင်အခေါ်လည်း ရှိပ။ ဘာတဲ့ (မဂရီဂွိဒတ်အိုင်) ဆိုလားပ''

''အေး . . . ထားပါလေ။ ဒီ ကွမ်းရွက်ရေမန်းကိုသောက်ရင် စုန်းကဝေ ပြုစားလို့ နှောင့်ယှက်လို့မရဘူး။ နင့်လက်ပြင်က ကျားခဲနာကို ဘကြီး ကွမ်းရွက်အုပ်ပေးထားတာ။ အပ,ပယောဂမဝင်အောင် ထားပေးတာ။ နင့်နာမည်ဘာတဲ့''

''ငဖိုးဆော . . .''

''ဖိုးဆော . . . နင်တို့ ဘာကိုးကွယ်ကြတုံး''

''ငါတို့ ရိုးရာနတ်များကိုပ''

''ရွာမှာ မြန်မာဘုန်းကြီးကျောင်း ရှိလား''

''မရှိ''

''ရှင်အရဟံဆိုတာ ကြားဖူးလား''

''ဟင့်အင်း''

''ငါက မသိဘူး။ မကြားဖူးဘူးဆိုတော့ ဘကြီးလူကြမ်းက ငါ့ကို သနားကရုဏာသက်တဲ့ အကြည့်နဲ့ ကြည့်နေရဲ့နော။

''နင်တို့ တစ်ရွာလုံး နတ်ကိုးကွယ်တာပဲလား''

''များပ''

''မျက်နှာဖြူတွေ လာကြလား''

''လူဖြူလား''

''အေး . . . အင်္ဂလိပ်လူမျိုးတွေ၊ အမေရိကန်တွေ . . .''

''ငါတို့နယ်ကို လာတယ်လို့ ကြားတယ်။ မမြင်ဖူးဘူးပနော''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီ မျက်နှာဖြူတွေ ကိုးကွယ်ယုံကြည်တဲ့ ဘာသာကော ကြားဖူးလား''

''အေးပ ... ကြားပ''

''ရွာထဲမှာရော ကိုးကွယ်ကြလား''

''ငါတို့ရွာမှာတော့ မရှိပ''

''ကောင်းတယ် ... သွားကြစို့ ... လာ''

ဒီလိုနဲ့ ငါနဲ့ဘကြီးတို့ တောနက်ထဲကနေ ရွာရှိရာကို လာခဲ့လိုက်ကြတယ်။ အခုတော့ ဘကြီးက အလွန်ထူထဲကြမ်းတမ်းတဲ့ ဖျင်ကြမ်းတိုက်ပုံအင်္ကျီကြီးဝတ်လို့။ ဘာလက်နက်မှ မယူဘဲ ငါ့ကို လိုက်ပို့တယ်။ ထင်းရှူးတိုင်မီးတုတ် လည်း ပါတယ်။

ဒီလိုနဲ့ မှောင်သွားခဲ့တယ်။

မီးတိုင်အလင်းရောင်နဲ့ ငါတို့ တောလမ်းမြောင်တွေ၊ ကျောက်တုံးတွေကို ဖြတ်ကျော်လာခဲ့ကြတယ်။ ဘကြီးက ပါးစပ်ကနေ မန္တန်တွေ ရွတ်ဖတ်ပြီး သွားနေတာ။

တောက မှောင်နေတော့ ငါကြောက်တာပေါ့။

အလို ... မီးရောင်အောက်မှာ တောကြီးမြွေဟောက်ကြီးတစ်ကောင်က ပါးပျဉ်းထောင်ပြီး လမ်းမှာ ရပ်နေတာပ။

''ရှူး ... ရှူး ...''

''ရှူး ... ဖူး ...''

''ဘကြီး ... ရှေ့မှာ မြွေဆိုး''

''ဟုတ်တယ် ... အကောင်ကြီးမျိုးပဲ။ ဒီမြွေ ဘာမြွေလဲသိလား ... မောင်ဖိုးဆော''

ငါ ပါးပျဉ်းတရမ်းရမ်းနဲ့ ကော့ကော့တက်နေ၊ လှုပ်နေတဲ့ မြွေဆိုးကို အရဲစွန့်ကြည့်လိုက်ပြီး ပြောလိုက်တယ်။

''ဒါ ... တောကြီးမြွေဟောက်ပဲ ... ဘကြီး။ အဆိပ်ပြင်းတယ်၊ ဆေးမမီဘူးပ။ ရှေ့မတိုးနဲ့ ဘကြီး။ နေ ... နေ ... ငါ လုပ်လိုက်မယ်''

ငါက ကျောက်ခဲတစ်လုံးကောက်ယူပြီး တောကြီးမြွေဟောက်ကို ပစ်ပေါက်မလို့ လုပ်တော့ ဘကြီးက ငါ့လက်ကို ဖမ်းဆုပ်ပြီး ...

''မပစ်နဲ့ မီးတိုင်ကိုင်ထား ... လူလေး''





''ငါတို့ကို အန္တရာယ်ပြုမယ် ဘကြီးရဲ့''

''မငီး ... ခဲနဲ့ မပစ်နဲ့။ ငါ ရှင်းပေးမယ် ... ရပ်နေ''

ဒီလိုပြောပြီး ဖျင်ကြမ်းဘကြီးက တောကြီးမြွေဟောက်ရှိရာကို တရွေ့ရွေ့ တိုးသွားပါရောနော။ သူ့ကိုသာ မြွေဆိုးကိုက်လို့၊ ပေါက်လို့ သေရင် ငါ ဂယ်လိုလုပ်ရမှာတုံး။ ငါက မသွားဖို့ တားတယ်။ သူက ရှေ့ကို တိုးသွားတယ်။

ဘကြီးက တောကြီးမြွေဟောက်ရှေ့မှာ လက်ဝါးထောင်ပြနေတာပဟော့။ ငြိုး လက်ဝါးကို ဘယ်ညာရွှေ့တယ်။ ရွှေ့တဲ့နေရာကို တောကြီးမြွေဟောက်က ပါးပျဉ်းနဲ့ တိုးရွှေ့ယိမ်းထိုး ပြိုင်နေတယ်။

ဘကြီးက ငါတို့မကြားဖူးတဲ့ မန္တန်တွေရွတ်ပြီး မြွေရှေ့ကို သွားနေတာပနော။

သူရွတ်တဲ့ မန္တန်တွေဟာ ငါတို့ရွာက နတ်ဆရာ (ဂျိုင်ဝါ)တွေ ရွတ်တဲ့ ပကာမျိုးမဟုတ်ဘူး။

(ဒွမ်ဆာ)လို့ခေါ်တဲ့ နတ်ဆရာတွေလို နတ်ပင့်ရွတ်တာမျိုး မဟုတ်ဘူး။

ဘကြီးရွတ်တဲ့အသံက ဟိန်းတဲ့အခါဟိန်း ...

ညှက်တဲ့အခါ ညှက်ပဲနော ...

ဟော ... ဘကြီးနဲ့ တောကြီးမြွေဟောက်ကြီး မျက်နှာချင်းဆိုင်ဖြစ်နေကြပြီ။ ပေါက်တာနဲ့ တုံးခနဲပဲ။

အလို ... အံ့စရာပပဲနော။

ဘကြီးက တောကြီးမြွေဟောက်ရဲ့ဦးခေါင်းကို သူ့ညာလက်ဝါးနဲ့ မိုးထားလိုက်ရော။ အိုး ...

တောကြီးမြွေဟောက်က ကျောက်ရုပ်လို ငြိမ်နေပါရောဟော့။ ကြည့်စမ်းပေ၊ ဘကြီးက မြွေခေါင်းပေါ် လက်တင်ပွတ်သပ်ပြီး စကားတွေ ပြောနေတာပ။

အတန်ကြာတော့ တောကြီးမြွေဟောက်ကြီး ဦးခေါင်းအောက်စိုက်ကျပြီး မြေပြင်မှာ ခေါင်းစင်းနေပါရောပ။ အရှည်က လူကြီးနှစ်လံကျော်မယ်ပ။ အလုံးက ငါတို့ ခြေသလုံးလောက်ရှိပကော။

အလို ... ဘကြီးက တောကြီးမြွေဟောက်ရဲ့ လည်ပင်းနဲ့ ကိုယ်လယ်ကို မှုကိုင်မ,ပြီး လမ်းဘေးတောစပ်ကို ချပေးလိုက်တာပဝေ။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးလဖျက်နဲ့တို့ရေ ... မြွေကြီးက မလှုပ်မလွန့်ပဲပနော်။ လမ်းဘေး ချပေးလိုက်တော့ တရွေ့ရွေ့နဲ့ သစ်ပင်တွေကြား ဝင်သွားတာကို မီးရောင်နဲ့ မြင်ရတယ်နော်။

ငါတို့ တောပြင်ကိုရောက်တော့ သက်ကြီးခေါင်းချ ကြက်တွန်သံကြားရပြီး ...

"လူလေး ..."

"ဘကြီး ..."

"ဟိုးရှေ့မှာ ရွာ။ မင်း သွားရဲမဟုတ်လား"

ငါ ဘကြီးကိုခွဲသွားရမှာ ဝန်လေးနေတယ်။ ဘကြီးက ငါ့အသက်ကို ထူးခြားစွန့်စား ကယ်ခဲ့တာပနော်။ သူနဲ့ငါ တစ်နေ့လယ်အလွန်ပိုင်းမျှပဲ တွေ့ခဲ့ကြတယ်။

သူ ကျားကိုက်ခံရတဲ့ အနာတွေကို မကိုက်၊ မနာ၊ မဖျားအောင် လှစ်ပေးခဲ့တယ်။ သူ ဘာလဲ ငါမသိပ။ ငါ သူ့ကို လေးစားတယ်။ ယုံကြည်တယ်။ သူ လူဆိုးမဟုတ်ဘူး။

"ဘကြီး ..."

"သွားတော့ ... လူလေး"

"ငါနဲ့ လိုက်ခဲ့ပါ။ ငါတို့ရွာမှာနေပါ ... ဘကြီးနော်"

"ဘကြီးပြန်တော့မယ်။ လူလေးရွာရှိရာကို ပြန်။ ရော့ ... မီးတိုင် ယူသွား။ မင်းအမေနဲ့ညီလေး ငိုနေမှာဆို ... သွားတော့။ ဘကြီး ဒီကနေ စောင့်ကြည့်ပေးမယ် ... ဟုတ်လား"

ငါ့မျက်လုံးထဲကနေ မျက်ရည်တွေ စီးလိမ့်ကျလာတယ်။

ငါ ငိုနေတာ မဟုတ်ဘူးနော်။

ငါ ဝမ်းနည်းသလို ဖြစ်နေတယ်။

သူဟာ ငါ့ကျေးဇူးရှင် အသက်သခင်။

ငါ သူ့ကို ဘယ်တော့ ပြန်တွေ့ရမှာလဲ နော်။ ငါ မီးတုတ်မယူပါဘူး။ ကျေးဇူးရှင်ဘကြီးက တောထဲကနေ ဖြတ်ပြန်ရမှာ။ ကျားနဲ့တွေ့နိုင်တယ်၊ သစ်နဲ့တွေ့နိုင်တယ်။ တောကြီးမြွေဟောက်ထက်ဆိုးတဲ့ သားကောင်တွေ၊ ပဒူတွေ၊ လူ့ကိုယ်လုံး ထန်းလုံးလောက်ရှိတဲ့ နှစ်မြို့မြွေကြီးတွေနဲ့ တွေ့နိုင်တယ်။

ငါ တွေဝေမျက်ရည်ကျနေတော့ အသံထွက်အောင် ရယ်ပြီး ငါ့ကို တွန်းထုတ်လိုက်တယ်။





"ဘကြီး ..."

"လူလေး ..."

"ဘကြီးနဲ့ငါ ထပ်တွေ့ချင်တယ်အေး"

"တွေ့ရမှာပေါ့"

"ငါကျွေးတာစားရမယ်နော် ... ဘကြီး"

"စားမှာပ"

"ငါသွားမယ်ပ"

ငါ သူ့ကို လေးလေးစားစား ခေါင်းညွှတ်ခါးကိုင်းပြီး အရိုအသေပေးလိုက်တယ်။ သည့်နောက် လှည့်မကြည့်ဘဲ လရောင်အလင်းနဲ့ ရွာရှိရာကို လာခဲ့လိုက်တယ်။ ဒါပေမင့် ငါလှည့်ပြီး ကြည့်ဖြစ်အောင် ကြည့်လိုက်တယ်ပ။ သစ်ပင်ကြီးနဲ့ ချုံနွယ်တွေ ပိန်းပိန်မှောင်နေတဲ့ တောအုပ်ထဲမှာ ထင်းရှူးမီးတိုင်အလင်းတိုင်လေး တရွေ့ရွေ့သွားနေတာ မြင်ရတယ်။ ငါ မီးတိုင်အလင်းရောင်လေး ဝေဝါးပါးလျ ပျောက်ကွယ်သွားတော့မှ ငါနေတဲ့ ရွာကလေးရှိရာကို လှမ်းလာခဲ့လိုက်တယ်။

ငါ ... ငါ ... အမေ့ကို အသံပြုတယ်အေး။

ငါ့ညီကို အသံပြုတယ်အေး။

ခွေးဟောင်သံကြားရတယ်။

ညဥ့်ငှက်တစ်ကောင် လန့်ပျံသံကြားရတယ်။

"ဘယ်သူလဲပ ..."

"ငါပါ ... ဖိုးဆောပ"

"ဟင် ... ဖိုးဆော"

"အေး ... ငါ ဖိုးဆောပ"

"နင် ... နင့်ကို ... ကျား ... ကျားဆွဲ ..."

"ငါ ... ငါ မသေဘူးပ ... ငါမသေဘူး"

မီးရောင်လင်းလာတယ်။ ငါ့ကို အိမ်မြင့်ပေါ်ကနေ ငုံ့ကြည့်တယ်။

"ဖိုး ... ဆော ... သား ..."

"အစ် ... ကို ..."

ငါ့ကို ညဥ့်နက်သန်းခေါင် တွေ့လိုက်တော့ ငါ့အမိနဲ့ ညီတို့ဟာ ဝမ်းလည်းသာ ကြောက်လည်းကြောက်ပေါ့။ ငါ့ကို ကျားချီသွားတာသည် ရွာကမုဆိုးတွေ လူစုပြီး လိုက်ရှာတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သွေးစက်နဲ့ အဝတ်ပိုင်းစပဲ တွေ့ကြတော့ ...

ငါသေပြီလို့ ယုံကြည်ကြတာပ။

ကျားဆွဲလို့ရှင်တဲ့လူ ရှားပကိုးအေး။

ငါ့ကို တစ္ဆေလို့ ထင်ကြတယ်။ ငါ တစ္ဆေမဟုတ်မှန်း သိတော့မှ ဝမ်းသာအားရ ဖက်ငိုကြပေါ့။ ငါ့ကို ရွာလူကြီးကလည်းမေး၊ ရွာသား ကချင်မုဆိုးတွေကလည်း မေး၊ ရွာထဲက တိုင်းရင်းသူတွေကလည်း အံ့သြကြပေါ့။

ဒါနဲ့ ငါက ဖျင်ကြမ်းတိုက်ပုံအင်္ကျီနဲ့ လူစွမ်းကောင်းကြီးအကြောင်း ပြောပြတော့ သူတို့ အရမ်းအံ့ကြတာပအေး။ နော်လွန်က မေးတယ်ပ။

"ဖိုးဆော ..."

"အေး"

"နင် တောထဲတွေ့တဲ့လူက လူအစစ်ဟုတ်ရဲ့လား"

"လူတော့ လူပဲ။ ငါ့ကို ကျားလက်ကကယ်ပြီး ဆေးပါ လိမ်းပေးတိုက်ပေးတာအေး"

"နင် အခု နေကောင်းလား"

"အေး"

"ကျားခဲဒဏ်ရာက ကိုက်လား"

"မကိုက် ..."

ငါတို့ရွာသားတွေ ကျားခဲကျားကုတ် ဒဏ်ရာတွေ ကြည့်ပြီး အံ့သြနေကြပ့ါ။ ဒဏ်ရာကို နှိပ်ကြည့်ကြပ့ါ။

"လူမှဟုတ်ရဲ့လား ...ဆောရာ ဟင်"

"နက်ဖြန်၊ သန်ဘက် သွားကြည့်တာပအေး။ နင်တို့ပါ လိုက်ခဲ့ကြ၊ ငါလည်း အသက်ကယ်တဲ့ဘကြီးကို အစားအစာ သွားပေးချင်တယ်။ ငါတို့ လူစုပြီး သွားမှ ဖြစ်မှာနော"

"ငါတို့ မယုံ"

"လိုက်ကြည့်ပ"

"ကြည့်မှာပေါ့အေး။ နော်ဘောက်ကြီး လိုက်မှာလား"

"လိုက်တာပအေး"

✿ ✿ ✿

| ၂၁ |

❑

ဖိုးဆောပြန်ရောက်ပြီး နှစ်ရက်မြောက်တော့ ငါ ကျားကုပ်၊ ကျားခဲတဲ့ ဒဏ်ရာတွေ အံ့သြစရာကောင်းအောင် ပျောက်သွားတယ်ပ။ ဘကြီးပေးတဲ့ ကွမ်းရွက်ကိုလည်း သောက်ရေအိုးထဲမှာ ထည့်စိမ်ပြီး အဲဒီရေကို သောက်လည်း သောက်၊ အနာကိုလည်း ဆွတ်ပေး လုပ်တယ်။

ငါတို့ရွာရဲ့ ထုံးစံအတိုင်း ...နတ်မင်းကြီးကို စားပွဲနဲ့ နတ်ဆရာက တောင်းပန်တာပေါ့။ ကြမ္မာကိုဖန်တီးတဲ့ 'ဆာ' နတ်ကို ပူဇော်ရတာပေါ့။

ရွာကို မိုးကြိုးပစ်ခံရရင် မိုးကြိုးနတ်ကို ပူဇော်ပ,သကြတယ်။ မပူဇော်ရင် ဒီထက်ဆိုးတဲ့ အန္တရာယ်နဲ့ ကြုံကြရလိမ့်မယ်လို့ ယုံကြည်ကြတာကိုး။

ငါတို့ သေစာရှင်စာပဲ တတ်ကြတယ်ပ။

ရှေးအစဉ်အဆက် ရိုးရာဓလေ့ကို လိုက်နာရတာပ။

ကိစ္စတွေပြီးတော့ ငါတို့လူငါးဦး ကျားဆွဲတဲ့တောထဲ ဝင်ခဲ့ကြတယ်။ ငါတို့အားလုံးမှာ လက်နက်တွေ ပါကြတယ်လေ။ တူးမီးသေနတ်ရှည်နှစ်လက်၊ လုံရှည်သုံးချောင်း။ ဒူးလေးနဲ့ ကချင်လေးကင်းဓားတွေ ပါတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဆောကလည်း သူ့ကျေးဇူးရှင် ဘကြီးစားဖို့ ရိုးရာမုန့်တွေ၊ ငှက်ပျော သီး၊ ကြက်ဥ၊ ရှမ်းကောက်ညှင်းဖုတ်၊ ပိန်းဥပြုတ်တွေ လွယ်ပလုံးနဲ့ ထည့်ယူလာ တယ်ပနော။

ရွာလူကြီးကလည်း မယုံချင်ဘူး။

ဒေါ်ငလန်းတို့ မုဆိုးတွေကလည်း မယုံချင်ဘူး။

နော်လွန်က ပိုမယုံချင်။

ဘာလို့လဲဆိုတော့ နော်လွန်တို့ကိုယ်တိုင် တောကြီးတောင်ကြီးထဲ ဝင်ခဲ့ ဖူးတာ။ လူလည်းမတွေ့၊ ကျားလည်းမတွေ့၊ ခန္တီးရှမ်းဖိုးဆောကို ကယ်ခဲ့တာ ဘယ်လို လူတုံး။

ကျားမျက်နှာကို ဒူးနဲ့တိုက်သတ်တဲ့ ... ဟုတ်ပါ့မလား နော။

ငါတို့နယ်မှာ ကျားကို တုတ်တိုနဲ့ ရှေ့နောက်ညှပ်ရိုက်ဖမ်းတဲ့ လူစွမ်း တွေ ရှိပါတယ် ... ညည်းသည်။

ပြီးတော့ ... ဒီတောနက် တောင်တန်းတွေမှာ လူဆိုရင် တစ်ယောက် တည်း မနေရဲဘူးပ။ အေးခဲပြီး သေသွားနိုင်တာပ။

ကျားနဲ့ယှဉ်သတ်ရဲတဲ့လူ ...

ဒါဆို ဒီလူကြီး လူစင်စစ်မှ ဟုတ်ပါ့မလား။

ကျားဆွဲခံရပြီး အသက်ရှင်လာတဲ့ ခန္တီးရှမ်းဖိုးဆောက လမ်းကြောင်းကို ပြတယ်။ သို့သော် ယခု သူ လမ်းကြောင်း မမှတ်မိတော့။

ညကြီးမှောင်မှောင်မို့ အကွေ့တွေ၊ အကောက်တွေ၊ အပင်အိုကြီးတွေ ကို မမှတ်မိတော့။

ဒီလိုနဲ့ ငါတို့ သားကောင်သွားတဲ့ လမ်းဟောင်းတွေ၊ မုဆိုးလမ်းတွေ အတိုင်း လာခဲ့လိုက်တာ၊ ထမင်းအိုးကြီး နှစ်အိုးကျက်ခန့်အကြာမှာ ငါတို့ ကျောက် တောင်ကြီးရဲ့ ပတ်လမ်းကို ရောက်ခဲ့ကြတာပ။

ဒီကျောက်တောင်ပတ် လမ်းကြမ်းက ရှေ့ကဆီးကြည့်လိုက်ရင် ကချင် တောနက်ရဲ့ အနေအထားတချို့ကို မြင်ရတယ်။

ရှေ့မှာ ရေကျတွင်းကို တွေ့ရတယ်ပ။

ဟိုးကျောက်ကြို ကျောက်ကြားက ရေကျသံက ရေတံခွန်ကျသလိုမျိုး မဟုတ်ဘူး။





မှန်မှန်ငြိမ့်ငြိမ့်လေး ... ကျောက်ကြိုကျောက်ကြားက စီးကျတဲ့ရေသံ။ ယှမ်းကြည့်လိုက်တော့ ကျောက်ခွက်လို အခွက်ကြားမှာ ရေတွေပြည့်လျှံပြီး ဘေး ပါယာကို စီးဖြာကျလို့။

ရေလာသောက်တဲ့ ငှက်ကြီးတွေကို မြင်ရတယ်ပ။

သားကောင်အချို့ ရေသောက်ရင်းက လူသံကြားလို့ နောက်ပြန်လှည့် ပြေးကြတယ်။

"ဖိုးဆော ..."

"အေး ... နော်လွန်"

"နင် အဘိုးကြီးကိုတွေ့တာ ကျောက်ဂူထဲမှာနော်"

"အေး ... ဂူအပြင်မှာ ကျောက်ဖျာကြီးရှိတယ်"

"သူနေရင် ရေနဲ့နီးတဲ့နေရာမှာ နေနိုင်တယ်ပ"

"အေးပ"

ဒါနဲ့ ငါတို့ ကျောက်တောင်ပတ်လမ်းကနေ ရင်ကွဲကျောက်တုံးကြီးတွေ ရှိတဲ့ဘက်ကို အတန်ကြာလျှောက်လိုက်ရော အမ်နော်ဘောက်က 'ရှူး' လို့အချက် ပြလိုက်တယ်။

ငါတို့ ဆင်တစ်ရပ် ကျောက်တုံးကြီးနှစ်ခုဘေးမှာ အသာကိုယ်ကို ကပ်ပြီး အသံကို နားစွင့်လိုက်ကြတယ်။

"အမ်နော်ဘောက် ဘာတွေ့ ..."

"ရှူး ..."

"ဝေါင်း ... အားဂရား"

"ဝေါင်း ... ဂရား ... အု ... ဝေါင်း"

"ဒါ ကျားဟိန်းသံဝေ့"

"ရှူး"

ငါတို့နဲ့ မဝေးဘူးပ။ တူမီးအသင့်ပြင်ကြပ။ ဖိုးဆော ကျားဟိန်းသံကြောင့် ခေါင်းနားပန်းကြီးပြီး ကျောက်တုံးအခြေမှာ ဒူးတုပ်နေတယ်။

"နော်လွန် ..."

"ဘောက်"

"ဒီကိုလာ ... ကျန်မုဆိုးတွေ အသံမထွက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ကြီးက ခပ်အုပ်အုပ်အသံနဲ့ ခေါ်နေလို့ အသာဝပ်သွားပြီး ကြည့်လိုက်ရော . . .

''ဟာ . . .''

''အားပါး . . .''

''နော်လွန် . . . ဘာမြင်လို့လဲပ ဝေ''

''ဖြည်းဖြည်းလာခဲ့ကြ။ သူတို့ မမြင်စေနဲ့''

ငါ (နော်လွန်) မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အရမ်းအံ့ဩသွားခဲ့ရတယ်ပ . . . ညှော်သည်။

ငါတို့က တောင်ရင်ကွဲအပေါ်စီးက မြင်ရတာ။

ကြည့်စမ်း . . .

တောင်ခြေကျွန်းပင်ကြီးတွေကြားက ကွက်လပ်ထဲမှာ လူကြီးတစ်ဦးက ပက်လက်လှဲနေတဲ့ ကျားရဲ့ခေါင်းကို လက်နဲ့ ပွတ်သပ်နေတာ။

''ဖိုးဆော . . .''

''အေး . . . နော်လွန်''

''နင်မြင်တယ်လား နော''

''မြင်တယ်ပ အေး''

''အဲဒီလူကြီးလား''

''ဟုတ်တယ် . . . အဲဒီဘကြီးပဲ။ တွေ့ . . . မဟုတ်လား။ တိုက်ပုံအင်္ကျီရင်ကွဲနဲ့။ အလို . . . သူ . . . သူ . . . ကျားကို . . . ကျားကို . . . အမယ်လေးပ''

''ရှူး . . . တိတ်တိတ်နေ''

အနက်နဲ့အဝါစင်းရောနေတဲ့ ကျားကြီးရဲ့ခေါင်းကို ပွတ်နေပုံက အိမ်ကြောင်ရဲ့ဦးခေါင်း၊ အိမ်ခွေးရဲ့ဦးခေါင်းကို ပွတ်သပ်ချော့နေသလိုပဲ။

ကျားက ခေါင်းစင်းပေးရာက ပက်လက်လှန်လိုက်ပြီး ဟိန်းတယ်။ အော်တယ်။ လူကြီးက ကျားရဲ့မေးအောက်နဲ့ ဝမ်းဗိုက်ကို ပွတ်သပ်ပေးတော့ ကျားကြီးက ခြေလက် လေးဘက်ကားပြီး ကြည်နူးနေပါရောဗျာ။

အလို . . .

လူကြီးက ရပ်ပြီး ခါးထောက်လိုက်တယ်ပ။

ကျားကြီးကလည်း အပျင်းဆန့်ပြီး လူကြီးရှိရာကို တိုးလာနေပါရော။ လူကြီးကလည်း ကျားကိုပတ်ပြီး လက်ဖျောက်တီး ခေါ်နေတယ်။ ကျားကလည်း





ဝေါင်းခနဲ အသံပေးပြီး ခါးလျားရှည်ကြီး နွဲ့နွဲ့နဲ့ လူကြီးကို ပြန်လိုက်ပတ်နေတာ ညှော်သည်ရေ . . .

အလစ်မှာ ကျားကြီးက လူကြီးကို လက်နဲ့ လှမ်းပုတ်လိုက်တယ်။ လူကြီးက နောက်ကိုယို့ပြီး ကျားခေါင်းကို သူ့လက်နဲ့ လှမ်းပုတ်လိုက်ပနော။

ဒီမှာ ကျားက ခေါင်းငုံ့ဝပ်ပြီး အမြီးပုတ်လို့ ချောင်းပါရောနော။

''ဘုတ် . . . ဘုတ်''

''ဘုတ် . . . ဘုတ်''

အဲဒါ ကျား ခုန်အုပ်မလို့ အားယူနေတာ။

ကျားရဲ့အထာက အဲလိုပ။

''ဝေါင်း''

''ဝေါင်း''

''ကျား''

ကျားက လေထဲကိုခုန်ပြီး အဘိုးကြီးကို လှမ်းအုပ်တာပဟော။ အလိုလေး အဘိုးကြီးက မရှောင်ဘူးပ။ ကျားလက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ ဖမ်းဆုပ်ပြီး တွန်းလိုက်တာ။

အလို . . .

သန်လိုက်တဲ့လူကြီးနှယ် . . .

ခုန်အုပ်တဲ့ကျား နောက်ပြန်လန်ပြီး ပက်လက်အကျမှာ လူကြီးက လွှားခနဲခုန်ပြီး ကျားရင်ဘတ်ပေါ် ခွစီးလို့ ကျားလက်နှစ်ဖက်ကို သူ့လက်နဲ့ ဆုပ်ကိုင်ထားတာပ။

ကျားကရုန်း။

လူကြီးက ကျားလက်ကိုညှစ်။

ဟော . . . ကျားတစ်ပြန် လူတစ်ပြန် ဖြစ်နေပြီ။

လူကြီးက ကျားဖက်ဆုံကျောပေါ် ရောက်သွားပြီး ကျားလည်ပင်းကို သူ့လက်နဲ့ အပေါ်ကနေ ဖက်ထားတာနော။ ကျားကလှဲချ သူကမလွှတ်။

ကျားနဲ့လူ လုံးထွေးဖက်သတ်နေတာပ။

ကျားနဲ့လူ ကစားနေတာလား။

ရန်ဖြစ် သူသေကိုယ်သေ သတ်နေတာလား ငါတို့မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ကျားက ရှေ့ကျွမ်းထိုးချလိုက်တာ လူသန်ကြီး ပက်လက်လန်ပြီး လွင့်သွားချိန် ...

''ဝေါင်း ...''

''ဂရူး ... ဝေါင်း''

ကျားက ကြောက်စရာဟိန်းသံပေးပြီး လူကြီးလဲနေရာကို ခုန်အုပ်မလို့ လုပ်ရော ...

''နော် ... လွန် ... ဘ ... ဘကြီးကို ... ကယ် ... ကယ်ပါ ... ကျား ... ကျားကိုက်တော့မယ်ပ''

ဒီမှာ ငါ အသိပြန်ဝင်လာပြီး တူမီးသေနတ်နဲ့ ကျားကိုချိန်၊ ခလုတ်ဖြုတ်ဖို့ လက်ညှိုးကို ညှစ်လိုက်ချိန် ...

ငါ့ခြေထောက်နဲ့ ကျောက်ခဲတစ်လုံး တိုက်မိပြီး ကျောက်ခဲက တောင်အောက်ကို အသံမြည်ပြီး လိမ့်ကျသွားပါရော ...

အတော်နားပါးတဲ့ လူကြီးပနော့။

ခဲလုံးကျသံအကြားမှာ လူကြီးက ကျားကြီးကို ခြေနဲ့ဆောင့်ကန်လိုက်လို့ ကျား လွင့်သွားချိန် ...

''ဖောင်း ...''

''ကျား ...''

''ဝေါင်း ... အူး ... ဂရား''

သေနတ်သံကြောင့် ကျားက လူးလွန့်ပြီး နောက်ဖက်တောအုပ်ကို ကျွမ်းပစ်ဝင်သွားတယ်။

လူကြီးလည်း မြေပြင်မှာ ငြိမ်ကျသွားတယ်။

ဒီမှာ ဖိုးဆောက စိုးရိမ်တကြီး ဖြစ်နေပါရောနော့။

''နော်လွန် ... ဟို ... ဟို ... ဘကြီးကို ... ကျည်ထိသွားပကော။ ဒုက္ခပါပဲ ...''

''ဟုတ်သနဲ့ တူပနော်။ လူကြီး မလှုပ်တော့ဘူး''

''သူ ... သူက ... ငါ့ ... ငါ့အသက်သခင်ပ။ အကျိုးနည်းပကော ကယ်ကြ၊ ကြည့်ကြပါဦး ... နော်လွန်''

''ငါ ကျားကို ပစ်တာပ''

''အခု လူထိသွားပြီပ''





''တောင်အောက်ကို မြန်မြန်ဆင်းကြဟေ့''

ငါတို့ တောင်အောက်ကို အမြန်ဆင်းခဲ့ကြတယ်။ တောင်က သိပ်မမြင့်လို့ လူကြီးရှိရာကို အမြန်ရောက်ခဲ့ကြတယ်။ မြေပြင်မှာ လူကြီးက ငြိမ်သက်လို့။

ကျားနဲ့သူနဲ့ သတ်ပုတ်ထားတဲ့ နေရာဟာ မြေကြီး မွစာကြနေတယ်။

ကျန်လူတွေက ကျားပြန်လာရန်ပြုမှာစိုးလို့ တောအုပ်သစ်ပင်တွေကြားကို တူးမီးသေနတ်နဲ့ ချိန်ထားကြတယ်။

''ဘ ... ကြီး ... ဘကြီး ...''

''ဘကြီး ... ဖြစ်ရလေ ... ဘကြီးရ ... ဟီး''

ဖိုးဆောက ငြိမ်သက်နေတဲ့ လူကြီးကိုကြည့်ပြီး ငိုတယ်ပ။ ငါတို့လည်း ဘာလုပ်ရမှန်းမသိ။ ငါပစ်လိုက်တဲ့ကျည်ဆန်က ကျားမထိဘဲ လူကိုထိသွားပြီ။

ငါ လူကြီးကို အနီးကပ် ငုံ့ကြည့်လိုက်တယ်။

သူ့ခန္ဓာကိုယ်မှာ သွေးထွက်တာ မမြင်ရဘူးပ။

သူ မှောက်ခုံကြီးဖြစ်လို့ သူ့ဖျင်ကြမ်းအင်္ကျီ ချွေးနဲ့ဖုန်တွေ ပေကျံပြီး ပေနံ့တက်နေတယ်။

မဟုတ်မှလွဲရော ...

ဝမ်းဗိုက်ကို ထိသွားသနဲ့တူကော။

''ဘကြီး ... ဘကြီး ...''

ငါခေါ်ကြည့်တယ် မထူးဘူး။ သေချာတယ် သူ သေသွားပြီ။ ဒါနဲ့ ငါ တူမီးသေနတ် ကျောမှာလွယ်ပြီး သူ့ကိုယ်လုံး လှန်မလို့ ထိလိုက်ရော ...

''ကျား ...''

''အမယ်လေး ...''

''ဟာ ... ဟာ ...''

''အိုး ...''

''ကျား ... ကျား ... ကျား ...''

အလိုလေးပ ... 'ကျား'ဆို ဝမ်းခေါင်သံကြီးနဲ့အတူ လူကြီး လေထဲကို ပြောက်တက်သွားတာ။ မြေပြင်ကို ပြန်ကျရော 'ကျား ကျား ကျား' အော်ပြီး ကျားကျွမ်းထိုးသလို၊ ကျွမ်းထိုးလို့ ငါတို့လူတွေ လန့်ဖြန့်ပြီး နောက်ကို အမြန်ဆုတ်လိုက်ကြတယ်။

မဂန်က တူမီးနဲ့ချိန်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ထီးက ဒူးလေးနဲ့ချိန်လိုက်ချိန် ...

''မ ... ပစ် ... ကြနဲ့ ... ဘကြီး ... ဘကြီး ...''

ဖိုးဆောက လူကြီးရဲ့ခြေအစုံကို ပြေးဖက်ပြီး ငိုလည်းငို၊ တောင်းလည်း တောင်းပန်ရဲ့။

''ဘကြီး ... ဘကြီး ... ဘာမှမဖြစ်ဘူးပ နော နော''

''ဖိုးဆော ...''

''ဘ ... ကြီး ... ဘကြီး ...''

''နင်တို့ ဘာလို့ သေနတ်နဲ့ပစ်တာတုံး''

''ဘကြီးကို ... ကျား ... ကျားက ခုန်အုပ်မလို့။ ဒါကြောင့် ငါ ... ငါ ပစ်နိုင်းရတာ ... ဘကြီး''

''ဟူး ...''

''ဘကြီးကို ထိသွားသေးပ ဟင်''

''မထိပါဘူး ... လူလေး၊ နေပါဦး ... မင်းတို့က ဒီနေရာကို ဘာကိစ္စနဲ့ လာကြတာလဲ''

''ဘကြီးကို ... ငါ ... ငါတို့ တွေ့ချင်လို့''

''ဟာကွာ ...''

''ဘကြီးကြောင့် ငါ ကျားကိုက်မသေတာလေ။ ငါတို့ရွာသားတွေက မယုံကြဘူး။ ငါ ဘကြီးအကြောင်းကို ရွာမှာ ပြောပြတယ်ပ။ တစ်ရွာလုံး အံ့သြကြီးကြပ။ အဲဒါ ဘကြီးကိုလည်းရှာရင်း ဘကြီးစားဖို့ စားစရာတွေလာပို့တုန်း ကျားက ဘကြီးကို ...''

''ခက်တဲ့ကောင်တွေပဲကိုး''

''ဘကြီး ... ဟို ... ကျား ... ကျား ...''

''ကျားကို မေ့လိုက်ကြတော့။ ကိုင်း ... ရောက်လာမှတော့ လိုက်ခဲ့ကြကွာ။ ဟို သေနတ်သမား ...''

ဘကြီးဖျင်ကြမ်းက တူမီးလွယ်ထားတဲ့ ငါ့ကိုကြည့်ပြီး ပြောလိုက်တာ။

''အေး ... ဘကြီး''

''နောက်ထပ် မပစ်နဲ့တော့''

''ဟေ ... ဒီကျားပဲပ ဖိုးဆောကို ဆွဲတာပ''

''မင်း ထပ်ပစ်စရာ မလိုတော့ပါဘူးကွာ''





လူကြီးက အဲဒီလိုပြောပြီး ရှေ့ကနေ ခပ်သုတ်သုတ်သွားနေတယ်။ ငါ ကိုလည်း သူ့နောက်ကနေ သတိနဲ့လိုက်သွားကြတယ်။

မကြာခင်မှာပဲ ကျောက်ဂူတစ်ခုရှေ့ကို ရောက်ခဲ့ကြတယ်ပ။ လူကြီးက ကျောက်ဖျာပေါ်မှာ ခြေတွဲလွဲချထိုင်ပြီး ဂူထဲကို လှမ်းကြည့် ကြည့်နေရဲ့။

''ဘကြီး ...''

''ပြော ... မောင်ဖိုးဆော''

''ဒါ ... ဘကြီးစားဖို့ စားစရာတွေပါ။ ဘကြီး စားပါနော်''

''အေး ... စားမှာပေါ့။ ငါ မင်းတို့ကို ပြောစရာရှိတယ် ... လူလေး''

''အေး ... ပြောပ''

''နောင်ကို ဒီတောထဲ မလာကြပါနဲ့ကွာ''

''ဘာဖြစ်လို့ပ''

''ငါ အလုပ်ပျက်လို့ပါ''

''ဘကြီးက ဒီတောဂူထဲမှာ ဘာလုပ်နေတာမို့လဲပအေး''

''.....................''

အဘိုးကြီးက မေးတာကို မဖြေဘူး။

သူ့မျက်နှာမှာ စိတ်မကောင်းဖြစ်နေပုံ ပေါ်နေတယ်။

ငါတို့လာတာ မကြိုက်လို့လား၊ ငါတို့က သူနဲ့ကျားကို တူမီးနဲ့ပစ်လို့လား။ ငါသိချင်လို့ အရဲစွန့်ပြီး မေးလိုက်တယ်။

''ဘကြီး ...''

''အေး ...''

''ဘကြီး ကျားနဲ့ကစားတယ်လားအေး''

''မင်းတို့ မြင်တဲ့အတိုင်းပဲကွာ''

''ဒီကျားက ဘကြီးမွေးတာပ ... ဟုတ်''

''.................''

''ဒီကျား ဖိုးဆောကို ချီသွားပ''

''နောင်ကို မင်းတို့ရွာဘက် ကျားမဝင်တော့ဘူး''

''ဘာလို့ပ ... ဘကြီး''

''လိုက်ခဲ့ ...''



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက လိုက်ခဲ့လို့ ပြောပြီး ဂူထဲကို ဝင်သွားတယ်။ ငါတို့လည်း သူ့နောက်ကနေ မရဲတရဲ လိုက်ဝင်ခဲ့ကြတယ်။

ဒီလူကြီး ဘာလဲ ငါတို့မသိဘူး။ ဒါကြောင့် တူမီးသေနတ်ကို အသင့်ကိုင်ပြီး သူ့နောက်က လိုက်ခဲ့ကြတယ်။

''ဟိုမှာကြည့်ကြ ...''

''ဟာ ...''

''ဟယ် ...''

''ကျား ... ကျားကြီး''

''ပစ် ... ပစ် ...''

''မပစ်နဲ့''

ကျားမှ ကျားအစစ်ပါအေး။ ဂူကျယ်ကြီးရဲ့အလယ်က ထင်းမီးဖိုနံဘေးမှာ လဲနေတာပ။ လူသံကြားတော့ ခေါင်းထောင်ကြည့်တယ်။ ဒါပေမင့် ခေါင်း ကြာကြာ မထောင်နိုင်ဘူး။ ခေါင်းပြန်ကျပြီး ပါးစပ်က တဂူးဂူး တဟဲဟဲ အသံတွေ မြည်နေတယ်အေး။

ကျားရဲ့ လည်ပင်းနေရာက သွေးတွေ စီးကျနေတယ်။

ကျားခေါင်းထောင်ကြည့်တော့ ငါက တူမီးနဲ့ပစ်မယ် လုပ်ရော လူကြီးက သေနတ်ပြောင်းကို တွန်းပြီး တားပါရော။

''ဒါ ... ဒါ စောစောက ဘကြီးကို ကိုက်ဖို့ ...''

''ဟုတ်ပါတယ် ... လူလေး ... မပစ်ပါနဲ့။ မင်းတို့ကို သူ ရန်မမူစေရပါဘူး။ သူ့လည်ပင်းကို မင်းပစ်လိုက်တဲ့ သေနတ်ကျည် ထိထားတယ်။ သူခေါင်းမထောင်နိုင်ပါဘူး။ မောင်ဖိုးဆော ...''

''ဗျာ ... ဘကြီး''

''ဒီကျားကို သေချာကြည့်စမ်း မင်း မှတ်မိလား ... ကြည့်''

ဖိုးဆောက မဝံ့မရဲနဲ့ ခပ်လှမ်းလှမ်းက ကြည့်လိုက်တယ်။ ကျားက မောဟိုက်နေပြီပ။ သူ့ရဲ့ ခြေနဲ့လက်က လှုပ်လို့ရပေမဲ့ ခေါင်းထောင်လို့မရတော့။ ကျား ပါးစပ်နဲ့ ရင်ခေါင်းထဲက အသံတွေ မြည်နေတယ်။

''တွေ့လားဟေ့''

''တွေ့ပါ့အေ''

''ဘာတွေ့တုံးဟေ''





''ကျား ... ကျားမှာ နှာသီး မရှိဘူးပနော''

''မင်းကိုချီတဲ့ ကျားပေါ့''

''ဟုတ် ... ဟုတ် ...''

နောင်အခါ ဖိုးဆောကိုမေးကြည့်တော့ ဒီကျားနဲ့ ဒီဘကြီးတို့ ဖိုးဆောရေ့မှာ ပြိုင်တူခုန်တိုက်ကြတုန်းက ဒီဘကြီးရဲ့ဒူးချက်ကြောင့် နှာခေါင်းကြေပြတ်သွားတဲ့ ...

''မင်းတို့ အပြင်ကို ခဏထွက်နေကြ''

ငါတို့လူစု အပြင်ကို ထွက်ခဲ့ကြတယ်။ ကျောက်ဖျာဝန်းကျင် အကာအကွယ်ကနေ လက်နက်တွေ အသင့်ပြင်ပြီး ဂူထဲကိုစောင့်ကြည့် အကဲခတ်နေကြတယ်ပ။ ဖိုးစောကလည်း လူထူးဆန်းအဘိုးကြီးရဲ့ စကားကို နားထောင်ပေးဖို့ ငါတို့ကို မေတ္တာရပ်ခံတယ်။

ဒီလူကြီး ပထမ ကျားနဲ့ကစားတယ်။

ပြီး ကျားနဲ့သတ်ပုတ်တယ်။

သူ့ကို ကျားကိုက်မှာစိုးလို့ ငါကပစ်တာ။

လူကြီး အသက်အတွက် ငါပစ်လိုက်တာပါ။

ခု ကြည့်စမ်း ...

ဒီကျားက ခန္တီးရှမ်းတောင်ယာသမား ဖိုးဆောကို ကိုက်ချီသွားတဲ့ကျားတဲ့။ ဖြစ်စဉ်က ထူးဆန်းနေတယ် ... ညှိသည်ရဲ့။

''ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ ...''

''ဟယ် ...''

ငါတို့ စောင့်ကြည့်နေတုန်းမှာပဲ ထူးဆန်းတဲ့ ဖျင်ကြမ်းတိုက်ပုံနဲ့အဘိုး ဂူထဲက ထွက်လာတာ။ အလို ... သူ့နောက်မှာ စောစောက ခေါင်းမထောင်နိုင်ဘဲ အော်နေတဲ့ကျားကြီးက နွဲ့နွဲ့ နွဲ့နွဲ့နဲ့ လိုက်ပါလာတာပါလား။

ငါတို့ တူမီးတွေနဲ့ ဒူးလေးကို အသင့်ချိန်လိုက်ကြတယ်။ ဒီလိုလုပ်တာကို လူကြီးက မြင်သွားပြီး ...

''ပစ်မလို့လားဟေ့ ...''

''နောက် ... နောက်မှာ ... ကျား ... ကျား ...''

''ပစ်မလို့လား။ ပစ် ... ငါ့ကိုအရင်ပစ် .. ပစ်လေ .. ပစ်ကြပါကွ''



www.burmeseclassic.com

www.burmeseclassic.com



လူကြီး(ဘကြီး)က ငါတို့ဘက်ကိုကြည့်ပြီး သူဝတ်ထားတဲ့ ဖျင်ကြမ်းတိုက်ပုံ ညစ်ပေကြီးကို ရင်ဖွင့်ပြလိုက်တယ်။ ကြွက်သားမို့မို့နဲ့ရင်ဘတ်က နေရောင်မှာ ဟင်းလင်းပွင့်လို့။ သူ ငါတို့ကို စိတ်ဆိုးသွားပုံရတယ်။

''ပစ်လေ ...ပစ်''

ငါတို့ ဘာလုပ်ရမှာလဲ။ ငါတို့ သူ့ကို အံ့သြနေတယ်။ သူ့နောက်မှာ ကိုးတောင်ဝန်းကျင်ခန့်ရှည်တဲ့ ကျားကြီးက ပကတိကျားကောင်းအသွင်နဲ့ ကပ်လို့။

ငါတို့ ဆုံးဖြတ်ချက် မချနိုင်ဘူးပ။

ဒီကျားက လူသွေးသောက်ဖူးတဲ့ ကျားလေ။

စောစောက ခေါင်းမထောင်နိုင်ဘဲ လူးနေတဲ့ကျားက အခု ဒဏ်ရာမဲ့ကျား ဖြစ်နေပြီ။

ဒီအဘိုးကြီး ကျားကို ဘယ်လို လုပ်ပေးလိုက်လို့လဲ။ ငါတို့မုဆိုးတွေ၊ ရွာသားတွေ အားကြီး အံ့သြနေကြပြီပ။

ငါတို့ သေနတ်ခလုတ်ကို ညှစ်ရနိုး၊ မညှစ်ရနိုး။

အဘိုးကြီးက ငါတို့ကို ရင်ကော့ပြီး ကြည့်။

ငါတို့ကလည်း အံ့သြတဲ့အကြည့်နဲ့ သူနဲ့ကျားကိုကြည့်။

တစ်တောလုံး တိတ်နေတာပ။

ငှက်အော်သံတောင် မကြားရ၊ လေတိုးသံ မသိရ။ ဒီမှာပဲ ထူးဆန်းတဲ့ အဘိုးကြီးက ကျားခေါင်းကို ယုယုယယပွတ်သပ်ပြီး ကျားနားရွက်နား ကပ်လို့ စကားတိုးတိုးပြောလိုက်တယ်။

ကျားက အဘိုးကြီးရဲ့ဒူးကို ခေါင်းနဲ့ပွတ်သပ်တိုးတိုက်ပြီး လက်ယာဘက်က ကျွန်းပင်တောကြားကို တရွေ့ရွေ့သွားလိုက်၊ နောက်ပြန်လှည့်ပြီး အဘိုးကြီးကို ကြည့်လိုက်။

ကျွန်းတောကြားမှာ ကျားပျောက်သွားတယ်။

အဘိုးကြီးကလည်း ကျားဝင်သွားတဲ့ ကျွန်းတောကို ကြည့်နေတယ်။ အတန်ကြာတော့ အဝေးကနေ ကျားဟိန်းသံကြားလိုက်ရတယ်ပ။ ကျားဟိန်းသံဟာ ဝေးသထက် ဝေးဝေးသွားတယ်။ အတန်ကြာသည့်တိုင် ကျားဟိန်းသံမကြားရတော့ဘူး။





ကျားဟိန်းသံအရပ်က ငှက်အုပ်တွေ လန့်ပျံတာကို ကြားရတယ်ပ။ ကျားဟိန်းသံမကြားရတော့ တောဟာ ပုံမှန်လို ပြန်ဖြစ်သွားတယ်။

ငှက်မျိုးစုံအော်သံ သာသာယာယာ ကြားရတယ်ပ။

ယောက်ဖခွေးခေါ် ငှက်အော်သံလည်း ပြန်ကြားရတယ်ပ။

ချေဟောက်သံလည်း ကြားရတယ်ပ။

ဒီကျောက်ဂူရှေ့မှာ ကြောက်လန့်စရာ မရှိတော့ဘူး။

ထူးဆန်းတဲ့ အဘိုးကြီးက ကျားဝင်သွားတဲ့ ကျွန်းတောနဲ့ ဟိုးကချင်တောင်တန်းကြီးတွေရှိရာကို ငေးကြည့်ရာကနေ အသာ လှည့်ကြည့်လိုက်တယ်။

သူလည်း အံ့သြသွားတယ်ပ။

အံ့သြမှာပေါ့အေး။

ငါတို့မုဆိုးနဲ့ တောင်ယာအဖော်လိုက်သူတွေရော၊ ခန္တီးဖိုးဆောရော၊ သူ့ရှေ့မှာ ဒူးထောက်ပြီး အရိုအသေပေးနေကြမှကိုးအေး။ ငါတို့ရဲ့ တူမီးနဲ့ ဒူးလေးဓားလုံတွေလည်း ခပ်လှမ်းလှမ်းမှာ စုပုံထားတာကို အဘိုးကြီး မြင်သွားခဲ့ကိုးပ။

✿ ✿ ✿

[၂၂]

❑

ငါတို့ ရွာထဲမှာ ဟိုလူထူးဆန်း ဘကြီးအကြောင်း ပြောလို့မဆုံးဖြစ်နေပနော်။

ယာခင်းထဲမှာလည်း သူ့အကြောင်းပဲပ။

လသာသာ မြေတလင်းမှာ ဝိုင်းဖွဲ့လည်း သူ့အကြောင်းပ။

သူနဲ့ကျားနဲ့ သူနိုင်ကိုယ်နိုင် သတ်ပုတ်တဲ့အကြောင်းကို ခန္တီးရှမ်းဖိုးဆောက အားရပါးရ ပြောပနော။

ငါကလည်း ကျားနဲ့အဘိုးကြီး ကစားနေတာကိုမသိဘဲ ကျားက အဘိုးကြီးကို ရန်မူတယ်မှတ်ထင်ပြီး တူမီးနဲ့ပစ်လိုက်တဲ့အကြောင်း ...



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲမှာ လည်ပင်းကျိုးလုလု ကျားဆိုးကိုမြင်ရပြီး အဲဒီကျားက ဖိုးဆော ကိုချီတဲ့ ကျားနှာခေါင်းပြတ် ဖြစ်နေတဲ့အကြောင်း ...

လည်ပင်းကျိုးနေတဲ့ကျား အသက်ပြန်ရှင်အောင် အဘိုးကြီး ဘယ်လို လုပ်ပေးလိုက်မှန်း မသိတဲ့အကြောင်း ...

ရွာသူတွေ၊ အသက်ကြီးတွေ အံ့သြနေကြပနော။

''နော်လွန် ...''

''အေး''

''ဒီအဘိုးကြီး လူစင်စစ် ဟုတ်ပလားနော''

''ငါလည်းမသိပ''

''သူ့ကိုရော ကျည်မထိပလား''

''မပြောတတ်။ သူ့ကိုယ်မှာ သွေးမရှိ''

''မဟုတ်မှလွဲရောနော''

''ဘာဖြစ်တုံး ... မညွှယ်''

''နတ်ကြီးများပ ... ငါတို့ကိုးကွယ်တဲ့ နတ်ကြီးများ ဖြစ်နေပ''

''ဖြစ်နိုင်ပနော ... သူ အရမ်းစွမ်းတယ်''

''ကျားလည်း မလာတော့ဘူး''

''နတ်ကြီးနှင်လိုက်တာပ နော''

ဒီအချိန်ကစပြီး ငါတို့က သူ့ကို ငါတို့ကိုးကွယ်တဲ့နတ်ကြီးအဖြစ် ယူဆ ကြတယ်။ ငါတို့ကို လူယောင်ဖန်ဆင်းပြီး ရွာကိုပါ စောင့်ရှောက်ပေးနေတာလို့ ယူဆကြတာပ။

ငါတို့ သူနေတဲ့ကျောက်ဂူရှိရာကို လူစုပြီး စားစရာတွေသွားပို့ကြတယ်။ သူ့ကို ရိုသေလေးစားစွာ ဆက်ဆံကြတယ်ပ။

ငါတို့ သူနေတဲ့ကျောက်ဂူကို နောက်ထပ် နှစ်ကြိမ်သွားပြီး စားစရာတွေ ပို့တယ်။ ခေါင်ရည်လည်း ပေးခဲ့တယ်။

ငါတို့ရောက်သွားတော့ နတ်ကြီး (ဘကြီး) က ကျောက်ဖျာပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး အသက်ရှူနေတာမှ ကျောက်ရုပ်အတိုင်းပဲ။ အကြာကြီး အသက်ရှူနေတာပ။ ငါတို့ရောက်နေတာ သူမသိဘူး။ ငါတို့ စကားတွေ ကျယ် ကျယ်ပြောပြီး လာတာပနော။ သူ မလှုပ်ဘူး။ မျက်စိမဖွင့်ဘူး။ စကားမပြောဘူး။

သူပြုမူနေတာကို ငါတို့ အကဲခတ်စောင့်ကြည့်ကြတယ်။





ငါတို့ စကားသံမထွက်ဘဲ သူ့ကို အာရုံစိုက်ကြည့်နေတာပ။

ကျောက်ရုပ်အတိုင်းပဲပ။ ငြိမ်လို့ပ။

ငါတို့ နေတစ်ပြူကနေ သူစကားပြောမည့်အချိန်ကို စောင့်လိုက်တာ နေလုံး ခေါင်းပေါ်ရောက်သည့်တိုင် သူ မလှုပ်ရှားဘူး။ အသက်ကို မှန်မှန်ရှူ၊ မျက်စိကို မှိတ်ထားနေတုန်းပဲ။

ငါတို့ အချိန်ကြာနေတော့ အချင်းချင်း ပြန်ကြမယ်လို့ အချက်ပြပြီး ပြန် ခဲ့ကြတယ်။ အစားအစာတွေကိုတော့ သူ့ရှေ့မှာ ချထားခဲ့လိုက်တယ်ပ။

နောက်နေ့မှာ ငါတို့ နတ်ကြီး(ဘကြီး) ရဲ့ အခြေအနေကို သိချင်လို့ မွန်းလွဲပိုင်းရောက်မှ သွားခဲ့ကြတယ်။

ငါတို့ရောက်တော့လည်း ဟိုနေ့ကအတိုင်းပဲပ။

ကျောက်ဖျာပေါ်မှာ တင်ပျဉ်ခွေထိုင်တယ်။

ပေါင်ပေါ်မှာ လက်နှစ်ဖက် ထပ်တင်ထားတယ်။

မျက်စိကိုမှိတ်ပြီး အသက်မှန်မှန်ရှူနေတယ်။

သူ့ရှေ့မှာ မနေ့က ငါတို့ထားခဲ့တဲ့အစားအစာတွေ ဒီအတိုင်းရှိနေတုန်းပ။ ငှက်ပျောသီးတွေဆို ဝင်းမှည့်နေပြီပ။ ရေကျည်တောက်လည်း နဂိုထားတဲ့အတိုင်း ပဲ။ မစားဘူးနဲ့တူရဲ့။ ငါတို့ သူစကားပြောမည့်အချိန်ကို ဖွဲနဲ့စောင့်ကြတယ်။

နတ်ကြီး (ဘကြီး) မနေ့ကတည်းက ဒီလိုထိုင်နေရော့လားနော။ ငါတို့ ညနေစောင်းအထိ စောင့်တယ်။ သူ မလှုပ်ဘူး။ ဒါနဲ့ မမှောင်ခင် ရွာကိုပြန်ခဲ့ကြ တယ်။

ငါတို့ စဉ်းစားတာပေါ့။

သူ လူဆိုး လုံးဝမဖြစ်နိုင်ဘူး။

ရွာထဲလည်း သူမလာဘူး။

သူ ဒီဂူထဲ နှစ်ခြို့ကျွန်းတောထဲ ဘယ်အချိန်ကာလကတည်းက နေထိုင် သည်လဲ ငါတို့မသိ။ ငါတို့မှာ သူနဲ့စပ်လျဉ်းပြီး မေးစရာတွေရှိတယ်။ တစ်ခုတော့ ရှိတယ်၊ ခန္တီးရှမ်းဖိုးဆောရဲ့ ကိုယ်တွေ့အရရော၊ ငါတို့မုဆိုးတွေရဲ့ ကိုယ်တွေ့အရ ပြောရရင် သူ အရမ်းဆန်းတယ်။ အားကြီးစွမ်းတယ်။ ရဲတယ်။

ဘာကြောင့် သူစွမ်းနေတာလဲ။ ဘာကြောင့် ကျားနဲ့ ယှဉ်ရဲတာလဲ။ ဘာ ကြောင့် သေလုမျောပါး လူနဲ့ကျားရဲ့အသက်ကို အန္တရာယ်ကင်းအောင် လုပ်နိုင်ရ တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ငါတို့လေးစားတဲ့ ကောင်းကင်နတ်ကြီး မဒိုင်နတ်လား။

ရိုးရာစောင့် မုန်းနတ်မင်းလား။

နယ်ပယ်ကိုစောင့်တဲ့ မိုးနတ်ကြီးလား။

'လမြွမ်းစုန်းနတ်' လား။ 'လမြွမ်းစုန်းနတ်' က လူကို အသေးအဖွဲ ဥပါဒါန်ပဲ ပေးနိုင်တာပါ။

'ယုစုန်းနတ်' လည်း မဖြစ်နိုင်ဘူးပ။

'ယုစုန်းနတ်' က လူကို အနာကြီးတွေပေါက်အောင် ပြုစားနိုင်တယ်လေ။ ဒီလူထူးကြီးက ကျားကိုက်ဒဏ်ရာကို အဆိပ်မတက်အောင် လုပ်ပေးတယ်။ သေနတ်မှန်တဲ့ကျားကို အကောင်းပကတိဖြစ်အောင် ကုသပေးတယ်။ တောကြီးမြွေဟောက်ကို လက်နဲ့ ပွေ့ယူတယ်လေ။

ကျားတစ်ကောင်လိုလည်း ခုန်နိုင်တယ်၊ ဖွမ်းတယ်။ ကျားနဲ့လည်း သတ်ပုတ်ကစားရဲတယ်။

ဒီလိုထူးခြားတဲ့ လူထူးအကြောင်း သိနိုင်ဖို့ ငါတို့ စိတ်ရှည်ရမယ်။

သူ့အကြောင်း အတိအကျ သိရဖို့အတွက် အချိန်ပေးပြီး စူးစမ်းလေ့လာရမှာပဲ။

✿ ✿ ✿

[ ၂၃ ]

❑

ဒီတစ်ကြိမ်တွေ့လိုက်ရတာ အသည်းယားစရာပဲအေး။

ငါတို့ရောက်သွားတော့ လူကြီးက ကျောက်ဖျာပေါ်မှာ ... ဟိုနေ့ကလို ကျောက်ရုပ်လို တောင့်ပြီး ငြိမ်လို့။

ငါတို့အားလုံး မြင်ရတဲ့မြင်ကွင်းကြောင့် အသာနောက်ဆုတ်ပြီး ပြေးလမ်းကိုလည်းကြည့်။

လက်နက်တွေလည်း အသင့်ပြင်ထားရပေါ့နော။





ကြည့်ပါနော ...

လူကြီးထိုင်တဲ့ ကျောက်ဖျာပေါ်ကို မြွေပွေးဗိုတ္တာကြီးတစ်ကောင် တက်နေတာပါအေး။ မြွေပွေးဗိုတ္တာကြီးရဲ့အလုံးက ငါတို့ပေါင်လုံးထက် ပိုကြီးတာကလား။ အရှည်က ဆယ်လန်လောက်ရှိမယ်ပ။ အကြေးခွံတစ်ခုတစ်ခု ရေနွေးကြမ်းပန်းကန်မကကြီးပ။

ငါတို့ အသံမထွက်ရဲဘူး။

စပါးကြီး၊ စပါးအုံးတို့ရဲ့ ဘိုးအေ မြွေပွေးဗိုတ္တာ။

အင်္ဂလိပ်တွေ၊ အမေရိကန်တွေ ဝင်တုန်းက ငါတို့ဒေသမှာ ခုထက်ကြီးတဲ့ မြွေပွေးဗိုတ္တာကြီးကို သတ်ခဲ့ကြပ။ တံတားကို မြွေပွေးဗိုတ္တာကြီးက ရိုက်ချိုးပစ်တာ။ ဆင်ကို မပြေးနိုင်အောင် ရစ်သတ်ပြီး မျိုတာ။

စစ်သားတွေက လက်နက်ကြီးတွေနဲ့ ပစ်သတ်ရတယ်။ အပိုင်းပိုင်းပြတ်သွားတဲ့ အသားတစ်ပိုင်းတစ်တုံးကို လူသန်တစ်အုပ်နဲ့ ရေထဲက ဆွဲယူရတယ်။

အဲဒီမြွေပွေးဗိုတ္တာကြီးကိုယ်လုံးက ထန်းပင်လုံးလောက် ရှိသတဲ့နော။

ငါတို့ အဖေနဲ့အဘိုးတွေ ပြောတာပ။

ငါတို့ ကချင်တောနက်ကြီး တောင်ကြီးကြားမှာ နှစ်ချို့မြွေပွေးဗိုတ္တာကြီးတွေ ရှိတယ်ပ။ မုဆိုးတွေမြင်ရင် မြွေပွေးဗိုတ္တာကို မသတ်ကြဘူးလေ။

ဒီမြွေပွေးဗိုတ္တာ နှစ်ချို့ကြီးတွေဟာ ပြောင်လို၊ နွားနောက်လို၊ ကျွဲလို အကောင် မျိုထားပြီးရင် မြေကြီးတွင်းတို့၊ ဂူတို့ကနေ တစ်လ၊ နှစ်လမက မထွက်ဘဲ နေကြတာပ။

ခုလည်း ကြည့်ပ ...

မြွေပွေးဗိုတ္တာကြီးက လက်သီးဆုပ်မျှ မျက်လုံးနဲ့ လူကြီးကိုကြည့်လိုက် အနံ့ခံလိုက်လုပ်ရင်း ကျောက်ဖျာပေါ်ကို တက်နေတယ်။ လူကြီးရှိရာကို လွန့်လိုက်တွန့်လိုက်နဲ့ တိုးသွားပြီး ရှေ့ကနေ ခေါင်းထောင်ကြည့်နေပနော။

လူကြီးကို သူ မျိုတော့မယ်နဲ့တူပ။

ဖိုးဆောက သူ့အသက်ကယ်တဲ့ ကျေးဇူးရှင်အတွက် ပိုစိုးရိမ်ကြီးနေပ။ ငါ့ကို သေနတ်နဲ့ပစ်ဖို့ ပြောတယ်။

ငါ မပစ်ဘူးလေ။

ဒီလောက်ကြီးတဲ့မြွေပွေးဗိုတ္တာမျိုးကို ငါ့တူမီးက သေလောက်မှာတဲ့လားနော။ ဒီမြွေပွေးဗိုတ္တာရဲ့အရေပြားကို ငါ့သေနတ်ကျည်ဝင်သွားလို့ရော သေမှာတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မြွေပြိတ္တာကို သွားဆွလိုက်သလို ဖြစ်ခဲ့ရင် . . .

ငါတို့ကို မြွေက ရန်မူမယ်။ အဘိုးကြီးကို ပိုရန်ပြုလိမ့်မယ်။

ဖိုးဆောက ငါမပစ်တော့ ငါ့လက်ထဲကသေနတ်ကို လာဆွဲတယ်။

''နင် ဘာလုပ်တာလဲ . . . ဖိုးဆော''

''မြွေကို ပစ်ရမှာပ''

''မြွေသေမှာလားနော''

''မြွေမသေလည်း လန့်ပြေးမှာပ။ ပေးပါ သေနတ်ပေး''

''ဒါ ဟိုတစ်ခါကြုံတဲ့ကျား မဟုတ်ဘူး။ မြွေဆိုးကြီး။ ကျွဲမျိုတဲ့မြွေ။ ငါတို့ ဘာမှလုပ်လို့ မရပ''

ဒီအချိန်မှာပဲ မြွေပြိတ္တာကြီးက ငြိမ်နေတဲ့ လှူကြီးရဲ့ပေါင်ပေါ်ကို တက်နေတာ။ အိုး . . ဟိုဘကြီးတော့ ပေါင်ကျိုးကြေမှာပြီပေါ့။ မြွေပြိတ္တာက လှူကြီးပေါင်ပေါ်ကနေ လှူကြီးကိုတစ်ပတ်ပတ်ဝိုင်းတယ်။ အနံ့ခံတယ်။ ခေါင်းထောင်ကြည့်တယ်။

မြွေပြိတ္တာပါးစပ်က လှုပ်နေပြီ။

လှူကြီးကို ပတ်ရစ်ပြီး မျိုမယ်နဲ့တူရဲ့။

ဟုတ်ပကော . . .

မြွေက လှူကြီးကို အမြီးနဲ့ စတင်ရစ်နေတယ်။

တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်၊ လေးပတ်။

အလိုလေး . . . ဒီတစ်ခါ ကိစ္စချောပနဲ့ရော။ မြွေဆိုးကြီးတွေရဲ့ ထုံးစံက လူကို ကိုယ်လုံးနဲ့ ရစ်ပတ်မယ်။ ရစ်ပြီးရင် လူရဲ့စအိုထဲကို အမြီးထိုးထည့်ပြီး အရိုးတွေ ကျိုးကြေအောင် ညှစ်ပစ်မယ်။

ပြီးရင် လူရဲ့ဦးခေါင်းပေါ်ကို မြွေပြိတ္တာက အကျိအချွဲ အမြှုပ်အရည်တွေ အန်ချလိုက်တယ်။

လူဦးခေါင်းဟာ ချွဲမြှုပ်ရည်နဲ့ စိုရွှဲသွားတော့မှ မြွေက ခေါင်းကနေစမျိုတာ သည် မြွေဆိုးကြီးတွေဖြစ်တဲ့ စပါးကြီး၊ စပါးအုံး၊ မြွေပြိတ္တာကြီးတွေရဲ့ ဓလေ့ပဲ။

မြွေပြိတ္တာကြီးဟာ အဘိုးကြီးကို ပတ်ရင်းက ရုတ်တရက် ငြိမ်ကျသွားပါရော အေး။ ငြိမ်တာမှ အဘိုးကြီးနဲ့အပြိုင်ကို မလှုပ်တာပ။ မြွေပြိတ္တာ ဘာမြင်လို့လဲ။ ဘာဖြစ်နေတာလဲ။

မြွေပြိတ္တာကြီးက အဘိုးကြီး(ဘကြီး)ရဲ့ မျက်နှာကို သူ့မျက်နှာနဲ့ တိုးကြည့်ပြီး ခေါင်းကိုနောက်ဆုတ် ကြောက်သလို ဖြစ်နေပါရော။





အဘိုးကြီးက အသက်မှန်မှန်ရှူ၊ မျက်စိမှိတ်နေတာပဲ။

မြွေပြိတ္တာကြီးဟာ တစ်စုံတစ်ရာကို မြင်လန့်ပြီး အဘိုးကြီး(ဘကြီး)ကိုယ်မှာ ပတ်ထားတဲ့ ပတ်ခွေတွေကို ခပ်မြန်မြန်ဖြေချလို့ ကျောက်ဖျာပေါ်ကနေ ဒရောသောပါးဆင်းပြေးပါရောနော။

မြွေပြိတ္တာကြီး ဘာမြင်လို့ ကြောက်လန့်တကြား ပြေးလဲ ငါတို့မသိ။ မြွေပြိတ္တာကြီး ပြေးဆင်းသွားတဲ့လမ်းဟာ ဝေါဝေါ ဝုန်းဝုန်း မြည်သံတွေဖြစ်ပြီး မြေမှုန်၊ ကျောက်မှုန့်တွေ လေထဲ လွင့်နေပါရော အေး။

မြွေပြိတ္တာကြီးပြေးတော့မှ ငါတို့လည်း ကြောက်လန့်စိတ်တွေ ပြယ်ပြီး သက်ပြင်းချနိုင်တော့ပ နော။

ငါတို့ဘကြီး လှူထုး(နတ်ကြီး)ရှိရာကို ပြေးသွားကြပြီး အားမနာနိုင်တော့ဘူးပ။ သူ့ကို အသံပြုရတော့ အေး။

''ဘကြီး . . .''

''ဘ . . . ကြီး . . .''

''ဝေး . . . ဘကြီး''

အဘိုးကြီး မလှုပ်ဘူး။ ငြိမ်နေတယ်။ အသက်ရှူတဲ့ဟန်လည်း မပေါ်။

''ဖိုးဆော . . .''

''နော်လွန်''

''သူ . . . သူ . . . သေသွားတာလား အေး''

''ငါမသိ၊ ခေါ်လို့လည်း မရ''

''ငါ ရေနဲ့ပက်ကြည့်ရပ့ါ နော''

''အေးပ . . . ရေနဲ့ပက်ကြည့်ပ''

နော်လွန်မှဆိုးက ဝါးကျည်တောက်ထဲက ရေနဲ့ ငြိမ်နေတဲ့အဘိုးကြီးကို လှမ်းပက်လိုက်တယ်။

''ဗွမ်း . . .''

''ရှဲ . . .''

''ဟာ . . .''

''အလိုလေး . . .''

နော်လွန်ပက်လိုက်တဲ့ရေဟာ အဘိုးကြီးရဲ့ခန္ဓာကိုယ်ကို ထိသွား၍ 'ရှဲခနဲ' အသံမြည်ပြီး ရေတွေ အငွေ့ဖြစ်သွားတာကို အံ့ဖွယ်မြင်လိုက်ရရော။



www.burmeseclassic.com

www.burmeseclassic.com



''ဖိုး ... ဆော ...''

''အေး နော်လွန်''

''သူ ... သူ ... စုန်း ... စုန်းနတ် ... စုန်းနတ် ... ကြောက်စရာကောင်းတယ် ... ပြန်ကြစို့''

''နင် အမှားလုပ်လိုက်တာကိုး''

''နင်ပဲ ပက်ဆိုနော''

''နင်ရော၊ ငါရော မှားသွားပြီပ။ ဒုက္ခပဲပ။ ငါတို့ သူ့ကို တောင်းပန်ကြစို့။ သူ စိတ်ဆိုးသွားပန့်ကော''

ငါက ရေနဲ့ပက်ခိုင်းမိတာကိုး။

သူမကြိုက်ဘူးနဲ့တူရဲ့။

ရေနဲ့ သူ့ကိုယ်နဲ့ ထိပြီး 'ရှဲခနဲ' အသံမြည်သွားတယ်။ သံးတုံးမီးခဲမီးတုံးကို ရေဖြန်းလို့မြည်တဲ့ အသံမျိုးပဲ။ ရေငွေ့ပျံတာ အထင်းသားမြင်ရတယ်။

''နတ်မင်းကြီး ... ငါတို့ အမှားကျူးလွန်မိပါတယ်။ ငါတို့ကို အပြစ်မယူပါနဲ့။ ငါတို့ တောင်းပန်ပါတယ် ... နတ်ကြီး''

ငါတို့အားလုံး ငြိမ်နေတဲ့သူ့ကို တောင်းပန်ပြီး ဦးညွှတ်အရိုအသေပြုလုပ်ကြတုန်းမှာပဲ ...

''လူလေးတို့ ...''

''ဟာ''

''ဘ ... ဘ ... နတ် ... နတ်ကြီး''

ငါတို့ ဝမ်းသာလိုက်တာပ အေး။ သူမသေဘူးပ။ ငါတို့ကို လူလေးတို့လို့ ခေါ်ပြီး စကားပြောနေပ။ ဝမ်းသာလိုက်တာ။

''ဘနတ်ကြီး ... ခွင့်လွှတ်ပေးပါ ... ခွင့်လွှတ်ပေးပါ''

''ငါ ခွင့်လွှတ်တယ် ... ထကြ''

ငါတို့ ထရပ်ကြပြီး အဘနတ်ကြီးကို ပါလာတဲ့ စားစရာတွေကို အလုအယက်ပေးကြတယ်။ အဘိုးကြီးက ပြုံးလို့ပနော။

သူ ... ငါတို့ကျွေးတာကို စားတယ်ပ။

ငါတို့ကျွေးတာစားရင် ငါတို့လူပဲပနော။

ငါတို့တိုင်းရင်းသားတွေက ကျွေးရင်စားမှ ကြိုက်တာပ။ ယုံကြည်ခင်မင်တာပ နော။





စားလို့ပြီးတော့ သူကပြောတယ်။

''သာဓု ... သာဓု ... သာဓု ...''

''အားလုံး ဘေးကင်းရန်ကွာ ကျန်းမာကြပါစေ''

ရှေ့က 'သာဓု'ကို ငါတို့ သိပ်မသိပေမင့် ဘေးရန်ကင်းကွာ၊ ကျန်းမာကြပါစေလို့ ပြောတာကိုတော့ ငါတို့ ကြိုက်တယ်ပ။

''လူလေးတို့ ...''

''အေး ဘကြီး''

''ဘာလို့ ဒီကို ခဏခဏ လာကြတာတုံး''

''ဘ ... ဘနတ်ကြီးကို ... လေး ... လေးစားလို့ ... လို့''

''ဒါပဲလား''

''ဘနတ်ကြီး ထူးဆန်းလို့''

''ဒါပဲလား''

''ဘနတ်ကြီးလိုလူမျိုး ငါတို့ မတွေ့ဘူးပ။ ဖိုးဆောပြောတာထက် ငါတို့ကိုယ်တွေ့ကြုံရတော့မှ ...''

''ဘာဖြစ်တုံး ... လူလေး''

''ဘနတ်ကြီး ... နင် ... နင် ... တန်ခိုးရှင်ပဲပ အေး''

''ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား ...''

ဖျင်ကြမ်းရင်ကွဲနဲ့ အဘိုးကြီးက ငါ့စကားဆုံးရော အားရပါးရ အော်ပြီး ရယ်တာပနော။ ဝမ်းသာပြီး ရယ်နေတာ အေး။

''လူလေး ...''

''အေး''

''ငါ တန်ခိုးရှင်မဟုတ်ဘူး''

''တောစောင့်နတ်မင်းကြီးလားပ''

''မဟုတ်''

''တောစိုးနတ်ကြီးလားပ''

''မဟုတ်''

''ဘကြီး ... လူ ... လူ ... အစစ်ပဲလား အေး''

''လူအစစ်ပါ''

''ဘကြီး ... ဘာလူမျိုးလဲ၊ ကရင်လား အေး''



www.burmeseclassic.com

www.burmeseclassic.com



''ငါ မြန်မာပါ အေး''

ငါတို့ ဘကြီးကို ခင်သွားတယ်ပနော။ ဘကြီးက သဘောကောင်းတယ်ပ။

''ဘကြီး . . . ''

''အေး . . . ပြော ဘာတုံး''

''စောစောက မွေ့ပြိတ္တာကြီး ဘကြီးကို ရစ်ပတ်နေတာသိလား အေး''

''မွေ့ပြိတ္တာ . . . ''

''ဟုတ်ပနော . . . ပတ်နေတာ သိလားပ''

''ငါမသိပါလား''

''ဟင်း . . . ''

''အိုး . . . ''

''အကြီးပ၊ အရှည်ကြီးပ . . . ဟိုမှာ မွေ့ပြိတ္တာကြီးကိုယ်က ကျွတ်ကျန်တဲ့ မွေ့အကြေးခွံ''

ဖိုးဆောက လက်သီးဆုပ်ခန့် မွေ့ပြိတ္တာအကြေးခွံကို ကောက်ယူပြပေးတော့ ဘကြီးက လှမ်းယူကြည့်တယ်။

''ဒါ မွေ့အကြေးခွံလား''

''ဟုတ်တယ် . . . ဘကြီးပေါင်ပေါ်ကနေ တက်၊ ကိုယ်ကို ပတ်တာပ။ ဘကြီးမသိ . . . ဟုတ်''

ငါတို့ အံ့သြရတာပ နော။

လှည်းနှစ်စီးတိုက်မျှ ရှည်လျားတုတ်ခိုင်တဲ့ မွေ့ပြိတ္တာကြီး သူ့ကိုပတ်တာ မသိဘူးတဲ့။

အရိုးတွေ ကျိုးကြေနိုင်တယ်လေ။

အခု သူ ဘာမှမဖြစ်တာကို ငါတို့ မြင်ရကော။

''ဘကြီး ဘာလို့မသိလဲပ''

''ငါ တရားမှတ်ပြီး မေတ္တာပို့နေတော့ မင်းတို့ပြောတဲ့ မွေ့ပြိတ္တာကြီး ငါ့ကိုရန်မူတာ ငါမသိဘူးပေါ့''

ငါတို့အချင်းချင်း လှမ်းကြည့်လိုက်ကြပြီး ငါကဆက်မေးကြည့်တယ်ပ။

''ဘကြီး''

''အေး''





''တရားမှတ်တယ်ဆိုတာ ဘာကိုပြောတာလဲပ နော''

''မင်းတို့ မသိဘူးလားကွယ့်''

''မသိပ''

''မင်းတို့ရွာမှာ မြန်မာဘုန်းကြီးကျောင်း ရှိလား''

''မရှိပ''

''မြန်မာဘုန်းကြီး ဆွမ်းခံကြွတာ မြင်ဖူးလားကွယ့်''

''မမြင်မိပ၊ မရှိပ''

''ဩော် . . . မင်းတို့ရွာမှာ ဘုန်းကြီးကျောင်းမရှိဘူးကိုး၊ မင်းတို့လည်း ဟိုး ကျားဆွဲခံရတဲ့ ကောင်လေးလို့ နတ်ပဲ ကိုးကွယ်တယ်လား''

''ဟုတ်ပ အေး''

''တရားမှတ်တာ မမြင်ဖူးဘူးပေါ့''

''အေး . . . မမြင်ဖူးပ့ါ နော''

''မှတ်ထား . . . လူလေးတို့၊ တရားမှတ်တယ်ဆိုတာ ဝင်လေထွက်လေကိုမှတ်တာ။ ဟောဒီလို တင်ပျဉ်ခွေထိုင်ပြီး ဒူးပေါ်လက်တင်၊ ဒါမှမဟုတ် ဟောဒီလို လက်ဝါးချင်းထပ်ထိုင်ပြီး ဒီလိုလေကို ရှူသွင်းရှူထုတ်လုပ်တာ၊ စိတ်အာရုံ ဘယ်မှမရောက်ရဘူး။ ဟောဒီနှာသီးဖျားက လေရှူရင် 'ဝင်လေလို့မှတ်' ရှူပြီးနောက် ပြန်ထုတ်လို့ လေနှာခေါင်းကထွက်ရင် 'ထွက်လေလို့မှတ်'။ ဝင်လေထွက်လေမှတ်တာကို အာနာပါနရှုမှတ်တယ်၊ တရားမှတ်တယ်၊ သမထထိုင်တယ်လို့ တို့ဗုဒ္ဓဘုရားရှင်က ဟောခဲ့တယ်''

''အဲဒီလို ဝင်လေထွက်လေမှတ်တော့ ဘာအကျိုးထူးပ''

''နှာသီးဖျားမှာ စိတ်ကိုထားပြီး ဝင်လေထွက်လေကို မှတ်နေချိန်မှာ ငါ လိုချင်တဲ့ လောဘမရှိတော့ဘူး၊ အိမ်ကြီးအိမ်ကောင်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားလိုချင်စိတ် မရှိတော့ဘူး။ ချောမောလှပတဲ့ ဇနီး၊ မိန်းမလည်း အလိုမရှိတော့ဘူး။ စိန်၊ ရွှေ၊ ကျောက်သံပတ္တမြား မလိုချင်တော့ဘူး။ ပေးရင်လည်း မယူဘူး။ ရန်သူရှိရင်တောင် ရန်သူကိုခွင့်လွှတ်နိုင်တဲ့ မေတ္တာကို ဝင်သက်ထွက်သက်မှတ်ရင်း ပို့ပေးခဲ့တယ်၊ မှတ်ပါများတော့ စိတ်ကမပျံ့လွင့်တော့ဘဲ ငြိမ်သက်နေတာပေါ့၊ ဒီအချိန်မှာ 'ငါ' ဆိုတဲ့အတ္တမရှိတော့ဘူး။ အဲဒီလို စိတ်တည်ငြိမ်လာတော့မှ မေတ္တာပွားတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''မေတ္တာပွားတယ်ဆိုတာက ဘာလဲပ''

''လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ ကျန်းမာပါစေ။ အန္တရာယ်ကင်းကြပါစေ။ စိတ်ရော၊ ကိုယ်ပါ ချမ်းသာပါစေ။ အပိုင်အဆိုင်၊ အစောင့်အရှောက်၊ တောစိုးနတ်၊ တောင်စိုးနတ်၊ မြေစောင့်နတ်၊ ကိုယ်စောင့်နတ်တွေ ကျန်းမာချမ်းသာပါစေ။ တောထဲမှာရှိကြတဲ့ သတ္တဝါတွေ အန္တရာယ်ကင်းပါစေ။ ငါ့မှာ ရန်သူ၊ မလိုသူ၊ မုန်းသူ ရှိခဲ့ရင်လည်း သူတို့အားလုံး ကျန်းမာချမ်းသာပါစေလို့ ရှေ့ရှုပွားများ စေတနာထားတာကို မေတ္တာပွားတယ်လို့ ခေါ်တယ်။ ပြီး . . . အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှာ ရှိရှိသမျှသတ္တဝါတွေ အထက်ကောင်းကင်မှာရှိကြတဲ့ ပုဂ္ဂိုလ်တွေ မြေပေါ်မြေအောက်မှာ ရှိကြတဲ့ သတ္တဝါကို ကျန်းမာချမ်းသာပါစေ၊ အန္တရာယ်မရှိကြပါစေနဲ့လို့ ကောင်းသောစိတ်နဲ့ မေတ္တာထားပို့သလုပ်နေတာပေါ့''

''ဒါကြောင့် ဘကြီးကို ကျားက ရန်မမူတာလားပ''

''အေးပေါ့ . . .''

''ဘကြီး . . . ကျားနဲ့ ကစားနိုင်တာပ။ တောကြီးမြွေဟောက်ကို ကိုင်ရဲတာပ''

''အေးပေါ့''

''မြွေပြိတ္တာက ရန်မပြုတာပေါ့ပ''

''အေးပေါ့''

''အံ့သြစရာပ . . . သေလုမျောပါးဖြစ်နေတဲ့ ကျားနာကို အသက်ရှင်အောင် လုပ်တာကရောပ''

''မေတ္တာပဲပေါ့''

''အရမ်းထူးဆန်းတာပ နော''

''မေတ္တာရဲ့ ရောင်ပြန်ပေါ့ကွယ်''

''ဘကြီး . . . ငါတို့ ဘကြီးလိုလုပ်ရင် ရနိုင်မလားဟင်''

''ကျင့်ရင် ရတာပေါ့''

''ဘယ်နှရက်ကြာလဲပ''

''အချိန်အများကြီး ပေးရတာလည်း ရှိတာပေါ့။ ကိုယ်က ကောင်းတဲ့ စိတ်နဲ့ ကျင့်ကြံပွားများရင် စေတနာလည်းမှန်ရင် သမာဓိတည်ကြည်မှုရပြီး ကိုယ်





ပို့သတဲ့ မေတ္တာက သူတစ်ပါးကို ကောင်းကျိုးဖြစ်စေတာပေါ့။ အတုံ့အပြန်အနေနဲ့ လူရော၊ နတ်ရော၊ သတ္တဝါတွေရော၊ ကိုယ့်ကို ပြန်ပြီး စောင့်ရှောက်ကြတာပေါ့။ ဒါကို မေတ္တာရောင်ပြန်လို့ ခေါ်တယ်''

''ငါတို့ ဘကြီးနဲ့တွေ့တာ ဝမ်းသာပနော''

ဒီမှာ ဖိုးဆောကလည်း ဝင်ပြောတယ်ပ။

''ဘကြီး . . . ငါ့အသက်ကို ကယ်ပေးတာ အများကြီး ဝမ်းသာရပါကော။ ငါတို့ နေ့တိုင်း ဘကြီးစားဖို့ စားစရာတွေ လာပို့တယ်။ ဘကြီးက ထိုင်ပြီး မျက်စိပိတ်ထားတော့ စကားမပြောရဘူး။ ဒီနေ့ စကားပြောရတာ ကျေနပ်ပါနော''

ပြောရရင်တော့ ငါက ဗမာစကားကို အတော်လေး နားလည်ပြောနိုင်တာပနော။

ငါ မချမ်းဘောကို ရောက်ဖူးတယ်။

မေခ၊ မလိခကို ရောက်ဖူးတယ်။

မိုးကောင်းကို ရောက်ဖူးတယ်။

ငါ ဗမာစကားပြောတဲ့ ရှမ်းတွေ၊ ပအို့ဝ်တွေနဲ့ နေခဲ့ဖူးတော့ ဗမာစကား ငါ ပြောနိုင်တာပနော။ ဒါနဲ့ ငါက ထူးဆန်းတဲ့ ဘကြီးကို မေးတာပ။

''ဘကြီးနာမည် ဘယ်လိုခေါ်တုံးပ''

''ခေါ်ချင်သလိုခေါ်ပေါ့ . . . သားရယ်''

''နာမည် မရှိဘူးနော''

''သူများခေါ်တော့ သူများနာမည်။ မင်းတို့ခေါ်တော့ မင်းတို့နာမည်ပေါ့။ ကြိုက်သလိုခေါ်ပေါ့''

''ဘကြီး နေတော့ရောပ''

''အခု ကချင်တောင်ကုန်းမှာလေ''

''ဟူး . . .''

သူပြောတာလည်း မမှားဘူးပနော။ အခု ကချင်တောင်တန်းပေါ်က လူရှေ့မှာ ရှိနေတာကိုး။

''ဘကြီး . . . ဒီကချင်တောင်တန်းမှာ အကြာကြီးနေမှာပ''

''မပြောတတ်ဘူး၊ ကြာမလားမသိ''

''ဘကြီး . . . ငါတို့ ကချင်ရွာထဲကို လိုက်လည်ပါနော''

''ဘာလိုက်လုပ်ရမှာတုံး . . . လူလေး''



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဘကြီးလို ဖြစ်ချင်တယ်ပ။ ဘကြီး သင်ပေးမှာပ နော"

"ဘကြီး အလုပ်တွေများတယ် . . . လူလေးတို့၊ ဘကြီးကိုယ်စား မင်းတို့ရွာထဲကို ရဟန်း ကြွလာလိမ့်မယ်"

"ရဟန်း . . ."

"ဟုတ်တယ် . . . ဗုဒ္ဓဘာသာဝင် သံဃာလို့ခေါ်တယ်။ သူလာခဲ့ရင် မင်းတို့ ဘကြီးကို လေးစားသလို လေးစားပါ။ နေရာထိုင်ခင်းပေးကြပါ။ ဘကြီးကို မင်းတို့ စေတနာသန့်သန့် ကျွေးသလို ရဟန်းကို လှူပါ၊ ကျွေးပါ၊ ကုသိုလ်ယူပါ။ ဗုဒ္ဓဘာသာရဟန်းဟာ အရက်မသောက်ဘူး။ ညနေစာ မစားဘူး။ အိမ်ရာမထောင်ဘူး။ ဘာလိုချင်တယ် ညာလိုချင်တယ် ပြောမှာမဟုတ်ဘူး။ အဲဒီရဟန်းက လိမ်ညာမုသား မပြောဘူး။ 'မင်းတို့ကို မုန်းတဲ့စကား မပြောဘူး။ သူ ဘကြီးကျင့်ကြံသလို၊ ရှုမယ်၊ ရှိုက်မယ်၊ မေတ္တာပို့မယ်၊ ကောင်းသောစကားကို ပြောလိမ့်မယ်။ သူက မင်းတို့ကို လူဖြစ်ရခြင်းအကြောင်း၊ လူဖြစ်ရတဲ့ကံကောင်းပုံကို ရှင်းပြလိမ့်မယ်။ လူဖြစ်ရကျိုးနပ်အောင် နေနည်း၊ သေနည်းတွေ သင်ပြပြောပြလိမ့်မယ်။ ကုသိုလ်ကောင်းမှုနဲ့ အကုသိုလ် မကောင်းမှုကံရဲ့ လားရာဂတိနဲ့ အကျိုးအပြစ်တွေ ပြောလိမ့်မယ်။ ငရဲနဲ့ နိဗ္ဗာန်အကြောင်း ဟောပြောလိမ့်မယ်။ မင်းတို့ထံရောက်လာမည့်ရဟန်းက ငါ့ထက် ပိုတော်တယ်။ ပိုတတ်တယ်။ ပိုပြီး အစွမ်းကြီးတယ်။ ငါ့သားတို့ တစ်နေ့ကျရင် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတွေ ဖြစ်လာကြပြီး ငါ့ထက် ပိုစွမ်း၊ ပိုတော်တဲ့ လူတော်လူကောင်းတွေ ဖြစ်လာကြမှာ မလွဲပဲကွ"

ဘကြီး ဒီနေ့စကားတွေ အများကြီးပြောတယ်။

သူပြောတဲ့ စကားတွေ တန်ဖိုးရှိတယ်ပ။

ဗုဒ္ဓဘာသာရဟန်း ကြွလာလိမ့်မယ်တဲ့။

ငရဲနဲ့ နိဗ္ဗာန်အကြောင်း ဟောလိမ့်မယ်တဲ့။

လူဖြစ်ရကျိုးနပ်တဲ့ နေနည်း၊ သေနည်းကို ရှင်းပြလိမ့်မယ်တဲ့။ အားရစရာ ကောင်းလိုက်တာပ။

"ဘကြီး . . ."

"ပြော . . . လူလေး"

"ငါတို့ ဘကြီးပြောတဲ့ သူ့ကို စောင့်မယ်ပ"

"စောင့်ကြပ . . . မင်းတို့နယ်မှာ ဗုဒ္ဓသာသနာ ပွင့်ရဦးမှာပကွယ်"

"ငါတို့ နောက်နေ့ လာခဲ့ဦးမှာ နော"





"ဘာလုပ်ဖို့တုံး"

"ငါတို့ လူစွမ်းကောင်းနတ်ကြီး . . . အဲ . . . အဲ . . ဘကြီး စားဖို့၊ နွားနို့၊ ကြက်ဥ၊ ကောက်ညှင်းထုပ်၊ မုန်ညှင်းချဉ်၊ ခေါင်ရည်၊ မျောက်ဥ၊ ပိန်းဥတွေ လာပို့မှာပေါ့ နော"

ငါ့စကားဆုံးတော့ လူကြီး ဘကြီးရဲ့ မျက်နှာပေါ် ပီတိရိပ်တွေ လွှမ်းပြီး ပြုံးလို့ပါနော။

ငါတို့ လူတွေကလည်း ဘကြီးစားချင်တာ ပြောပါတဲ့။ ဒီနေရာမှာ ခြေတန်ရှည် အိမ်ဆောက်ပေးမယ်။ ခြံစည်းရိုး ကာပေးမယ်။ တောင်ယာစိုက်ခင်းလည်း လုပ်ပေးမယ်လို့ ဝိုင်းပြောပြတာပ နော။ ဘကြီးက ပြုံးပြုံးပြုံးပြုံးနဲ့ပ။

"ကျေးဇူးတင်ပါတယ် . . . သားတို့ရယ်၊ အဘနဲ့ မင်းတို့ ခုမှတွေ့ကြတာ မဟုတ်ပါဘူး။ ဟို . . . ဟို . . . ဘဝတွေကတည်းက တွေ့ကြုံသိကျွမ်း ခင်မင်ခဲ့ကြဖူးတာပါ။ မင်းတို့နဲ့ငါသည် ဘဝဟောင်းက တော်စပ်ခဲ့ကြတဲ့ ဆွေမျိုးတွေပါ။ ခုကော ပြန်ဆုံကြတာပေါ့။ ရိုးရာကိုလည်း စောင့်ရှောက်ကြကွယ့်။ ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းကြကွယ်။ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတွေဖြစ်အောင် ကြိုးစားကြ။ ချစ်ချစ်ခင်ခင် နေကြ။ ဘကြီးအတွက် မပူပင်ကြပါနဲ့။ ဘကြီးအဖို့က ငှက်ပျောသီးတစ်လုံးရှိရင် တစ်နေ့လုံးစားပြီး သမထအလုပ် လုပ်လို့ရတယ်။ ငါ့သားတွေ သမီးတွေပဲ ဝဝလင်လင်စားကြ။ အိမ်ဆောက်ပေးစရာ မလိုပါဘူး။ သားတို့ . . . ဟောဟို ကျောက်ဂူဟာ နွေ၊ မိုး၊ ဆောင်း အလုံခြုံဆုံး အိမ်ပဲဟေ့။ ဟောဟို ကျွန်းပင်ကြီးတွေ ဝိုင်းထားတဲ့နေရာဟာ လမ်းလျှောက်လို့ အကောင်းဆုံး နေရာပဲဟေ့"

"ကျား . . . ရန်ကို . . . စိုး . . . ရိမ် . . ."

"ကျား . . . ဟုတ်လား"

"ဟုတ်ပ . . . ကျားက ဘကြီးကို . . ."

"ဒီနေရာကို ကျားမလာတော့ဘူး။ မင်းတို့ရွာစပ်ကိုလည်း ကျားဆိုး မလာတော့ဘူးကွ"

"ဘာဖြစ်လို့ ကျားက မလာတော့ပ . . . ဘကြီး"

"ငါ မလာနဲ့လို့ အမိန့်ပေးလိုက်ပြီလေ"

"ဗျာ . . ."

"ငါတို့ ရွာနားကို ကျား မလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''မလာတော့ဘူး''

''ဟို ... ဟို ... မြွေ ... မြွေ ... ပြိတ္တာကြီးက ဘကြီးကို မျို ..''

''မင်းတို့ မြွေပြိတ္တာလည်း မလာတော့ပါဘူး ... သားတို့ရယ်''

ငါတို့ မယုံချင်ဘူးပ။

ကျားကို မလာနဲ့တော့ ထွက်သွားလို့ သူက နှင်လွှတ်သတဲ့။ ဟုတ်ပါ့မလား ... ဒီဘကြီး ကောင်းကောင်းပြောရင်းက ဖောက်ချိဝင်လာရော့လားပ။

''မြွေပြိတ္တာကြီး ရှိတယ်ပ''

''မင်းတို့အမြင်မှာတော့ မြွေပြိတ္တာပေါ့ကွယ်။ အမှန်က သိုက်စောင့်ကြီးပ။ သူ့နယ်ကို ငါလာလို့ လာကြည့် အကဲစမ်းတာပါ။ မြွေသူတော်ကောင်းကြီးပါ။ နောက်တစ်ခါလာရင် ငါ သူ့ကို ပြောမှာပေါ့''

''ဘယ်လိုပြောမှာပ ... ဘကြီး''

''ငါက မင်းရဲ့ရန်သူ မဟုတ်ပါဘူး မိတ်ဆွေပါ။ ငါ့အလုပ် ငါလုပ်ပါရစေ။ ငါ စည်းပေါက်ခဲ့ရင် ငါ့ကို နင် ကြိုက်သလိုလုပ်လို့ ပြောမှာပေါ့''

''အိုး ... အံ့ပရော''

✿ ✿ ✿

[ ၂၄ ]

❑

သူ့နာမည်ကို ငါတို့ ကချင်တောင်သူတွေ၊ မုဆိုးတွေရော၊ ခန္တီးရှမ်းတွေပါ မသိကြဘူး။

ခေါ်ချင်သလို ခေါ်တဲ့။

ငါတို့က အိမ်ဆောက်ပေးချင်တယ်ပ။

ဘကြီးက အိမ်မလိုဘူး။ ဂူရှိတယ်တဲ့။

ငါတို့က သူနေတဲ့ဝန်းကျင်မှာ တောင်ယာစိုက်ခင်းလေး၊ အသီးအနှံပင်လေး စိုက်ပေးချင်တယ်။





သူက ငှက်ပျောသီးတစ်လုံးစားပြီး နေလို့ရတယ်တဲ့။

ငါတို့က ဒီလူကြီးကို လူစင်စစ်လို့ မထင်ဘူးပ။

မဟုတ်မှလွဲရော ငါတို့ ရိုသေလေးစားတဲ့ နတ်မင်းကြီးဖြစ်မှာပ။ နတ်မင်းကြီးမို့သာ ကျားကို နိုင်တာပေါ့။ ကျားနဲ့ သတ်ပုတ်ကစားနိုင်တာပေါ့။

သေလုလုကျားကို အသက်ရှင်အောင် လုပ်နိုင်တာပေါ့။

ဒီလို ထူးခြားဆန်းကြယ်တာ လူသာမန်က လုပ်နိုင်မှာလားနော်။ ဒါကြောင့် ငါတို့က သူ့ကို နတ်မင်းကြီးအနေနဲ့ သတ်မှတ်လေးစားတယ်။

သူ ငါတို့အားလုံးကို စောင့်ရှောက်တယ်လေ။

သူ့ကို ရွာထဲမှာနေဖို့ခေါ်လည်း မရ။

ငါတို့ကျွေးတဲ့ အစားအစာတွေလည်း အကုန်မစားဘူး။

ခေါင်ရည်ကို သူမသောက်ဘူး။

ငါတို့ သူ့ကို လေးစားတယ်ပ နော။

သူ့ကို ငါတို့ အမဲသားကျွေးကြည့်တယ်။ မစားဘူး။ ကျွဲသားကျွေးတယ် မစားဘူး။ ကချင်မီးတောက်အရက် ပေးတယ် မသောက်ဘူး။

ဒီလောက်အေးတဲ့ တောင်၊ ဂူထဲမှာ အဝတ်တစ်စုံနဲ့ သူ နေနိုင်တယ်။ ဘာလိုချင်တယ် မပြောဘူး။ ဘာစားချင်တယ် သူ မပြောဘူး။ ရွာထဲလည်း မလာဘူး။ သူမေးတာ တစ်ခုတော့ရှိတယ်။

အင်္ဂလိပ်ဘုန်းကြီး လာသလားတဲ့။

အမေရိကန်သာသနာပြုတွေ လာသလားတဲ့။

ငါတို့ကို ကချင်စာတတ်လား၊ ဂဒူးဂနန်းစာတတ်သလား၊ မြန်မာစာတတ်သလား မေးတယ်။ ရတနာသုံးပါးသိလား မေးတယ်။ လူဟာ သေပြီးရင် ဘာဖြစ်မလဲသိလား မေးတယ်။ အချို့မေးတာတွေ ငါတို့ နားမလည်ဘူး။

သူက ငါတို့ကို ပြောတယ်။

အင်္ဂလိပ်လူမျိုးတွေက ငါတို့ ဗမာနိုင်ငံကို လက်နက်ကောင်းတွေနဲ့ အဓမ္မသိမ်းပိုက်တယ်တဲ့။ မြန်မာဘုရင်နဲ့ မိဖုရားကို ဟိုကုလားပြည်ခေါ်သွားပြီး အကျဉ်းချထားတယ်တဲ့။

ငါတို့နဲ့ အင်္ဂလိပ် စစ်သုံးကြိမ်ဖြစ်တယ်လို့ ပြောတယ်။

အင်္ဂလိပ် ကုလားဖြူတွေက မြန်မာလူမျိုးအားလုံးကို ဖိနှိပ်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့ရဲ့ ဘာသာတရားတွေကို ရိုးသားတဲ့ တောင်တန်းတွေမှာ ဖြန့်ဝေစည်းရုံးလို့ ငါတို့တိုင်းရင်းသားတွေ အင်္ဂလိပ်အယူဘာသာ ကိုးကွယ်သူတွေ ဖြစ်လာကြသတဲ့။

ရှမ်းမှာ ဗုဒ္ဓဘာသာကိုးကွယ်သူ ရှိတယ်။ မွန်၊ ရခိုင်၊ ပအို့ဝ်တွေလည်း ဗုဒ္ဓဘာသာဝင်တွေပဲတဲ့။ ဗုဒ္ဓဘာသာက နယ်မခြဲ့ဘူး။ သေနတ်နဲ့တော့ပြီး ဘာသာရေးဇာတ် မသွင်းဘူးတဲ့။ ငါတို့ဗုဒ္ဓဘာသာမှာ လိုအပ်ချက်ရှိတယ်လို့ ပြောတယ်။

ဒီလို တောင်တန်းတွေပေါ်ကို ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်တွေ အပင်ပန်းဆင်းရဲခံပြီး မလာနိုင်ကြဘူးတဲ့။

ဒီလိုအပ်ချက်ကို အင်္ဂလိပ်နဲ့ အမေရိကန်သာသနာပြုတွေက အချက်ပိုင်ပိုင်ယူပြီး တောင်ပေါ်ဒေသတွေကို ရောက်အောင်လာခဲ့ကြတယ်။ ဆေးကုပေးတယ်။ အစားအစာနဲ့ အဝတ်အစား လက်ဆောင်ပေးတယ်။ အလှအပပစ္စည်းတွေပေးကြတယ်။ ဒီလိုနဲ့ သူတို့ဘက်ကို ပါအောင် မြူဆွယ်ပြီး သူတို့နယ်ချဲ့ လူမျိုးခြားဘာသာထဲကို သွတ်သွင်းခဲ့တယ်။ ငါတို့တိုင်းရင်းသားတွေ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ ငါတို့ ဒုက္ခဆင်းရဲခံပြီး ကြိုးစားရမယ်တဲ့။

လူမျိုးခြားကို အထင်ကြီးပြီး လူမျိုးခြားဘာသာကို အလေးထားကိုးစားရင် ငါတို့တိုင်းရင်းသားတွေ ကြာရင် လူမျိုးပျောက်မယ်။ လူမျိုးပျောက်ရင် ရိုးရာပျောက်မယ်။ ရိုးရာပျောက်ရင် ယဉ်ကျေးမှုပျောက်မယ်။ ဒီလိုအဖြစ်မျိုးမရောက်အောင် ဒီတောင်ပေါ်ကို ဗုဒ္ဓဘာသာရဟန်းတော် ရောက်ရှိ သာသနာပြုနိုင်အောင် ကြိုးစားမယ်။ ငါတို့နဲ့ နင်တို့နဲ့က ညီအစ်ကိုတွေ ဆွေမျိုးတွေတဲ့။ ငါတို့ချင်းမစည်းလုံးရင် အင်္ဂလိပ်က ငါတို့ကို နှစ်ပေါင်းများစွာ ကျွန်ပြုလိမ့်မယ်တဲ့။

သူပြောတဲ့စကားတွေက အားရစရာပ။

သူပြောတဲ့စကားမှာ ...

အင်္ဂလိပ်၊ အမေရိကန်က လက်နက်စွမ်းတယ်။

ငါတို့က စိတ်ဓာတ်စွမ်းတယ်။ အကျင့်သန့်ရှင်းတယ်။ ရိုးသားကြတယ်။ တစ်နေ့ ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ ပြေးရမယ်လို့ပ။

အင်္ဂလိပ်က မျောက်တဲ့။

မတန်မရာ မြန်မာ့ရာဇပလ္လင်ပေါ် အဓမ္မတက်ထိုင်နေတာတဲ့။





ပလ္လင်ပေါ်က မျောက်ဖြူတွေ ဆင်းပြေးအောင် လုပ်ရမယ်။ ငါတို့ ဗမာ့အစွမ်းကို ပြချိန်တန်ပြီတဲ့။ အဲလိုပြောပြီး သူ လက်ရုံးကို ဆန့်ပြတယ်ပ။

လက်သီးကို ဆုပ်ပြတယ်ပ။

ပြီး ... အသံကျယ်ကျယ်နဲ့ ကြုံးဝါးလိုက်တယ်။

တို့ဗမာတဲ့။

ငါတို့ ကြက်သီးထသွားတယ်ပ။

"တို့ဗမာဆိုတာ သိလား ... လူလေးတို့"

"အများကြီးမသိပ ဘကြီး"

"မှတ်ထား ... ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ရခိုင်၊ မွန်၊ ကရင်၊ ပလောင်ရှမ်း၊ ပအို့ဝ်၊ နာဂ စတဲ့ တိုင်းရင်းသား မိသားစုအားလုံးကို စုပေါင်းခေါ်ကြတဲ့ စကားကွ 'တို့ဗမာ' တဲ့ မှတ်ထား။ တို့အားလုံး ရှိနေတဲ့ မြေကြီး နယ်နိမိတ်ကို ဗမာနိုင်ငံ၊ မြန်မာနိုင်ငံ၊ ပြည်ထောင်စုနိုင်ငံတော်လို့ ခေါ်သကွ။ ငါတို့လူမျိုးမှာ ဘုရားအစစ်ရှိတယ်။ သံဃာအစစ်ရှိတယ်။ ဘာသာရှိတယ်။ အနိုင်းမဲ့တရားတော်ရှိတယ်။ သမထကျင့်စဉ်ရှိတယ်။ ကမ္မဋ္ဌာန်းကျင့်စဉ်ရှိတယ်။ ဝိပဿနာအကျင့်မြတ်ရှိတယ်။ ဒီမှာပေ့ ... တို့လူမျိုးက စက်အစွမ်းမပါဘဲ မြေလှျိုး မိုးပျံနိုင်တဲ့အစွမ်းရှိတယ်ပေ့။ မှတ်ထားကြ ..."

✿ ✿ ✿

[၂၅]

❑

ကချင်မှဆိုးနော်လွန်နဲ့ ခန္တီရှမ်းဖိုးဆောအပါအဝင် တိုင်းရင်းသားတောင်ယာသမားတွေဟာ သူတို့ကြုံတွေ့ခဲ့ရတဲ့ နတ်ကြီးခေါ် လူထူးကြီးအကြောင်းကို အားရပါးရ ပြောကြတယ်ဗျ။

ကျွန်ုပ် (မောင်ပေါ်ထူး) လည်း ကြားရချက်တွေကြောင့် အံ့သြဝမ်းသာဖြစ်ခဲ့ရတာပေ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း သူတို့လေးစားရတဲ့ နတ်ကြီးအကြောင်း ပြောပြရလို့ ဂုဏ်ယူဝမ်းသာနေကြတယ်ခင်ဗျ။

ဒါနဲ့ ကျွန်တော်လည်း သိချင်တာလေး သေချာအောင် ထပ်မေးရတာပေါ့။

''ငါ့တူများ တွေ့ခဲ့တဲ့လူကြီးက သူ့နာမည်ကို မပြောဘူးလား''

''မပြောဘူးပ ... ကြိုက်သလိုခေါ်ပါတဲ့ နော''

''အသက်ရော ဘယ်မျှရှိတယ် ထင်တုံး''

''ငါးဆယ်ကျော်ခန့်ပ''

''မဟုတ်ဘူး ... နော်လွန် (၄၀)ခန့် ရှိပ''

''နင်မှန်းတာ မဖြစ်နိုင်ဘူး ... ဖိုးဆော၊ သူ အသက်ကြီးပုံပ နော''

သူတို့ချင်း အသက်ကို ငြင်းနေကြတယ်။

''ပုံသဏ္ဌာန်က တုတ်တုတ်ခိုင်ခိုင်နော်''

''အေးပ''

''ဆံပင်က ပွယောင်းယောင်းနဲ့''

''ဟုတ်ပ''

''ဖျင်ကြမ်းတိုက်ပုံ ဝတ်ထားတယ်''

''ဟုတ်ပ ... ရှမ်းတိုက်ပုံမဟုတ်၊ ကချင်တိုက်ပုံမဟုတ်ပ''

''ကျားနဲ့ကစားတယ်''

''အေး''

''တောကြီးမြေ့ဟောက်ကို ကိုင်ရဲတယ်''

''အေး''

''ခေါင်ရည်မသောက်ဘူးလား''

''မသောက်''

''တင်ပျဉ်ခွေတရားမှတ်တယ်နော်''

''အေး ... အကြာကြီးပ''

''ကျားဆွဲခံရတာက မောင်ရင် ... ဘယ်သူ ...''

''ဖိုးဆောခေါ်တယ်ပ''

''ကွမ်းရွက်မန်းပေးတယ် ... ဟုတ်လား''

''ဟုတ် ... ဟုတ်''





''ဘုရားအကြောင်း၊ ဘာသာအကြောင်း ပြောတယ်ပေါ့''

''ပြောတယ် ... အများကြီးပဲ''

''ပြီးတော့ ဘာတွေပြောသေးတုံး ... ငါ့တူ''

''လက်ာတွေ ရွတ်ပြတယ်။ ငါတို့ သိပ်နားမလည်ဘူး။ နားထောင်လို့ကောင်းတယ်ပ''

ဟုတ်ပါပြီ ... ဒါ ကျုပ်လိုက်ရှာနေတဲ့ ဆရာကြီးခေါင်ဖြစ်ဖို့ နီးစပ်နေပြီဗျာ။ ဆရာကြီးက ကချင်တောင်တန်းတွေဘက်မှာ တရားသွားထိုင်ဦးမယ်လို့ ပြောဖူးတာကိုး။

နမ္မခရုချောင်းဘက်လည်း သွားမယ်ပြောတယ်။

တောင်တန်းဒေသတွေမှာ ဗုဒ္ဓဘာသာဝင်တွေ နည်းနေတယ်။ ဘာသာခြားတွေ အဝင်အထွက် များနေတယ်။ ဒီဒေသမှာ ဗုဒ္ဓသာသနာထွန်းကားအောင် စည်းရုံးရမယ်လို့ ပြောတာလည်း ကြားတယ်။

သို့သော် ဆရာကြီးခေါင်က ...

ဘယ်နေ့ ဘယ်နေရာ ဘယ်အရပ်ကိုသွားမယ်လို့ ရက်ချိန်းအတိအကျ ပြောလေ့မရှိဘူး။

သွားချင်ရင် ဝေါက်ခနဲ ထသွားတာပဲ။

တစ်ခါတုန်းကလည်း ကျွန်ုပ်ကို လာ ... လိုက်ခဲ့ဆိုပြီး ခေါ်သွားလိုက်တာ ထီးချိုင့်နယ်ထဲ ရောက်သွားပါရော။

အဲဒီဝန်းကျင်မှာ မဲဇာမြစ်ရှိတယ်ကိုး။

မဲဇာမြစ်က မဲဇာလေးရွာ၊ သာယာကုန်း၊ ဇီးတောင်၊ ပေါက်ပင်ကွေ့၊ ရေပေါက်ကြီး၊ အင်ဖြူဆိပ် စတဲ့ရွာတွေကနေ မယ်ဇလီ၊ ညောင်ပင်သာ စတဲ့ရွာတွေကို ဖြတ်သန်းစီးဆင်းပြီး ညောင်ပင်သာရွာကနေ ဧရာဝတီမြစ်ထဲကို စီးဝင်တာလေ။

ညောင်ပင်သာမှာ မြင်းခာတ်ဆင်မယ်ဆိုပြီး ကျုပ်ကို မြင်းတွေခိုးခိုင်းပါရောလား။

''မမလေးကို မောင်ကခိုးမယ်လို့
လူဆိုးတွေနဲ့ မောင်တိုင်ပင်
မန်းမြို့တောင် ညောင်ပင်ရင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မြင်းကိုယ်စီပြင်'' ဆိုတဲ့ တဘောင်သီချင်းကိုယူပြီး မြင်းခွာတ်ဆင်တာပေါ့။ ကျွန်ုပ်မှာလည်း ဆရာကြီးခိုင်းလို့သာ ညောင်ပင်သာရွာထဲဝင်ပြီး မြင်းတွေကို အိမ်ရှင်မသိအောင် ခိုးရတာပေါ့။

မြင်းတွေကို ညောင်ပင်သာ ဟိုမှာဘက်က တောထဲခေါ်သွားပြီး ဆရာကြီးခေါင်က မြင်းခွာတ်ဆင်တာခင်ဗျ။

ဆရာကြီး မြင်းစီးဖူးတာ မကြားဖူးပေါင်ဗျာ။

ကြည့်စမ်း ... မြင်းစီးနည်းအမျိုးမျိုးနဲ့ မြင်းစီးပြတာမှ အံ့ပါရော။ မြင်းတွေကို တစ်ကောင်ပြီးတစ်ကောင် ပြောင်းစီးတာ။ မြင်းလည်း ချွေးဒီးဒီးကျ သူလည်း ချွေးဒီးဒီးကျပဲ။

''ဆရာကြီး ...''

''ဘာတုံး ... ပေါ်ထူး''

''ဘာလို့ မြင်းတွေကို ခိုးပြီး စီးနေရတာတုံးဗျ''

''မြင်းခွာတ်ဆင်တာလေကွာ''

''မြင်းပိုင်ရှင်တွေ မြင်းပျောက်လို့ ရှာနေကြပြီဗျ''

''ငါ သူတို့မြင်းတွေ ခိုးရောင်းစားတာ မဟုတ်ဘူးကွ ... ပေါ်ထူးရဲ့၊ မြင်းခွာတ်ဆင် ပန္နက်ရိုက်ဖို့ ခေတ္တယူသုံးတာကွ''

''ဟုတ်ပါပြီ ... ဆရာကြီးရဲ့။ ဘာလို့ မြင်းခွာတ်ဆင် ခွာတ်ပန္နက်ရိုက်ရတာတုံး''

''မမလေးဆိုတာ မြန်မာ့လွတ်လပ်ရေးကို ပြောတာကွ။ အဲဒီ မမလေးကို မောင်ကခိုးမယ်ဆိုတာက ငါတို့မြန်မာလူထုက အင်္ဂလိပ်လက်က ပြန်လုယူမယ်လို့ ဆိုလိုတာ''

''ဩော် ... ဒီလိုလား''

''လူဆိုးတွေနဲ့ မောင်တိုင်ပင်ဆိုတဲ့ အဓိပ္ပာယ်က အင်္ဂလိပ်နယ်ချဲ့အစိုးရက ငါတို့ဗမာနိုင်ငံကိုလည်း အဓမ္မသိမ်းရဲ့။ လွတ်လပ်ရေးအတွက် တော်လှန်တဲ့ ဗမာတိုင်းရင်းသား တော်လှန်ရေးသမားတွေကို သူပုန်၊ ဓားပြ၊ လူဆိုးလို့ အမည်တပ်ပြီး ဖမ်းသကိုး၊ သတ်သကိုးကွယ့်။ အမှန်က လူဆိုးဓားပြမဟုတ်ဘူး။ နယ်ချဲ့ တော်လှန်ရေးသမားတွေ။ လွတ်လပ်ရေးဆိုတဲ့ မမလေးကို ရယူဖို့ တို့မျိုးချစ်တော်လှန်ရေးသမားတွေ မြင်းကိုယ်စီ ပြင်ကြတာ။ လက်နက်ကိုင်တိုက်ယူမယ်ဆိုတဲ့ မြင်းကိုယ်စီပြင်ကြတာ။ ဘယ်နေရာလဲဆိုတော့ သီပေါမင်းနန်းစံတဲ့ မန္တလေးကစလို့ လထွက်ကလေးတဲ့ မြင်းပေါ်တင်ဆိုတာက အင်္ဂလိပ်အခက် မြန်မာ့အချက်ဆိုတဲ့ စကားအတိုင်း အင်္ဂလိပ်အစိုးရမင်း စစ်ရေးနိမ့်နေတဲ့အချိန် တို့ဗမာများ လွတ်လပ်ရေးကို မရ,ရတဲ့နည်းနဲ့ ယူရမယ်ဆိုတဲ့ အတိတ်နိမိတ် တဘောင်ပဲ ... ပေါ်ထူးရဲ့။ 'လဝင်ရင် ညောင်ညိုစောင်း မြင်းနှင်လို့မောင်း' ဆိုတာ လွတ်လပ်ရေးအရယူ၊ အရယူပြီး မြန်မာ့ရာဇပလ္လင်ပေါ်မှာ တင်ကြလို့ တဘောင်ကဆိုတာကွ။ ဒါကြောင့် ငါတို့လူမျိုးများ လွတ်လပ်ရေးရယူရေးမှာ သန်မြန်သွက်လက် မမောမပန်း ခရီးဆက်နိုင်အောင် မြင်းပန္နက်ခွာတ်ရိုက်တာပဲကွ။ ကိုင်း ... ပေါ်ထူး မြင်းခွာတ်ရိုက်မယ်ဟေ့''

ကြည့်စမ်းပါဗျာ ...

ညောင်ပင်သာတောလယ်မှာ မြင်းတွေမှ အများကြီး၊ မြင်းဟီသံတွေ ညံနေတာပဲ။ ညောင်ပင်သာရွာမှာ မြင်းတွေ မပျောက်စဖူးအပျောက်ထူးလို့ ရွာသားတွေ မြင်းပျောက်ရှာကြတာ ရှာလို့မတွေ့ဖူးတဲ့။

ကျွန်ုပ်လည်း စိုးရိမ်နေပေါ့ဗျာ။

ရွာထဲကမြင်းတွေ ခိုးခိုင်းတာက ဆရာကြီးခေါင်လေ။

မခိုးရဲဘူး။ မြင်းခိုးတာ မိသွားရင် အသတ်ခံရမယ်ပြင်းတော့၊ မင်းကို ငါခိုင်းတာပါကွာ။ မင်းအန္တရာယ်မရှိအောင် ငါအကာအကွယ် စီရင်ပေးမှာပေါ့တဲ့။

ကျွန်ုပ် သဘောတော့ ပေါက်ပါတယ်ဗျာ။

ဆရာကြီးက ပေါ့သေးသေး မဟုတ်ဘူးဆိုတာပေါ့။

ငါတို့ မြင်းခိုးတာမဟုတ်ဘူး၊ ခဏယူတာပါတဲ့။

မြင်းပန္နက်ခွာတ်ရိုက်ပြီးရင် မြင်းတွေ လာခေါ်ကြလိမ့်မယ်တဲ့။ ငါ ရွာတော်ရှင်တွေကို မေတ္တာရပ်ပြီးပါပြီ။ မြင်းတွေသာ သွားယူခဲ့တဲ့။

ကျွန်ုပ် ရွာထဲကိုဝင်တော့ ခွေးတစ်ကောင်တောင် မဟောင်ဘူးဗျာ။ အံ့ရော။

မှန်တဲ့အတိုင်းပြောရရင် ကျွန်ုပ် မြင်းတွေ လူမသိအောင် ယူလာခဲ့တယ်။ မြင်းညို၊ မြင်းဖြူ၊ မြင်းနက်၊ ဒေါက်မြင့်မြင်းကြီးတွေ ဆရာကြီးရှေ့မှာ မြင်းတွေက မြူးနေတာပဲ။

''ဆရာကြီး ...''

''ဘာတုံး ... ပေါ်ထူး''

''ဆရာကြီးက မြင်းစီးတတ်လို့လား ဟင်''







www.burmeseclassic.com

www.burmeseclassic.com



''စီးတတ်တာပေါ့ကွ''

''ဆရာကြီးမြင်းစီးတာ ကျုပ် မကြားဖူးပါဘူးဗျာ။ ကျုပ်ကို ဆရာကြီး မညာပါနဲ့ဗျ''

''ငါ အရင်ဘဝက မြင်းစီးသူရဲပဲကွ''

''မဟုတ်ကဟုတ်က မပြောပါနဲ့ ... ဆရာကြီးရာ၊ ကျုပ်တို့ မြင်းသူခိုး ဘဝနဲ့ ပုလိပ်လက်ထဲ ရောက်နေပါ့မယ်ဗျာ''

''ဟား ဟား ဟား ဟား ဟား .. ပေါ်ထူးရယ် မင်းကတော့ပဲကိုး ပေါ်ထူး ရ။ မှန်တာပြောလည်း မယုံ၊ ညာပြောလည်း လက်မခံ။ ကိုင်း ... ကြည့်နေ ပေ့ ... သို့ကလိုပြောပြီး မဒရပ်မြင်းလို ဒေါက်မြင့်သန်မာထွားကျိုင်းတဲ့ မြင်းညို ကြီးပေါ် ကြိုးစုံကိုင်ပြီး လွှားခနဲ ခုန်တက်လိုက်တာ ဧွေ့ခနဲ အထိုင်ကျလို့ဗျာ။

''ဟီး ... ဟစ် ဟစ် ဟစ် ဟစ်''

''ဟီး ... ဟစ် ဟစ် ဟစ် ဟစ်''

''ဟီး ... ဟစ် ဟစ် ဟစ် ဟစ်''

ဆရာကြီးခေါင် တက်စီးလိုက်တော့ မြင်းညိုကြီးဟာ အားရပါးရဟီလိုက် ရော အနီးမှာရှိတဲ့ မြင်း (၁၀)ကောင်ကျော်ကလည်း ရှေ့ဆင့်နောက်ဆင့် ဟီလိုက် ကြတာ ညောင်ပင်သာတောထဲ ပွဲတင်ထပ်နေရောပဲ။

ကြည့်စမ်းပါဦးဗျာ ...

မြင်းသာစီးတယ် မြင်းကုန်းနှီးမပါဘူး။ မြင်းစီးရင် မြင်းကုန်းနှီး ပါရတယ် လေဗျာ။ မြင်းကုန်းနှီးပါမှ မြင်းခုန်ရင် စီးတဲ့သူရဲမြီးညှောင့်ရိုး သက်သာရတာ ကလား။ ကုန်းနှီးမပါဘဲ စီးလို့ကတော့ ...

မြီးညှောင့်ရိုး နာရော။ တင်ပါးအရေအပြား ပူပြီးပွန်းရော။ အခန့်မသင့် ရင် မြင်းပေါ်ကလျှောကျပြီး လက်ကျိုးရော။ မြင်းခါချရင် မြင်းပဒပ်ရပ်ပြီး ခွာခတ်လို့ ပြုတ်ကျပြီး နံရိုးကျိုးရော၊ ပြီး မြင်းဆိုတဲ့သတ္တဝါက သခင်ကိုမှတ်တဲ့သတ္တဝါ။

သူစိမ်းကိုင်လို့ စီးလို့မရတဲ့မြင်းရှိတယ်။ အချို့မြင်းများ ကိုင်ရအတော်ခက် တယ်။ ကပ်တယ်။ ညစ်တယ်။ တရှူးထိုးပြေးတယ်။ မြေကြီးမှာ လူးပစ်တယ်။ နောက်ပြန်ကန်တယ်။ ကိုယ်ပေါ်ကခါချတယ်။ ရှေ့မသွားဘဲနဲ့ ပေရပ်နေတာရှိတယ်။

ဆရာကြီးခေါင်က သူ့ကိုယ်သူ သမိန်ဗရမ်းများ မှတ်နေလားမသိဘူး။ မြင်းကို အရိုင်းစီးစီးဖို့ လွှားခနဲ ခုန်တက်တယ်ဗျ။ သမိန်ဗရမ်းက မွန်လူမျိုး သူရဲကောင်း။ မြင်းစီးပြီးတိုက်ပွဲဝင်နေကျ။ ကျွန်ုပ်ဆရာကြီးက ...။





မြင်းပေါ်ရောက်တော့ အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်နေတဲ့ ကျွန်ုပ်ကို လက်လှမ်းပြပြီး ပါးစပ်က ဆိုင်းဆင့်လိုလို၊ လက်ာလိုလို စာတွေ ရွတ်သေးဗျ။

မြင်းပန္နက်နဲ့ မြန်မာတွေ သန်မာပြီး ...

ရန်ဘယာဝေး ... ကံကြမ္မာမွေးရအောင်

နတ်မြင်းခွာစုံ ကဆုန်စိုင်းသလိုပ ...

မုန်တိုင်းရှေ့ လေအလျင်လို

ပြည်တစ်ခွင် ဇာတာတက်ရအောင်

ရာဇာရက် အထွတ်အမြတ်ပေးလိုက်တယ်။

ဟဲ့ ... လွတ်လပ်ရေးဆိုတဲ့ အကဲခတ်ကြည့်ရအောင် ဇာတ်မြင်းမဟုတ်။ နတ်မြင်းသရုပ်နဲ့ စိုင်းတော်မူပါ ... ဖေ့သား ... ဟဲ့ ... ဟဲ့ ...''

''ဟီး ... ဟစ် ဟစ် ဟစ် ဟီး''

''ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း''

''ဝရော ... ဝရော ...''

''ခွပ် ခွပ် ... ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း''

''ဝေါ ...''

''ဟယ် ...''

''ဟီး ... ဟစ် ဟစ် ဟစ် အီး ဟစ် ဟစ် တစ်''

''ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း''

''ဝရော ... ဝရော ...''

အလိုလေးဗျာ ... ဟုတ်မှဟုတ်ရဲ့လား။ ကျွန်ုပ် မျက်လုံးပွတ်ပြီး ကြည့် တယ်။ ဘုရားရေ ...

ဆိုင်းဆင့်လို စာသားအဆုံးမှာ ဆရာကြီးခေါင်စီးတဲ့မြင်း ပွဲတင်သံပါ အောင် ဟီပြီး လုစ်ခနဲ ပြေးပါရောဗျာ။ မြင်းက ပထမ ခွာစုံပြေးနေတာ။ မြင်းလည် ဆံမွေးတွေ လေထဲမှာ ဖွာလံလန်လို့ဗျာ။

ဆရာကြီးရဲ့ အညာဖျင်ကြမ်းတိုက်ပုံလည်း လေထဲမှာ လွင့်နေတယ်။ ဇက်ကြိုးကို အသာတင်းပြီး မြင်းကို စိုင်းနေတာ။

ဆရာကြီးခေါင်ရဲ့ မြင်းညိုကြီး ကွင်းထဲမှာ ကဆုန်စိုင်းရော။ အနီးရှိ မြင်းတွေ အသံကုန်ဟီပြီး ရှေ့မြင်းနောက်ကနေ ခွာစုံပေါက် ပြေးလိုက်တာဗျာ။

မာနေတဲ့ မြေကြီးဖွာထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြေစာတွေ ဖွာလံကျဲနေတယ်ဗျို့။

အရေးထဲ လေက ခပ်ပြင်းပြင်းတိုက်နေတော့၊ အမှိုက်ခြောက်နဲ့ ရော် ရွက်ဝါတွေက ဆရာကြီးနဲ့ ဒုန်းစိုင်း မြင်းတွေရဲ့ ခေါင်းပေါ်မှာ ပလူပျံလို့ဗျာ။

ကျွန်ုပ်ကလည်း အံ့လည်းအံ့သြ ကြည့်လို့လည်း ကောင်းလို့ အားရပါးရ ကြည့်ပြီး သဘောကျပေါ့။

အိမ်ခြံသုံးလေးကွက်စာမြေကွက်လပ်မှာ ဆရာကြီးခေါင်ဦးဆောင်စီးတဲ့ မြင်းတွေ ပတ်ခြာဝိုင်းပြီး ဒုန်းစိုင်းပြေးနေတာ၊

ကြည့်ရင်း ခေါင်းမူးလာတယ်။

မြင်းစကြာကြီးက မျက်စိရှေ့မှာ ခွာသံဖြောင်းဖြောင်း ဟီသံညံညံနဲ့ ပြေး နေကြတာကိုးဗျာ။

အလို ... ဆရာကြီးခေါင်ရယ် ...

မြင်းပေါ်မှာ ငုတ်တုတ်ထိုင်စီးနေတာပါလား။

အို ... အို ... ဘုရားရေ ...

မြင်းပေါ်မှာ မတ်တတ်ရပ်စီးနေတယ်။ ဘုရား ... ဘုရား ကျလိုက်ရင် အသေပဲ။

''ဆရာကြီး ထိုင်စီးပါ့ဗျ ... ရပ်မစီးပါနဲ့''

''ဆရာကြီး ... ကျသွားမယ်ဗျ ... ထိုင်စီးပါဗျ''

''ဟား ဟား ဟား ဟား ဟား ... ငါက အင်းဝဘုရင်မင်းခေါင် ဘဝကတည်းက မြင်းစီးလာတဲ့လူပါကွ ... ကြည့်ဦးဟေ့''

အို ... မြတ်စွာဘုရား။

ဆရာကြီးခေါင် မြင်းမစီးတတ်ဘူးလို့ ထင်ခဲ့တာ မှားချေပေါ့ဗျာ။ မြင်း ပေါ်မှာ နောက်ပြန်စီးပြတယ်။ မြင်းပဒတ်ရပ်ပြီး ချာလည်လှည့်စီးတယ်။

မိနစ်နှစ်ဆယ်မျှ မြင်းတွေ တစ်ကောင်ပြီးတစ်ကောင် ပြောင်းစီးတယ်။ မြင်းရော၊ လူရော ချွေးတွေ စို့ရွှဲနေလို့ဗျာ။

ဒီမှာပဲ ကျွန်ုပ်ရှေ့မှာ မြင်းပဒပ်ရပ်လိုက်တာ ...

''ဟီး ... ဟစ် ဟစ် ဟစ်''

''အမလေး ...''

''ဟား ဟား ဟား ဟား ဟား ... မြင်းသူခိုးက မြင်းကြောက်နေတာ ပေါ့ ... ဟုတ်လားဟေ့''





''ခွာနဲ့ ခေါင်းကို ခုတ်ချမှာစိုးလို့ပေါ့ ... ဆရာကြီးရဲ့''

''ငါစီးတဲ့ မြင်းပါကွာ ... ဟေ့ကောင် ပေါ်ထူး''

''ခင်ဗျာ ... ဆရာကြီး''

''နတ်ပြည်ကို မြင်းနဲ့သွားမယ် လိုက်မှာလားဟေ့''

''နတ်ပြည်ကို နောက်မှသွားပါ ... ဆရာကြီး။ မြင်းတွေ ပြန်ပို့ပေးမှ ဖြစ်မယ်။ ခုလောက်ဆို မြင်းရှင်တွေ ဂိတ်တဲမှာ မြင်းပျောက် အမှုဖွင့်လောက်ပြီ ဆရာကြီးရ''

''မင်းက အဖမ်းခံရမှာ ကြောက်လို့လား''

''ကျုပ်မှာ ... ငယ် ... ရည်းစား ...''

''ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ဟီး ... ဒါနဲ့များ ငါ့နောက် တကောက်ကောက်လိုက်နေရတယ်လို့ကွာ။ ဟေ့ကောင် ... ပေါ်ထူး၊ မင်း ပုလိပ် အဖမ်းမခံချင်ဘူးမဟုတ်လား''

''ဟုတ် ... ဟုတ် ...''

''ပုလိပ် အဖမ်းမခံချင်ရင် မြင်းစီးစမ်း''

''ဗျာ ... မ ... မလုပ်ပါနဲ့ဗျာ ... ဆ ... ဆ ... ရာကြီးရာ ... ကျုပ် ... မြင်းမစီးတတ်ဘူးဗျ ... မစီးပါရစေနဲ့ ဆရာကြီး''

''ဟေ့ကောင် ... ငါတို့နိုင်ငံအတွက် ဘာသာသာသနာ နိမိတ်ကောင်း ဖို့ အောင်ကြောင်းသာဖို့ ဝိဇ္ဇာနည်းနဲ့ မြင်းခေါ်ပန္နက်ရိုက်နေတာကွ။ အားအား ယားယား ကမြင်းကြောထနေတာမဟုတ်ဘူး။ ဒီကိုလာခဲ့''

''မ ... မစီးပါရစေနဲ့ ခင်ဗျာ''

''ငါ ခိုင်းတာမလုပ်ရင် ဟောဒီမြင်းတွေကို ညောင်ပင်သာရွာထဲကနေ မင်းခိုးလာတဲ့အကြောင်း ပုလိပ်ဌာနကို ငါကိုယ်တိုင် ဟောဒီမြင်းတွေ အပ်ပြီး တိုင်ချက်ဖွင့်ရမယ်ဟေ့။ ကိုင်း ... သွားပဟေ့ ... မောင်ပေါ်ထူးလေးရေ''

သို့ကလိုပြောပြီး သူ မြင်းကြီးကို ဇက်လှည့်ပြီး ရွာရိုးရာနှင်ရော ...

''ဆ ... ဆ ... ရာကြီး ... ဆရာကြီး ... နေ ... နေ ... ပါဦး''

သူ မြင်းကို ပြန်လှည့်တယ်။

''ဘာလဲ ... ဂိတ်ကို တစ်ခါတည်း လိုက်ခဲ့မလို့လားကွ''

''ဆ ... ဆရာကြီး။ ကျုပ် ... ကျုပ် ဆရာကြီးခိုင်းလို့ လုပ်တာလေ ဗျာ။ အခု ... ကျုပ် ... ကျုပ် ... ဟို ...''



www.burmeseclassic.com

www.burmeseclassic.com



''ဟ,တော့်ရ ... ဂိတ်တဲကိုရောက်ရင် မင်းကို ငါမသိဘူးလို့ ပြောမှာပေါ့ကွ။ မင်းဟာ နယ်လှည့်မြင်းခိုးတဲ့ကောင်လို့ ငါက ရဲဘက်က သက်သေလိုက်မှာပေါ့ကွ ... ဟား ဟား ဟား ဟာ ဟား''

''ဒုက္ခပါပဲဗျာ ... ကျုပ်တော့ မှားပြီနဲ့တူပါရဲ့ဗျာ''

''အမှားကို အမှားလို့သိတာကိုက လုံးဝ မမှားသေးဘူးလို့ အဖေသတ်သား အဇာတသတ်မင်းကို ငါတို့ဘုရားရှင်က ပြောခဲ့တယ်ကွာ။ မင်းလည်း ခေတ်ပန္နက်မြင်းစီးမယ်ဆိုရင် ငါ ဂိတ်တဲကို မသွားဘူး။ ဘယ့်နှယ်လဲဟေ့''

''ဟူး ...''

''စဉ်းစားပြီးပလား''

''ပြီးပြီ ... ပြီးပြီဗျ''

''ဘာတဲ့တုံးဟဲ့ ... ကိုပေါ်ထူးရယ်''

''စီးမယ်ဗျာ''

''ဟား ဟား ဟား ဟား ဟား ... အဟတ် အဟတ် အဟတ် ... ဒါမှ ငါ့တပည့်ပေါ်ထူးကွ။ ကိုင်း ... ဟောဒီမြင်းပေါ် တက်ပါခင်ဗျ။ ဒါ ပြိုင်မြင်းကြီးပဗျာ''

ပြိုင်မြင်းကြီးတဲ့ဗျာ။

နည်းတဲ့ဒေါက်လား။ ခြေဆံလက်ဆံကြီးမျိုးကြီး။ နှာရောင်ကို တင်းနေတာပဲ။ ခွာကလည်း ခုတ်နေသေးရဲ့။

''မြင်းပုပုစီးပါရစေ ... ဆရာကြီးရယ်''

''တယ် ... ဒီလူလွန်မသားနှယ်၊ မြင်းခေတ်ဆင်ပါတယ်ဆို ရှည်သလေး။ မြင့်သလေး လုပ်နေတယ်။ ဒီမြင်းပဲစီး ...။ အကင်းမပါးတဲ့ ကောင်ပါကွာ။ ဒါနဲ့များ ဂန္ဓာရီနယ်ထဲ လိုက်ချင်သေးသတဲ့။ ကိုင်း ...်ငါ ကူပေးမယ် ... လာ။ မြင်းဇက်ကြိုးကို တင်းတင်းကိုင်၊ ခြေထောက်က မြင်းဗိုက်ကို ညှပ်ပြီးခွထား။ မြင်းခုန်ရင် ကိုယ်ကိုဖော့။ မြင်းပြေးရင် အသာ ကိုယ်ကိုကြို့။ ဘယ်လှည့်ရင် ဘယ်ကြိုးပြ၊ ညာလှည့်ရင် ညာကြိုးပြ။ မြင်းကဆုန်ပေါက်ရင် ဒူးနဲ့ကပ်၊ ကြိုးကိုတင်း။ အဲဒါမှ မြင်းမငြိမ်ဘဲ တုံးလုံးလှဲချရင် ကိုယ့်ဘာသာ ဘုရားတ,ပြီး ဘဝကူးကောင်းအောင် ဆုတောင်း။ ကိုင်း ... ဟဲ့ ...''

''ဖြန်း ...''

''အမလေး ...''





''ဝရော ... ဟီး ဟစ် ဟစ် ဟစ်''

''ဟုတ်ပြီ ... မကြောက်နဲ့ အလိုက်အထိုက်လေးနေ''

''ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း''

မြင်းတင်ပါးကို သူ့လက်ဝါးနဲ့ရိုက်လိုက်တာ မြင်းကလန့်ပြီး ရှေ့ကိုပြေး။ ကိုယ်လည်း ဇက်ကြိုးကို အသာတင်း၊ ဒူးနဲ့ညှပ်ပြီး ကြောက်ကြောက်နဲ့ စီးလိုက်ပါခဲ့တယ်။ မြင်းက ဟီပြီး ရှေ့လက်ကြွရင် ဘုရားမျိုးစုံတ,ပြီး ကိုယ်ကိုဝပ်ကပ်ထားရတယ်။ ဆရာကြီးက လက်ခုပ်တီးပြီး အားပေးနေရဲ့။

''ဟုတ်ပြီ ... ပေါ်ထူး၊ ဒါမှ မြင်းသူခိုးကွ''

''ဝိုက်ထား ... အသာစောင်းပြီး ထိန်း''

''ပေါ်ထူး ... မင်း မြင်းခိုးရကျိုးနပ်ပဟေ့။ ကျား ... သားတို့ ... ပြေးလဟ''

ညောပင်သာတောဟာ မြင်းခွာသံ၊ မြင်းဟီသံတွေ ညံနေတယ်။ မြင်းတွေ ပတ်ဝိုင်းတဲ့အသံကို ညောင်ပင်သာရွာမှာသာမဟုတ်၊ နတ်ပြည်ခြောက်ထပ်ကပါ ကြားရနိုင်ပါရဲ့ဗျာ။

✿ ✿ ✿

[ ၂၆ ]

❑

ကျွန်ုပ်လည်း မကြောက်တော့ဘူးဗျာ။

ရှင်းရှင်းပြောရရင် ကျုပ် မြင်းမစီးဖူးဘူး။

လေးဘက် စီးတာရော၊ အသော့ရော၊ ခွာစုံရော မစီးဖူးဘူး။ မြင်းစီးနည်းကို ပါးစပ်က ပြောသင်ပေးရုံနဲ့ ဘယ်လိုမှ စီးလို့မရနိုင်ဘူးဗျာ။

အခု ကျွန်ုပ်ကိုယ်တိုင် မြင်းအစိမ်းကို ဒုန်းစိုင်းစီးနေတာသည် အရမ်းထူးခြားနေတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြင်းတွေကလည်း ဆရာကြီးခေါင်ရဲ့ အမိန့်ကို နာခံကြလို့။ အင်း ... ဟုတ်ပါပြီလေ။ ဆရာကြီးခေါင် (ခေါ်) ဆရာခေါင် (ခေါ်) အဘခေါင်က သိဒ္ဓိရှင် မဟိဒ္ဓိရှင်ပုဂ္ဂိုလ်လို့ လူပြောများတာ မှန်နေပြီတူရဲ့။

ကျွန်ုပ်လို မြင်းမစီးဖူးတဲ့လူကို မြင်းစီးနိုင်းတာမျိုး ဘယ်သူ နိုင်းရဲမှာ တုံးဗျာ။

ဆရာကြီးခေါင်က ကျွန်ုပ်ကို သံယောဇဉ်ရှိတယ်။

သူသွားလေရာ လိုက်ရင်လည်း မလိုက်နဲ့မပြောဘူး။ သူက စေတစ်လုံး ပိုင်ရှင်ပါလို့ ကျွန်ုပ်ပြောရင် လွန်အံ့မထင်။

သူ့ကို အချို့က ဝိဇ္ဇာဓိုရ် အဘခေါင်တဲ့။

အချို့ကတော့ သိဒ္ဓိရှင်အောင်မင်းခေါင်တဲ့။

သူနဲ့စပ်လျဉ်းတဲ့ ထူးခြားအံ့ဖွယ် ကျွန်ုပ်ကိုယ်တွေ့အကြောင်း ဇာတ်လမ်းတွေ ကျွန်ုပ်ပြောပြချင်တယ်ဗျာ။

ဟော ... ကျွန်ုပ်တို့ မြင်းဇာတ်ပန္နက်ကိစ္စနားပြီး မြင်းတွေကို ချွေးသုတ်ပေးကြတယ်။ မြင်းတွေကလည်း မောရှာသနဲ့တူရဲ့ ပါးစပ်မှာအမြှုပ်တွေစီလို့ပဲဗျာ။

ဒီလို မြင်းတွေကို ချွေးသုတ်၊ ရေတိုက် လုပ်နေတုန်းမှာပဲ လူဆယ့်ငါးယောက်လောက်ဟာ တုတ်တွေ၊ ဓားတွေ ကိုင်ပြီး ကျွန်ုပ်တို့ရှိရာကို လာနေကြပါရော။

မြင်းတွေကလည်း အဲဒီလူတွေကိုမြင်ရော ခုန်ပေါက်ဟီကြ အော်ကြပါရောဗျို့။ ချက်ချင်းကို ဝရုန်းသုန်းကား ဖြစ်ကုန်ပါရော။ ကျွန်ုပ်လည်း လက်နက်ကိုင်လူစုကိုမြင်တော့ ခေါင်းနားပန်းကြီးပြီး လန့်နေပါပေါ့ဗျာ။

မဟုတ်မှလွဲရော ကျုပ်တို့ မြင်းသူခိုးနှစ်ဦးကို ဖမ်းဖို့ တိုက်ဖို့ လာနေကြသနဲ့တူရဲ့။ မြင်းတွေကလည်း ခုန်ပေါက်အော်ဟစ်ကြ။

''ဆရာကြီး ... ကြီး ...''

''ဘာတုံးကွ ... မြင်းထပ်စီးမလို့လား ... ဟုတ်လား''

''ပြေး ... ပြေး ... ပြေးစို့ ... ဆရာကြီး''

''ဟ ... မင်းခိုးလာတဲ့မြင်းတွေ ပိုင်ရှင် ပြန်အပ်ရမယ်လေကွာ။ မင်း ပြီးပြီးရောသဘော မလုပ်နဲ့''

''ဆ ... ဆ ... ရာကြီး။ ဟို ... ဟို ... မှာ ... ဓားတွေနဲ့ လာနေပြီဗျ''





''ဘယ်မှာတုံး ... ဓားတွေနဲ့က''

''ဟို ... ဟိုမှာ ... ဟိုမှာ ... ပြေး ... ပြေး ...''

''ဟေ ... လာကြပြီကိုး။ ဟော့ကောင် ... ပေါ်ထူး ...''

''ဗျာ ... ဗျာ ...''

''သူတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနော်''

''ဒုက္ခပါပဲဗျာ ... ဟီး''

လူသန်လူမောင်း ခေါင်းသန်ကျားကျားတွေပဲဗျို့။ လူနှစ်ဆယ်လောက်ရှိမယ်နဲ့တူရဲ့။ သူတို့လက်ထဲက ဓားတွေဟာ နေရောင်မှာ လက်နေတာပဲ။ ညတုန်းက ဇက်ယားတယ်လို့ အိပ်မက်မက်ခဲ့တာ။ ခုတော့ အိပ်မက်နိမိတ်က ချက်ချင်း အကျိုးပေးပြီနဲ့တူရဲ့။ ကြောက်လေ ကုပ်ပိုးက ယားလေပဲ။

''ဟီး ... ဟစ် ဟစ် ဟစ် ဟစ်''

''ဟစ် ဟစ် ဟစ် ဟစ် ဟစ်''

''ဖူး ... ရှူး''

ကျုပ် သေရမှာ သေချာနေပြီမို့ သမ္ဗုဒ္ဓေဂါထာကို ရွတ်နေလိုက်တာ။ အစပိုဒ်ရပြီး အလယ်ကမေ့၊ အလယ်ပိုဒ်ကိုရတော့ နောက်ဆုံးပိုဒ်မေ့ ဖြစ်နေပါရော။

ဓားသမားတွေကို ကျွန်ုပ်ရော၊ ဆရာကြီးခေါင်ရော ကြည့်နေတာပေါ့။ ဓားသမားတွေ ရှေ့ကိုတိုးလာတယ်။ ကျွန်ုပ်တို့နဲ့ တစ်လံကွာခန့်ကိုရောက်တော့ သူတို့က ဖျင်ကြမ်းတိုက်ပုံ ညစ်ပေလူးဖြစ်နေတဲ့ ဆရာကြီးကို ကြည့်နေကြပါရောဗျာ။

ကြည့်ရပုံကတော့ ဆရာကြီးခေါင်ကို အရင်သတ်ကြမယ်နဲ့ တူရဲ့။ မျက်စိရှေ့မှာ ကိုယ့်ဆရာသေမှာကို မကြည့်ရဲဘူးဗျာ။

ကျုပ်သာသေသွားရင် ခဏလေးပါလို့ပြောပြီး အိမ်ကထွက်လာခဲ့တာ။ ကျုပ်အိမ်သားတွေ ကျုပ်မရှိရင် ဘယ်လိုများနေကြပါ့။

ကျွန်ုပ် မျက်စိစုံမှိတ်ထားလိုက်တယ်။

''ဘုတ် ... ဘုတ်''

''ချွင် ... ချွင်''

'ဘုတ်' ဆိုတဲ့အသံခပ်ပြင်းပြင်း ကြားရတယ်။ ကျွန်ုပ်ဆရာ ဦးခေါင်းတော့မြေကြီးပေါ် ကျသွားပြီနဲ့တူရဲ့။ ဓားချင်းထိခတ်သံတွေလည်း ကြားရရဲ့။ သွားပေဦးပေါ့ ဆရာကြီးရေ ... သွားပေဦးတော့ ...''



www.burmeseclassic.com

www.burmeseclassic.com



မြင်းတွေလည်း မခိုးပါရစေနဲ့လို့ အတန်တန် မေတ္တာရပ်ခံတာကို ဖွတ်နိုင်းခဲ့တော့ ...

အမယ်လေး ... ဆရာကြီးရဲ့။

ကျေးဇူးရှင်ကြီးရဲ့ ... ခုတော့ ... ခုတော့ ...

ကျုပ် ဇက်ပေါ် ဓားမကျသေးဘူးဗျ။ သူတို့ ကျွန်ုပ်ကို ရှေ့ကနေ ဓားနဲ့များ ထိုးသတ်ကြမှာလား။ ဆရာကြီးရဲ့ အော်သံလည်း မကြားရဘူး။ အော်ချိန်တောင် မရလိုက်ဘူးနဲ့ တူရဲ့။

အင်းပေါ့လေ ... ဒီဘဝ ဥပစ္ဆေဒကံနဲ့ သေဖို့ ကြမ္မာပါလာပြီပဲကိုး။

ဟဲ့ ... မယ်နု သူ့အကြွေးရှိရင် ကြေအောင်ဆပ်တဲ့။

ဆရာတော်ဦးပုစ်က အသတ်ခံရလု သူ့ဒကာမကြီး မိဖုရားနန်းမတော်မယ်နုကို ပြောတဲ့စကား။

ဆပ်ရမှာပေါ့။

ကိုယ့်ဆရာလည်း ခုလေးတင် ဆပ်လိုက်ပြီဥစ္စာ။

ကျုပ် သေခြင်းတရားကို ရဲရဲရင်ဆိုင်ဖို့ စိတ်ကို ငြိမ်အောင် စုစည်းလိုက်တယ်။ သူခိုးတို့မည်သည် ... အဲလေ ... အဲလေ ... ယောကျ်ားကောင်းတို့မည်သည် သေရမှာကို မတုန်လှုပ်တဲ့။

ကျွန်ုပ် စိတ်ထဲကနေ 'အရဟံ ... အရဟံ' လို့ ရွတ်နေလိုက်တယ်။ အရဟံ ... အရဟံ ... အရဟံ ... အရဟံ ... အရဟံ ...

အလို ... တိတ်ချက်သား ကောင်းလှချည်လား။

လူသံလည်း မကြားရ။

မြင်းသံလည်း မကြားရ။

ငါ ဘာလို့ မသတ်သေးတာလဲ။ ဓားသွေးနေလို့လား။ သတ်မိန့်စောင့်နေလို့လား သိချင်လာတယ်။ မသေခင်လေးမှာ နောက်ဆုံးအခြေအနေလေး မြင်ရရင် သေပျော်မှာပဲဆိုပြီး ...

မျက်လုံးဖွင့်ကြည့်လိုက်ရော ...

ဘုရားရေ ...

တုတ်၊ ဓား၊ လက်နက်ကိုယ်စီလူစုက တုတ်၊ ဓားတွေ အဝေးလွှင့်ပစ်ပြီး ဆရာကြီးဦးခေါင်ကို လက်အုပ်ချီ အရိုအသေပေးနေကြတာပါကလားဟရို့။ ဆရာကြီးဦးခေါင်ကလည်း ပြုံးလို့ပျာ။





''ကျွန်တော်တို့ကို ခွင့်လွှတ်ပေးပါ ... အဖေကြီး။ ရုတ်တရက် မြင်းတွေ ရွာထဲကနေ မပျောက်စဖူးပျောက်လို့ လိုက်ရှာကြတာပါခင်ဗျ။ မူလရည်ရွယ်ချက်က မြင်းသူခိုးတွေကိုတွေ့ရင် ထိုးချိုင့်ညောင်ပင်သာသားတွေအကြောင်း သိရအောင် လုပ်မလို့ပါ ... အဖေကြီး။ မြင်းပျောက်လိုက်ရှာရင်း မြင်းဟီသံတွေကြားလို့ ဒီညောင်ပင်သာတောထဲရောက်တော့ ပျောက်နေတဲ့မြင်းတွေ တွေ့ရလို့ ဝမ်းသာနေကြပါတယ်။ ဝင်ရိုက်ခုတ်ထစ်ဖို့လည်း ဆုံးဖြတ်ကြပါတယ်။

ဒါပေမင့် မြင်းတစ်ကောင်ကို စီးပြီး မြင်းရေးမြင်းစီး အမျိုးမျိုးပြနေတဲ့ ဖျင်ကြမ်းတိုက်ပုံရင်ကွဲနဲ့ လူကြီးရဲ့ လှုပ်ရှားနေတာကို မြင်ရတော့၊ အံ့သြကြည့်ကောင်းနဲ့ ကြည့်နေမိလိုက်ကြတာ ဝင်ရိုက်ဝင်ဖမ်းဖို့ကို မေ့သွားခဲ့ပါတယ်ခင်ဗျ။ မြင်းပေါ်မှာ မတ်တတ်ရပ်ပြီးစီးနေတဲ့ ဖျင်ကြမ်းတိုက်ပုံအင်္ကျီနဲ့ လူကြီးကို တစ်နေရာမှာ မြင်ဖူးသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ရွာသားတွေကလည်း မြင်းစီးရင်ကို လက်ရဖမ်းဖို့ ထမယ်လုပ်တော့ ကျွန်တော် တားလိုက်ပါတယ် ... အဖေကြီး။ ကျွန်တော်တို့ ရွာသားတစ်ဦးက 'ဘာလို့တားတာလဲ' လို့ ဒေါသနဲ့မေးပါတယ်။ ဒီလူကြီးက မြင်းသူခိုးမဟုတ်ဘူးလို့ ပြောလိုက်တော့၊ ပျောက်ဆုံးသွားတဲ့ မြင်းတွေနဲ့အတူ တွေ့နေတာ မြင်းသူခိုးမဟုတ်ဘူးလားတဲ့။ ကျွန်တော်က ရှင်းပြပါတယ်။ ဒီအဘိုးက မြင်းသူခိုးမဟုတ်နိုင်ဘူး။ သူ့ကို ငါသိတယ်လို့ပြောလိုက်တော့ ...

''မင်းရဲ့ ဆွေမျိုးသားချင်းလား မောင်မုန်း''

''ငါ့အမျိုးမဟုတ်ဘူး ... ကိုရှင်''

''မင်းဝင်မခုတ်ရဲရအောင် ဒီလူကြီးက နာမည်ကြီးဓားပြမို့လားကွဟင်''

''သူ့ကို ကျုပ်သိတယ် ... ကိုရှင်၊ သူ .. သူ .. ဓားပြမဟုတ်ဘူး''

''ဒါဆို သူက ဘယ်သူတုံး''

''အဲဒါ ... အဲဒါ ... အဖေကြီး အောင်မင်းခေါင်''

''ဘာ ...''

''ဟေ ... အဖေကြီး ... အောင် ... မင်း ... ခေါင် .. ဟုတ်လား''

''ဟုတ်တယ် ... အဲဒါ အောင်မင်းခေါင်''

ကျွန်တော်က အဖေကြီးအောင်မင်းခေါင်လို့ ပြောလိုက်ရော သူတို့ အရမ်းအံ့သြသွားပြီး ငါတို့ အဖေကြီးကို ပြစ်မှားမိနေပြီ။ အဖေကြီးက အကြောင်းရှိလို့သာ ငါတို့မြင်းတွေ ယူသုံးတာနေမှာပေါ့။ ငါတို့ ကံကောင်းတာပဲ ... မောင်မုန်းရေ။ ပုပ္ပားအောင်မင်းခေါင်၊ ဝိဇ္ဇာမိုရ်အောင်မင်းခေါင်နဲ့ ဟိုးဟိုးကျော်နေတဲ့အဘ



www.burmeseclassic.com

www.burmeseclassic.com



ကို ငါတို့ ပက်ပင်းကြီးတွေ့ကြပြီကွ။ သွားတောင်းပန်ကြစို့။ ငမုန်းရေ ပြောကုန်ကြတယ်။ အဖေကြီးမုန်း သိလိုက်ရလို့ ကျွန်တော်တို့ ကာယကံ၊ ဝစီကံ၊ မနောကံများနဲ့ ပြစ်မှားမိတာကို ခွင့်လွှတ်ပေးပါ … အဖေကြီး''

မောင်မုန်းဆိုတဲ့ ညောင်ပင်သာရွာသားကြီးက ဆရာကြီးကို လက်အုပ်ချီ ရှင်းပြတောင်းပန်နေတာဗျို့။ ကျန်လူတွေလည်း လက်အုပ်ချီပြီး ငုံ့လင့်နေကြလေရဲ့ဗျာ။

''ငါ့သားကြီးနာမည်က မောင်မုန်းတဲ့လားကွယ်''

''ဟုတ်ပါတယ် … အဖေကြီးခင်ဗျာ''

''မင်းက ငါ့ကို သိနေတယ်လား''

''ဟုတ်ကဲ့ … သိပါတယ်ခင်ဗျာ''

''ဘယ်မှာသိတာတုံး။ မင်းနဲ့ငါ ဘယ်တုန်းက ဆုံဖူးလို့တုံး''

''တွေ့ … တွေ့တာပါ … အဖေကြီး''

''ဘယ်မှာတွေ့တာတုံးဟဲ့ ဟင်''

''ဟို … ဟို … ရွှေလီမြစ်ထဲမှာ ကျွန်းတုံးနဲ့အတူ … မြုပ် … မြုပ်သွားတဲ့ …''

''တော်တော့ဟဲ့ … သားရဲ့ … ရပ်လိုက်တော့ကွယ့်။ မင်း ဒီအကြောင်းတွေ ဘယ်သူ့များ ပြောမိသေးတုံး … လူလေး''

''အိမ်က မိန်းမနဲ့ ညီတွေကိုတော့ ပြောပြ …''

''ဒီလူတွေကိုရော ပြောပြလိုက်သေးလား မောင်မုန်း''

''အဖေကြီးကို သိတယ်ပဲ ပြောပြရသေးပါတယ်ခင်ဗျ''

''အေး … အေး … ရွှေလီမြစ်အကြောင်းတွေ သိပ်မပြောနဲ့တော့။ ဘုံဘောဘားမား သစ်ကုမ္ပဏီက လူမိုက်လူအန္ဓတွေကို သိစေချင်လို့ ငါလုပ်ပြတာပါ … လူလေး။ သားတို့ကို အဘ ခွင့်လွှတ်ပါတယ်ကွယ်။ အဖေကြီးတို့နှစ်ဦးကလည်း သားတို့ထံမှာ ခွင့်မတောင်းဘဲ မင်းတို့မြင်းတွေ မင်းတို့မသိအောင် ယူလာပြီး မြင်းပန္နက်ဓာတ်ရိုက်မိသကိုး။ အဖေကြီးကလည်း သားတို့ ညောင်ပင်သာရွာသား မြင်းပိုင်ရှင်တွေကို တောင်းပန်ပါတယ် … သားတို့ရယ်။ သားတို့ထံ ခွင့်တောင်းရင်လည်း တစ်ယောက်စကား တစ်ယောက်နားသိပြီး လူစုလူဝေးဖြစ်လာခဲ့ရင် အဖေကြီး မြင်းဓာတ်စီး၊ မြင်းပန္နက်အလုပ်စခန်း ထိခိုက်မှာစိုးလို့ … သားတို့ရယ်။ ကိစ္စဝိစ္စပြီးရင် အဖေကြီးကိုယ်တိုင် အိမ်အရောက်ပို့ပေးဖို့ပါကွယ် .. ဟုတ်ရဲ့လား''





''ဟုတ်ကဲ့ပါခင်ဗျာ''

''ယုံကြရဲ့လား … သားတို့''

''ယုံပါတယ် အဖေကြီး''

အားလုံး ပြိုင်တူ ဝမ်းသာအားရ ပြောကြတာဗျ။ လက်စသတ်တော့ ကိုမုန်းဆိုတဲ့လူက ဆရာကြီးဦးခေါင်ကို သိနေတာကိုး။

ဘာတဲ့ … ရွှေလီမြစ်တဲ့။

ကျွန်းတုံးနဲ့အတူ နစ်မြုပ်သွားသတဲ့။

ဘယ်သူ ရွှေလီမြစ်ထဲ နစ်သွားတာတုံး။

အင်း … ဒီကိစ္စကို အဖေကြီးကို မေးကြည့်ရမယ်ဗျာ။

အဖေကြီးမပြောရင် ကိုမုန်းတို့ကို မေးရမှာပဲ။

''ကိုင်း … သားတို့ အဖေကြီးရဲ့အလုပ်ကို နားလည်ပေးတာရော၊ ကူညီတာရော ကျေးဇူးတင်ပါတယ် … သားတို့။ သားတို့ကို လက်ဆောင်ပေးရာကတော့ မှတ်ထားကြသားတို့။ ခေတ်က ဆုတ်ကပ်ခေတ်ထဲ ဝင်လာသလိုပဲကွယ့်။ အယူဝါဒ အများတွေနောက် တကောက်ကောက်လိုက်သူက လိုက်နေကြရဲ့ကွ။ လောဘတွေနဲ့ အကျင့်စာရိတ္တတွေ ယိုင်နေကြတာလည်း တွေ့ရဲ့ကွ။ အမျိုးကို ချစ်ကြပါ … သားတို့။ ကိုယ့်ဗုဒ္ဓဘာသာကို စောင့်ရှောက်လေးစားကြပါကွယ့်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမေ့ပြီး လောဘ၊ ဒေါသ၊ မောဟနောက် တရကြမ်းလိုက်နေရင် လူဖြစ်ရကျိုးမနပ်ဘူးကွယ့်။

ယက်သဲ့ကြား ငါးတင် …

တင်တဲ့ငါး ကြောင်စား …

ကျန်တဲ့ငါးမှ ဘုရားကယ်မယ်တဲ့ တဘောင်ပေါ်နေတယ်။ စီးပွားရေးလည်း ရှာပါ။ လောဘလည်း ထိန်းချုပ်ကြပေါ့။ ရတနာမြတ်သုံးပါးမမေ့နဲ့။ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ အမှုလည်း ပြုကြကွယ့်။ ငါတို့ မြန်မာပြည်မှာ စေတီတွေ ပေါ်များရမယ်။ သံဃာတွေ ပေါ်များရမယ်။ တရားကောင်းတွေ ရှင်သန်ရမယ်။ ကိုယ်ကျင့်သီလကောင်းရမယ်။ ကောင်းအောင် ပြုမူရမယ်။ ဒီလိုလူမှ ဘုရားမ, မယ်ပေါ့။ ဒါပဲ … သားတို့။ မင်းတို့မြင်းတွေ ပြန်ခေါ်သွားလို့ရပြီကွ''

ကိုမုန်းတို့ ညောင်ပင်သာရွာသားတွေက ဆရာကြီးဦးခေါင်ရဲ့စကားဆုံးတော့ သာဓု … သာဓု … သာဓုလို့ ခေါ်ကြတယ်။ ကျုပ်လည်း ကုသိုလ်ရအောင် ဝင်ပြီး သာဓုခေါ်ရတာပဗျာ။



www.burmeseclassic.com

www.burmeseclassic.com



''အဖေကြီးခင်ဗျ''

''ဘာတုံး ... သားကြီး ... မောင်မုန်း''

''ဟောဒီလူတွေက အဖေကြီးနာမည်နဲ့ သာသနာပြုလုပ်ရပ်တွေကို ကြားဖူးကြတာ ကြာပြီခင်ဗျာ''

''အေး ... အေး ...''

''ခုမှ အကြောင်းဆုံလို့ လူကိုယ်တိုင် မြင်ဖူးကြတာပါ ... အဖေကြီး''

''အေး ... အေး ...''

''သူတို့ပြောနေကြတယ် ... အဖေကြီး''

''ဘာပြောကြတုံးကွယ့်''

''အဖေကြီးကို သိဒ္ဓိရှင် မဟိဒ္ဓိရှင်လို့ ကြားဖူးတယ်တဲ့''

''ဟုတ်ပါဘူး ... သားတို့ရယ်''

''အဖေကြီးနဲ့လည်း နောင် ဆုံဖြစ်ချင်မှ ဆုံဖြစ်မှာမို့ ထူးထူးခြားခြားလေး တစ်ခုလောက် မြင်တွေ့ပါရစေတဲ့''

''ဘာတွေ လုပ်ပြရမှာတုံးဟဲ့''

''တစ်ခုခုပေါ့ ... အဖေကြီးရယ်။ မြင်းတွေတောင် လူမမြင်အောင် ထုတ်ယူသွားနိုင်သေးဥစ္စာ''

''မသင့်ပါဘူး ... သားတို့ရယ်။ ကိုင်း ... အဖေကြီးကိစ္စတွေ ရှိသေးလို့ မြင်းတွေ ပြန်ခေါ်သွားကြတော့''

ဒီလို ဆရာကြီးက ပြောလိုက်တော့ သူတို့လူစုကြားမှာ တိုးတိုးတိုးတိုး ပြောပြီး ခေါင်းချင်းဆိုင်သွားကြလို့ဗျ။

ကိုမုန်းကိုလည်း ကပ်ပြီး နှစ်ကိုယ်ကြားတွေ ပြောနေရဲ့။

အဖေကြီးကတော့ ဖျင်ကြမ်းတိုက်ပုံ ချွေးရွှဲသစ်ထေးကြီးကို ချွတ်ပြီး ချွေးသုတ်။

''အဖေကြီး ... သားတို့ကို ပြန်ခွင့်ပြုပါခင်ဗျာ''

''ဟုတ်ကဲ့ပါ ... ကျေးဇူးပါ''

ညောင်ပင်သာရွာသား ကိုမုန်းတို့လူစု သူတို့မြင်းတွေကို ပြန်ဆွဲခေါ်သွားကြတယ်။

ထူးဆန်းနေတာက မြင်းတွေက ဘယ်လိုပဲ ဆွဲခေါ်ခေါ် သခင်နောက်ကို မလိုက်ဘဲ ပေကပ်နေကြတာပဲဗျာ။





''ဟဲ့ကောင် ... လာ ... လာ''

''သားကြီး ... အိမ်ပြန်မယ်လေ။ လာ ... လာ ... ကျွတ် ကျွတ် ကျွတ်''

''ငမုန်းရေ ... ငါ့မြင်းလည်း ဆွဲခေါ်တာ မလိုက်ဘဲ ပေခံနေတယ်ကွ။ ဘာဖြစ်မှန်းမသိ ...''

''နောက်က တွန်းပြီး ရှေ့ကဆွဲကွာ''

တစ်ယောက်က မြင်းတင်ပါးကိုတွန်း၊ မြင်းပခုံးကနေတွန်း၊ ရှေ့ကနေ နဖားကြိုးကိုဆွဲ။

''ဟီး ဟစ် ဟစ် ဟစ်''

''ဟီး ဟစ် ဟစ် ဟစ်''

လုံးဝပဲဗျို့။ ကြိုက်သလိုတွန်း၊ အားရှိသလိုဆွဲ၊ မြင်းတွေက လုံးဝမလိုက်ဘဲ ဟီလိုက် ခွာနဲ့ပေါက်လိုက်၊ ပဒပ်ရပ်လိုက်နဲ့ ထိန်းရခက်၊ ခေါ်ရခက် ဖြစ်နေကြတာ။ မြင်းပိုင်ရှင်တွေ စိတ်ညစ်လာကြတယ်။ အချင်းချင်း တီးတိုးတီးတိုးပြော၊ ခေါင်းချင်းဆိုင်ကြလို့ ...

မြင်းတွေကို ကြိုးစားချော့မော့ တွန်းဆွဲ လုပ်ကြပေမင့် ခြေတစ်လှမ်း မရွေ့ကြတော့ သူတို့ မြင်းတွေကို ထားခဲ့ပြီး ညောင်ပင်အောက်မှာ ကွမ်းဝါးနေတဲ့ ဆရာကြီးခေါင်ရှိရာကို လာခဲ့ကြတယ်။

ပြီး ဆရာကြီးဦးခေါင်ရှေ့မှာ ဒူးထောက်ထိုင်ကြတယ်။

''ဟ ... သားတို့ ... မပြန်ကြသေးဘူးလားဟဲ့''

''ပြန်မလို့ပါ ... အဖေကြီး ... ဒါပေမင့် ...''

''ဒါပေမင့် ဘာဖြစ်တုံး ... သားရဲ့ ဟင်''

''မြင်းတွေ ခေါ်သွားလို့ မရဘူးခင်ဗျာ''

''ဟေ ...''

ကျန်တဲ့လူတွေကလည်း ဆရာကြီးကို ဝိုင်းပြောကြပါရောဗျို့။

''ရှေ့နောက်တွန်းဆွဲခေါ်တာလည်း မရဘူးခင်ဗျ''

''ဟုတ်ရဲ့လား ... သားတို့ရာ''

''မယုံရင် အဖေကြီး လိုက်ကြည့်ပါအဖေကြီး။ မြင်းတွေက ဒီနေရာက နေ လုံးဝ မခွာချင်ဘူး ဖြစ်နေတယ်ခင်ဗျ။ အရင်က ကျွန်တော်တို့မြင်းတွေ ဒီလို မဟုတ်ပါဘူး ... အဖေကြီးရယ်။ မြင်းတွေကို အိမ်ခေါ်သွားလို့ရအောင် လုပ်ပေးပါ ... အဖေကြီး''



www.burmeseclassic.com

www.burmeseclassic.com



"လာ ... လိုက်ခဲ့ကြဟေ့"

ဆရာကြီးဦးခေါင်က ချွေးစိုတိုက်ပုံကြမ်းကို ပခုံးပေါ်မှာတင်ပြီး မြင်းအုပ်ရှိရာကို သွားတယ်။ ကျုပ်တို့ကလည်း သူ့နောက်ကနေ လိုက်ခဲ့ကြတယ်။

ဆရာကြီးကိုမြင်တော့ မြင်းတွေက အော်ဟစ်ပြီး ခွာတွေခုတ်ကြ၊ လည်ဆံမွေးတွေခါကြ၊ ပဒပ်ရပ်ကြ လုပ်ပါရောဗျား။

"မောင်မှန်း ..."

"ခင်ဗျ ... အဖေကြီး"

"မင်းတို့ပြောတာ ငါ မယုံဘူး။ မင်းတို့ မြင်းတွေကို ဆွဲခေါ်ကြည့်ကြစမ်း"

ကိုမှန်းတို့အားလုံး ကိုယ့်မြင်းကို ဆွဲခေါ်ကြတယ်။

ခေါ်လို့မရဘူး။ မြင်းတွေရုန်း၊ ပဒပ်ရပ်ပြီး ဟီ။

အမျိုးမျိုး ဆွဲကြ၊ တွန်းကြ။ မြင်းတွေက တင်းခံကြ။

"ဟုတ်သားပဲကိုး"

သို့ကလိုပြောပြီး ဆရာကြီးက ရှေ့ဆုံးကမြင်းရှိရာကို သွားပြီး မြင်းနဖူးကို လက်နဲ့ ယုယုယယပွတ်ပေးလိုက်တယ်။ မြင်းနှာခေါင်းနဲ့ဇက်ကိုလည်း ချော့ပွတ်ရဲ့။ မြင်းနားရွက်နားကပ်ပြီး စကားတိုးတိုး ပြောရဲ့။

သည့်နောက် မြင်းတင်ပါးကို သူ့ညာလက်ဝါးနဲ့ 'ဖျန်း' ခနဲမြည်အောင် ရိုက်လိုက်ရော ...

"ဟီး ဟစ် ဟစ် ဟစ် ဟစ်"

"ဟီး ဟစ် ဟစ် ဟစ် ဟစ်"

"ဝရော ..."

"ဝေါ ... ဝရုန်း ... ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ဟာ ..."

"ဟယ် ..."

"ဘုရားရေ ..."

မြင်းတင်ပါးကို လက်ဝါးနဲ့ ဖွဖွရိုက်လိုက်ရော ဆွဲခေါ် တွန်းလို့ မရွေ့တဲ့ မြင်းတွေ ...

ပဒပ်ရပ် ကဆုန်ပေါက် အသံကုန်ဟစ်ပြီး ဆရာကြီးဦးခေါင်ကို ဝိုင်းပတ်ကြတာဗျာ။





ခွာသံတွေ ညံနေတယ်။

ဖုန်ထောင်းထောင်း ထနေတယ်။

ဆရာကြီးက ဝိုင်းပတ်ပြေးနေတဲ့ မြင်းတွေကို အော်ပြီး ပြောလိုက်တယ်။

"ကိုယ့်အိမ်ကိုယ်ပြန်စမ်းဟေ့"

ဆရာကြီးစကားအဆုံးမှာပဲ ဝိုင်းပတ်စိုင်းနေတဲ့ မြင်းအုပ်ကြီးဟာ ဝင်လာတဲ့ တောလမ်းအတိုင်း ရှေးရှုပြီး မှုန်နေအောင် ဒုန်းစိုင်းပြေးကြပါရောဗျာ။

ကိုမှန်းတို့လူစု ဒီတော့မှ သဘောပေါက်သွားကြပြီး ဆရာကြီးဦးခေါင်ကို ဝမ်းသာအံ့ဩ ထိုင်ကန်တော့ကြပါရော။

အဲဒါပဲဗျာ ...

အောင်မင်းခေါင်ဆိုတာ အဲဒီလို သိဒ္ဓိမဟိဒ္ဓိရှင်ပါပဲဗျာ။

✿ ✿ ✿

[၂၇]

❑

"ညွှန့်သည် ... ညွှန့်သည်ကြီး ..."

"ဗျို့ ... ညွှန့်သည်ကြီး"

"အင် ... ဟင် ..."

ကချင်မုဆိုးရဲ့ အသံကျယ်ကျယ်ခေါ်သံကြောင့် ကျုပ် အတွေးအိပ်မက်က လန့်နိုးပြီး အိုးအိုးအမ်းအမ်း ဖြစ်နေပါရောဗျာ။

"ညွှန့်သည်ကြီး ... ဘာတွေ စဉ်းစားနေပနော"

"အဲ ... အဲ ... ဟို ဟို ... မင်းတို့ပြောတဲ့ နတ်ကြီးအကြောင်း စဉ်းစားအံ့ဩနေတာပါ ... ငါ့လူတို့ရာ။ ဒါနဲ့ ငါလူတို့များ ... မင်းတို့ နတ်ကြီးရှိတဲ့ဂူကို ဘယ်နေ့ သွားကြမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာလုပ်မလို့ပနော''

''ငါ လိုက်ခဲ့ချင်လို့ပါကွယ်။ ဦးကြီးရှာနေတဲ့ ဦးကြီးတို့ ဆရာကြီးများ ဖြစ်နေမလားလို့ပါ။ တွေ့ချင်လို့ပါကွယ်''

''ဘကြီးနတ်က ပြောတယ်ပနော''

''သူက ဘာပြောလို့လဲ . . . ငါ့လူ''

''လူစိမ်းတွေ ခေါ်မလာနဲ့တဲ့ပ နော။ လူစိမ်းတွေကြောင့် သူ့အလုပ်တွေ ပျက်မှာစိုးလို့တဲ့။ ငါတို့တောင်မှ ခဏခဏမသွားဘူး အစားအစာသွားပို့တဲ့နေ့မှ ရောက်တာ။ ငါတို့ကို အစားတွေ လာမပို့ပါနဲ့တဲ့။ ငါတို့ကမေးတယ်။ အစာမစား ဘဲနေလို့ရလားလို့ နော။ သူကပြောတယ် နေလို့ရတယ်တဲ့။ ငါတို့ ပေးတာ ကျွေး တာ အားနာလို့ပြောတာနဲ့ တူပ နော''

''တစ်ကြိမ်ပဲ တွေ့ရအောင် ကူညီပါ . . . ငါ့လူတို့ရယ်။ တို့ဆရာကြီးများ ဖြစ်နေမလားလို့ပါကွယ် နော်။ တို့များမှာလည်း ဆရာကြီးနဲ့တွေ့မှ ဖြစ်မည့်ကိစ္စ တွေ ရှိလို့ပါ''

ကျုပ်က မေတ္တာရပ်ခံလွန်းတော့မှ ကချင်မုဆိုးက ကျုပ်ကိုမေးတယ်။

''ညှော့သည်ကြီးပြောတဲ့ . . . ဘယ်သူ . . .''

''ဆရာကြီး အောင်မင်းခေါင်ပါကွယ်''

''အဲဒီဆရာကြီးက ဘာတွေလုပ်တာလဲပ''

''တို့ဆရာကြီးက သာသနာပြုတယ်၊ ဘုရားစေတီတွေ မြို့ရွာအနှံ့ လိုက်တည်တယ်။ ဒုက္ခရောက်တဲ့လူကို ကြုံရင် ကြုံသလို ကူညီမယ်။ လူတွေကို ဒါန၊ သီလ၊ ဘာဝနာကုသိုလ်နဲ့ နေတတ်အောင် ဆောင်ရွက်ကူညီပေးလေ့ ရှိတယ် ကွယ့်။ ငါတို့ မြို့နှစ်မြို့မှာ တို့ဆရာကြီးခိုင်းတဲ့အတိုင်း ကိုးတောင်ပြည့်စေတီတွေ တည်ပြီးပြီ။ စေတီထီးတင်ရာမှာ ဆရာကြီးပါစေချင်လို့ လိုက်ရှာရတာပါကွယ်''

''အေးလေ . . . တစ်ကြိမ်တော့ လိုက်ခဲ့ပညှော့သည်။ တို့လူဖြစ်လည်း ကောင်းပေါ့နော။ ငါတို့ နက်ဖြန်မနက်နေထွက် စားစရာနဲ့ရေ သွားပို့မှာ။ ညှော့သည် လိုက်ခဲ့ပေါ့နော''

''ကျေးဇူးပါပဲ မောင်နော်လွန်ရယ် . . . ကျေးဇူးပါဗျာ''

ဒါနဲ့ ကျုပ် ခန္တီးရှမ်းလူမျိုး မောင်ဖိုးဆားတို့အိမ်မှာ တစ်ညအိပ်လိုက် တယ်ဗျာ။ ပါလာတဲ့ ရောင်စုံကော်လက်ကောက်လေးတွေ၊ ဆံပင်ဖြီးတဲ့ သစ်သား ဘီးတွေ၊ ကျွန်းမြစ်ဆုံ ဆေးတံတိုလေးတွေ တစ်ခုစီ လက်ဆောင်ပေးလိုက်တော့





ရောင်စုံကော်လက်ကောက်ရရှိတဲ့ တောင်သူမိန်းမပျိုတွေလည်း ဝမ်းသာပျော်ရွှင်ကြ၊ ဘီးရတဲ့လူကလည်း မြန်မာလိုရော၊ သူတို့စကားနဲ့ရော ကျေးဇူးစကားပြောကြ။

ဦးကြီးအမ်နော်၊ လဗျက်နီ၊ နော်လွန်နဲ့၊ မုဆိုးတောင်သူရွာသား လူရိုး ကြီးငယ်တွေဟာ ကျွန်းသားဆေးတံလေးတွေကိုင်ပြီး ပျော်နေကြတာပဗျာ။ ကျုပ် ဒီလို လက်ဆောင်တွေ ယူလာခဲ့တာ အလွန် အလုပ်ဖြစ်တယ်ဗျို့။

အဲဒီညက တော်တော်နဲ့ မအိပ်နိုင်ကြဘူး။

ခန္တီးရှမ်းမုဆိုးတို့အိမ်မှာ လူစုံနေကြတာကိုး။ သူတို့က အောက်ပြည် မြေပြန့်ကအကြောင်းတွေ မေးကြတယ်။ ကျုပ်က ရွှေတိဂုံဘုရားအကြောင်းနဲ့ ရန်ကုန်မြို့အကြောင်း . . .

မဟာမြတ်မုနိဘုရားနဲ့ မန္တလေးမင်းနေပြည်မြို့ကြီးအကြောင်း ပြောပြ တော့ သူတို့ အံ့အံ့သြသြ နားထောင်ကြတယ်။

သူတို့ ရွှေတိဂုံစေတီတော်ကို မြင်ဖူးချင်တယ်တဲ့။

မန္တလေးနန်းတော်ကို မြင်ဖူးချင်တယ်တဲ့။

ကျုပ်ကလည်း သီပေါမင်း တို့အရှင်နှစ်ပါး ပါတော်မူပုံကနေ ကျုပ်တို့ နိုင်ငံ ကျွန်ဖြစ်ရတဲ့အကြောင်း၊ ကျုပ်တို့ရဲ့ ဗုဒ္ဓဘာသာကို ဖိနှိပ်ချုပ်ချယ်ပြီး အင်္ဂလိပ်၊ အမေရိကန်က သူတို့ရဲ့ အယူဝါဒကို စည်းရုံးသိမ်းသွင်းပုံ . . .

ကျုပ်တို့ တိုင်းရင်းသားတွေက သခင်ကနေ ကျွန်ဖြစ်ရပုံ၊ လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်ခဲ့ပုံကို ပြောပြတယ်။

မိုးကောင်း၊ ကသာ၊ ဝန်းသိုကနေ မိုးကောင်းဝန်ဖြစ်တဲ့ ဝန်းသိုစော်ဘွား မဟာသိဒ္ဓိဖေယျာဘွဲ့ခံ ဦးရွှေသားနဲ့ ဦးရွှေသားရဲ့သားတော် ဝန်းသိုစော်ဘွား မောရိယမဟာဝံသ သီရိဓမ္မာရာဇာဘွဲ့ခံ ဦးအောင်မြတ်ရဲ့ နယ်ချဲ့တော်လှန်ရေး အကြောင်း၊ တိုက်ပွဲတွေအကြောင်း၊ ဦးအောင်မြတ်ကို အင်္ဂလိပ်တွေ အလွန် ကြောက်လန့်တဲ့အကြောင်း ပြောပြတော့ သူတို့မျက်နှာပေါ်မှာ အံ့သြရဲသွေးတွေ နီရဲလို့ဗျာ။

တစ်ခါ ကချင်ပြည်နယ်က နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဖုန်ကန် ဒူဝါ၊ ဆဒုံးဒူဝါ၊ ဆမားဒူဝါ၊ ခွန်ဆိုင်းလီ၊ တုန်ဟုန်ဒူဝါ၊ ဆနားဒူဝါတို့ရဲ့ သူ့ ကျွန်မခံတော်လှန်ရေးဇာတိသွေးအကြောင်းကို ပြောပြတော့ သူတို့မျက်နှာမှာ ဇာတိသွေးတွေ လျှမ်းနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကချင်တိုင်းရင်းသား တော်လှန်ရေးအင်အားစုတွေက ဟူးကောင်းတောင်ကြား၊ မိုးကောင်း၊ အင်းတော်ကြီးမှာ အင်္ဂလိပ်အစိုးရကို အပြင်းအထန် တိုက်ခဲ့တဲ့အကြောင်း ...

ကချင်ခေါင်းဆောင် ဆဒုံးဒူဝါက အင်္ဂလိပ်တပ်ကို အကြိမ်ပေါင်းများစွာ ဝင်တိုက်လို့ အင်္ဂလိပ်တွေ ထိခိုက်ကျဆုံးတဲ့အကြောင်း ပြောပြတော့ ...

ငါတို့ထက်တောင် ဦးပေါ်ထူးက သိနေပါလားလို့ ပြောကြတယ်။

ဒီကမှ ဗုဒ္ဓဘုရားရှင်အကြောင်း၊ ဗုဒ္ဓဘာသာအကြောင်း၊ ဘုရားစေတီ ရုပ်ပွားတော်များအကြောင်း ပြောရတယ်။ ဗုဒ္ဓဘာသာရဲ့တန်ဖိုးကို ပြောပြရတယ်။ ကံ,ကံရဲ့အကျိုးကို ပြောပြတယ်။

ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံကို ဘယ်ဘုရားရှင်မှ ကယ်လို့မရတဲ့ အကြောင်း၊ လူဟာ သူပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် သေပြီးနောက်ဖြစ်ရတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝတွေအကြောင်းကို ပြောပြတယ်။

သူတို့က မရှင်းတာတွေ မေးကြတယ်။

ကျုပ်က သိသမျှ ပြန်ဖြေပေးတယ်။

သူတို့အားလုံး ဗုဒ္ဓဘာသာ အယူအဆအပေါ်မှာ ကျေနပ်မှုရှိလာကြတယ်။ ဒီလိုနဲ့ သန်းခေါင်အကျော်မှာ လူစုခွဲပြီး အိပ်ရာဝင်ခဲ့ကြတယ်။

ဒီလိုပါပဲဗျာ ...

ဆရာကြီးဦးခေါင်တို့ ကျုပ်တို့ဟာ မဖွံ့ဖြိုးသေးတဲ့ အရပ်ဒေသတွေကို သွားခဲ့ကြရတယ်။

ကျုပ်တို့ ဆရာကြီးဦးခေါင်(အောင်မင်းခေါင်)က ကမ္ဘာလုံးဆိုင်ရာ မနောမယသိဒ္ဓိ၊ မဟိဒ္ဓိ၊ ဓမ္မဝိဇ္ဇာ သာသနာပြုအဖွဲ့ချုပ်(မဟိဒ္ဓိအဖွဲ့ချုပ်)ကြီးမှာ ပါဝင်ခဲ့ပေကိုး။

ဆရာကြီးဦးခေါင်က အကျိုးတော်ဆောင် (၁၂)ပါးမှာ ဝါဒပြန့်ပွားရေးတာဝန်ယူရတယ်။

တစ်နည်းအားဖြင့် သာသနာပြုဝိဇ္ဇာမိုရ်အဖွဲ့ကြီး ဖွဲ့ရာမှာ ပါဝင်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ အတွင်းလမ်းအားဖြင့် ဗုဒ္ဓဝါဒကြီး တည်တံ့ခိုင်မြဲ ပြန့်ပွားရန် တိုင်းပြည်လူထုကို ဆရာကြီးက နှိုးဆော်ရတဲ့တာဝန် ယူခဲ့ရတာ။ ဒါကြောင့်





ပနယ်နယ် အရပ်ရပ်ကို ခရီးဆန့်ရတာပေါ့။ ဆရာကြီးကို အများက ဝိဇ္ဇာမိုရ်အောင်မင်းခေါင်လို့လည်း ခေါ်ကြသကိုး။

ဘာလို့ ဝိဇ္ဇာမိုရ်အောင်မင်းခေါင်လို့ ခေါ်သလဲ။

ဟုတ်လား ... ပြောရမှာပေါ့ဗျာ။

သူ့ရဲ့ ကျင့်စဉ်အစွမ်းတွေ ဩချရလောက်ရဲ့လေ။

ဆရာကြီးကို လေးကြိုးကိုင်လို့လည်း ခေါ်ကြတယ်။ ရာဇကြိုး၊ ဓာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုး စတဲ့ ပညာတွေ ပိုင်ပိုင်အနိုင် သိရှိထားတာကိုး။

ဒီပညာကြိုးတွေကို ဘဝအဆက်ဆက်ကနေ ယနေ့တိုင် ကျင့်ကြံပွားများ ရရှိခဲ့တာပ။

ဒီပညာတွေကို ကိုယ်ကျိုးအတွက် မသုံးခဲ့ဘူး။

အများအတွက် သုံးခဲ့တယ်။

မကောင်းသူပယ်၊ ကောင်းသူကယ်ခဲ့တယ်။

သူ့ဘဝကိုလည်း ပုပ္ပါးတောင်မြတ်မှာ ထွက်ရပ်မြန်းသည်အထိ မြှုပ်နှံခဲ့တယ်ဗျာ။

သို့သော် ဆရာကြီးနဲ့ကျုပ် ခရီးစဉ်တစ်ခုမှာ လူချင်းကွဲသွားတယ်။ ကျုပ်က ဆရာကြီးရဲ့ လက်ရင်းတပည့်ပါ။ ဆရာကြီးရဲ့ သီလ၊ သမာဓိ၊ ကိုယ်ကျင့်တရားကို ကျုပ် လေးစားတယ်။ သူ့လုပ်ငန်းတွေမှာ တတ်စွမ်းသမျှ ကြံရင်ကြံသလို ပါဝင်ကူညီခဲ့တယ်။

သို့သော် သူ့ကိုတွေ့ရဖို့က မလွယ်ဘူး။ ကချင်တောင်တန်း မဲဇာရွှေလီဂက်ကို သာသနာပြုခရီးသွားတယ်ကြားလို့ လိုက်ရှာခဲ့တယ်။

ဆရာကြီးထံက ပညာတွေ ဆည်းပူးရင်း ဆရာကြီးရဲ့ ဘဝပါရမီကို ပိုင်းကူဖြည့်ချင်လို့ပါ။ ပညာတွေ သင်ယူချင်လို့ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

❑

ကချင်မုဆိုး နော်လွန်အပါအဝင် မုဆိုးသုံးဦး၊ ခန္တီးရှမ်းဖိုးဆော၊ ဖိုးဆားတို့ညီအစ်ကိုနဲ့ ကချင်တောင်ယာသမားတွေရယ်၊ ကျုပ်ရယ်၊ သူတို့ပြောတဲ့ ရိုးရာနတ်ကြီးရှိရာကို သွားနေကြတာပေါ့။

တောက တောင်တစ်ခုကို ငုံထားတဲ့တောပဲ။

သစ်ကြီးဝါးကြီးတွေ စုံတဲ့တော။

သွားနေရင်းက တောက မြင့်နေတယ်ဗျ။

ခန္တီးရှမ်းညီအစ်ကိုကလည်း လွယ်တောင်းတစ်ခုစီ လွယ်လို့၊ တောင်းထဲမှာ စားစရာတွေ ပါတယ်။ တောင်ယာသမားတွေမှာလည်း လွယ်တောင်းနဲ့ စားစရာတွေ ပါတယ်။ သူတို့အားလုံး နတ်ကြီးဆိုတဲ့ လူကြီးကို အရမ်းလေးစားကြပဲကိုး။

သူတို့ချင်းပြောတဲ့ စကားမှာ ကချင်စကားပြောမယ့်လူ အများကြီး၊ ခန္တီးရှမ်းဖိုးဆားတို့ ညီအစ်ကိုနဲ့ မုဆိုးနော်လွန်တို့က မြန်မာစကားကို ခပ်ဝဲဝဲ ပြောနိုင်ကြတယ်။





နားလည်သမျှ ပြောရရင် သူတို့က အစွမ်းထက်တဲ့ နတ်ကြီးကို ရွာထဲမှာနေဖို့ ပြောမယ်တဲ့။ နတ်ကြီးနေဖို့ ဗမာအိမ်တစ်လုံးဆောက်ပေးဖို့ ရှမ်းရွာကလေးက လက်သမားကို ပြောထားပြီးပြီတဲ့။

တစ်ယောက်က မေးတယ်။ ဘကြီးနတ်မလိုက်ရင် ဘယ်လိုလုပ်မလဲတဲ့။ ငါတို့ တောင်ယာသမားတွေ ရွာလူတွေက သူ့ကို လေးစားခင်မင်နေတာပဲ။ တိုက်တိုက်တွန်းတွန်းပြောရင် အားနာပြီး လိုက်မှာပါတဲ့။ မေတ္တာရပ်ခံရမှာပေါ့။

ဘနတ်ကြီး ပျော်သလောက်နေပါ။

ငါတို့ကိုလည်း သင်ကြားပေးပါ။

ဘနတ်ကြီး ဖြစ်ချင်တာတွေ လုပ်ပေးမှာပေါ့လို့ ပြောကြမယ်တဲ့။ ဘနတ်ကြီးထံမှာ အလွန်ထူးဆန်းတဲ့ အရာတွေရှိတယ်။ ဘနတ်ကြီးကို ပျော်အောင်ထားမှာပါလို့ ကျုပ်ကိုလည်း ပြောကြတယ်။

ဘနတ်ကြီးလိုတဲ့ မြန်မာဘုန်းကြီးကျောင်းလည်း ဖြစ်အောင်လုပ်ပေးမှာပါတဲ့၊ ငါတို့လည်း ဗမာစကားကို သင်ကြမယ်၊ ဘနတ်ကြီးက စာဖတ်တတ်ရင် လောကကြီးအကြောင်း အများကြီးသိလိမ့်မယ်လို့ ပြောတယ်။ ငါတို့ရွာမှာ စာတတ်သူ ရှားတယ်တဲ့။

ဘနတ်ကြီးသင်ပေးလည်း သင်ယူမယ်။

ဘနတ်ကြီးအတွက် စားရေးသောက်ရေး မပူနဲ့တဲ့။ ကျုပ်ကိုလည်း နေချင်နေပါတဲ့။ သူတို့ စောင့်ရှောက်မယ်တဲ့ဗျာ။ စက်နာရီတစ်နာရီလောက် သွားပြီးတော့ တောလမ်းက ကျဉ်းလာလိုက် ကျယ်သွားလိုက်။ ကျောက်တုံးတွေ ကျောက်ချွန်တွေနဲ့ ကျောက်ကမ်းပါးယံတွေကို မြင်ရတယ်။

ကျောက်တုံးနဲ့မြေကြီး ရောနေတဲ့ ကွက်လပ်ငယ်ရောက်တော့ ခန္တီးရှမ်းဖိုးဆောက ခဏရပ်ဖို့ ပြောလို့ ရပ်လိုက်ကြတယ်။

''ဦးကြီး . . . ''

''ဘာလဲ . . . မောင်ဖိုးဆော . . . ရောက်ပြီလားဟေ့''

''မရောက်သေးဘူးဗျ . . .။ ဟိုတောင် တွေ့လား၊ အဲဒီတောင်ရဲ့ အောက်ခြေရောက်ရင် ရောက်ပြီ။ ဦးကြီးကို ပြစရာရှိလို့''

''ဟုတ်လား . . . ဘာများပါလိမ့်''

''ဒီနေရာမှာပေါ့ . . . တောကောင်ကြီးက ငါ့ကိုချပြီး စားမလို့လုပ်တုန်း ဟိုနတ်ဘကြီး ရောက်လာတာပဲ။ ပြီးတော့ နတ်ဘကြီးနဲ့ကျားနဲ့ သတ်ကြပုတ်ကြတာ ဒီမြေကွက်လပ်မှာပေါ့ နော''



www.burmeseclassic.com

www.burmeseclassic.com



''ဒီနေရာမှာ ...''

''ဟုတ်ပ ... ကျားနှာခေါင်းစုတ်ပြီး ကျွမ်းပစ်ပြေးတာ ဟိုကျောက်တုံးနောက်ကိုပ။ ငါလည်း ကြောက်ပြီး သတိလစ်သွားတာ ဒီနေရာပဲပ နော''

''မင်း အလွန်ကံကြီးလို့ မသေတာဘဲ ... မောင်ဖိုးဆော''

''ဟို ... နတ်ဘကြီးကြောင့်ပေါ့။ သွားကြမယ်ဟေ့ ... ရှေ့မှာ ဒီဦးကြီးကို အမှတ်တရ ပြစရာရှိသေးပ''

ဒါနဲ့ ကျောက်တောင်မြင့်ကြီးရှိရာကို ဆက်လာခဲ့ကြတယ်။ ဂျီဟောက်သံကြားရတယ်။ ပြီး မြွေတွန်သံ ကြားရတယ်။ မြေကြီးပေါ်မှာလည်း သားကောင်ငယ်ခြေရာတွေ တွေ့သတဲ့။

''ခဏရပ်ကြပ''

''ဘာတွေ့လို့တုံး''

''ပြစရာရှိလို့ပါ။ ဟောဒီလမ်းကလေးမှာပ မှောင်နေလို့ မီးတိုင်နဲ့လာတုန်း တောကြီးမြွေဟောက် ဒီနေရာကနေ ပါးပျဉ်းထောင်ပြီး ရန်ပြုမလို့ပေါ့။ ငါက ခဲနဲ့ပစ်မလို့လုပ်တော့ ဘကြီးက တားတယ်။ ပြီး တောကြီးမြွေဟောက်ကို လက်နဲ့ကိုင်ပြီး ဟိုနေရာကို ချပေးတာပနော။ ဦးကြီး တောကြီးမြွေဟောက် မြင်ဖူးလား''

''မမြင်ဖူးဘူး''

''အဆိပ်ပြင်းတယ်။ ဆင်တောင် မခံနိုင်ဘူးနော။ အရှည်ကြီးပဲ။ အလုံးကြီးပဲ။ အဖိုက ဒေါသကြီးပြီး၊ အမက အဆိပ်ပြင်းတယ်။ လူကိုတွေ့ရင် မတ်တတ်ရပ်ပြီး ဝုန်းဒိုင်းကြဲလိုက်တာ။ တောကြီးမြွေဟောက်လိုက်ရင် ပြေးလို့မလွတ်ဘူး။ သားပေါက်တဲ့အချိန်ဆို အသိုက်နား လူရော၊ တိရစ္ဆာန်ရော လာလို့မရဘူး။ ရှေးလူကြီးတွေပြောကြတာတော့ တောကြီးမြွေဟောက် အသိုက်ရှိတဲ့နေရာ မိုးမရွာဘူးတဲ့။ မိုးခေါင်သတဲ့။ ပြီးတော့ တောကြီးမြွေဟောက်၊ ငန်းစောင်း၊ ငန်းပုတ်၊ ငန်းဝါဆိုတဲ့ မြွေဆိုးကြီးတွေက အညှိုးကြီးတယ်။ အနံ့ခံခြေရာကောက် ကျွမ်းတယ်။ သူတို့ဥတွေကို နိုးယူစားသောက်ခဲ့ရင်၊ ဖျက်ဆီးပေါက်ခွဲခဲ့ရင် ဖျက်ဆီးစားသောက်သူနောက်ကို ခြေရာအနံ့ခံပြီး လိုက်ကလဲ့စားချေတယ်။ အသေပေါက်သတ်တယ်။ ငါတို့တွေ့ဖူးသမျှထဲမှာတော့ တောစောင့်နတ်ဘကြီးတစ်ဦးပဲ ကျားနဲ့ မြွေဟောက်ကြီး၊ မြွေပြိတ္တာကြီးတွေကို နိုင်တာပ နော။ ကိုင်း ... ခရီးဆက်ကြဦးစို့ပ''

ကျုပ်တို့ ဖိုးဆောနဲ့ နော်လွန်တို့ရဲ့နောက်ကနေ လိုက်ခဲ့လိုက်ကြတာ ကျောက်ရေအိုင်ငယ်တစ်ခုကို ကျော်ပြီးနောက် ...





''ရောက်ပြီပ ... ဦးကြီး''

''ဒီနေရာလား''

''ရှေ့က ကျောက်ဂူပ''

ကျုပ်တို့ ဖိုးဆားညွှန်ပြတဲ့ ကျောက်ဂူရှိရာကို လာခဲ့လိုက်ရော ရှေ့ဆုံးကလူတွေ တုံ့ခနဲ ရပ်သွားကြပါရောဗျာ။ သူတို့ဟာ တစ်နေရာ မြင်ကွင်းကို ကြည့်ပြီး အလွန် အံ့အားသင့်နေကြတယ်။

''ဖိုးဆော ...''

''နော်လွန်''

''ဒါ ... ဒါ ဘယ်လိုဖြစ်ရတာလဲပနော။ ဟိုနေ့က ဒီလို သစ်ပင်ကြီးတွေ မလဲ၊ မပြိုပ ... ဘာဖြစ်ပါလိမ့် နော''

မြင်ရတဲ့ မြင်ကွင်းက ကျွန်းပင်ကြီးနှစ်ပင်ပဲဗျာ။

လူကြီးနှစ်ဖက်စာ တုတ်ပြီး အရှည် ပေ(၄၀)မကရှည်တဲ့ ကျွန်းပင်ကြီးနှစ်ပင် အမြစ်ကနေကျွတ်ပြီး ကိုးရိုးကားရား ဖြစ်နေတာလေ။

တစ်ပင်က ဂူဝမှာ ပိတ်လဲကျနေပြီး ...

ကျွန်းပင်ကြီးတစ်ပင်ရဲ့ ဖျာနှစ်ချပ်စာ အမြစ်အရင်းပိုင်းက ကျောက်ဖျာပေါ်မှာ ထောင်လဲနေလို့ဗျာ။

ဖိုးဆောတို့ ပျာပျာသလဲ ဖြစ်နေကြတယ်။

''ကျွန်းပင်နှစ်ပင် လဲကျတာဟေ့နော''

''လေတိုက်လို့လား နော''

''လေတိုက်ရင် ကျန်တဲ့အပင်တွေပါ ကျိုးပြတ်လဲကျရမှာပ။ လဲရင်လည်း အမြစ်က ဘာလို့ ကျောက်ဖျာပေါ်မှာ တင်နေရမှာတုံးပ''

''အေးပ ... အခြားအပင်တွေ ဘာမှမဖြစ်ကော''

''နတ်ကြီး ... အဲ ... အဲ ... ဘကြီးကို ခေါ်ကြည့်ပ''

''ဘကြီး ... ဝေ ... ဘကြီး''

''ဘကြီးရေ ... ဗျို့ ... ဘကြီး''

တုံ့ပြန်ထူးသံ မကြားရဘူး။ ဒါနဲ့ သူတို့ ဂူပေါက်ဝမှာပိတ်ဆို့နေတဲ့ ကျွန်းပင်ကြီးရဲ့ ပင်စည်ကိုကျော်ပြီး ဂူထဲကို ဝင်ကြည့်ကြတယ်။ အတန်ကြာတော့ သူတို့ ပြန်ထွက်လာကြတယ်။ သူတို့မျက်နှာမှာ စိုးရိမ်ပူပန်ရိပ်တွေ မြင်ရရဲ့။ ဒါနဲ့ မေးရရော။

''ဖိုးဆော ... တွေ့လား''



www.burmeseclassic.com

www.burmeseclassic.com



''မတွေ့ဘူးပ . . .။ ဟော့ . . . စိုင်းမောက်တို့၊ ရှမ်းကြီးတို့ အနီးဝန်းကျင်မှာ ရှာကြစမ်းဟေ့။ ဘကြီး ဘာဖြစ်သွားလဲမသိဘူး''

''ကျွန်းပင်တွေက ဘာလို့ ဒီလိုဖြစ်နေတာလဲပ။ ခုတ်လှဲတာလည်း မဟုတ်။ အမြစ်ကနေ လုံးလုံးလျားလျား ကျွတ်နေတာပနော''

''အမြစ်ကျွတ်တဲ့နေရာမှာပဲ အပင်ရင်းက ရှိနေရမှာ။ ဘယ့်နှယ်လုပ်ပြီး အမြစ်နဲ့ မြစ်ကျင်းနေရာနဲ့ ဝေးနေတာလဲ''

''မ,ပြီး ရွှေ့ထားသနဲ့ တူကော''

''ဟေ . . . ဒီလုံကွင်းတစ်လုံးပတ်သစ်ပင်ကို မ,ရွှေ့တယ် . . .။ နင်စဉ်းစားပြီးပြောပထီ။ ဒီပင်လုံးက ဆင်နဲ့ဆွဲရွှေ့မှ နေရာရွှေ့မှာ မဟုတ်ကော''

''ဟုတ်တယ် . . . နော်လွန်၊ နင်ပြောတာ ဟုတ်တယ်ပ''

ဒီအချိန်မှာ ရှမ်းကြီးက လှမ်းအော်လိုက်တယ်။

''နော်လွန် . . . ဖိုးစော . . . မြန်မြန်လာဟေ့''

နော်လွန်တို့ ရှမ်းကြီးရှိရာကို အပြေး ရောက်သွားကြတယ်။

''ဘာတွေ့လဲ . . . ရှမ်းကြီး''

''ဟို . . . ဟိုမှာ . . . ဟိုမှာ . . .''

''ဟာ . . .''

''လူ . . . လူစိမ်းတွေပ . . .''

''ဟုတ်တယ် . . . လူစိမ်းနှစ်ယောက်ပ . . .။ သေပြီလား၊ ရှင်လား . . . ကြည့်ပ''

ကြည့်လိုက်တော့ ဟုတ်တယ်။ လူနှစ်ဦး ကျွန်းပင်တွေကြားမှာ လဲနေတာ။ တစ်ဦးက ဘောင်းဘီရှည်နဲ့၊ ကာကီရောင်အင်္ကျီ ဝတ်ထားတယ်။ သူ့မျက်နှာက မည်းတူးလို့။

အနီးမှာ ဖော့ဦးထုပ်တစ်လုံးလည်း စုတ်ပြတ်လွင့်နေရဲ့။

နောက်တစ်ယောက်ကတော့ ဗမာတစ်ဦးပဲ။

အသားညိုညို၊ လူလုံးလူဖန်က ပုပုတုတ်တုတ်ဗျာ။

ဒီလူရဲ့ တစ်ကိုယ်လုံးမှာလည်း ခြစ်ရာတွေ ဗရပွ၊ သွေးသံရဲရဲဖြစ်လို့။ ပါးစပ်ကလည်း ညည်းသံနဲ့ ပြောနေတယ်။

''ကယ် . . . ကြ . . . ပါ . . . ဗျာ . . . အား . . . အား . . .''

''အမယ်လေး . . . ကြောက်ပါပြီဗျ . . . အား . . . ဟူး . . .''





သူ့အနီးမှာ လေးကိုင်းကျိုးနေတဲ့ ဒူးလေးတစ်လက်နဲ့ လွင့်စင်ပျံ့ကျဲနေတဲ့ မြားတံတွေ တွေ့ရတယ်။

တိုင်းရင်းသားတစ်ဦး ကောက်ယူလာလို့ ကြည့်လိုက်တော့ နှစ်လုံးပြူး တစ်လက်ဖြစ်နေတာ မြင်ရတယ်။ ထူးဆန်းတာက နှစ်လုံးပြူးသေနတ်ရဲ့ပြောင်းက ပြောင်းရှေ့က မကွဲဘဲ သေနတ်ပြောင်းနောက်က ရစရာမရှိအောင် စုတ်ပြတ်ပွင့်နေတာပဲဗျာ။ လူကပြား ဘောင်းဘီရှည်ကိုရော၊ ဗမာလူကိုရော ရင်ဘတ်ကို စမ်းကြည့်၊ နှာဝကို ပါးတေ့ကြည့်တော့ အသက်ရှိသေးတာကို သိလိုက်ရတယ်။

''သူတို့ မသေဘူးဟေ့''

''ဂူရှေ့ကို သယ်ခဲ့ကြနော''

''အေး . . . အေး . . .''

''ကျန်တဲ့လူက ဘနတ်ကြီးကို ရှာကြပနော''

✿ ✿ ✿

| ၂၉ |

❑

သူတို့ ဒဏ်ရာဗရပွကိုယ်စီနဲ့ လူစိမ်းနှစ်ဦးကို ကျောက်ဂူရှေ့ကွက်လပ်မှာ အသာချပြီး ရေနဲ့ဒဏ်ရာတွေကို သန့်စင်ပေးတော့၊ ဗမာလူက စပ်လို့ လူးလွန့်အော်ဟစ်နေတယ်။

ဟို . . . အင်္ဂလိပ်ကပြားကတော့ မျက်နှာအရေအပြားတွေ စုတ်ပြတ်ပေါက်ပြဲမည်းပြီး ဆံပင်တွေ မီးလောင်ငုတ်တိုဖြစ်လို့။

ဗမာလူကိုယ်ပေါ်မှာ အင်္ကျီစုတ်ပဲ ကျန်တယ်။ ခြစ်ရာတွေက အသားတွေလန်ပြီး ရဲနေပြီ။ ကံကောင်းမှ သူတို့ အသက်ရှင်မည့်ပုံပဲ။ နော်လွန်က ပါလာတဲ့ ဆေးမှုန့်တွေနဲ့ ကုတ်ခြစ်ရာတွေကို သိပ်ပေးတော့၊ စပ်စပ်တုန် လူးလွန့်အော်နေပါရောဟေ့။ ပြီးတော့ ဆေးမှုန့်အချို့ကို သူ့ပါးစပ်ထဲ ထည့်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



''ကယ် ... ကယ်ကြပါဗျာ ... ကျား ... ကျားကြီး''

''ပြေး ... ပြေး ... အမယ်လေးဗျ''

''ဟော့လူ ... ဟော့လူ ... စကားပြောနိုင်လားပ ... ဟင် ... ဟင်''

''အင်း ... အင်း ... ဟူး''

''ဦးကြီးပေါ်ထူး ...''

''အေး ... နော်လွန်၊ ဦးကြီး ဘာလုပ်ပေးရမလဲ ပြော''

''သူ့ကြည့်ရတာ ဗမာလား၊ ကရင်လားပဲ ဦးကြီးပြောကြည့်၊ မေးကြည့်ပါနော''

''အေး ... အေး ...''

ကျုပ်က ဒဏ်ရာပရပွနဲ့လူကို မေးရတာပေါ့။

''မောင်ရင် ... မောင်ရင် ...''

''အင်း ... အင်း ...''

''စကားပြောလို့ ရလား''

''ရ ... ရ ... ရေ ... ရေ ... ပေး ... ပေး''

''ရော့ ရော့''

ကျုပ်က သူ့ကို ရေနည်းနည်း တိုက်လိုက်တယ်၊ သူ့ရင်ဘတ်က ဖားဖိုလို ပိန့်လိုက်ဖောင်းလိုက် ဖြစ်လို့။

''မင်းကို ငါတို့ ဆေးကုပေးမယ် ... ကြားလား''

''အင်း ... အင်း ...''

''မင်းက ဗမာလား''

''ဟုတ် ... ဟုတ် ...''

''မင်းရဲ့အဖေက အင်္ဂလိပ်ကပြားလား''

''ဟုတ် ... ဟုတ် ...''

''မင်းနာမည် ဘယ်လိုခေါ်လဲ''

နော်လွန် တိုက်တဲ့၊ လိမ်းပေးတဲ့ တိုင်းရင်းကချင်ဆေးကြောင့်နဲ့ တူရဲ့ သူ အရမ်းကြီး မအော်တော့ဘူး။ အသံကတော့ တုန်နေတယ်။

''မောင် ... တိုက် ... တိုက်''

''မောင်တိုက် ... ဟုတ်လား''

''အင်း ... အင်း ...''





''မင်း ခေါင်ရည်သောက်ချင်လား''

''အင်း ... အင်း ...''

ဖိုးဆောက ခေါင်ရည်ဘူး ကမ်းပေးလို့ မောင်တိုက်ဆိုသူရဲ့ ပါးစပ်ထဲ နည်းနည်းလောင်းထည့်ပေးလိုက်တော့ အငမ်းမရ မျိုချရှာတယ်ဗျာ။ ခေါင်ရည်က သူ့သွေးကို နွှေးပြီး နာကျင်မှုကို သက်သာစေသနဲ့ တူရဲ့။ သူ လှုပ်လှုပ်ရွရွဖြစ်လာတယ်ဗျာ။

''မင်းအဖေ်နာမည်က ဘာတဲ့တုံး ... မောင်တိုက်''

''ဒေး ... ဒေးဗစ်''

''ခေါင်ရည်သောက်ဦးမလား''

''အင်း ... အင်း''

သူ့ကို ခေါင်ရည်နည်းနည်း ထပ်တိုက်လိုက်တယ်။ သူ ခေါင်ရည်ဝင်သွားတော့ စကားတွေ ပိုပြောလာနိုင်တယ်။

''မင်းက ဘာလဲ''

''မှ ... မှုဆိုးပါ''

''ဟိုလူကရော ...။ ငါတို့ကို မင်းတို့မြင်ခဲ့ ကြုံခဲ့တာတွေ အမှန်အတိုင်း ပြောပြပါ။ ပြောပြမှ မင်းတို့နှစ်ဦးကို မြို့ပေါ်ခေါ်သွားပြီး ဆေးကုပေးလို့ရမယ်။ နားလည်လား''

''အင်း ...''

''မင်း ထိုင်လို့ရမလား''

''ရ ... တယ် ... ထိုင် ... ပေးပါ''

ဒါနဲ့ သူ့ကို ကျွန်းပင်အိုကြီးရဲ့ပင်စည်မှာ မှီထိုင်ပေးပြီး မေးလိုက်တော့ သူက ဒီလိုပြောပြတယ်ဗျာ။

မုဆိုးတိုက်ဆိုသူရဲ့ ပြောပြချက်ကို ယုံချင်လည်း ယုံကြပါ၊ မယုံချင်လည်း ကယောင်ချောက်ချား အပမှီပြီးပြောနေတာလို့ ထင်ချင် ထင်ကြပါတော့။ သူပြောပြတာကို အဆင်ချောအောင် ပြောရရင်တော့ ...

''ဟိုလူ ... ဒေးဗစ်က မြစ်ကြီးနားမြို့ကပါ။ မြို့ပိုင်ရဲ့ မိတ်ဆွေပါ။ အမဲပစ်ချင်တယ်ဆိုလို့ ကျုပ်ကို အဖော်ထည့်ပေး ... ပေးတာနဲ့ ... မ ... မနက်ကတည်းက တောထဲကို ရောက် ... ရောက်နေကြတယ်။ ဒေး ... ဒေးဗစ်က အမဲပစ်မယ်သာ ... ပြော ... ပြောတယ် ကျောက်တုံးတွေကို တူ .. တူတစ်လက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထုဖွဲ့ပြီး အိတ်ထဲကို ... ထည့် ... ထည့်ယူတယ်။ ဘာလုပ်ဖို့ ကျောက်ခဲတွေ ထည့်ယူထာလဲ မေးတော့ မပြောဘူး။ ဒီ ... ဗိုလ်ကပြားက ဗမာစကား နည်း နည်းပြောတတ်တယ်။ အား ... ကျွတ် ... ကျွတ် ... ကျွတ် ... ကျွန်တော်တို့ တောထဲဝင်လာရင်း ... ဟောဟို ... ကျောက်ဖျာပေါ်မှာ နေပူဇာလှုံနေတဲ့ ရွှေသမင်တစ်ကောင်ကို တွေ့ကြတယ်။ တိတ်တိတ်နေလို့ ဒေးဗစ်ကပြားက ပြော တယ်။ ကျွန်တော်ကြည့်လိုက်တော့ ကျောက်ဖျာပေါ်မှာ ထိုင်နေတာ လူတစ် ယောက်ပါ။ အား ... မောလိုက်တာဗျာ ... ဟူး''

ဒါနဲ့ ခေါင်းရည်တစ်ငုံတိုက်တယ်။ သူက ဒီလို ဆက်ပြီးပြောတယ်လေ။

''ဒေးဗစ် ... အဲဒါ ရွှေသမင်မဟုတ်ဘူး ... လူ ... လူ ... မပစ်နဲ့''

ကျွန်တော်က သူ့ကို တားပါတယ်ဗျာ။ ဒေးဗစ်က နှစ်လုံးပြူးသေနတ် ကို မောင်းတင်ပြီး လူကြီးကို ချိန်လိုက်တယ်။

''မောင်တိုက် ... မင်း မျက်စိမမြင်ဘူးလား။ ဒါ ရွှေသမင်လို့ခေါ်တယ် ငါ ပစ်မယ်''

''ဒေးဗစ် ... ရွှေသမင်မဟုတ်ဘူး ... လူ ... လူ ... တောထဲမှာ တရားထိုင်နေတာ။ မယုံရင် ငါသွားပြီး စကားပြောမယ် ... မပစ်နဲ့''

''ဖောင်း ...''

နှစ်လုံးပြူးသေနတ်သံဟာ တောင်နဲ့တောကြားမှာ ပေါက်ကွဲမြည်ဟိန်း သွားတယ်။ ကျောက်ဖျာပေါ်မှာထိုင်ပြီး တရားမှတ်နေတဲ့လူကြီး၊ ရှေ့ကိုစိုက်သွား တာ မြင်လိုက်ရတယ်။

''ထိသွားပြီ ... မောင်တိုက်''

''မဟုတ်ဘူး ... အဲဒါ ... လူ ... လူ ... မပစ်နဲ့ ... မပစ်နဲ့''

''ဖောင်း ...''

''အား ယား ယား ... အိုး''

''ဟင် ... ဒေးဗစ် ... ဒေးဗစ်''

ဒေးဗစ်က ပြန်ထထိုင်နေတဲ့ ဖျင်ကြမ်းတိုက်ပုံနဲ့ အဘိုးကြီးကို နောက် တစ်ချက် ထပ်ပစ်လိုက်တယ်။ ကျွန်တော်တားပေးမင့် လက်မခံဘူး။

ကံဆိုးချင်တော့ ...

နှစ်လုံးပြူးသေနတ် ညာပြောင်းထဲက ကျည်ဆန်က ပြောင်းထဲကနေ ရှေ့ကိုတိုးမထွက်ဘဲ၊ ချိန်ထားတဲ့ သူ့မျက်လုံးရှေ့မှာပဲ နောက်ပြန်ပေါက်ကွဲသွား ပါရောဗျာ။





ယမ်းစတွေက ဒေးဗစ်မျက်နှာကို ထိမှန်ပြီး လူတခြား၊ သေနတ်တခြား ဖြစ်သွားတယ်။ ဒေးဗစ်ရဲ့မျက်နှာဟာ အရည်ပြားတွေ စုတ်ပြဲ မည်းတူးသွားသလို ဆံပင်တွေလည်း ယမ်းမီးလောင်သွားတယ်။

သူ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး 'အိုးမိုင်ဂေါ့'လို့အော်ရင်း လဲကျသွား လိုက်၊ ထရပ်လိုက် ခလုတ်တိုက်ပြီး လဲကျလိုက်ဖြစ်ပြီး အသံကုန်အော်တော့တယ်။

''မောင်တိုက် ... ငါ့ ... ငါ့ကို ... ကူ ... ကူညီပါ ... ငါ့ ... ငါ့ မျက်လုံး မမြင်ရတော့ဘူး ... ငါ့ကို ... ကူညီပါ''

ဒီအချိန်မှာ အနက်နဲ့အဝါစင်း ကျားတစ်ကောင် တစ်လှမ်းချင်း ကျွန် တော်တို့ဆီလာနေတာ မြင်ရတယ်။

''ဒေးဗစ် ... ကျား ... ကျား ... လာနေပြီ''

''ကျား ... ကျား ... ဟုတ်လား။ ငါ မမြင်ဘူး။ ရော့ ... ရော့ .. ခြောက်လုံးပြူးသေနတ် ... ပစ် ... ပစ်''

ဒေးဗစ်က သူ့ခါးပတ်ကြားက ခြောက်လုံးပြူးသေနတ်ကို လှမ်းပေး လိုက်တယ်။ ကျုပ် လှမ်းယူပြီး သေနတ်နဲ့ ကျားကို ပစ်လိုက်တယ်။

''ချောက် ...''

''ဟင် ...''

''ချောက် ... ချောက် ... ချောက် ...''

''ကောင်လေး ... မပစ်နဲ့ ရပ်လိုက်''

''ဟင် ...''

တစ်လှမ်းချင်း လာနေတဲ့ကျားကို ခြောက်လုံးပြူးသေနတ်နဲ့ ပစ်တာ။ ကျည်ဆန် မထွက်ဘူး။ ဒီအချိန်မှာ ကျားက ကျုပ်နဲ့ ငါးလံလောက်ပဲ ဝေးတော့ မယ်။

ကောင်လေး ... မပစ်နဲ့ ... ရပ်လိုက်လို့ အော်ပြောတဲ့အသံ ကြားလို့ လှည့်ကြည့်လိုက်တော့၊ ကျောက်ဖျာပေါ်မှာ မတ်တတ်ရပ်ပြီး အော်ပြောနေတဲ့ လူကြီးကို မြင်လိုက်ရပါရော ဗျာ။

''မပစ်နဲ့ ... ရပ်နေ''

ကျုပ် မရပ်ဘူး၊ ခြောက်လုံးပြူးသေနတ်ကို လွှင့်ပစ်ပြီး ဒူးလေးကို အမြန်ကောက်ယူလိုက်တယ်။ ပြီး အဆိပ်လူးမြားတစ်ချောင်းကို တင်ပြီး ကျားရှိရာ ကို ချိန်ပစ်လိုက်တာဗျာ။



www.burmeseclassic.com

www.burmeseclassic.com



''ရှိုး ...''

''ဝေါင်း ...''

''အားမလေးဗျာ ...''

''ဝုန်း ...''

''အား ... အား ... ကယ် ... ကြ ... ပါဦးဗျ ... အား ...''

ကျားက လွှားခနဲခုန်ပြီး ကျွန်တော့်ကိုယ်ပေါ် အုပ်လိုက်တာ။ လူဟာ မြေကြီးပေါ်ကို ဝုန်းခနဲ လဲကျသွားတယ်။ ကျားရဲ့ လက်သည်းတွေက ကျွန်တော့် မျက်နှာနဲ့ ခန္ဓာကိုယ်ကို ကုပ်လိုက်လို့ အရည်ပြားတွေ လန်ကုန်တယ်။

''ဟိတ် ... ရပ်လိုက်စမ်း''

ဖျင်ကြမ်းတိုက်ပုံနဲ့ လူကြီးက အသံဝါဝါကြီးနဲ့ အမိန့်ပေးလိုက်ရော ကျုပ် မျက်နှာကို ကိုက်ခဲတော့မယ့်ကျားကြီး ဖြုန်းခနဲလန့်ပြီး ဖျင်ကြမ်းတိုက်ပုံနဲ့လူကြီးကို မော့ကြည့်နေတယ်ဗျာ။ ကျုပ် မလှုပ်ရဲဘူး။ မျက်နှာကနေ သွေးတွေစီးကျနေပြီး ကျားကလည်း တဟဲဟဲ တဟီးဟီး ဒေါသတွေထွက်နေတယ်။

ဒီမှာပဲ ဖျင်ကြမ်းတိုက်ပုံနဲ့ အဘိုးကြီးအနီးကို ရောက်လာပြီး ကျားကို စကားပြောလိုက်တယ်ဗျာ။

''ဟဲ့ကောင် ... နောက်ဆုတ် ...''

''ဂရီး ... အူး ... ဟီး''

''နောက်ဆုတ်လို့ ပြောနေတယ်လေ''

''ဝေါင်း''

''သွား ... သွား ... အဝေးကိုသွား ... ထွက်သွား''

အံ့ဩစရာကောင်းတယ် ... ဦးလေးရယ်။ အဘိုးကြီး အမိန့်ပေးစကား ကို နားလည်တယ်နဲ့တူရဲ့။ ကျားက ကျုပ်ကိုယ်ပေါ်ကနေ ဖယ်ပြီး နောက်ဆုတ် နောက်ဆုတ်နဲ့ ဟိုးဘက် ကျွန်းတောထဲကို ဝင်သွားတယ်။

ခြောက်လန့်တုန်ယင်နေတဲ့ ကျုပ်ကို ဖျင်ကြမ်းတိုက်ပုံနဲ့ အဘိုးကြီးက ပွေ့ထူပြီး ကျောက်တုံးလေးမှာ ထိုင်ပေးတယ်။ ပြီးတော့ သတိလစ်နေလား၊ သေပြီ လားမသိရတဲ့ ဒေးဗစ်ကိုလည်း သွားကြည့်ပြီး ကျွန်တော့်ရှေ့မှာ ရပ်လိုက်တယ်။

''မင်းတို့ တယ်မိုက်တဲ့သူတွေပဲကိုး''

''တောင်း ... တောင်းပန်ပါတယ် ... အ ... ဘ ... ကျွန် ... ကျွန်တော် ... အဘကို သေနတ်နဲ့ ... ပစ် ... ပစ်တာ ... မဟုတ်ပါဘူး ... အား ... အား ... အား ... ကျွတ် ကျွတ်''





ဒီမှာ ဒေးဗစ်ရဲ့အသံကို ကြားလိုက်ရတယ်။

ဒေးဗစ် မသေသေးဘူးဗျ။

''ငါ့အသားက စားရလို့လား ဟင်''

''ကျွန် ... ကျွန်တော် ... မပစ်ပါဘူး ... အဘရဲ့။ သူ ... သူ ... ပစ် ... ပစ် ... သ ... သ ... မင် ... ဆိုပြီး ... ပစ် ...''

''ဟိုကောင် ... မျိုးမစစ် ... ကုလားစုတ်''

အဘိုးကြီးက လူးလွန့်ပြီး ထထိုင်ဖို့ ကြိုးစားနေတဲ့ အင်္ဂလိပ်ကုလား ကပြားရှေ့မှာ ခါးထောက်ရပ်ပြီး ပြစ်ပြစ်နှစ်နှစ်ပြောနေတာ။ ကျွန်တော် ညည်းညူ ရင်းနဲ့ မြင်နေတယ်။

ဖျင်ကြမ်းတိုက်ပုံနဲ့ လူကြီးက ပြောင်းကွဲပွင့်သွားတဲ့ နှစ်လုံးပြူးသေနတ် ကို ကောက်ယူပြီး ...

''မင်းက ဒီသေနတ်စုတ်နဲ့ ငါ့ကို ပစ်တယ်ကိုး။ ဟေ့ကောင် ... မျိုး မစစ်၊ မင်းတို့ ဒီလိုသေနတ်အစုတ်ကို မပြောနဲ့။ အမြောက်တောင် ငါမကြောက် ဘူးဟေ့။ ငါ့အကြောင်း မင်းတို့သိရအောင် ပြရသေးတာပေါ့ကွာ။ ကြည့်ထား''

အဘိုးကြီးက နှစ်လုံးပြူးသေနတ်ကို ဒေးဗစ်အနီးမှာ ပစ်ချပြီး ပုဆိုး ခါးတောင်းကျိုက်လိုက်တယ်ဗျ။

ပြီးလည်းပြီးရော ...

ဦးလေးနဲ့ မိတ်ဆွေတို့ရယ် ... ယုံချင်လည်းယုံ၊ မယုံချင်လည်း နေပါ ဗျာ။ ဒီလို လူသန်လူစားမျိုး တစ်သက်တစ်ခါ ဒါ ပထမဦးဆုံးနဲ့ နောက်ဆုံး မြင် ဖူးတာပါပဲဗျာ။

အဘိုးကြီးပုံစံက အတော့်ကို ဒေါပွနေတာခင်ဗျ။

ခါးတောင်းလည်း ကျိုက်ပြီးရော ဟိုးရှေ့က လူကြီးတစ်ဖက်စာမက ကြီး တဲ့ ကျွန်းပင်ကို အရင်းကနေ လက်နှစ်ဖက်ပွေ့ပြီး ဆွဲနုတ်လိုက်တာဗျာ။

''ကျား ...''

''ဖြုတ် ... ဖြုတ် ... ဂျွတ်''

''ဟာ ...''

''အိုး ... မိုင် ... ဂေါ့''

''ဝုန်း''



www.burmeseclassic.com

www.burmeseclassic.com



ကျားလို့အော်ပြီး ကျွန်းပင်ကို ဆွဲနုတ်လိုက်တာ ကျွန်းပင် အမြစ်က ကျွတ်ပြီး ပါလာတယ်။ အမြစ်ကျွတ်ပါလာတဲ့ ကျွန်းပင်ကို အပင်လိုက်မ,ပြီး ဟောဟို ... ကျောက်ဖျာပေါ်မှာ အမြစ်ပိုင်းတင်ပြီး ပစ်ချလိုက်တာ ...

''ဝုန်း ...''

''ဘုရား ... ဘုရား ...''

ကျုပ်လန့်ဖျန့်အံ့သြနေစဉ်မှာပဲ ဂူပေါက်အနီးက ကျွန်းပင်ကြီးကို စောစောကလိုပဲ အရင်းကဖက်ပိုက်ညှစ်ပြီး 'ကျား'အော်လို့ ဆွဲနုတ်လိုက်တာ ကျွန်းပင်ကြီး၊ အမြစ်က ကျွတ်ပါသွားတယ်။

အဲဒီကျွန်းပင်ကြီးကို လက်နဲ့ပိုက်ပြီး ဝါးလုံးထောင်ထားသလို ထောင်ထားတာ ကျွန်းပင်ကြီး ယိုင်လဲမကျဘူးဗျာ။

သူဟာ ကျွန်တော်တို့နှစ်ဦးရှေ့မှာ ကျွန်းပင်ကြီးကိုပိုက် လှည့်ပတ်ပြပြီး၊ နောက် ဟိုဂူပေါက်ရှေ့မှာ မြှောက်ပစ်ချလိုက်တာ ...

''အုန်း ...''

''ဝုန်း ...''

''ဖြောင်း ... ဂျွတ်''

သစ်ပင်ကျသံ၊ သစ်ကိုင်းကျိုးသံနဲ့အတူ ဖုန်မှုန့်၊ ကျောက်မှုန်တွေ ထ,ပြီး ဘာမှ မမြင်ရတော့ဘူး။ ကျုပ်တို့လည်း ကြောက်လွန်းလို့ သတိလစ်သွားခဲ့ကြတာ။ ဦးလေးတို့ ရောက်လာမှပဲ ... သ ... တိ ... ရ ပြန်ရတာပါ ...' ဦးလေးရယ် ... အား ... အဟွတ် ... အဟွတ် ... ကျွတ် ကျွတ် ကျွတ်''

မုဆိုးမောင်တိုက်ဆိုသူက သူတို့ကြုံတွေ့ခဲ့ရတဲ့ ထိတ်လန့်အံ့ဖွယ် အဖြစ်အပျက်တွေကို ပြောလိုက်၊ မောရင်နားလိုက်၊ စုတ်သပ်လိုက်၊ အံ့သြလိုက်နဲ့ပြောပြီး စကားကို အဆုံးသတ်လိုက်တယ်။

အနီးမှာရှိနေကြတဲ့ နော်လွန်၊ ဖိုးဆော၊ တူးဂျာနဲ့ခန္တီးရှမ်းတွေဟာ အမြစ်ဖွာရာနဲ့ လဲကျနေတဲ့ ကျွန်းပင်ကြီးနှစ်ပင်ကိုကြည့်ပြီး အလွန်အံ့သြနေကြတယ်။

အံ့သြတာနဲ့အမျှ မုဆိုးမောင်တိုက်နဲ့ လူကပြား ဒေးဗစ်ဆိုသူကိုလည်း ဒေါသတွေ ဖြစ်နေကြလို့ပေါ့။

ဒီလူစိမ်းမုဆိုးရဲ့ ပြောပြချက်အရဆိုရင် သူတို့နတ်ကြီး အစွမ်းပြသွားတာ သေချာနေတယ်လို့ ပြောပြီး နတ်ကြီးကို လိုက်ရှာကြတယ်။





ကျန်တဲ့လူတွေက ပုဆိုးကွင်းတွေထဲ ဝါးလုံးသွင်းပြီး ဒဏ်ရာရနေတဲ့ လူစိမ်းနှစ်ဦးကို သယ်ယူဖို့ လုပ်နေကြတယ်။

ကျုပ်လည်း မယုံနိုင်အောင် အံ့သြနေတာပေါ့ဗျာ။

လူတစ်ဖက်စာမကကြီးတဲ့ ကျွန်းပင်ကြီးဗျာ။

အနည်းဆုံး ကာတိုကရိန်းလိုဟာနဲ့ ကြိုးဆွဲပြီးလှဲရင်တောင် အတော်လှဲရမည့် အပင်ဗျာ။ ဒါကို ဖျင်ကြမ်းတိုက်ပုံနဲ့လူကြီးက လက်နဲ့ဆွဲနုတ်တာတဲ့။ ဒီလိုလုပ်နိုင်တဲ့သူဆိုရင် သူဟာ ကာယသိဒ္ဓိပြီးမြောက်သူပဲ ဖြစ်ရမယ်။

သန်လျင်ရာဇဝင်မှတ်တမ်းမှာတော့ မောင်သန်လျင်ဆိုတဲ့လူဟာ သစ်ပင်ပိလည်း မသေဘူး၊ ခုတ်ဖြတ်လဲကျတဲ့ သစ်ပင်ကြီးကို ပခုံးနဲ့ထမ်းပြီး အိမ်ထမ်းယူလာသတဲ့။ အလွန်သန်စွမ်းသတဲ့လေ။ သေန်လျင်က ထမင်းစားရင် တစ်ခါစားကို ကိုးစလောင်းနဲ့ ကိုးယောင်းမစားဆိုပဲ။

မိဘနှစ်ပါးက ဆင်းရဲတော့ မကျွေးနိုင်ဘူးတဲ့။ သေန်လျင်ဘဝက သနားစရာပဲနော်။ သေရင် ပြီးရောဆိုပြီး ကျားကိုက်သေအောင် တောနက်ထဲထားခဲ့တာ သေန်လျင်က ကျားကို ကျွဲလုပ်စီးပြီး အိမ်ပြန်လာတော့ ရွာက လန့်ကြသတဲ့။ နောင်တော့ သူဟာ တရားမဲ့မင်းဖြစ်တဲ့ ပါဒမင်းနရန္ဒရာဇာမင်းကို တိုက်ခိုက်ပြီး ပါဒကို သိမ်းပိုက်ခဲ့တယ်။

သူ့အမည်ကို အစွဲပြုပြီး သန်လျင်မြို့တည်ခဲ့တယ်တဲ့ဗျာ။

ဒီကချင်တောင်တန်းပေါ်မှာ မောင်သန်လျင်မင်းဝင်စားတဲ့ လူစွမ်းလူသန်များ ရောက်နေသနဲ့တူရဲ့။

ဒါနဲ့ ကျုပ်လည်း သစ်ပင်စည်အောက်က ငုံ့ပြီး ဖျင်ကြမ်းတိုက်ပုံနဲ့ ကချင်တောင်သူမုဆိုးတွေအခေါ် နတ်ကြီးရဲ့ဂူထဲကို ဝင်ခဲ့လိုက်တယ်ဗျာ။ ဂူက အတော်ကျယ်တာပဲကိုး။

ဂူထဲမှာ ထင်းမီးဖိုတစ်ခုတွေ့တယ်။

ခုတင်လုပ် အိပ်လို့ရတဲ့ ကျောက်တုံးပြားကြီးတွေ့တယ်။

ကျောက်ခုတင်တုံးပေါ်မှာ ဝါးပိုးဝါးခြောက် ခေါင်းအုံးတစ်လုံး တွေ့ရတယ်။ ရေနွေးကျိုတဲ့ ဝါးကျည်တောက်တစ်လုံး တွေ့ရပြီး၊ ရေနွေးက ငွေ့ငွေ့လေး နွေးနေတုန်းပဲ။

အထဲမှာ ထမင်းအိုး၊ ဟင်းအိုး မရှိဘူး။

အကျီဟောင်း၊ ပုဆိုးဟောင်း မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စွန်းမှာချိတ်ထားတဲ့ ငှက်ပျောသီး စားလက်စတစ်ဖီးကို တွေ့ရတယ်။ ကျုပ်ရှာနေတဲ့ ဆရာကြီးဦးခေါင်များ ဖြစ်နေမလား။ ဆရာကြီးဦးခေါင်လည်း ဒီပုဂ္ဂိုလ်လို နေထိုင်တတ်တယ်။ ကျားကုပ်ခံရတဲ့ မုဆိုးမောင်တိုက်တို့ ပြောပုံဆိုရင် ဒီထူးဆန်းတဲ့ပုဂ္ဂိုလ်ဟာ ဆရာကြီးဦးခေါင်လည်း ဖြစ်နိုင်တာပဲ။ သို့သော် ဦးခေါင်ပါလို့ သေချာတဲ့ သဲလွန်စ မတွေ့သေးဘူး။

ဒါနဲ့ အနီးမှာတွေ့တဲ့ ထင်းရှူးတိုင်မီးတုတ်ကို မီးရှို့ပြီး ဂူအနှံ့ လိုက်ကြည့်တော့ တွေ့ပြီဗျို့။

ဂူနံရံမှာ မီးသွေးခဲနဲ့ရေးထားတဲ့ စာကြောင်းတွေဗျ။

ဘာတဲ့ ... ဘာတဲ့ ...

*'ဖိုးဆောနဲ့ နော်လွန် ...*
*မင်းတို့အားလုံးကို ကျေးဇူးတင်တယ်။*
*မင်းတို့ကို အဘ အဝေးက စောင့်ရှောက်ပါ့မယ်'*

*နတ်ကြီး*

အလို ... နတ်ကြီးဆိုပါလား။ နော်လွန်နဲ့ ဖိုးဆောတို့ကို နံရံမှာရေးထားတဲ့ စာအကြောင်း ပြောပြတော့ သူတို့မျက်နှာတွေ ညှိုးသွားကြတယ်ဗျာ။

နတ်ကြီးလို့ ရေထားတော့ ...

ကျုပ်ရှာနေတဲ့ ဆရာကြီးဦးခေါင် မဟုတ်ဘူးနဲ့တူရဲ့။

မကျေနပ်သေးဘူးဗျာ ... မီးတုတ်ကိုင်ပြီး ဂူနံရံတွေကို မီးထိုးကြည့်တော့ မီးသွေးစာတွေ တွေ့ရပါရောဗျာ။

ရှေ့တိုး မီးကပ်ပြီး ဖတ်လိုက်တယ်။

*'ပေါ်ထူး*
*ပုပ္ပါးကိုလာခဲ့။*

*အောင်မင်းခေါင်*

ဝမ်းသာလိုက်တာဗျာ။ သေချာသွားပြီ ... သေချာသွားပြီဗျို့ ... ဒီလက်ရေးက ကျုပ်ရဲ့ကျေးဇူးရှင် ဆရာကြီးဦးခေါင် (ခေါ်) ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်ရဲ့ လက်ရေးအစစ်ပါဗျာ။





ပေါ်ထူး ပုပ္ပားကိုလာခဲ့တဲ့။

အောက်မှာ သူ့နာမည်ကို ရေးထားတယ်ဗျို့။

လက်စသတ်တော့ ဆရာကြီး ကချင်တောင်တန်းကို ရောက်နေတာကိုး။ ...ကင်း ... ဆရာကြီး ... ဆရာကြီး ... သူက ဒီတောင်တန်းဒေသတွေမှာ ...သာသနာပြုဖို့ အစီအစဉ်နဲ့ ရောက်နေတာပဲကိုး။

ကြည့်စမ်း ...

တောရိုင်းဘုရင် ကျားကိုတောင် အိမ်ကြောင်လို ယဉ်ပါးအောင်လုပ်နိုင်ပတဲ့။ ပြီး ကျားကို ထွက်သွားလို့ အမိန့်ပေးသတဲ့။

သူ့ကို နှစ်လုံးပြူးကျည်ဆန်ထိတာတောင် သွေးတစ်စက်မစို့ခဲ့ဘူးတဲ့။ ...ကျွန်းပင်အမြစ်ကနေ ဆွဲနုတ်ပစ်သတဲ့။

ဟုတ်ပေပေါ့ဗျာ။

ဆရာကြီးကို သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်လို့ ဆရာ့ဆရာတွေ ခေါ်ကြတာ။ ဒီလို ...ဂုဏ်ဖွယ်ကောင်းတဲ့ အစွမ်းတွေ ရှိနေလို့ပေါ့ဗျာ။

ဆရာကြီး ဒီနေရာက ရုတ်တရက် ထွက်သွားရတဲ့ အကြောင်းရင်းကို ကျုပ် သိခဲ့ပြီ။ အေးပေါ့လေ ... ကောင်းတဲ့အလုပ်တွေ လုပ်နေရင် အနှောင့်အယှက်က ပေါ်လာတတ်တာပဲ။

သို့သော် ဆရာကြီးက သူဘာလဲဆိုတာကို သိသွားအောင်တော့ ပြခဲ့...ဟာပဲလေ။ လူမိုက်တွေကို အမိုက်ဇာတ်ချုတ်ပြီး လူကောင်းတွေကိုတော့ အသိ...ပေးသွားတာပဲလို့ ပြောရမှာပဲခင်ဗျ။ သူက ရာဇကြိုး၊ ခါတ်ကြိုး၊ သိုက်ကြိုး၊ ...နတ်ကြိုး ဆိုတဲ့ လေးကြိုးကိုင် သိဒ္ဓိရှင်ပဲ။ သူများတွေပြောပြောနေတုန်းက ချဲ့ကား...ပြောကြတာနဲ့တူရဲ့လို့ တွေးမိသေးတယ်။

ခုတော့ ယုံရပါပြီ ... ဆရာကြီးရေ။

ကျွန်တော် မနောကံ၊ ဝစီကံနဲ့ ပြောမှားဆိုမှား ပြုခဲ့တာကို တောင်းပန်ပါတယ် ဆရာကြီး။

ဒါနဲ့ ဆရာကြီးနေခဲ့တဲ့ ဂူထဲမှာ ဘာများကျန်ခဲ့ဦးမှာလဲဆိုပြီး လိုက်ရှာကြည့်တယ်။ ဂူထဲမှာလည်း တိုလီမုတ်စ ဘာမှမရှိပေါင်ဗျာ။ ရှိတာဆို မီးသွေးခဲနဲ့ ရေနွေးကြိုတဲ့ ဝါးကျည်တောက်၊ ဝါးပိုးခြမ်းဝါးခေါင်းအုံးပဲ ရှိတယ်။

ဒီဝါးပိုးခြမ်းခေါင်းအုံးက ဆရာကြီးခေါင်ရဲ့ အမှတ်တရပစ္စည်းပဲ...ဗျာ။ ဒါလေးကို ကျုပ် လိုချင်ပါသော်လည်း မယူရက်ပါဘူးလေ။ ဆရာကြီးက်... လေးစား



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည် အားကိုးကြတဲ့ သူ့တပည့်တိုင်းရင်းသား လူရိုးလေးတွေကို အမှတ်တရ အဖြစ် ပေးခဲ့ရမှာပေါ့။

ဒါနဲ့ ကျောက်သေတ္တာ (ကျောက်ခုတင်)ပေါ်က ဝါးခြမ်းခေါင်းအုံးကို မ,ယူလိုက်ရော ဝါးခြမ်းထဲကနေ ပစ္စည်းတစ်ခု ထွက်ကျလာပါရော။ ကောက်ယူ ကြည့်လိုက်တော့ . . .

ဘုရားရှိခိုးဆယ်စောင်တွဲ စာအုပ်လေးဗျာ။

ကိုင်ပါများလို့ထင့် စာအုပ်က နည်းနည်းနွမ်းနေရဲ့။

စာအုပ်ရဲ့ ပထမစာမျက်နှာအပေါ်မှာ ခဲတံနဲ့ရေးထားတဲ့ စာတစ်ကြောင်း တွေ့လို့ ဖတ်လိုက်တော့ . . .

'ဖိုးသောနဲ့နော်လွန်တို့ လူငယ်တွေဖတ်ရန်' တဲ့။

သြော် . . ဆရာကြီးက တိုင်းရင်းသားလူငယ်တွေကို ဗုဒ္ဓဘာသာအကြောင်း သိစေချင်၊ လေးစားစေချင်၊ ယုံကြည်ကိုးကွယ်စေချင်တာကိုး။ ဒီစာကြောင်းလေး မှာ ဆရာကြီးရဲ့ စေတနာတွေ အထင်းသား ပေါ်လွင်နေတာပဲဗျာ။

အင်း . . . သူကိုယ်တိုင် ဒီတိုင်းရင်းသားလူရိုးလေးတွေကို ဆယ်စောင်တွဲ ဗုဒ္ဓဘာသာစာအုပ်ထဲက ဓမ္မတရားတန်ဖိုးတွေကို ပြောပြချင်မှာပါပဲဗျာ။

ပြီး . . . သူကိုယ်တိုင် ဟောဒီ ဘာသာရေးစာအုပ်လေးကို သူတို့လက်ထဲ ပေးချင်မှာပါ။ ရွာထဲက တောင်ယာသမားတွေ၊ ရွာသူရွာသားတွေ ဖတ်ကြ၊ မှတ်ကြလို့ အားရပါးရ ပြောချင်မှာပါ။

သို့သော် . . .

ဝိဇ္ဇာဆိုတဲ့ပုဂ္ဂိုလ်မှာ အိပ်ရာ(အိမ်ရာ)ဆိုတာ အတည်မရှိဘူးလေ။ ဝိဇ္ဇာ ရဲ့လိပ်စာကို ပေးပါလို့ပြောရင်လည်း ဝိဇ္ဇာမှာလိပ်စာမရှိဘူးလို့ပဲ ပြောရတော့မှာပဲ။

ဆရာကြီးက ခေတ်ကျရာကို သွားတာ။

အထက်က ညွှန်ကြားတဲ့အတိုင်း အချိန်မဆိုင်းဘဲ သွားဆိုသွား၊ လာ ဆိုလာရတာလေ။ ဒီအကြောင်းတရားတွေက ဂမ္ဘီရဆန်တယ်၊ နက်နဲသိမ်မွေ့ တယ်။ ဒါနဲ့အတူ သာမန်လူမမြင်ရတဲ့ ဖိအားတွေလည်းရှိတယ်။ ဒါကို လမ်းညွှန် ချက်လို့ ပြောရင် ရနိုင်တာပဲဗျာ။

ခေတ်တာက ဆုတ်ကပ်ခေတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟနှင့် လုံး ထွေးအသားမာတက်နေတဲ့ လူမိုက်၊ လူယုတ်၊ လူအန္ဓတွေ ရှိနေတော့ မေတ္တာနဲ့ မရရင် ကျစ်စာနဲ့ ပြရတာပဲ။





မုဆိုးလမ်းပြမောင်တိုက်ရဲ့ ပြောပြချက်အရဆိုရင် မျိုးမစစ်ဒေးဗစ်လည်း သူ့အကုသိုလ်နဲ့သူ မျက်စိတစ်လုံးကန်းပြီး မျက်နှာစုတ်ပြတ်သွားခဲ့ရတာ။

ကျွန်တော်ကတော့ သဘောပေါက်တယ်ဗျာ။

ဒါ . . . လူသူတော်ကောင်း ဆရာကြီးဦးခေါင်ကို စော်ကားလို့ ကံကြမ္မာ က သူ့ကို ဒဏ်ခတ်ဆုံးမလိုက်တာ။ မုဆိုးလမ်းပြ မောင်တိုက်ကတော့ လူမှန်း သိလို့ မပစ်ဖို့ တားခဲ့တာ။ လူစိတ် စေတနာကံကြောင့် ကျားစားခံရမည့်အဖြစ် က လွဲခဲ့ရတာ။

"ဦးကြီး . . ."

"ဘာတုံးဟေ့ . . . နော်လွန် ဘာတွေ့လို့လဲ"

"ဟိုကုလားစပ်ကောင် ဘောင်းဘီအိတ်ထဲကရတဲ့ ပစ္စည်းတွေပ ကြည့်"

နော်လွန်ကမ်းပေးတဲ့ ကျောက်ခဲတုံးလေးတွေကို ယူပြီး ကြည့်လိုက်၊ လက်မသာသာရှိပေမင့် အချို့ကျောက်ခဲက အနုစ်ရှိပြီး လေးနေတယ်။ အချို့ ကျောက်ခဲလေးတွေက စိမ်းလဲ့လဲ့အရောင်ထွက်လို့။

"နော်လွန် . . . ဘာကျောက်ခဲတွေတုံး"

"ဒါ . . . ရွှေအနုစ်ပါတဲ့ကျောက်ခဲနဲ့ . . . ဟိုဟာ . . . ကျောက်စိမ်းပ"

"ကျောက်စိမ်း . . . ဟုတ်လား"

"ဟုတ်ပ . . . ဦးကြီး၊ ဒီကုလားပျက်က အမဲလိုက်တာက ဟန်ပြအလုပ် ပနော။ အမှန်က သူ ကျောက်စိမ်းနဲ့ ရွှေကို လိုက်ရှာနေတာပ"

"ဒီလိုကိုး . . . အကြံကြီးလိုက်တဲ့ကောင်တွေကွယ်။ ခုတော့ သင်းတို့ အကုသိုလ်လောဘနဲ့ သူတို့လမ်းသူတို့သွားတာပေါ့ကွယ်။ ဒါနဲ့ မောင်နော်လွန်"

"အေး . . . ပြော . . . ဦးကြီး"

"ဒါ . . . ဒါဆို . . . ဒီတောထဲက ကျောက်တောင်တွေမှာ ကျောက်စိမ်း နဲ့ရွှေ ရှိတာပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် . . . ဦးကြီး . . . ဒီနေရာက ဖားကန့်ကျောက်စိမ်းမြေကျော နဲ့ မြေကျော ဆက်တယ်ပ"

"အေး . . . အေး . . . ဒီနေရာမှာ ကျောက်စိမ်းပဲရှိရှိ၊ ရွှေပဲရှိရှိ၊ ဦးကြီး တို့၊ မင်းတို့ လေးစားတဲ့ နတ်ကြီးတို့နဲ့ မဆိုင်ပါဘူး . . . လူလေးရယ်။ လူလေးတို့ ကချင်တိုင်းရင်းသား လူမျိုးစုတွေနဲ့ပဲ ဆိုင်ပါတယ်။ သို့သော် မင်းတို့၊ ငါတို့နဲ့ဆိုင် တာတော့ မင်းကို ပေးခဲ့မယ်ရော . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... စာအုပ်လေးပါလား ... ဦးကြီး၊ ဒါ ဘာစာအုပ်လဲဟင်"

"ဗုဒ္ဓဘုရားစာအုပ်"

"ဟုတ်လား ..."

"မင်းတို့ ဖတ်ရှုလေ့လာဖို့ ပေးပါဆိုလို့ ပေးတာပါ။ အားလုံး ဖတ်ကြပါနော်။ ပြီး စာအုပ်ကို ရိုရိုသေသေ သိမ်းထား"

"ဦးကြီး ဒီဘုရားစာအုပ်ကိုပေးတာပေါ့ ... ဟုတ်လား"

"ဦးကြီးပေးတာ မဟုတ်ဘူး"

"ဒါဆို ဘယ်သူပေးတာပ"

"မင်းတို့လေးစားတဲ့၊ မင်းတို့ရိုသေတဲ့ နတ်ကြီးခေါ် ဝိဇ္ဇာမိုရ်အောင်မင်းခေါင်ကြီးက လက်ဆောင်ပေးခဲ့တာ"

"ဗျာ ..."

"မင်းတို့နတ်ကြီးက မင်းတို့အရပ်ဒေသမှာ သာသနာပြုဖို့ ရွေ့ပြေးရောက်လာတာပါ ... လူလေး။ သူ ဘာလဲ၊ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာတော့ ဦးကြီး အထူးပြောစရာ မလိုတော့ပါဘူး။ လူလေးတို့ မင်းတို့ အဘနတ်ကြီးကို ချစ်ခင်လေးစားရင် မင်းတို့ အဘပေးခဲ့တဲ့ ဟောဒီစာအုပ်ကို ဖတ်ကြပါ။ မှတ်ကြပါ။ မကြာခင် မင်းတို့ အဘနတ်ကြီးဖြစ်စေချင်တဲ့ ဗုဒ္ဓဘာသာဝင် လူတော်လူကောင်းလေးတွေ ဖြစ်လာမှာပါ ... ကလေးတို့။ မင်းတို့ သိနားလည်ထားရမှာက မင်းတို့ရဲ့ အဘနတ်ကြီး ... ဒီနေရာကနေ ရှောင်ထွက်ပြေးသွားတာမဟုတ်ဘူး။ မင်းတို့ရှိရာကို မကြာခင် အောင်စည်တီးပြီး ကြွလာပါလိမ့်မယ် ... လူလေးတို့"

[ကျေးဇူးရှင်ဆရာကြီး ဝိဇ္ဇာမိုရ်အောင်မင်းခေါင်သည် ဤဒေသမှာ သာသနာ့ဓာတ်ပန္နက်ကို စတင်ရိုက်ခဲ့ စိုက်ခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ခေါင်းဆောင်ကြီး ဝန်ကြီးချုပ်ဦးနုသည် တောင်တန်းသာသနာအဆောက်အဦးဖြစ်သော စေတီပုထိုးများ တည်စေခြင်း၊ မဟာဗောဓိပင်များ စိုက်စေခြင်းဖြင့် ချင်းတောင်တန်းများအပါအဝင် ကချင်ပြည်နယ် တောင်တန်းဒေသများမှာပါ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ကိုးကွယ်သူများစွာ ပေါ်ထွန်းခဲ့ပေသည်။]

✿ ✿ ✿

| ၃၀ |

❑

အချို့သော မသိနားမလည်သူများက ဆရာကြီးဦးခေါင်ကို အရူးကြီးလို့ ဆိုကြ၊ ပြောကြ၊ လှောင်ပြောင်ပြောကြတာပေါ့ဗျာ။

ဟုတ်ပေမပေါ့လေ။

ဆရာကြီးက သူဓာတ်စခန်းကျတဲ့ အရပ်ကို သာသနာ၊ ဓာတ်ပန္နက်ရိုက်ဖို့သွားရင် တစ်ခါတစ်ရံ အရူးပုံသွင်နဲ့ သွားတာပဲကိုးဗျ။ အရူးမှ တကယ့်အရူးစင်စစ်အတိုင်းပါပဲဗျာ။

မေးကြမှာပေါ့ ...

လူကောင်းတစ်ယောက်လို သွားရင် ရရဲ့သားနဲ့ ဘာလို့ အရူးလို ဟန်ဆောင်သွားရသလဲပေါ့။ အကြောင်းရှိလို့ပေါ့ဗျာ။

ဒီစာအုပ်ရဲ့ ရှေ့ပိုင်းမှာ ဆရာကြီးဦးခေါင် အရူးကြီးအသွင်နဲ့ ဒုစရိုက်ရွာ၊ အကုသိုလ်ရွာကို ရောက်သွားတဲ့အကြောင်း ပြောခဲ့ပြီးပြီနော် ...

ခုလည်း ကြည့်စမ်းပါဦးဗျာ။

သူ့ကို အရူးကြီးတဲ့ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



သို့သော် သူ အရှုံးလိုသဏ္ဍာန်လုပ်ပြီး ပုပ္ပါးကို ရောက်လာတာ မဟုတ်ဘူး။ သူ ကချင်တောင်တန်းမှာ သမထစခန်းဝင်ပြီး သာသနာ့ဓာတ်ပန္နက်ရိုက်ခဲ့တယ်။

ပြီး နမ္မခရချောင်းကနေ မိုးကောင်းကို ရောက်သွားတယ်။ ရွှေလီမြစ်ဆိပ်ကို ရောက်သွားတယ်ဗျာ။ သူက ဓာတ်ကျတဲ့ ဆီသွားတယ်။ ကိုးတောင်ပြည့်ကပ်ကျော်စေတီ တည်တယ်။

ဘာကြောင့် ကပ်ကျော်စေတီ တည်နေတာလဲ။

အကုသိုလ်ရွာမှာ သူ ကိုးတောင်ပြည့်စေတီတည်ခဲ့ပုံ ပြောခဲ့ပြီးပြီ။ အားလုံး သိထားကြတာက အရှုံးကြီး၊ စိတ်မနှံ့တဲ့သူကြီး၊ ပေါတောတောလူကြီး။

အဲဒီလူကြီးက ဒုစရိုက်ရွာကို ကယ်ခဲ့တာလေ။

ဘုရား၊ တရား၊ သံဃာ ဆည်းကပ်ကိုးကွယ်ပြီး လူလိမ္မာတွေ တရားအသိနဲ့ ကပ်ဆိုးက ကျော်ပြီး ဘဝကူးကောင်းစေဖို့ ကိုးတောင်ပြည့်ကပ်ကျော်စေတီတည်နိုင်းတာ။ တည်ခဲ့တာ။

ထားလိုက်ဦးဗျာ . . .

ထူးတဲ့ အရှုံးအကြောင်း ပြောစရာရှိတယ်။

နောင်လာနောက်သားတွေက ဝိဇ္ဇာမိုရ်အောင်မင်းခေါင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ ဘာတွေ စွမ်းလို့ ထူးလို့လဲ။ ဘာတွေများ လုပ်ခဲ့လို့လဲလို့ မေးရင် ပြန်ပြောနိုင်အောင် ကျုပ် တွေ့ကြုံ ကြားခဲ့ဖူးတဲ့ အတွေ့အကြုံ အသိအမြင်တွေကို ပြန်ပြောနေတာပါ။ ကျုပ်ကိုယ်တိုင် မကြုံလိုက်ရတဲ့ ဆရာကြီးခေါင်(ခေါ်) ဦးအောင်မင်းခေါင်ရဲ့ ထူးခြားဆန်းကြယ်ဖြစ်ရပ်တွေ အများကြီးရှိသေးတယ်နော်။

ရသေ့ကြီးဦးခန္တီဆို ဆရာကြီးခေါင်အကြောင်း ကျုပ်ထက် ပိုပြီးသိတယ်။ ဂမ္ဘီရလိုင်းက ပုဂ္ဂိုလ်တွေကို မေးကြည့်၊ ဂန္ဓာရီလိုင်းက ပုဂ္ဂိုလ်တွေကို မေးကြည့်ဗျာ။

သူတို့က ဆရာကြီးခေါင်နဲ့ တစ်လှေတည်းစီး တစ်ခရီးတည်းသွား သာသနာပြုပုဂ္ဂိုလ်တွေကိုးဗျ။ လက်ယာလမ်း၊ လက်ဝဲလမ်းက ပုဂ္ဂိုလ်တွေ ကျုပ်ထက် ပိုပြောနိုင်ကြတာပေါ့။

ရွှေလီက အံ့ဖွယ်ဖြစ်ရပ်အကြောင်း ပြောပြမယ်ဗျာ။ ညောင်ပင်သာရွာမှာ ကျုပ်တို့ မြင်းဓာတ်ပန္နက်ဆင်တုန်းကသိခဲ့ရတဲ့ ညောင်ပင်သာရွာသား မြင်းပိုင်ရှင်မောင်မုန်းက ပြောမဟုတ်ုလား။





"ဆရာကြီးကို ကျွန်တော် မြင်ဖူးတယ်"

"မင်း ဘယ်မှာ ငါ့ကိုမြင်ဖူးလို့တုံး"

"ရွှေလီမြစ်ထဲမှာ ကျွန်းတုံးကြီးနဲ့အတူ ရေအောက်နစ်မြုပ်သွားတဲ့ . ."

ကိုမုန်းဆိုတဲ့လူ ပြောစကားမဆုံးခင်မှာပဲ ဆရာကြီးက လှမ်းတားလိုက်တယ်လေ။

"တော်တော့ဟဲ့ . . . သားရဲ့ . . . မပြောနဲ့ . . . ရပ်တော့ . . . ရပ်တော့မင်း ဒီအကြောင်းတွေ လျှောက်မပြောနဲ့နော် . . . သားကြီး"

ဒီတုန်းက ဆရာကြီးက မောင်မုန်းကို နှုတ်ပိတ်နိုင်းတာမဟုတ်လား။ ကျုပ်ဆိုတဲ့ လူကလည်း ဆရာကြီးခေါင်နဲ့ စပ်လျဉ်းတဲ့ လျှို့ဝှက်ဖြစ်ရပ်ဆန်းကြယ်ကိစ္စဆို တယ်စိတ်ဝင်စားပဲကိုးခင်ဗျ။

ဒါကြောင့် ညောင်ပင်သာကို သွားခဲ့တယ်။

မြင်းပိုင်ရှင် ကိုမုန်းကိုတွေ့ပြီး မေးခဲ့တယ်။

ကိုမုန်းကလည်း ကျုပ် ရောက်သွားတော့ ဝမ်းသာလွန်းလို့ ကျုပ်ခိုးခဲ့တဲ့ မြင်းပိုင်ရှင်တွေလည်း ကျုပ် ရောက်နေတယ်ကြားရော ရောက်လာကြတာ။ ကိုမုန်းအိမ် လူပြည့်လို့ဗျာ။ စားကောင်းသောက်ဖွယ်တွေ ကျွေးကြတာမှ နည်းရော့လား၊ သူတို့က မေးကြတယ်။

"ဦးပေါ်ထူး . . . အဖေကြီးပါလားဗျ"

"အဖေကြီး . . . မပါဘူးဗျို့။ ကျုပ်တစ်ယောက်တည်း လာခဲ့တာဗျ။ ခင်ဗျားတို့ သတိရလို့ပါ"

"နောက်တစ်ခါလာရင် အဖေကြီးကိုပါ ခေါ်ခဲ့ပါဗျ နော"

"စိတ်ချ . . . အခု ဒီကိုလာတာ အဖေကြီး မသိဘူး"

"ဟောဗျာ . . ."

ဒီလိုနဲ့ ရွှေဟောင်းနှောင်းဖြစ်တွေ ပြောကြပေါ့။ သူတို့ကြားဖူးတဲ့ အဖေကြီး အောင်မင်းခေါင်အကြောင်းကို ကျွန်တော့် ပြောပြတယ်။

"ကိုမုန်း . . ."

"ခင်ဗျာ . . . ဦးကြီးပေါ်ထူး"

"ကျုပ် သိချင်တာလေးရှိလို့ ခင်ဗျားထံ လာခဲ့တာ . . . ကိုမုန်း"

"ဘာသိချင်လို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကြီးနဲ့ ရွှေလီကျွန်းတုံးကိုစွအကြောင်း အပီအပြင် သိချင်လို့ဗျ။ ကျုပ်က ကျုပ်တို့ဆရာကြီးအကြောင်း မှတ်တမ်းတင်ချင်လို့ပါ . . . ကိုမှန်းရာ၊ ပြောပြပါ"

"အဖေကြီးက သူများကို လျှောက်မပြောနဲ့တဲ့"

"ကျုပ်က သူများမဟုတ်ဘူးလေ။ ဆရာကြီးရဲ့ လက်ရင်းတပည့်ပေါ့ဗျာ။ ဆရာကြီးအကြောင်း ကျုပ် မသိဘူးလားလို့မေးရင် ကျုပ် ညံ့ရာကျသွားမှာစိုးလို့ပါ . . . ကိုမှန်းရာ"

"ကောင်းပြီလေ . . . ပြောပြရတာပေါ့"

✿ ✿ ✿

[ ၃၁ ]

❑

ရွှေလီမြစ်ဆိပ်ကမ်းအကြောင်း ပြောရရင် ရွှေလီအကြောင်းတော့ အနည်းငယ် သိထားရင်ကောင်းမယ် . . . ဦးပေါ်ထူးရေ။ ရွှေလီမြစ်ကိုပြောရင် မဲဇာမြစ်အကြောင်းလည်း ကင်းကွာလို့ မသင့်ပေဘူးဗျာ . . . ဟုတ်လား။

ရောဝတီမြစ်ထဲကို စီးဝင်တဲ့ လက်တက်တစ်ခုက ရွှေလီမြစ်ပဲခင်ဗျ။ ရွှေလီမြစ်က (မိုးပျဉ်း)နယ်က မြစ်ဖျားခံပြီး မိုင်းမောနဲ့နမ့်ခမ်းမြို့အနီးက ဖြတ်သန်းတယ်။ ပြီး မိုးမိတ်နယ်ထဲကို ဝင်တယ်။ မြစ်ဆုံဆိုတဲ့ရွာကို ရောက်တော့ မြောက်ဘက်ကို မြစ်ကြောင်းလှည့်ပြီး ကသာမြို့တောင်ဘက် မိုင်နှစ်ဆယ်ကျော်ကွာဝေးတဲ့ (အင်းရွာ) အနီးမှာ ရောဝတီမြစ်ထဲ ပေါင်းဆုံစီးဝင်တယ်ဗျ။

ရွှေလီမြစ်က တရုတ်၊ ရှမ်း၊ ကချင်ဒေသတွေကို ဆက်သွယ်ပေးတဲ့ တံခါးပေါက်လို့ ခေါ်ကြတာပေါ့။ တကယ်တော့ ရွှေလီမြစ်ဟာ ကူးသန်းသွားလာဖို့တော့ အရမ်းကြီး အသုံးမဝင်ဘူးခင်ဗျ။

ရွှေလီက သစ်ဝါးမျှောလို့ကောင်းတဲ့ မြစ်ပဲ။





ရွှေလီမြစ်၊ ရောဝတီမြစ်ထဲဝင်ခါနီး မြစ်အောက်ပိုင်းဒေသမှာ တန်ဖိုးကြီးသစ်တောရှိတယ်။

ဦးပေါ်ထူးရေ . . .

ရွှေလီမြစ်ကမ်းပေါ်မှာ ကူးတို့ဆိပ်တွေ အများကြီးရှိတယ်ဗျ။ နောင်ခမ်း၊ ဆွပ်ခမ်း၊ တကျယ်၊ အေအောက်၊ ဆာလီ၊ ပိန်းခ၊ ဖျံဖော၊ မန်းဆတ် စတဲ့ ကူးတို့ဆိပ်တွေ ရှိတယ်၊ စည်ကားတယ်။

ရွှေလီမြစ်ဝှမ်းမှာက ရှမ်းလူမျိုးတွေ အများဆုံးနေထိုင်ကြတယ်။ အများစုက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြတယ်။ ကျောက်ကျော၊ သစ်တော်သီး၊ မက်မုံသီး၊ သစ်အယ်သီး၊ ဝါ၊ လွှယ်အိတ် အစရှိတဲ့ ထွက်ကုန်မျိုးစုံထွက်တော့ အရောင်းအဝယ်ကောင်းပြီး စည်ပင်တာပေါ့ဗျာ။

မဲဇာမြစ်က နွေရာသီဆို ရေနည်းတယ်ဗျ။

မိုးရာသီရောက်တော့လည်း ရေစီးသန်လွန်းလို့ လှေသင်္ဘော သွားလို့မရဘူး။ မဲဇာမြစ်ကလည်း ရွှေလီမြစ်လိုပဲ သစ်ဖောင်၊ ဝါးဖောင် မျှောတဲ့မြစ်ပဲ။

မဲဇာမြစ်က ကချင်ပြည်နယ်ကိုဖြတ်ပြီး ဗန်းမောက်မြို့နယ်ကို စီးဝင်တယ်ဗျ။

တစ်ခါ မဲဇာမြစ်က အင်းတော်မြို့နယ်ကနေ ထီးချိုင့်မြို့နယ်ထဲကို ဖြတ်စီးဝင်တာပဲ။ သူက မိကျောင်းအိုက်၊ မယ်ဇလီ၊ ညောင်ပင်သာစတဲ့ ရွာပေါင်းများစွာကို ဖြတ်စီးပြီး ထီးချိုင့်အောက်ဘက် ရှစ်မိုင်ခန့်အကွာ ညောင်ပင်သာ (ဂိုတောင်) အရပ်ကနေ ရောဝတီမြစ်ကို စီးဝင်တာပဲဗျ။

မဲဇာမြစ်နဲ့ ရွှေလီမြစ်ကို ပေါင်းပြီး 'မဲဇာရွှေလီ'လို့ ခေါ်ကြတာဗျို့။ မဲဇာမြစ်နဲ့ ရွှေလီမြစ်နှစ်ခု ပေါင်းဆုံတဲ့နေရာဟာ ငှက်ဖျားပေါတဲ့အရပ်ပဲဗျ။ မြန်မာမင်းများလက်ထက်က မင်းပြစ်မင်းဒဏ်သင့်တဲ့ သူကို နယ်နှင်ဒဏ်ခတ်တဲ့ ပို့တဲ့နေရာပေါ့။ သေဒဏ်ပေးသလိုပါပဲဗျာ။ ဒီဒေသက ငှက်ဖျားနာမည်ကြီးဒေသကိုး။

မဲဇာပို့တယ်ဆိုတာ အဲဒီမြစ်နှစ်ခုဆုံတဲ့ တောကြမ်းအရပ်ပို့တာကိုပြောတာ။

မဲဇာမြစ်ကမ်းပေါ်မှာ မဲဇာအမည်နဲ့ ရွာနှစ်ရွာရှိတယ်။ အင်းတော်မြို့နယ်က မဲဇာရွာနဲ့ ကျုပ်တို့ ထီးချိုင့်မြို့နယ်ထဲက မဲဇာရွာပဲ။ နှစ်ရွာစလုံး မဲဇာမြစ်အရှေ့ဘက်ကမ်းမှာ ရှိနေတာ။ တစ်ရွာနဲ့တစ်ရွာ (၁၂)မိုင်ဝေးတယ်။ အလယ်မှာ ကင်းစမ်းတောင် ခြားထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းပေါ်မှ မဲဇာကို မဲဇာကြီးတဲ့။

ထီးချိုင့်မြို့နယ်ထဲက မဲဇာရွာကို မဲဇာလေးလို့လည်း ခေါ်တယ်။ အောက်မဲဇာလို့လည်း ခေါ်တယ်ဗျာ။

လက်ဝဲသုန္ဒရအမတ်ကြီး မင်းမျက်သင့်လို့ ပို့တဲ့ မဲဇာက ထီးချိုင့်မြို့နယ်ထဲက မဲဇာလေးရွာလို့ ပြောကြတယ်။

ကိုင်း ... ရွှေလီမြစ်ရေဆိပ်အကြောင်း ပြောကြစို့ဗျာ။

ရွှေလီမြစ်ဝန်းကျင်မှာရှိတဲ့ တောင်တန်းတွေမှာ သနပ်ခါးပင်တွေ အများကြီးပေါက်တယ်။ ရွှေလီသနပ်ခါးလို့ခေါ်တာပေါ့။ နာမည်ကြီး သနပ်ခါးနော်။ ရွှေဘိုသနပ်ခါး၊ ရှင်မတောင်သနပ်ခါးနဲ့အပြိုင် နာမည်ကျော်တာ ရွှေလီသနပ်ခါးပဲ။

သစ်၊ ဆင်ရိုင်း၊ ကျား စတဲ့ သားကောင်မျိုးစုံရှိတဲ့တော။ သစ်ကြီးဝါးကြီးတော၊ ရတနာတန်းဝင်သစ်တောနဲ့ ပရဆေးပင်မျိုးစုံ ပေါက်တဲ့အရပ်၊ စားပင်မျိုးစုံပေါတဲ့ပေါက်တဲ့အရပ်က ရွှေလီပဲ။ ဝါးဆိုရင် တင်းဝါး၊ ဝါးဘိုးဝါး၊ ဝါးပိုးမျက်ဆံကျယ်၊ ဝါးဖြူမှျစ်ဝါး၊ သိုက်ဝါး အစုံရှိတယ်။ ကြိမ်ပင်တွေလည်း မျိုးစုံပေါက်တယ်။

ဒါကြောင့် ဝါးဖောင်ဖွဲ့၊ သစ်ဖောင်ဖွဲ့ပြီး ရွှေလီမြစ်ကနေ မျှောရတာ။ သစ်လုပ်ငန်းဆိုရင် နိုင်ငံခြားသား သစ်ကုမ္ပဏီကြီးတွေဖြစ်တဲ့ မက္ကရဂ္ဂါကုမ္ပဏီ ဘီဘီတီစီ (BBTC) သစ်ကုမ္ပဏီ၊ စတီးဘရားသား သစ်ကုမ္ပဏီ စတဲ့ လိုင်စင်ရ သစ်ကုမ္ပဏီကြီးတွေက သစ်ထုတ်လုပ်ငန်းကို လုပ်ကြတာ။

ကျွန်းသစ် သင်းပြီးသားတွေကိုခုတ်၊

သစ်လုံးကြီးတွေကို တောထဲကနေ စက်နဲ့ဆွဲပြီး ရေဆိပ်ကိုသယ်။ ပြီးရင် သစ်လုံးဖောင်ဖွဲ့ ရွှေလီကနေရောဝတီ၊ သည်ကနေ ရန်ကုန်အရောက်ပို့ကြတာပေါ့။

သူတို့က အင်္ဂလိပ်အစိုးရထောက်ပံ့တဲ့ ကုမ္ပဏီကြီးတွေ။

ကျုပ်တို့မြန်မာသစ်ကုန်သည်တွေက ငွေအရင်းအနှီးမရှိတော့ ကျွန်းသစ်ပိန်ခြောက်ပဲ ဝယ်ရောင်းလုပ်ရတယ်။

မြန်မာတိုင်းရင်းသား ကဒူး ဂဏန်း ရှမ်းဗမာတွေကတော့ သူတို့လုပ်သမျှလုပ်အားခနဲ့ သစ်ခုတ်ဝါးခုတ်ပြီး ခုတ်၊ လှော်ခွာ၊ ဆင်မောင်း၊ ဖောင်သမား အလုပ်ကြမ်းတွေ လုပ်ကြရပြီး နောက်ဆုံး ဘိန်းစားဘဝ ရောက်ခဲ့ကြတာပေါ့။

ငှက်ဖျားရောဂါနဲ့ တောနက်ထဲမှာသေရတယ်။

သူတို့ သစ်အလုပ်သမား ဆင်းရဲသားတွေနေကြရတဲ့ ဘဝကို ကြည့်ပါဗျာ။ တောထဲမှာ တဲစုတ်နဲ့ နေရတယ်။ အဝတ်အစား အစုတ်အပြတ်၊ စားရတဲ့





ဟင်းက တောစာ၊ တောထဲမှာ ချမ်းရင် မီးလှုံနေရတယ်။ ကလေးတွေ စာမသင်ရဘူး။ လူကြီးလည်း စာမတတ်ကြဘူး။ ဖျားနာရင် ကုမ္ပဏီက ဆေးကုမပေးဘူး။ ဒီလိုနဲ့သေရင် တောထဲ မြှုပ်လိုက်ရတာပဲ။

အင်္ဂလိပ်ကုမ္ပဏီကြီးတွေ ချမ်းသာပြီးရင်း ချမ်းသာ။

မြန်မာတိုင်းရင်းသား အလုပ်သမားတွေ ရွှေပင်ငွေပင်တွေ ခုတ်ပေးရပြီး မဝရေစာ ဟင်းဗလာနဲ့ စားနေရပြီး မွဲသထက် မွဲလာကြတာပေါ့။

ဘုံဘေဘားမားကုမ္ပဏီတို့၊ မက္ကရဂ္ဂါကုမ္ပဏီ စတဲ့ သစ်လုပ်ငန်းရှင်တွေရယ်၊ အုပ်ချုပ်သူ အင်္ဂလိပ်၊ အင်္ဂလိပ်ကပြားအရာရှိတွေက ဗမာသစ်အလုပ်သမားတွေကို မတူမတန်သလို ဆက်ဆံကြတယ်။

ကိုယ့်ဗမာဝန်ထမ်း ကြီးငယ်တွေကလည်း သူတို့သခင်တွေအားရအောင် ကျွန်ပါးဝကြပေါ့။ တစ်နေ့ ရွှေလီမြစ်ဆိပ်မှာ ပြဿနာဖြစ်ပါရောဗျာ။

တစ်နေ့ ရွှေလီအထက် မြစ်ညာကနေ ကျွန်းတုံးကြီးတစ်တုံး ရေမျောပါလာပြီး ရွှေလီမြစ်ကွေ့မှာ ကန့်လန့်ကြီးတန့်နေပါရော။ ကျွန်တော်ကလည်း ရွှေလီရေဆိပ်ကို ရောက်နေတော့ ဖြစ်စဉ်အစအဆုံးကို မျက်မြင်ကိုယ်တွေ့ပါပဲဗျာ။

ကျွန်တော်ကလား ... ဈေးရောင်းတာပေါ့ဗျာ။

ရွှေလီက ဆေးဖက်ဝင်ပရပစ္စည်းတွေကိုဝယ်ယူ ပါလာတဲ့စားကုန်ကို ဒီရေဆိပ်တွေမှာ လှည့်ရောင်းလုပ်တာလေ။

ရွှေလီမြစ်ထဲ အစုန်အဆန်သွားလာနေတဲ့ လှေသင်္ဘောတွေ ကျွန်းသစ်တုံးကြီး ကန့်လန့်ခံနေလို့ ရှေ့လည်း ဆက်သွားလို့မရ။ အထက်တက်မည့်သူလည်း ရှေ့တိုးလို့မရ ဖြစ်နေကြပါရော။

ကျွန်းသစ်လုံးကလည်း ပုဆိုးတစ်ကွင်းမျှကြီးတဲ့သစ်တုံးဗျ။

အချို့ လှေသင်္ဘောတွေဆို ရွှေလီရေစီးအရှိန်နဲ့ ကန့်လန့်ကျွန်းတုံးကြီး ဝင်တိုးမိလို့ ရေလယ်မှာ ပျက်စီးပါရောလား။

အရှိန်နဲ့မျောလာတဲ့ သစ်ဖောင်ဝါးဖောင်တွေလည်း ကန့်လန့်ခံကျွန်းတုံးနဲ့ ဝင်ဆောင့်မိပြီး ဖောင်တွေ ပျက်ပါရောဗျာ။

ရွှေလီမြစ်ထဲမှာ လှေသမ္ဗန်ပျက်တွေ၊ ဝါးဖောင်ပျက်နဲ့ သစ်ဖောင်ပျက်သစ်လုံးတွေ ပျက်စီးမျောပါကုန်ပါရော။

ရေမျောသစ်လုံးက ဝင်ဆောင့်လို့ သင်္ဘောအချို့ပျက်စီး၊ လူအချို့ထိခိုက်ကြတာ ရေဆိပ်ဝန်းကျင် ဆူဆူညံနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ ကုန်တင်လှေတွေ ပျက်စီးပြီး ကုန်ရှုံးစိတ်ညစ် ထိုင်ငိုကြတဲ့အဖြစ် ရောက်သွားကြတယ်။

''ဒီသစ်တုံးကြောင့် ငါတို့လှေသင်္ဘောတွေ ပျက်ကုန်ပြီဟေ့''

''သစ်ကုမ္ပဏီကကောင်တွေ ဘာလုပ်နေလို့ မသိကြတာတုံးကွာ ... တောက်''

''ဒင်းတို့ကုမ္ပဏီမှာ အလျော်တောင်းကြမယ်ဟေ့''

ရွှေလီမြစ်ကွေ့မှာ ရေမျောကျွန်းတုံးကြီး ကန့်လန့်ခံနေလို့ လှေ၊ သမ္ဗန် သင်္ဘောတွေ ပျက်တဲ့သတင်းကို သစ်ကုမ္ပဏီကကြားရော မျက်နှာဖြူအရာရှိနဲ့ မြန်မာသစ်လုပ်ငန်းက တာဝန်ရှိသူတွေ အပြေးအလွှား ရောက်လာကြတယ်။

ရွှေလီရေဆိပ်မှာ ရွာတွေရွာတွေက လူတွေလည်း သတင်းကြားပြီး ရောက်လာကြတာမှ မနည်းဘူးဗျာ။

ရေထဲကို လှေနဲ့ကူးပြီး စတီး(လ်)ကြိုးတွေနဲ့ ကျွန်းသစ်တုံးကို ချည်ကြတယ်။ သည့်နောက် သစ်တင်တဲ့ကားနောက်မြီးမှာ ချည်ပြီးဆွဲကြတယ်။ မရဘူး။

''ဆင်နဲ့ချည်ဆွဲကြည့်စမ်း''

''ဆင်ပါ အရှိန်နဲ့ ရေထဲပါသွားမယ် သခင်''

''ဝန်ချီကရိန်းသွားခေါ်စမ်း''

ဝန်ချီစက်ကို သွားခေါ်ကြတယ်။ ဝန်ချီစက်ရောက်မလာခင်မှာ ကျွန်းသစ်တုံးရဲ့ တစ်ဖက်ထိပ်ပိုင်းကို လက်ဖျံလုံးခန့် မနီလာကြိုးရှည်နဲ့ ချည်ပြီး လူအင်အားတွေနဲ့ မြစ်ကမ်းနဖူးကနေ ဆွဲကြတယ်။

''ဆွဲ ... ဆွဲ ...''

''ကျား ... ကျား ...''

''အား ... အီး ...''

''လှုပ်တောင် မလှုပ်ဘူးကွ''

''ဟိုး ... ဟိုး ... ရပ်လိုက်ကြ ... ဝန်ချီစက် လာပြီဟေ့''

ဝန်ချီစက်က မောင်းတံကနေ စတီးကြိုးချပေးလို့ ရေကူးကျွမ်းသူက သစ်တုံးကို စတီးကြိုးနဲ့ အရချည်လိုက်တယ်။

''မြန်မြန်ရှောင်လိုက် ... ငပိန်''

''ရယ်ဒီ''





ကြိုးရစ်စက်သံ မြည်လာတယ်။ ကြိုးတင်းသွားပြီ။

''ဆွဲ ...''

''ဝရှီး ... ဝူး ဝူး ဝူး''

''ဝရှီး ... ဝူး ဝူး ဝူး''

လုံးဝပဲဗျာ ... ဝန်ချီစက်သံသာ ငယ်သံပါရော ကန့်လန့်ကျွန်းတုံးက နည်းနည်းမှမလှုပ်။ ဒီအချိန်မှာ ဖျင်ကြမ်းတိုက်ပုံ ရင်ဘတ်ဟပြဲ အဘိုးကြီးတစ်ဦးက ကျောက်တုံးတစ်တုံးပေါ်မှာ ရပ်ပြီး အားရပါးရ ရယ်နေတာဗျ။

''ဟား ဟား ဟား ဟား ဟား ... ဆွဲလေကွာ။ အားကုန်ပလားဟေ့ အင်္ဂလန်ကလုပ်တဲ့ စက်အစုပ်နဲ့ဆွဲမှတော့ ရွှေ့မှာလားကွ ... ဟား ဟား ဟား ဟား ... အဟတ် အဟတ် အဟတ်''

လူကြီးက လက်ခုပ်လက်ဝါးတီးပြီး ပြောလိုက်ရယ်လိုက် လုပ်နေတာပျား။ လာကြည့်ကြတဲ့လူတွေကလည်း ဆံပင်ရှည် ဖိုးရိုးဖားရား ပုဆိုးအဖြူကွက်နဲ့ လှောင်ပြောင်အော်ဟစ်နေတဲ့ လူကြီးကို လှည့်ကြည့်ကြတယ်။

''အရူးကြီးနဲ့ တူပါတယ်ကွာ''

''ဘယ်ကအရူးကြီးတုံးဟေ့''

''မသိပါဘူးဗျာ ... အရေးထဲ သူကတစ်မျိုးမှောင့်''

''ဆွဲ ...''

''ဝူး ဝူး ... ဂရီး ... ဂျုတ် ဂျုတ် ဂျုတ်''

''ဟား ဟား ဟား ဟား ဟား ... စက်စုတ်နဲ့ဆွဲ ရင်ဘတ်ကွဲ၊ လူအုပ်နဲ့ဆွဲ ဖင်သာပြဲ၊ အင်္ဂလန်စက် ဖင်လန်ပျက် ... ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ဟီး ... ဒီလိုပုံနဲ့ မိုးကြီးချုပ်ရင် ကျွန်ုပ် အိမ်ပြန်ရောက်လိမ့်မည်မဟုတ် ... ဟား ဟား ဟား ဟား ... ဟေး ငတုံးတွေ။ အင်္ဂလန်ကနေ ဒီထက်ကြီးတဲ့စက်နဲ့ဆွဲလည်း လုံးဝမရွှေ့ဘူးကွ။ တစ်ရွာလုံးဝိုင်းဆွဲလည်း နိမ်းဂျားဟေးပဲဟေ့ ဝါး ဟား ဟား ဟား ဟား''

သစ်ကုမ္ပဏီတာဝန်ခံက လှောင်ပြောင်နေတဲ့ လူကြီးကိုကြည့်ပြီး ...

''လူလေး ... သူ ဘာတွေပြောနေတာလဲ''

''အရူးပါသခင် ... အရူးပါ''

''အရူး''

''ရက်စ်''

www.burmeseclassic.com



''ဒါဆို နောက်တစ်ကြိမ်ဆွဲဖို့ စက်ဆရာကို ပြောပါ''

ထပ်ဆွဲတယ်၊ မရွေ့ဘူး။ အရှုးလိုအဘိုးကြီးက ဆွဲမရလေ ပျော်လွန်းလို့ ကွေးနေတောင် ကပါရော။

ဒီမှာ အလုပ်သမားခေါင်းက လူကြီးကိုလှမ်းပြောတယ်။

''ဟေ့ ... သောက်ရူး ... မင်းပါးစပ်ကို ပိတ်ထားစမ်း''

''ဝေး ... ဟား ဟား ဟား ဟား ဝါး''

''ဒီမှာ လုပ်မရလို့ စိတ်ညစ်ရတဲ့အထဲကွာ''

''ဆွဲ ... ဆွဲ ... တစ်နေကုန်ဆွဲ ... မြေတုန်ပြ ... ဟား ဟား ဟား ဟား''

''ကိုစိန်ကြီး ... ဒီသောက်ရူးကို ဆုံးမလိုက်စမ်းပါဗျာ။ မောလို့ပင်ပန်းရတဲ့အထဲ သင်းက လှောင်နေတယ်ဗျ''

''စိတ်ချ ... စိန်ကြီးအကြောင်း ပြရသေးတာပေါ့''

စိန်ကြီးဆိုသူ အလုပ်သမားခေါင်းက အရူးကြီးရှိရာကို သွားပြီး အရူးကြီးရဲ့ ဖျင်ကြမ်းတိုက်ပုံအင်္ကျီစကို ဆုပ်ကိုင်ရင်း ...

''ဟေ့ကောင် ... သောက်ရူး၊ ထွက်သွားစမ်း''

''သွားဖို့ လှေက မထွက်နိုင်ဘူးလေဗျာ ... အဟီး''

''လှေတွေ၊ ရွှေတွေ လုပ်မနေနဲ့ ဒီနေရာကနေ ချက်ချင်းထွက်သွား''

''ဟ ... ငါထွက်သွားရင် မင်းတို့သစ်တုံးကြီး ဒီတိုင်းကန့်လန့် ဖြစ်နေမှာပေါ့ ... ကုမ္ပဏီကျွန်ကြီးရ ... ဟား ဟား ဟား ဟား''

''တယ် ...''

''မရိုက်ပါနဲ့ ... ငါ့လူရာ ... မင်းလည်းဗမာ၊ ငါလည်း ဗမာပါကွာ။ လူမျိုးခြားအားရအောင် မင်းတို့ ကျွန်ခံအားရ လုပ်မနေစမ်းပါနဲ့ကွာ။ မင်းတို့ စက်နဲ့၊ လူအင်အားနဲ့၊ ဆင်နဲ့ဆွဲလို့ ရွှေ့လို့မရတဲ့ ကျွန်းတုံးကို ငါတစ်ယောက်တည်း ရွှေ့ပေးပါ့မယ် ... ငါ့လူရာ ... နော နော နော ... အဟေ့ ဟေ့ ... အေ့''

''ထွီ ... ခင်ဗျားကြီးဗျာ ... ခင်ဗျားကြီးတော့လား ... ဟင်း''

အလုပ်သမားခေါင်းက လူကြီးကို ကြိမ်းမောင်းပြီး ရေဆိပ်ကရိန်းရှိရာကို ဒေါမောနဲ့ ပြန်လာခဲ့လိုက်တယ်။

''ကိုစိန်ကြီး ...''

''ဘာတုံးကွ''





''ဘာလို့ မတွယ်ခဲ့တာတုံးဗျ ဟင်''

''အရူးနဲ့ ဖက်မဖြစ်ချင်လို့ပေါ့ကွာ လျှာမရှည်နဲ့၊ လုပ်စရာရှိတာလုပ်''

ဘယ်လိုပဲ ဝန်ချီစက်နဲ့ဆွဲဆွဲ အချိန်သာကုန်ရော ဆွဲလို့၊ ရွှေ့လို့ မရဘူး။ တစ်ခါ အလုပ်သမားတွေ ထပ်ခေါ်၊ ရွာကလူတွေကို အကူအညီတောင်း၊ မုန့်ဖိုးပေးပြီး ကျွန်းတုံးကို ကြိုးနဲ့ချည်ဆွဲပါသော်လည်း ငွေကုန်လူပန်းဖြစ်ပြီး အားလုံး မောပန်းနွမ်းလို့ အရိပ်ပင်တွေအောက်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြတယ်။

ခရီးဆက်သွားလို့ မရတော့တဲ့ လှေ၊ သင်္ဘော၊ သမ္ဗန် ပိုင်ရှင်နဲ့ ခရီးသည်ကုန်သည်တွေလည်း သစ်ကုမ္ပဏီကို ဒေါသထွက်နေကြပြီ။

ဒီအချိန်မှာပဲ အညာဖျင်ကြမ်းတိုက်ပုံရင်ကွဲ ပေရေညစ်ပတ်၊ ဆံပင်ဖွာလန်ကျဲနဲ့ အရူးကြီးက ကြိမ်တုတ်လေးတစ်ချောင်းကိုင်ပြီး ရေဆိပ်ရှိရာကို လာနေပါရောဗျ။ လာတာတောင် မြင်းစိုင်းတဲ့ဟန်နဲ့ လာနေတာမျိုး။

ရေဆိပ်ရှိ လူအုပ်ကြီးက အရူးကြီးရဲ့ မြင်းစီးမြင်းစိုင်းဟန်ပန်ကို သဘောကျပြီး ရယ်ကြ ပြုံးကြလို့။ သူက ရွှေလီရေဆိပ် သစ်တုံးကန့်လန့်ခံနေတဲ့တစ်ဖက်စွန်းကို ရှေးရှု သွားနေတာ။

ဒီမှာ သစ်ကုမ္ပဏီစာရေးကြီးက မေးလိုက်တယ်။

''ဟိုအရူးကြီး ... ဘယ်သွားမလို့တုံး''

''ကျွန်းတုံးကြီး ရွှေ့မလို့လေ။ မြစ်စောင့်နတ်က အကူအညီတောင်းလို့ကွ ... အဟဲ ... ဟဲ ဟဲ ... မြစ်စောင့်နတ် အသက်ရှူမဝလို့တဲ့ ... ဟေ့ ဟေ့ ဟေ့ အဟတ်''

''ဆရာ ... အရူးက ဘာပြောလဲ''

''ကျွန်းတုံးရွှေ့မလို့တဲ့ဟေ့''

''ဟား ဟား ဟား ဟား ဟား ... ရူးတာမှ ကမ်းကုန်အောင်ရူးတာပဲ ဆရာရေ။ အရူး ဘာတွေလုပ်မလဲဆိုတာကို နောက်လာမည့် အားကောင်းဝန်ချီစက်ကိုစောင့်ရင်း အပျင်းပြေကြည့်ကြတာပေါ့ ... ဆရာရယ် ... လာပါ''

''ကိုကြင်မောင် ...''

''ဘာတုံး ... ဆင်ဦးစီး''

''အဲဒီ အရူးကြီးကိုခေါ်ပြီး ခုနစ်ထွေအက က,ခိုင်းစမ်းပါဗျာ။ အပန်းတော်ပြေအောင်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''အေးပါ ... ခဏလေးစောင့်ပါ''

ကြည့်နေတုန်းမှာပဲ အရှုးကြီးက ရေဆိပ်ကို တုတ်ကလေးတယမ်းယမ်းနဲ့ ဆင်းသွားတယ်။ ကုမ္ပဏီကိုယ်စားလှယ်အင်္ဂလိပ်ကြီးက အရူးကြီးကိုမေးတာ ကြားရတယ်။ မြန်မာလို မေးတာခင်ဗျ။

''မောင်မင်း ... ဘယ်ကိုသွားမလဲ''

''သစ်တုံးကို ရွှေ့မလို့ကွ''

''အိုး ... မောင်မင်းက သစ်တုံးကိုရွှေ့မယ် ... နေပါဦး ... ဘာနဲ့ ရွှေ့မှာလဲ။ ကျွန်ုပ်ကို ရှင်းပြပါဦး''

''ဟောဒီကြိမ်လုံးနဲ့ ဟောသလို တွန်းပစ်မှာကွ''

''အိုး ... ကြိမ်လုံးနဲ့တွန်းမယ်''

''ရက်စ်''

''အင်္ဂလိပ်လို မောင်မင်း ပြောတတ်တယ်လား''

''နိုး''

အင်္ဂလိပ်ကြီး အူကြောင်ကြောင်ဖြစ်သွားတယ်။ အရူးကြီးက ရက်စ်နဲ့ နိုးပဲ ပြောတာကိုး။

''မောင်မင်း ... ဟို အင်္ဂလိပ်စက်အကောင်းစား ဝန်ချီစက်နဲ့ ဆွဲတာ မရဘူး။ လူတွေအများကြီး ကြိုးနဲ့ဆွဲတယ် မရဘူး။ ဆင်နဲ့ဆွဲတယ် ဆွဲလို့မရဘူး။ မောင်မင်းက ကြိမ်လုံးနဲ့ရွှေ့မယ် ဟုတ်''

''ရက်စ်''

''မောင်မင်း ဦးနှောက်ကောင်းရဲ့လား''

''မင်းတို့ မျက်နှာဖြူလုပ် စက်တွေလောက်တော့ ငါတို့ မြန်မာ့ပညာက ရယ်တာပေါ့ကွ။ ကြည့်နေဟေ့ ...''

ရွှေလီရေဆိပ်မှာ လူတွေမနည်းဘူး ဝိုင်းလာအုံကြည့်နေကြတာနော်။

ဦးပေါ်ထူး ကျွန်တော်ပြောတာမယုံရင် ရွှေလီရေဆိပ်က ရွာသူရွာသားတွေ၊ လှေဖောင်သမားတွေကို သွားမေးကြည့်။ ဟော ... ဟော ... လူကြီးက ကြိမ်လုံးလေးမြှောက်မြှောက်ပြီး ကျွန်းတုံးထိပ်ရှိရာကို ဆင်းသွားတာခင်ဗျ။ ပြီး သစ်တုံးကို စကားပြောနေတယ်။

''ဟေ့ကောင် ... ကျွန်းတုံးကြီး၊ မင်းက ခရီးသွားတွေကို တယ်ဒုက္ခပေးတာပဲကိုးကွ။ ဟေ ...''





''အခု မင်းကို လူတွေမုန်းတီးနေပြီ သစ်တုံးကြီးရ''

''မင်းက လူမုန်းခံရမယ့်သစ်တုံး မဟုတ်ဘူးကွ။ လူချစ်လူခင်ခံရမယ့် တန်ဖိုးရှိတဲ့ ကျွန်းတုံးလေကွာ။ ဗုဒ္ဓရုပ်ပွားထုလုပ်ကိုးကွယ်နိုင်တဲ့ အကန်တော့ခံ ကျွန်းတုံးလေကွာ။ ပြီး မင်းက ကမ္ဘာလှည့်မယ့်ကျွန်းတုံးပဲဥစ္စာ။ ကိုင်း မင်းသွားရမယ့်ခရီးကို မင်းဆက်သွားဖို့ ဒီမြစ်ကွေ့ကနေ ... ရွှေ့စမ်း ... ရွှေ့စမ်း ... ထွက်စမ်း''

အရူးလိုလူကြီးက ပါးစပ်က အော်အော်ပြောရဲ့။

လက်ထဲကကြိမ်လုံးနဲ့ ကန့်လန့်ကျွန်းတုံးကြီးထိပ်ကို နွားဖင်ကြိမ်တို့သလို တို့နေရဲ့ဗျာ။ သစ်တုံးက သူ့အမိန့်ပေးလည်း လုံးဝမလှုပ်တော့ အင်္ဂလိပ်ကြီးက ရယ်ပါရော။ သူရယ်တော့ သစ်ကုမ္ပဏီ အလုပ်သမားတွေရော၊ စက်ဆရာတွေရော ဝိုင်းဟားကြ ရယ်ကြတာ ရေဆိပ်ဟာ ညံနေတာပဲ။

အရူးကြီးက အင်္ဂလိပ်ကြီးနဲ့ အလုပ်သမားတွေကို လှည့်ပြီး ဘုကြည့်ကြည့်လိုက်တယ်။

''နိုး ... နိုး ...''

အင်္ဂလိပ်ကြီးက မရဘူးတဲ့။

"You get out"

အရူးကြီးကို နှင်လွှတ်တယ်ဗျာ။

လူကြီးက သူ့ကို ဂရုမစိုက်ပါဘူးဗျာ။ ဒုတိယအကြိမ် ပါးစပ်ကအော်ပြောပြီး တုံးထိပ်ကို ကြိမ်လုံးနဲ့တွန်းတယ်။

''နိုး''

''ဝါး ... ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ... အစ်''

''အရူးကြီး ... အပေါကြီး ... တော်ပါတော့ ... တော်ပါတော့''

ကျုပ်တို့ ခရီးသွားနဲ့ ရွှေလီရွာသားတွေလည်း အရူးကြီးကို သနားလာကြတယ်။ ရူးတာလည်း ရူးတာပေါ့။ တော်ရုံတန်ရုံရူးတာ ကိစ္စမရှိဘူးဗျာ။ အခုဟာက မျက်နှာဖြူလူမျိုးရှေ့မှာ ရူးပြနေတာဗျာ။ ခုတော့ အလှောင်အပြောင်ခံရ၊ နှင်ထုတ်ခံရပြီပေါ့။

ဒီမှာပဲ သူက တတိယအကြိမ် အမိန့်ပေးပါရော။

''ဟေ့ ... ကျွန်းတုံးကြီး၊ ခရီးသွားတွေကို ဒုက္ခမပေးနဲ့ကွာ။ မင်းက ကျွန်းတုံး အလိမ္မာကြီးပါကွ။ ခရီးသွားတွေကို အကျိုးပြုစမ်းပါ ... ငါ့ကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရာ။ အေး ... ဒါကြောင့် ဟောဒီက ဆေးကြိမ်လုံးနဲ့ အသာတွန်းလိုက်မယ် ... ရွှေတုံးဆိုတဲ့ ရတနာကျွန်းတုံးကြီး ရွှေလီမြစ်ထဲမှာ ရေစုန်ရေဆန်ကစားပြပြီး ... ဟဲ့ မြစ်လယ်မှာ ပဒပ်ရပ်ပြဖို့ ခုချက်ချင်းရွေ့စမ်းလဟဲ့''

သို့ကလိုပြောပြီး ကျွန်းတုံးထိပ်ကို ကြိမ်နဲ့တို့ပြီးအသာတွန်းလိုက်ရော–

''ဟာ ...''

''အလိုလေးတော်''

''အိုး ... မိုင်ဂေါ့''

''အလို ... သစ်တုံးကြီး ရွေ့သွားပြီ၊ ရွေ့သွားပြီဟေ့''

''ဘုရားရေ ...''

လူကြီးရဲ့ အမိန့်ပေးစကားဆုံးရော ကန့်လန့်ခံနေတဲ့ လူ့ပုဆိုးတစ်ကွင်းစာ လုံးပတ်ရှိတဲ့ ကျွန်းတုံးကြီး ဘယ်ညာရွေ့လာပါရောဗျာ။ အင်္ဂလိပ်ကြီးလည်း ဘုရားတ၊ ရှိသမျှ လူပေါင်းများစွာလည်း အံ့သြနေချိန် ...

အရှုးလိုလူကြီးက ရေစီးမှာရွေ့စပြုတဲ့ ကျွန်းတုံးပေါ် လွှားခနဲခုန်တက်လိုက်ပါရောဗျာ။ သူက ကျွန်းတုံးပေါ်မှာရပ်ပြီး တဟားဟားရယ်လို့။ အင်္ဂလိပ်ကြီးက အရှုးလိုလူကြီးကို မတ်တတ်ရပ်ဆလံပေးတာမှ အကြိမ်ကြိမ်ပဲဗျ။ စောစောက မချေမငံပြောမိကြတဲ့ အလုပ်ခေါင်း၊ စာရေးကြီး၊ စာရေးလေး၊ တောခေါင်း၊ အလုပ်ကြပ်နဲ့ ဝန်ထမ်းတွေလည်း ခုတော့ အရှုးလိုလူကြီးကို အံ့သြကုန်ကြပါရော။

အရှုးလိုလူကြီးဟာ ပေ (၄၀)ခန့်ရှည်တဲ့ သစ်လုံးပေါ်မှာ လမ်းလျှောက်ပြတော့ ကမ်းနှစ်ဖက် လူတွေ အားရဝမ်းသာ လက်ခုပ်တွေ တီးကြပါရောဗျာ။ ရပ်ရာကနေ ကျွန်းတုံးကို ခွစီးထားပြန်တယ်ဗျ။

ဒီမှာပဲ ကျွန်းတုံးက ရေဆန်ပြန်တက်ပါရော ... ဦးပေါ်ထူးရေ။

ရွှေလီမြစ်ဟာ ရေစီးသန်တဲ့မြစ်ပါဗျာ။

အခု သူရပ်နေတဲ့ကျွန်းတုံး ရေဆန်ကိုပြန်တက်တာ မြင်ရတော့ ပြောကုန်ကြပြီဗျ။

လူစင်စစ်မှ ဟုတ်ရဲ့လားဟဲ့။ လူယောင်ဆောင်လာတဲ့ နတ်မိကျောင်းများလားကွာ။

ကြည့်စမ်း ... ကျွန်းတုံးကြီး ရေဆန်ကို တက်သွားရာကနေ ရေစုန်ကို ပြန်စုန်တယ်။ ရေစုန်ရေဆန် သုံးခါပြပြီးရော ကျွန်းတုံးအရင်းပိုင်းက ရေထဲကို တဖြည်းဖြည်းနစ်ဝင်ပြီး အဖျားပိုင်းထောင်လာပါရောဗျာ။





''လုပ်ကြပါဦးဟ ... ဟိုလူကြီးလိမ့်ကျပြီး ရေနစ်လိမ့်မယ်ဟ''

''လှေသမားတွေ ဘာလုပ်နေတာလဲ။ တို့ဘကြီး ရေထဲကျတော့မယ် ကယ်ကြပါဟဲ့။ မြန်မြန်လုပ်ကြပါတော် ... ဘုရား ... ဘုရား''

လှေသမားတွေ ချက်ချင်းသတိရပြီး လှေတွေနဲ့ သစ်တုံးကြီးထောင်စိုက်နစ်မြုပ်မယ့်နေရာကို အပြင်းလှော်ခဲ့ကြတယ်။

ကမ်းပေါ်မှာ အော်သံတွေ ညံနေတာပဲဗျာ။

သစ်တုံးက ရေထဲကိုစောင်းပြီး စိုက်နစ်နေပြီဗျ။

အံ့သြစရာပဲ ဦးပေါ်ထူးရာ။ လူကြီးက စောင်းနစ်နေတဲ့ ကျွန်းတုံးပေါ်မှာ ရှဉ့်တစ်ကောင်လို လှစ်ခနဲ ဖျတ်ခနဲ ပြေးသွားပြီး ရေထဲနစ်နေတဲ့ ကျွန်းတုံးအဖျားထိပ်မှာ မတ်တတ်ရပ်ပြနေတာဗျာ။ ကျွန်းတုံးက နစ်လိုက်ပေါ်လိုက် ဖြစ်နေတယ်။ လှေသမားအုပ်စုကလည်း လှေတွေကို အပြင်းလှော်လာကြတယ်။

''ဘကြီး ... ကျုပ်တို့လာပြီဗျို့ ... တောင့်ထားဗျ''

''ဘကြီး ... လှေပေါ်ကို ခုန်ချလိုက်ပါဗျ ... ခုန်ချပါ''

လူကြီးက သစ်တုံးထိပ်မှာရပ်ပြီး တရွေ့ရွေ့ချဉ်းကပ်လာတဲ့ လှေသမားတွေကို ကျေနပ်ပီတိပြုံးနဲ့ ကြည့်နေတယ်။ လှေသမားတွေ မြုပ်လုလုကျွန်းတုံးအနားရောက်ရော လူကြီးနဲ့ ကျွန်းတုံးဟာ ရေအောက်ကို စုန်းစုန်းမြုပ်သွားပါရော ဦးပေါ်ထူးရာ။

လှေသမားတွေဟာ ကျွန်းတုံးမြုပ်သွားတဲ့ နေရာဝန်းကျင်ကို ပိုက်စိပ်တိုက်ရှာကြတယ်။ ရေကူး၊ ရေငုပ်ကျွမ်းကျင်သူတွေက ရေငုပ်ပြီး ရှာကြတယ်။ မော်တော်နဲ့ သင်္ဘောငယ်တွေက ရွှေလီမြစ်ရေစီးအောက်ကနေ စောင့်ကြိုပြီး လူကြီး ပေါ်လာရင်ကယ်ဖို့ အသင့်ရှိနေကြတယ်ဗျာ။

မြစ်ကမ်းပေါ်မှာရှိတဲ့ လူယောက်ျား၊ မိန်းမသားတွေရဲ့ ငိုသံ၊ စုတ်သတ်သံတွေဟာ မျက်ရည်ရှိုက်သံနဲ့ နှမြောတသ ယူကျုံးမရဖြစ်လို့ပေါ့။ သစ်ကုမ္ပဏီက လူတွေလည်း သူတို့မျက်စိရှေ့မှာ ဖြစ်ပျက်သွားတော့ အရှုးလိုလူကြီးရဲ့ လှုပ်ရှားမှုကိုမြင်ပြီး အကြီးအကျယ် အံ့သြနှောင်တရသွားကြတယ်။ အင်္ဂလိပ်ကြီးကတော့ ရွှေလီမြစ်ကို စိုက်ကြည့်ပြီး ဆလံပေး အလေးပြုနေရဲ့။

အားလုံး ဝေဖန်နေကြပြီ။

''စက်နဲ့ဆွဲလို့မရတဲ့ ကန့်လန့်ကျွန်းတုံးကို ဒီအရှုးလိုလိုဘကြီးက ကြိမ်လုံးနဲ့တွန်းရွေ့တာဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''လူဆိုရင် ဘယ်လိုလူ လုပ်နိုင်မှာတုံးဗျာ ဟင်''

''ဒါ တန်ခိုးရှင်ပဲ ဖြစ်မှာပဲ''

''ဒီလူကြီးက ဘယ်အရပ်သားလဲဟေ့ ဟေ''

''မသိဘူးဗျ ... ခုမှ မြင်ဖူးတာပဲလေဗျာ''

''ရေထဲကို သစ်တုံးနဲ့အတူ နစ်သွားတာဗျာ''

''ဖြစ်မှဖြစ်ရလေကွယ် ... သူ့အစွမ်းကြောင့် ဒီကျွန်းတုံးကန့်လန့်ကြီး ရွေ့တာကွယ့်''

''ဘယ်လိုလူလဲ မသိဘူးနော်''

''ဒီလိုလုပ်သွားနိုင်ပုံကို ကြည့်ရင် ဒါ အရှူးတော့ မဖြစ်နိုင်ဘူးဟေ့''

''အားလုံးနားထောင်ကြပါဗျို့ ... ကျုပ်တို့အားလုံး ထူးဆန်းတဲ့လူကြီး ရဲ့ အလောင်းကို မတွေ့တွေ့အောင် ရှာကြမယ်ဗျို့။ တွေ့ရင် သူ့အလောင်းကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးရမယ်။ သူ့ကျေးဇူးကို ကျုပ်တို့ မေ့လို့မဖြစ်ဘူးဗျ''

''ဟုတ်တယ် ... ကျုပ်တို့ အလောင်းရှာကြမယ်ဗျို့''

ဒီမှာ ရွှေလီရွာသား လူကြီးတစ်ဦးက လူအုပ်ကြီးကိုကြည့်ပြီး မေးလိုက်တယ်ဗျ။

''ရွှေလီသားတို့၊ ခရီးသွားတို့ ... ဟောဒီရွှေလီမြစ်ထဲ ကျွန်းမျော ကန့်လန့်တုံးနဲ့အတူ နစ်သွားတဲ့လူကြီးကို သိတဲ့ကျွမ်းတဲ့လူများ ရှိကြပါလားဗျ''

ဘယ်သူမှ မဖြေကြဘူး။

ရွှေလီမြစ်ထဲကိုပဲ ဝမ်းနည်းမျှော်လင့် မျက်လုံးတွေနဲ့ ကြည့်နေကြတယ်။ အင်္ဂလိပ်သစ်လုပ်ငန်းရှင်ကလည်း လာပြောတယ်။ ဒီလို အံ့သြစရာကောင်းတဲ့လူကို သူ အများကြီး ကျေးဇူးတင်လို့ပါတဲ့။ လူကြီးရဲ့လိပ်စာကိုသိရင် ကူညီပါတဲ့။ လူကြီးကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချင်လို့ပါတဲ့ဗျာ။

ရွှေလီဒေသခံ အဘိုးကြီးကလည်း ထပ်အော်မေးပြန်တယ်။

''ကျွန်းတုံးနဲ့အတူ မြစ်ထဲမြုပ်သွားတဲ့လူကြီးကို သိတဲ့လူ မပါကြဘူးလား ဟေ့''

''ဆရာကြီး သိတယ်''

''ဟယ် ... သီလရှင်အမေကြီးက သိတယ်တဲ့တော်''

''အမေကြီး ... ရှေ့ကိုကြွပါခင်ဗျ''





အသက် (၆၀)ကျော်ခန့်ရှိတဲ့ သီလရှင်အမေကြီးက တုတ်တောင်ဝှေး ထောက်ရင်း လူအုပ်ရှေ့ကို ရောက်လာတယ်။

''အဘွားသီလရှင်ကြီး''

''ဟုတ်ကဲ့ ... ဒကာကြီး''

''အဘွားသီလရှင်ကြီးက ဘယ်အရပ်ကတုံး''

''ရွှေလီဆွမ်းခမ်းရွာကပါ ... ဒကာကြီး''

''အဘွားသီလရှင်ကြီး ဖျင်ကြမ်းတိုက်ပုံနဲ့လူကြီး ကန့်လန့်ခံကျွန်းတုံးကို ကြိမ်လုံးနဲ့ တွန်းထိုးရွှေ့နေတာ မြင်လိုက်ရလားဟင်''

''မြင်ရုံဘယ်ကမှာလဲ ကျွန်းတုံးပေါ်ထိုင်ပြီး မြစ်ရေအောက်ကြွသွားတာပါ မြင်ရတယ်''

''ကြွသွားတာ ... ဟုတ်လား''

''ဟုတ်တယ် ... ဒကာ ... ကြွသွားတာ။ သူက ရွှေလီမြစ်ဖျားမှာ တရားထိုင်နေတာ။ ရွှေလီမြစ်ကျဉ်းထဲ ကန့်လန့်ခံနေတဲ့ ကျွန်းမျောကို ဟိုလူဖြူကောင်အဖွဲ့ ရွှေ့မရမှန်းသိနေလို့ ဝင်လုပ်ပေးသွားတာ။ သူက ဒီလိုပဲလေ ... မြန်မာပြည်အနှံ့ လျှောက်သွားတယ်။ သာသနာပန္နက်ရိုက်တယ်။ အခြေခိုင်ရင် ကိုးတောင်ပြည့်ကပ်ကျော်စေတီ တည်မယ်။ ဒုက္ခရောက်နေတဲ့သူတွေ့ရင် ခုလို ကူညီတယ်။ သူ့ကို အထင်အမြင်သေးပြီး ပမာမခန့်လုပ် စော်ကားမော်ကားပြုရင်လည်း သူဘာလဲ သိသွားအောင် အံ့သြစရာတွေ လုပ်ပြတာပဲ။ အခု ရေအောက်ကို ကြွသွားတာ သူသေပြီလို့ ထင်လား ... ဒကာကြီး''

''ရေထဲက ပေါ်မလာတာကြာပြီ ဆရာကြီး။ သေပြီနဲ့တူပါတယ်ဗျာ''

''သူ မသေဘူး''

''ဗျာ ...''

''ရေထဲကနေ ကုန်းပေါ်ကို ကြွဦးမှာ။ သူ့မှာ လုပ်စရာတာဝန်တွေ အများကြီးရှိသေးတယ်။ ရေနစ်လို့ မသေဘူး။ မီးရှို့လို့ မသေဘူး။ သေနတ်နဲ့ ပစ်လို့လည်း မသေဘူး''

''အဘွား ... ဟုတ်ရဲ့လား ... အဘွားရယ်''

''ငါက မျက်မြင်ကိုယ်တွေ့မို့ ပြောတာပါ။ ငါက ရှစ်ပါးသီလနဲ့နေတဲ့ ဘုရားသမီးပါ။ ငါ ညာမပြောဘူး''

''အင်း ... ဖြစ်နိုင်မှာပါပဲ ... အဘွား။ ခုလည်း ဝန်ချီစက်တို့၊ လူ အင်အားတို့နဲ့ ဆွဲလို့ ရွှေ့လို့မရတဲ့ ကန့်လန့်တုံးက ကြိမ်လုံးနဲ့တောက်လို့ ရွှေ့သွား



www.burmeseclassic.com

www.burmeseclassic.com



တာကိုမြင်တော့ သာမန်လူမဖြစ်နိုင်ဘူးလို့ တွေးတာပေါ့။ အဘွားပြောသလို ရေအောက်မှာ အသက်မသေပါစေနဲ့လို့ ကျွန်တော်တို့ ဆုတောင်းနေကြပါတယ် ... အဘွား။ အဘွားနဲ့က ဆွေမျိုးသားချင်းလားဟင်''

''ငါနဲ့ လူချင်း ဆွေမျိုးမတော်ပေမဲ့ ယုံကြည်မှုချင်းက ဆွေမျိုးတော်တယ်''

''အဲဒီလူထူးဆန်းကြီးရဲ့အမည်ကို သိချင်လို့ပါ ... အဘွား။ သူ့နာမည်ဘယ်လိုခေါ်လဲဟင်''

''သူ့နာမည် ...''

''ဟုတ် ... ဟုတ်''

''အောင် မင်း ခေါင်''

''ဗျာ ... အောင်မင်းခေါင်။ ဟို ... ဟို ... အဖေကြီး ဝိဇ္ဇာဓိုရ်အောင်မင်းခေါင် ... မင်းခေါင်လားဟင် ... အဘွား ဟင်''

''သိပ်ဟုတ်တာပေါ့ ... သူ့ကို မပြစ်မှားကြနဲ့။ သူက သူတော်ကောင်းကြီး။ သာသနာ့အကျိုးတော်ဆောင် မျိုးချစ်ကြီး''

သို့ကလိုပြောပြီး လူအုပ်ထဲက ရေဆိပ်ရှိရာကို သွားပြီး ထွက်ခါနီးသမ္ဗန်ပေါ်ကိုတက် လိုက်ပါသွားလေရဲ့။

မြစ်ဆိပ်မှာတော့ ကျက်စီညံနေပြီဗျာ။

''အဖေကြီး အောင်မင်းခေါင်တဲ့ဗျ''

''အဖေကြီးမှန်းသာ စောစောကသိရရင် ငါတို့ ထိုင်ရှိခိုးလိုက်ပါရဲ့ကွာ''

သစ်လုပ်ငန်းက လုကြမ်းတွေလည်း ဝိဇ္ဇာဓိုရ်အဖေကြီးအောင်မင်းခေါင်မှန်း သိသွားကြရော လန့်ဖျန့်ကုန်ကြပါရောဗျာ။ အရှုံး ပေါ်ကြီးဆိုပြီး ကြိမ်းမောင်းဆဲဆို နှင်လွှတ်ခဲ့မိတာကိုး။ ဘိုးတော် အောင်မင်းခေါင်ခေါ် အဖေကြီးခေါင်မှန်း သိသွားရော ဘာပြောကောင်းမလဲဗျာ။ ရွှေလီမြစ်ကို ထိုင်ကန်တော့လိုက်၊ အဖေကြီးကို ခွင့်လွှတ်ပေးဖို့ တောင်းပန်လိုက်နဲ့ တယ်ကြောက်လန့်တတ်ကြပါလား ... ဦးပေါ်ထူးရာ။ ဒါကြောင့် ကျုပ်က ဦးပေါ်ထူးတို့ မြင်းတွေယူပြီး မြင်းခတ်ဆင် မြင်းရေးပြတော့ ... ဒါ ... အဖေကြီးအောင်မင်းခေါင်မှန်း တန်းသိတာပေါ့ဗျာ''

✿ ✿ ✿

|၃၂|

❑

ညောင်ပင်သာရွာသား ကိုမုန်းထံကနေ ရွှေလီမြစ်ထဲက အံ့ဖွယ်ဘနန်းဖြစ်ရပ်ကိစ္စကို သိရပြီးနောက် ဆရာကြီးခေါင်ကို ပိုလေးစားခဲ့ရတယ်။ ဒုက္ခရောက်နေတဲ့သူတွေရဲ့ဘဝကို အရှုံးလိုဟန်ဆောင်ပြီး ကယ်တင်ကြည့်ရှုခဲ့တယ်ဗျာ။

သူ့ကို စော်ကားပစ်မှားသူတွေကိုလည်း အမြဲခွင့်လွှတ်နေပါတယ်။ စော်ကားတဲ့သူ ဒဏ်သင့်တာတော့ သူပြုတဲ့ကံရဲ့ အကျိုးပဲပေါ့လေ။ အများအားဖြင့် အဲဒီလူတွေလည်း ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်ကြီးဟဲ့လို့ သိသွားရင် ကန်တော့တောင်းပန်ကြတယ်။ တပည့်ခံကြတယ်။ တပည့်ခံလာရင် ရတနာသုံးပါးမမေ့နဲ့ကွ။ ဆုတ် ခေတ်ကိုရောက်နေတယ် ... သားတို့ရဲ့။

ယက်သဲ့ကြားငါးတင် ...

တင်တဲ့ငါးကြောင်စား ...

ကျန်တဲ့ငါးမှ ဘုရားကယ်မှာဟဲ့ ...

ကိုးတောင်ပြည့်စေတီတည်ရင် ဝင်ပါကြ ဘုရားဒကာအဖြစ် ခံယူကြ။ ဒီကုသိုလ်က မင်းတို့နောင်ရေးအတွက်ပဲဟေ့ ဒီလို ဆုံးမလေ့ရှိတယ်။ ပြောရင်ယုံပါ့မလားမသိဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေလီမြစ်ထဲ အောင်မင်းခေါင်ကြီး ကျွန်းတုံးနဲ့အတူ နစ်မြုပ်သွားတော့ ရွှေလီသားတွေရော၊ ခရီးသွားတွေရော သနား နှမြောပြီး ငိုကြတာပေါ့။ သီလရှင်ကြီးက ရေမှာမသေဘူး ကုန်းပေါ်ပြန်ကြွလိမ့်မယ်လို့ ပြောတော့ မယုံချင်ကြဘူးပေါ့ဗျာ။

လွမ်းတ သတိရနေကြတာ နေ့စဉ်၊ ညစဉ်ပဲတဲ့။

ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်လို့ သိလိုက်ကြတော့ ပိုပြီး နှမြော တမ်းတကြတာပေါ့။

အံ့သြစရာပါပဲဗျာ။

ရေနစ်ပြီး တစ်လခန့်ကြာတော့ ရွှေလီရွာသားတစ်ဦး မြစ်ကြီးနားမြို့အထက်ကို ရောက်သွားခဲ့တယ်။ မြစ်ကမ်းနဖူးပေါ်မှာ ရွှေလီမြစ်မျော ကျွန်းတုံးကြီးတင်နေတာဖြစ်ကြောင်း စုံစမ်းသိရှိရတယ်။ ဖျင်ကြမ်းတိုက်ပုံနဲ့ လူကြီးတစ်ဦးရဲ့ အလောင်းရော မတွေ့ဘူးလားလို့ မေးကြည့်တော့ မျောတင်လာတဲ့ ကျွန်းတုံးပေါ်မှာ အကျီမပါတဲ့လူကြီးတစ်ဦး ကြိမ်လုံးလေး တမြှောက်မြှောက်နဲ့ ပြုံးပြုံးကြီး လိုက်ပါလာတာကို တွေ့ကြသတဲ့ဗျာ။

(အဲဒီ ရွှေလီကျွန်းမျောတုံးကြီးဟာ သက္ကရာဇ် ၁၃၀၀ ပြည့်အကျော်၊ ၁၃၁၄ ခုနှစ် ဝန်းကျင်အထိ ရှိနေသေးကြောင်း ကြားသိရတယ်)

ရွှေလီသားတွေ သူတို့အဖေကြီးအောင်မင်းခေါင် မသေဘူးဆိုတာ ကြားရင် ဝမ်းသာလိုက်မယ့်ဖြစ်ချင်းဗျာ။ ညောင်ပင်သာရွာသား မြင်းပိုင်ရှင်ကိုမုန်းလည်း ပြောခဲ့တယ်။ ရွှေလီကို လူကြုံများရှိရင် ပြောလိုက်ပါကွာ။ ရွှေလီသားတွေ လေးစားအံ့သြရတဲ့ အဖေကြီးအောင်မင်းခေါင် အသက်ရှင်လျက် ရှိနေပါတယ်လို့။

ကချင်တောင်ဂူနံရံမှာ ပုပ္ပားကိုလိုက်ခဲ့လို့ စာရေးထားတာကြောင့် ကျုပ် ပုပ္ပားတောင်တော်မြတ်ရှိရာကို လာခဲ့လိုက်တယ်။

အဲဒီအချိန်က မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ဝန်းကျင်ပဲဗျ။ မြန်မာနိုင်ငံမှာ ၁၃၀၀ ရာပြည့် ရေနံမြေအရေးတော်ပုံ ပေါ်တဲ့ကာလပေါ့။ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်အာခံနေတဲ့အချိန်။

ပုပ္ပားတောင်ဝန်းကျင်ဟာ တောကြီးစိမ်းညို့နဲ့ပေါ့။

ကတ္တရာလမ်း မရှိဘူး။ ဗျတ္တပန်းဆက်လမ်းလည်း တောလမ်းပဲ၊ ပုပ္ပားတောင်ခြေကိုရောက်ဖို့ တောင်ဆင်းတောင်တက် များတယ်။





ကျုပ် ပုပ္ပားတောင်ခြေကိုရောက်တော့ ပြဿနာက စကြိုနေပါရောဗျာ။ ပုပ္ပားတောင်ကို ရှမ်းကြီး (၇)ယောက်နဲ့လာခဲ့တာလို့ သိရတယ်။ ရှမ်းကြီးတွေက မြန်မာစကား သိပ်မပြောတတ်ကြဘူးတဲ့။ သို့သော် သူတို့က ဆရာကြီးခေါင်ကို အရမ်းလေးစားကြတယ်။ အားကိုးရှိသေကြတယ်။

ဆရာကြီးက ပုပ္ပားတောင်ခြေက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ပထမခေတ္တတည်းခိုနေတာ။ တောင်ကျောင်းဆရာတော် ဦးကေသရကျောင်းမှာပေါ့။ ဆရာကြီးက ဒီလူစုထဲမှာ ဖြူတ်စဗျင်းတောင်းပဲ၊ ဖျင်ကြမ်းတိုက်ပုံကလည်း ညစ်ပေလူးလို့။ တစ်သက်လုံး ခေါင်းမဖြီးတော့ ဆံပင်က ဖွာလန်နီကြောင်ဘုတ်သိုက်။

ပုဆိုးကလည်း ဟောင်းနွမ်းစုတ်ပြဲ။

ခြေမှာလည်း ဖိနပ်ကမပါ။ သူ့ကိုမြင်တော့ ခွေးတွေကလည်း မျက်နှာစိမ်းဆိုပြီး ဟောင်ကြတာပေါ့။ ကိုက်တော့ မကိုက်ပါဘူး။ ရေကလည်း မချိုးတာကများတယ်။ ကလေးတွေက တစ်ခါမှမမြင်ဖူးတဲ့ ဖြူတ်စဗျင်းတောင်းလူကြီးကို အရူးကြီး အရူးကြီးလို့ ဝိုင်းအော် လှောင်ကြပါရောဗျာ။ ကလေးတွေက အရူးကြီးလို့ ခေါ်ကြ အော်ကြတာကို ဆရာကြီးက စိတ်မဆိုးပေါင်ဗျာ။ ရယ်ပြုံးပြီးပြလိုက်သေးရဲ့ဗျာ။

ဆရာကြီးက ဘုန်းကြီးကျောင်းမှာတည်းပြီး တောင်ခြေက ရွာစုအိမ်စုတွေကို လိုက်စုးစမ်းတယ်ဗျ။ သူ့ကိုမြင်ရင် ခွေးတွေကဟောင်၊ ကလေးတွေက အရူးလို့အော်ကြ။ လမ်းလျှောက်ထွက်တဲ့ ရှမ်းကြီးတွေကိုလည်း နောင်ပြောင်ကြ။

ဆရာကြီးက တပည့်တွေနဲ့ ပုပ္ပားတောင်ကလပ်ပေါ် တက်လိုက်ဆင်းလိုက် လုပ်လုပ်နေတာကိုး။ တစ်ခါတလေ တောင်ပေါ်မှာ ပုတီးစိပ်တရားထိုင်တယ်။ ဆရာတော်က သတိပေးရတယ်။ ဒကာကြီး တောင်ပေါ်ကကြမ်းတယ်နော်။ တော်ရုံရှင်လူရဟန်း ညအိပ်နေလို့မရဘူးလို့ ပြောလေ့ရှိတယ်။

ခက်တာက ပုပ္ပားတောင်ခြေက ကလေးတင်မကဘူးဗျ လူကြီးတွေကလည်း အရူးကြီးလို့ ပြောလာကြပါရောဗျာ။

ရွာထဲဝင်ရင် အော်ကြပါပြီ။

''အရူးလာတယ်ဟေ့ . . . ကလေးတွေ အနားမကပ်ကြနဲ့''

''အရူးဗျို့ . . . အရူး . . . အရူး . . .''

''ဟဲ့ . . . ခွေးတွေ၊ အရူးကြီးကို ကိုက်ပါလားဟဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ဗျို့ ... အရှုံးကြီး၊ မိန်းမပျောက်လို့ လိုက်ရှာတာလားတော့။ ရွာမှား နေပြီ တော်ရေ''

''ဟိုမိန်းမတွေ ဟန်ရေးပြမနေနဲ့။ အရှုံးနဲ့ညားပြီး အရှုံးမယား ဖြစ်နေဦး မယ်ဟေ့''

ယောက်ျားသားနဲ့ မိန်းမသားအတော်များများက အဲဒီလို ပြောင်ကြ လှောင်ကြတာဗျာ။ သက်ကြီးတွေကတော့ ဟန့်ကြတယ်။ အဲဒီလို မပြောကြနဲ့၊ ဒါ သူစိမ်းဧည့်သည်ဟဲ့တဲ့။

ဘုန်းတော်ကြီးကလည်း မိစ္ဆာ၊ လူစ္ဆာ၊ လူပြောင်တွေကို ခေါ်ပြောရ တယ်။

''ဟဲ့ကောင်တွေ ... လူကြီးကို အရှုံးလို့ မခေါ်ရဘူးလေ''

''တင်ပါ့ဘုရား''

''သူက ရှုံးနေလို့လား''

''လမ်းပေါ်မှာ ခုန်ပေါက်ကနေလို့လား၊ နင်တို့ ဒုက္ခရောက်ချင်တယ်နဲ့ တူတယ်''

''အရှုံး ... အဲ ... အဲ ... လူကြီးက စကားမပြောဘဲ ဟိုကြည့်ဒီကြည့် လုပ်နေတာ ဘုန်းဘုန်းရဲ့။ ပြီး ... ခေါင်းညိတ်လိုက်၊ ရယ်လိုက် တစ်ယောက် တည်း ဟိုးပုပ္ပားတောင်ကို မော့ကြည့်ပြီး စကားတွေပြောနေတာဘုရား။ အဲဒါ အရှုံး ...''

''တော်စမ်း ... သူက ဧည့်သည်ဟဲ့။ နင်တို့က ရွာခံအိမ်ရှင်။ ဧည့်သည် က အိမ်ရှင်ကို မစော်ကားဘူး။ အိမ်ရှင်က ဧည့်သည်ကို စော်ကားနေတယ်။ သူ ဒီကိုလာတာ ဘုရားတည်ဖို့လာတာ''

''ဘယ်မှာတည်မှာတုံးဘုရား''

''ဟိုးပုပ္ပားတောင်ပေါ်မှာ တည်မှာ''

''အဟီ ...''

''နင်တို့က ဘာရယ်တာလဲ။ နောက်တစ်ခါ အရှုံးလို့ ခေါ်တယ်ကြားရင် ဟောဒီကြိမ်လုံးကို ကြည့်ထား ... သွားကြတော့''

ဘုန်းကြီးက ရွာသူရွာသား လူပြောင်တွေကို ခေါ်သတိပေးပါတယ်။ ပုပ္ပားတောင်ကလပ်ပေါ်မှာ စေတီတည်ဖို့ရောက်လာတာ ပြောတော့ ပြုံးကြတယ်။ ပြုံးမှာပေါ့လေ ဖျင်ကြမ်းတိုက်ပုံ ညစ်ထေးထေးနဲ့ ရွှေလည်းမပါ၊ ငွေလည်းသုံးမပြ





တဲ့ဆရာကြီး ဟိုး ပုပ္ပားတောင်မြင့်ကြီးပေါ်မှာ ဘုရားတည်မယ်ပြောတော့ ပြုံးတာ ပေါ့။ ဘုန်းကြီးပြောလည်း ပြောပြောပါပဲဗျာ။

ဆရာကြီးဦးခေါင် ဘုန်းကြီးကျောင်းက ထွက်လာတာမြင်ကြတာနဲ့ သံချပ်ထိုးသလို အော်ကြပါရော။

''အရှုံးကြီး ... အရှုံးကြီး ...''

''အရှုံးကြီးကို သူ့အမေရိုက်''

''မှောင်မိုက်မှာငို''

''ကိုလူပျို့တရံဖေါက်က''

''ခြေထောက်ကိုဆွဲ ... အရှုံးဗျ ... အရှုံး ...''

ကျွန်တော်တို့ရော၊ ရွှေလီမြစ်ဝှမ်းက ဆရာကြီးကို လေးစားအားကိုးလို့ လိုက်ပါလာကြတဲ့ ရှမ်းကြီးတွေကရော စိတ်မကောင်းကြဘူးပေါ့ဗျာ။ တော်တော့် ကို အစအပြောင်သန်တဲ့ ကလေး၊ လူကြီးတွေပါပဲဗျာ။

ဆရာကြီးကတော့ သူတို့ကို စိတ်မဆိုးတဲ့အပြင် ပြုံးလို့ ရယ်လို့ဗျာ။ ဒီမှာပဲ ဆရာကြီးခေါင်က ဘုန်းကြီးကျောင်းဝန်းထဲကို လိုက်လံလှည့်ပတ်ကြည့်နေ တယ်ဗျာ။

ဒီမှာ ဂျပန်ခေတ်လက်ကျန် ကားစုတ်ကြီးတစ်စီးကို တွေ့သွားပြီး ကား ကို လှည့်ပတ်ကြည့်တယ်။ ကားက ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ဒေါ့ဂျစ်ကားဗျ။ အမိုးလည်းမရှိ၊ ကားမတ်ကတ်လည်း မရှိ။

ကားစုတ်ကြီးကို စိတ်ဝင်တစား ကြည့်နေတုန်း ဆရာတော်ဘုန်းကြီး အနီးကို ကြွလာတယ်။ ဆရာကြီးက ဘုန်းတော်ကြီးကို ...

''အရှင်ဘုရား ... ဒီကားက မောင်းလို့ရသေးလားဘုရား''

''မရတော့ဘူး ... ဒကာကြီး၊ ဂျပန်အပြေး အင်္ဂလိပ်အဝင်တုန်းက ဗုံး ထိထားလို့ မောင်းမရတော့ဘူး။ မောင်းလို့လည်းမရ၊ အင်ဂျင်လည်း အသစ်မလဲ နိုင်လို့ ဒီကျောင်းဝန်းထဲ စွန့်ပစ်ထားတာလေ''

''မောင်းကြည့်ပြီးပလား''

''မောင်းကြည့်ဖူးတယ် ... စက်နိုးလို့ မရဘူး ကြာပြီ''

''တပည့်တော် မောင်းကြည့်ချင်တယ်ဘုရား''

''မဖြစ်နိုင်တာ ... ဒကာကြီးရယ်။ မောင်းလို့ရရင် ဒီကားပိုင်ရှင်က မောင်းတာ ကြာပြီပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ကျုပ်တို့အနီးကို လူရည်သန့်နှစ်ဦး ရောက်လာတယ်။ ရွာထဲက လူကြီးအချို့လည်း ရောက်လာ စူးစမ်းကြတယ်။

''ဒကာကြီး ...''

''ဘုရား''

''ဟောဒီလူက မူလကားပိုင်ရှင်ပဲဗျ''

ကားပိုင်ရှင်ဆိုသူဆရာတော်ကို လက်အုပ်ချီပြီး မေးလျှောက်တယ်ဗျာ။

''အရှင်ဘုရား ... ဘာလုပ်နေကြတာလဲ ဘုရား''

''ခင်ဗျား ကားပျက်ကို မောင်းမလို့တဲ့လေ''

''ဟင် ... ဒီကားစုတ်ကားပျက်ကို မောင်းမယ်''

''ဟုတ်ပ''

''မောင်းမယ့်သူက ဘယ်သူတုံး''

''ဒီ ဖျင်ကြမ်းတိုက်ပုံနဲ့ ဒကာကြီးပဲ''

ကားပိုင်ရှင်က ဆရာကြီးကိုကြည့်ပြီး တွေးနေပုံပဲခင်ဗျ။ ဒါကြောင့်လည်း ဒီလူကြီးကို ရွာထဲကလူတွေက အရူးလို့ ခေါ်ကြတာပဲဆိုတဲ့ အတွေးအကြည့်နဲ့ ကြည့်တာ ...

''ဒီမှာ ... ဦးလေးကြီးရဲ့၊ ဒီကားက ဗုံးထိထားလို့ ပျက်နေတာ ကြာပြီဗျ။ မောင်းလို့ရဖို့ နေနေသာသာ စက်တောင် မီးပူတိုက်နိုးလို့မရဘူး။ ခင်ဗျားက မောင်းမလို့လား''

''အေး ...''

''ခင်ဗျား မောင်းလို့ရရင် ဒီကားအပိုင်ယူသွား။ သံဂျတ်ဈေးနဲ့ရောင်းစားတောင် ဝယ်မယ့်သူ မရှိတဲ့ကားပဲ''

''မောင်းလို့ရရင် ယူ ဟုတ်လားဟေ့''

''ဟုတ်တယ် ... အပိုင်ယူပါဗျာ ... ဟား ဟား ဟား ဟား ... သူများပြောတာ မယုံဘူး။ ကိုယ်တိုင်ကြုံမှ အရူးမှန်း သေချာသွားတာပဲကိုး''

ပိုင်ရှင်က ဆရာကြီးကို အရူးတဲ့။

ကားပိုင်ရှင်က လူရည်သန့်နှစ်ဦးနှင့် စကားပြောနေတုန်းမှာပဲ ဆရာကြီးက ခါတ်ဆီတိုင်ကီဖွင့်ပြီး ရေတစ်ပုံးလောင်းထည့်လိုက်တယ်။ ကျုပ်ရော၊ ရှမ်းကြီးတွေရော မျက်နှာပူနေကြပြီဗျာ။ ကျုပ်က ဝင်တားဖို့လုပ်တော့ စိုင်းမောက်ဆိုတဲ့ လူကြီးက ကျုပ်ကို ဆွဲထားပြီး ...





''ကြည့်နေလိုက်ပါနော''

''ကားက အစုတ် ...''

''ရှူး ... တိတ်တိတ်နေပါနော''

ဆရာကြီးက ကားတံခါးကို ဆွဲဖွင့်တယ်ဗျာ။ တံခါးက သံချေးကိုက်ပြီး ကျပ်နေတော့ ဖွင့်မရဘူး။

''ကဲဟာ ...''

''ဂုန်း ... ဂျုန်း''

''ဒေါသချည်းပဲကိုး''

ကားတံခါးကို သူ့လက်သီးနဲ့ ထိုးလိုက်တာ ဂုန်းဆိုမြည်ပြီး ကားတံခါး ပွင့်သွားပါရောဗျာ။ ပြီး ကားရှေ့ခန်းဒရိုင်ဘာနေရာမှာ ဝင်ထိုင်ရင်းက ...

''ဟေ့ ... ကားပိုင်ရှင်''

''ဘာတုံး''

''ကားသော့ရှိလားဟေ့''

''ကားသော့လား ... ပျောက်နေတာ နှစ်နဲ့ချီနေပြီဗျား''

''ဒါဆို ပြီးရော''

ကားပျက်ကားစုတ်ကို ကားသော့မရှိဘဲ မောင်းမလို့တဲ့ဗျာ။ အရူးလို လူကြီး ကားပျက်ကားစုတ်ကို ခါတ်ဆီမထည့်ဘဲ ရေထည့်မောင်းမယ်ဆိုတဲ့ သတင်းကြားလို့ တောင်ခြေရွာက ကလေးလူကြီးတွေ ဝိုင်းအုံရောက်လာပြီး လှောင်ကြပါရော။

''ဗျို့ ... အရူးကြီး ကျုပ်တို့ လိုက်လို့ရမလား''

''ကားခ ဘယ်လောက်တုံး''

''ကားခအစား ငှက်ပျောသီးတစ်လုံးပဲရရ ...''

''ဝူး ...''

''ဟ ဟ ဟ ...''

''ဝူး ... ဂျုတ် ဂျုတ် ဂျုတ် ဂျုတ်''

''ဟေ ... ကားက စက်နိုးတယ်။ ဟ ဟ ... ဟုတ်ရဲ့လား''

သူတို့ နောက်ပြောင်ရယ်မောလှောင်ပြောင်နေချိန်မှာပဲ ကားပျက်ကြီးက စက်နိုးပြီး အသံစုံမြည်၊ မီးခိုးတွေ ထွက်လာပါရောဗျာ။ ကျုပ်တို့အားလုံး အံ့အားသင့်ပြီး ကြည့်နေတုန်းမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



''ဝူး ဝူး ဝူး . . .''

''ဟာ . . . ကား . . . ကားလှုပ်လာပြီဟေ့''

''ဟော . . . ဟာ . . . ဘီးတွေလည်ပြီဟ''

''ဝူး . . . ဝေါ . . . ဝရုန်း''

''ဟ . . . ဟ . . . နောက်ဆုတ်ကြပါဟ . . . သောက်ကျိုးနည်းကားပျက်ကြီး ထွက်လာပြီ။ ဟဲ့ . . . ကလေးတွေ . . . ဆုတ် . . ရှောင် . . ပြေး . . ပြေး''

''ဝေါ . . . ဝရူး . . . ဝေါ''

''ဂျူး . . . ဂလုံး . . . ဂျူး . . . ဂျိုင်း . . . ဝေါ . . . ဝရူး''

သူတို့ပြောတဲ့ ကားပျက်ကြီး စက်သံဆူညံလို့ တရကြမ်း ခုန်ပေါက်ပြေးလာရော လူပြောင်လူနောက် ရွာသားတွေရော၊ ကားပိုင်ရှင်ရော၊ ဆရာတော်ဘုန်းကြီးပါ နောက်ဆုတ်ပြေးကြရပါရောဗျာ။

ဆရာကြီးဟာ ဘယ်သူ့မှ စကားမပြောဘဲ ကားပျက်ကြီးကို ပုပ္ပားတောင်ခြေရွာကနေ မောင်းသွားလိုက်တာ ကားနောက်မှာ ကားမီးလောင်မလားထင်ရအောင် မီးခိုးတွေ လုံးနေတာပဲဗျာ။

ဝုန်းဒိုင်း ဂျူးဂျိုင်းနဲ့ မျက်စိရှေ့က မောင်းထွက်သွားတဲ့ ကားပျက်ကားစုတ်ကိုကြည့်ပြီး ကားပိုင်ရှင် အရမ်းအံ့ဩနေတယ်။

''အရှင်ဘုရား . . .''

''ဘာတုံး . . . ဒကာကြီး ကျောက်ခဲ''

''သူ . . . သူ . . . ဘယ်လို . . . လူ . . . လူလဲ ဟင် ဘုရား''

''မင်းတို့ပြောတဲ့ အရူးကြီးလေ . . . ဒကာ''

''အရှင်ဘုရား . . . သူ . . . သူ . . . အရူး . . . မ . . . မဖြစ်နိုင်ဘူး . . ဘုရား။ ကားက ကားပျက်ကားစုတ်။ ပစ်ထားတာ ကြာပြီပဲ ဘုရား။ ဒီကားကို ကားသော့လည်းမပါဘဲ၊ ဓာတ်ဆီအစား ရေထည့်မောင်းသွားတယ်ဆိုတာ . . . လူ . . . လူသာမန် . . . မဖြစ်နိုင်ဘူး . . . ဘုရား''

ပုပ္ပားရွာသားရွာသူတွေလည်း အံ့ဖွယ်ဖြစ်ရပ်ကို မြင်ရပြီး ကြောက်လန့်တုန်လှုပ်နေကြပါရောဗျာ။ ကျွန်တော်လည်း အံ့ဩပေါ့။ ရှမ်းကြီးခုနစ်ဦးကတော့ ရွာသားတွေနဲ့ ကားပိုင်ရှင်ကို ကြည့်ပြီး တဟားဟား ရယ်နေလေရဲ့ဗျာ။

ဒီမှာပဲ ပုပ္ပားတောကျောင်းဆရာတော်က ကြောက်လန့်အံ့ဩနေတဲ့ ရွာသူရွာသားတွေဘက်ကို လှည့်ကြည့်ပြီး . . .





''ဟဲ့ . . . လူမိုက်တွေ''

''ဘု . . . ရား . . .''

''ဘုရား . . .''

''အော်ကြဦးလေ . . . အရူးကြီးလို့၊ နင်တို့အမေလင်ကို အရူးကြီးလို့ ပြိုင်တူအော်ကြဦးလေဟဲ့''

''မ . . . မ . . . မအော်ဝံ့တော့ပါဘူး ဘုရား''

''အရိုပ်ပြလို့ အကောင်မထင်တဲ့ လူ့အန္ဓတွေ။ နင်တို့ အခု ဘာလုပ်ရမလဲသိလား . . . သိလား''

''သိ . . . သိပါပြီ ဘုရား''

''အဲဒါမှ သဘောမပေါက်ရင် အစိစိကို လက်ချင်းချိတ်ပြီး ထမင်းအိုးဟင်းအိုးနဲ့ သွားကြ . . . မို့''

✿ ✿ ✿

[ ၃၃ ]

❑

ကျုပ်တို့ သတိထားပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘောင်းဘီရှည်ဝတ်ထားတဲ့ လူရည်သန့်လူနှစ်ယောက် မရှိတော့ဘူးဗျ။ ဒါနဲ့ ကားစုတ်ကားပျက်ပိုင်ရှင် ဦးကျောက်ခဲကိုမေးကြည့်တော့ အဲဒီလူစိမ်းနှစ်ဦးက ပုလိပ်အဖွဲ့ကတဲ့ဗျာ။ ဒီပုလိပ်တွေ ဒီကိုဘာလုပ်ဖို့လာတာလဲ။ ကျုပ်လည်း ဆရာကြီးအခြေအနေဘယ်လိုရှိလဲ၊ ဘယ်ရောက်နေလဲ သိချင်တာနဲ့ ကားတစ်စီးငှားပြီး ပုပ္ပားကနေ ကျောက်ပန်းတောင်းဘက်ကို ထွက်ခဲ့လိုက်တယ်။

ကျောက်ပန်းတောင်းမြို့ထဲရောက်တော့ ကြားရတာပဲဗျာ။

မီးခိုးတလူလူနဲ့ အသံစုံမြည်ဟီးနေတဲ့ အမိုးမပါကားစုတ်ကြီးကို ဖျင်ကြမ်းတိုက်ပုံရင်ဟပြဲနဲ့ လူကြီးက တစ်လမ်းဝင်တစ်လမ်းထွက် မောင်းထွက်သွားတာတဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ သူ့ကားသွားလေရာ မီးခိုးအူပြီး သံတိုသံစတွေ ပြုတ်ကျဆို ပဲ။

ဟုတ်ပါပြီဗျာ . . . ဒါ . . . ဆရာကြီးမောင်းတဲ့ ကားပျက်ကားစုတ်ပဲ ဗျာ။ နောက်ထပ်ကြားတာက ဆရာကြီးရဲ့ကားနောက်ကို ပုလိပ်ကားကလည်း တကောက်ကောက်လိုက်ပြီး တားတာတဲ့။

တိုတိုပြောရရင်တော့ . . .

ဆရာကြီးဦးခေါင်ဟာ ကားပျက်ကားစုတ်ကြီးကို အသက်သွင်းပြီး ပုပ္ပား ကနေ ကျောက်ပန်းတောင်းမြို့ထဲ အသွားအပြန်မောင်းပြီးမှ ပုပ္ပားတောင်ခြေက ကားမူလထားတဲ့ အမိုက်ပုံမှာ ကားကိုစက်ရပ်ထားပြီး ဆင်းလာလိုက်တယ်။

ဦးစွာ ရှမ်းကြီးခုနစ်ယောက်က ဆရာကြီးကို လက်အုပ်ချီပြီး အရိုအသေ ပေးကြတယ်။ ကျုပ်လည်း သိလိုက်ပြီဗျာ ဆရာကြီးက သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ဆိုတာ သေချာပြီဗျ။

ကျုပ် ဆရာကြီးကို ရိုသေစွာ ကန်တော့လိုက်တယ်။

ပုပ္ပားတောင်ခြေက အရူးကြီးလို့ အော်ဟစ်လှောင်ပြောင်သူတွေကလည်း ဆရာကြီးကို ကန်တော့ပြီး တောင်းပန်ကြလေရဲ့။ ကလေးတွေကအစ ထိုင် ကန်တော့ကြတာနော် . . .

ဆရာကြီးက အရူးလို့ ခေါ်တဲ့လှောင်တဲ့ ရွာသူရွာသားတွေကို စိုက်ကြည့် ပြီး . . .

''သားတို့သမီးတို့ . . .''

''ခင်ဗျား . . . အဖေကြီး''

''ရှင် . . . အဖေကြီး''

''သိကြပြီလား ဟဲ့''

''သိ . . . သိပါပြီ အဖေကြီးခင်ဗျား''

''မှတ်ထား . . . သားတို့၊ သမီးတို့၊ မြေးလေးတို့ . . . ကိုယ့်ထက် အသက် ကြီးတဲ့ ပုဂ္ဂိုလ်ကို မနောက်ပြောင်ရဘူး။ မစော်ကားရဘူး။ ကြီးသူကို ရိုသေရတယ်။ ငယ်သူကိုလည်း လေးစားရတယ်။ ဒါကို ဂါရဝတရားလို့ ခေါ်တယ်။ မြန်မာ့ ယဉ်ကျေးမှုလို့ ခေါ်တယ်။ လူကြီးသူမနဲ့ ရှင်ရဟန်းကို အရိုအသေပြု၊ ဂါရဝပြုနိုင်မှ ချ တာ တို့လူမျိုးရဲ့ တန်ဖိုးပဲ သားတို့။ ဆုတ်ကပ်ကာလကြီးမှာ မင်းတို့ ငါတို့ လူဖြစ် နေရတာ။ ငါတို့မှာ အမိမဲ့သား ရေနည်းငါးဘဝ ရောက်နေကြပေမင့် ငါတို့မှာ





ကိုးကွယ်အားထားစရာ ဗုဒ္ဓဘုရားရှင်ရှိတယ်။ ဘုရားသားတော် ရှင်ရဟန်းသံဃာ တွေ ရှိသေးတယ်။ တရားကောင်း တရားမြတ်တွေ မတိမ်ကောသေးဘူး . . . သားတို့၊ သမီးတို့။ ရဟန်းသံဃာရှိနေသမျှ တို့သာသနာ မကွယ်ဘူး မှတ်ထား။ ဘုရားဖက်မှ အသက်ရှည်တယ်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးဆိုတာ ယဉ်ကျေးတဲ့ လူမျိုးပါ . . သားတို့၊ သမီးတို့။ ဒီလို တရားမဲ့ကာလ၊ အရှင်မဲ့ကာလမှာ လူတွေ တရားပျက်နေကြတယ်။ လောဘ၊ ဒေါသတွေ ဆူဝေနေကြတယ်။ မေတ္တာတရား တွေ မှေးမှိန်နေကြတယ်။ ဒါ ဆုတ်ကပ်ရဲ့ ရှေးပြေးလက္ခဏာတွေပဲ သားတို့။

ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားကယ် လိမ့်မယ်လို့ တပေါင်ပေါ်နေတယ်။ ဒါကြောင့် လိမ္မာကြပါ။ သုစရိုက်ကိုဆောင်၊ ဒုစရိုက်ကိုရှောင်ကြ။ မင်းတို့အားလုံး ကံကောင်းအောင်နေနိုင်ကြဖို့ အဖေကြီး ဟောဒီပုပ္ပားတောင်တော်မြတ်ပေါ်မှာ ကမ္ဘာလုံးစေတီတည်မှာကွယ့်။ ငါ့သား၊ သမီးများကလည်း အုတ်တစ်ချပ်သဲတစ်ပွင့်ဝင်ပြီး ကုသိုလ်ပါကြပါ။ ဘုရားဒကာ၊ ဒကာမအဖြစ် ခံယူကြပါ။ ဒါ မင်းတို့ကို ကံကောင်းအောင် အဖေကြီး လုပ်ပေးတာ ပါ။ ခုနေတော့ ဒီမျှပဲပြောပါ့မယ်။ စေတီတည်ပြီးရင် ထူးတာ မင်းတို့သိရမှာပါ။ ကံကောင်းအောင်နေကြ . . . ကြားလား''

''ဟုတ်ကဲ့ပါ . . . အဖေကြီး''

''ဟုတ်ကဲ့ပါ . . . အဖေကြီးရှင့်''

ကြည့်စမ်းပါဗျာ . . . သူက လူနောက်လူရွှတ်တွေကို လိမ္မာလာအောင် လုပ်ခဲ့တယ်။ သူ့ကို အရူးကြီးလို့ ခေါ်သူတွေကို စိတ်မဆိုးဘဲ သူ့နောက်ပါလာ အောင် လုပ်ခဲ့တယ်။

ခုတော့ ပုပ္ပားဝန်းကျင်ကသာမက . . .

ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပုဂံဒေသကအစ သူ့ကို သိသွားကြပြီ။ သူက သိဒ္ဓိရှင်ပုဂ္ဂိုလ်၊ သာသနာပြုပုဂ္ဂိုလ်။ မယုံရင် ယုံအောင်လုပ်ပြတတ်တယ်။

ခုတော့ ကိုးတောင်ပြည့်စေတီ မြို့ရွာအနှံ့ ဆရာကြီးဦးခေါင် တည်ရတဲ့ စေတနာအရင်းခံကို သူတို့ သိသွားကြပြီ။

ကပ်ကျော်စေချင်လို့။

ကုသိုလ်ရစေချင်လို့။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ယုံကြည်ကိုးကွယ်ခြင်းရဲ့ တန်ဖိုးကို သိစေချင်လွန်းလို့။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကံတွေ ဆိတ်သုဉ်းပြီး ကုသိုလ်ကံတွေ အခက်အလက်၊ အညွန့် ဝေစေချင်လွန်းလို့။ မိုက်တွင်းနက်ချင်တဲ့ နေရာမျိုးကျတော့ စည်းရုံးရတာ မလွယ်။ ဒီတော့ မလွဲသာ မရှောင်သာ သိဒ္ဓိတစ်မျိုးမျိုးပြပြီး လူကောင်းသူကောင်း လေးတွေ ဖြစ်အောင် ဆောင်ကြဉ်းရတာလည်း ရှိတယ်ဆိုတာ သဘောပေါက်ခဲ့ ရတယ်ဗျာ။

ဟော . . . ဖြစ်ချင်တော့ ကြည့်။

ဆရာကြီးခေါင်ကို ကျောက်ပန်းတောင်းရဲဌာနက ခေါ်ပြီး စစ်မေးပါရော ဗျာ။ ဖြစ်မှဖြစ်ရပလေ . . ဆရာကြီးရဲ့ ဂုဏ်သတင်းကလည်း ကျော်စောနေတာကိုး။ ဆရာကြီး ဘယ်မြို့မှာ ကပ်ကျော်ကိုးတောင်ပြည့်စေတီ တည်မယ်ဆို ဝိုင်းလာ ရောက်လာ ကူညီကြပြီဗျာ။ ပြောရရင်တော့ . . . အများက ဆရာကြီးကို ဝိဇ္ဇာမိုရ် အောင်မင်းခေါင်အဖြစ် သိနေကြပြီလေ။

ရောက်ရာအရပ်မှာ ဆရာကြီးအောင်မင်းခေါင်လို့ သိသွားတာနဲ့ ဆရာကြီး ရဲ့ သာသနာပြန့်ပွားရေးအလုပ်မှာ ကူညီဖို့ ရောက်လာကြတာ။

အချို့က ဖြစ်ပျက်ခံစားနေရတဲ့ ရောဂါကို ကုချင်လို့ ရောက်လာကြတာ။ အချို့က ဆရာကြီးထံက ဘာဆေးညာဆေး လိုချင်လို့ ရောက်လာကြတာ။ ဆရာကြီးက ရောဂါဝေဒနာဆိုရင် ကူညီပေးပါတယ်။ ဟိုဆေးဒီဆေး လိုချင်သူဆို မောင်းထုတ်တယ်။

သူက ရာဇကြိုး၊ ဓာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုးဆိုတဲ့ ကြိုးလေးကြိုး ပဋ္ဌာန်းဆက်လေးမျိုးကို ပိုင်ပိုင်နိုင်နိုင်ရရှိထားပြီး အများကိုလည်း လိုအပ်သလို ကူညီပံ့ပိုး စောင့်ရှောက်ကူညီနိုင်သူကိုး။

ဒါကြောင့် လေးကြိုးမင်းခေါင်တဲ့။ လေးကြိုးကိုင်မင်းခေါင်တဲ့ . . .

ကြည်ညိုသူများတော့ ကျော်စောရော။ ကျော်ဇောတော့ ပုလိပ်က လန့် လာပြီ။ မင်းလောင်းများ ပေါ်မှာလား။ နောက်တစ်ကြိမ် မင်းလောင်းမောင်သန့်များ ထပ်ပေါ်မှာလား။ အစိုးရကို ပုန်ကန်သူဖြစ်မလား။ ဒါကြောင့် ဆရာကြီးကို ပုလိပ် အဖွဲ့ကမေးတာ။ ပုလိပ်စုံထောက်က မေးတယ်။

''ခင်ဗျားနာမည်က အောင်မင်းခေါင်လို့ ခေါ်တယ်နော်''

''ဟုတ်ပါတယ်''

''ဒါ နာမည်အရင်း မဟုတ်ဘူး။ နာမည်အရင်းက ဘာလဲ''

''မင်းတို့က ဘာလို့မေးရတာလဲ''





''ကျုပ်တို့က ပုလိပ်အဖွဲ့ကပါ။ လိုအပ်လို့ မေးတာပါ။ မေးတာကို မှန်မှန်ဖြေရင်ရတယ်''

''. . . . . . . . . . . . . . . . . .''

''ခင်ဗျားဇာတိက ပုပ္ပားအရှေ့မြောက် စင်မြင့်ရွာ''

''ဟုတ်တယ်''

''ရဟန်းဝတ်နဲ့ အနှစ်သုံးဆယ်''

''မင်းတို့ တယ်သိတာပဲကိုး''

''ခင်ဗျား ဘယ်မြို့တွေ့ ရောက်ခဲ့လဲ''

''မြန်မာပြည်အနှံ့ရောက်တယ်''

''ရသေ့ကြီးဦးခန္တီကို သိလား''

''သူတော်ကောင်းကြီးလေကွာ . . . သိတာပေါ့''

''ခင်ဗျားက ပုပ္ပားက ကားပျက်ကို စက်နှိုးပြီး ကျောက်ပန်းတောင်းမြို့ ထဲ မောင်းတယ်ဆိုတာ . . . ဟုတ်လား''

''မင်းတို့ ပုလိပ်ကား ငါ့နောက်လိုက်နေတာပဲလေ''

''ခင်ဗျား မှော်ပညာတတ်သလား''

''မှော်ပညာက ကလေးသင်ဖတ်စာကွ''

''ခင်ဗျား ကချင်ပြည်နယ်ရောက်ဖူးလား''

''ရောက်တယ်''

''ရွှေလီရေဆိပ်မှာ ဘာတွေလုပ်ခဲ့လဲ''

''ရွှေလီမှာ သွားမေးပေါ့ကွာ . . . ဟင်း ဟင်း ဟင်း''

''ခင်ဗျား မှော်ပညာတွေသုံးပြီး လူတွေ စည်းရုံးလှုံ့ဆော်နေတယ်လို့ သတင်းကြားတယ် . . . ဟုတ်သလား''

''အခု ငါ ပုပ္ပားရောက်နေတယ်ကွာ။ ပုပ္ပားကရွာတွေ လိုက်မေးကြည့် ပါ။ ငါ ဘာတွေပြောသလဲလို့ . . . ဟုတ်လား''

''ပုပ္ပားကို ဘာကြောင့် ရောက်လာတာလဲ''

''ဟိုး ပုပ္ပားတောင်မှာ စေတီတည်ဖို့ရောက်လာတာ''

''အင်္ဂလိပ်အစိုးရမင်းကို အကြည်ညိုပျက်တဲ့စကား ပြောတယ်လို့ သတင်းရတယ်''

''သက်သေစုံရင် ဖမ်းပါ . . . ရာဇဝတ်အုပ်မင်း''

''ကျုပ်တို့က သတင်းအရလာခဲ့တာပါ။ ပုပ္ပားတောင်မှာ စေတီတည် မယ်ဆိုတာ လူသူစုရုံးတာပဲမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''မင်းလည်းဗမာ၊ ငါလည်းဗမာပဲကွာ။ ငါတို့ဘုရားတည်တာ ကုသိုလ်လုပ်တာလား၊ အကုသိုလ်လုပ်တာလား မင်း နားလည်မှာပေါ့။ ဘုရားတည်၊ ထီးတော်တင်ရင် ဗုဒ္ဓဘာသာဝင်တွေ လာကြ ဖူးကြ ကူညီကြတာပဲ။ အင်္ဂလိပ်အစိုးရကို အကြည်ညိုပျက်အောင် ပြောရအောင် အင်္ဂလိပ်အစိုးရကရော ကြည်ညိုစရာ တကယ်ကောင်းလို့လား ... ပြော။ မင်း မြန်မာလူမျိုးပါ။ ဗုဒ္ဓဘာသာဝင်မဟုတ်လား။ ငါတို့ဘုရားတည်တာ အပြစ်ရှိလို့လား။ ဒီမှာမောင်ရင် ငါ ပုပ္ပားမှာ သေသည့်တိုင် နေသွားမှာ ... စောင့်ကြည့်''

ဆရာကြီးကလည်း မဟုတ်မခံသမားဗျ။

ရာဇဝတ်အုပ်လား၊ စုံထောက်လား၊ အဲဒီ ပုလိပ်အရာရှိကို ချက်နဲ့လက်နဲ့ ပြန်ပြောတာဗျာ။

''ပုပ္ပားကနေ အခြားကိုသွားရင် ပုလိပ်ရုံးဂိတ်ကို အကြောင်းကြားပြီးမှ သွားပါ''

''ဟေ့ကောင်တွေ .. ငါ ဘယ်သူ့မှအကြောင်းမကြားဘူးကွ။ သိပေါ်မင်းတရားကြီးရှိနေရင်တော့ မင်းတရားကြီးကို ခွင့်ပန်တင်ပြပြီး ခရီးသွားမှာ ... ပုလိပ်မင်းရာ နော''

ပုလိပ်စုံထောက်အဖွဲ့ ရှုံ့ရှုံ့ရဲ့ရဲ့ဖြစ်ပြီး ပြန်သွားကြတယ်။ ပြန်တာတောင် ရှိုးရှိုးမပြန်ဘူး။ ကျုပ်တို့ဘက် လှည့်မဲလိုက်သေးဗျာ။

''ခင်ဗျားက ဘယ်သူလဲ၊ နာမည်က ဘာလဲ''

''ကိုပေါ်ထူးလို့ ခေါ်ပါတယ်ခင်ဗျ''

''ဘယ်ကလာတာလဲ''

''ရန်ကုန်ကပါ''

''အောင်မင်းခေါင်နဲ့ ဘာတော်လဲ''

''ကျုပ်တို့ဆရာကြီးပါ၊ ကျုပ်က တပည့်ပါ''

''ဒီ ပုပ္ပား၊ ကျောက်ပန်းတောင်းတစ်ဝိုက်မှာ ရှုတ်ရှုတ် ရှုတ်ရှုတ်မလုပ်နဲ့။ ကျုပ်အကြောင်း သိသွားမယ် ... ဟင်း''

''မလုပ်ရဲပါဘူးခင်ဗျား ... ကြောက်ရွံ့ပါတယ် ဆရာကြီးရယ်''

''ဟိုလူတွေ ဘာလူမျိုးတွေလဲ''

ကျုပ်ပြီးတော့ ရှမ်းကြီးတို့လူစုဘက် လှည့်ပါရော။

''မိုင်းမောက်နဲ့ ရွှေလီရှမ်းပနော''

''ဒီကို ဘာလာလုပ်တာလဲ''





''ဟိုတောင်ပေါ်မှာ ဘုရားတည်ပ။ ကုသိုလ်လိုချင်လို့ ဝိုင်းကူမယ်လို့ပလာတာ နော''

''ကောင်းကောင်းမွန်မွန်နေကြနော်။ ကျုပ်တို့ကို မျက်စိနောက်အောင် မလုပ်နဲ့ ... နားလည်လား''

''နားလည်ပ''

ဆရာတော်ကိုတောင် ဟိုမေးဒီမေး မေးပြန်ပါရော။

''ဟေ့ကောင် ... အင်္ဂလိပ်နောက်လိုက်ခွေးတွေ ထွက်သွားစမ်း။ ငါ့ကျောင်းဝိုင်းထဲက မြန်မြန်ထွက်သွားကြစမ်း။ သာသနာရေးကိစ္စ အေးအေးဆေးဆေး မလုပ်ရဘူး။ ထွက်သွားကြစမ်းကွာ''

ဆရာတော်ကိုတော့ ပုလိပ်စုံထောက်တွေ ကြောက်သားဗျ။ ဆရာတော်က ကိုယ်ရုံသင်္ကန်းကို ချွတ်ချပြီး အသံမာမာနဲ့ ပြောလိုက်ရော လက်အုပ်လေးချီပြီး ထွက်သွားကြပါရော။

ဒီလို ဆရာကြီးခေါင်ကို လာရောက်စုံစမ်း စစ်ဆေးမေးမြန်းကြတာက တစ်ကြိမ်လည်းမဟုတ်ဘူးဗျာ။ အကြိမ်ကြိမ် လူပြောင်းပြီး လာမေးနေကြတာ။ မဆီမဆိုင် ဆရာကြီးခေါင် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံအကြောင်း လာမေးတယ်။ သခင်တွေထဲက ဘယ်သူ့ကို သိလဲတဲ့၊ ရင်းနှီးလားတဲ့။ သခင်နာမည်တွေ ပြောပြီးမေးတာ။

အကြိမ်များလာတော့ ဆရာကြီးခေါင်လည်း စိတ်ညစ်လာပြီး ...

ကျုပ်တို့လည်း ပုလိပ်က မသင်္ကာသလိုလို ...

ဆရာကြီး ဘုရားတည်မည့်ကိစ္စမှာ ကူညီဖို့ရောက်လာကြတဲ့ နယ်က တပည့်တွေ ပုလိပ်မေးမှာကြောက်ပြီး နေရပ်ပြန်ကုန်ပြီ။

တစ်နေ့ ကျုပ်ကို ခေါ်ပြောတယ်။

''ပေါ်ထူး ...''

''ခင်ဗျား ... ဆရာကြီး''

''ပုလိပ်သားတွေ၊ စုံထောက်တွေ သိပ်လွန်နေပြီကွာ''

''ဟုတ်တယ် ... ဆရာကြီး။ သူတို့ ခဏခဏလာလာမေးမြန်း စုံစမ်းလို့ ပုပ္ပားရွာကလူတွေတောင် ခပ်လန့်လန့်ဖြစ်နေပြီဗျ''

''အေးပေါ့လေ ... သိအောင်တော့ ပြရသေးတာပေါ့ကွယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၄ ]

❑

တစ်နေ့သောနံနက် (၁၀)နာရီလောက် ကျောက်ပန်းတောင်းပုလိပ်ဂါတ်ရှေ့မှာ ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခု အုတ်အော်သောင်းနင်း ဖြစ်ပါရော။

ပုလိပ်ဂါတ်ရှေ့က ကွက်လပ်ဝန်းကျင်မှာ လူတွေလူတွေ တိုးဝှေ့ကြည့်နေကြတာ နည်းရော့လား။ ဖြစ်ချင်တော့ ကိုယ်ကလည်း ဒီနေ့မှ ကျောက်ပန်းတောင်းကို ရောက်သွားတာနဲ့ ဆုံပါရောဗျာ။

ကျောက်ပန်းတောင်းမှာ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ရှိလို့ လာတွေ့တာ။ ဆရာကြီးခေါင်လည်း ရေနံချောင်း ခဏသွားနေတယ်။ သူမရှိတုန်းလေး အလည်ထွက်တာပေါ့။

သူငယ်ချင်းအိမ်ကအပြန် ကျောက်ပန်းတောင်းဂါတ်တဲရှေ့ လူစုရုံးစုရုံးမြင်လို့ ဘာလဲသိရအောင် ဝင်တိုးကြည့်လိုက်တော့ အမယ်လေး ... ကျုပ်တို့ဆရာကြီး ဖြစ်နေပါရောဗျာ။

ဆရာကြီးခေါင် ရေနံချောင်းသွားတယ်လို့ သိထားတာ။ ဘယ့်နှယ် ... ကျောက်ပန်းတောင်းဂါတ်တဲရှေ့ ဘာထိုင်လုပ်နေပါလိမ့်။





အလို ... မြေကြီးပေါ်မှာ ပုဆိုးဒူးပေါ်နဲ့ တင်ပျဉ်ခွေထိုင်နေတာဗျ။ မျက်နှာကလည်း အိုးမည်းတွေလား၊ ဆေးမည်းတွေလားမသိ ပေကျံလို့။ မျက်နှာကိုကြည့်ရင် ဆရာကြီးခေါင်လို့ မပြောနိုင်ဘူး။

ပြောနိုင်တာက သူ့ကိုယ်မှာဝတ်ထားတဲ့ ချေး လက်လေးသစ်ထူနေတဲ့ အညာဖျင်ကြမ်း တိုက်ပုံဟပြဲကြောင့် ဆရာကြီးမှန်း သိရတာ။ အများသိအောင်တော့ ကျုပ်တို့ဆရာကြီး ဦးအောင်မင်းခေါင်အကြောင်း ပြောပါရစေဗျာ။

ဆရာကြီးက ရေမချိုးဘူးဟော့ဆို သုံးလေးလ ရေမချိုးဘူး။ ရေမချိုးပေမင့် သူ့ခန္ဓာကိုယ်က အနံ့အသက်ဆိုး မနံဘူးဗျာ။ ပြောရင် ပိုတယ်ထင်မလားမသိ။ ဆရာကြီးက အစားအစာမစားဘဲ လေးငါးလ နေနိုင်တယ်။ ရေသောက်ပြီး အသက်ရှင်တယ်။ အစာမစားဘဲနေလို့ ပိန်ချုံးသွားတယ် မရှိပါဘူးဗျာ။ ဝစိုနေတာပဲ။ သူက သမထပဲ ရှုမှတ်သူလေ။

ကျုပ်က ယုံတယ်။ ဆရာကြီး အာဟာရသိဒ္ဓိလည်း ပြီးတယ်။ ပုပ္ပားကိုရောက်နေတဲ့ ရှမ်းကြီးအုပ်စုက ရှမ်းကြီးခွန်မှိုင်းက ကျွန်တော့်ကို တစ်နေ့ပြောပြတယ်။

ဆရာကြီး ငှက်ပျောပင်ပေါ်က ငှက်ပျောရွက်ပေါ်ကို ခုန်တက်လိုက်တာကြောင်တစ်ကောင်အတိုင်းပဲတဲ့။ ခုန်တက်ပြီး ငှက်ပျောရွက်ပေါ်မှာ အိပ်ပြတာ။ ငှက်ပျောရွက်က ကျိုးလည်းမကျိုးဘူး၊ ကွဲလည်း မကွဲဘူးတဲ့။ ဒါကြောင့် ဆရာကြီးကို သိဒ္ဓိရှင်လို့ ယုံကြည်တယ်တဲ့။

ဆရာကြီးဟာ ရုပ်ပြောင်းရုပ်လွှဲမှာ အံ့မခန်းပဲ။

နေရာဒေသအနှံ့ကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ လျှောက်သွားတာ။ တစ်ခါတစ်ခါ အရူး၊ တစ်ခါတစ်ခါ ကုန်သည်၊ တစ်ခါတစ်ရံ ဇာတ်မင်းသားရူး၊ တစ်ခါတစ်ရံ စကားမပြောတတ်တဲ့ လူအ။ လိုအပ်ရင် ရေပြင်ကို မြေပြင်အမှတ်နဲ့ လမ်းလျှောက်သွားတာဗျ။ (ထိုအကြောင်းကို ရှေ့မှာ ပြောပြခဲ့ပြီးပါပြီ။)

ခု ကြည့်စမ်းပါဦး ...

ခေါင်းပေါ်မှာ ဝါးဖတ်ဦးထုပ်ကို ပြောင်းပြန်တင်ဆောင်းပြီး ပုလိပ်ဂါတ်ကို မမိုတ်မသုန် ငြိမ်ငြိမ်သက်သက် ထိုင်ကြည့်နေတာဗျ။ အချို့က ထူးထူးဆန်းဆန်းနေပူထဲမှာ ဦးထုပ်ပြောင်းပြန်ဆောင်းပြီး ဂမ္ဘီရကျင့်စဉ် ကျင့်နေတယ်နဲ့တူရဲ့ဆိုပြီး သနားလေးစားလို့ ငွေစက္ကူတွေ၊ ငွေအကြွေစေ့တွေ ဆရာကြီးရှေ့မြေပြင်မှာ ပစ်ချပေးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပန်းတောင်းမြို့ထဲမှာ ဒီလို ခေါင်းပေါ် ဦးထုပ်ပြောင်းပြန်ဆောင်းပြီး အလှူခံတဲ့လူ မတွေ့ဘူးတော့ သွားရင်းလာရင်းကနေ စူးစမ်းဝိုင်းကြည့်ကြတာ လူတွေက မနည်း။

ဒီအချိန်မှာပဲ ...

ကျောက်ပန်းတောင်းဂိတ်တဲ အိမ်ရာဝန်းထဲကနေ ပုလိပ်မယားတွေရယ် ထဘီကို ယောက်ျားများလို ခါးတောင်းအမြှောင်ကျိုက်ပြီး ဝါးလုံးနှစ်လံအရှည်ကို မြင်းလုပ်စီးပြီး ထွက်လာကြတာဗျာ။

ဘာဖြစ်ကြတာလဲ။

နေ့ခင်းကြောင်တောင် မိန်းမတွေ ဝါးလုံးမြင်းစီးပြီး ဆရာကြီးရှိရာကို ဒုန်းစိုင်းလာနေကြတာဗျို့။

''ဟဲ့ ... ဟိုမိန်းမတွေ၊ ဘယ်လိုဖြစ်ကြတာတုံး''

''ဝါးလုံးကို မြင်းလုပ်စီးနေတာပဲဗျ''

''အလိုလေးတော် ... မမြင်ဝံ့စရာပါလားဟရို့''

''ဘယ်ကမိန်းမတွေလဲဗျ''

ကျုပ်ကလည်း သိချင်တော့ အနီးကလူကို မေးကြည့်တော့ ...

''အဲဒါ ရှေ့ဂိတ်တဲက ပုလိပ်မယားတွေပဲဗျ''

''ဟင် ...''

''ခါးတောင်းကျိုက်ထားတာ ဖွေးနေတာပဲ ... ဟီဟိ''

''သူတို့က ဘာလို့ ဝါးလုံးကို မြင်းလုပ်စီးတာတုံးဗျာ''

''ဒီမှာဟေ့လူ ... သိချင်ရင် မြင်းစီးရှင် ပုလိပ်မယားတွေကို သွားမေး။ အရေးထဲ အာရုံနှောက်ပဗျာ''

ဒါနဲ့ မမေးတော့ပါဘူး၊ အခြေအနေကိုကြည့်ပြီး အကဲခတ်နေတုန်းမှာပဲ ပုလိပ်မယားဆိုသူ ဝါးလုံးကို မြင်းလုပ်စီးတဲ့ မိန်းမတွေဟာ ဆရာကြီးခေါင်းရှေ့ကို ရောက်လာပြီး သီချင်းတွေဆိုလို့ မြင်းယိမ်းကကြပါရောဗျာ။

''ဓာမဏီမို့ ထူးမခြား ××× နတ်မြင်းပျံမို့ မြူးကြွားကြွား''

''ဘာတဲ့တုံး ... မြင်းသည်တော်တို့ရေ ... ဝါး လား လား လား''

''စစ်ကိုင်းမြင်းစီးရှင်တွေနဲ့ တူရဲ့ဗျို့''

''ရွှေဘိုမြင်းတွေဗျ ... လုံးကြီးပေါက်လှတွေဗျို့ ပြောင်နေတာပဲ''

''ဝါး ဟား ဟား ဟ... ဟား''





''ဘာမြင်းယိမ်းတဲ့တုံးဟေ့''

''ပုလိပ်မယားမြင်းယိမ်းတဲ့ဗျို့''

''ဖွေးပြောင်နေတာပဲ ... အဟတ်''

ပုလိပ်မယားတွေဟာ ထဘီခါးတောင်းကျိုက်ထားကြတော့ သူတို့ရဲ့ တင်ပါးနဲ့ ပေါင်လုံးကြီးတွေကို အထင်းသားမြင်ပြီး ယောက်ျားသားတွေက သဘောကျ၊ မြှောက်ပေးပေါ့ဗျာ။

''ရွှေဘိုမြင်းရယ်လေ ခွာသံလျှာသံပြင်းတယ်လေ့''

''ယောက်ျားဘသား ... ဝါးလားလား ... အဲ ... ဟုတ်ပေါင် ... မိန်းမဘသား ... ဝါးလားလားတဲ့ဟေ့''

ပုလိပ်မယား ဝါးလုံမြင်းစီး မိန်းမတွေဟာ မြင်းသီချင်းတွေဆိုပြီး ဆရာကြီးရှေ့မှာ ဝိုင်းပတ်ဒုန်းစိုင်းပြနေတာ တဝေါဝေါ တဝါးဝါးနဲ့ဗျာ။

ကျုပ်တို့ ဆရာကြီးကလည်း ဘာမှမပြောဘူး။

မပြောတဲ့အပြင် မျက်စိကို စုံမှိတ်ထားသေးဗျာ။

ဂိတ်ဝင်းထဲကနေ ပုလိပ်အရာရှိတွေရော၊ အကြပ်တပ်သားတွေရော ဝရုန်းသုန်းကား ဖြစ်နေကြပြီဗျ။ မကြာပါဘူး ... ပုလိပ်သားတွေ အပြေးအလွှား ရောက်လာပြီး သူတို့သားမယားတွေကို ဆွဲခေါ်ကြပါရော။

သားသမီးဆွေမျိုးတွေလည်း ဝါးလုံးမြင်းစီး အမေ၊ နှမ၊ တူမတွေကို ဆွဲခေါ်ကြတယ်။ ဘယ်လိုမှ ခေါ်လို့ တားလို့ မရဘူး။

အရာရှိလုပ်သူကလည်း သူ့တပည့် ပုလိပ်သားတွေကိုရော၊ ပုလိပ်မယားတွေကိုရော ဆဲဆိုကြိမ်းမောင်းနေပြီ။

''ဟိုကောင် ... ဆားပုလင်း မင်းမိန်းမကို ဆွဲခေါ်လေ''

''ခေါ်နေတာပဲ ဆရာ၊ ဟဲ့ ... မရှင် ရပ် ... ရပ်''

''ဟဲ့ ... နင်က ဘာကောင်မို့ လာတားနေတာတုံး ... ငါ့နာမည် မယ်ဘယက်တဲ့ဟေ့။ မြန်ပြည်နယ် ဇမ္ဗူဘောင် လျှံဝေခြယ် ချူအရောင် ... ဟဲ့ သားကြီး ... စိုင်းစမ်းလဟဲ့''

''ဘယ်လိုမှ တားလို့ မရကြဘူးဗျ''

ဝါးလုံးမြင်းစီးမိန်းမတွေက လာတားတဲ့ လင်ပုလိပ်ကို ဝါးလုံးမြင်းနဲ့ တိုက်ပြီး မြင်းယိမ်းကို သံပြိုင်ဆိုပြီး ကကြပါရော။

ပုလိပ်သားတွေလည်း ရှက်လွန်းလို့ ဒေါပွ။



www.burmeseclassic.com

www.burmeseclassic.com



ကြားကြားသမျှ အရပ်ကတို့ကလည်း ရောက်လာ၊ အားပေး၊ လက်ခုပ်တီးကြ။ ပုလိပ်အရာရှိလည်း မကြုံစဖူး ပုလိပ်မယားတွေ မြင်းယိမ်းထွက်နေတာကြောင့် ရှက်လည်းရှက်၊ ဒေါလည်းပွပြီး ခြောက်လုံးပြူးသေနတ်ကို မောင်းတင်ပြီး ရောက်လာပါရော။

''ဟဲ့ ... မိန်းမယုတ်တွေ ... ရပ်မလား၊ မရပ်ဘူးလား။ မရပ်ရင် ငါ သေနတ်နဲ့ ပစ်လိုက်မယ်နော်''

''ရွှေဘိုမြင်းရယ်လေ ... ဟေ ဟေ့ ... ခွာသံလျှာသံ ပြင်းတယ်လေ့ ဟေ ဟေ့''

မရပ်တဲ့အပြင် မြင်းသီချင်းကို အသံကုန်ဟစ်ပြီး သူ့ရှိရာကို ဒုန်းစိုင်းဝင်လာတာ မြင်ရော သေနတ်တချိန်ချိန်လုပ်ရင်း ...

''ငါ ပစ်လိုက်မယ်နော် ... ပစ်လိုက်မယ်''

''ပစ် ... ပစ် ... နှမလေးကို မောင်ကနိုးမယ်လို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်တော့''

လူတွေက ပုလိပ်အရာရှိနဲ့ ပုလိပ်သားတွေကို ကြည့်ပြီး လှောင်ကြပါရော။ ပုလိပ်သားတွေလည်း လက်မှိုင်ချကုန်ကြပြီ။ မြင်းယိမ်းကနေတာလည်း နာရီဝက် ကျော်နေသလို သူတို့ ဝါးလုံးမြင်းစီးမယားတွေလည်း ချွေးပြိုက်ပြိုက်ကျနေကြပြီ။

ခေါင်းတောင်းကျိုက်တွေနဲ့ ... အို ...

ဘယ်လိုဖြစ်ကြတာတုံး။

ဘာအမှားတွေများ ပြုခဲ့မိလို့တုံး။

ဒီအချိန်မှာပဲ လူဆိုးထိန်းပုလိပ်နဲ့ အမှုလိုက် ပုလိပ်အရာရှိတို့က ဦးထုပ်ခေါင်းပေါ် ပြောင်းပြန်လှန်ဆောင်းပြီး မြေပြင်မှာ ငုတ်တုတ်ထိုင်၊ မျက်စိမှိတ်ထားတဲ့ ဆရာကြီးကို သတိပြုမိသွားကြပါရော။

''ဟေ့ ... ဆရာကြိုင်၊ ဟိုလူကြီးက ပုပ္ပားကလူကြီးမဟုတ်လား''

''မှန်း ... ဟုတ်တယ်ဆရာ၊ ဒါ ကျွန်တော်တို့သွားပြီး စစ်ဆေးမေးမြန်းတဲ့ ပုပ္ပားအောင်မင်းခေါင်ပဲ၊ ဖျင်ကြမ်းတိုက်ပုံကြီးနဲ့ဗျ''

''နေပါဦး ... အောင်မင်းခေါင်က ငါတို့ဂါတ်တဲရှေ့မှာ ဘာလာလုပ်နေတာတုံး''

''ဆရာ ... မဟုတ်မှလွဲရော ကျွန်တော်တို့ ပုလိပ်စုံထောက်တွေ၊ အမှုလိုက်တွေက သူ့ကို ခဏခဏ စစ်ဆေးမေးမြန်းလို့များ ...''





''ဘာဖြစ်လဲ ... ငါတို့အလုပ် ငါတို့လုပ်တာ ဘာဖြစ်လို့လဲ''

''ဆရာ ... အောင်မင်းခေါင်ဆိုတဲ့လူကြီးက တစ်နှစ်လောက်စွန့်ပစ်ထားတဲ့ ကားစုတ် ကားပျက်ကြီးကို ဓာတ်ဆီအစား ရေထည့်ပြီး ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့ထဲအထိ မောင်းခဲ့တာလေ ဆရာ''

''ကြိုင် ... မင်းက ဒါတွေယုံလို့လား''

အရာရှိက မျက်နှာထန်ထန်နဲ့မေးလိုက်တာ ကျုပ်လည်း သူတို့နဲ့ မလှမ်းမကမ်းမှာ ရှိနေတာ။ သူတို့ပြောတာ ကြားနေရတယ်။

''ဟို ... ဟို ... ဆရာ ... မျက်စိရှေ့တင်ပဲ ... သူ ... သူ ...''

ကြယ်တစ်ပွင့်နဲ့အရာရှိ နည်းနည်းတွေသွားတယ်။

''အဲဒီပညာတွေ ရှိလို့လား ... ကြိုင်ရာ''

''ရှိလို့ ကားစုတ်ကားပျက်ကို မောင်းသွားတာပေါ့ ဆရာ''

''မှော်အတတ်နဲ့တူတယ်''

''မှော်အတတ် မဟုတ်ဘူးဆရာ''

''မှော်အတတ်မဟုတ်ရင် ဘာလဲ ပြော''

''ကျွန်တော် သိပ် ... သိပ် မပြောတတ်ဘူး ... ဆ ... ရာ''

''အောင်မင်းခေါင်ကြီး တတ်ထားတဲ့ပညာက မှော်အတတ်ထက် အဆင့်မြင့်တယ်ဆရာ''

အရာရှိလုပ်သူ သူ့တပည့်ကိုကြည့်ပြီး စဉ်းစားနေတယ်။

''မောင်ကြိုင် .. မင်းပြောတာလည်း ဖြစ်နိုင်တယ်ကွ။ ငါတို့အဘိုးလည်း ပြောဖူးတာရှိတယ်။ တို့မြန်မာဂမ္ဘီရပညာရပ်တွေမှာ ဓားနဲ့ခုတ်မရတဲ့ပညာရှိတယ်။ သေနတ်ပြီးတဲ့ လျှို့ဝှက်ပညာရပ်တွေလည်း ရှိတယ်။ ရှိန်းဆာယာကိုယ်ပျောက်တဲ့ ပညာလည်း ရှိတယ်တဲ့။ မဟုတ်မှလွဲရော ငါတို့က သူ့ကို အစိုးရမင်းကို ပုန်ကန်ဖို့ လျှို့ဝှက်ကြံစားနေသူလို့ ထင်ပြီး မေးမြန်းဟိန်းဟောက်ခဲ့ကြတော့ ငါတို့ကိုများ ပြန်ပညာပြ၊ ပညာပေးနေရော့လားကွာ ဟင်''

''ဖြစ်နိုင်ပါတယ် ဆရာ။ ကျွန်တော်တို့၊ ဆရာတို့က သူ့ကို စော်ကားသလိုဖြစ်နေတော့ လာသတိပေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဟုတ်မဟုတ် သိရအောင် သူ့ကို သွား မေတ္တာရပ်ခံကြည့်ပါလား ဆရာ။ နှမသားချင်း၊ မိန်းမသားတွေ အရှက်တကွဲဖြစ်တော့မယ် ဆရာ''

''စမ်းကြည့်တာပေါ့ ... လာ''



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့်ရဲအုပ်နဲ့ နှစ်ရစ်တပ်ကြပ်ကြီးတို့ဟာ သီချင်းဆို မြင်းယိမ်းကနေတဲ့ ပြောမနိုင်ဆိုမနိုင် ပုလိပ်မယားတွေကို ကျော်ကွင်းပြီး မျက်စိမိုတ် ကျောက်ရုပ်လို ငြိမ်နေတဲ့ ဆရာကြီးရှေ့ကို ရောက်လာကြပြီး ဆရာကြီးရဲ့ဒူးကို ကိုင်လှုပ်ပြီး ခေါ်လိုက်တယ်။

''ဘကြီး ...''

''ဟင် ... ပုလိပ်တွေပါလား၊ ငါ့ကို စစ်ဦးမလို့လား''

''ဘကြီးကို စစ်မေးဖို့ မဟုတ်ပါဘူး ... ဘကြီး၊ အကူအညီတစ်ခု တောင်းချင်လို့ပါ''

''ဟော့ ... ရှေ့ကမိန်းမတွေ ဘာဖြစ်နေတာတုံး။ အို .. အရှက်နည်းလိုက်ကြတာနှယ်။ ဘယ်သောက်သုံးမကျတဲ့ ယောကျ်ား လင်ငတုံးတွေရဲ့ သားမယားတွေလဲကွ ... ဟင်''

''ကျွန်တော်တို့ ပုလိပ်သားတွေရဲ့ ဇနီးတွေပါ ဘကြီး''

''ဟေ ...''

''ကျွန်တော့်မိန်းမလည်း ပါတယ် ... ဘကြီးရယ်။ ဘယ်လိုဖြစ်ကုန်တာလဲ မသိပါဘူးဗျာ။ ဝါးလုံးခွပြီး မြင်းယိမ်းကနေတာ နာရီဝက်လောက် ရှိပါပြီခင်ဗျာ။ လူမြင်လို့လည်း မတင့်တယ်တော့ဘူး ... ဘကြီးရယ်။ ဘကြီးများ ကူညီလို့ရရင် မြင်းယိမ်းရပ်အောင် လုပ်ပေးပါ ... ဘကြီးခင်ဗျား''

''ဟ ... ငါက ဘာမို့လို့ မြင်းယိမ်းရပ်လို့ ရမှာတုံး။ မင်းတို့မယားတွေ ပျော်လို့ ကနေတာနေမှာပေ့ါကွ''

''ပျော်လို့ ကနေတာမဟုတ်ဘူး ဘကြီး''

''ဒါဆို မင်းတို့ အမှားတစ်ခုခု ကျူးလွန်မိလို့ ပုဂ္ဂိုလ်တွေက ဒဏ်ခတ်တာနဲ့တူသဟ''

''ကျွန်တော်လည်း မှားတာတွေရှိပါတယ် ... ဘကြီး။ ပုဂ္ဂိုလ်တွေ၊ သူတော်ကောင်းတွေကို တောင်းပန်ပါတယ်ခင်ဗျာ။ ဘကြီး ကူညီဖြေရှင်းပေးပါ ဘကြီးရယ် နော်''

''မင်း ငါ့ကို သိလို့လား''

''သိပါတယ် ... ဘကြီး၊ တောင်းပန်ပါတယ် ... ဘကြီး''

''မင်းတို့မယားတွေ အခုမြင်းယိမ်းကနေတာ နောင်ဆို မင်းတို့ပုလိပ်သားတွေ မျောက်ဖိုးစိန်ယိမ်း ကပြရမှာ''





''သဘောပေါက်ပါပြီ ... ဘကြီးရယ်။ ဘကြီးအပေါ် အမြင်မှား အပြောမှားမျှား ပြုခဲ့မိပါတယ်။ ပုလိပ်သားများကိုယ်စား ပုလိပ်မယားတွေကိုယ်စား အနူးအညွတ်တောင်းပန်ပါတယ်။ မြင်းယိမ်းကိုရပ်အောင် ကူညီပါဘကြီး။ ကူညီပေးပါဗျာ''

သို့ကလို ဒူးဖက်ပြီး တောင်းပန်စကားဆိုတော့မှ ဆရာကြီးက သူ့ခေါင်းပေါ်မှ ပက်လက်လှန်ဆောင်းထားတဲ့ ဝါးဖက်ဦးထုပ်ကို ပြန်အတည့်ဆောင်းလိုက်ရော ...

''ဟင် ...''

''ဟယ် ...''

''အလိုလေး ... ငါတို့ ဘာတွေဖြစ်တာတုံး''

''ဟောတော့ ... ထဘီခါးတောင်းကျိုက်မိပါလား ... အလိုလေး ... လူတွေ ငါတို့ကို ဝိုင်းကြည့်နေတာပဲ။ ဟဲ့ ... မိန်းမတွေ ... ငါတို့ ဘာတွေဖြစ်ပြေး ... ပြေး ... ဂါတ်ဝင်းအိမ်အရောက်ပြေး ... ရှက်ပါ့တော်''

မြင်းယိမ်းကနေတဲ့ ပုလိပ်မယားတွေ မြင်းပြေးပြေးရင်း တိခနဲရပ်သွားကြတယ်။ ရပ်သွားပြီး သူတို့အချင်းချင်း ပြန်ကြည့် အံ့သြနေရာက ထဘီခါးတောင်းကျိုက်တွေ ချက်ချင်းဖြုတ်လို့ မြင်းလုပ်စီးတဲ့ ဝါးလုံးတွေ လွှင့်ပစ်ပြီး ဂါတ်ဝင်းထဲ ပြေးကြပါရော။ ပြေးတာတောင် ရှက်လို့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ပြေးတာ၊ မြင်းဒုန်းစိုင်းထက် သာသေးဗျာ။

ဝိုင်းကြည့်တဲ့ လူတွေကလည်း ရုတ်တရက် မြင်းယိမ်းရပ်သွားလို့ ဆန့်တငံ့ငံ့ဖြစ်ပြီး တစ်ယောက်တစ်ပေါက် ပြောနေကြရဲ့။ ကျုပ်လည်း မြင်းယိမ်းအကကောင်းတဲ့ ပုလိပ်မယားတွေကို ကြည့်ပြီး စဉ်းစားမိတယ်ဗျာ။ မင်းသားကြီး ဂရိတ်ဦးဖိုးစိန်နဲ့ မင်းသား ရွှေမန်းတင်မောင်တို့သာ မြင်ရင် မြင်းယိမ်းကဖို့ စာချုပ်များ ချုပ်လေမလားလို့ပေ့ါ။

စဉ်းစားကောင်းတုန်းမှာပဲ ပုလိပ်အရာရှိက ကျုပ်ကို မေးနေတယ်။

''ဦးလေး ...''

''ဘာတုံး မောင်ရင်''

''စောစောက ကျွန်တော်နဲ့ စကားပြောတဲ့ ... ဟို ... ဘကြီးဗျာ ... ဦးထုပ်ပက်လက်ဆောင်းတဲ့ ဘကြီးများ မြင်လိုက်မိလားဗျာ။ ကျွန်တော်တို့လည်း ဟိုမိန်းမတွေကို ကြည့်နေတုန်းမို့ ထွက်သွားတာ မမြင်လိုက်မိလို့ပါ။ ဘယ်ဘက်ကို ထွက်သွားတာ မြင်လိုက်လဲဟင် ဦးလေး''



www.burmeseclassic.com

www.burmeseclassic.com



''ဖျင်ကြမ်းတိုက်ပုံနဲ့ မျက်စိမှိတ်ထိုင်နေတဲ့ လူကြီးလား''

''ဟုတ်တယ် ... ဟုတ်တယ် ... ဘယ်ကိုများ ...''

''ဘာလုပ်မလို့လဲ ... ဖမ်းမလို့လား''

''ဗျာ ... ဟာဗျာ ... ဘာလို့ ဖမ်းရမှာလဲဗျ။ ခင်ဗျားက သူ့ကို ဘာထင်နေလို့လဲ''

''နေပါဦး ... အဲဒီဖျင်ကြမ်းတိုက်ပုံနဲ့လူက ဘယ်သူတုံး၊ နာမည်က ဘာတဲ့တုံး''

ကျုပ်ကို သူ မမှတ်မိဘူးဗျ။ ကျုပ်ကသာ ပုပ္ပားကို သူတို့လာလို့ မှတ်မိနေတာ''

မသိချင်ယောင်ဆောင်ပြီး မေးလိုက်ရော ...

''ခင်ဗျား ... ဒီဘကြီးကိုတောင် မသိဘူး ... ဟုတ်လား''

''တကယ်မသိလို့ မောင်။ သူ့နာမည်က ဘာတဲ့တုံးဗျာ''

''မှတ်ထား ... အဲဒါ ... လေးကြိုးခေါင် (ခေါ်) ပုပ္ပားအောင်မင်းခေါင်ဗျ ... ပုပ္ပားအောင်မင်းခေါင်''

ကျုပ် ပုလိပ်အရာရှိနဲ့ အကြပ်ပုလိပ်ကြီးကို ကြည့်ပြီး လေးလေးစားစားခေါင်းတညိတ်ညိတ် လုပ်လိုက်တယ်။ သူတို့လည်း သုတ်သီးသုတ်ပြာနဲ့ ဂိတ်ဝင်းထဲကို သွားကြတယ်ဗျာ။

ထူးဆန်း အံ့သြစရာကောင်းတာတွေ ဖြစ်လာပြီဗျို့။

ကြည့်စမ်း .. မြင်းယိမ်းကတဲ့ ပုလိပ်မယားတွေရော၊ ပုလိပ်သားတွေရော၊ ဆရာကြီးရှိရာ ပုပ္ပားတောင်ခြေ ယာယီတဲကို ရောက်လာကြတယ်။ လက်ထဲမှာလည်း စားစရာ မုန့်ပဲသရေစာတွေ၊ ရောင်စုံပန်းတွေနဲ့ လာကန်တော့ကြတာဗျာ။

''သားတို့၊ သမီးတို့ ရောက်လာကြပြီကိုး''

ဆရာကြီးကို စုံစမ်းမေးမြန်းတဲ့ ပုလိပ်အရာရှိက ဆရာကြီးကိုတောင်းပန်တယ်။ အားလုံးကိုယ်စား တောင်းပန်ကြတာပေါ့ဗျာ။

''အဖေကြီး မင်းတို့ကို ခွင့်လွှတ်ပါပြီ ... သားတို့ရာ။ မင်းတို့ကလည်း အင်္ဂလိပ်အစိုးရရဲ့ ဝန်ထမ်းတွေဆိုတော့ သူတို့ခိုင်းတဲ့အတိုင်း လုပ်ရတာကိုး။ အဖေကြီးက ရှင်ဘုရင်လည်း မဟုတ်ပါဘူး။ မင်းလောင်းမောင်သန့်လို ဗိုလ်ဝင်လည်း မခံပါဘူး ... သားတို့။ သားတို့က လူကောင်းနဲ့ လူဆိုးကို အထင်မှား





အမြင်မှားနေလို့ သတိပေးရတာပါ။ အဖေကြီးအလုပ်က သာသနာပြုချင်တာပါ။ မြို့တိုင်း ရွာတိုင်းမှာ ကိုးနဝင်းဓာတ်ပေါင်းစေတီတွေ တည်ချင်တာ အဖေကြီးတို့ရည်မှန်းချက်ပါ။ ဒီလို ကိုးနဝင်းဓာတ်ပေါင်းစေတီတည်ရာမှာ အားလုံး ပါဝင်ကုသိုလ်ယူစေချင်လို့ပါ။ မှတ်ထားကြကွယ့် ...''

ဘုရားလေးငယ်ငယ်

ကိုးတောင်ပြည့်တယ်(တည်)။

ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား။

ဓာတ်ကောလီ သုံးဆယ်ကူးအောင်

ဖူးကြအများ ... တဲ့။

ဘုရားတည်တာ တို့မြန်မာ့လူမျိုးတွေရဲ့ အလုပ်ပါ။ ဘုရားတည်လို့တိုင်းပြည်မပျက်ပါဘူးကွာ။ ဘုရားဒကာဖြစ်ကြရင် အပါယ်တံခါးတစ်ချပ် ပိတ်တာပဲကွ။ ဒါန၊ သီလ၊ ဘာဝနာ အလုပ်တွေနဲ့ လုပ်ကြစေချင်တယ်။ ဒီလိုလုပ်တော့ နောက်ထပ် အပါယ်တံခါးတစ်ချပ် ထပ်ပိတ်တာပဲ။ တစ်ဦးနဲ့တစ်ဦး မေတ္တာတွေထားကြရင် လောကကြီး ငြိမ်းတာပဲ။ ဘဝလည်း အေးချမ်းတာပဲ။ ဒီကံကောင်းတာတွေ ဖြစ်ဖို့ လုပ်ပြဖို့ အဖေကြီး ရဟန်းဘဝ အနှစ်သုံးဆယ်ကို ခေတ္တရပ်ပြီး လူဝတ်နဲ့ သမထအားမွေးပြီး ဖြစ်ချင်တဲ့အဆင့်ရောက်လို့ အရပ်တကာ၊ မြို့တကာလှည့်ပြီး လူတွေကို ဘုရားအသိ၊ တရားအသိနဲ့ နေတတ်အောင် လိုက်ပြောဟောနေတာပါ။ ငါ့သားတွေကလည်း သူမိုက်နဲ့သူယုတ်ကို ခွဲခြားသိကြပါ ... သားတို့။ မင်းတို့ သိနားလည်ကြရမှာက မင်းတို့သည် မြန်မာလူမျိုးဆိုတာပါပဲ။ ဥပမာလေး ပြောပြချင်တယ်ကွယ်။ တစ်နေ့သောအခါမှာ ရဟန်းအိုကြီးတစ်ပါးဟာ ဆွမ်းခံရတဲ့ဆွမ်းကို လမ်းခရီးအရိပ်မှာ သပိတ်ဖွင့်ပြီး စားနေတယ်။ ဒါကို ကိုရင် သံဃာအချို့ကမြင်တော့ ကဲ့ရဲ့အပြစ်ဆိုကြတာပေါ့။ ရဟန်းအိုကြီး ကျောင်းသင်ခမ်းမှာ ဆွမ်းမဘုဉ်းဘဲ လမ်းမလူမြင်ကွင်းမှာ ဘုဉ်းနေတယ်လို့ဗျာ။ ရှုးနေလို့လား။ ကိုယ်တော်ကြီးက ရဟန်းအစစ်မှ ဟုတ်ရဲ့လား။ လူမြင်မကောင်းပါဘူး ထွက်သွားလို့ ဝိုင်းပြောကြတယ်။

ရဟန်းအိုကြီးကလည်း သူတို့ကို တောင်းပန်ပြီး အခြားကို ကြွသွားတယ်။ ဒီကိစ္စကို ကျောင်းရောက်လို့ စကားတင်းဆိုကြတာကို သိလရှိတဲ့ ရဟန်းကြီးတစ်ပါးက ကြားသွားပြီး မေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းနဲ့ ကိုရင်တွေကလည်း ဖြစ်ခဲ့မြင်ခဲ့တာ လျှောက်ကြတာပေါ့။ သူတို့ တာဝန်သိတယ်ပေါ့၊ ဒီမှာပဲ သီလဘာဝနာနဲ့ ပြည့်စုံတဲ့ ရဟန်းအချုပ်ကြီးက ပြောကြတယ်။

''မောင်ရဟန်း၊ ကိုရင်တို့ . . . မောင်ရဟန်းတို့ အပြစ်တင်ပြောဆို ဝေဖန်နေတဲ့ အရှုးသဏ္ဌာန်နှယ်ရှိသော ရဟန်းအိုကြီးသည် သာမန်ရဟန်းမဟုတ်ဘူး။ ရဟန္တာဖြစ်နေသူလို့ မိန့်လိုက်ရော ပြောဆိုမိတဲ့ ရဟန်းတွေ ထိတ်လန့်နောင်တရကုန်ပြီး ရဟန်းအိုကြီးကို လိုက်ရှာတောင်းပန် ကန်တော့ကြရတယ်။ ဟိုး ရဟန်းအိုကြီးကတော့ သူ့ကိုယ်သူ ရဟန္တာဖြစ်နေတာ သူကိုယ်တိုင်တောင် သိချင်မှ သိမှာပေါ့။ ဒါကြောင့် အပြစ်မယူဘဲ အပြစ်ဆိုတဲ့ရဟန်းငယ်တွေကို တောင်းပန်ခဲ့တာပေါ့။ ပြောချင်တာက ဒီရဟန်းကြီးက အရှုးကြီးပါကွာ။ စိတ်မနှံ့ပါဘူး။ ဟိုလူကြီးကလည်း အူကြောင်ကြောင်နဲ့ လျှောက်သွားနေတာပါ။ အရှုးနဲ့ အနှမ်းတွေချည်းပဲ။ ဝေးဝေးမောင်းထုတ်ကြလို့ အလွယ်မပြောကြပါနဲ့၊ မမြင်ကြပါနဲ့။ ဟိုဖြုတ်စဖျင်းတောင်းဆွမ်းစားတဲ့ ရဟန်းအိုကြီးလို ရဟန္တာဖြစ်နေရင်၊ သူတော်ကောင်းဖြစ်နေရင် ပြောဆိုဝေဖန်တဲ့လူမှာ အပြစ်ရရော။ ရဟန္တာဆိုတဲ့ပုဂ္ဂိုလ်က သူ့ကိုယ်သူ ရဟန္တာပါလို့ ဖွင့်ဟဝန်မခံဘူး သားတို့ရဲ့။ ရဟန္တာဖြစ်နေမှန်းလည်း သူ့ကိုယ်သူ သိချင်မှ သိမှာကိုး။ ဒါကြောင့် ရဟန်းအိုကြီးတွေ ကိုယ့်အမြင်မှာ မသင့်တော်တာရှိကောင်းရှိမယ်။ အရမ်းမကဲ့ရဲ့နဲ့။ အရမ်းအပြစ်မပြောနဲ့။ အကယ်လို့များ ရဟန္တာဖြစ်နေရင် ကိုယ် ငရဲကျရော။ ဒီလိုပါပဲ။ အချို့သော ဂန္ထာရီပုဂ္ဂိုလ်တွေသည်လည်း ဒီသဘောမျိုးရှိတာပဲ။ လူ့ရပ်ထဲမှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ လှည့်လည်ပြီး မဟာဂန္ထာရီလုပ်ငန်း၊ စူဠဂန္ထာရီလုပ်ငန်း၊ ဝိဇ္ဇာပိုင်းဆိုင်ရာလုပ်ငန်းတွေ လုပ်နေတာရှိတယ်။ အဖေကြီးတို့လည်း တို့များ သာသနာပြန့်ပွားရေးဂိုဏ်းတော်ကြီးရဲ့ အစီအစဉ်အတိုင်း ကြိုတဲ့လူတွေကို ရတနာသုံးပါး ယုံကြည်ကိုးကွယ်နိုင်အောင် ကြိုးပမ်းနေကြတာပါ။ ငါ့သားကြီးကို မေးမယ်ကွယ့် ဒီနေ့တို့နိုင်ငံကို ဘယ်သူအုပ်စိုးမင်းလုပ်နေတုံးကွာ''

''အင်္ဂလိပ်မင်းအစိုးရပါ အဖေကြီး''

''အင်္ဂလိပ်မင်းက ဗုဒ္ဓဘာသာဝင်လားဟေ့''

''မဟုတ်ပါဘူး . . . အဖေကြီး။ ဘာသာခြားတွေပါခင်ဗျ''

''တို့များနိုင်ငံကို သူတို့ အုပ်ချုပ်မင်းလုပ်လာတာ သီပေါမင်းတရားကြီး ပါတော်မူကတည်းက။ အင်္ဂလိပ်မင်းများကလည်း သူတို့ကိုးကွယ်တဲ့ ဘာသာထဲ





ကို တို့မြန်မာတိုင်းရင်းသားတွေ ပါဝင်ကိုးကွယ်အောင် လုပ်မှာပဲ။ သွတ်သွင်းမှာပဲ။ မက်လုံးတွေ ပေးမှာပဲ။ တို့လူမျိုးတွေမှာ အများစုက ပညာမတတ်ကြဘူးကွယ့်။ သူတို့က အာဏာရှိတယ်။ ပေါက်ရောက်တယ်။ သူတို့ဘာသာရေးအတွက် အကုန်အကျခံတယ်။ အမျိုးမျိုးစည်းရုံးတယ်။ သူတို့ဘာသာထဲ ဝင်တဲ့လူကို ဦးစားပေးဆက်ဆံတယ်။ အရေးပေးတယ်။ အဲဒီလို မလုပ်နိုင်တာ ငါတို့ရဲ့ ကြိုးစားမှု နည်းလို့ပဲ။

အချိန်ကာလကြာလာရင် မြန်မာပြည်သူပြည်သားတွေ ဗုဒ္ဓဘာသာဝင်အဖြစ်နည်းပြီး လူမျိုးခြား အယူဘာသာယူတဲ့လူတွေ ဖြစ်ကုန်မှာပေါ့ . . . သားရဲ့။ ရိုးရာပျောက်ရင် လူမျိုးပျောက်မယ်။ တို့ဘာသာ ပျောက်သွားရင် လူရိုင်းတွေဖြစ်ကုန်မယ်။ အခြားဘာသာကို အထင်ကြီးမြတ်နိုးပြီး ကိုယ့်မိရိုးဖလာဘာသာ၊ မိရိုးဖလာ ယုံကြည်မှုကို စွန့်လွှတ်ဥပေက္ခာပြု မထေမဲ့မြင်လုပ်လာကြရင် မြန်မာဆိုတာ လုံးဝ ပျောက်ကွယ်သွားမယ်။ လူမျိုးတွေ ပျောက်ကွယ်သွားမယ်။ ဒီလိုဖြစ်မှာစိုးလို့ အဖေကြီးတို့ရော၊ ထင်ရှားတဲ့ သံဃာတော်အရှင်သူမြတ်ကြီးတွေ၊ လူဝိဇ္ဇာ၊ ရဟန်းဝိဇ္ဇာကြီးတွေက ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှု မပျောက်ပျက်မတိမ်ကောရအောင် ကြိုးစားနေကြတာပါ . . . သားတို့။ လောကမှာ ဘယ်အရာမှ မတည်မြဲဘူး။ အားလုံး အနိစ္စာဝတ သင်္ခါရချည်းပါပဲ။ သီပေါမင်းရဲ့ မင်းဧကရာဇ်ဘဝလည်း မမြဲဘူး။ အင်္ဂလိပ်အစိုးရလည်း မမြဲဘူး။ အားလုံး သင်္ခါရပဲ။ ပြောင်းလဲသွားမှာပါ။ ငါလည်းမမြဲဘူး။ သူလည်းမမြဲဘူး။ ငါပိုင်တာလည်း မမြဲဘူး။ သေရင် ဘာပါလဲ ပြောစမ်း''

''ကုသိုလ်ကံတစ်မတ်ပါ အဖေကြီး''

''ဟုတ်တယ် . . . အနှစ်နှစ်အလလ ရှာဖွေစုထားတဲ့ ရွှေငွေ၊ အိမ်တိုက်၊ ကား၊ သားမယား သေကြတော့ ကိုယ့်နောက်ပါသလားဟေ့''

''မပါပါဘူးခင်ဗျ''

''ဟုတ်တယ် . . . မပါဘူး။ သေရင် အမှန်တကယ်ကိုယ့်နောက်ပါမှာက ဒါန၊ သီလ၊ ဘာဝနာပဲ . . . သားတို့။ ဒါနနဲ့သီလမပါရင် သေခါမှ သိရတာမကဘူး။ သေပြီးနောက်ဘဝမှာ ပိုသိရတယ်။ ဒါကြောင့် ရတနာသုံးပါး ယုံကြည်မြဲမြဲပါ။ မိဘကို လုပ်ကျွေးကြပါ။ လူကြီးသူမတွေကို လေးစားကြပါ။ ဒါန၊ သီလ မြဲကြ။ လူလူချင်း မေတ္တာထားပြီး ရိုင်းပင်းကူညီကြပါ။ ကိုယ့်လင်သားကို ရိုသေကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သားမယားကို ကောင်းမွန်စွာ လုပ်ကိုင်ရှာဖွေကျွေးမွေးပါ။ စိတ်ကောင်းမွေးထားရင် ကံကောင်းတာပဲ။ ကံကောင်းအောင်လုပ်တယ်ဆိုတာ အဲဒါပဲ။ စိတ်ကောင်းမှ ကိုယ်ကောင်းမှ ကံကောင်းမှာ။ ငါ့သားများက လုံခြုံရေးပိုင်း တာဝန်ယူရတဲ့ ပုလိပ်မင်းများဖြစ်ကြတော့ ကိုယ့်နိုင်ငံသားများကို တတ်နိုင်သမျှ မေတ္တာထားပြီး စောင့်ရှောက်ကူညီကြပါ။ ငါ့သမီးများကလည်း ကိုယ့်လင်သားကို ရိုသေစွာ လုပ်ကျွေးပြုစုပါ။ ပိုကာချည်း မဒေါင်းကြနဲ့ဟဲ့ ... ကြားလား''

သို့ကလိုပြောလိုက်ရော ပုလိပ်မယားတွေ ခေါင်းတွေငုံ့ပြီး ရှက်နေကြရဲ့။ သူတို့တွေးကြသတဲ့။ ငါတို့ ဖဲကစားတာ အဖေကြီး ဘယ်လိုလုပ်သိသလဲလို့ တွေးတုန်းမှာပဲ ...

''ငါမြင်လို့ပြောတာပဲဟဲ့ ... သမီးတို့ရဲ့''

အားလုံး အံ့သြသွားကြတယ်။ သူတို့ တွေးနေတာကို အဖေကြီးက တန်းသိနေလို့ ကြက်သီးဖျန်းခနဲ ထသွားကြသတဲ့ဗျာ။

အဲဒီနေ့ကစပြီး ဆရာကြီးခေါ်ခေါ်၊ အဖေကြီးခေါ်ခေါ် အောင်မင်းခေါင်ကို ဘယ်ပုလိပ်စုံထောက်တွေမှ လာရောက်စစ်ဆေးမေးမြန်းခြင်း မရှိတော့ဘူး။ ဆရာကြီးရဲ့ အလုပ်ကိစ္စတွေမှာလည်း နှောင့်ယှက်ဟန့်တားခြင်း မရှိတဲ့အပြင်–

ပုပ္ပားတောင်ပေါ်မှာ ကမ္ဘာလုံးစေတီမြတ်တည်တော့ ကျောက်ပန်းတောင်းမြို့ဂါတ်က ပုလိပ်မယားကတော်တွေရော၊ ပုလိပ်သားတွေရော၊ အားလပ်တဲ့အချိန်တွေမှာ ပုပ္ပားတောင်ခြေကို ရောက်လာကြတယ်။ ဟိုးတောင်ကလပ်ပေါ် လက်ဆင့်ကမ်း အုပ်ခဲ၊ သဲ၊ ထုံး သယ်ပို့ရာမှာ တစ်ပိုင်တစ်နိုင် ဝင်ရောက်ကုသိုလ်ယူတာကို မြင်ရပြီး မြင်ရသူတိုင်းက သာဓုခေါ်ကြတာပေါ့ဗျာ။

ဆရာကြီးခေါင်က ချွေးအလုံးလုံးနဲ့ ပျော်ပါးရယ်မော အုတ်သယ်ကုသိုလ်ယူနေတဲ့ ပုလိပ်သားများ၊ ဇနီးမယားကတော်များကို ကြည့်ပြီး ပြောလိုက်တယ်ဗျာ။

''ပေါ်ထူး''

''ခင်ဗျာ ဆရာကြီး''

''တွေ့လားဟေ့''

''တွေ့ပါတယ် ဆရာကြီး''

''သူတို့အပါယ်တံခါးတွေကို သူတို့လက် သူတို့ချွေးနဲ့ တစ်ချပ်ပြီးတစ်ချပ်လိုက်ပိတ်နေတာကွ။ သာဓုခေါ်ကြတော့ ... ငါ့လူတို့ရေ''





ဘုရားကြီးအနီးမှာရှိကြတဲ့ ကျွန်တော်တို့အားလုံးက သာဓု ... သာဓု သာဓု ... သုံးကြိမ်ကို ခပ်ကျယ်ကျယ် ခေါ်လိုက်ကြတယ်ဗျာ။

ဆရာကြီးကလည်း သာဓုခေါ်ပြီးနောက် ထမင်းကျွေးမဏ္ဍပ်ထဲက အဖွဲ့ကို လှမ်းပြောလိုက်တယ်။

''ဟေ့ ... ထမင်းကျွေးမဏ္ဍပ်က မယ်မင်းအုံတို့၊ ရှင်မင်းသုန်တို့ ကုသိုလ်ရှင်တွေ ထမင်းကျွေးဖို့ အသင့်ဖြစ်ပြီလားဟဲ့''

''အသင့်ဖြစ်ပါပြီ ... အဖေကြီး''

အသင့်ဖြစ်ပြီလည်းဆိုရော ဆရာကြီးကိုယ်တိုင် အုတ်သယ်၊ သဲထမ်း၊ ကုသိုလ်တော် လုပ်အားပေးအဖွဲ့ကို သွားခေါ်လာတယ်။ မကြာခင်မှာပဲ ထမင်းကျွေးရုံထဲမှာ ထမင်းလိုက်သံ၊ ဟင်းလိုက်သံတွေ စည်စည်လျှံသွားတာပဲ။ ဆရာကြီးကတော့ သူ့သားသမီးတွေကိုကြည့်ပြီး ပြုံးလို့ဗျာ။

✿ ✿ ✿

## |၃၅|

❑

ကျုပ်ဆရာကြီးကို အရမ်းလေးစားတယ်ဗျာ။ ဒါကြောင့်လည်း ရာဇကြိုး၊ ခါတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုး ခေါ်တဲ့ လေးကြိုးကိုင်လို့ ခေါ်တာပေါ့။ ကျုပ်လေ့လာသိရှိသလောက် ပြောရရင် ဝိဇ္ဇာကြီးများ အတွင်းမှာ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ဘွဲ့ခံ အံ့ဖွယ်ပုဂ္ဂိုလ်ကြီးတွေ အများကြီးရှိတယ်ခင်ဗျ။

ဝိဇ္ဇာလိုင်းမှာ လက်ဝဲမဟိဒ္ဓိနဲ့ လက်ယာမဟိဒ္ဓိရယ်လို့ နှစ်မျိုးရှိတယ်။ မဟိဒ္ဓိရဲ့ အဓိပ္ပာယ်က (ကြီးသောတန်ခိုးရှိတယ်၊ အစွမ်းရှိတယ်) လို့ အဓိပ္ပာယ်ရတယ်။

ပါဠိလိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



မဟိဒ္ဓိက – မဟိဒ္ဓယ–များစွာပြည့်စုံခြင်း၊ ကြီးသောတန်ခိုးရှိခြင်းလို့ အဓိပ္ပာယ်ရတယ်။

မဟိန္ဒဆိုတာက (မဟာ+ဣန္ဒ) သိကြားမင်းလို့ အဓိပ္ပာယ်ရတယ်။

သိဒ္ဓိရဲ့အဓိပ္ပာယ်က ပြီးစီးခြင်း၊ ပြီးမြောက်ခြင်းလို့ အဓိပ္ပာယ်ရှိတယ်။ သိဒ္ဓိက (၁၀)ပါးရှိတာကိုးဗျ။

(၁) စိန္တာမယသိဒ္ဓိ = စိတ်ကြံရာဖြစ်စေခြင်း
(၂) ဥဒကသိဒ္ဓိ = ရေပြင်ပေါ်လျှောက်သွားအိပ်စက်နိုင်ခြင်း
(၃) ပထဝီသိဒ္ဓိ = မြေလျှိုးနိုင်ခြင်း၊ မြေကြောရှုံ့နိုင်ခြင်း
(၄) ဓနသိဒ္ဓိ = ရွှေငွေရတနာကို ရှာရနိုင်ခြင်း
(၅) အာယုသိဒ္ဓိ = အသက်ရှည်၍ အရွယ်နုပျိုနေနိုင်ခြင်း
(၆) အာကာသသိဒ္ဓိ = ကောင်းကင်ခရီးပျံနိုင်ခြင်း
(၇) အာရောဂျသိဒ္ဓိ = အနာရောဂါကင်းခြင်း
(၈) ကာယသိဒ္ဓိ = ဓား၊ လှံ၊ သေနတ်၊ အမြောက် မထိနိုင်ခြင်း
(၉) ပီယသိဒ္ဓိ = သတ္တဝါအားလုံးတို့၏ချစ်ခင်ခြင်းကို ခံယူရရှိခြင်း
(၁၀) ဣဒ္ဓိဝိဓသိဒ္ဓိ = ဈာန်တန်ခိုးဖြင့် အထူးထူး ဖန်တီးနိုင်ခြင်း

စတာတွေက သိဒ္ဓိဆယ်ပါးပေ့ါ။

ဆရာကြီးခေါင်ကို လက်ဝဲမဟိဒ္ဓိရှင်ပုဂ္ဂိုလ်လို့ သတ်မှတ်ကြတာကိုး။ လက်ဝဲမဟိဒ္ဓိရှင်များလို့ အသိအမှတ်ပြုထားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်ဗျ။

ဘိုးဘိုးအောင် (ပြည်ဦးအောင်၊ စစ်ကိုင်းမင်းဆက်)

ဘိုးတော်အောင်မင်းခေါင်

ဦးရဲသူ

ရက္ကန်းစင်တောင်ဆရာတော်ဦးသြဘာသ

ရှင်မထီး

သတိုးမင်းခေါင်တို့က လက်ဝဲမဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးတွေပဲ။ သူတို့က အင်းလိုင်း၊ ဆေးလိုင်း၊ ဓာတ်လိုင်း၊ သမထလိုင်းနဲ့ ပေါက်ရောက်ပြီး ပြည့်စုံသွားကြတာကိုး။ ဗားမဲ့ဆရာတော် အရှင်နန္ဒသာရက အင်းအတတ်နဲ့ ထွက်ရပ်မြန်းကြွသွားတာ။ ဗားထီး၊ ဗားတမော့၊ ဗားကရာ အစရှိတဲ့ ပုဂ္ဂိုလ်ထူးတွေလည်း အင်းဆေးနဲ့ ထွက်ရပ်မြန်းကြတာလေ။ ရှင်အဇ္ဇဂေါနကတော့ ဓာတ်လုံးနဲ့ မြန်းခဲ့တာပေ့ါ။





ဆရာကြီးဦးခေါင်နဲ့ စပ်လျဉ်းတဲ့ မဟိဒ္ဓိအကြောင်းတွေကို ကျွန်တော် သိမြင်ကြားသမျှ ပြောပြပြီးပါပြီဗျာ။

အခု ဆရာကြီး ပုပ္ပားတောင်ကလပ်ပေါ်မှာ ကမ္ဘာလုံးစေတီတည်နေပြီ။ ဒီအကြောင်းပြောပြီးရင် ဆရာကြီးခေါင် သိဒ္ဓိရှင် မဟိဒ္ဓိရှင်လို့ အသိမှတ်ပြုခံရတဲ့ ဖြစ်ရပ်ပေါင်းများစွာထဲက ခေါင်းပြတ်သေနေတဲ့ကြက်ကို အသက်ပြန်ရှင်အောင် ပြန်လုပ်ပြခဲ့တဲ့အစွမ်းကို ပြောပြီး ခဏရပ်မယ်ဗျာနော်။ ဆရာကြီးအကြောင်း ကျွန်တော်မသိတာတွေ၊ မကြားမမြင်တာတွေ အများကြီးပါဗျာ။ သိမြင်ကြုံတွေ့ခဲ့တဲ့ လူတွေကလည်း ပြောပြကြစေချင်တယ်ဗျာ။

ဘာလို့လဲဆိုတော့ သူလိုပုဂ္ဂိုလ်ထူးအကြောင်းကို နောင်လာနောက်သား အများသိစေချင်လို့ပါ။ ဘာပဲဖြစ်ဖြစ် မြန်မာမှာ ဒီလိုပုဂ္ဂိုလ်မျိုးရှိခဲ့ဖူးတာ ကျွန်တော်တို့ ဂုဏ်ယူရင် မရပေဘူးလားဗျာ။

ကျွန်တော်က မေးကြည့်တယ်။

''ဆရာကြီး ဘာလို့ ဒီလောက်မြင့်တဲ့ ပုပ္ပားတောင်ပေါ်မှာ ကမ္ဘာလုံး စေတီတည်ရတာတုံး ဆရာကြီး''

''ပုပ္ပားတောင်က တောင်မြင့် တောင်မြတ်ကွ။ ဝိဇ္ဇာကြီးတွေ လာရောက် တရားကျင့်တဲ့တောင်။ ကြမ်းတာတော့ ကြမ်းတယ်။ ဟိုယောင်ဒီယောင်တွေ နေလို့ မရဘူး။ တောင်ပိုင်ကြီးက အဲဒီလို ယောင်တွေ လက်မခံဘူး။ ငါလည်း ဓာတ်ကျလို့ စေတီလာတည်တာ။ ဒီပုပ္ပားတောင်အကြောင်း မင်း ဘာတွေသိတာ ရှိတုံး။ ငါကတော့ မြင်ရမမြင်ရ ပုဂ္ဂိုလ်တွေအားလုံးကို မေတ္တာပို့ပြီးမှ သမထလုပ်တာ။ ငါ့အတွက်မဟုတ်ဘူး သတ္တဝါတွေ ကယ်ဖို့လုပ်တာ''

''ကျွန်တော်ကြားဖူးတာတော့ ဂေါတမဘုရားရှင်ကိုယ်တော်တိုင် ဗျာဒိတ် စကားမိန့်ဆိုခဲ့တယ် ကြားဖူးတာပဲ ဆရာကြီး''

''ဘယ်လိုမိန့်ခဲ့သတုံး ... ပေါ်ထူးရဲ့''

''ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး (၁၀၁) နှစ်ကိုရောက်ရင် မြေကြီး လျှောင်ပြင်းစွာ လှုပ်လတ္တံ့။ ဤမိုးဦးတောင်အရပ်၌ အင်းကြီးဖြစ်ပေါ်လတ္တံ့။ စမုံမြစ်လို့ ခေါ်လတ္တံ့။ သရေခေတ္တရာပြည် တည်ရာအရပ်၌ ပင်လယ်သမုဒ္ဒရာမြေ ခန်းခြောက်လတ္တံ့။ ပုပ္ပားတောင်မြေ စုန့်စုန့်ပေါ်လတ္တံ့ ဆိုတဲ့ ဗျာဒိတ်စကား မိန့်ခဲ့တယ်လို့ ရှေးစကား ကြားခဲ့ဖူးတာပါခင်ဗျ''

''မင်းလည်း လေ့လာအား ရှိတာပဲကိုး ... သာဓုဗျာ ... သာဓု ... သာဓု ... ဒီပုပ္ပားတောင်ကို ကကုသန်ဘုရားရှင်လက်ထက်က 'ပုပ္ပရာသီတောင်'



www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်သတဲ့ကွ။ ကောဏာဂုံဘုရား လက်ထက်တော်မှာတော့ 'ဂန္ဓမနတောင်'လို့ ခေါ်သတဲ့။ ကဿပဘုရားရှင် လက်ထက်တော်တုန်းကတော့ 'မုတ္တမတောင်ညို' လို့ ခေါ်တယ်။ တို့ ဂေါတမဘုရားရှင် လက်ထက်တော်မှာတော့ 'ပုပ္ပတောင်' လို့ သမုတ်ခဲ့တယ်လို့ ပုဂ္ဂိုလ်ထူးတွေ ဆိုခဲ့တယ်ကွ။ ဒီတောင်တော်မှာ ပန်းပဲမောင် တင့်တယ် နတ်မောင်နှမတို့ နေထိုင်ခဲ့တဲ့ နတ်နန်းလည်း ရှိတယ်။ ကျောက်နွားသိုး က ကိုးကောင်ရှိပြီး စိမ့်စမ်းရေထွက်က ကိုးဆယ့်ကိုးစမ်းရှိတယ်။ ဆေးဖက်ဝင် ဆေးပင်အမျိုးမျိုးရှိတယ်။ နံ့သာပင်မျိုးစုံရှိတယ်။ သစ်ကြီးဝါးကြီး စုံတယ်။ ဝိဇ္ဇာ တပသီတွေ ဆေးလာကြိတ်တဲ့တောင်ကွ။ ပေါက္ကံပြည်ဘုရင်ထံကို နေ့စဉ်ပန်းတော် ဆက်တဲ့ ပန်းဆက်သမား ဗျတ္တနဲ့ မယ်ဝဏ္ဏဆိုတဲ့ ပန်းစားဘီလူးမတို့ အိမ်ထောင် ကျခဲ့တဲ့ အရပ်ကွ။ ဗျတ္တတစ်ယောက် တိုက်ပွဲမှာကျသွားတော့ မင်းကြီးနဲ့မင်းလေး ဆိုတဲ့ သားတော်လေးနှစ်ပါးကို ဖခင်ကိုယ်စား သူကောင်းပြုမြှောက်စားဖို့ ပေါက္ကံ ရွှေနန်းက မင်းမှုထမ်းတွေ လာခေါ်ကြတယ်။ ဒီမှာ လင်သားကလည်း တိုက်ပွဲ မှာကျ၊ သားရင်သွေးနှစ်ဦးလည်း ရွှေနန်းတော်ကခေါ်သွားတော့ မိခင်လုပ်သူ မယ်ဝဏ္ဏဘီလူးမကြီး ရင်ကွဲနာကျခဲ့တဲ့ တောင်ပေါ့။ တို့များ ဝိဇ္ဇာနယ်ပယ်၊ ဂန္ဓာရီ နယ်ပယ်မှာတော့ ဝိဇ္ဇာမိုရ်တောင်၊ ယက္ခတောင်၊ တောင်ကလပ်၊ ပန်းပေးတောင် စသဖြင့် အမည်ပေးကြတာပေါ့။ သမိုင်းရှိတဲ့တောင်၊ ဗျာဒိတ်ရှိတဲ့တောင်ပေါ့။ မင်း ကလေးလူကြီးရွတ်နေတဲ့ သီချင်းတပေါင်ကို ကြားဖူးလား။ 'မုန့်လုံးကို စက္ကူကပ် လို့၊ ကြာကလပ်မှာ ဆွမ်းတော်တင်၊ ပလ္လင်ပေါ်က မျောက်ကလေး၊ ဆင်းတဲ့ လို့ပြေးတဲ့'။ မုန့်လုံးနဲ့တူတဲ့ ကမ္ဘာလုံးစေတီကို ကြာကလပ်နဲ့တူတဲ့ ပုပ္ပားတောင် မှာ တည်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကွ။ မုန့်လုံးကို စက္ကူကပ်ဆိုတာက စက္ကူကအင်္ဂါ။ စက္ကူကို အင်္ဂါနဲ့ ဆီစိမ်ပြီးကပ်တော့ ဆီစိမ်စက္ကူ ခွာရပြီး မုန့်က နဂိုအတိုင်း ပုံ မပျက်ဖူးတဲ့။ မုန့်လုံးနဲ့တူတဲ့ ကမ္ဘာလုံးစေတီ၊ ကြာကလပ်နဲ့တူတဲ့ ပုပ္ပားတောင်မှာ တည်၊ ဆွမ်းတော်ကပ်တဲ့။ ဒါနကုသိုလ်တွေ လုပ်ကြရင် သမထတရား အလုပ် လုပ်ကြရင် မြင့်မြတ်တဲ့အဓိဋ္ဌာန်ဝင်ကြရင် ပလ္လင်ပေါ်ကမျောက်ကလေး ဆင်းတဲ့လို့ ပြေးတဲ့။ အဓိပ္ပာယ်က ပလ္လင်ပေါ်မှာ ဆွမ်းတော်တင်တာကို မျောက်တွေက ဝင်လု စားပါသော်လည်း စေတီရှေ့မှာ သူတော်ကောင်းပုဂ္ဂိုလ်တွေ၊ အလှူရှင်တွေရှိနေ လို့ မျောက်က မစားရဲဘဲ ဆွမ်းတင်တဲ့ ကျောက်ပလ္လင်ပေါ်ကနေ ကြောက်လန့် ပြီး ဆင်းပြေးရောလို့ အဓိပ္ပာယ်အနက်ထွက်တယ်။ ဒီ တပေါင်ကို နိမိတ်ယူ ဓာတ် ပန္နက်ယူပြီး ကမ္ဘာလုံးစေတီကို ဗုဒ္ဓဘာသာဝင်တွေ သက်ဝင်ယုံကြည်ပူဇော် ကုသိုလ်ယူဖို့ တည်တာပဲကွ''





ဆရာကြီးက အဲဒီလို ဓာတ်ပန္နက်နဲ့ ကမ္ဘာလုံးစေတီ တည်ခဲ့တာဗျာ။

အတိတ်နိမိတ်တွေနဲ့ တည်ခဲ့တာပဲဗျာ။ ရည်မှန်းချက်နဲ့ တည်ခဲ့တာ ဗျာ။

ကျုပ်တို့ထင်တာက ပလ္လင်ပေါ်က မျောက်ကလေးဆိုတဲ့ နိမိတ်သင်္ကေတ ကလေးကို တိရစ္ဆာန်မျောက်လို့ပဲ ကနဦးတုန်းက မှတ်ယူတာပေါ့။

ဘယ်ဟုတ်မှာလဲ . . .

ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းလို့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ အင်္ဂလိပ်က ကျုပ်တို့မြန်မာပြည်ကို လွတ်လပ်ရေး ပေးခဲ့ရပါရောလား။

ဟုတ်ပေပဲကိုး . . .

ရာဇပလ္လင်ပေါ်မှာ နှစ်ပေါင်းများစွာ တက်ထိုင်မင်းလုပ်တဲ့ အင်္ဂလိပ် မျောက်ဖြူတွေ အခုဆင်းပြေးရပါရောလား။ မျောက်ဖြူအင်္ဂလိပ်တွေ ပြေးရတာ အားလုံး နှစ်ကြိမ်ဗျ။ နောက်ဆုံးအကြိမ်မှာ အပြီးတိုင် ဆင်းပြေးရတာပဲလေ။

ဒီတော့မှ ကျုပ်တို့ဆရာကြီးရဲ့ တပေါင်အတိတ်၊ အောင်နိမိတ်၊ ဓာတ် ပန္နက်၊ ကမ္ဘာလုံးစေတီရဲ့ သက်ရောက်မှုကို အံ့ဩဩ သိရှိနားလည်ခဲ့ရပါရော ဟာရီ။

✿ ✿ ✿

[ ၃၆ ]

❑

တစ်နေ့ ဆရာကြီးအောင်မင်းခေါင်ကို ဂါရဝပြုချင်လို့ဆိုပြီး မိုးကောင်း ဒေသဝန်းကျင်က ရှမ်းမြန်မာတွေက ပုပ္ပားတောင်ကို ရောက်လာကြတယ်။ ကချင် တောင်သူ ခရီးသွားသုံးဦးလည်း ပါလာကြတယ်။

ဒီမှာ လူရွယ်တစ်ဦးက ကျွန်တော့်ရှေ့မှာရပ်ပြီး . . .

''ဦးကြီး . . . ကျုပ်ကို မသိဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ခေါင်းမှာပတ်ပေါင်းထားတဲ့ ခေါင်းပေါင်းကို ချွတ်ပြလိုက်မှ ...

''ဟာ ... နင် ... နင် ... ဖိုးဆော ... ခန္ဓီးရှမ်းလေး ... ဖိုးဆော''

''ဟုတ်ပနော ... ငါ ဖိုးဆောပ။ ဒီကချင်လေးကိုရော သိလားပ''

ပြုံးပြနေတဲ့ ကချင်လူရွယ်ကို အတန်ကြာကြည့်ပြီး ...

''နင် ... နင် ... နော်လွန် ... မုဆိုးနော်လွန်မဟုတ်လား''

''ဟုတ်ကော ... ဦးကြီး ... ငါ နော်လွန်။ အဖေကြီး ပုပ္ပားမှာ စေတီတည်နေတဲ့ သတင်းကြားလို့ ငါတို့ အရောက်လာကြတာပ။ လျှချင်လို့လည်းပေါ့နော''

''နော်လွန်၊ ဖိုးဆော ... နင်တို့ရွာ အမိအဖနဲ့ ရွာသားတွေရော နေကောင်းကြတယ်နော''

''ကောင်းပ ... ကောင်းပ ... ဖိုးဆောတို့အမေက ဦးကြီးကို လာလည်ပါဦးတဲ့ပ''

''သားတို့ ထမင်းစားပြီးကြပလား''

''မစားရသေးဘူးပ ... ခရီးဝေးပကော''

''ကိုင်း ... ထမင်းအရင်စား ... လာ''

''မစားသေးပ။ အဖေကြီးကို ကန်တော့မယ်နော''

''ကဲ ... လာကြ ... လာကြ''

သူတို့ကို ဆရာကြီးရှေ့ကို ခေါ်သွားတယ်။ သူတို့က ဆရာကြီးကို ကန်တော့ကြပြီး ပါလာတဲ့ ကချင်ရိုးရာ၊ စားစရာတွေရယ်၊ ပျားရည်ပုလင်းတွေရယ်ကို ပေးလှူကြတယ်။

''ဆရာကြီး ...''

''ဘာတုံး ... ပေါ်ထူး''

''ဆရာကြီး ဒီလူငယ်နှစ်ဦးကို သိလား''

ဆရာကြီးက နဖူးပေါ် လက်ဝါးကာပြီး သူတို့ကို ကြည့်နေတယ်။

''မြင်ဖူးသလိုပဲကွယ် ... ငါကလည်း ခရီးများပြီး တွေ့လူများတော့''

''ဖိုးဆောနဲ့ နော်လွန်လေ''

''ဘာ ... ကချင်တောင်ပေါ်မှာတုံးက ... ဟို ... ဟို ...''

''ဟုတ်တာပေါ့ ... ကချင်မုဆိုးနဲ့ တောင်သူလေးလေ''





''အို ... ငါ့သားတွေ ဒီကို အရောက်လာကြတယ်။ အဖေကြီး ဝမ်းသာလိုက်တာ သားတို့ရယ်။ နေကောင်းကြလား ... သားတို့''

''ကောင်းပ ... အဖေကြီး''

''နေဦး ... ငါ မေးစရာရှိတယ် ... သားတို့ရဲ့။ ငါ ဂူထဲမှာ ထားခဲ့တဲ့ ကိုးစောင်တွဲ ဘုရားရှိခိုးစာအုပ်ကို သားတို့ ရရဲ့လားဟဲ့''

''ရပါတယ် ... အဖေကြီး။ ဦးကြီးပေါ်ထူးကိုယ်တိုင် ပေးခဲ့တာပ''

''ဒါဆို ငါ့သားတွေ အဲဒီစာအုပ်ထဲကစာတွေ ဖတ်ခဲ့ကြရဲ့လား သားတို့ရဲ့''

''ဖတ်တတ်ပါပြီပ ... ငါတို့ ... အဲ ... အဲ ... ကျွန်တော်တို့ရွာကို ဒေသန္တရ ကျောင်းဆရာနဲ့ ဘုန်းတော်ကြီးတစ်ပါး ရောက်လာတယ်။ ကျွန်တော်တို့ကို မြန်မာစာသင်ပေးတာပ။ ဘုန်းတော်ကြီးက စာအုပ်ထဲက စာတွေကို သင်ပေးလို့ အချို့စာတွေ အလွတ်ရနေပါပြီပ''

''ဝမ်းသာလိုက်တာကွယ် ... မင်းတို့ရွာကို သံဃာတစ်ပါးကြွလာပြီကိုး။ သားတို့ ဘုန်းကြီးကို ဆွမ်းလောင်းရဲ့လားဟဲ့''

''လောင်းတာပနော''

''ကျွန်တော်တို့ ကျောင်းဆရာအတွက် အိမ်တစ်လုံးဆောက်ပေးတယ်ပ။ ဘုန်းတော်ကြီးအတွက် အိမ်တစ်လုံး ...''

''ကျောင်းလို့ ပြောရတယ် သားရဲ့''

''အဲ ... အဲ ... ကျောင်းလည်း ဆောက်ပေးတယ်ပ။ ထင်းရော၊ ရေရော မပြတ်စေရပနော။ အခု ရွာကလူတွေ ဘုန်းကြီးကျောင်းကို မကြာခဏသွားပ။ ဘုန်းကြီးပြောတဲ့စကားကို နားထောင်ကြပ ... အဖေကြီး''

''သာဓု ... သာဓု ... သာဓု ... မင်းတို့ဒေသမှာ ဗုဒ္ဓဘာသာ မျိုးစေ့အပင်စပေါက်ပြီကွယ့်။ ငါ့သားတွေ အပါယ်တံခါးပိတ်ကြပြီပေါ့ ကိုပေါ်ထူးရေ''

''အမိန့်ရှိပါ ... ဆရာကြီး''

''ဟောဒီသားတွေရော၊ ဟိုကသားတွေရော ဘယ်က လာကြတာတုံးဟဲ့''

''မိုးကောင်းဘက်ကပါ ... အဖေကြီး''

''အေး ... အေး ... ပေါ်ထူး၊ သားတွေ၊ သမီးတွေကို ထမင်းကျွေးပါဟဲ့။ ဒီမှာ ပျော်သလောက်နေကြ။ ဟိုးတောင်ပေါ်တက်ပြီး ဘုရားတည်တာပဲ ဖူးကြ ကြည့်ကြဟဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ပါ ... အဖေကြီး''

မိုးကောင်းကလာတဲ့ လူစုကလည်း အဖေကြီးကို ဂါရဝပြုကြ၊ ကန်တော့ကြ။ ပုပ္ပားတောင်ကျောင်း ဘုန်းတော်ကြီးကျောင်းဆရာတော်ကိုလည်း လှူဖွယ်ပစ္စည်းတွေနဲ့ သွားကန်တော့ကြရဲ့။ သည့်နောက် သူတို့အားလုံးကို ထမင်းစားရုံထဲ ခေါ်သွားပြီး သက်သတ်လွတ်ထမင်းဟင်းကို ကျွေးတယ်။ စားလို့ကောင်းလိုက်တာတဲ့။ အသားဟင်းနဲ့ စားရတာထက်တောင် ပိုမြိန်သေးတယ်တဲ့။ ထမင်းကျွေးအဖွဲ့က သူတို့ အားရပါးရပြောတာကို သဘောတွေကျပြီး ဟင်းထမင်းလိုက်ပွဲတွေ ခပ်သွက်သွက် ချပေးကြလေရဲ့ဗျာ။

ညဘက်ရောက်တော့ သစ်သားဇရပ်ကြီးမှာ ရေနွေးကြမ်းဝိုင်းဖွဲ့ပြီး ဒေသတွေအကြောင်း၊ ဆန်စပါးအကြောင်း၊ အင်္ဂလိပ်အစိုးရအကြောင်း စသည် ပြောကြ၊ ဝေဖန်ကြပေါ့။

ဒီမှာ မိုးကောင်းဘက်ကလာတဲ့ လူကြီးက ကျုပ်ကို မေးလိုက်တယ်ဗျ။

''ဦးပေါ်ထူးက အဖေကြီးရဲ့ တပည့်ကြီးဆိုဗျ''

''ဟုတ်ပါတယ်ခင်ဗျာ။ ဆရာကြီး ခရီးသွားလို့ လိုက်ခဲ့ခေါ်ရင် လိုက်ပါပြီး ဆရာကြီးလမ်းညွှန်တာတွေ ဝိုင်းကူရတာပေါ့ဗျာ။ ခု ပုပ္ပားတောင်ပေါ်မှာ ကမ္ဘာလုံး စေတီတည်တော့လည်း အစအဆုံး ပါဝင်နေတာပေါ့။ ဒါထက် နောင်ကြီး နာမည်လည်း ပြောပါဦးဗျာ''

''ကျွန်တော့်နာမည်က ကိုခြောက်ဖီးလို့ ခေါ်ပါတယ်ခင်ဗျာ''

''ကိုခြောက်ဖီး ... ဟုတ်လား။ ဆန်းလိုက်တဲ့နာမည်ပါလား ဟင်''

''ကျွန်တော့်အစ်ကိုနာမည်က ကိုရှစ်ဖီးတဲ့ခင်ဗျ''

''ဟာ ... လုပ်လှချည်လား ... ကိုခြောက်ဖီးရာ ဟင်''

ကျုပ်အပြောကြောင့် ဇရပ်ပေါ် အကြမ်းဝိုင်းကလူတွေ ရယ်ကြပါရော။ ဒီမှာ ရန်ကုန်သား ကိုကျော်စိန်ဝိုင်းဆိုတဲ့ လူက ပြောလိုက်တယ်။

''ရှင်းစမ်းပါဦး ... မိုးကောင်းသားကြီးရာ၊ ဘာကြောင့် ရှစ်ဖီး၊ ခြောက်ဖီးလို့ နာမည်ပေးရတာတုံးဗျာ''

''ဒီလိုခင်ဗျ ... အစ်ကိုကြီးမွေးတဲ့နေ့မှာ အဖေ့ရဲ့ မိတ်ဆွေတစ်ဦးက ငှက်ပျောတစ်ခိုင် လာပေးတာ။ ငှက်ပျောရှစ်ဖီးဖြစ်နေလို့ မွေးစကလေးကို မောင်ရှစ်ဖီးလို့ အမည်ပေးလိုက်တာခင်ဗျ''

''ဒီလိုလား ... ခြောက်ဖီးပေးပုံလေးကရော ဖိုးသောင်းကြီးရာ''





''ကျွန်တော်မွေးတဲ့နေ့မှာ စောစောကတုန်းက ငှက်ပျောရှစ်ဖီးလာပေးတဲ့ အဖေ့သူငယ်ချင်းကပဲ ဆင်စွယ်ငှက်ပျောတစ်ခိုင်ခြောက်ဖီး လာပေးပြန်ပါရော။ ပါးစပ်ကလည်းပြောတယ်။ ငါ ငှက်ပျောရှစ်ဖီးပေးတဲ့ကောင် ကျန်းမာတယ်။ အခု မွေးတဲ့ကလေးလည်း ဝတုတ်ကျန်းမာအောင် ဆင်စွယ်ငှက်ပျောခြောက်ဖီး လာပေးတာဟေ့တဲ့။ အဲဒါနဲ့ ကျွန်တော့်ကို မောင်ခြောက်ဖီးလို့ အမည်ပေးလိုက်ကြတယ်ဗျ။ ကျွန်တော့်အစ်ကိုရှစ်ဖီးလည်း အသက် (၇၀)ရှိပြီ ကျန်းမာတုန်း ပဲဗျ''

''ကိုခြောက်ဖီးကရော ကျန်းမာတာပဲလား''

''ကျွန်တော် မိန်းမ (၃)ယောက် ရပြီးပြီဗျ''

''ဟေ ...''

''ဟား ဟား ဟား ဟား ဟား''

''ဟား ဟား ဟား ဟား ဟား''

''ကိုခြောက်ဖီးရေ ... ကျွန်တော်တောင် ကိုခုနစ်ဖီးလို့ နာမည်ပြောင်းရင် ကောင်းမလားဟင်''

''ဟား ဟား ဟား ဟား ဟား''

အားလုံး ပျော်ကြပေါ့ဗျာ။

''ရယ်စရာပြောတာပါ ... မိတ်ဆွေကြီးတို့ရာ၊ ကျွန်တော်လည်း ပညတ်သွားရာ ဓာတ်သက်ပါသလိုပဲ ခုမြင်တဲ့အတိုင်း ဝဖီးနေတာပဲဗျို့''

''(၁၁)ဖီးလို့သာ နာမည်ပေးခဲ့ရင် ခင်ဗျား စပါးထည့်တဲ့ပုတ် ဖြစ်နေပြီ ကိုခြောက်ဖီးရေ''

''ဟုတ်ပါ့ဗျာ ... ဟုတ်ပ။ ကိုင်း ... ရယ်စရာတွေ ခဏရပ်ပြီး ဦးပေါ်ထူးကို သိချင်တာလေးများ မေးပါရစေဗျာ''

''ဘာများပါလိမ့် ... ဆရာဖီးရယ်''

''အဖေကြီးအောင်မင်းခေါင်ဟာ အသက်သွင်းတဲ့အတတ်ကို တတ်ပါသလား ... ဆရာဦးပေါ်ထူး''

''ဗျာ ... အသက်သွင်းတဲ့အတတ် ... ဟုတ်လား ... ဖုတ်သွင်းတာကို ပြောတာလား ... ဆရာဖီး''

''ဖုတ်သွင်းတာကို ပြောတာမဟုတ်ဘူး။ အသက်သေဆုံးနေတဲ့ သတ္တဝါကို အသက်ပြန်ရှင်အောင် အသက်သွင်းတာကို ပြောတာပါ''

ဦးခြောက်ဖီးရဲ့မေးခွန်းကြောင့် ဇရပ်ပေါ် ရေနွေးဝိုင်းကလူတွေ စိတ်ဝင်တစားဖြစ်ပြီး ငံ့လင့်နေကြပါရော။



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်သိသလောက်ကတော့ ဆရာကြီးခေါင်က သိဒ္ဓိရှင် မဟိဒ္ဓိရှင်တစ်ဦး ဖြစ်တာတော့ ယုံပါတယ်ဗျာ။ သူ ကြုံတွေ့ဖြေရှင်းခဲ့ရတဲ့ အံ့ဖွယ်အကြောင်းတွေကို မြင်ဖူးကြားဖူးတာ ရှိသကိုး။ ဟောဟိုကချင်လူငယ်နဲ့ ခန္တီးရှမ်းကလေးတို့ဆိုရင် ဆရာကြီးခေါင် ကျားနဲ့ကစားနေတာ မြင်ဖူးတယ်။ ကျားနဲ့သတ်ပုတ် အနိုင်ယူတာလည်း ကြုံဖူးတယ်၊ လူတစ်ဖက်စာကျွန်းပင်ကို အမြစ်ကနေ ဆွဲနုတ်နိုင်တဲ့အဖြစ်ကို သူတို့ ကြုံခဲ့ရဖူးတယ်ဗျာ။ ဟို ရှမ်းကြီးတွေကဆို ဆရာကြီး ရေပေါ်မှာ လမ်းလျှောက်သွားတာ မြင်ဖူးတယ်လို့ ပြောတယ်ဗျာ။ ဆရာကြီးက သိဒ္ဓိ(၁၀)ပါးလုံး အောင်နေတယ်လို့တော့ မပြောလိုပါဘူး ... ဆရာဖိုးရယ်။ သို့သော် သူ ဖြေရှင်းပေးခဲ့တာ ကိစ္စတွေက သာမန်လူမမြင်ရင် ယုံမှာမဟုတ်ဘူး။ မြင်ဖူးကြုံဖူးသူတွေကတော့ လက်ခံယုံကြည်ကြတယ်ဗျာ။ ဒီလို သိဒ္ဓိတစ်မျိုးမျိုး လုပ်ပြခဲ့တာတွေက ကျော်စောထင်ပေါ်ချင်လို့ မဟုတ်ပါဘူးဗျာ။ တို့မြန်မာမှာ ဟောဒီပညာအစွမ်းတွေ ရှိတယ်ဆိုတာ သိကြလော့ဆိုတဲ့ ကရုဏာစိတ်နဲ့ ပြသွားတာလေးပါဗျာ။ ဆရာကြီး အဲဒီလို သိဒ္ဓိအစွမ်းတွေနဲ့ ဖြေရှင်းခဲ့တယ်လားလို့ မေးကြည့်၊ သိပါဘူးကွာလို့ပဲ ဖြေလိမ့်မယ်။ ဆရာကြီးရယ် ... မယုံလို့ပါ ပြစမ်းပါ ကားတစ်စီးပေးမယ်၊ တိုက်တစ်လုံးပေးမယ်လို့ အလောင်းအစားပြောကြည့်၊ သူ ပြမှာလည်း မဟုတ်ဘူး။ စိန်ခေါ်တဲ့လူကို မောင်းထုတ်၊ ကန်ထုတ်ပစ်မှာပဲ။ အကြောင်းအားလျော်စွာ ကြုံကြိုက်မယ်၊ ဒါမှမဟုတ် လူရွှတ်လူပေ လူ့ဗာလတွေကို ချွတ်ချင်ကယ်ချင် သတိပေးချင်တဲ့အခါမျိုး ကြုံရင်တော့ ထူးထူးခြားခြား အံ့သြစရာတစ်မျိုးမျိုးတော့ လုပ်ပြခဲ့တာပဲဗျာ။ သေနေတဲ့သတ္တဝါတစ်ကောင်ကို ပြန်ရှင်အောင် လုပ်ခဲ့တာမျိုးတော့ ကျုပ် မမြင်ဖူးသေးပါဘူးဗျာ။ ဆရာဖိုးရော ဆရာကြီးလုပ်ပြခဲ့တာ မြင်ဖူးလို့လား''

''မြင်ဖူးတယ်''

''ဗျာ ...''

''ဟုတ်ရဲ့လားဗျ''

''ဦးမိုးကောင်းကြီး ... ကြည့်လုပ်ပါဗျာ။ တော်ကြာ ကျုပ်တို့အဖေကြီးနောက်ကို သေသူအမျိုးတွေ လိုက်နေပါ့မယ်ဗျာ''

အနီးရှိလူတွေက ဦးခြောက်ဖိုးကို ဝိုင်းပြောကြပါရော။

စကားသံတွေငြိမ်သွားမှ သူ့ဘေးက လူရွယ်တစ်ဦးနဲ့ ရှမ်းစပ်အမျိုးသမီးတစ်ဦးကို လက်ညိုးထိုးပြပြီး ...





''အားလုံးပဲဗျာ ... နားထောင်ကြပါ ... ဟောဒီလူရွယ်ရဲ့ နာမည်က 'နတော်'လို့ ခေါ်တယ်။ နတွော်မဟုတ်ဘူး။ နတော်နော်။ ဒီမိန်းကလေးက နတော်ရဲ့ဇနီး။ နာမည်က 'မမိုးမြိုတ်'တဲ့။ နတော်က လူရွှတ်ဗျ။ စုန်းတို့၊ သရဲတို့ မယုံဘူး။ သတ္တိလည်း ကောင်းတယ်။ မျက်လှည့်ဝိုင်းမှာ မြွေအလမ္ပာယ်ပြပြီး မြွေဆေးရောင်းရင် သူက ဝင်စမ်းတာ။ သူ့လွယ်အိတ်ထဲက မြွေပွေးမြွေဟောက်ကို ထုတ်ပြပြီး မြွေအလမ္ပာယ်ဆရာကို အကိုက်ခံနိုင်းတာ။ မြွေဝိုင်းပျက်သွားတယ်။ မြွေအလမ္ပာယ်ဆရာလူလိမ် ထွက်ပြေးရတာ ဝိုင်းပေါင်းမနည်းဘူး။ မောင်နတော်ရဲ့အဘိုး ဆရာနိမ်က မြွေကုတဲ့ဆရာ၊ မြွေနှိုင်တဲ့ဆရာကိုး။ ထူးခြားတာက နတော်က မွေးကတည်းက မြွေပြီးတယ်။ မြွေကိုက်ရင် မသေဘူး။ မြွေမှန်ရင် ဘာမြွေဖြစ်ဖြစ် အရှင်ဖမ်းတယ်။ ကိုင်တယ်။ လူက တော်ရုံတန်ရုံနဲ့ မယုံဘူး။ ရွှေကျင်တဲ့အလုပ်ကို ရွှေလီအထက်မှာလုပ်စားတော့ ငွေရှင်တာပေါ့။ ရွှေရရင် လင်မယားနှစ်ယောက် မြို့ပေါ်က ပန်းထိမ်မှာသွားရောင်း၊ ငွေရရင် တရုတ်စားသောက်ဆိုင်မှာ စားချင်တာစားပြီးမှ ရွာပြန်တာ။ ရွှေကျင်တဲ့အပိုင်မှာလည်း သူက မဟုတ်မခံ၊ ဇက်ရဲလက်ရဲမို့ သူ့ဆိုရှိန်ကြ၊ လန့်ကြတယ်။ အိုဗျာ ... အဆိပ်ပြင်းတဲ့မြွေရှိရင် လက်တွေ့ဖမ်းပြခိုင်းလို့ရတယ်နော်။ ထားတော့ဗျာ ... နတော်တို့လင်မယားရယ်၊ ကျွန်တော်ရယ် .. တစ်နေ့ ရွှေကျင်လို့ရတဲ့ စုရွှေလေးတွေ ပန်းထိမ်မှာသွားရောင်းပြီး ထုံးစံအတိုင်း တရုတ်စားသောက်ဆိုင်မှာ စားသောက်နေတုန်း လည်ပင်းပြတ်သေတဲ့ကြက်အသက်ရှင်အောင်လုပ်တဲ့ လူကြီးကို မျက်မြင်ကြုံခဲ့ရတာပဲဗျ။ မယုံရင် နတော်နဲ့ မိမိုးမြိုတ်ကို မေးကြည့်''

''မောင်နတော်နဲ့ မမိုးမြိုတ် ... ကိုခြောက်ဖိုးပြောတာ ဟုတ်လားဟဲ့''

''ဟုတ်ပါတယ်ဗျာ''

''မှန်ပါတယ်ရှင်''

''သေနေတဲ့ကြက်ကို ရှင်အောင်လုပ်ခဲ့တဲ့လူ နာမည်က ဘယ်သူတဲ့ဟဲ့''

''အဘဖိုး ... အဘဖိုးပဲ ပြောလိုက်ပါဗျာ''

''ကဲ ... ဦးဖိုး၊ ပြောပါဦး။ ကြက်သေကို ရှင်အောင်လုပ်သွားတာ ဘယ်သူတုံးတဲ့''

''အစကနဦးကတော့ ဘယ်သူမှန်းမသိပါဘူးဗျာ။ စုံစမ်းမေးမြန်းကြည့်တော့မှ အဲဒီလူကြီးနာမည်ကို သိရတယ်''



www.burmeseclassic.com

www.burmeseclassic.com



''လူကြီးနာမည်က ...''

''ဦးအောင်မင်းခေါင်တဲ့''

''ဟေ ...''

''ဗျာ ...''

''ဦးဖီး ... ဟုတ်ရဲ့၊ သေချာရဲ့လားဗျာ''

''ဒီမှာ မျက်မြင်သက်သေတွေ ရှိနေတယ်လေ။ သူတို့ရော၊ ကျုပ်ရော အစအဆုံး မြင်တာဗျ။ ကျုပ် ကျိန်ဆို ကျိန်ရဲတယ်ဗျ''

ဒါနဲ့ ကျုပ်တို့က မေးရတယ်။ ဦးဖီးတို့ ကြုံရ၊ မြင်ရပုံလေး ပြန်ပြောကြပါဦးလို့ မေတ္တာရပ်ခံတော့မှ အံ့စရာကောင်းတဲ့ ဆရာကြီးခေါင်ရဲ့ ဘဝအစိတ်အပိုင်း တစ်ခုကို ယခုလို ပြောပြလေရဲ့။

✿ ✿ ✿

[၃၇]

❑

စောစောက ပြောခဲ့သလိုပေါ့ဗျာ။ ကျုပ်တို့က ရွှေကျင် ရွှေရှာပြီး ဝမ်းစာရှာကြတာကိုး။ ကျောက်ပါးစပ်ရွှေတွင်းဆိုတာ ကြားဖူးမှာပေါ့။ ဝန်းသိုမြို့နယ်ထဲမှာရှိတဲ့ ရွှေတွင်းပဲ။ ရွှေတောင်လို့ခေါ်ရင် ပိုမှန်တယ်။ ဒီကျောက်ပါးစပ်က ရွှေတွင်းကို ကျုပ်တို့ ကပ်လို့မရပါဘူး။

ဝန်းသိုမှာက ရွှေထွက်တဲ့နေရာတွေ များတယ်ခင်ဗျ။

ဖိုးရွှေလရွှေတွင်း၊ နန်းစကျင်ရွှေတွင်းတို့ဆိုရင် ရွှေထွက်အားကောင်းတယ်။ မန်လည်တောင်ကြောနဲ့ မှန်ကင်းအရှေ့ဘက် ရေဝေရေလဲဒေသတွေမှာ ရွှေက အတုံးအခဲလိုက် တွေ့တာလေ။

ဗန်းမောက်မြို့နယ်ဆိုရင် တွေ့တဲ့ချောင်းမြောင်းရေစပ်မှာ ရွှေကျင်ရင် ထမင်းစားဖို့ရတယ်။ ကျွန်တော်တို့ကတော့ အလုပ်အားရင် ရွှေလိုက်ရှာ ကျင်တာပဲ။





ကဒူးကနန်းနယ်သားတွေဆိုရင် ရွှေကျင်တာများတယ်။ ရွှေရတော့ နတ်ပေးတဲ့ပစ္စည်းလို့တောင် ဆိုကြတယ်။

ဗန်းမောက်မြို့နယ်၊ စင်တဲကျေးရွာအုပ်စုမှာ မြန်မာဘုရင်တွေလက်ထက်က တူးဖော်တဲ့ ရွှေတွင်းတွေရှိတယ်။ သိတဲ့အတိုင်းပဲ အင်္ဂလိပ်ဗြိတိသျှတွေ အုပ်ချုပ်တော့ ရွှေပါတဲ့ကျောက်တုံးတွေ အကုန်သယ်ကြတာကလား။ သူတို့ပြီးတော့ တရုတ်၊ ကုလား၊ သူဌေးတွေက ငွေလုံးအရင်းအနှီးစိုက်ပြီး ရွှေတူးကြတာ ရွှေတုံးရွှေခဲတွေပါ ရသွားတယ်။ အဲဒါ ၁၉၂၆–၂၇ နှစ်လောက်တုန်းကဗျ။

အလွန်ကံကောင်းတဲ့ ကဒူးကနန်းဒေသက ကျေးရွာအချို့မှာလည်း ၁၉၃၀ လောက်တုန်းက ရွှေတုံးရွှေခဲတွေ ရသွားကြတယ်လို့ သိရတယ်ဗျ။

အင်းတော်နဲ့ ထီးချိုင့်မှာလည်း ရွှေက နေရာအနှံ့ တွေ့ရတယ်လေ။

ကျွန်တော်တို့က မဲဇာချောင်းနဲ့ ကျောက်လောက်ချောင်း၊ နန်းခတုတ်ချောင်းမှာ ရွှေသွားကျင်ကြတယ်။ ဒီဘက်ကရွှေ ပထမတန်းအဆင့် ထွက်တာကိုး။ ဆင်းရဲသားကတော့ စားဖို့ ရတာပါပဲ။

(၁၀)ရက်လောက် ရွှေလေးစုမိတော့ နတော်တို့လင်မယားနဲ့ မြို့ပန်းတိမ်မှာ သွားရောင်းကြတယ်။ ငွေလုံးလေးရတော့ ထုံးစံအတိုင်း ခေါက်ဆွဲဆိုင်ဝင်ပြီး ခေါက်ဆွဲကြော်စားဖို့ ပန်းသေးတရုတ်ခေါက်ဆွဲဆိုင်ထဲ (၃)ယောက်သား ဝင်ခဲ့ကြတယ်။

ခေါက်ဆွဲဆိုင်ထဲမှာ အရက်မူးနေတဲ့ လူကြမ်း(၃)ဦးက တရုတ်ပေါက်ဖော်ကို လှမ်းခေါ်လိုက်တယ်။

''ပေါက်ဖော် ...''

''လာပါပြီ ... အာစရိ၊ အမိန့်ရှိပါ။ ဘာသုံးဆောင်မလဲခင်ဗျ''

''ထမင်းကြော်တစ်ပွဲ ... အော့ ... ဂေ့ ... မင်းကရော''

''ခေါက်ဆွဲကြော်''

''ငါလည်း ခေါက်ဆွဲကြော်ပဲ ... အော့ ... ဂေ့ ... ဟော့ကောင် ... တရုတ်ကြီး ...''

''အီမိန့်ရှိပါ ဆရာကီး''

''ဝက်သားနဲ့ကြော်ပေး''

''အားရိုးရိုး ... ဝတို့က ပန်းသေးတရုတ်ပါ ... ဆရာကီး ... ဝက်သားမရှိပါဘူး။ ကြက်သား၊ ဘဲကင်၊ ဆိတ်သားပဲရှိတယ် ... ဝ ...''

www.burmeseclassic.com



''ဟေ့ကောင် . . . တရုတ်စုတ်၊ မင်းဆိုင်မှာ ဝက်သားမရရင် မင်း ဒီမြို့မှာ ဆိုင်မဖွင့်နဲ့။ မင်း ငါ့အကြောင်း သိတယ်မဟုတ်လား ဟင်''

''စိပါတယ် . . . ဆရာကီး၊ အများကြီး စိပါတယ်။ ဆရာကီးတို့ကို အားကိုးပါတယ်။ ကြက်သားနဲ့ အီမြန်ကြော်လိုက်ပ့ါမယ်။ ခီနလေး စောင့်''

ကျွန်တော်တို့ ဆိုင်ထဲမှာဝင်ထိုင်တော့ လူကြမ်းငမူးသုံးယောက်က ကျွန်တော်တို့ကို လှမ်းကြည့်ပြီး . . .

''ဟေ့ . . . မင်းတို့က ဘယ်ကလဲဟေ့ . . . အေ့''

''ဟိုကောင် . . . မေးနေတယ်လေ။ မင်း ဘယ်အရပ်ကလဲ''

ကျွန်တော်တို့ကို မေးနေတာကိုး။ နတော်က လူကြမ်းကို ပြန်ကြည့်ပါရော။ နတော်က ပြားစွန်းခံတဲ့ကောင်မဟုတ်ဘူး။ ပြီးတော့ ဒါက ကိုယ့်ရွာမဟုတ်ဘူး။ နတော်ကို အသာလက်ကုပ်ပြီး သည်းခံပါလို့ ပြောနေတုန်း လူကြမ်းငမူးက ကျွန်တော်ရှိရာကို လာပြီး . . .

''မင်းတို့ကို မေးနေတယ်လေ . . . နားမလည်ဘူးလား . . . ကဲကွာ''

''ဂုန်း''

''ဂလွမ်း''

ကျုပ်တို့စားပွဲကို လက်သီးနဲ့ အသားလွတ်ထုလိုက်တာ စားပွဲပေါ်က ရေချိုင့်နဲ့ခွက်တွေ လွင့်စင်ကွဲကုန်ပါရော။ ဆိုင်ရှင်တရုတ်က ပြေးလာပြီး . . .

''ဆရာကီး . . . ဆရာကီး . . .''

''ဖောင်း . . .''

''အား . . . မီ . . . လေး . . . လေး . . . အား . . . ကျွတ် ကျွတ်''

လာတားဖို့လုပ်တဲ့ တရုတ်ကို နားရင်းအုပ်လိုက်တာ ဆိုင်ရှင်တရုတ်ကြီး လဲကျအော်ဟစ်ပါရော။

''ခုချက်ချင်းထ . . . ခေါက်ဆွဲကြော် ဘယ်မှာတုံး''

''ကြော် . . . ကြော်မလို့ . . . လုပ် . . .''

''ဖောင်း . . .''

''အား . . . ရို့ . . . ဝါး''

တရုတ်ပေါက်ဖော် နားအုံကိုလက်နဲ့အုပ်ပြီး ကြော်လှော်တဲ့နေရာကို သွားပါရောဗျာ။ ဒီမှာ ငမူးလူကြမ်းက စားသောက်နေတဲ့လူတွေရော၊ ကျွန်တော်တို့ကို လှည့်ပတ်ကြည့်ပြီး . . .





''ဟေ့ . . . ဆိုင်ထဲမှာရှိတဲ့လူတွေ ငါ့နာမည်မှတ်ထား ကျောက်ပိတုံးတဲ့။ ကျောက်ပိတုံးတုတ်ရင် မျက်လုံးမှိတ်သွားမယ်ဟေ့။ မင်းတို့အားလုံးထဲမှာ ငါနဲ့ယှဉ်ချင်တဲ့လူရှိရင် ထွက်ခဲ့၊ ထွက်လေ။ ဟိုကောင်မျက်နှာစိမ်း မင်းက ဘာကြည့်တာလဲ ထွက်လိုက်။ ရှေ့ထွက်ခဲ့ပါကွ . . . ဟား ဟား ဟား ဟား''

ကျောက်ပိတုံးဆိုတဲ့ အသားမည်းမည်း လူကြမ်းကြီးက နတော်ကို ကြည့်ပြီး ပြောနေတာဗျာ။ နတော်တစ်ကိုယ်လုံး တုန်နေပြီ။ ကျွန်တော်နဲ့ နတော့်မယားမိမိုးမြိတ်က ကြိတ်ပြီး တားကြ၊ ဆွဲကြပေါ့။

''ဟား ဟား ဟား ဟား ဟား . . . မိုးကောင်းနဲ့ မြစ်ကြီးနားမှာ ရောက်ရင် ပုလိပ်မေးမေး၊ ဘုန်းကြီးကျောင်းမေးမေး၊ ကလေးမေးမေး၊ ခွေးမေးမေး ကျောက်ပိတုံး ဘာလဲ အကုန်သိတယ်။ အေ့ . . . လာလေကွာ . . . ငါ့အသား ထိရဲတဲ့ကောင် လာထိကြည့်စမ်း''

ကျောက်ပိတုံးဆိုတဲ့ လူကြမ်းကြီး စိန်ခေါ်ကြုံးဝါးတော့ စားသောက်ဆိုင်ထဲမှာ ရှိသမျှ စားသုံးသူတွေ ခေါင်းကိုယ်စီငုံ့လို့။ ကြည့်ရတာ ကျောက်ပိတုံးအကြောင်းကို သိနေကြသန့်တူရဲ့။ လှည့်တောင်မကြည့်ကြဘူး။ အသံကိုတိတ်လို့။

''ငါ့အသား ထိရဲတဲ့ကောင်ရှိရင် တစ်ကြိမ်ထိရင် ငွေငါးကျပ်ပေးမယ်ဟေ့ . . . ဟား ဟား ဟား . . . အား . . . အွတ် . . . အား''

''ဟာ . . .''

''ဟ . . . ဟ . . . ဘာတွေဖြစ်ကုန်ပလဲဟ''

တစ်ကြိမ်ထိ ငါးကျပ်ပေးမယ်လို့ ဈေးခေါ်ပေးနေချိန်မှာပဲ ပေရေညစ်ပတ် ဆံပင်ဘုတ်သိုက် ပုဆိုးအဖြူကွက်အောက်နားပြဲနဲ့ လူကြီးတစ်ဦးက ကျောက်ပိတုံးရဲ့ရင်ဝကို ပြေးဝင်လဲပြို တိုက်မိသွားပါရောဗျာ။

လူမိုက်ကျောက်ပိတုံးပါးစပ်က 'အား . . . အွတ်' အသံတွေထွက်ပြီး ရင်ဝကို လက်နဲ့ဖိရင်း ဒေါသထွက်နေပါရော။ ဒီမှာပဲ ကျောက်ပိတုံးရဲ့အင်္ကျီအိတ်ထဲက လက်ကိုင်ပဝါနဲ့ထုပ်ထားတဲ့ ပစ္စည်းတစ်ခု လက်ကိုင်ပဝါပြန့်ပြီး တမံတလင်းပေါ် ထွက်ကျလာပါရော။

ကျွန်တော်တို့လည်း မြင်လိုက်တယ်ဗျ။ ဒေါက်ခနဲကျသံ ထိသံပါ ကြားရတာဗျ။

လူမိုက်ကျောက်ပိတုံးရဲ့ လက်ကိုင်ပဝါထဲက ထွက်ကျလာတဲ့ပစ္စည်းက နက်ပြောင်နေတဲ့ ကျောက်ပိတုံးရုပ်တုလေး။ လက်တစ်ဆစ်သာသာခန့်ရှိမယ်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတာက သံမံတလင်းပေါ်ကျလာတဲ့ ပိတုံးနက်လေးက လှုပ်ရှားရွေ့လျား နေတာပဲဗျ။

ကျောက်ပိတုံးဆိုတဲ့လူဟာ သူ့အိတ်ထဲက လွင့်စင်ကျသွားတဲ့ ကျောက်ပိတုံးနက်လေးကို အရေးတကြီး ပြေးလာကောက်လိုက်ချိန်မှာပဲ . . .

ဖျင်ကြမ်းတိုက်ပုံ ညစ်ပေ ရင်ဖွင့် လူကြီးကလည်း ရွေ့နေတဲ့ ကျောက်ပိတုံးရုပ်လေးကို ညာခြေနဲ့ နင်းမိလိုက်တာ ကျောက်ပိတုံးရုပ်လေး အပိုင်းပိုင်း အစိပ်စိပ် ကြေမွသွားပါရောဗျာ။

ကျောက်ပိတုံးဆိုတဲ့လူမိုက်ဟာ ဖျင်ကြမ်းတိုက်ပုံ ယောဂီလွယ်အိတ် ဖိုးရှိ့ဖားလျားနဲ့ အဘိုးကြီး နင်းမိလို့ကြေသွားတဲ့ ကျောက်ပိတုံးကျောက်စလေး တွေကို လက်နဲ့စုယူကိုင်ပြီး ဒေါသထွက်နေတယ်။

"ကျုပ် . . . ကျုပ်ပစ္စည်း . . . ခင် . . . ခင်ဗျားကြီးကြောင့် ပျက်စီးသွား ပြီ၊ ကြေမွသွားပြီဗျ"

ကျောက်ပိတုံးက အသံကျယ်ကျယ်နဲ့ ကျုံးအော်လိုက်တယ်။

"ငါလည်း ဗိုက်ဆာလို့ ပြေးဝင်လာရင်း မင်းကို မတော်တဆ တိုက်မိ သွားတာပါကွာ။ ဘကြီး တောင်းပန်ပါတယ်ကွာ နော်"

"တယ်ဗျာ . . ."

"ဟိတ်ကောင် . . . ပိတုံး . . . လာခဲ့"

ကျောက်ပိတုံးက ဖျင်ကြမ်းတိုက်ပုံနဲ့ အူကြောင်ကြောင် ညစ်ပေပေ အဘိုးကြီးကို လက်သီးနဲ့ထိုးမလို့ ရွယ်ရော ဒေါင့်စားပွဲမှာ ထိုင်စားနေတဲ့ သူ့လူ နှစ်ဦးက အမိန့်ပေးသလို လှမ်းခေါ်လိုက်တယ်။

"ကွာ . . ."

ကျောက်ပိတုံးက အဘိုးကြီးကို မလုပ်ရတော့ သံမံတလင်းကို ဒေါသ ဖြစ်ဖြစ်နဲ့ ထိုးလိုက်တာ . . .

"ဖောင်း . . ."

"အား မလေး . . . ကျိုးပါပြီဗျ . . အား . . အား . . လာကြပါဦးဟေ့"

သူ သံမံတလင်းကို ထိုးလိုက်တာ သံမံတလင်းမကွဲဘဲ သူထိုးလိုက်တဲ့ လက်ဆစ်တွေ ထိနိုက်နာကျင်လို့ အော်ပါရော။

သူ့လူတွေက ကျောက်ပိတုံးကို လာဆွဲခေါ်ပြီး ထောင့်ဝိုင်းမှာ နေရာချ ပေးတယ်။ အဘိုးကြီးကလည်း ဒီကောင်စိန်ခေါ်လို့ ဝင်လာတာပဲလား၊ ဒါမှမဟုတ်





သူ့အသားထိပြီး ငွေငါးကျပ်လိုချင်လို့များလား၊ ဘိုင်ပြတ်လို့ အနာခံပြီး သွားထိ တာလား။

သို့သော် လက်တွေ့မြင်ရတာက လူကြမ်းလူရမ်း ကျောက်ပိတုံး ဟို လူကြီးဝင်တိုက်မိလို့ ရင်ဝဖိထားရတဲ့အဖြစ်။

ပြီး ကြေကွဲသွားတဲ့ ကျောက်ပိတုံးနက်ရုပ်တု။

ဘာလဲ . . . ဒါက ဟိုလူကြမ်း ကျောက်ပိတုံးရဲ့ ဓာတ်တူနံ့တူ ဆေးဖက် ယူတဲ့ အဆောင်လက်ဖွဲ့ပစ္စည်းလား။

ကာယသိဒ္ဓိပြီးမြောက်စေတဲ့ အဆောင်ရုပ်တုလား။

အဆောင်ပစ္စည်းပဲ ဖြစ်မှာဗျ။ ဘာလို့လဲဆိုတော့ သူ သံမံတလင်းကို လက်သီးနဲ့ထိုးလိုက်တာ လက်ဆစ်တွေ ကွဲပြဲ ပဲ့ကြေသွားတာကိုး။ ဒီအခြေအနေ ကို သိလို့ သူ့လူတွေက ကျောက်ပိတုံးကိုခေါ်ပြီး တိုးတိုးတိတ်တိတ် ပြောနေကြ တာနေမှာ။

လူကြီးက အတွင်းခံစွပ်ကျယ် အပေါက်ပေါက်မှာ ညစ်ပေနွမ်းရိနေတဲ့ အညာဖျင်ကြမ်းတိုက်ပုံကို ရင်ဖွင့်ဝတ်ထားတာဗျ။ အတွင်းခံစွပ်ကျယ်ကလည်း အပေါက်တွေ ဗရပွနဲ့ လက်နှီးစုပ်လို ပေရေမည်းညစ်လို့။

ဝတ်ထားတဲ့ပုဆိုးက အဖြူကွက်တုံးပဲ။ သို့သော် ဝတ်ပါများလို့ထင့် အကွက်မပေါ်တော့ဘူး။ အောက်နားက နည်းနည်း ပြဲစုတ်လို့။

လွတ်နေတဲ့စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ရေနွေးကြမ်း တစ်အိုးပြီးတစ်အိုး တောင်းသောက်တာ အကြမ်းအိုး ငါးအိုးရှိပြီ။

"ဘကြီး . . . ဘာသုံးဆောင်မှာလဲ"

စားပွဲထိုးချာတိတ်က လူညစ်ပတ်ကြီးကို မေးတာ။

"ခေါက်ဆွဲ"

"ကြက်သားနဲ့လား ဘကြီး"

"အသက်လွတ် ပဲပြား၊ ဂေါ်ဖီနဲ့"

"ဟုတ်ကဲ့ပါ"

အဘိုးကြီးက လိုးချွတ်ကြော်လော်နေတဲ့ ပေါက်ဖော်ကြီးကို အော်ပြော လိုက်တယ်။

"ပေါက်ဖော်"

"ကြက်သားမပါဘူးနော် . . . အသက်လွတ်"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖော်က အရှုံးအနှမ်းမှတ်လို့ပဲလား ...

သူ့ဖောက်သည် လူကြမ်းတွေကို ငြိမ်သွားအောင် လုပ်ခဲ့လို့လားမသိ အဘိုးကြီးကို မကြေမချမ်း သဘောမကျသလို မျက်စောင်းထိုးကြည့်လိုက်တယ်။

''ဟော့လူ ... နင် တတ်တတ်လွတ်ချီးပဲ ခိနခိနပြောနေတယ်။ နင့်မှာ ပိုက်ဆံရော ပါရဲ့လားကွ''

''ပိုက်ဆံ ...''

''အီးလေ ... စားပြီးရင် ပိုက်ဆံပေးရမှာနော် ... ဝ သိတယ်နော်''

''ခေါက်ဆွဲက တစ်ပွဲ ဘယ်လောက်ကျတုံး''

''တတ်တတ်လူး ငါးမူး၊ အီသားနဲ့ သုံးမတ်''

''ဒီမှာကြည့် ...''

''ချွမ် ... ချွမ်''

''အားရှိုးရှိုး ... နားမူးစိက အသံကို ချွမ်တဲ့။ စားစားစား နေ့တိုင်းလာ စားနော် ... ဝက ...''

အဘိုးကြီးက ငါးမူးစေ့တွေကို လက်နဲ့တောက်မြှောက်ပြီး ဖမ်းပြလိုက်တော့ ချွမ်ခနဲ ချွင်ခနဲ မြည်တာပေါ့။ ခဲစေ့ပြားမဟုတ်ဘူး။ ပိုက်ဆံအစစ်ပြတာမြင်တော့ ပေါက်ဖော်ကြီး ဝမ်းသာတာပေါ့။

''ဟော့ ... ပေါက်ဖော်စုတ်''

''ဗျာ ... ဆရာကီး ... ဆရာကီး''

''ခေါက်ဆွဲ မရသေးဘူးလား၊ နာချင်လို့လားဟေ့''

''ရပါတော့မယ် ... ဆရာကီး၊ ကြက်ဝယ်နိုင်းတာ ရောက်ပါပြီ ... ဆရာကီး ... ခိနလေး စောင့်''

လူမိုက်လူပေတွေက ခေါက်ဆွဲမရသေးလို့ ဟုမ်းအော်ကြိမ်းလိုက်တယ်။ တရုတ်ပေါက်ဖော်ကြီးက သူ့တပည့်တွေကိုလည်း အသံကျယ်ကျယ်နဲ့ ဆူပြပေးလိုက်တယ်။

''ဟဲ့ ... ကြေည်၊ ကြက်ရော''

''ဒီမှာပါ ... ပေါက်ဖော်သူဌေး''

''ပေး ... ပေး ... ဟိုကောင်တွေ ... ညံနေပြီ''

ပေါင်ဖော်ကြီးက ကြက်ဖရဲ့ တောင်ပံနှစ်ဖက်ကို အတောင်ချင်းလိမ်လိုက်တယ်။ ကြက်ဖက သေရမှာသိလို့လားမသိဘူး အော်နေတယ်။ ပေါက်ဖော်





ကြီးကလည်း ဝက်သားခုတ်တဲ့ ဓားပြားကြီးကိုကိုင်ပြီး ကြက်လည်ပင်းကို ဖြတ်မလို့ ရွယ်လိုက်တယ်။

''ဟော့ ... ပေါက်ဖော်''

''ဟာ ... အီဘိုးကြီး ... နေဦးလေ ... နင့်ထက်စောတဲ့လူ ...''

''ဒီမှာ ကြက်သတ်မလို့လား''

''အီးလေ ... ဟိုကောင်တွေက ခေါက်ဆွဲကြော်ကို ကြက်သားနဲ့စားမိလေ။ ကြက်က ခုမှရလို့သတ် ...''

''မသတ်ပါနဲ့လား ပေါက်ဖော်ကြီး''

''ဟေ ... ဘာဖြိလို့ မသတ်ရမိတုံး ... အီဘိုးကြီး၊ သိတဝါဆိုတာ လူချွတ်မှ ကျွတ်တာကွ''

''ပေါက်ဖော် ... အသေသား ဝယ်သုံးပါကွာ၊ ကြက်အရှင်ကို မသတ်ပါနဲ့။ သနားပါတယ် လွှတ်ပေးလိုက်ပါ''

''နင်က တနားတယ်''

''ငါဝယ်ပါ့မယ်ကွာ ... မသတ်ပါနဲ့''

''ဒီမှာကြည့် ...''

''ဒုန်း''

''ဘုတ်''

လည်စင်းနေတဲ့ ကြက်ဖရဲ့လည်ပင်းကို ပေါက်ဖော်ကြီးက ဓားနဲ့ခုတ်ချလိုက်တာ ကြက်ခေါင်းပိုင်းပြတ်ပြီး မသတ်ဖို့ မေတ္တာရပ်ခံနေတဲ့ ဖျင်ကြမ်းတိုက်ပုံနဲ့ အဘိုးကြီးရှေ့မှာ ဘုတ်ခနဲ ကျသွားတယ်။ ကြက်သွေးစက်တွေက ဖျင်ကြမ်းတိုက်ပုံကို ထိစင်သွားတယ်။

''ရော့ ... ဆရာကီး၊ နင် သနားရင် ကြက်ခေါင်းနဲ့ လည်ပင်းကို ပြန်ဆက်ပြီး ဆရာကီးအိမ်ကိုခေါ်သွား။ ပိုက်ဆံပေးစရာ မီလိုဘူးနော် ... ဟား ဟား ဟား ဟား ဟား''

တဆတ်ဆတ်တုန်နေတဲ့ ကြက်ကိုယ်လုံးပိုင်းကိုလည်း အဘိုးကြီးရှေ့ ပစ်ချပေးလိုက်လေရဲ့။

''ဝါ ... ဟား ဟား ဟား ဟား''

''အေး ဟေး ဟေး ဟေး ဟေး ... အဟတ် အဟတ်''

ထောင့်စားပွဲက ကျောက်ပိတုံးတို့ သုံးဦးကလည်း ပေါက်ဖော်ကြီးစကားကို သဘောကျပြီး အဘိုးကြီးကို ထေ့ကြ၊ လှောင်ကြပေါ့။



www.burmeseclassic.com

www.burmeseclassic.com



''ပေါက်ဖော်ကြီး ...''

''ဝကို ခေါ်သလား''

''ပြောလိုက် ... ကြက်ပြန်ရှင်ရင် တိုက်နဲ့ကားပေးမယ်၊ ကြိုက်တာယူလို့ ... ဟား ဟား ဟား ဟား''

''စိတ်ရှုပ်လို့ မြစ်ကမ်းပါးထွက်ထိုင်ပါမှ သပွတ်အူနဲ့တွေ့ကိန်း ဖြစ်နေတယ်။ ဦးနောက်အခန်းပျက်နေတာ ခုမှသိရတယ် ... ကျောက်ပိတုံးရေ ... ဟား ဟား ဟား ဟား''

''အေးကွာ ... အရူးအနှမ်းနဲ့တွေ့တာ ငါ့ကျောက်ပိတုံးပါ ပျက်စီးရတဲ့အဖြစ် ရောက်သွားတယ်။ တကယ့်သောက်ရူးကွာ ... ထွီ''

''ကိုင်း ... ဆရာကီး၊ နှစ်ပိုင်းပြတ်သွားတဲ့ကြက်ကို နင် ပြန်ရှင်အောင် လုပ်နိုင်ရင် တိုက်နဲ့ကား ကြိုက်တာယူတဲ့ ... ဟာ ဟ ... နောက်ထပ် စိန်ခေါ်မိတူ ရှိတေးလား၊ ရှိတေးလား''

ဒီမှာ ဘောင်းဘီရှည်နဲ့ လူတစ်ဦးက ...

''ဟောဒီရွှေလက်စွပ် ချွတ်ပေးမယ်ဗျို့ ... ဟား ဟား ဟား''

ဖျင်ကြမ်းတိုက်ပုံနဲ့လူကြီးက လှောင်ပြောင်ပြောဆိုနေတဲ့လူတွေကို လှည့်ကြည့်လိုက်တယ်။ တရုတ်ပေါက်ဖော်ကြီးကလည်း ဓားပြားကြီးနဲ့ စဉ့်နှီးတုံးကို တဖျန်းဖျန်းရိုက်ပြီး လှောင်ရယ် ရယ်ပြလို့ဗျာ။

ကျုပ်တို့မှာ ... အူကြောင်ကြောင်ဖြစ်နေတဲ့ အဘိုးကြီးကို သနားလိုက်တာရယ်ဗျာ။ ဘကြီးပြန်ထိုင်ပါတော့လို့ ပြောရော ...

ဖျင်ကြမ်းတိုက်ပုံညစ်ထေးနဲ့ လူကြီးက သူ့ခြေထောက်နား ကျနေတဲ့ ကြက်ဦးခေါင်းပိုင်းကို ကောက်ယူလိုက်တယ်။ ပြီး တဆတ်ဆတ်တုန်နေတဲ့ ကြက်ခန္ဓာကိုယ်ကို ကောက်ယူပြီး စားပွဲပေါ်ကို တင်လိုက်တယ်။

တင်ပြီးရော သွေးစိုရွှဲနေတဲ့ ကြက်ခေါင်းပိုင်းနဲ့ ကိုယ်လုံးပိုင်းပြတ်နေတဲ့ လည်ပင်းကိုတေ့ပြီး သူ့ညာလက်နဲ့ အတန်ကြာအုပ်ကိုင်လို့ စိုက်ကြည့်နေတယ်ဗျ။

ဆိုင်ထဲမှာရှိတဲ့ ... စားသောက်သူတွေကလည်း သူလုပ်နေတာကို မျက်တောင်မခတ်စတမ်း ကြည့်တဲ့သူကကြည့်၊ လှောင်တဲ့သူက လှောင်ပေါ့။

ဖျင်ကြမ်းတိုက်ပုံနဲ့ဘကြီးက သူ့လက်ကို အသာရုတ်လိုက်ရော ...

''ဟင် ...''





''ဟာ ...''

''အလိုလေးဗျ ...''

ဦးပေါ်ထူးရေ ... ကြက်ခေါင်းပိုင်းနဲ့ ခန္ဓာကိုယ်လည်ပင်းပိုင်း ဆက်ပြီး ကြက်က ပြန်ရှင် ထလာပါရောဗျာ။ ဟုတ်မှဟုတ်ရဲ့လားလို့ ကျွန်တော်တို့လည်း မျက်စိပွတ်ပြီး ကြည့်တယ်။

ဟုတ်တယ် ...။

ကြက်က နဂိုအတိုင်း အသက်ပြန်ရှင်ပြီး လူကြီးရဲ့မျက်နှာကို ကြည့်ပြီး အတောင်ပံနှစ်ခုကို တဖျန်းဖျန်းရိုက်ပြီး တွန်ပါရောဗျာ။

''အောက် အီး အီး အွတ်''

''ဟာ ... ဘယ်လိုအဘိုးကြီးလဲကွာ ... ဟေ''

''မှော်ဆရာများလားကွာ ... ကြက်သေကို ကြက်ရှင်ဖြစ်အောင် ပြန်လုပ်သွားတယ်ဟေ့''

''ဒီလူကြီးက ဘာတုံးကွ။ အံ့သြစရာကောင်းလှချည်လား''

တရုတ်ပေါက်ဖော်ကြီးလည်း ဓားပြားကြီးကိုပစ်ချပြီး ထူးဆန်းတဲ့လူကြီးကို ဒူးထောက်တောင်းပန်ပါရော။ ဆိုင်ထဲက အလုပ်သမားတွေကလည်း လူကြီးရှေ့မှာ ဒူးတုပ်ထိုင်ပြီး ကြောက်လန့်နေကြတယ်ဗျာ။

ဖျင်ကြမ်းတိုက်ပုံနဲ့ လူကြီးဟာ အသက်ပြန်ရှင်ပြီး တွန်သံပေးနေတဲ့ ကြက်နီချိတ်ကလေးကို ကောက်ယူပြီး ဆိုင်ပြင်ကိုထွက်လိုက်တယ်။ ပြီး ကြက်ဖလေးရဲ့ ကျောကုံးနဲ့ ဦးခေါင်းကို လက်ဝါးနဲ့ ကြင်နာယုယစွာ ပွတ်သပ်နမ်းရှုပ်ပြီးနောက် ...

''မင်း သေချိန်မတန်သေးပါဘူး ... သားကလေး၊ ဟောဒီ အတ္တသမား လူရမ်းကား၊ လူ့အန္ဓတွေရဲ့ဝန်းကျင်ကို မင်း လုံးဝမပြန်မလာနဲ့တော့။ ဘေးကင်းရာ အရပ်ကို သွားတော့ ... ငါ့သား''

ကြက်ကို လူလိုစကားပြောပြီး လေထဲပင့်မြှောက် လွှတ်လိုက်တယ်။ ကြက်နီချိတ်ကလေးဟာ လေထဲမှာ တောင်ပံဆန့်ပြီး ချိုးငှက်များပျံသလို ပျံရင်း လူကြီးခေါင်းပေါ် ခဏတာဝဲလို့ ဟိုးတောအုပ်ရှိရာကို ပျံထွက်သွားပါရောဗျာ။

ကျွန်တော်တို့သုံးဦးရော၊ ဆိုင်ထဲကလူတွေပါ ... ထူးဆန်းတဲ့လူကြီးကို နှုတ်ဆက်မေးမြန်းဖို့ ထွက်လာကြတော့ ဖျင်ကြမ်းတိုက်ပုံနဲ့လူကြီးဟာ လမ်းမအတိုင်းမောင်းလာနေတဲ့ သစ်လုံးတင်ကားကို တားစီးပြီး အဝေးကို ပါသွားလေရဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာ လူတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေတာ ဆူညံနေတာပဲ။

''ဒီလူကြီး ဘယ်ကတုံးဟေ့''

''တစ်ခါမှ မမြင်ဖူးဘူးဗျ''

''သူ့ကိုသိတဲ့လူ မရှိကြဘူးလားဗျာ . . . ဟင်''

ဒီလို မေးမြန်းစုံစမ်းနေတုန်းမှာပဲ ယောဂီရောင်ဝတ်စုံနဲ့ လည်ပင်းမှာ စိပ်ပုတီးတစ်ကုံးဆွဲထားတဲ့ အဘွားကြီးတစ်ဦးက . . .

''မင်းတို့ ဒီဆရာကြီးကို မသိကြဘူးလားကွယ်''

''အရမ်းထူးဆန်းလို့ပါ အဘွားရယ်။ နှစ်ပိုင်းပြတ်ပြီး သေနေတဲ့ကြက်ဖကို ပြန်ဆက်ပြီး အသက်သွင်းလိုက်တာ ကြက်က ပြန်ဆက် အသက်ရှင်သွားတာ အမေကြီးရဲ့''

''ဒီလောက်ကတော့ သူ့ဘဝမှာ အကင်းပဲရှိသေးတယ်ဟဲ့''

''ဗျာ . . . အမေကြီးက ဒီဘကြီးအကြောင်းကို . . . သိ . . . သိတယ်လားဟင်''

''သိတာပေါ့''

''သိတယ် . . . ဟုတ်လား . . . အဲဒီ လူထူးဆန်းဘကြီးအမည်က ဘယ်လိုခေါ်လဲဟင် . . . အမေကြီး ဟင်''

''ဝိဇ္ဇာဓိုရ် အောင်မင်းခေါင်တဲ့''

''ဝိဇ္ဇာဓိုရ်အောင်မင်းအောင် . . . သာသနာပြု ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးက အဖေကြီးအောင်မင်းခေါင်ပေါ့ . . . ဟုတ်လား''

''အေး . . .''

''လက်စသတ်တော့ အဖေကြီးအောင်မင်းခေါင်ကိုး . . . နာမည်တော့ ကြားဖူးတာကြာပြီ . . . အမေကြီးရဲ့။ လူကို အခုမှ ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့ မြင်ဖူးတာဗျ။ အင်း . . . အဖေကြီး . . . အဖေကြီး . . . ပြောမယ်၊ ကြုံဖူးမှ ထူးမှန်း သိရပါလား . . . အဖေကြီးရယ်''

ဦးခြောက်ဖီးဆိုတဲ့ မိုးကောင်းသားရွှေကျင်သမားကြီးက သူတို့ကိုယ်တိုင် မျက်မြင်ကြုံတွေ့ခဲ့ရသော ဆရာကြီးခေါင်ခေါ် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်ရဲ့ သိဒ္ဓိအစွမ်း အံ့မခန်းကို အားရပါးရပြောပြီး နိဂုံးချုပ်လိုက်တယ်ဗျာ။





လက်ဖက်ရည်ဝိုင်းက လူကြီးလူငယ်တွေဟာ ကြားရတဲ့အကြောင်းစကားကြောင့် အလွန်အံ့သြကုန်ကြတယ်။ ဒီအကြောင်းကို ကျွန်တော်လည်း မှမှကြားသိရတော့ ဆရာကြီးကို ပိုလေးစားခဲ့ရတာပေါ့။

ဒါ . . . သူ့ရဲ့ မေတ္တာကရုဏာပါပဲဗျာ။

ဆရာကြီးက သိဒ္ဓိရှင် မဟိဒ္ဓိရှင်ပုဂ္ဂိုလ်လေ။

''ကျွန်တော်တို့လည်း ဒီပုဂ္ဂိုလ်ကြီးသည် ကိုးတောင်ပြည့် ကိုးနဝင်းဓာတ်ပေါင်းစေတီတွေ နယ်လှည့်တည်နေတဲ့ ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးက အဖေကြီးအောင်မင်းခေါင်ဆိုတာ သိလိုက်တာပေါ့ဗျာ။ စုံစမ်းမေးမြန်းလိုက်တော့ ပုပ္ပားတောင်မှာ ကမ္ဘာလုံးစေတီတည်နေတယ်ကြားလို့ လိုက်လာခဲ့ကြတာပါ။ အဖေကြီးက သတ္တဝါ တွေရဲ့အသက်ကို ကြုံရင်ကြုံသလို ကယ်တယ်။ လူမိုက်တွေကိုယဉ်ပါးပြီး အသိဉာဏ်ရှိလာအောင် လုပ်ပြခဲ့တယ်။ ဘာသာသာသနာအတွက် ဘဝကိုပုံအပ်ပြီး ကြိုးစားနေတယ်ဆိုတာ သိရတော့ ပိုပြီး လေးစားတာပေါ့။ အခု ပုပ္ပားကို လာတာကလည်း ကျုပ်တို့မိုးကောင်းမှာ ကပ်ကျော်ကိုးနဝင်းစေတီတည်ချင်လို့ အဖေကြီးကို လာပင့်တာပဲဗျာ''

ဆရာကြီးခေါင်နဲ့ ပတ်သက်တဲ့ ဖြစ်ရပ်ဆန်းကြယ် အကြောင်းအရာတွေ အများကြီး ရှိသေးတယ်ဗျာ။

သူဟာ သိဒ္ဓိရှင် မဟိဒ္ဓိပညာအစွမ်းရှိပါသော်လည်း . . .။

သူ့ကိုယ်ကျိုးအတွက် ဒီပညာနဲ့ ငွေမရှာဘူး၊ ရွှေမရှာဘူးဗျာ။

အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ကပ်ကျော်ကိုးနဝင်းစေတီတွေကို ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးရဲ့ ညွှန်ကြားချက်အတိုင်း နေရာမြို့အနှံ့တည်နေတာဗျာ . . .။ သူ့တစ်ကိုယ်ရေတစ်ကာယအတွက်ဆိုရင် သမထလိုင်းကနေ ဝိပဿနာလိုင်းကို ကူးပြီး လက်ယာလိုင်းနဲ့ ထွက်သွားလို့ရတာပဲဗျ။ ဒါပေမင့် လူသတ္တဝါတွေကို ကယ်ချင်တယ်။ ကပ်သုံးပါးဘေးက ကင်းဝေးစေချင်တယ်။ ဒါကြောင့် ကိုးနဝင်းကပ်ကျော်စေတီတွေ တည်နိုင်း၊ ဘုရားဒကာဘဝနဲ့ ကံကောင်းအောင် လုပ်ပေးနေတာဗျာ။

ကိုနဝင်း မိုးလင်းရင်သိလိမ့်မည်

ကြက်ဦးတောင် နှစ်ခါတွန်ပေါ့

သုံးခါတွန်အရုဏ်ကျင်းရင်

လေးသက္ကရာဇ်ဝင်

လင်းတော့မည်ပင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ တဘောင်အတိုင်း (၁၃၀၁)ခုနှစ်၊ (၁၃၀၂) ခုနှစ်၊ (၁၃၀၃–၁၃၀၄) ခုနှစ်တွေမှာ ဗုဒ္ဓဘာသာသာသနာတော် အရှိန်ကောင်းခဲ့ပါပြီဗျာ ...'အင်းကို' 'ဟင်္သာ'ဆင်းမည်၊ ဆင်းလျှင် 'လေး'နဲ့ခွင်းမည်၊ ထို 'မုဆိုး'ကို 'ထီးရိုး' ရိုက်လိမ့်မည်၊ ထီးရိုးကို 'မိုးကြိုး'ပစ်မတဲ့ စာရှိပါသည်။ ၁၃၀၁ ခုနှစ်ကာစ၌ ရတနာဆိုတာ လိုရာရနိုင်မည်လို့ တဘောင်ရှိခဲ့တာပဲဗျာ။

ဟောဒီကဗျာက ဆရာကြီးအောင်မင်းခေါင်ကိုယ်တိုင် ရေးခဲ့တဲ့ကဗျာပါ။ အထက်ဗမာပြည် နမ္မခရချောင်းမှာ နေတုန်းက ရေးခဲ့တဲ့ကဗျာတဲ့။

တပည့်သားမြေးတွေနဲ့ လူအန္ဓတွေအပေါ်မှာ သူမည်မျှ မေတ္တာထားတယ်ဆိုတာ သိသာ၊ မြင်သာတယ်ဗျာ။ သူ ဘာကြောင့် လက်ယာလိုင်းကို မကူးဖြစ်သေးတာလဲ ဆိုတာကို ဖော်ပြထားတယ်ဗျ။ ဆရာကြီးသာ လောကုတ္တရာလမ်းကို အလိုရှိခဲ့မယ်ဆိုရင် မဂ်စခန်း၊ ဖိုလ်စခန်းကို လက်လှမ်းတာပေါ့ဗျာ။

'မြူခြေငယ် ရွှန်းပါတဲ့၊ မြဝန်းတဲ့ ရစ်ခွေ
ဖောင်ပေါ်မှာ နေမရိပ်ခင်က
အောင်တော်မူ ရွှေကရဝိက်ကိုတဲ့
ကြိုးတိတ်တိတ်ဖြေ။
သို့ပါသော် တအားဆွဲတာကြောင့်
မသွားဘဲ ဆိုင်းရချေ
လှိုင်းလေကငြိမ်တုန်း။
တက်မကိုကိုင် ရွက်စတမြိုင်မြိုင်နဲ့
ဆိုင်သူတွေ နိုလို့စီးရအောင်
မီးပြပါဦး။
သိမ်းလိုက်ပါအေ၊ ခွေလိုက်ပါ့ကြိုး
မြစည်သူကန်က ရေဆွဲတဲ့ကြိုး ...။ ။

ဝိမုတ္တိလမ်းမြတ်ကို ကြွလှမ်းဖို့၊ ဘဝဆိုတဲ့ဖောင်ပေါ်မှာ၊ အိုနာရတဲ့ ဇရာအမှောင် နေရိပ်မကျ မထိုးခင်လေး ခိုင်မာတဲ့ဆုံးဖြတ်ချက်ဆိုတဲ့ သန္နိဋ္ဌာန်ကရဝိက်ဖောင်ကြီးကို လူမသိအောင် ကြိုးတိတ်တိတ်ဖြေ(ဖြည်)ပြီး နိဗ္ဗာန်ကို ဦးတည်လှမ်းခဲ့ပါသတဲ့။





သို့သော် သူ့ကို အားကိုးကြတဲ့သူတွေရှိတယ်။ ဝိဇ္ဇာမိုရ်ဂိုဏ်းတော်ကြီးကလည်း သာသနာတော်ဖွံ့ဖြိုးရေးအတွက် အားကိုးကြီးစွာ တာဝန်တွေပေးထားတယ်။ သားတပည့်တွေကလည်း အဖေကြီး သားတို့၊ သမီးတို့ကို ဝိဇ္ဇာဉာဏ်တွေ ဖွင့်ပေးပါဦး၊ အသိဉာဏ်တွေ၊ ကုသိုလ်ကံတွေ ဖွင့်ပေးပါဦးလို့ တားကြ ဆွဲကြ၊ အားကိုးမေတ္တာရပ်ကြလို့ လက်ယာလမ်းသွားမည့်ခရီး အားလုံးကိုငဲ့ပြီး ရည်မှန်းချက်သန္နိဋ္ဌာန် ကရဝိက်ဖောင်ကြီး ခေတ္တရပ်ဆိုင်းခဲ့ရတယ်တဲ့။

ဒီလိုနဲ့ တက်မဆိုတဲ့ ဝိဇ္ဇာဉာဏ်အလင်းကို ဖွင့်ကိုင်ပြီး ကုသိုလ်ရေး၊ ကပ်ကျော်ရေးတွေ နယ်လှည့်ဖွင့်ပေးပြီး ရတနာသုံးပါး ရှိသေလေးစားသူတွေဖြစ်အောင် မေတ္တာဖောင်ကြီးကို ဖြည်းဖြည်းလွှင့်ခဲ့တာပေါ့။ ကပ်သုံးပါးက ကျော်နင်းလိုသူတွေ ဒါန၊ သီလ၊ သမထဘာဝနာတွေ ဖက်ပြီး ပါရမီရှင်တွေ လိုက်ပါစီးနင်းလွတ်မြောက်စေဖို့ သူတော်စင်သူတော်ကောင်း ရဟန်းပုဂ္ဂိုလ်များ၊ ဝိဇ္ဇာကြီးများက လမ်းမီးပြပေးတော်မူပါတဲ့။

ကုသိုလ်ရှင်တွေ၊ ပါရမီရှင်တွေ သာသနာတော်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်သူတွေ ဝိဇ္ဇာလမ်းကို အတူဖြတ်ကူးတော့မှာမို့ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ ကြိုးတွေဟာ ကြာမျိုးငါးမည်ပွင့်ပြီး တပ်မက်စရာဖန်ဆင်းထားတဲ့ ဘဝရေကန်ထဲမှာ ကျောက်ချည့်မြှု ဖမ်းစားထားတယ်။ ဒီ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ကိလေသာ ကြိုးတွေကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကြိုးအဖြစ် ဝိဇ္ဇာပညာအသိနဲ့ ပြောင်းကြ။ ကြိုးပြောင်းပြီးရင် ကျောက်ဆူးကြိုးတွေကို ဆွဲတင်ကြ။ ဖောင်ပေါ်မှာ သေသေသပ်သပ် ခွေလိုက်ကြဟဲ့ ...ကြည့်ကြစမ်းကွယ်ရို့ ...ကုသိုလ်တော်ခရီးလမ်းဟာ လှိုင်းလေလည်း ငြိမ်နေပါပြီ။ လှိုင်းလေငြိမ်တုန်း သာသနာရွှေမြို့တော်ကြီးရောက်အောင် ဖောင်တော်ကို ပြိုင်တူလှော်ကြပါကွယ်တို့လို့ ကဗျာရေးထိုးပြီး ဆရာကြီးက သူ့မေတ္တာ၊ သစ္စာစိတ်ရင်းကို ဖွင့်ပြခဲ့တာပါဗျာ။

အဝိဇ္ဇာပျောက်လို့၊ ဝိဇ္ဇာရောက်ခဲ့ပါပြီ။
ကိုးနဝင်း မိုးလင်းခဲ့ပါပြီဗျာ။

မြန်မာ့သာသနာကို ကမ္ဘာ့ရာဇာတွေ ခေါင်းမော့လို့ကြည့်ရအောင် ဝိဇ္ဇာလမ်းနဲ့ နိမိတ်ဖြာလို့ လှမ်းပါတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ဘာသာသာသနာ တောင်စွယ်မှာ နေမကွယ်စေရပါဘူးဗျ။ ဖောင်ပေါ်မှာ နေမရိပ်ခင်လေး၊ အောင်တော်မူ ရွှေကရဝိက်ဖောင်ကို အဖေကြီး အောင်မင်းခေါင်ကိုယ်တိုင် တက်မကိုကိုင် ရွက်စပြိုင်ပြိုင်နဲ့ ရွက်လွှင့်တော့မှာမို့ သာသနာ့အောင်စည်ကြီး ပြိုင်တူတီးရအောင် . . . ကိုင်း . . . အမိတို့၊ အဖတို့၊ အစ်ကိုတို့၊ နှမတို့၊ သားတို့၊ သမီးတို့ ဖောင်ပေါ်ကို တက်ကြပါကွယ်ရို့။

မမွတဲ့ သာလာ
အောင်သဘင် ဆင်ယင်တဲ့ပွဲမှာ
နွဲကြသူငါ။
မြတ်ဘိုးတော် ဂုဏ်ဟိတ်ကြောင့်
ဒုန္ဒုမိတ် အနိဌာ
ဆိတ်စာမျှ မသမ်း
စီးပွားရွှေငွေနှင့်
အထွေထွေ ရေလိုပေးခဲ့မယ်
အေးမြရှင်လန်း။ ။

BURMESE CLASSIC

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com